www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

15 JUL 2014

## ဒီတဝန်အရေးသုံးပါး


ပြည်ထောင်စု မပြိုကွဲရေး ...နိုင်ငံအရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...နိုင်ငံအရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...နိုင်ငံအရေး

# နဂ္ဂရွှေကျောင်းမြည်

နဂ္ဂရွှေကျောင်းမြည်

နဂ္ဂရွှေကျောင်းမြည်











## လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

နာယကကြီး

ဒေါက်တာ အောင်နိုင်

M.B.B.S (Ygn)

ဒ-ဘ-ဓ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A., A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကေလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ

အယ်ဒီတာ

ကိုကိုမောင်

စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ကိုစိုးဆန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင်

(စတုနိကာယကောဝိဒ၊ဝိနယရေ၊ဓမ္မာစရိယ)

* ဦးသန်းအောင်ရွှေ

[ဓမ္မာစရိယ (မဟာဝဏ္ဏိဒိ မြန်မာဂုဏ်ထူး)

ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ

(နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar), H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်

ပါရမီ



ဆရာတော်ကြီး သာ[illegible]တော်ဖင်ရှားရှိစဉ်တွင်

သက်[illegible]ကို [illegible] မြန်း[illegible]ညအခါတိုင်း

စကား[illegible] ပြော[illegible]လှုရှိ[illegible]...

စာ-၁၆၁

[illegible]ဝေသူ

ဦးခင်မောင်ဝင်း(ဝ၃၄၇၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်

၂၃၇ ၂၉ လမ်း ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးခင်မောင်ဝင်း([illegible] ၉၄) ပါရမီအော့ဖ်ဆက်

အမှတ် ၅၈ ရန်ကြီးအောင်လမ်း၊

၅-ရပ်ကွက် မရမ်းကုန်းမြို့နယ်

ရန်ကုန်မြို့၊

မန္တလေး ဖြန့်ချိရေး

[illegible]စား

ရွှမ်းကောင်း ကလား ဖြန့်ချိရေး

မီလုံနား [illegible] (ကောင်ကြီး)

ဝင်္ဂါနဒီ [illegible] နှိုင်မိုးပေ (တောင်ကြီး)

မွန်ပြည်နယ် [illegible]ဂျင်ပြည်နယ်ဖြန့်ချိရေး

ကျော်[illegible] ကပေ(မော်လမြိုင်)

[illegible]ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ ၃၃ [illegible] လမ်း ရန်ကုန်မြို့၊

ဖုန်း- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး - ကိုတင်မောင်ရွှေ

မင်္ဂလာ မီးပျားဂျေ:ကြော်ငြာလုပ်ငန်း

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ

[illegible] ၁၀၁ ၁၃၈

[illegible]ပ်ရေ

၁၀၀၀


ဖုန်း-၀၁ ၂၄၂၂၈၄

F. B. September, 2014.



www.burmeseclassic.com

www.burmeseclassic.com



ဂျိုတတ်ပေါင်း စေတီနှင့် ဓာတ်ရှင်း စေတီတွင်
ဒန္တာကိုယ်တွင်းရှိ ဝတောင်းသော ဝဿိုလားအပ်သော
အစွဲအလမ်းအငြောက်အလှကိုများအား... → စာ-၆၇

ဤကျောက်ကွင်း ကျောက်ပေါက်များကို
အခက်အခဲ အကျပ်အတည်းများ
ပြေလည်စေသည်ဟု ယုံကြည်ကြ... → စာ-၃၆



## ❧ တွေ့ဆုံခြင်းရောင်ခြည် ❧

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တော ပိုင်း)
သဘာဝဓမ္မတိုင်းရင်းဆေးခန်း ဆရာဦးသ ်မ်ဆွေထွန်း
(တဆ-ဝ၂၀၆၂)၏ ဆီးကျောက်ကပ်ရော ါ ကာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ ေ ာင်းမ ဦ်တင့်] ၂၂၅

## ❁ ပညာပေးရောင်ခြည် ❁

သင်္ကေတများ၏ ဘာသာစကား (၃၈) [ပ ကျွင်းဇီ] ၁၈၀
လူတိုင်းအတွက် တရုတ်ရိုးရာ
ဗိဒ်မက်ရှင်းတမ်း (၈၄) [ဝေ ခင်း ကျော်စွာ] ၂၀၄

## လက္ခဏာရောင်ခြည်

ပုဂ္ဂလိကပညာရေးကျောင်းလုပ်ငန်း အကျိုး ဖူးသ ခက်တာ ၅၃
ထီဆုကြီး ဆုလတ် ပေါက်တတ်သော သ က်ော
[ဆရာကြီး ဦးအောင်မြို -ဦး အေ့] ၅၈
ဗိမ်တောင်ရေးကံနှင့် ကွန့်ပ်အမြင် [သ ်ပညာ] ၁၁၀
လက္ခဏာပဟေဠိ အဖြေညှိကြစို့ ၁၅၉

## ☛ လမ်းညွှန်ရောင်ခြည် ☛

ဗန်းမက်ရွာရှိ နောင်ယောင်းရေထွက်
လူဝင်စား ငါးတန်ကြီး(၂) [နို မင်းညို] ၅၇
စစ်တော်ဝင် သာသနာမြေမှ နေရာဝ္ပူး းနှင့်
ဆရာတော်ကြီး၏ ညြဝါဒများ(၃)[နယ် သွ်သ တာသီ] ၆၅
ပော်မိတတောင် သာသနာမြေနှင့် ော ဘ တင်
ဆရာတော်ကြီး ဦးနာရဒ၏ ဘဝပုံရိပ်မှု (၃)
[စံ န်းသာ] ၇၃

## ○ အထူးကဏ္ဍရောင်ခြည် ○

သိဒ္ဓိဝင် ပိတုန်းအဆောင်လေးဖြစ်စေဖို့
ပိတုန်း၊ ပဒိုင်းမှုနီ ဖူးကြစို့(၁) [ခင်ခင် -ဝေ ရဝတီ] ၁၇
ကရင်တိုင်းရင်းသား သူတော်စင် ဘိုး ဂ ဆံ၏
ဘဝအစ ကယားပြည်နယ်က [ပြည့်ဖြိုး -လှ ်ကော်] ၄၉
သုခကာရီကုန်းတော်မဟီနှင့် အဘဖော ်မင်းခေါင်
ဓာတ်ပန္နက်စေတီတော်(၄) [ထက် ်ကျော်စွာ] ၈၁
ဝက်ခေါင်းမင်း၏ ဝိဇ္ဇာမြို့ပောင်းဆီသို့( )
[ ခင်ဝ-LL.B] ၉၇
ရန်မာန် ကင်းစေသည့် ကောလင်းနယ်မှ အော ိနိမိတ်
ဆောင် ခမောက်တောင်(၁၀) [ဝေ မင်း ကျော်စွာ] ၁၄၅
ပေကုန်းရွာထိပ်က ၂၀၁၄ ခုနှစ်အတွင်း
ပေါ်တော်မူ ရုပ်ပွား(၈၀)[ရွှေမှော်မြေ ဓမ ်ကြည်သိန်း] ၁၅၃



www.burmeseclassic.com

www.burmeseclassic.com

## ❦ ကိုယ်ရွေးရောင်ခြည် ❦


ဘုရားခန်းမှာ ပျားစွဲပြီး ထီနှစ်ကြိမ်ပေါက်သူ
[သာထက်ဖော်-မကွေး] ၁၁၆

ဝဋ္ဋုန်တပ်သား ဝန္ဓာရီအဘိုးပုနှင့်
ကြီးထိုးပညာကွင်းဆက်များ [မျိုးတင့်-ညောင်လေးပင်] ၂၃၈
မာနရှင်ရယ် [မောင်အေးကြူ-စီးပွားရေး] ၂၄၉
တွေ့ကြုံဖူးခဲ့တဲ့ နို့ညှပ်ဖိမ်း [အောင်ဆန်းလင်း-ဘီအေ] ၂၈၈
တောကြီးအတွင်းက မီးလုံးကြီးများ
[အေးချမ်းဇေ ၁င်-ရမည်းသင်း] ၂၉၇


## ✳ ကျွင့်စဉ်ရောင်ခြည် ✳


မဟာဓမ္မ မနောမယိဒ္ဓိ သိဒ္ဓိပေါက် မန္တန်ဝိဇ္ဇာကျင့်စဉ်
[စည်သူကျော်-ပြည်] ၂၂
အောင်ကြောင်းမြှာဝေ အောင်မြင်ရေးကျင့်စဉ်
[ကျော်-ရမည်းသင်း] ၁၈၂
ကျွန်ုပ်နှင့် သစ္စာလေးပါး ပုတီးစိပ်
[အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်] ၂၀၁
ရန်ကုန်ရောက်ရင် အမိဌာန်ဝင်ပါ [ဦးကိုဦး] ၂၃၂


## ● အစီအရင်ရောင်ခြည် ●


ပိတုန်းအဆောင် စီရင်နည်း [မောင်စိတ္တ-ရောမြေ] ၈၅
သားလေးယောက် သမီးတစ်ယောက် အလောင်းထမ်းစင်
[နေမင်းသူရိယ-ဆင်ဖြူကျွန်း] ၁၃၃
ရုံးပြင်ကာနွား တရားအပြိုင်အဆိုင် တွေ့ကြုံခဲ့သော်
[ဝိဇ္ဇာမဟိဒ္ဓိဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၁၄၁
မိုးကြိုးရန်ကို ကာကွယ်ပေးနိုင်သည့် အစွမ်းထက်
ကျောက်ဖရုံသီးနှင့် အစီအရင် [ဦးမင်းဇင်-ရွှေနဝင်း] ၁၄၈
လိမ္မာယဉ်ကျေး မေ့ရင်သွေးနှင့် ဘေးကင်းရန်စင်
အောင်ပွဲဝင် [အောင်နန္ဒစံ-ကျိုက်လတ်] ၁၉၉
အလုပ်သမား တည်မြဲစေသော တောင်ဝေ့အစီအရင်
[ဂါမဏိဇော်-ဝေဒဝိဇ္ဇာခရု စစ်ကိုင်း] ၂၂၇


## ❒ အဂ္ဂိရတ်ရောင်ခြည် ❒


ပွက်ချော်အကြောင်း သိကောင်းစရာ[ဦးသုမန-မစိုးရိမ်] ၄၇
ပြဒါးခဲတ်ဖြင့် အပွင့်လမ်းလုပ်ကြရအောင်
[မောင်နေသွေး-ဝက်လက်] ၉၅
ခဲတ်ကောက် အယူအဆများနှင့် ကျွန်တော်
[အောင်သန့်-ပုသိမ်ကြီး] ၁၆၅
ရွှေဖြစ်ငွေဖြစ် ဝိဇ္ဇာဖြစ်သော ပါပခဲတ်လေးလုံး
[ဆရာဦးကျော်လင်း-နေလဝိဇ္ဇာ] ၂၂၀



## ✴ ဂါထာမန္တန်ရောင်ခြည် ✴


ငွေအထွက်နည်းပါး၍ ငွေအလုံးအခဲဝင်စေသော ဂါထာ
[နတ်မောက် လှမြင့်သစ်] ၁၁၈
အစွမ်းထက်သည့် သိကြားမင်းမန္တန် [နော်-သာစည်] ၁၉၃
မြန်မာ့ရိုးရာဗိမ်တက်မင်္ဂလာမန္တန် [မောင်ဥဟိန်း-အင်းတော်] ၂၁၅




အောင်မြေကျောင်းတိုက်ဂတွင်း
ဝေဘူဆရာတော်ကြီးမှ
တံမြက်လှည်းဝတ် ပြုနေသည်ကို ← စာ-၄၃


ဘုရားဖြူစေတီတော်၏ ... နေရာမှ
ဆင်ဖြူတော်၊ နဂါးရှင်၊ ... ခြင်္သေ့ကြီးမှာ
အဋ္ဌော်ဓာတ်ဖက်ယူထ ... သည်တဲ့ ← စာ-၉၈





www.burmeseclassic.com

www.burmeseclassic.com



ရှပ်ဖွားတော်မွေ့ကော်အထိ ထူးပြီးသောအခါ
လက်ယာဘက်လက်ညှိုးတော်အနီးမှ
ရေမှုးစိမ့်ထွက်လာကာ ဘဏ္ဍာချင်းဝင် … စာ-၁၀၅

ချွှီးဆရာတော်ကြီးအား
တောင်မော်ဆရာတော်မှ
ခြေစုပ်ထောက်နယ် ဝတ်ပြုနေသည်မှာ … စာ-၂၉



* ဆေးနည်းတို့ရောင်ခြည် *

အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး နှာခေါင်းဆေးတစ်လက် [မိုးလေကွင်နိုင်-ထားဝယ်] ၁၁၁
ကျောက်ဖရုံသီးတစ်လုံး ဆေးအသုံး[နေဝင်-နတ်မောက်] ၁၁၉
လိပ်ခေါင်းအတွက် ဆေးမခက် [ရေးအေးမြင့်-မုံရွာ] ၂၅၆
သွားကိုက်ဝေဒနာ မခက်ပါ [ဘောင်နိုး-ကျောက်မဲ] ၂၆၇

◆ ဆေးဗေဒရောင်ခြည် ◆

လေးဖက်နာနှင့် အဆစ်ရောင်အတွက် ဆေးတစ်လက် [ဝန္နာဝင်း-တောင်ငူ] ၃
လေးကန်ဖင့်နွဲ့ ခြေလက်လေးသော် သိမ်းဆေး [မြေချစ်-နတ်မောက်] ၄
ကလေးများအတွက် သန်ချလိမ်းဆေး [မဟူရာ ရေးဘီ ကသာ] ၅
အူနာနေသူများအတွက် လိမ်းဆေးနှင့် ဖုံးဆေး [ထွန်း-ဟသ်ာတ] ၁၃
သွားကိုက်နာနှင့် ခူကိုက်နာအတွက် ဆေးတစ်လက် [ကျော်ရမည်းသင်း] ၂၉

* ဂန္ဓီရဝဇ္ဇုရောင်ခြည် *

လှမ်းရှပါသော်တော နှလုံးသားထဲက
နန်းယိုင်ဆိုင်ကော်(၃)(စာတ်သိမ်း) [မြတ်သခင်ဦး] ၂၀
ပေတမောင်စိမ့်နှင့် ဘဝခြားသံယောဇဉ်(၂) [ဟသ်ာတသန်းလှိုင်ကျော်-ရွှေပန်းချီ] ၂၅
အိပ်မက်ပေး၍ ဆေးလာကုခိုင်းသော မြွေကြီးနှင့်
ဒန်းစီးမောင်နှမ [မင်းနန္ဒီရှိန်] ၃၀

✢ ထူးခြားသစ်ဝင်းရောင်ခြည် ✢

ထူးထွေဆန်းပြား သစ်တံခါးလား သစ်တွင်းလား [မြောင်မြို့ မြင့်လှိုင်] ၁၂

✂ မကူအုကာရောင်ခြည် ✂

အိမ်ဆောက်နေထိုင်သူများ သိမှတ်ဖွယ်ရာ [ဗိုလ်ဝင်း-မင်းလှ] ၃
သံကိုဖြတ်ပိုင်းသော ကြေးဝါဓား[အောင်လှသန်း-မင်းဘူး] ၁၉
အိမ်တက်မင်္ဂလာ သိမှတ်စရာ [မောင်ဘိန်း-အင်းတော်] ၂၆

† ထူးခြားပစ္စည်းရောင်ခြည် †

ကောလင်းခမောက်တောင် ရှေးဟောင်း ဘိုးတော်စီ၏
လှပဆန်းကြယ်သော ငွေသားခေါက်ခြာနှင့်
ထူးဆန်းသော သစ်ကြားသီးစိပ်ပုတီး [မိုးနောင်-ကောလင်း] ၁
မုံရွာမြို့ ဆိုင်းတန်းလမ်းမှ ရှေးပစ္စည်းများနှင့်
ပုံဆန်းကျောက်များ [နယ်လှ၍စားသမားတစ်ဦး] ၃
ထူးဆန်းသော ပစ္စည်းတစ်ခု [အောင်ဇ-LL.B] ၆

● ကိုးကိုးခံပညာရောင်ခြည် ●

သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ သိုင်းပညာ
အတွေ့အကြုံများ(၃၁) [ဆရာကြီးမင်းယက္ခ-တိုက်ပွဲဝင်] ၂၂

နှမ္ဗူပြုးရောင်ခြည်မဂ္ဂဇင်း ၅

www.burmeseclassic.com

www.burmeseclassic.com

✱ ကုထုံးရောင်ခြည် ✱

အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု
[ရာသီပန်း၊ အကုန်မဆင်း၍ တစ်ကိုယ်လုံးပူပြီး
ခထာခထာ ဖျားသော်]
[ဆရာဦးလှညိမ်း–အကြောပညာရှင်၊ တံတားဦး။ အင်း၀] ၁၆၇

✱ အမျိုးသမီးအလှူးရောင်ခြည် ✱

လျှာရင်းမြက်တဲ့ ဝက်သားဟင်း ချက်နည်းများ
[ကိုသက်ရှည်] ၂၃၇

○ သုတေသနရောင်ခြည် ○

စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၁၇၃

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
[ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် ဓမ္မသီဂီ
ပျော်ဘွယ်စာသင်တိုက် ပဓာန နာယက ဆရာတော်
ဂန္ထဝါစကာပဏ္ဍိတ သဒ္ဒမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တဝိသုဒ္ဓါရုံသီအား ဂါရဝပြုပူဇော်ခြင်း] [သန်းပညာ] ၁၇၇

○ မြန်းချင်းပြီးဆေးပင်ဆေးမြစ်ရောင်ခြည် ○

နွယ်မြက်သစ်ပင် ဆေးဖက်ဝင်အပင်များ၏ လက်တွေ့
အသုံးပြုနည်းများ(အပိုင်း-၂) [ဂမုန်းဝါမ်ပြာအစွမ်းဖြင့်
အတွေ့တွေ့ရောဂါ ကုသနည်းအဖြာဖြာ]
[ဦးမင်းဇင်–ရွှေနဝင်း] ၁၃၇

✱ ဟိရညာဏ်ရောင်ခြည် ✱

လှည်းဆွဲမြင်းများ ဝပြီးစေသောနည်း
[နတ်မောက် မျိုးနော်] ၁၆၆

▣ ကြည်ညိုခြင်းရောင်ခြည် ▣

အရိပ်မထင် လွယ်မင်းစင်(၁) [နိုင်မင်းညို] ၉
လက်ညှိုးတော်မှ ရေထွက်သည့် ဘတ္တချမ်းသာကြီး
ရုပ်ပွားတော်(၂) [ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်] ၁၀၅


✱ အောင်မြေရောင်ခြည် ✱

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏
အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ(၁၉)
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၇၉



အသူပေါင်း(၈၀)တီတီမှာ
(၇၉)ဆူက မျက်လှာချထားပြီး တစ်[illegible]သော
ရုပ်ပွားပုဂ္ဂိုလ်ကမျက်လှာပေါ်[illegible]ဦး ➡ စာ-၁၅၃


ဒါကြောင့် ဒီကန်ကြီးက ငါးတွေက
သူတို့ဝင်စားတဲ့ ငါးတွေမို့လို့
လူသွားတွေ ပါနေကြတာ... ➡ စာ-၅၇






www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းပနိုင်းဘိုးဘိုးအောင်အစီအရင်နှင့်
ပိတုန်းပနိုင်းဘိုးမင်းခေါင်အစီအရင်တို့ဖြစ်သည်
မည်သည့်ထူးခြားချက်များပါသည်ကို… စာ-၁၉

ဘုခကာရီအဆောင်ငွေပွား
ရှေးဘက်ပုံဖြစ်၍
အဆောင်ငွေပွားကျောဘက်မှာလည်း… စာ-၈၄



ကမ္ဘာပေါ်မှာ အကြီးဆုံး ဗုဒ်တီးကြီးကို
နိုင်ငံတကာမှ သိအောင်
ကြိုးစား အားထုတ်သန့်သည့်ဟု… စာ-၁၇၀



## ✧ ထီဗေဒရောင်ခြည် ✧

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ထီအာဝုတ်
ရွှေချယ်ပါ ဥဏ်ဂဏန်း [ဆရာ သက်-သုတေသီ] ၁၂၇
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဓာတ်ကြီးငါးပါး
ဗိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [သက်မင်းကျော်စွာ] ၁၃၆

## ✧ စိုက်ပျိုးရေးရောင်ခြည် ✧

သဘော်သီးအမ မျိုးကောင်း စိုက်ချင်သလား
[ပုရိသသွေးမြ] ၈၆
မုန်လာဥပင်မှ မျိုးစေ့ ပြန်ထားလိုလျှင်
[ကိုမောင်ကျော်နိုင်-မအူပင်] ၁၈၄
စပါးသီးနှံအထွက်တိုးဖို့ စပါးခွံမီးသွေး သုံးကြစို့
[တင်ညိုအေး-ဂါးမြို့တော်] ၂၂၇

## ထပ်ဆင့်အသံရောင်ခြည်

ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်
[မဥ္စကာနီသီးအစွမ်း အံ့မခန်း] [သိန်းဇိုက်စံ-မန္တလေး] ၁၂၆

## ✱ အင်းဓမ္မရောင်ခြည် ✱

လောကီလူသားတို့အတွက် အကာအကွယ်
ဘုရားလေးဆူ အင်းတော်ကြီး [ငလကမြေ ထွန်းထွန်း] ၅၄
ရှင်သီဝလိ ဖယောင်းတိုင် နံ့ပေါ်တင် အစီအရင်
[မောင်ဥဝေ-လှိုင်ကော်] ၁၆၃

## မှတ်ကြော်ငြာရောင်ခြည်

တောင်မော်သာသနာ့ရိပ်သာ ဆရာတော်
ဦးဝိသုဒ္ဓါစာရအား ဂါရဝပြု ပူဇော်ခြင်း(၁)
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၂၅
မြိုင်မြို့နယ်၊ ကွမ်းတောရွာ မင်္ဂလာသိရိကျောင်းမှ
ဆရာတော် ဦးပညာသီရိ၏ မပုပ်သိုးသော
ရုပ်ကလာပ်တော်နှင့် ဘဝပုံရိပ်များ(၄) [စံထွန်းသာ] ၁၁၃
မြောက်ဦးမြို့မှ မပုပ်မသိုး မပုပ်မပွသည့်
ဘဒ္ဒန္တလာဘ၏ အလောင်းတော်(၁)
[စောထွီးသျှင်-မြောက်ဦး] ၁၂၁



www.burmeseclassic.com

www.burmeseclassic.com

## ❖ ထူးခြားဆန်းကြယ်ကဏ္ဍ ❖


ထူးတာတွေ့တော့ ပြောပြချင် [မောင်ကံ-တံတားရွာ] ၁၆၉
ထူးခြားဆန်းပြား ဖြစ်ရပ်ဆန်းများ [ကသာ သင်းမွှေး] ၁၈၅
ပုတီးကျော့စဉ်နှင့် ရောဂါသက်သာပျောက်ကင်းမှု
ဖြစ်ရပ်ဆန်း [တက္ကသိုလ် အပန်ငယ်] ၂၄၁
ကျွန်ုပ်ကိုယ်တွေ့ ဖူးတွေ့ခဲ့ရသည့် ထူးခြားစွာ
ခန္ဓာဝန်ချထားသော ရဟန်းတစ်ပါး [အောင်စ-LL.B] ၂၇၃
အလောင်းတော် ကဿပသို့ ကိုယ်တိုင် သွားရောက်
ဖူးတွေ့ခဲ့ရသူ၏ ထူးခြားဆန်းကြယ် ကိုယ်တွေ့များ
[အင်ကြင်းပန်း] ၂၈၉


## ✂ ဓမ္မစဉ်သုံးအစလစ်ညွှန်ကဏ္ဍ ✂


၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်း
ငွေကြေးလာဘ်လာဘ သွက်လက်စေဖို့
[ထက်မင်းကျော်စွာ] ၁၄၃
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူကျင်းဇီ] ၁၉၂
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနှစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၀၇


## ✧ ပြုန်ဟုတ်ဗိုးဗျာပညာကဏ္ဍ ✧


တွေ့ခဲ့ဖူးသော အခါရွှေနည်းတစ်ခု
[အောင်မင်းဇော်-နေလဝိဇ္ဇာဂိုဏ်းတော်ကြီး] ၂၁၇


## ◆ ကျန်းမာရေး ဆေးဝါးကဏ္ဍ ◆


၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူကျင်းဇီ] ၂၁၆


## ★ ဝိဇ္ဇာဓရကဏ္ဍ ★


အဘရာကျော် ဆရာတော်ကြီးဦးသဒ္ဓမ္မဇောတိက္ကဲ၏
ထူးခြားချက်များ [တင်ထွန်းအေး-အဝေးသင်] ၁၆၁
ဝိဇ္ဇာဝဆေးနှင့် သရက်သီးမှည့်ဖျော်ရည်
[လွယ်ကောင်းအောင်] ၂၅၅


## ● ပရလောကကဏ္ဍ ●



ကလှဲစားချေသော မြွေမကြီးနှင့် မိဖောင်ပန်း
[အေးမွန်ကျော်-နမ့်ဝင်း] ၂၃၃
သခင်မတောင်ခေါ် မမဉတောင်၌ နတ်ဝတ်ခံရသော
ကိုရင်လေးတစ်ပါး [ချို-အမရပူရ] ၂၆၅
ထူးဆန်းသောအိမ်ကြီးနှင့် ပရလောကသား
[ရွှေဒုံ ကြူကြူအေး] ၂၆၈
အမိပတီလမ်းထိပ်က ပရလောကသူလေး
[မောင်ထွေးဦး-ရန်ကုန်တက္ကသိုလ်] ၂၇၅
တာဆိပ်ချောင်းမှ သိုက်နန်းရှင်တို့၏ ပြောင်းရွှေ့မှုနှင့်
ဖြစ်ရပ်ဆန်းများ [မမိုးမြင့်-လက်ပံတန်း] ၂၈၁
သူ့အရပ်၊ သူ့ဒေသနှင့် သူ့ဓလေ့ဆန်းများ(၁)
[ကြူမှသိသော ကွင်းအထာ] [ညွှန့်ဝင်း-နတ်တလင်း] ၂၉၂
မြေစ်ချင်းရွာမှ ဂျပန်လူဝင်စား [မြသူဇာ-သူနာပြု] ၂၉၄
ကလေးပိုတာ ဘာကြောင့်လဲ [ညီလေးငယ်-လယ်တော] ၃၀၀
ဓ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း




သူဖောက်ခင်
ဘိုးပိုက်ဆံ
၏
အလောင်း
ကို
ဤ
တောင်၏
အနောက်ဘက်
တွင်
မြှုပ်နှံထား
သည်ဟု...
စာ-၄၉



သစ်
ကွင်း
လား
သစ်
တံ
ခါး
လား
သူ
ထူး
ခြား
ချက်
က...
စာ-၁၂၉



မီး
ခိုး
တောင်
အထက်
လမ်းက
ဝိဇ္ဇာဂူ
ဖြစ်သည်
ဤဂူထဲတွင်...
စာ-၉၇

www.burmeseclassic.com

www.burmeseclassic.com



အရိပ်မထင် လွယ်မင်းစင် စေတီတော်ကြီး

နိုင်မြင့်ဦး

# အရိပ်မထင် လွယ်မင်းစင် (၁)

[၁]

ယခင်လ စာရေးသူ ရုံးချုပ်မှ တာဝန်တစ်ခုဖြင့် ညောင်ရွှေမြို့နယ် အင်းလေးကန်ကြီး၏ တောင်ဘက်ပိုင်းရှိ စံကားအင်း(စကား)အင်းဆီသို့ ခရီးထွက်ခဲ့ရပါသည်။ ညောင်ရွှေအင်းလေးကန်ကြီးကို **ရွှေမြင်တင်အင်း၊ ကြေးစားကုန်းအင်း၊ ရေသာအင်းနှင့် ငါးဖယ်ချောင်းအင်း** စသည့် အင်းလေးအင်းကို ပေါင်းစပ်ခေါ်ဝေါ်ထားခြင်း ဖြစ်ပါသည်။

အင်းလေးကန်ကြီး၏ အလျားမှာ (၁၄)မိုင်နှင့် အနံ(၇)မိုင်၊ စတုရန်းမိုင်အကျယ်အဝန်းမှာ (၇၀)ကျော်ရှိပြီး မြောက်မှ တောင်သို့ စီးဆင်းနေပါသည်။

စာရေးသူ တာဝန်အရ သွားရောက်ရသော အင်းမှာ ညောင်ရွှေမှ မော်တော်ဖြင့် ရေမိုင်ခရီး (၅)နာရီခန့်ကြာအောင် သွားရောက်ရသော အင်းလေးကန်ကြီး၏ အရှေ့တောင်ဘက် စကားရွာတည်ရှိရာ အင်းတိမ်တစ်ခုဖြစ်ပါသည်။ စကားရွာတွင် တစ်ညအိပ်ပြီးနောက် တစ်နေ့နံနက်အစော (၆)နာရီခန့်တွင် အလုပ်ကိစ္စပြီး၍ ပြန်ခဲ့ပါသည်။

အပြန်လမ်းတွင် စကားအင်းမြောက်ဘက်အစပ် အင်းမကြီးသို့ စတင် ဝင်ရောက်လာသည့်အချိန် ဖြစ်ပါသည်။ တောင်ကြီးမှ ပင်လောင်း၊ ပင်လောင်းမှတစ်ဆင့် နေပြည်တော်သို့ သွားရောက်နိုင်သည့် ဖြတ်လမ်းတံတားတစ်ခုဖြစ်သော မော်ဘီတံတားအောက်မှ ဖြတ်ထွက်၍ မကြာမီမှာပင် ကျွန်တော်နှင့်အတူ ပါလာသည့် ညောင်ရွှေမြို့နယ် တာဝန်ခံဖြစ်သူ ဆရာဦးကိုကိုမှ အင်းမကြီး၏ ရေပြင်တစ်နေရာကို လက်ညှိုးညွှန်ပြပြီး...

'ဆရာ ရှေ့မော်တော်ဦး၊ ဘယ်ဘက်ရေပြင်ကို သေချာကြည့်နော် ဆရာ သမာဓိကောင်း



www.burmeseclassic.com

www.burmeseclassic.com

ရင်တော့ ထူးဆန်းတဲ့ အရာတစ်ခုတွေ့လိမ့်မယ်'


ဟု လှမ်းပြောလာပါသည်။ ထို့ကြောင့် ကျွန်တော်လည်း သူညွှန်ပြရာ ရေပြင်ကို ဂရုတစိုက် ကြည့်နေမိပါသည်။

အချိန် အနည်းငယ်အတွင်းမှာ ကျွန်တော် **မြင်တွေ့လိုက်ရတာကတော့ ကြည်စိမ်းနေသည့် အင်းမြောက်ဘက် ရေပြင်ပြာပြာပေါ်တွင် စေတီအရံများဖြင့် ဝန်းရံထားသည့် ရှေးဟောင်း ဘုရားစေတီတစ်ဆူ၏ အရိပ်ကို** ထင်ထင်ရှားရှား ဖူးတွေ့လိုက်ရခြင်းပင် ဖြစ်သည်။

ရေပြင်ပေါ်တွင် အရိပ်ထင်နေသည့်အတွက် အနီးအနားတွင် အလွန်ကြီးမားသော စေတီတော်ကြီးတစ်ဆူတော့ ရှိရမည်ဟု ကျွန်တော် ယူဆလိုက်ပြီး အနီးအနားကမ်းစပ်နှင့် အနောက်ဘက် ဥဒေါင်းတောင်တန်းကြီးများပေါ် လှည့်ပတ်ကြည့်ရှု ရှာဖွေလိုက်ပါသည်။


ထူးဆန်း အံ့ဩဖွယ်ရာပင်။ အနီးအနားတွင် မည်သည့်ဘုရားပုထိုးမှ မရှိပါ။ ဥဒေါင်းတောင်တန်းကြီးပေါ်ရှိ ဘုရားစေတီပုထိုးများမှာမူ အလွန်ပင် အလှမ်းကွာဝေးလှသဖြင့် မဖြစ်နိုင်။ မည်သို့ အင်းရေပြင်ကျယ်ဆီအထိ အရိပ်ထိုးမကျရောက်နိုင်ပါ။

စာရေးသူလည်း ပါလာသည့် ကင်နွမ်အိတ်ဆောင် ကင်မရာလေးဖြင့် ဓာတ်ပုံများရိုက်ယူပါသည်။ ထို့နောက် အံ့အားသင့်စွာဖြင့် ဆရာဦးကိုကိုဘက်သို့ လှည့်ကြည့်လိုက်ပြီး မေးမြန်းစုံစမ်းကြည့်မိတော့မှ **"အရိပ်မထင် လွှယ်မင်းစင်"**ဘုရားကြီး အကြောင်းကို သိရှိလိုက်ရပါသည်။




▲ အရိပ်မထင် လွှယ်မင်းစင် ရေစွန်းရွာအဝင် ဆိုင်းဘုတ်

▼ ရေစွန်းရွာဘက်မှ တက်လျှင်တွေ့ရမည့် ဆောင်းတန်း



▼ တောင်ဘက်လမ်း လေးတွေ့မြောက်ရှိ ဘုန်းတော်ကြီးကျောင်း





www.burmeseclassic.com

www.burmeseclassic.com



[၂]


ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလော မြို့နယ်မှ မြို့တော် တောင်ကြီးသို့ သွားသည့် အမြန်လမ်းမကြီးအတိုင်း ခရီးဆက်လိုက်ပါက ဟဲဟိုးမြို့ အလွန်တွင် အင်းလေးခေါင်တိုင် ရေပူစမ်းသို့ သွားနိုင်သည့် လမ်းခွဲသို့ရောက်ပါသည်။

ထိုလမ်းအတိုင်း ရှေ့ဆက်ပါက တောင်လေးလုံး စံပြကျေးရွာကြီးကို ဖွံ့ဖြိုးစွာဖြင့် တွေ့ရမည်ဖြစ်ပြီး (၁)ဖာလုံ ခွဲခန့် လမ်းဘယ်ဘက်အခြမ်းတွင် ရေနွေးရွာအမည်ရှိ ပအိုဝ်းတိုင်းရင်းသား ကျေးရွာလေးကို လှမ်းတွေ့နိုင်ပါသည်။


ထိုရွာလေး၏ အဝင်ဝတွင် **"အရိပ်မထင် လွယ်မင်းစင်ဘုရား၊ ရေနွေးရွာ"** ဟူသည့် အင်္ဂတေဖြင့် ကမ္ပည်းရေးထိုးထားသည့် အနီရောင် ဆိုင်းဘုတ်ကို ကားလမ်းနံဘေးမှပင် အထင်အရှား တွေ့ရမည်ဖြစ်ပါသည်။


ထိုရေနွေးရွာအဝင် လမ်းအတိုင်း (၁)ဖာလုံခန့် ထပ်မံသွားရောက်ပါက လမ်းခွဲနှစ်ခုကို တွေ့ရမည်ဖြစ်ပြီး တစ်လမ်းမှာ ယနေ့ ရှမ်းပြည်နယ်တောင်ပိုင်းတွင် သာမက မြန်မာတစ်နိုင်ငံလုံးရှိ တောင်သူများ အားထားရသည့် ရှစ်သုံးလုံး ပြောင်းဖူးမျိုးစပ် ထုတ်လုပ်ရာ သံတဲကျေးရွာသို့ ရောက်နိုင်ပြီး နောက်တစ်လမ်းမှာ "အရိပ်မထင် လွယ်မင်းစင်ဘုရား"တောင်တော်ပေါ်သို့ တက်ရောက်သည့်လမ်း ဖြစ်ပါသည်။

လမ်းတွင် မတ်စောက်သော အကွေ့ငါးကွေ့ကို တက်ရောက်ပြီးပါက ရွှေညောင်မြို့၏ ပင်လယ်ရေ မျက်နှာပြင် အမြင့်(၂၉၇၅)ပေထက် ပေ(၇၀၀)ကျော်ပိုမြင့်သော "အရိပ်



တောင်ဘက် စောင်းတန်းရှည်ကြီး










www.burmeseclassic.com

www.burmeseclassic.com







သမိုင်းဝင် ကျောက်စာတိုင်နှင့် ရွှေကျောင်း အနောက်ဘက် အဓိဋ္ဌာန် ကျောက်တုံး

စေတီတော်ကြီး၏ တောင်ဘက်ရှိ ဂုဏ်ညွှန့်ပွားကိုယ်တော်ရုပ်များ ▶

◀ စေတီပတ်ပတ်လည်ရှိ နံရံကပ်ရုပ်ထု ဘုရားများ



◀ မင်းကွန်းဆရာတော်ကြီး၏ ဩဝါဒ




မထင် လွယ်မင်းစင်'' စေတီတော်ကြီးကို ကျယ်ပြန့်သော ဘုရားပရိဝုဏ်မြေပေါ်တွင် ကြည်ညိုစွာ ဖူးတွေ့နိုင်ပြီ ဖြစ်ပါသည်။

မတ်စောက်သော လေးကွေ့မြောက်၏ လမ်းညာဘက်တွင် လွယ်မင်းစင် နှစ်ထပ်ဘုန်းတော်ကြီးကျောင်းကို မြင်ရပြီး နောက်ဆုံးအဆင့် အကွေ့ကို ကျော်ပြီးပါက ဖိနပ်တော်မှ အထက် ပစ္စယံပေါင်း ငါးဆင့်မြောက်တွင် အရံစေတီပေါင်း(၇၆)ဆူ ဝန်းရံထားသည့် တန်ခိုးကြီး ''အရိပ်မထင် လွယ်မင်းစင်''ဘုရားကြီး ဖူးတွေ့ရပါသည်။


စေတီတော်ကြီး၏ ဉာဏ်တော်မှာ စိန်ဖူးတော်အထိ (၃၅)တောင်ခန့်ရှိပြီး အရံစေတီများမှာ ဉာဏ်တော်(၁၀)တောင်မှ (၁၂)တောင် အသီးသီးရှိသည်ကို ဖူးမြော်ရပါသည်။

စေတီပေါ်တက်သည့် လှေကားများကို အရပ်လေးမျက်နှာတွင် မြင်တွေ့နိုင်ပြီး ရေခွေးရွာဘက်မှ တက်သော ရှည်လျားသည့် လှေကားထစ်များတွင်



www.burmeseclassic.com

www.burmeseclassic.com




◆ ပွဲယံအောက်နံရံရှိ ဆရာတော်ကြီးများ၏ ဩဝါဒများ

အာရုံခံစောင်းတန်းတစ်ခု ရှိပါသည်။ လှေကားများ၏ တစ်ဖက်စီတွင် ခြင်္သေ့ကြီးနှစ်ကောင်စီကို မြင်ရပါသည်။

လှေကားများအဆုံး စတုတ္ထပစ္စယံရင်ပြင်တွင် အရပ်လေးမျက်နှာ၌ ငါးပေခန့်တွင် **နရပတိစည်သူမင်းကြီး၏ ပုံတော်(၄)ဆူ**ကို စေတီတော်ကြီးအား မတ်ရပ်ဖူးမြော်နေဟန်ကိုလည်း ကြည်နူးဖွယ်ရာ မြင်တွေ့နိုင်ပါသည်။

ရင်ပြင်၏ အရှေ့တောင်ဘက်ကို လှမ်းမြော်ကြည့်ပါက အင်းလေးကန်ကြီး၏ အနောက်ဘက် တောင်တန်းဖြစ်သော "**လက်မောင်းကွေး တောင်တန်းကြီး**"ကို လွမ်းမောဖွယ် မြင်ရပါမည်။ အရှေ့အရပ်တည့်တည့်သို့ လှမ်းမြော်ကြည့်ပါက အင်းလေးကန်ကြီး၏ အရှေ့ဘက်ရှိ "**ဆင်တောင်တန်း**" နှင့် ညောင်ရွှေမြို့၏ မှုန်ပျပျ မြင်ကွင်းကို မြင်တွေ့ရပါမည်။

တောင်ဘက်စောင်းတန်းမှ စေတီပေါ်တက်လိုက်သည့်အခါ လက်ယာဘက် အခြမ်းတွင် ပေ(၅၀)ပတ်လည်ရှိ ကြာပန်းများရှိသော ရေကန်တော်အတွင်း ရှင်ဥပဂုတ္တရုပ်ပွားတော် စံပျော်နေသည်ကို ဖူးတွေ့ရပါသည်။

အရှေ့ဘက်စောင်းတန်း အောက်လက်ယာဘက်တွင် သမိုင်းဝင်ကျောက်စာတိုင်ရှိပြီး အဓိဋ္ဌာန်ပြု ရွှေရောင်ကျောက်တုံးနှင့် အနက်ရောင်ကျောက်တုံး(၂)တုံးကို မ,ကိုင်ပြီး လိုရာဓိဋ္ဌာန်နိုင်ပါသည်။ စေတီကြီးကို ပစ္စယံလေးမျက်နှာနံရံ ပတ်လည်ပေါ်တွင် ဥဏ်တော်(၂)ပေရှိ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ဖူးတွေ့ရပါသည်။

တစ်ဖန် စေတီတော်ကြီး၏ အနောက်မြောက်ဘက် ရာဟုထောင့် အောက်ခြေရင်ပြင်တွင် ပေ(၆၀)ခန့်ရှိ ကံ့ကော်ပင်ကြီးအောက်၌ ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောတော်မူနေသော ဗုဒ္ဓမြတ်စွာဘုရားရှင်ကြီး၏ ကြည်ညိုဖွယ်ရာ သပ္ပာယ်သော ဆင်းတုတော်ကြီးကို ဖူးတွေ့နိုင်ပါသည်။

[၃]

ကျွန်တော်လည်း ရရှိနိုင်မည့် သမိုင်းအထောက်အထားများအား လိုက်လံရှာဖွေကြည့်မိတော့မှ ဘုရားရင်ပြင်တော် အရှေ့တောင်ထောင့်အောက် အာရုံခံတန်စောင်း ဘယ်ဘက်ထောင့်တွင် မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ်၊ လွန်ခဲ့သော (၆၅)နှစ်ကျော်မှ ရေးထိုးပူဇော်ခဲ့သော အကျယ်သုံးပေ၊ အလျားလေးပေရှိ သမိုင်း ကျောက်စာတစ်ချပ်ကို တွေ့ရှိခဲ့ရပါသည်။

ထိုကျောက်စာကြီးကို လွယ်မင်းစင်တောင်တော် ကျောင်းထိုင်ဆရာတော်ကြီး ဖြစ်တော်မူသော ဩဝါဒစရိယ ဘဒ္ဒန္တဇဝန သက်တော်(၇၈)နှစ်၊ ဝါတော်(၅၈)ဝါရှိ ဆရာတော်ကြီးမှ နှောင်းလူတို့အဖို့ငှာ ရေးထိုးတော်မူခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**နိုင်မင်းညို**



www.burmeseclassic.com


www.burmeseclassic.com

ကောလင်း ခမောက်တောင်

# ရသေ့ကြီး ဘိုးတော်စီ

၏ လှပဆန်းကြယ်သော ငွေသားဒေါက်ခြာနှင့် ထူးဆန်းသော သစ်ကြားသီးစိပ်ပုတီး

မိုးနောင်
(ကောလင်း)



သစ်ကြားသီးပုတီးနှင့် ဒေါက်ခွာ

အရှင်ကလျာဏဗောဓိ(ဝါ) ''ပု–ဓ–သံဝါဒ'' ရသေ့ကြီးဘိုးတော်စီသည် ကျွတ်တမ်းဝင်ထိုက်သော ဝေနေယျ သတ္တဝါအပေါင်းတို့ ကပ်ကြီး(၃)ပါး ကျော်နင်းနိုင်စေရန် အဓိဋ္ဌာန်ပြုရာ ကောလင်းမြို့နယ် အနောက်(၄)မိုင် အကွာရှိ ခမောက်တောင်တော်တွင် သာသနာပြုခဲ့သည်။

ယင်းတောင်တော်၌ ကမ္ဘာ့ရန်ပြေ မာန်ပြေ(ဝါ) ပြည်လုံးကျောက်ထီး ကျောက်ထီးစေတီတော်မြတ်ကြီး အပါအဝင် ဘုရားစေတီ၊ ကျောင်းကန်၊ ဇရပ်စသည့် သာသနာရေးရာတို့နှင့် ပတ်သက်၍ တည်ထားကိုးကွယ် ပြုပြင်မွမ်းမံခြင်းများစွာတို့ကို သာသနာပြုဝန်ဆောင်ခဲ့သည့် ရသေ့သူတော်စင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတစ်ပါး ဖြစ်ခဲ့ပေသည်။

ရသေ့ကြီး ဘိုးတော်စီသည် **၁၃၂၁ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂) ရက်နေ့တွင်** လောကီသိဒ္ဓိစခန်းသို့ ကြွမြန်းတော်မူခဲ့သည်ဟု သိရှိခဲ့ရပေသည်။

ဖောင်းကြွ ခြူးပန်းခြူးနွယ် ကနုတ်ပန်းများဖြင့် တန်ဆာဆင် ပြုလုပ်ထားသည့် ''ငွေသားရောင် **ဒေါက်ခြာ**'' တစ်ခုသည် ခမောက်တောင် ဆရာတော် ဘဒ္ဒန္တကောဝိဒ၏ ရှင်ဥပဂုတ္တကျောင်း ဘုရားခန်းမကြီး၏ လက်ဝဲဘက်ခြမ်းတွင် ထားရှိခဲ့၏။

ယင်းဒေါက်ခြာပေါ်တွင် သစ်ကြားသီးကိုဖောက်၍ ပြုလုပ်ထားသည့် စိပ်ပုတီးကြီးတစ်ကုံးကို ရစ်ပတ်ထားရှိခဲ့၏။

ယင်း **ရသေ့ဒေါက်ခြာနှင့် ''သစ်ကြားသီးစိပ်ပုတီးကြီး''**သည် ရသေ့ကြီးဘိုးတော်စီ၏ အသုံးအဆောင် ပစ္စည်းများဖြစ်ကြောင်းကို ရသေ့ကြီးဘိုးတော်စီ၏ မြေးအရင်းဖြစ်သူ **ဒေါ်အေးကြည်(၅၇)နှစ်(ကောလင်းမြို့၊ မြောက်အင်းရပ်၊ ရသေ့ကြီးဘိုးတော်စီ၏ စိန်ဖူးကျောင်းတွင် လက်ရှိနေထိုင်သူ)**က ရှင်းလင်း ပြောပြခဲ့သည်။

ဤစာရေးသူသည် လှပဆန်းကြယ်သော ယင်းဒေါက်ခြာအကြောင်းကို သိရှိခဲ့ရသောကြောင့် သစ်ကြားသီးစိပ်ပုတီးကြီးအကြောင်းကိုလည်း ထပ်မံ



ခမောက်တောင် နိုးသော်စာ ကြေညာတစ်ခုမှ ရသေ့ကြီးဘိုးတော်စီပုံ

သိရှိလိုခဲ့သည်။

စာရေးသူက သစ်ကြားသီးစိပ်ပုတီး ထူးခြားဆန်းကြယ်မှုကို မိမိဘာသာ တွေးဆကြည့်မိခဲ့သေးသည်။

သစ်ကြားသီးကိုမူ ကချင်ပြည်နယ်ဘက်တွင် တွေ့ရှိခဲ့ဖူးပြီး သစ်ကြားသီးအဆန်က ဆိမ့်သည်ကို စားကြည့်ဖူး၍ သိရှိခဲ့ရသည်။

သစ်ကြားသီးသည် အခွံဖုထစ် မာကျောသောကြောင့် သစ်ကြားသီးစိပ်ပုတီးဖြင့် ပုတီးစိပ်ပါက **''ထိတွေ့မှု လွယ်ကူမြန်ဆန်ပြီးလျှင် သိလွယ်၊ ကြားလွယ်သော အာရုံ''**ကို ရရှိနိုင်သည်ဟု စာရေးသူ ယူဆမိသည်။

စာရေးသူ၏အယူအဆ မှန်၊ မမှန်



www.burmeseclassic.com

www.burmeseclassic.com

ချိန်ထိုးသုံးသပ်နိုင်ရန် တစ်စုံတစ်ဦးကို တွေ့ဖို့ လိုအပ်သည်ဟု စာရေးသူက ယူဆမိပြန်၏။

ထို့ကြောင့် **၁၇–၁၁–၂၀၁၂နေ့**တုန်းက လိုဏ်ဂူတောင်နှင့် ထိတွေ့ ကြုံကြိုက် သိရှိပြောပြခဲ့ဖူးသော **ကိုအေးမောင်(သိုင်း၊ ဆေး၊ ဗေဒင်ဆရာ)** အား ၈–၁၁–၂၀၁၃နေ့တွင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စာရေးသူက မေးမြန်းရာတွင် ခမောက်တောင် လိုဏ်ဂူတောင် အကြောင်းများလည်း ပါရှိခဲ့သေး၏။ သို့သော် ဤဆောင်းပါးဆိုင်ရာ အကြောင်းအချက်တို့ကိုသာ ဖော်ပြလိုပါသည်။

'ကိုအေးမောင်ကို မသိလို့ မေးရဦးမယ်ဗျာ။ ရသေ့ကြီးဘိုးစီက သစ်ကြားသီးကို ဖောက်ပြီး စိပ်ပုတီးကြိုးလုပ်ထားခဲ့တယ်ဗျ။

ခမောက်တောင်ကျောင်းက ဘုရားခန်းမှာ တွေ့ခဲ့ရတယ်။ အဲဒါ ထူးခြားနေသလားလို့ သစ်ကြားသီးစိပ်ပုတီးရဲ့အဓိပ္ပာယ်ကို ခင်ဗျားသိ မသိ မေးချင်လို့ပါ။ ခင်ဗျားရဲ့အမြင်ကိုလဲ ပြောပါဦး'


စာရေးသူ၏အမေးကို ကိုအေးမောင်က ခေတ္တမျှ စဉ်းစား ချင့်ချိန်ပြီးမှ ဤသို့ ဖြေကြားပေးပါသည်။

'ခင်ဗျားမေးတာ သစ်ကြားသီးနော် သစ်ကြားသီး။ ဗေဒင်ပညာအရကတော့ သစ်ကြားသီးဆိုတာ သောကြာနံပါ။ အဖွင့်နဲ့ အပိတ်။


သောကြာနဲ့စပြီး သောကြာနဲ့ ပိတ်ထားတယ်၊ သိရင် ကြားရမယ်။ ကြားရင်သိရမယ်။ ဓာတ်စကားပေါ့ဗျာ။

ရသေ့ကြီးဘိုးစီရဲ့ ငွေရောင်ဒေါက်ခြာနဲ့ အဲဒီသစ်ကြားသီးစိပ်ပုတီးကို ခမောက်တောင်မှာ ကျုပ်လဲ တွေ့ခဲ့ဖူးတာပေါ့ဗျာ'

စာရေးသူက ကိုအေးမောင် ရှင်းပြသော ယင်းဓာတ်စကား၏ အနှစ်သာရဖြစ်သော **သိ၊ ကြား။ ကြား၊ သိ** ဟူသော ဓာတ်စကားမှတစ်ဆင့် နိဗ္ဗာန်




ရသေ့ကြီးဘိုးတော်စီ ဓာတ်ပန္နက်ချခဲ့ရာ သာသနာ့လိုဏ်ဂူတောင်၏ မတ်စောက်ပုံ




သာသနာ့လိုဏ်ဂူတောင်၏ မြွေနဂါးပုံသဏ္ဌာန်ပုံရိပ်

အထိ တာသွားသော အနက်အဓိပ္ပာယ် ဖော်ယူရရှိနိုင်သည်ဟု အနှစ်ချုပ်ကောက်ယူ သုံးသပ်မိပေသည်။

ကိုအေးမောင်က သာသနာ့လိုဏ်ဂူတောင်နှင့်ပတ်သက်၍လည်း ဤသို့ ပြောပြပြန်သည်။

'လိုဏ်ဂူတောင်ကတော့ တကယ့်ကို မြွေနဂါးကြီးတွေ ကိန်းအောင်းခဲ့တဲ့ တောင်ပေါ့ဗျာ။ တောင်ရဲ့ပုံစံကိုကြည့်ပါလား။ နဂါးကြီးလို မတ်မတ်စောက်စောက်ကြီးပဲဗျာ။

ကျုပ်တို့ လိုဏ်ဂူထဲကို ဝင်ခဲ့ကြတုန်းကတော့ ကျောက်ဖျာကြီး ရှိခဲ့သေးတယ်။ နောက်ပိုင်းကျတော့ ဂူကိုဖြစ်မြောက်အောင် တူးကြဖော်ကြနဲ့ ကျောက်ဖျာကြီး မရှိတော့ဘူးပေါ့ဗျာ'

ကိုအေးမောင်ပြောသလိုပင် လိုဏ်ဂူတောင်သည် တကယ်ပင် မတ်စောက်နေပြီး မြွေနဂါးကြီး ပါးပျဉ်းထောင်နေသလိုပင် ဖြစ်၏။ ကျိုက်ထိုမြို့က ကျိုက်ထီးရိုးတောင်တန်းနှင့်လည်း ခပ်ဆင်ဆင်တူလှပေသည်။

ယနေ့ ထင်ရှားကျော်ကြားလျက်ရှိသော သာသနာ့လိုဏ်ဂူတောင် **(ဆရာတော်ဦးဉတ္တမရာဇာ)**နှင့် ယင်းတောင်၏မြောက်ဘက် **စိမ့်တွင်းတောင် (ဆရာတော်ဦးကောသလ္လ၊ ရွှေကျော်ဇော)**တို့သည် ရှေးယခင်ကာလများက ခမောက်တောင်သာသနာပြု ရသေ့ကြီးဘိုးတော်စီ၏ သာသနာပြု ဓာတ်ပန္နက်ချရာ နေရာဒေသများစွာ အနက်ပါဝင်ခဲ့ပေသည်။

အရှင်ကုန္ဒာစက္က(ဝါ) သူတော်စင် ရသေ့ကြီးဘိုးတော်စီ၏ သာသနာပြုခဲ့ရာ ထာဝရထွန်းကား ပြန့်ပွား တည်တံ့ ခိုင်မြဲပါစေကြောင်း ဆန္ဒပြု ဆုတောင်းလိုက်ရပေသည်။

(ကျေးဇူးမှတ်တမ်း။ ။**ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ရသေ့ကြီးဘိုးတော်စီ၏မြေး ဒေါ်အေးကြည် (၈၇)နှစ်၊ သိုင်း၊ ဆေး၊ ဗေဒင်ဆရာဦးအေးမောင် (၆၄နှစ်)၊ စာရေးဆရာထက်မင်းကျော်စွာ၊ ဓာတ်ပုံဆရာ ကိုနိုင်ဇော် (ခမောက်တောင်) တို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း။]**

**မိုးနောင်(ကောလင်း)**



www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ



မှတ်ပုံတင် ၀၀၀၆ (ဗိုင်) ၀၀၂၄၇၇ ယိုင်စစ် ၀၀၇၈ (တိုး)

အမှတ်တံဆိပ်

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆိုတော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . ."

"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင်ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . ."

"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်. ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"

" ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ်သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .**"

ပင်ရင်း 'ဝင်း' ဆေးတိုက်
ဖုန်း – ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်
၃/၀၀၀/ဝေဠုဝန်အိမ်ယာ
၈/အောင်ရိပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉ ၃၃၀၃၃၃၀၀၊ ၀၉ ၅၁၅၈၀၃၃၊ ၀၉ ၃၃၄၂၅၀၅၅



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိဝင် ပိတုန်းအဆောင်လေး ဖြစ်စေဖို့

# ပိတုန်းပဒိုင်းမှုန်

ဖူးကြစို့ (၁)

ခင်ခင်ဝင်း
(မောရဝတီ)

**နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၏ ၂၀၁၄ ခုနှစ်၊ မေလထုတ်၊ အမှတ် (၃၃၄)၊ စာမျက်နှာ(၂၀၉)ကို ဖတ်ပြီးနောက်** ပိတုန်းအဆောင် စီရင်နည်း သိရှိသူများ ရေးသားပေးပို့ပါရန် စာကို တွေ့ရှိရပါသည်။


ကျွန်မ၏ လက္ခဏာတွင် ဂမ္ဘီရ ကြက်ခြေခတ် ပါ၍ထင့်၊ လွှို့ဝှက်နက်နဲ ဂမ္ဘီရအဆောင်လက်ဖွဲ့ ဂါထာကျင့်စဉ်များအား အလွန်စိတ်ဝင်စားသည့်အလျောက် အမြဲလေ့လာ စုဆောင်းသည့် ဝါသနာကြီးခဲ့သည်။

၁၉၉၀ ပြည့်နှစ်ခန့် ဖြစ်သည်။ ကျိုက္ခမိ ကဒက်ထောက်ကျေးရွာမှ ဓါးကျောင်းဆရာတော် ဦးသုန္ဒရအား ကိုးကွယ်ပြီးနောက် ဆရာ ဒကာတို့၏ အပြန်အလှန် ကိုးကွယ်ဆည်းကပ်မှုကို အကြောင်းပြုပြီး တစ်နေ့သောအခါ ပိတုန်းရုပ်လေးတစ်ရုပ် အခြား ဒကာများနည်းတူ ကျွန်မအားလည်း ပေးပါသည်။

ပိတုန်းရုပ်လေး စီရင်ပုံကိုလည်း ပြောပြပါသည်။ ဆရာတော်ကိုယ်တိုင် စီရင်ပေးကြောင်း သိရပါသည်။ ရန်သူမျိုးငါးပါးမှ ကင်းလွတ်ရန်ဟုလည်း ပြောပါသည်။

**အတောင်ရှုထားသော ပုံဖြစ်၍ ရပ်နားနေသော ပုံဖြစ်ပါသည်။ တမြန်ကြီးကိုက်ခြင်း မဟုတ်ဘဲ အန္တရာယ်ကို ကာကွယ်သည့် ပုံစံဖြစ်ကြောင်း သိရပါသည်။**

ဆရာတော်မှာ သီလစင်ကြယ်သူ



ရွှေတိဂုံစေတီတော်ကိုညမှာ ဖူးမြော်ရပုံ

ဖြစ်သည့်အလျောက် ရန်ပြုသူများအား ဒုက္ခမပေးလိုခြင်း ဖြစ်ဟန်တူပါသည်။

နောက်ပိုင်းတွင် အဆောင်ပိတုန်းရုပ်နှင့် ပတ်သက်ပြီး အများကြီး လေ့လာခြင်းဖြင့် အတောင်ဖြန့် ပျံနေ



www.burmeseclassic.com

www.burmeseclassic.com





▲ ပိတုန်းယိုင်းမုနီဘုရား

◀ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ရင်ပြင်ရှိ ပိတုန်းယိုင်းမုနီဘုရား

ဟန် ပိတုန်းရုပ်မှာ တန်ပြန်တိုက်ခိုက်တတ်ကြောင်း သိရပါသည်။

ဆရာတော် ပြောပြသော အဆောင် ပိတုန်းစီရင်ပုံကို မှတ်သားထားသည့်အတိုင်း ပြန်ရေးသားပါမည်။

၁။ ရိက္ခာတိထီနှင့် တိုက်ဆိုင်သော ရက်ရာဇာ ရက်တံခွန်နေ့များတွင် ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်၊ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်း၍ စီရင်ပေးသူ၏ လက်မတစ်ချောင်းစာ ဖြတ်တောက်စုပေါင်း၍ ပန်းကန်တွင်ထည့် ပူဇော်ထားရမည်။

၂။ စီရင်ပေးသူ ဆရာသည် သီလစင်ကြယ်သူ ဖြစ်ရမည်။

၃။ ထုလုပ်ပေးသော ပန်းပုဆရာသည် သီလစင်ကြယ်သူ ဖြစ်ရမည်။

၄။ လှည်းပုံတောင်း ပိတောက်သား ဖြစ်ရမည်။

၅။ ပိတုန်း၏ ဖင်ကို ဖောက်ထားပြီး ပြဒါး အနည်းငယ် ထည့်ရမည်။

၆။ ပြဒါးထည့်ပြီးလျှင် ပဒိုင်းသား(အမည်းရောင်ရက ပိုကောင်းပါသည်။)နှင့် ပိတ်ရပါသည်။

၇။ ပြီးသွားလျှင် ပန်းပေါင်းစုံ ထည့်ထားသော ပန်းကန်ပြားပေါ်၊ ပိတုန်းရုပ်တင်၍ အရဟံ ဂုဏ်တော်တစ်ထောင် စုတ်ရမည်။

၈။ သိဒ္ဓိဂါထာ ရွတ်ဆိုရမည်။

အထက်ပါ ဆရာတော် ပေးသော နည်းနှင့် ပိတုန်းရုပ်လေးမှာ သစ်သား (ပိတောက်လှည်းပုံတောင်း) အတောင်ချထားပုံ ဖြစ်ပါသည်။

**ဆရာတော်ပေးသော သိဒ္ဓိဂါထာမှာ...**

သိဒ္ဓိကိစ္စံ၊ သိဒ္ဓိကမ္မံ၊ သိဒ္ဓိကာယံ၊ သိဒ္ဓိလာဘံ၊ ဘဏာဂတံ သိဒ္ဓိကာရွေဝ၊ သမ္မာရေ သိဒ္ဓိယာ ပနဘော၊ နမော။ ဟု ဖြစ်ပါသည်။

**သိဒ္ဓိ(၁၀)ပါး** ရှိသည်ဟု သိရပါသည်။

| | | |
|---|---|---|
| ၁။ | **စိန္တာသိဒ္ဓိ** | = စိတ်ကြံရာ ဖြစ်စေခြင်း။ |
| ၂။ | **ဥဒကသိဒ္ဓိ** | = ရေပေါ်၌ သွားလာအိပ်နိုင်ခြင်း။ |
| ၃။ | **ပထဝီသိဒ္ဓိ** | = မြေလျှိုးနိုင် မြေကြောရှုံ့နိုင်ခြင်း။ |
| ၄။ | **ဓနသိဒ္ဓိ** | = ရွှေ ငွေ လိုရာရနိုင်ခြင်း။ |
| ၅။ | **အာယုသိဒ္ဓိ** | = အသက်ရှည်၍ နုပျိုစွာ နေနိုင်ခြင်း။ |
| ၆။ | **အာကာသသိဒ္ဓိ** | = ကောင်းကင်ခရီး ပျံနိုင်ခြင်း။ |
| ၇။ | **အာရောဂျသိဒ္ဓိ** | = အနာကင်းခြင်း။ |
| ၈။ | **ကာယသိဒ္ဓိ** | = ဓား၊ လှံ၊ လက်နက် မထိရစေခြင်း။ |
| ၉။ | **ပိယသိဒ္ဓိ** | = သတ္တဝါအားလုံး၏ ချစ်ခင်မှုကို ခံရခြင်း။ |
| ၁၀။ | **ဣဒ္ဓိဝိဓသိဒ္ဓိ** | = ဈာန်တန်ခိုးဖြင့် အမျိုးမျိုး ဖန်ဆင်းခြင်း။ |

ပါရမီကျင့်စဉ်များ ကျင့်ကြံပြီးမြောက်မှ ရရှိအပ်သော၊ ကျင့်စဉ်များမှ ရရှိလာသော သိဒ္ဓိရှိသူ ဆရာရှင်၏ သိဒ္ဓိတင်ပေးခြင်းသည် ပိုမိုအစွမ်းထက်ထိရောက်ပါသည်။

ကျွန်မတို့ ကိုးကွယ်သော ဆရာတော်သည် ဈာန်အဆင့် ခရီးရောက်ကြောင်း သိရှိတွေ့ကြုံဖူးသူ မိတ်ဆွေ

F.3B. September, 2014.



www.burmeseclassic.com

www.burmeseclassic.com

များ ပြောပြ၍ သိခဲ့ရပါသည်။

ဆရာတော်သည် ကျွန်မတို့အား **"အရဟံ၊ အရ–ဟံ၊ အ–ရဟံ"**ကို အဓိပ္ပာယ်နှင့်တကွ ပွားများရွတ်ဆိုခိုင်းပါသည်။

အနက်အဓိပ္ပာယ်

**အ,ရဟံ**–ဟု ပုဒ်ခွဲရာ၌–ရဟ–သဒ္ဒါသည် ဆိတ်ကွယ်ရာအနက်ကို ဟောသည်။ ရဟောသဒ္ဒါမှ ပြောင်းလဲလာသောကြောင့် ရဟ–က ဆိတ်ကွယ်ရာလို့ မြန်မာပြန်ရ၍၊ အ–က မရှိခြင်းဟု မြန်မာပြန်ဆိုရသည့် နိပါတ်ပုဒ်ဖြစ်သည်။ အ,ရဟံလို့ ပေါင်းလိုက်သည့်အခါ ဆိတ်ကွယ်ရာမရှိလို့ အဓိပ္ပာယ်ထွက်သည်။

ထို့ကြောင့် အ,ရဟံ–မကောင်းသောအမှု အကုသိုလ်ကို ပြုခြင်းငှာ ဆိတ်ကွယ်ရာမရှိတော်မူသော မြတ်စွာဘုရားဟု အဓိပ္ပာယ်ကိုသိ၍ ဗုဒ္ဓါနုဿတိ ပွားများရမည်။

**အရ,ဟံ**–ဟု ပုဒ်ခွဲရာ၌– အရသဒ္ဒါသည် ရန်သူဟူသောအနက်ကို ဟောသည့် အရိသဒ္ဒါမှ ပြောင်းလဲလာ၍–အရ–ကို ရန်သူဟု မြန်မာဆိုရမည်။ ဟံ–ကား ညှဉ်းဆဲသတ်ဖြတ်ခြင်းအနက်ကို ဟောသည့် ဟနသဒ္ဒါမှ ပြောင်းလဲလာသောကြောင့် ဟံ–ကို သတ်ဖြတ်ခြင်းဟု အနက်အဓိပ္ပာယ်ယူကာ အရ,ဟံလို့ ပေါင်းသည့်အခါ ကိလေသာရန်သူတို့ကို သတ်ဖြတ်တော်မူသော မြတ်စွာဘုရားဟု အဓိပ္ပာယ်ကို သိရမည်ဖြစ်၏။



◆ ပိတုန်း ပရိမ်း ဘိုးဘိုးအောင် အစီအရင်

တစ်နည်း–အရသဒ္ဒါသည် အကန့်အကွက်ကို ဟောသည့် အရာသဒ္ဒါမှ ပြောင်းလဲလာ၍ အရ–အကန့်အကွက်ဟု မြန်မာပြန်ရမည် ဖြစ်၏။ ဟ–ကား သတ်ဖြတ်၊ဖျက်ဆီးခြင်းအနက် ဟော–ဟနသဒ္ဒါမှ ပြောင်းလဲလာ၍ ဟ–ကို ဖျက်ဆီးခြင်းဟု အနက်အဓိပ္ပာယ် ယူရမည် ဖြစ်၏။ အရ,ဟံလို့ ပေါင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ အဝိဇ္ဇာ–သင်္ခါရ အစရှိသော သံသရာစက်၏ အကန့်အကွက်တို့ကို ဖျက်ဆီးတော်မူသော မြတ်စွာဘုရား ဟု အဓိပ္ပာယ်ကို သိရမည်ဖြစ်၏။

**အရဟံ–** ဟူသောပုဒ်သည် ဝေးကွာခြင်းအနက်ဟော–ဘာရက သဒ္ဒါမှ ပြောင်းလဲလာနိုင်ခြင်းကို ကြံဆ၍ အရဟံ–ကိလေသာတို့မှ ဝေးကွာတော်မူသော မြတ်စွာဘုရား ဟူသော အဓိပ္ပာယ်ကို လည်း သိမှတ်နိုင်ပါသည်။

တစ်နည်း အရဟ–ဟူသော ပုဒ်သည် ထိုက်တန်၊ သင့်လျော်ခြင်း ဟူသော ဟောသောကြောင့် အရဟံ–ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားဟုလည်း အဓိပ္ပာယ်မှတ်ယူနိုင်ပါသည်။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မျှော်စရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ဆရာတော် စီရင်ပေးသော ပိတုန်းသည်ကား အတောင်ချထားသော၊ ရန်သူမျိုးငါးပါးမှ ကြို့တင်သိရှိ ရှောင်လွှဲကာကွယ်သော မေတ္တာပိတုန်း အဆောင် ဖြစ်ပါသည်။

ပိတုန်းအဆောင်များအား လေ့လာလိုက်စား စူးစမ်းကြည့်သောအခါ အတောင်ဖြန့်ပုံနေဟန်ပုံများ၊ အထက်ပါ အစီအရင်အတိုင်း သစ်သားဖြင့် မဟုတ်သော၊ ဆေးတော်ကြီးကဲ့သို့၊ တံတိုင်းများကဲ့သို့ စီမံထားသော ပိတုန်းများကိုလည်း တွေ့ရှိရပါသည်။



ပိတုန်း ပိုင်း ဘိုးမင်းခေါင် အစီအရင်

အတောင်ဖြန့်ပုံ ပိတုန်းများမှာ မိမိအား အသက် အိုးအိမ် စည်းစိမ် ဂုဏ်သိန် စသည်တို့အား ပျက်စီးဆုံးရှုံးအောင် ကုန်းချော ချောက်ချချောက်တွန်းခြင်း၊ မိသားစု စိတ်ဝမ်းကွဲရာထူးချ စုန်းတိုက် နတ်တိုက် ပယောဂတိုက် စသည်များ လွှန်လွှန်ကဲကဲ ကြံစည်ခဲ့လျှင် မိမိမှ မခံရပ်နိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com

အမိန့်ပေး တန်ပြန်တိုက်ခိုက်ခိုင်းနိုင်သည်ဟု ပြောကြပါသည်။

ဆရာများ၏ ပြောပြချက်များအရ သုံးကြိမ်တိုင် သည်းခံ မေတ္တာပွားကြည့်ပြီးမှ မိမိအား တိုက်ခိုက်သူသည် နောက်မဆုတ်မှသာ တန်ပြန်သင့်သည်ဟု သိရပါသည်။ တချို့စိတ်ဆတ်သူများမှာ ချက်ချင်း တန်ပြန်တိုက်ခိုက်ခိုင်းတတ်သည်ဟု သိရပါသည်။

ပိတုန်းအဆောင် ဆောင်ထားသူများသည် စရဏာမြဲရန် အရေးကြီးသလို ဘုရားမျှတခြင်း၊ သစ္စာမေတ္တာရှိခြင်း၊ စာနာထောက်ထားခြင်း၊ သုရာမေရယနှင့် ကာမေသု နှစ်ပါးကို စောင့်ထိန်းရန်လိုအပ်ကြောင်း သိရပါသည်။

ဤကဲ့သို့ မစောင့်ထိန်းပါက မိမိ၏ပိတုန်းအဆောင်သည် ဘာအစွမ်းမျှရှိမည်မဟုတ်ဟု သိရပါသည်။

ကိုယ့်ဘက်မှ မှန်ကန်ခဲ့ပါက နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၁၄ ခုနှစ်၊ မေလထုတ် ဆရာ စိုင်းကြည်ဝင်း ရေးသားထားသလို စိန်ခေါ်လျှင် တိမ်ပေါ်ထိ လိုက်တတ်သော အဆိပ်ပြင်း အကောင်မျိုး ဖြစ်ပါသည်။

ကျွန်မတို့မှာတော့ ဆရာတော်သင်ပြပေးသော အရဟံသုံးမျိုး၏ တန်ခိုးကြောင့် ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့၏ **ပိတုန်းပဒိုင်းမုနိဘုရားရှင်**အား နှစ်ပေါင်းများစွာ ကိုးကွယ်ဆည်းကပ် မေတ္တာဓာတ်ကို ခံယူရင်းရှန်သူများကို ရောင်ရှားအောင်မြင်လာဘ်ပွင့်ခြင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်များအား ဝေမျှကာသိုလ်ယူလိုက်ပါသည်။

**ထိုဘုရားသည်ကား ရွှေတိဂုံ စေတီအရှေ့ဘက်မုခ် ရုပ်ပြင်လက်ဝဲ ဘက်အနီး ရွှေတိဂုံစေတီအား မျက်နှာ မူထားသော တန်ဆောင်းပေါ်ရှိ "ပိတုန်း ပဒိုင်းမုနိဘုရား" ဖြစ်ပါ သည်။**

ဘုရား၏ လက်ဝဲလက်ယာတွင် ပန်းပွင့်ပန်းရွက်တို့၏ အလယ်တွင် တောင်ပံဖြန့်ကား ပိတုန်းရုပ်ကြွ ရွှေချထားသည်ကို ဖူးတွေ့ရမည် ဖြစ်ပါသည်။

ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့၏ ပိတုန်းအစီအရင်ဟု သိရသည်။ ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ ဆွမ်းတို့ဖြင့် ဆက်ကပ်ပူဇော် အဓိဋ္ဌာန်ပုတီး စိပ်သူများနှင့် အမြဲ စည်ကားနေသည်ကို တွေ့ရမည် ဖြစ်ပါသည်။

အလုပ်မသွားမီ ဈေးဆိုင်မထွက်မီ စောစောလာ၍ မိမိတို့ထံမှ ပါလာသော ထမင်းချိုင့်များဖွင့်၍ ဆက်ကပ်နေသည်ကိုလည်း တွေ့ရမည် ဖြစ်ပါသည်။

အချို့မှာ ပိတုန်းရုပ်များကို လက်နှင့်ထိ၊ နဖူးနှင့်ထိ၊ မျက်နှာနှင့်ထိ၊ တချို့မှာ ပန်းပွင့်ကိုနိုက်၊ အရွက်ကိုကိုင် ဆုတောင်းကြသည်။

ရွှေချထားသော ပိတုန်းရုပ်များမှာ ရွှေရောင် ပျက်သွားကြသော်လည်း နောက်နေ့လာဖူးလျှင် ရွှေရောင်ဝင်းလက်စွာ ဖူးတွေ့ရမည် ဖြစ်ပြန်သည်။ အမြဲတမ်း ရွှေချလှူနေသူ ရှိသည်ဟု သိရပြန်သည်။

လာဖူးသူများကို မေးမြန်းကြည့်တော့ အဓိဋ္ဌာန်အောင်ကြသည်ဟု သိရပြန်သည်။ ထို ပိတုန်းပဒိုင်းမုနိဘုရားတွင် အမြဲတမ်း တွေ့ရသော ယောဂီဝတ် မျက်စိတစ်ဖက် မကောင်းသော အမေအား မေးကြည့်သောအခါ ဘိုးဘိုးအောင် ဘိုးမင်းခေါင်တို့၏ အစီအရင် လာဘ်ပွင့်အန္တရာယ်ကင်းဖြစ်ကြောင်းသိရပြီး ပိတုန်းအဆောင်ကို လိုချင်လျှင် ဆောင်ရွက်ပေးနိုင်ကြောင်း သိရပါသည်။

စာရှုသူ မိတ်ဆွေကိုယ်တိုင် လေ့လာစုံစမ်း ဖူးမြင်နိုင်ပါရန် ကုသိုလ်ပွားလိုက်ပါသည်။ ကျွန်မအနေနှင့် နောက်ထပ်ပိတုန်းအဆောင် ထပ်မလိုတော့သည်ဖြစ်၍ သေချာမမေးလိုက်သည်ကို ဝန်ခံပါသည်။

ကျွန်မ၏ဆရာတော် ပေးသနားသော ရန်ကာပိတုန်းနှင့် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ပိတုန်းပဒိုင်းမုနိဘုရား၏ ဂုဏ်တော်များကြောင့် ဖြစ်မည်ထင်ပါသည်။ တန်ပြန်တိုက်ခိုက်လိုခြင်း အလျှင်းမရှိဘဲ မေတ္တာဖြင့်သာ၊ ရောင်တိမ်းခြင်းဖြင့်သာ ရပ်တည်လိုစိတ်များသာ အစဉ်ဖြစ်ပေါ်နေပါတော့သည်။

**မှတ်ချက် ။ ။ အစီအရင်ဖြင့် ဖန်တီးထားသော ပိတုန်း မဟုတ်ဘဲ သာမန် ရိုးရိုးပိတုန်းကောင်ကိုက်လျှင်လည်း အဆိပ်တက်တတ်ပါသည်။ အလျဉ်းမသင့်လျှင် ရောင်ကိုင်းလာတတ်ပါသည်။ မီးစနှင့် ထိုးသလို ခံစားရတတ်ပါသည်။**

ထိုအခါ ပိတုန်းကိုက်လျှင် ပြဒါးပြာကို သောက်ရပါသည်။ ပြဒါးပြာချက်နည်းကို ဆေးဆရာအချို့ တတ်ကျွမ်းကြပါသည်။

တတ်ကျွမ်းချင်လျှင် အချို့ဆရာများသည် သင်ပေးတတ်ကြပါသည်။ ပြာချဆေးဖော်သော အတတ်ပညာမှာ မြန်မာဆေးဆရာတို့၏ ဂမ္ဘီရအတတ်ပညာများ ဖြစ်ပါကြောင်း ဂုဏ်ပြုအသိပေး ရေးသားအပ်ပါသည်။

***ရန်ရှင်း မာန်ကင်းကြပါစေ။***

**ခင်ခင်ဝင်း(*မောရဝတီ*)**



www.burmeseclassic.com

www.burmeseclassic.com



မဟာဓမ္မ မနောမယိဒ္ဓိ သိဒ္ဓိပေါက်

# မန္တန်ဝိဇ္ဇာကျင့်စဉ်

စည်သူကျော် (ပြည်)

ဤကျင့်စဉ်ကို ရေးသားချင်တာ ကြာပါပြီ။ အခုမှပဲ ရေးရပါတော့သည်။ ယခုဖော်ပြမည့်ကျင့်စဉ်ဟာ ရှေးသုဝဏ္ဏဘူမိခေတ်ကတည်းက ဝိဇ္ဇာလမ်းကို ကြိုးပမ်းအားထုတ်သော ဆရာမြတ်တို့ ပေါက်မြောက်ခဲ့သည့် ကျင့်စဉ်လည်း ဖြစ်ပါသည်။

ကျွန်ုပ်၏အဘိုးဖြစ်သူ ဆရာကြီး ဦးစိန်ခိုဟာလည်း ဤဝိဇ္ဇာကျင့်စဉ်နှင့်ပင် ပေါက်မြောက်သွားခဲ့ပါသည်။

ကျွန်ုပ်ရဲ့အဘိုး ဦးစိန်ခိုဟာဆိုရင် ရှမ်းပြည်နယ်ဘက်က ရှမ်းဆရာကြီး တစ်ဦး ပေးအပ်ချီးမြှင့်ခဲ့တဲ့ ကြေးဝါ ပုရပိုက်ကနေ ဒီကျင့်စဉ်ကို ရခဲ့တာပါ။

ကျွန်ုပ်အဘိုးရဲ့ ကြေးဝါပုရပိုက်ကို ကျွန်ုပ်ရရှိတော့ ထိုပုရပိုက်မှာ အလွန့်အလွန် ရှားပါးပြီး အဖိုးမဖြတ်နိုင်တဲ့ ထွက်ရပ်ကျင့်စဉ်တွင် မန္တရား၊ ဂါထာ၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂဝံ အစီအရင်တွေ များစွာ ပါဝင်ပါတယ်။

မန္တန်ဝိဇ္ဇာကျင့်စဉ်ကို ပုရပိုက်ထဲမှာတော့…

**"မဟာဓမ္မမနောမယိဒ္ဓိသိဒ္ဓိပေါက် မန္တန်ဝိဇ္ဇာကျင့်စဉ်"**လို့ ရေးသားထားပါတယ်။ ထိုပုရပိုက်ထဲကအတိုင်း ပြရမယ်ဆိုရင်…

## မဟာဓမ္မ မနောမယိဒ္ဓိ သိဒ္ဓိပေါက်
## မန္တန်ဝိဇ္ဇာကျင့်စဉ်

သုဝဏ္ဏဘူမိခေတ် မဟာသုဓမ္မမည့်သော ဝိဇ္ဇာမိုရ်တစ်ပါးပေါက်မြောက်ခဲ့သော မဟာဓမ္မမနောမယိဒ္ဓိ သိဒ္ဓိပေါက် မန္တန်ဝိဇ္ဇာကျင့်စဉ်ကား ဤအတိုင်း ဖြစ်ပေအံ့…။

မဟာဓမ္မ မနောမယိဒ္ဓိ သိဒ္ဓိပေါက် မန္တန်ဝိဇ္ဇာကျင့်စဉ်ကို ကောင်းစွာအား ထုတ်မည့် ဝိဇ္ဇာလောင်းသည် ပိတ်ဖြူ စင်ကြယ်အစုံကို ကောင်းစွာ ဝတ်ဆင်လျက် **တန်ခိုးကြီးသည့် သက်တော် တစ်ထောင်ကျော်သော ဘုရား၊ စေတီတွင်** ဆွမ်း၊ သင်ပုတ်၊ ရေချမ်း၊ ဆီမီးအစုံအလင် ကပ်လှူလျက် ကိုးပါးသော နဝင်္ဂသီလတော်မြတ်ကို ကောင်းစွာ ခံယူ ကျင့်သုံးဆောက်တည်၍ **မီး မပါသော၊ မီးမချက်သော အစာကိုသာ စားသုံးလျက်** အားထုတ်စေအံ့…။

ဤ သုဓမ္မမည်သော ဝိဇ္ဇာမိုရ်ပေါက် မြောက်ခဲ့သော မန္တန်ကား ဘုရားသခင်၏ နှုတ်တော်မြွက်ကြား ဟောတော်မူသော သုတ္တန်၊ ဝိနယ၊ အဘိဓမ္မာဟုဆို သုံးဖြာကျမ်းမြတ် ပိဋကတ်တော်မြတ်မှ အက္ခရာမန္တန်တို့ကို အပတ်တကုတ် ထုတ်နှုတ်အပ်သော အက္ခရာတို့တည်း။ အက္ခရာတို့ကား ယင်းအတိုင်း ဖြစ်ပေသတည်း။

'ဥမဥပိ မဟိသုဒ္ဓံ သုနဗုဒ္ဓံသုအနအကော၊ နောနောအ အသုသပါဏာ ပုမာတ စျာနာ မိစ မုထုပုအ'

'ဥမိအမိ မဟိသုဒ္ဓံ သုနိဗုဒ္ဓ၊ သုအိနိအိ ကောနိနောအိ အိသုသိပါဏာ ပုမာတိ စျာနာမိစိ မုထုပုအိ'

'မဥပိ မဟိသုနဗုဒ္ဓ၊ သုအနအ အသုသ ပါဏာ ပုမာတ စျာနာမိစ မုထုပုအ'

ယင်း ပိဋကတ်အက္ခရာမြတ်ကို သက်ထောင်ကျော်ဘုရားစေတီ၌နံနက် အရုဏ်တက် နေထွက်မှနေဝင်ထိ မပြတ် သရဇ္ဈာယ် အားထုတ်ပေအံ့…။

အားမထုတ်မီ မေတ္တသုတ်တော် ဓမ္မစက္ကပဝတ္တနသုတ်တော်ကိုသရဇ္ဈာယ်ရာ၏။ နေထွက်သည်နှင့် နေဝင်ချိန်ထိ မပြတ်သရဇ္ဈာယ်လေ။

စားသောအစာတို့လည်း ခုနစ်ခေါက်စီ သရဇ္ဈာယ်မန်းမှုတ်ပြီး စားအပ်၏။ ရေလည်း ထိုနည်းလည်းကောင်း။

ထိုနည်းအတိုင်း (၁၀၈)ရက် အားထုတ်ပေအံ့။ (၁၀၈)ရက် အောင်သော် မိမိပြောသမျှ ဟောသမျှ အောင်မြင်၏။ သူတစ်ပါး စိတ်အကြံကိုလဲ သိပေအံ့…။

ထိုနည်းအတိုင်း (၁၀၈)ရက် အားထုတ်ပြန်။ ယခုတစ်ဖန်တွင် နေဝင်မှ နေထွက်မဟုတ်ဘဲ **နေဝင်မှနေထွက် ညလုံးပေါက်** မျက်စိမှိတ်၍ သရဇ္ဈာယ်ပေအံ့…။

(၁၀၈)ရက်ပြည့်သော် သိဒ္ဓိကြီး(၁၀) ပါးအနက် ပီယသိဒ္ဓိ၊ နေသိဒ္ဓိ၊ ကာယ သိဒ္ဓိတည်းဟူသော သုံးပါးသော သိဒ္ဓိ တို့ကို အောင်မြင်ရရှိတော့ပေ၏။

ထပ်၍ (၁၀၈)ရက် ညလုံးပေါက် အားထုတ်ပြန်။ နတ်များ၊ ဝိဇ္ဇာများ၊ ဗြဟ္မာများလာကြကုန်အံ့။ အဖျက် အဆီးလည်း များအံ့။ သတိပြုလော့။ **နဝင်္ဂသီလတော်ကို မပျက်မစီး စောင့်ထိန်းအားထုတ်လေ။** မျက်စိ မဖွင့်ဘဲရွတ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနည်းအတိုင်း (၁၀၈)ရက်ပြည့်ပြန်လျှင် ကြွင်းသောသိဒ္ဓိကြီး (၇)ပါးကို ရရှိတော့၏။ ထိုအဆင့်တွင် အဖျက်အဆီး လွန်စွာမှ များပြားလှပေတကား။ ကြိုးစားပတ်တကုတ် အားထုတ်အပ်၏။

ယင်းနောက် **အဝင်စခန်းကြီး ဖြစ်ပေသော** ဝိဇ္ဇာစခန်းကျင့်ရန်ကား...

၁။ **မန္တလေးတောင်တွင် (၉)ရက် အားထုတ်လေ–** ရှေးကပေါက်မြောက်ခဲ့သော ဝိဇ္ဇာအပေါင်းကို မြင်ပေအံ့...။

၂။ **ပုပ္ပားတောင်တွင် (၉)ရက် အားထုတ်လေ–** နိမိတ္တရုပ် ပေါ်လာပေအံ့...။

၃။ **စစ်ကိုင်းတောင်တွင် (၁၈)ရက် အားထုတ်လေ–** ခန္ဓာ လေပေါ် ပျံတက်လတ္တံ့...။

၄။ **ဇိုလ်ဝင်းတောင်တွင် (၂၇)ရက် အားထုတ်လေ–** ပုံတူခန္ဓာ တစ်ထောင် ပေါ်လတ္တံ့...။

၅။ **ကေလာသတောင်တွင် (၃၆) ရက် အားထုတ်လေ–** နတ်သိကြားကဲ့သို့ ကိုယ်ရောင်အဝါ ထွက်ပေလတ္တံ့...။

၆။ **အလောင်းတော် ကဿပတွင် (၄၅)ရက် အားထုတ်လေ–** ရှိသမျှသော နိဿယပညာအစုံ တတ်မြောက်အံ့...။

၇။ **ကျိုက်ထီးရိုးတောင်တွင် (၅၄) ရက် အားထုတ်လေ–** မြေလျှိုး မိုးပျံ တန်ခိုးချာန်ကို ပိုင်လတ္တံ့။

၈။ **မန်းစက်တော်တွင် (၅၄)ရက် အားထုတ်လေ–** ထွက်စမ၊ ဝင်စမ၊ ထိန်းစမ၊ သိမ်းစမတို့ကို ပိုင်လတ္တံ့...။

၉။ **ရေတံခွန် တောင်တော်တွင် (၆၃)ရက် အားထုတ်လေ–** မန္တန်၊ မန္တရားအပေါင်းကို အကြွင်းမရှိ တတ်မြောက်အံ့...။

၁၀။ **ဝက်ပါတောင်တွင် (၇၂)ရက် အားထုတ်လေ–** အဋ္ဌာရသ တစ်ဆယ့်ရှစ်ရက်ကို ပိုင်အံ့...။

၁၁။ **နွားကူးတောင်တွင် (၈၁)ရက် အားထုတ်လေ–** လိုရာအရပ်ကို စိတ်ဖြင့်ရောက်အံ့...။

၁၂။ **မင်းဝံတောင်တွင် (၉၀)ရက် အားထုတ်လေ–** သိဒ္ဓိငယ်ပေါင်း ထောင်သောင်းနှင့် သိဒ္ဓိကြီးဆယ်ပါးကို ပိုင်အံ့...။

၁၃။ **မဟာမြိုင်တွင် (၉၉)ရက် အားထုတ်လေ–** ဆင်ပြောင် ဆယ့်နှစ်စီး အားမာန်ရအံ့...။

၁၄။ **ဟိမဝန္တာတွင် (၁၀၈)ရက် အားထုတ်လေ–** သိကြား၊ ဗြဟ္မာမင်းတို့နှင့် တူမျှသော တန်ခိုးရအံ့...။

ယင်းတောင် တစ်ဆယ့်လေးတောင်တွင် အားထုတ်အပ်သော မန္တန်ဝိဇ္ဇာဓိုရ်ရှိ မဟိဒ္ဓိရှင် စစ်စစ်ကြီးဖြစ်၍ မြေလျှိုး၊ မိုးပျံ၊ တန်ခိုးအမျိုးမျိုး ပေါက်မြောက်အံ့...။ မြင့်မိုရ်တောင်တော်ကြီးမှစ၍ တောင်စဉ် (၇)ထပ် ဟိမဝန္တာ လိုရာအရပ်သို့ စိတ်သွားတိုင်းကိုယ်ပါ လိုရာရောက်အံ့...။

ကျွန်းကြီးလေးကျွန်းနှင့်တကွ နတ်ပြည်ခြောက်ထပ်သို့လည်း စိတ်သွားတိုင်းကိုယ်ပါ လိုရာရောက်နိုင်ပေအံ့။

ရေမြေတောတောင် မြစ်ချောင်း သမုဒ္ဒရာမှစ၍ ရှိန်းဆာယာပိုမောက် ကိုယ်ဖျောက်နိုင်ပေပြီ။ မတတ်သော ပညာ၊ မရောက်သောအရပ်၊ မရသော စည်းစိမ်ဟူ၍ မရှိ။

ကမ္ဘာသူကမ္ဘာသားတို့အပေါ် ဘုန်းရှင်သမ္မာရှင်ဖြစ်၍ သာသနာတော်ကို ပြုစုနိုင်ပြီ။ နောင်လာအစဉ် ဥဒါန်းရာဇဝင် ကျူးနိုင်လောက်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်ချေပြီ။

ဤတွင် မဟာဓမ္မ မနောမယ့်သိဒ္ဓိ သိဒ္ဓိပေါက် မန္တန်ဝိဇ္ဇာကျင့်စဉ်ကား နိဂုံးကမ္ပတ် အဆုံးသတ်ခြင်းသို့ ရောက်ပေသတည်း။

* * *

အထက်ပါမှာ ပုရပိုက်ပါအတိုင်း ရေးသားခြင်း ဖြစ်ပါသည်။ ဤဆောင်းပါးကို ဖတ်ပြီးသောသူအပေါင်းတွင် အကယ်၍ မန္တန်ဝိဇ္ဇာဖြစ်လိုသူ၊ သာသနာပြုလိုသူ၊ ဝါသနာအထုံရှိသူ ဖြစ်ပါက လျှင်မြန်စွာ ပေါက်မြောက်ပါစေလို့ ဆုတောင်းပေးရင်း မဟာဓမ္မ မနောမယ်သိဒ္ဓိ သိဒ္ဓိပေါက် မန္တန်ဝိဇ္ဇာ ကျင့်စဉ်ဆောင်းပါးကို အဆုံးသတ်လိုက်ရပေတော့သည်။

***အရဟံသိဒ္ဓိ သိဒ္ဓိအရဟံ***

**စည်သူကျော်(ပြည်)**

**စာရှုသူ သူတော်သီ**

**ပညာရှင်များသို့ . . .**

**ဤဆောင်းပါးပါ မန္တန်အကွရာတို့၏ ဓာစ်မြစ်ကိုသိရှိသော ပုဂ္ဂိုလ်များ၊ ကျင့်စဉ်အောင်မြင်ခဲ့သည့် ပုဂ္ဂိုလ်များမှ ဤမဟာဓမ္မ မနောမယိဒ္ဓိ သိဒ္ဓိပေါက် မန္တန်ဝိဇ္ဇာကျင့်စဉ်ကို အများအကျိုးအတွက် မိမိအတွေ့ကြုံများအတိုင်း အသေးစိတ်ရေးသားပေးပို့ကြပါရန်နှင့်မန္တန်မှုကွဲများ ရှိပါကလည်း ပြန်လည် ရေးသား ပေးပို့ကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။**

**လေးစားစွာဖြင့် . . .**

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်　　တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိင်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ညီသည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) တုန်ခန်းသွားသောသုတ်မာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်မြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိင်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ဝန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဥ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဥ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...


**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းတွင်း ရုပ်ပွားတော်

တောင်မော်သာသနာ့ရိပ်သာ

# ဆရာတော် ဦးဝိသုဒ္ဓါစာရ

စ်ဝလွန်းသာ

အား ဂါရဝပြု ပူဇော်ခြင်း (၁)

## နိဒါန်း

ကောလင်းမြို့နယ်ရှိ ခမောက်တောင်သို့ တက်ရောက်ကာ ပြည်လုံးကျော်ထီးစေတီတော်အား ကြည်ညို ပူဇော်သောအခါ နိဗ္ဗာန်ဆော်တန်ဆောင်းအတွင်း၌ တောင်မော်ဆရာတော်၏ အန္တိမ ဝေဖော့ပျာပနသဘင်တွင် ဖြန့်ဝေသော လက်ကမ်းစာစောင်ကလေးကို တွေ့ရသည်။

ဦးဝင်းရွှေအား မေးမြန်းကြည့်သော အခါ အရှေ့ဘက်အဝေးဆီမှ တောင်မော်သာသနာ့ရိပ်သာဆီသို့ ညွှန်ပြသည်။ ရွှေရောင်တဝင်းဝင်းနှင့် စေတီပုထိုးများစွာကို ရေးရေးပျပျ လှမ်းမြင်ရသည်။

ခမောက်တောင်နှင့် (၁၄)မိုင်မျှ ကွာဝေးသည်။ ကောလင်းမှ (၁၀)မိုင် အကွာ၌ရှိ၍ အနီးဝန်းကျင်မှ ဖူးမြော်က ရွှေတောင်မို့မို့ ထီးထီးမားမား မြင်တွေ့နိုင်သည်ဆိုသည်။

ထိုဆရာတော်သည် (ဒုတိယ)ခန္တီးဆရာတော်ဦးသုဇန၏ တပည့်ရင်းတစ်ပါးဖြစ်ကာ လောကီလောကုတ္တရာ စွယ်စုံတတ်ပွန်သည်ဟု သိရှိရလေသည်။



ယောဂီများ ကမ္မဋ္ဌာန်းထောက်တည်ရာ ဘုရားကျောင်း

## တောင်မော်ဆီသို့

ဤသို့ဖြစ် ဦးဝင်းရွှေနှင့်အတူ ကောလင်းမှ ကားကြုံတစ်စီးဖြင့် တောင်မော်ရွာသို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။ တောင်မော်ရွာသည် ရွာတန်းရှည်ကြီးဖြစ်ကာ ကောလင်းမြို့နယ်၌ လူနေအိမ်ခြေ အများဆုံးသော ကျေးရွာဖြစ်ကြောင်း သိရသည်။


ကားသမားလေးက တောင်မော်ရွာအတွင်းမှ ဖြတ်သန်းကာ ရိပ်သာတည်ရာ တောင်ခြေအရောက် ပို့ဆောင်ပေးသည်။

မကြာမီ ရိပ်သာမုခ်ဦးရှေ့သို့ ရောက်သဖြင့် ကားပေါ်မှ ဆင်းခဲ့ကြသည်။ "မဟာဝိသုဒ္ဓါရာမ သာသနာ့ရိပ်သာ" ဟု ကမ္ပည်းတင်ထားသည့် မုခ်ဦးအတွင်း ဝင်ရောက်ပြီးနောက် ဆရာတော် အရှင်ဝိသုဒ္ဓါစာရ ဗိမာန်သို့



www.burmeseclassic.com

www.burmeseclassic.com



တောင်မော်သာသနာ့ရိပ်သာ (ဒေဝပဗ္ဗတတောင်တော်)

သွားရောက်ဂါရဝပြု လေ့လာသည်။

ရိပ်သာကို ဆက်ခံသည့် လက်ရှိ ဆရာတော် ဦးကေသရသည် ရိပ်သာ အဝင်လမ်း ပြုပြင်မွမ်းမံမှု လုပ်ငန်းခွင်တွင် ကြီးကြပ်နေသည်ကို တွေ့ခဲ့ရသဖြင့် စောင့်ဆိုင်းရစဉ် ဗိမာန်သို့ ဝင်ရောက်လေ့လာခြင်း ဖြစ်သည်။

ဗိမာန်တော်မှာ ရှစ်မြှောင့်ပုံတိုက်မဖြစ်၍ အထက်၌ ဘုံပြာသာဒ် သုံးဆင့်တင်ထားသည်။

## ဗိမာန်တွင်းဝယ်

ဗိမာန်အတွင်း၌ ဆရာတော် အရှင်ဝိသုဒ္ဓါစာရ၏ တင်ပျဉ်ခွေရုပ်တုတော်ကို ပလ္လင်ထက်တင် ပူဇော်ထားသည်။ ရှေ့တွင် မှန်သေတ္တာတစ်ခုရှိ၍ အတွင်း၌ သွားတော်၊ မျက်လုံးတော်များကို ဖူးတွေ့ရသည်။

**(၇-၇-၂၀၀၃)နေ့တွင် ဓာတ်တော်များမှသတင်း ကြွင်းပဒ္မဇော်ရာ သွားတော်မှာ ပုလဲမှာဖြစ်၍ မျက်လုံးတော်မှာ ပြဒါးတောက်လုံးကဲ့သို့ ဖြစ်တည်ကျန်ရစ်တည်သဖြင့် ပူဇော်ထားကြောင်း သိရသည်။**

ဖြစ်စဉ်တော်များမှာ လက်ရှိဆရာတော်အား မေးလျှောက်မှသာ သေချာစွာ သိရှိနိုင်သဖြင့် ဗိမာန်မှ ပြန်ထွက်ကာ အရှေ့ဘက်တောင်ကုန်းထက် စေတီများသို့ သွားရောက်ဖူးမြော်သည်။

## ကောင်းမှုတော်များ

ကျောင်းဝင်းအပြင်ဘက်တွင် ဆရာတော်ကြီး ဦးဆောင် တည်ထားခဲ့သော စေတီပေါင်း (၃၄)ဆူရှိ၍ ပန္နက်ချပြီးခဲ့သည့် နှစ်ဆူကို လက်ရှိဆရာတော် ဦးဆောင်၍ ဆက်လက်တည်ဆောက်နေကြောင်း သိရသည်။

ရာသီဥတု ပူပြင်းသော်လည်း တောင်တက်လှေကားနှင့် အမိုးပါ စောင်းတန်းကြောင့် သက်သောင့်သက်သာ ရှိပါသည်။ စောင်းတန်းလှေကားသို့ ရောက်သောအခါ ဝန်းကျင်မှ လေနုအေးများ တိုက်ခတ်နေသည်ကို တွေ့ရသည်။

စောင်းတန်းလှေကား တစ်ဖက်တစ်ချက်တွင် စားဖွယ်အရောင်းဆိုင်များ အစီအရီ တွေ့ရသဖြင့် ဘုရားဖူးပရိသတ် စဉ်ဆက်မပြတ် လာရောက်လေ့ရှိသည်ဟု ခန့်မှန်းရသည်။


ယခင်က နတ်တောင်ခေါ် ဤဒေဝ ပဗ္ဗတ တောင်ထက်တွင် တောင်မော်ရွာမကျောင်းဆရာတော် ဦးနန္ဒ တည်ထား၍ ၁၃၁၀ ပြည့်နှစ်တွင် စစ်ကိုင်း



F.4B. September, 2014.

www.burmeseclassic.com

www.burmeseclassic.com




တောင်အမ်သာသနာ့ရိပ်သာ (အပေါ်မှတောင်တက်)

တောင်ရိုးမှ ဝိဇ္ဇာဂိုဏ်းဝင် သက်တော် (၆၀)ခန့်ရှိ မဟာမြိုင်ဆရာတော်က ထပ်မံပြုပြင်ခဲ့သော စေတီတစ်ဆူသာ ရှိခဲ့သည်။ ထိုစေတီသည် ငလျင်ကြောင့် ပြိုပျက်နေ၍ ၁၃၅၅ ခုနှစ်တွင် မွမ်းမံကြရာ တောင်ပေါ်သို့ ခက်ခဲစွာ သွားလာခဲ့ရသည်ဆို၏။

ထို့နောက် ကောလင်းမြို့နယ်၊ ဘန့်ဘွေးကုန်းရွာ သတ္တုတွင်းမှ ဝန်ထမ်းများက စက်ယန္တရားဖြင့် ကူသိလ်ပြုခဲ့သဖြင့် အတန်အသင့် ဖြောင့်ဖြူးသည့် တောင်တက်လမ်းကလေး ဖြစ်လာသည်။

ထိုစဉ်က ဤရိပ်သာ တည်ထောင်သူ ဆရာတော် ဦးဝိသုဒ္ဓါစာရက **'သွပ်မိုးစောင်းတန်းလှေကား'** ဖြစ်လာရန် ဆန္ဒရှိတော်မူသော်လည်း **'တို့အရာ မဟုတ်ပါဘူးလေ။ ဘုန်းရှင်ကံရှင်တွေရဲ့ အရာသာဖြစ်တယ်'**ဟု မိန့်ကြားတော်မူခဲ့သည်ဆို၏။



ဂုရုမူဇာစေတီ


၁၃၆၆ ခုနှစ်တွင် (၁၀၆)ခန်းရှိသည့် ဤစောင်းတန်းလှေကားကြီး ဖြစ်ပေါ်လာသည်ဟု သိရသည်။

စောင်းတန်းအတိုင်း ဖြည်းဖြည်းချင်း တက်ကာ ဝန်းကျင်ကို လှေ့လာကြည့်ရှုခဲ့ရာ လက်ဝဲဘက်၌ ခုနစ်ဆူတန်းစေတီ ထိုမှအထက်တွင် လေးဆူတန်းစေတီများကို အစီအရီ ဖူးတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော်၏ ထူးခြားသည့် ခြေတော်များ

လက်ဖဝါးပြင်






www.burmeseclassic.com

www.burmeseclassic.com



ခန္တီဆရာတော်ကြီးအား ခြေဆုပ်လက်နယ် ဝတ်ပြုစဉ်

စေတီတန်းများ အလယ်တွင် ထက်,အောက် တက်ရောက်နိုင်သော မုခ်ဦးလှေကားများ တပ်ဆင်ထားသည်။ ဤနေရာသည် ယခင်က ကျောက်တုံး ကျောက်ဆောင်များသာ ရှိနေရာ ဆရာတော်က စေတီပုထိုးများ တည်ထားရန် ကောင်းလှသော်လည်း အားမတန် မာန်ချနေခဲ့ရသည်။

၁၃၆၀ ပြည့်နှစ်လွန် နှစ်များတွင် ဝန်းသိုမြို့၊ ပအိုဝ်းငြိမ်းချမ်းရေးတပ်မှ မိုင်းခွဲ၍ မြေညှိ ကုသိုလ်ပြုခဲ့သဖြင့် ဤသို့ စေတီများ ပွင့်ထွန်းလာရသည် ဆိုလေသည်။

တောင်ခြေနေရာ စောင်းတန်း တောင်ဘက်တွင် ရွှေစည်းခုံ ပုံစံတူ စေတီတော်ကြီးကို ဖူးမြင်ရကာ တောင်ခါးပန်း၊ စောင်းတန်းလက်ယာဘက် အမြင့်၌ ကျိုက်ထီးရိုးကလေး စေတီတစ်ဆူ ဖူးတွေ့ရသည်။

ထိုမှအထက်တွင် ဂုဏနဝစေတီကို ပေါင်းခုံးသဏ္ဌာန် ထူးခြားစွာ တွေ့ရသည်။ ထိုမှ လောကနန္ဒာ၊ အာနန္ဒာ ပုံစံတူ စေတီများ ကိန်းဝပ်တော်မူသည်။

လက်ဝဲဘက်ကုန်းလျှော တောင်ခါးပန်းတွင် အဘယမုဒြာ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူနှင့် တောင်ထိပ်အစွန်းတွင် ဉာဏ်တော် အမြင့် (၉၀)ပေရှိ မတ်ရပ်တော်ကြီး တစ်ဆူတို့ ကိန်းဝပ်တော်မူကြသည်။

ရုပ်ပွားတော်ကြီး နှစ်ဆူစလုံးသည် တောင်ထိပ်သို့ မော့ကြည့်လိုက်ပါက ကြီးမားထင်ရှားစွာ မော်ဖူးနိုင်သော ရုပ်ပွားတော်များ ဖြစ်ကြသည်။ လက်တစ်ဖက်ကို ခနည်းငယ်ထောင်၍ ကွေးထားပြီး လက်ဖဝါးကို အပြင်ဘက်သို့လှန်ကာ လက်ချောင်းများ အထက်သို့ ထောင်ဖြန့်နေဟန် အဘယဟတ္ထ ခေါ် အဘယမုဒြာ ဘေးမဲ့ဟန်တော်များ ဖြစ်ကြသည်။

ကိုးကွယ် ဆည်းကပ်အပ်သော မြတ်စွာဘုရား ကိုယ်တော်တိုင်မှာ ကိလေသာ ကင်းစင်တော်မူပြီးသော အနန္တဇိန ဖြစ်တော်မူသောကြောင့် (နကုတောဘယံ) ကြောက်ရွံ့ထိတ်လန့်ဖွယ် တစ်စုံတစ်ရာ မရှိတော့ပြီ။ ဟူသော ဗုဒ္ဓဂုဏ်တော်ကို သိစေလိုခြင်း၊ လက်တော်ဖြင့် ပြထားခြင်း ဖြစ်သည်။

'မစိုးရိမ်လင့်၊ မကြောက်ကြလင့်၊ ကြက်သီးမွေးညင်းထခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း တစ်စုံတစ်ရာမဖြစ်လင့်၊ ကိုးကွယ်အားထားစရာ ဗုဒ္ဓမြတ်စွာ ရှိနေပါပြီ'

ဟူသော ဇေဂ္ဂသုတ်ပရိတ်တော် ဒေသနာကို ဟောကြားတော်မူနေဟန် ဖြစ်သည်ဆို၏။

ရှေ့လ ဆက်ဖတ်ပါရန်

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ
(မင်းလှ)

# အိမ်ဆောက်နေထိုင်သူများ

သိမှတ်ဖွယ်ရာ

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် စာရေးသူ နေထိုင်ရာ မင်းလှ၊ သာယာမြို့သစ်(၁၄)လမ်း နေအိမ်သို့ မိုးညိုမြို့နယ်၊ ရွှေခဲကျေးရွာမှ တပည့်များဖြစ်ကြသော ကိုဝင်းထွဋ်၊ ဝင်းနိုင်ဌေး၊ ကိုအောင်ကျော်သန်းတို့ ရောက်ရှိလာကြပါသည်။

စာရေးသူ၏ သမီးလေးဖြစ်သော မနန္ဒာကျော်နှင့် မအိဖြူဇင်တို့ နှစ်ဦးက...

'အဖေ အိမ်မှာ ရွှေခဲက ဧည့်သည်တွေ ရောက်နေတယ်'

ဟု လာပြောကြရာ...

'အေးကွယ် အဖေ ခုပြန်လာခဲ့မယ်လို့ ပြောလိုက်ရာ...

'ဟုတ်ကဲ့ အဖေ'

ဟု ဆိုကာ သမီးများ ပြန်သွားကြသည်။

ထို့နောက် စာရေးသူ အိမ်ပြန်ရောက်ပြီးနောက် နေအိမ်ဧည့်ခန်းတွင် ထိုင်စောင့်နေကြသော တပည့်များကို...

'ဟော့...လူစုံတက်စုံပါလား၊ တပည့်တို့ လာရင်းကိစ္စ ပြောပါဦး'

ပြောလိုက်ရာ ကိုဝင်းထွဋ်က...

'ဒီလိုပါဆရာ ဒီနှစ် မိုးတွင်း ကျွန်တော်တို့ရွာမှာ ကမ်းပြိုလို့ ရွာတစ်ဝက်နီးပါး ရွှေ့ပြောင်းရတော့မယ် ဆရာ။

ဟိုနှစ်က ဆရာလာတဲ့ အချိန်တုန်းက ကျွန်တော်တို့ ကမ်းနားတန်းအိမ်တွေ အကုန် မြစ်ထဲပါသွားပြီ။ ထန်းပင်စုလဲ ကမ်းနီးနီးပဲ ကျန်တော့တယ်'

'ဒါဖြင့်ရင် မင်းတို့ ဘယ်နေရာကို ရွှေ့ပြောင်းကြမှာလဲ'

ဟု မေးလိုက်ရာ ကိုအောင်ကျော်သန်းက ကြားဝင်၍...

'မအူကုန်းရွာနဲ့ ရွှေခဲဘုန်းတော်ကြီးကျောင်း ကြားမှာ မြေကွက်လပ်ကို ရွာသစ်တည်ရမယ်ဆရာ။ ကျေးရွာအုပ်ချုပ်ရေးမှူး ကိုခင်မောင်ဆန်းနဲ့ ကျေးရွာ အထောက်အကူပြုအဖွဲ့က မြေနေရာတွေ တိုင်းထွာ သတ်မှတ်ပေးထားပါပြီ။ အခု ကျွန်တော်တို့ အိမ်သစ် ဆောက်ရမှာ ဖြစ်တဲ့အတွက် ဆရာ့ဆီလာပြီး ဘယ်နေ့ ဘယ်ရက် ဆောက်ရင် ကောင်းမလဲ လာမေးတာပါ ဆရာ။

နောက်ပြီး ကျွန်တော်တို့မှာ အိမ်ဆောက်မယ့် သစ်,ဝါး, အားလုံး စုံနေပြီ'

ဟု ပြောပြကြပါသည်။

စာရေးသူက...

'အိမ်ဆောက် နေထိုင်ကြသူများ သိမှတ်ဖွယ်လင်္ကာတစ်ပုဒ် ငါ ရွတ်ပြမယ်။ မင်းတို့ နားထောင်ကြပါ။ ကျောက်ထရံဆရာတော်ကြီးရဲ့ မှတ်စုထဲက ဖြစ်တယ်။

**လင်္ကာမှာ...**

ယင်းဟာညီဥရှု ကြွင့်နန်းဟူသား၊ တိုင်နှစ်ပါးကို၊ ရင်းဖျားအစ အသုံးကျအောင်၊ ဟတ္တတောင်ထွာ၊ ရှိုးကာနောက်၊ သုံးခုမြောက်မှ၊ မိတ်ပုံရင်း။

တဝမိတ်ပုံ၊ တည့်တုံမမှား၊ သတ်နှင့်စား၍၊ တစ်ခုကြွင်းမူ၊ စီးပွားဥစ္စာ၊ ဆုတ်ယုတ်ရာ၏။ နှစ်ခုကြွင်းမူ၊ အရပ်ဆယ်ဖြာ၊ ပူဇော်လာ၍၊ သုံးခုကြွင်းမူ ဘယာဘေးအဏ် ခံရပြန်၏။

လေးခုကြွင်းမူ၊ ကြီးစွာလာဘ်ကြီး၊ ရရှိမြဲတည်း၊ ငါးခုကြွင်းမူ၊ ကြီးသူမိတ်၊ ပျက်ကိန်းကျ၏။ ခြောက်ခုကြွင်းမူ၊ စီးပွားရွှေငွေ၊ ဆန်ရေစပါး တိုးကာပွားမည်။

သုညကြွင်းမူ၊ လင်နှင့်မယား၊ ခိုက်ရန်ပွား၍ အိမ်ထောင်ပျက်ကိန်း ကျလိမ့်တည်း။

ကဲ...ခုမင်းတို့ အိမ်သစ်ဆောက်ကြမယ်ဆိုတော့ ကိုဝင်းထွဋ် အိမ်က အမြင့် ဘယ်နှတောင် ဆောက်မှာလဲ ပြောပြပါ'

'**ခေါင်တိုင်(၁၅)တောင်၊ လက်ခံတိုင်က(၁၃)တောင်**ပါဆရာ'

'ဒီလင်္ကာအရ ခေါင်တိုင်တို့ မယူဘဲ လက်ခံတိုင်များက ဒေသအခေါ် ဥယဉ်တိုင်(ဥရှုတိုင်)နဲ့ (ကြွင့်နန်း)တိုင်ကို ယူရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ဆောက်လုပ်တဲ့အခါ ပထမဦးစွာ စိုက်ထူရတဲ့တိုင်ကို ဥယျဉ်တိုင် (ဥရှုတိုင်)လို့ ခေါ်တယ်။ ဥရှုတိုင်နဲ့ (ထမ်းပိုးထမ်း) ခေါင်းရင်းဘက်က ထောင့်က တိုင်ကို (ကြငှန်း)တိုင်လို့ ခေါ်တယ်။ ဒီတိုင်(၂)လုံးကို အရင်းက အဖျားထိ လက်နဲ့ အတောင် ရေတွက်ပြီး ပေါင်းရပါမယ်။

ရရှိတဲ့ အတောင်အရေအတွက်ကို (၃)နဲ့မြှောက်လို့ ဆိုထားတယ်။ မြှောက်ရတဲ့ အရေအတွက်ဟာ မိတ်ပုံပဲ။ အဲဒီမိတ်ပုံကို (၇)နဲ့ စားပါ။ အကြွင်းကို ယူရပါမယ်။

အခု မောင်ဝင်းထွဋ် တည်ဆောက်မယ့် အိမ်ကို တွက်ကြည့်ပါမယ်။

**လက်ခံတိုင်(၁၃)တောင်လို့ ပြောတဲ့အတွက်...**

| | |
|---|---|
| **ဥရှုတိုင်** | ၁၃ တောင် |
| **ကြငှန်းတိုင်** | ၁၃ တောင် |
| | ၂၆ တောင် |

၂၆ × ၃ = ၇၈ **မိတ်ပုံ**

၇၈ ÷ ၇ = ၁ ကြွင်းဖြစ်သည်

**လက်ာမှာက** "တစ်ခုကြွင်းမူ စီးပွားဥစ္စာ ဆုတ်ယုတ်ရာ၏" တဲ့။ ဝင်းထွဋ်ရဲ့ အိမ်ဟာ စီးပွားဆုတ်ယုတ်မယ့်အိမ် ဖြစ်နေတယ်'

ဝင်းထွဋ် မျက်နှာလေး ညှိုးငယ်သွားသည်။

'ဘယ်လိုလုပ်ရင် ကောင်းပါ့မလဲ ဆရာ ကူညီပါဦး'

ဟု ပြောရာ စာရေးသူက...

'မင်းတို့ စိတ်မကောင်း မဖြစ်ကြပါနဲ့။ လက်ခံတိုင်ကို (၁၂)တောင် ထားပြီး ဆောက်ပါ။ ဥရှုတိုင်(၁၂)တောင်၊ ကြငှန်းတိုင်(၁၂)တောင် ပေါင်း(၂၄) တောင်၊ ယင်း(၂၄)တောင်ကို (၃)နဲ့ မြှောက် (၇၂) မိတ်ပုံရတယ်။ မိတ်ပုံ (၇၂)ကို (၇)နဲ့စားတော့ (၂)ကြွင်း ရပါတယ်။

လက်ာမှာက "**နှစ်ခုကြွင်းမူ အရပ်ဆယ်ဖြာ ပူဇော်လာ၍**"လို့ ဆိုထားတဲ့အတွက် အရပ်(၁၀)မျက်နှာက ပူဇော်ခြင်းကို ရရှိမယ်။ အခြံအရံ ပေါများမယ်။ မိတ်ကောင်း ဆွေကောင်းများ ရရှိနိုင်တာပေါ့ကွာ'

ဟု ပြောလိုက်ရာ မောင်ဝင်းထွဋ်၊ ဝင်းနိုင်ဌေးအောင်ကျော်သန်းတို့ဝမ်းသာရွှင်ပြုံးစွာ ပြန်သွားခဲ့ကြပါသည်။

စာရှုသူ ဝါသနာရှင်များ၊ သုတေသီများ (၇)ရက်နေ့သားသမီးများ အားလုံး အိမ်တစ်အိမ် ဆောက်လုပ်နေထိုင်ကြရာ၌ ကျေးဇူးရှင် ကျောက်ထရံ ဆရာတော်ကြီး ဦးကောဝိဒမွှထံက သင်ယူရရှိခဲ့သော အိမ်နှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများကို မူရင်းလက်ာနှင့်အတူ ဆောင်းပါး ရေးသားဖော်ပြ၍ မှတ်တမ်းပြုလျက် ရှိပါသည်။

အိမ်တစ်အိမ် ဆောက်လုပ်နေထိုင်ကြရာတွင် အဓိက နေအိမ်၏ **ထုပ်၊ လျောက်၊ အကျယ်အဝန်း**ကို တည်တွက်ချက်ရသော အဝင်နက္ခတ်၊ အထွက်နက္ခတ်၊ အိမ်နိမိတ်၊ အိမ်သက်တွက်နည်း စသည်ဖြင့် အကျိုးရှိနိုင်သော နက္ခတ်၊ နိမိတ်ဖြစ်ရန် လိုသည်။ မြေခံကောင်းရန်လိုသည်။ ရက်ကောင်း ရက်မြတ် အချိန်ကောင်း အခါကောင်း ဖြစ်ရန် လိုပါသည်။

နေအိမ် အနိမ့်၊ အမြင့်ပေါ် မူတည်၍ တွက်ချက်ယူရသော အကြွင်းများ ရှိအောင် အကျိုးပေးသော နေအိမ်များ ဆောက်လုပ်နိုင်ကြပါစေဟု ဆန္ဒပြုလျက် ကြီးပွားချမ်းသာသော ဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေ။

**ဗိုလ်မင်း(မင်းလှ)**

---

လေးဖက်နာနှင့်

# အသည်းရောင်

အတွက် ဆေးတစ်လက်



တစ်နေ့ စာရေးသူ၏ နေအိမ်သို့ ယောက်ဖငယ် ကိုမြင့်စိုး ရောက်လာပါသည်။ သူ၏အစ်မဖြစ်သူ (စာရေးသူ၏ဇနီး)အား ဆေးနည်းတစ်မျိုး ပြောပြနေသည်ကို စာရေးသူ အဝင်လဲ‌ဝင်း ကြားနေရပါသည်။

စာရေးသူ၏ဇနီးသည်မှာ နောက်ကျောအတွင်းဘက် ဘယ်ဘက် လက်ပြင်နားတွင် ကိုက်ခဲခြင်းနှင့် တစ်ခါတစ်ရံ လက်ဆစ်ခြေဆစ်များ ကိုက်ပြီး အနည်းငယ် ရောင်လာတတ်ခြင်းတို့ မကြာခဏ ဖြစ်တတ်သဖြင့် သူ့မောင်ဖြစ်သူ ကိုမြင့်စိုးက အောက်ပါ ဆေးနည်းလေးကို ပေးနေခြင်း ဖြစ်ပါသည်။

ဤဆေးနည်းမှာ လွယ်ကူပြီး ငွေကြေးအနည်းငယ်ဖြင့် ပျောက်ကင်းသွားကြသည်မှာ (၂/၃)ဦးရှိပြီဖြစ်ကြောင်း ကိုမြင့်စိုးက ပြောပါသည်။ သို့ပါ၍ အများသူငါအတွက် ဒါနပြုရေးသားလိုက်ရပါသည်။

**ဆေးနည်းမှာ...**

ရဲယိုသီးအမှုန့်ကို အရက်ဦးရည်ဖြင့် စိမ်၍ နာကျင်ရောင်ရမ်းသည့်နေရာများကို လူးပေးရန်ဖြစ်ပါသည်။

ဆေးလူးပြီး (၁/၂)ရက်အတွင်း သိသာမှုရှိပြီး သက်သာပျောက်ကင်းပါကြောင်း ကိုမြင့်စိုး၏ ပြောပြမှုကို တစ်ဆင့် ကူသိုလ်ပွားလိုက်ရပါကြောင်း...။

**စေန္ဒာမိုး (တောင်ငူ)**



www.burmeseclassic.com


www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ဝတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
ဝ၃ဝ၆ Y ဝ၆၆၅၃
လိုင်စင်-၃/၂ဝဝ၄၊
တဆထလ (၁၂၅၁)]



မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင် ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခု ကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါ တယ်။

အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်း လေညင်းဆောင်ဆိုသလို တန်ခိုး ရှင် နှလုံးအားတိုးဆေးကို သောက် ပြီး။ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှီးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါ လဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဍာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယ ခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့် စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့် ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြု လုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင် ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်း တွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအား နည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက် ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်း တို့ဟာ သီတနဲ့ဥဏှ ဓါတ်ရောဓါတ်ပစ္စယ ကြောင့် ဖြစ်လာရခြင်းပါ။ အချို့ အဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက် သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ် ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေ အေးစက်တို့တွင် နေထိုင်မှုများ ခြင်း စတဲ့ အကြောင်းအချက်များ ဟာ နှလုံးရောဂါ ဖြစ်ပွားလာရ ခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါ တယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါ တွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြော ကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအား နည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေး ငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး သန်းဆန်းစေ ပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ် တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာ ပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်း ကောင်း ပါးလိုက်ပါတယ်။


ပင်ရင်း

**တန်ခိုးရှင် ဆေးတိုက်**


အမှတ်-(၁၉၂)၊ ဇေရာ(ဂ)လမ်း (ည)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-ဝ၉ ၈၆၁၅၂၂၅။


**မြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com



ဘိသိက်ခံ လက်မက်ရည်ခွက်

နယ်လှည့် စာသမားတစ်ဦး

မုံရွာမြို့

# ဆိုင်းတန်းလမ်းမှ

ရှေးပစ္စည်းများနှင့်

# ပုံဆန်းကျောက်များ

**မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ ဆိုင်းတန်းလမ်းနေ ကိုသိန်းမြင့်ဝင်း ခေါ် ဖိုးသံ၏ ဖိတ်ကြားချက်အရ** သူ့နေအိမ်သို့ ရောက်ရှိသောအခါ အမြင့်(၁၂)လက်မ၊ အချင်း(၈)လက်မ ရှိသော ကြွေအိုးနှစ်လုံးကို ထုတ်ပြပေးသည်။

ဘိုးဘွားလက်ထက်က သိမ်းထားခဲ့သော အသုံးအဆောင် ဖြစ်သည်။ သူ၏ ဘိုးဘွားများသည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ မုံရွာသို့ လာရောက်၍ ရောင်းဝယ် ဖောက်ကားကြသည့် ကုန်သည်များ ဖြစ်ကြသည်။ ဒုတိယ ကမ္ဘာစစ်အပြီးတွင် ကားလမ်း၊ ရထားလမ်းများ ပျက်စီးကာ လမ်းပန်း ဆက်သွယ်ရေး ပြတ်တောက်သွားသဖြင့် မုံရွာမြို့တွင် အခြေချ နေထိုင်ဖြစ်ခဲ့သည်ဆို၏။

ကြွေအိုးနှစ်လုံးမှာ အဖုံးများပါရှိ၍ နှုတ်ခမ်း၌ ရေသွန်ရန် မြောင်းငယ်ပြုလုပ်ထားသည်။ တံဆိပ်ဝိုင်းတစ်ခုစီ ခပ်နှိပ်ထားသည်။

REG$^{D}$ MARCH 1849.

POHELL. BRISTOL.


ဟူ၍ စက်ဝိုင်းပုံတွင်း တွေ့ရှိရကာ တစ်ခုမှာ အလယ်၌ အင်္ဂလိပ်ဂဏာန်း (5)ပါရှိသည်။ စာသားများကား နှစ်ခုလုံး တူညီသည်။

ကြွေအိုး၏ ထုထည်အရ ရေ (၅) ပေါင် ဝင်ဆံ့ကြောင်း ရည်ညွှန်းဟန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



◆ လက်ဖက်ရည်ခွက်မှ စာတန်း

သည်။ နှစ်ပေါင်း (၁၆၀)ကျော် ရှိပြီဖြစ်၍ မူလအတိုင်း အက်ကွဲရာမရှိ တွေ့မြင်ခဲ့ရသည်။

### ဘိသိက်ခံ ကြွေလက်ဖက်ရည်ခွက်

ဤလက်ဖက်ရည်ခွက်မှာ နှုတ်ခမ်းအနည်းငယ် ပဲ့နေသော်လည်း နံဘေးဆေးရောင်စုံပုံများကို ကောင်းစွာ မြင်ရသည်။ အင်္ဂလန်ပြည့်ရှင်ဘုရင်နှင့် ဘုရင်မတို့၏ပုံများ ဖြစ်ကြသည်။ အောက်တွင်...

KING EDWARD VII
CORONATION
QUEEN ALEXANDRA.
16. JUN. 1902.

ဟူသော စာတမ်းများ ပါရှိသည်။

သတ္တမမြောက် အက်ဒွပ်ဘုရင်နှင့် အလက်ဇန်းဒြားဘုရင်မတို့၏ ရာဇဘိသိက်ခံပွဲကို ၁၉၀၂ခုနှစ်၊ ဇွန်လ၊ (၁၆)ရက်နေ့မှ (၂၈)ရက်နေ့အထိ ကျင်းပခဲ့ရာ ပထမဦးဆုံး ပွဲသဘင်နေ့တွင် လက်ဆောင်အဖြစ် ချီးမြှင့်တော်မူသော လက်ဖက်ရည်ခွက် ဖြစ်ကြောင်း သိရသည်။

နှစ်ပေါင်း (၁၁၀)ကျော်ပြီဖြစ်ကာ နှုတ်ခမ်းအနည်းငယ် ပဲ့ရာမှလွဲ၍ မူလအခြေအနေအတိုင်း လေ့လာနိုင်၏။

### ကျောက်ပန်းခက်

ပန်းခွက်များ ရစ်ပိုင်းထားသည့် ပုံစံဖြစ်နေသည့် ကျောက်ဖြစ်သည်။ အလျား (၁.၄)လက်မခန့် ရှိသည်။ "**အက်တော**" ဘုန်းကြီးကျောင်းဝင်းအတွင်း စေတီတည်ရာ စုစည်းထားသော ကျောက်ပုံမှရသည်ဆို၏။

ထိုကျောက်ကို ရေတွင်စိမ်ထားပါက ဂရုစိုက်၍ နားထောင်ပါလျှင် "ထပ်၊ ထပ်၊ ထပ်" ဟူသော အသံများ ဆက်တိုက် ကြားရသည်။ ညအချိန်၌ ပို၍ သိသာသည်။


◆ ၁၈၅၉ ခုနှစ်ထုတ် ကြွေအိုးများ





www.burmeseclassic.com

www.burmeseclassic.com




◆ ကြေးနီမှ ပဲဆိပ်ပိုင်း (၅-ကောက်ပါသည်)

◆ ကောက်မပါသည့် ပဲဆိပ်ပိုင်း



◆ ကျောက်ခဲမြွေသိုင်း



ဗဟုသုတကြွယ်ဝသော အဘိုးအို တစ်ဦးအား ပြကြည့်ရာ ကျန်းမာရေး အတွက် ကောင်းသည်ဆို၏။ ထို ကျောက်ကို ရေစိမ်၍သောက်ကြည့်ရာ အဖုအကျိတ်များ ပြေလျော့သွားသည် ဟု သိရသည်။

## တင်ပျဉ်ခွေ ရုပ်ပွားတော်

တင်ပျဉ်ခွေရုပ်ပွားတော်ပုံစံ ဖြစ် တည်နေသော ကျောက်ဖြစ်သည်။

ယင်းကျောက်ကို ရရှိပြီးနောက်တွင် မဟာလယ်တီတိုက် အရှင်သီလာစာရ ထံမှ ဗုဒ္ဓဂုဏ်တော်ပုတီးစိပ်ကျင့်စဉ်ကို ရရှိသဖြင့် အဓိဋ္ဌာန်ရက် သတ်မှတ်ကာ မပျက်မကွက် စိပ်ပွားလျက်ရှိကြောင်း ပြောပြသည်။

## ကျောက်ကွင်းများ

အခြားတစ်ဖက်ဆီသို့ တိုးလျှိုပေါက် နေသည့် ကျောက်ကွင်းကျောက်ပေါက် များ ဖြစ်သည်။

အခက်အခဲ အကျပ်အတည်းများ ပြေလည်စေသည်ဟု ယုံကြည်ကာ အဆောင်ပြုကြသော ကျောက်ကွင်း များဖြစ်သည်။

## ချိုးပုံစံကျောက်


ချိုးငှက်ပုံစံရှိသော ကျောက်ဖြစ် သည်။ ချိုးမှာ ငြိမ်းချမ်းရေး အထိမ်း အမှတ်ဖြစ်ရာ ရန်ဘေး အငြိုးအတေး များ ပြေပျောက်စေရေး အဆောင်ပြု တတ်ကြသည်။

ဘုရားရှင် ဟောကြားသည့်အတိုင်း အတိုင်းမသိ ရှည်လျားလှသော သံသရာတွင်းဝယ် အမိအဖ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသား ချင်းများ တော်စပ်ခဲ့ဖူးသည်သာဖြစ်ရာ တစ်ချိန်တစ်ဘဝက ငါ၏ ဆွေမျိုး ရင်းချာပေတည်းဟု နှလုံးသွင်းကာ




www.burmeseclassic.com

www.burmeseclassic.com



▲ ကျောက်ခဲလောက်


▼ ကျောက်ကွင်း






www.burmeseclassic.com

www.burmeseclassic.com



◆ တင်ပျဉ်ခွေထိုင်တော်ပုံစံ

◆ ရှိုးရှပ်



မေတ္တာပွားခြင်းဖြင့် ရန်အငြိုးအတေးများကို ပိုမိုထိရောက်စွာ ပျောက်ပျက်စေနိုင်ပေသည်။

## ကျောက်ခလောက်

အတွင်း၌ အဆန်ပါရှိသော ခေါင်းပွ ကျောက်ဖြစ်သည်။ လှုပ်ခါကြည့်ပါက တချောက်ချောက် မြည်သည်။

ပုပ္ပားတောင်ခြေ စမ်းချောင်းတွင်လည်းကောင်း၊ သထုံ ဘားအံ ကားလမ်းနံဘေးရှိ ဘုရင့်ညီလိုဏ်ဂူ၊ ဘားအံ မော်လမြိုင်ကားလမ်းနံဘေးရှိ ဆဒ္ဒန်ဂူ၊ ခရုံဂူတို့တွင်လည်းကောင်း တွေ့ရတတ်သည်။

**လာဘ်ခေါ်အဆောင်ဖြစ်သည်ဟု ယူဆကြသည်။ ရွှေကြေး လိုအပ်ချိန်တွင် ကျောက်ခလောက်ကို လှုပ်ခါပေးပါက ရွှေကြေးလာဘ်လာဘများ ဝင်လာတတ်သည်ဟု ပြောပြသူလည်း ရှိ၏။**

အတိတ်ဘဝက ဖြည့်ဆည်းခဲ့သော ဒါနကုသိုလ် အကျိုးသက်အရ ကွာခြားကြပေမည်။ ဖိုးသံက စမ်းသပ်မှုမပြုရသေးဟု ဆို၏။

## မြွေခေါင်း

မြွေခေါင်းသဏ္ဌာန် လုံးချွန်နေသောကျောက်ဖြစ်သည်။ မြွေနှင့်ပတ်သက်၍ အသွားလက်ယာ၊ အလာလက်ဝဲ၊ လာဘ်မလွဲဟု ဆိုကြသည်။

**ခရီးတစ်ခု အသွားတွင် မြွေကို လက်ယာဘက်၌တွေ့က လာဘ်ဝင်မည်။ အပြန်တွင်း လက်ဝဲဘက်၌တွေ့ရပါက လာဘ်ဝင်မည်ဟု ဆိုလိုသည်။**

ထို့ကြောင့် မြွေခေါင်းပုံကျောက်ကို ခရီးအဆောင်အဖြစ် သုံးနိုင်သည်။ အသွားတွင် နောက်ကြယ်၏ လက်ယာဘက်၊ အပြန်တွင် လက်ဝဲဘက် ထားကာ ဆောင်သင့်ပေသည်။

ဖိုးသံက ဆက်၍ ဤသို့ပြောပြသည်။

'မန္တလေးမှာ ကျွန်တော်နဲ့ ရင်းနှီးတဲ့ ဘုန်းကြီးတစ်ပါး ရှိတယ်။ သူ့ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com

ရေစစ်အိုးတစ်လုံး ရှိသတဲ့။ အလယ်ဗဟိုမှာ ရေထည့်ခွက်ပါတယ်။ ခွက်ထဲမှာ ရေစစ်ကြွေခွက် လေးခွက် ခံထားတယ်။ ရေလောင်းထည့်ရင် ရေစစ်ခွက်တွေကို ဖြတ်ပြီး အောက်ခြေခွက်ထဲ စီးဆင်းတယ်။

ဘုန်းကြီးက ဝီစကီတစ်ပုလင်းကို ထည့်ကြည့်တာ အရောင်၊ အနံ့ အရသာ ပျောက်သွားပြီး ရိုးရိုးသောက်ရေ ဖြစ်သွားတယ်တဲ့။ နောက်ပြီး ပိုးသတ်ဆေးရည် ရောပြီးသား အပင်ဖျန်းတဲ့ ပိုးသတ်ဆေးကို ထည့်ကြည့်တော့လဲ သာမန်ရေ ဖြစ်သွားတယ်။


လက်ဖက်ရည်ကြမ်းကျူကျူကို ထည့်ကြည့်တာလဲ သာမန်ကြည်လင်တဲ့ရေ ကျလာတယ်။ သူက ဒါကို ရောင်းချင်တယ်။ ပစ္စည်းပြပါဆိုတော့ အရောင်းအဝယ် ဖြစ်မှတဲ့။ ဓာတ်ပုံရိုက်ပြီး ပုံကိုပြရင် ဖြစ်နိုင်တာပဲ။

အဲဒါလဲ သူက စိတ်မချဘူးတဲ့။ ဈေးက သိန်း (၅၀၀၀) တောင် ဆိုထားတယ်။

ကျွန်တော်တို့က စီးပွားရေးသမားလဲ မဟုတ်တော့ ထူးခြားရှားပါးတဲ့ ပစ္စည်းကလေးတွေကို စာဖတ်ပရိသတ် ဗဟုသုတရအောင် မိတ်ဆက်ပေးရတာပဲ။ ကာယကံရှင်က ပစ္စည်းလဲ မပြဝံ့၊ ဓာတ်ပုံလဲ ရိုက်ခွင့် မပြုတော့ တင်ပြဖို့ မဖြစ်နိုင်တော့ဘူး။

မုံရွာတစ်ဖက်ကမ်း ကျောက်မျက်ရွှေမြင်တင် ဘုရားကျောင်းဆရာတော်ဆီမှာ **ပြဒါးကျတဲ့ ခြသေ့ရုပ်ကလေး ရှိခဲ့တယ်။ သိန်း (၆၀)နဲ့ တောင်းဝယ်ပေမယ့် ဘုန်းကြီးအတွက် ဒီလောက်များတဲ့ငွေ မလိုဘူးဆိုပြီး မရောင်းခဲ့တာ အခိုးခံလိုက်ရတယ်။** ဒီလိုအဖြစ်မျိုး ကြုံမှာ စိုးရိမ်ပုံရပါတယ်'

ထို့နောက်တွင် ဦးပဉ္စင်းအတွက် လှူဖွယ်အချို့ ဝယ်ယူခြင်း၊ နာရီပြင်



◆ ကျောက်ပန်းဆက်

◆ ကျောက်ပန်းဆက် (မျက်နှာတစ်ဖက်)



ခြင်း စသည့် မုံရွာမြို့တွင်း ပြုဖွယ် ဗာဟီရများအတွက် သူ၏ ဆိုင်ကယ်ဖြင့် လိုက်ပါ ကူညီပေးခဲ့လေသည်။

နယ်လှည့် စာသမားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် ''ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး ရေ့ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညီ့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ တော်ပီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,လာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှင်းနှိပ်ပေးရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူနိုး အပုပ်နိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ်ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေမွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး,ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေတဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်းဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေမှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် ''စကြာမင်း မျက်စိကြည် အကြောပြေဆေး''ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာကတော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဖက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်းဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါလက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်၊ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

မင်းရင်း-မြန့်ချိုရေး

**စကြာမင်း**


တိုင်းရင်းဆေးတိုက်

အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သုန္ဒာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၉၁



www.burmeseclassic.com

www.burmeseclassic.com



◆ အောင်မြေကျောင်း(လက်ရှိ)ဆရာတော် အရှင်အဂ္ဂဓမ္မ

စံလွန်းသာ

ရွှေဘိုအောင်မြေနှင့်

# ဝေဘူဆရာတော်ကြီး

သာသနာမြေသို့ (၂)


**ယခင်လမှ အဆက်**

ဟု မိန့်ကြားတော်မူသည်။ ဤသို့ ဆောင်ရွက်အပြီး နှစ်ရက်ခန့်ကြာသော် ဆေးစိန်လွင်သည် ကျန်းမာစွာဖြင့် ကိုယ်တိုင် ဆွမ်းလာပို့လေသည်။

*[ကျော်ဓမ္မာလေး(ကသာ)၏ ရွှေဘို ဆရာတော် ထေရုပ္ပတ္တိ စာမျက်နှာ- ၅၁ ၅၅၊ စာမျက်နှာ ၁၀၄ မှ ၁၁၃]*

**သီတင်းသုံးခဲ့ရာ ကျောင်းတော်**

ခန်ဦးကို ကျော်ဖြတ်၍ ဆရာတော် ကြီး၏ ကျောင်းဆောင်အတွင်း ဝင် ရောက် ကြည့်ရှုရာ ဆရာတော် ကျိန်း



◆ အောင်မြေကျောင်းအဝင်မုခ်




www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေဂိုတွင် သီတင်းသုံးစဉ်

◆ ဆရာတော်ကြီး၏ ခုတင်





www.burmeseclassic.com

www.burmeseclassic.com

စက်ခဲ့သည့် အိပ်ရာခုတင်ကို ဘုရားဆောင်အနီး လက်ယာဘက် ကပ်လျက်၌ တွေ့ရသည်။

ဘုရားဆောင်တွင်ကား ကျောက်ဖြူသား မင်းဝတ်ဘုရားတစ်ဆူ ပူဇော်ထားသည်။ လက်ဝဲဘက်တွင် ဝေဘူဆရာတော်ကြီး ဦးကုမာရ၏ တင်ပျဉ်ခွေ ရုပ်တုတော်ကို မှန်ခန်းဖြင့် ဖူးတွေ့ရသည်။

အခန်းနံရံတွင် ဝေဘူဆရာတော်၏ ဓာတ်ပုံများနှင့်အတူ ပရိယတ္တိစာပေ သင်ကြားပေးခဲ့သည့် ဓမ္မာစရိယဆရာတော်ဖြစ်သည့် **မန္တလေး မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဦးသူရိယာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)**၏ပုံတော်၊ ကမ္မဋ္ဌာနာစရိယ ပဋိပတ္တိအကျင့်မြတ် လမ်းညွှန်တော်မူခဲ့သည့် **ရွှေဘိုမြို့အရှေ့ ပုသိမ်တောရဆရာတော်၏ ပုံတော်**တို့ကိုလည်း ဖူးတွေ့ရသည်။

ဝေဘူဆရာတော် လောင်းလျာ ဦးကုမာရသည် ၁၂၇၇ ခုနှစ်တွင် အင်ကြင်းပင် နန်းဦးပရိယတ္တိ စာသင်တိုက် ခဏ္ဍာသိမ်တွင် ကံဆွယ်ကျောင်းဆရာတော် ဦးဝိစာရကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ တက်ရောက်ပြီးနောက် (၃)ဝါအရ ၁၂၈၀ ပြည့်နှစ်၊ ဝါဆိုလဆန်းတွင် မန္တလေး မစိုးရိမ်တိုက် ဓမ္မနယူပဒေသကျောင်းသို့ ပြောင်းရွှေ့ ဝါကပ်ဆိုကာ ဆရာတော် ဦးသူရိယာဘိဝံသထံမှ အထက်တန်းခြိုတော်များ သင်ယူခဲ့သည်။

ထို့နောက် အင်ကြင်းပင် နန်းဦးကျောင်းသို့ ပြန်ကြွကာ ဆရာတော် ဦးသုမနထံမှ ဝိသုဒ္ဓိမဂ်ကို သင်ယူအပြီး ၁၂၈၅ ခုနှစ်၊ ဝါဆိုလတွင် ဆရာအား ခွင့်ပန်ကာ တောထွက်၏။ ရွှေဘိုမြို့ ပုသိမ်တောရ ဆရာတော်ထံတွင်



တံမြက်လှည်း ဝတ်ပြုစဉ်

တစ်ဝါဆို၍ ပဋိပတ် အကျင့်မြတ်ကို နည်းခံ ကျင့်ကြံခဲ့သည်။

ဝေဘူဆရာတော်အဖြစ်သို့ ရောက်ရှိ၍ ကျောက်ဆည် ဝေဘူချောင်မှ ရွှေဘို အောင်မြေကျောင်းသို့ စတင်ကြွရောက်ချိန်နှင့် ရွှေဘိုမှ အင်ကြင်းပင်သို့ ကြွချီချိန်များ၌ လှည့်လည်အပူဇော်ခံမြဲ ဖြစ်သည်။ ထိုအခါ ကားရှေ့တွင် ပုသိမ်ဆရာတော်ကြီး၏ ပုံတော်ကို တင်ဆောင်ပြီးမှ လှည့်လည် အပူဇော်ခံလေသည်။

*[ကျော်ဇေယျာလေး(ကသာ)၏ ဝေဘူဆရာတော်ထေရုပ္ပတ္တိစာအုပ်၊ စာမျက်နှာ -၁၀၁]*

ဦးကုမာရသည် ပုသိမ်တောရတွင် တစ်ဝါ ဆိုပြီးနောက် တပ်ကုန်းမြို့အနီးရှိ ညောင်လွန့်တောရသို့ သွားရောက်ကာ ဆရာတော် ဦးမေဓာဝီထံမှ



www.burmeseclassic.com

www.burmeseclassic.com





◆ ကမ္ဘာ့ဥာနာစရိယဆရာတော် မှုသိမ်ဆရာတော်ကြီး၏ပုံတော်

◆ ဝေဘူဆရာတော်ကြီး၏ဆရာ မွှာစရိယဆရာတော်ဖြစ်သည့် မန္တလေး မိုးကိုင်းကျောင်းတိုက် ဆရာတော် ဦးသုရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)ပုံတော်

ကမ္ဘဋ္ဌာန်း နည်းနာခံယူ ကျင့်ကြံခဲ့သည်။

ထိုစဉ်ကာလ လေနာရောဂါ ထသဖြင့် ဆေးကုရန် ဇာတိမြေသို့ ပြန်အကြွ ဒါယကာတစ်ဦး လမ်းညွှန်ပင့်ဖိတ်သဖြင့် ကျောက်ဆည်မြို့ ဝေဘူချောင်သို့ ရောက်ရှိသီတင်းသုံးရာမှ ပရိသတ်အများ သိရှိကျော်ကြားခဲ့ခြင်း ဖြစ်လေသည်။

ညောင်လွန့်တောရသို့ ရောက်စဉ် အဖြစ်အပျက်ကလေးတစ်ခုမှာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

ညောင်လွန့်သို့ နေ့လယ်အချိန် ရောက်ရှိသွားရာ ဆရာတော်ကြီးသည် ကျောင်းပေါ်တွင် စာဝါပို့ချနေသည်။ ထို့ကြောင့် စေတီပုထိုးများကို လှည့်ပတ် ဖူးမြော်နေစဉ် စေတီရင်ပြင်၌ တံမြက်လှည်းနေသော သံဃာတစ်ပါးကို တွေ့ရသည်။ ထိုသံဃာက "ဆရာတော် စာဝါပို့လို့ ပြီးတော့မှာ။ ခဏစောင့်ပါ" ဟု ဆို၍ တံမြက်လှည်းဝတ်ကို ဆက်၍ ပြုနေသည်။

ဆရာတော် စာဝါပြီး၍ ကျောင်းပေါ်တက် ဖူးမြော်သောအခါ စေတီ၌ တံမြက်လှည်းနေသော ဆရာတော်ပင် ဖြစ်ကြောင်း တွေ့ရ၏။ နောင်တွင် ဝေဘူဆရာတော်က တပည့်ကြီး ဦးအာစာရာဘိဝံသအား ဤသို့ မိန့်တော်မူသည်၊

'ညောင်လွန့်ဆရာတော်ကြီးက အလွန်ပြည့်စုံတာဟဲ့။ စာတွေလဲ ချနေတာ၊ စေတီရင်ပြင်မှာလဲ တံမြက်လှည်းနေတာပဲ။ အဲဒီတစ်ပြိုင်တည်းပဲ။ အားလုံးဟာ ဆရာတော်ကြီးပဲ ဖြစ်နေတာ၊ ဒါကတော့ လောကီပေါ့ဟယ်။ ဒါပေမယ့် အလွန်ပြည့်စုံတော်မူတာဟဲ့'

*[အရှင်မင်္ဂလ(အင်ကြင်းပင်) ရေး ဝေဘူဆရာတော် ထေရုပ္ပတ္တိစာအုပ်၊*




www.burmeseclassic.com

www.burmeseclassic.com



◆ နံရံမှ မှတ်တမ်းပုံများ



(ဝေဘူ)အောင်မြေဆရာတော်ရုပ်တု ◆

စာမျက်နှာ–၂၇ မှ ၃၀အတွင်း ရှာဖွေကြည့်ပါ။]

ကျောင်းခန်းအတွင်း၌ ဆရာတော်၏ တရားဟောပလ္လင်နှင့်အတူ ဆရာတော်၏ သန္တိဋ္ဌိကစမ္မလမ်းစဉ်ကိုလည်း ကမ္ပည်းတင်ထားသည့် သင်ပုန်းကြီးကိုပါ တွေ့မြင်ရသည်။

**အင်ကြင်းအင်၊ ဝေဘူ၊ အောင်မြေ ဆရာတော်ကြီး၏ လိုက်နာကျင့်ကြံတော်မူသော သန္တိဋ္ဌိက စမ္မလမ်းစဉ်**

၁။ ဝိပဿနာတရားဟူသည် ထင်ရှားရှိသော တရားကို မြင်အောင် ရှုမှတ်ရမည်။

၂။ ထင်ရှားရှိသောတရားကို မြင်အောင် မရှုနိုင်လျှင် ဝိပဿနာမဖြစ်။

၃။ ထင်ရှားရှိသော တရားဟူသည် အခြားတွင် သွား၍ရှာရတာမျိုးမဟုတ်၊ ကိုယ်တွင် အမြဲရှိသော တရားဖြစ်သည်။

၄။ ကိုယ်တွင် အမြဲရှိသော တရားဟူသည် ထွက်သက်ဝင်သက်ဖြစ်သည်။

၅။ ထွက်သက်ဝင်သက်ဟူသည် အမိဝမ်းမှ မွေးကတည်းက သေသည်အထိ အမြဲမပြတ် တရစပ်ရှိနေသော တရားသဘော ဖြစ်သည်။

၆။ ထွက်သက်ဝင်သက်သည် အလုပ်လုပ်နေရင်း၊ စကားပြောနေရင်း၊ စာကျက်နေရင်း၊ အိပ်ပျော်နေရင်းလည်း ရှိနေတာပဲ ဖြစ်သည်။

၇။ ထွက်သက်ဝင်သက်သည် အမြဲမပြတ် ရှိသော်လည်း အမှတ်တမဲ့နေကြ၍ (သတိ မမူ၊ ဂရုမပြု၊ သတိမူလျှင် မြူမှုမြင်) ဆိုသကဲ့သို့ ဂရုစိုက်၍ ကြည့်ရှုနေမှ ရှိမှန်း သိကြသည်။

၈။ ကြည့်ဆိုရာ၌ ဝိပဿနာဖြစ်ဖို့ရာ ထွက်သက်ဝင်သက် လေထိရာ နှာသီးဖျားမှာ ရိပ်ရိပ်,ရိပ်ရိပ်နှင့် ထိ,ထိသွားတာကို သိအောင် ကြည့်ရှုသွားရမည်။

၉။ ထိတာဟာ ပရမတ် ရုပ်သဘောဖြစ်သည်။ သိတာက နာမ်သဘော ဖြစ်သည်။

၁၀။ တရိပ်ရိပ်နှင့် ထိတိုင်း ပျောက်တိုင်း နာမ်ရုပ် ဖြစ်မှုပျက်မှုတွေ ဖြစ်ပျက်၍နေခြင်း ဖြစ်၏။

၁၁။ တရိပ်ရိပ်နှင့် နှာသီးဖျားတွင် ထိလိုက် ပျောက်လိုက် နေတာတွေကိုသာ တစ်ဆက်တည်းမြင်အောင် ကြည့်နေလျှင် ခန္ဓာကိုယ်မှာလည်း အလိုလို တရိပ်ရိပ် တရွရွ ဖြစ်လာတာကို တွေ့ရမည်။

၁၂။ တစ်ကိုယ်လုံး တရိပ်ရိပ် တရွရွ အစဉ်မပြတ် ဖြစ်ပျက်နေတာတွေကို တွေ့၍လာသောအခါ **(အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ)** ဟူသော ပါဠိတော်အရ အနိစ္စကို ကောင်းစွာမြင်သောကြောင့် အနတ္တကို အလိုလိုထင်၍ လာလိမ့်မည်။

ဝိပဿနာအလုပ်သည် ထိမှုကို ကြည့်ရှုသိနေရုံသာ ဖြစ်သည်။ ကြည့်ရှုနေရင်း သိထိုက်သမျှကိုကား အလိုလိုနေရင်း သိ၍ လာလိမ့်မည်။

၁၃။ ဤကဲ့သို့ တရိပ်ရိပ်နှင့် ထိမှုသိမှုတို့ကို ကြည့်ရှုနေရင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်၍ လာသည်ရှိသော် သိသာလှပါ၏။ အဘယ်သို့ သိနည်းဟူမူ ရေငတ်သူ ရေသောက်ရ၍ ရေငတ်ပြေသကဲ့သို့ ဖြစ်သွားတော့သည်။

၁၄။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရပြီး ရောက်ပြီး၍ ဖလသမာပတ်ကို ဝင်စားလိုလျှင် ဖြစ်လာခဲ့ဖူးသော ဝိပဿနာလမ်းကို ပြန်ကြည့်ရ၏။

၁၅။ ဤအတိုင်း ဖြစ်ချင်လျှင် တရိပ်ရိပ်နှင့် ထိမှုသိမှုကိုသာ ကြည့်ရှု၍နေပါ။ ထွေလီကာလီတွေကို လိုက်၍ မလုပ်ပါနှင့်။ အခုလုပ်၊ အခု မီးငြိမ်း၊ ချက်ချင်း ချမ်းသာတယ်။


ဟူ၍ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





◆ အောင်မြေဆရာတော် သီတင်းသုံးခဲ့ရာ ကျောင်းဆောင်

ဆရာတော်၏ တရားဟောပလ္လင် ◆

ထို့နောက် ဝေဘူဆရာတော် သီတင်းသုံးရာ ကျောင်းဆောင်မှ ပြန်လည် ဆင်းသက်ကာ အောင်မြေကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုရန် လေ့လာကြည့်သည်။

ဝေဘူဆရာတော် ထင်ရှားရှိစဉ်က အောင်မြေကျောင်းတိုက်တွင် သီတင်းသုံးသောအခါ နေ့စဉ် ညနေတိုင်း အမြင့် တစ်ပေခွဲ၊ ပတ်လည် တစ်ပေခန့်ရှိသည့် ဓာတ်တော်ကြုတ်တွင် သရီရဓာတ်တော်များ ထည့်သွင်းလျက် အောင်မြေပတ်လမ်းအတိုင်း သုံးပတ်လှည့်လည်ပူဇော်လေ့ ရှိသည်။

နောက်တော်ပါးမှ ရဟန်းသံဃာ ယောဂီများက ဆီမီး၊ နံ့သာတိုင်များ ကိုင်ဆောင်လိုက်ပါကြသည်။ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ကြသည်ဟု **ကျော်ဖေယျာလေး(ကသာ)၏ ဝေဘူဆရာတော်ထေရုပ္ပတ္တိစာအုပ် စာမျက်နှာ(၁၀၁)တွင် တွေ့ရှိရလေသည်။**

အောင်မြေ ကျောင်းတိုက်အတွင်း လေ့လာကြည့်ရှုပြီးနောက် ဆရာတော်ဦးအဂ္ဂဓမ္မအား နှုတ်ဆက်ကန်တော့ရာ မောင်နှံနှစ်ဦး ဆွမ်းကပ်နေသည်ကို တွေ့ရသည်။ မင်္ဂလာမောင်နှံ နှစ်,နှစ်မြောက်အထိမ်းအမှတ်အဖြစ် အောင်မြေကျောင်း ဆရာတော်အား မိမိတို့ တတ်အားသမျှ (ခေါက်ဆွဲကြော်ထုပ်) ဆွမ်းကပ်လှူကြောင်း လျှောက်ထားသည်ကို ကြားရသည်။

လောကုတ္တရာ၊ လောကီ မျက်နှာစာ အသီးသီးအတွက် အောင်နိမိတ်ယူ ပူဇော် လှူဒါန်းလေ့ရှိသော အောင်မြေကျောင်းတိုက်ဖြစ်ကြောင်း သိမှတ်ခဲ့ရလေသည်။

## အောင်မြေကျောင်းတိုက်မှ အဖြစ်ထူး

ရွှေဘိုအောင်မြေတွင် ဝေဘူဆရာတော် သီတင်းသုံးနေခိုက် တစ်ညဉ့်တွင် ကောင်းကင်မှ အရောင်များ လင်းလက်တောက်ပနေသည်။ ထိုအလင်းရောင်များအကြား၌ ဆရာတော်ကြွတော်မူနေသည်ကို ဝေယျာဝစ္စပြုပစ္စည်းထိန်းသိမ်းရသော သီလရှင် ဒေါ်စိတ္တဝတီက မြင်လိုက်သည်။

ထိုအကြောင်း ဆရာတော်ကို လျှောက်ထားရာ ဆရာတော်က **"စကားမများနဲ့၊ အသာနေ၊ ဘယ်သူ့မှ မပြောနဲ့"** ပိတ်ပင်တော်မူလေသည်။

***(အရှင်မဏ္ဍလ၏ ဝေဘူဆရာတော်ထေရုပ္ပတ္တိ၊ စာမျက်နှာ–၁၂၀)***

ဤသို့ အဖြစ်ထူးများစွာ ရှိသည့်အနက် နမူနာအဖြစ် တစ်ခုကိုသာ ဖော်ပြခြင်းဖြစ်၏။

## တိုက်တွန်း ဖိတ်ခေါ်ပါသည်

ရွှေဘိုသို့ ရောက်ရှိပါက သမိုင်းအစဉ်အလာ ထူးခြားသော အောင်မြေသို့ အရောက်လာ၍ ပဋိပတ္တိသမိုင်းတွင် အထူးကျော်ကြားခဲ့သည့် အောင်မြေ(ဝေဘူ)ဆရာတော်ကြီး၏ သာသနာမြေကိုလည်း လေ့လာကြည့်ရှု ဂါရဝပြုနိုင်ကြစေရန် တင်ပြလိုက်ပါသည်။

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

# ဖွက်ချော်အကြောင်း



သိကောင်းစရာ

ကျွန်ုပ် စာမရေးဖြစ်ခဲ့သည်မှာ တော်တော်ကြာနေပြီ ဖြစ်ပါသည်။ ရေးသင့်ရေးထိုက်သော အချက်အလက်များ ကျန်နေသေးသည်ဖြစ်ရာ ဝါသနာရှင်များအတွက် အမြဲ တွေးမိနေပါသည်။

ဆေးဒန်းဖမ်းပုံဖမ်းနည်းကို ကျွန်ုပ် အတော်များများ ရေးသားခဲ့ဖူးသည်ကို ဝါသနာရှင်များ အသိပင်ဖြစ်ပါသည်။

ဖွက်ချော်ဖြင့် ဖမ်းပုံဖမ်းနည်းကို ဝါသနာရှင်များ သဘောပေါက်လောက်အောင်ကို ရေးသားခဲ့ဖူးပါသည်။ သို့သော် ဖွက်ချော် ဘယ်လိုဆင်သလဲ၊ ဘာဓာတ်ပစ္စည်းတွေပါသလဲ ဆိုသည်ကိုတော့ မဖော်ပြရေးသားခဲ့ဘူးပါ။

တချို့ဝါသနာရှင်များ ဖွက်ချော်ထိုးချင်၍ ရှာကြသည်မှာ အတော်အခက်တွေ့နေကြပါသည်။ ထို့ကြောင့် ဖွက်ချော်ဆိုသည်မှာ မည်သည့် ဓာတ်ပစ္စည်းတွေကို မည်သို့ ဆင်ထားသည်ကို ဖော်ပြပေးသွားပါမည်။

ဖွက်စပ်ပုံ စပ်နည်းမှာ ခက်ခက်ခဲခဲကြီး ပြုလုပ်ရသည် မဟုတ်ပါ။ ဝါသနာရှင်များ သေချာစွာ မှတ်စေချင်ပါသည်။

ဖွက်ဖော်တော့မည်ဆိုပါလျှင် ပထမ **မြေနီကောင်းကောင်း (သဲမပါ)သော မြေနီ** ဖြစ်ရပါမည်။ ဒုတိယ နာအရှုတ်ပြီးသား **နာပျော့အသန့်**ကို ရှာထားရပါမည်။

**ပြုလုပ်ပုံ ပြုလုပ်နည်းမှာ...** နာကို အရင် အရည်ကျိုပါ။ ထိုကဲ့သို့ ကျိုရာ၌ အိုးကင်းကို အသုံးပြုပါက ပို၍ ကောင်းပါသည်။ နာအရည်ဖြစ်ပြီဆိုလျှင် အမှုန့်ပြုထားသော သံဆန်ခါနှင့် ချထားသော မြေနီအမှုန့်ကို နည်းနည်းချင်း ထည့်ပြီး မွှေပေးပါ။

ထိုကဲ့သို့ မွှေရာ၌ အသား၊ ဝါးခြမ်းတို့ဖြင့် မွှေရပါသည်။ သံယောက်မ စသည်တို့ဖြင့် မမွှေရပါ။

မွှေပေးရင်း နှစ်ပါးတွဲပြီး ပြာနုသဘောမျိုး အမှုန့်ဖြစ်သွားပါတော့သည်။ ထိုအမှုန့်ကို မီးသင့်ရုံပေး ထားလိုက်ပါ။ နှစ်ရက်ခန့်မျှဆိုလျှင် တော်လောက်ပါပြီ။

နာက မည်မျှ၊ မြေနီအမှုန့်က မည်မျှဆိုသည်ကို သိထားဖို့ရန်လည်း လိုပါသည်။ မိမိအကြိုက်ကို ရေးရမည်ဆိုပါလျှင် **နာနှင့် မြေနီအမှုန့် အလေးချိန် ဆတူထားခြင်းကို** သဘောကျပါသည်။

မိုက်ဆရာတစ်ယောက်ကတော့ "**နာများလဲ ဘာမှမဖြစ်ဘူး၊ မြေနီအမှုန့်များလဲ ဘာမှမဖြစ်ဘူး။ ကောင်းတာချည်းပါပဲ**"ဟု ပြောပါသည်။

ဤမျှဆိုလျှင် ဝါသနာရှင်များ သဘောပေါက်လောက်ပြီဟု ယူဆပါသည်။ အပြင်ထွက်ပြီး မိုက်သူကြီးထံသွားပြီး ဝယ်စရာမလိုတော့ဘဲနှင့် အဆင်ပြေသွားမည် ဖြစ်ပါသည်။

**ဦးသုမန(မစိုးရိမ်)**

---

လေးကန်ဖင်နွဲ့

# ခြေလက်ပေးသော

လိမ်းဆေး



နတ်မောက်မြို့၏ မြောက်ဘက် ရှစ်မိုင်ခန့် ဝေးသော**စည်သာရွာ**သို့ ရောက်ရှိစဉ် **ရွှေမြန်မာ ဆေးဆရာကြီး အဘ ဦးပေါက်စ**ထံမှ သိရှိကြားခဲ့ရသော မြန်မာ့ရိုးရာ လိမ်းဆေးနည်းတစ်လက် ဖြစ်ပါသည်။

လူတို့တွင် အသက်အရွယ်အရသော်လည်းကောင်း၊ အလုပ်ဒဏ်ပိပင်ပန်းလွန်းလျှင်သော် လည်းကောင်း၊ သွေးလေညီညွတ်မှုတမှု မရှိလျှင်သော် လည်းကောင်း ခြေထောက်နှင့် လက်တို့မှာ လေးကန်ပင့်နွဲပြီး မလှုပ်ချင် မရှားချင် အသွားအလာ လေးကန်လာတတ်ပါသည်။ ထိုသို့မျိုး လူတိုင်း ကြုံဖူးကြပါမည်။

ထိုကဲ့သို့ ဖြစ်လာခဲ့ပါက အောက်ပါ လိမ်းဆေးကို တစ်ပတ်ခန့် ဂရုတစိုက် လိမ်းပေးပါက သက်သာပျောက်ကင်းစေပါသည်။

- ❖ သန့်စင်ထားသော ကျပ်မိုးကောင်းကောင်း၊
- ❖ ထန်းနို့ခြောက်ပြား
- ❖ ရှိန်းဆီ
- ❖ ကြက်သွန်ဖြူ

အထက်ပါ ဆေးအမည်လေးပါးကို အလေးချိန် အညီအမျှစီ (၁–ကျပ်သားစီခန့်) ယူပါ။

❖ တောချက်အရက်ဦးရည် (မီးတောက်အရက်) တစ်ဆယ်ကျပ်သားနှင့် ပုလင်းဘွင် ခုနစ်ရက်ခန့် စိမ်ထားပါ။

ဆေးလိမ်းသည့်အခါတိုင်း ဖိနှိပ်ပွတ်ဆွဲ၍ လိမ်းပေးပါ။ နေ့စဉ် (၁၅)မိနစ်မှ နာရီဝက်ခန့်အထိ ပုံမှန်လမ်းလျှောက်ပေးပါ။ ခန္ဓာတစ်ကိုယ်လုံးပေါ့ပါး လန်းဆန်း ကျန်းမာလာပါမည်။

**မြေမိုးချစ်(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အဖြေကျော်လေဆေးလျက်ဆား



**ဦးစိန်တောင်း၏**

**သမားအို** အမှတ်တံဆိပ်

**ငှက်ဖျားရောဂါသောက်ဆေး**

၀၇၁၁ Y၀၀၉၀၇၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်၊ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

**ဒေါ်စင်စင်ထွေး၏**

**သမားအို** အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ၀၇၁၁ Y၀၀၉၀၇၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ၀၇၁၁ Y၀၀၉၀၇၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ကြေညှိဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

**ဦးသန်းဇော်၏**

**သမားအို** အမှတ်တံဆိပ် အဖြေကျော်လေဆေးလျက်ဆား ၀၇၁၁ Y၀၀၉၀၇၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနှံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်၊

**ဒေါ်ဈေးဈေးမူ၏**

**သမားအို** အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ၀၉၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှုံးရှုံးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကရင်တိုင်းရင်းသား

# သူတော်စင်ဘိုးပိုက်ဆံ


၏ ဘဝအစ ကယားပြည်နယ်က

မှည့်ဖြိုး၆၀
(လွိုင်ကော်)

ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ ကျောက်တံခါးမြို့နယ်၊ ဥက္ကံမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ထုံးကြီး၊ လက်ပံတန်း၊ သာရဝေါ...

ရောဝတီတိုင်းဒေသကြီးမှဟင်္သာတ၊ ငနိုပြူ၊ ဇလွန်၊ ကျုံပျော်၊ ပန်းတနော်၊ ကျောင်းကုန်း၊ အင်္ဂပူ စသည်မြို့နယ်များရှိ ကရင်တိုင်းရင်းသားများ အလေးထား ဆည်းကပ်ကြသည့် သူတော်စင်ပုဂ္ဂိုလ်ထူးကြီး ဘိုးပိုက်ဆံ၏ ဘဝအစသည် ရှေးအခေါ် ကရင်နီပြည်နယ်၊ ယခုခေတ်အခေါ် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ အနောက်လိုင်ခော်(ခ) လွိုင်နန်းဖတောင်ခြေ စီစန်းခူရွာမှ စတင်ခဲ့ပါသည်။

ကရင်ပြည်နယ်၊ ကယားပြည်နယ်ဟူ၍ နယ်ပယ်ခွဲခြား သတ်မှတ်ခြင်းမရှိသေးသောအချိန်က ယခု ကယားပြည်နယ် ဒီးမော့ဆိုနယ်အတွင်းရှိ ကျေးရွာများတွင် နေထိုင်ကြသော ရှေးအခေါ် ပဒေါင် ယခုခေတ်အခေါ် ကယန်းလူမျိုးတို့သည် များသောအားဖြင့် မိရိုးဖလာအယူဝါဒဖြစ်သော တံခွန်တိုင်ကို သက်ဝင်ယုံကြည်ကြပြီး နှစ်စဉ် တံခွန်တိုင်ပွဲတော်ကို လိုင်ခော်(ခ)လွိုင်နန်းဖတောင်ခြေဆောင်ဒူရွာ၌ ကျင်းပမြဲဖြစ်သည်။



◆ ကယန်း(လိုင်ဆော်) ကယား(လားဆို) ရှမ်းလို(လွိုင်နန်းဖ)ခေါ် ယင်းတောင်၏ အနောက်ဘက်(၂)မိုင်ခန့်တွင် ပူဇော်မှုအား၏ အလောင်းမြှုပ်နှံထားသည်

တံခွန်တိုင်ပွဲတော် ကျင်းပရန်အတွက် ရိုးရာအတတ်ပညာဖြင့် တွက်ချက် ကြိုတင် နိမိတ်ဖတ်တတ်သူတစ်ဦးက ထိုနှစ်တွင် ကျင်းပပြုလုပ်မည့် တံခွန်တိုင်ပွဲတွင် ထူးခြားမှုတစ်ခုဖြစ်ပေါ်လိမ့်မည်ဟု ဟောပြောထားသည်။

ပွဲတော်ရက်အတွင်း တစ်ညဉ့်၌ လူပရိသတ်များ တံခွန်တိုင် လှည့်ပတ်ပြီး သပြေခက်နှင့် ရေစင်သွန်းလောင်းနေစဉ် မိုးကောင်းကင်မှ ဖျာလိပ်သဖွယ် အလင်းတန်းတစ်ခု လူအုပ်ကြီးကြားသို့



www.burmeseclassic.com

www.burmeseclassic.com





◄ ဒီအမှာဆိုဖြို့နယ် သာသနာရေးအရာရှိ ဦးမိုးအောင်မှတ်တမ်းတင်နေပုံ

◄ အထိမ်းအမှတ်ကျောက်စာတိုင်

ရုတ်တရက် သက်ဆင်းကျရောက်လာသည်။

အဆိုပါ အလင်းတန်းသည် လူအုပ်ကြားအတွင်းရှိ စိစန်းခူရွာမှ ရိုးသားတည်ကြည်သော အမျိုးသမီးကလေး နန်းမူအပေါ်သို့ တည့်တည့်မတ်မတ် ကျရောက်ပါသည်။

ပွဲတော်ကျင်းပပြီးစီး၍ နောက်လအနည်းငယ်အကြာတွင် ထိုအမျိုးသမီး၌ ထူးဆန်းစွာ ပဋိသန္ဓေ တည်လာသည်။

ထိမ်းမြား လက်ထပ်ထားသည့် လင်ယောက်ျားမရှိဘဲ ကိုယ်ဝန်ရလာသောအခါ အမျိုးသမီးကို ကျေးရွာလူကြီးများက ကျေးရွာ၏ စည်းမျဉ်းစည်းကမ်းအတိုင်း ယင်းအမှုကို စီရင်ဆုံးဖြတ်ချက်ချမှတ်ကာ ယင်းအား ရွာမှ မောင်းထုတ်လိုက်သဖြင့် ရွာနှင့်ဝေးသော တစ်နေရာ၌ တစ်ဦးတည်း သွားရောက်နေထိုင်ရသည်။

ဆွေ့လစေ့၍ မွေးဖွားလာသောအခါ ကလေးမှာ ယောက်ျားလေးဖြစ်ပြီး လပိုင်းအတွင်း လမ်းလျှောက် စကားပြောတတ်သည်။ ဤကလေးကို **"ကော်မူအေး"**ဟု အမည်ခေါ်ပြီး နောင်အခါတွင် **"ဖူးကော်မူအေး"**ဟု ကြည်ညိုလေးစားသူများက ခေါ်ကြသည်။

ဆော့ကစားသော အရွယ်တွင် သာမန်ကလေးများနှင့်မတူဘဲ အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူများ ရင့်ကျက်သည်။

တောင်ယာခုတ်နိုင်သော အရွယ်သို့ ရောက်သောအခါ အခြားသောသူများနှင့် တောင်ယာခုတ်ရင်းသူသည် တစ်နေ့တွင် ကုသိုလ်ရမည့်အလုပ်ဖြစ်သော ကျောင်းဆောက် ဘုရားတည်ပြီး ရေတွင်းရေကန်များ တူးမည်ဟု ပြောရင်း ယင်းရပ်နေသော နေရာသို့ တူးရွင်းဖြင့် တစ်ချက်ဆောင့်ချလိုက်ရာ ရေများ ပန်းထွက်လာသည်ကို တောင်ယာလုပ်နေသူများအားလုံး တအံ့တသြ မြင်တွေ့ကြရသည်။

ယင်းတွင် ဘုန်းတန်ခိုးကြီးသော ဂုဏ်သတင်းများလည်း ကယားပြည်နယ်တွင် ဝဲဖြည်းဖြည်း ပျံ့နှံ့သွားသည်။

ထိုအချိန်တွင် နန်းမယ်ခုံနယ်ရှင် စော်ဘွားဖိုးဗျားအား တိုင်းရင်းသားလူမျိုးတစ်စုက တော်လှန်ပုန်ကန်နေသောအချိန် ဖြစ်သည်။

ယင်းစော်ဘွားကြီးသည် ဘုန်းတန်ခိုးကြီးသော **"ဖူးကော်မူအေး"** အား သောင်းကျန်သူများကို နှိမ်နင်းရာတွင် အသုံးချနိုင်လျှင် ကောင်းမည်ဟု အကြံရလာသဖြင့် "ဖူးကော်မူအေး"ကို ယင်းထံ ခေါ်လာစေပြီး သောင်းကျန်သူများကို နှိမ်နင်းပေးရန် ပြောဆိုပြီး လိုအပ်သည်များရှိလျှင် တောင်းဆိုပါဟု ပြောပါသည်။ **(ဖူးကော်မူအေး၏ ဘုန်းတန်ခိုး ဘယ်လောက်ရှိကြောင်း ယင်းကိုယ်တိုင် သိမြင်လို၍လည်း ဖြစ်၏။)**

ဖူးကော်မူအေးသည် ရိုးသားဖြောင့်မတ်သူပီပီ မည်သည့်အကူအညီမှ မလိုဘဲ မိမိတစ်ဦးတည်း စွမ်းဆောင်နိုင်ကြောင်း စော်ဘွားကြီးအား ပြန်ပြောပြီး သောင်းကျန်းသူများ ချီတက်လာမည့်လမ်းတွင် ထိုင်ပြီး ဘုရားရှိခိုး၊ တရားထိုင်ပါသည်။

စော်ဘွားကြီးကိုလည်း ဘုရားရှိခိုး တရားထိုင်၍ မပြီးမချင်း မည်သူမျှယင်းအား မခေါ်ကြရန် မှာကြားထားသည်။





www.burmeseclassic.com

www.burmeseclassic.com





◄ တမိုရှင် ဖူးကော်မူအေး၏ အရွယ်တော်များက ရှင်ပြနေပုံ

ကျောက်စာတိုင် ►

ထိုအချိန်တွင် ချီတက်လာသော သောင်းကျန်းသူများ နန်းခံခန်း မြောက်ဘက်အရောက်မှာ ပြင်းထန်သော လေပြင်းမုန်တိုင်းနှင့်အတူ မိုးကြိုးများ အဆက်မပြတ် ပစ်၍ သောင်းကျန်းသူ အတော်များများ သေကျေပျက်စီးပြီး အစဥ်ကလျားဖြင့် ထွက်ပြေးကြပါသည်။

ဤတွင်"ဖူးကော်မူအေး"မှာ အမှန်အကယ် ဘုန်းတန်ခိုးရှိကြောင်း စော်ဘွားကြီး မြင်တွေ့ရသောအခါ "ဖူးကော်မူအေး"သည် လောကီပညာအရာမှာ ယင်းအား အနိုင်ယူနိုင်၊ မယူနိုင်ကို စူးစမ်းလို၍ ပညာချင်းပြိုင်ဆိုင်ကြရန် တောင်းဆိုသည်။

စော်ဘွားကြီးသည် လောကီပညာကို အတန်ငယ် တတ်မြောက်ပြီး တန်ခိုးအတော်အတန်ရှိကြောင်း သတင်းကြီးသူဖြစ်၏။

ယင်းတို့နှစ်ဦး ပညာချင်းပြိုင်ကြရာမှ ဖူးကော်မူအေးမှာ ဘုန်းတန်ခိုးများ ကဲဆင်းပြီး စိတ်ဖောက်ပြန် ရူးသွပ်သွားသဖြင့် ယင်းနေထိုင်ရာ စီစန်းချရွာသို့ ပြန်ပို့လိုက်ရသည်။

ရူးသွပ်နေပြီဖြစ်သော ဖူးကော်မူအေးအား ဆရာမျိုးစုံဖြင့် ကုသပေးသော်လည်း ရောဂါမှာ တစ်နေ့တခြား ဆိုးဝါးလာပြီး တစ်ရွာလုံးကို လှည့်ပတ်သောင်းကျန်းနေသဖြင့် ယခင်က ချစ်ခင်လေးစားကြသော ရွာသူရွာသားများသည် ယင်း၏ဒဏ်ကို မခံမရပ်နိုင်တော့ဘဲ ယင်းအား သေနတ်ဖြင့် ပစ်သတ်ရန် နောက်ဆုံး တိုင်ပင်ကြသည်။

ဤတွင် ဖူးကော်မူအေးသိသွား၍ မိမိအား သတ်လိုလျှင် သမားရိုးကျ သေနတ်ခဲကျည်ဆန်ဖြင့် ဘယ်သောအခါမှ သတ်၍သေနိုင်မည် မဟုတ်ကြောင်း၊ ဟင်္သာရုပ်ပါသော အလေးထည့်ပစ်မှသာသေမည်ဟုပြောပါသည်။

ယင်းအား မပစ်သတ်မီ ယင်းမှာကြားခဲ့သောစကားများကို အသေအချာ မှတ်သားကြရန် ပြောပြီး အကြောင်းအချက် တစ်ခုချင်း မှာကြားခဲ့ပါသည်။ ယင်းပြောသည့်အတိုင်းပင် သမားရိုးကျ ခဲကျည်ဖြင့် ပစ်သောအခါ ဖူးကော်မူအေးသည် မည်သို့မျှ မဖြစ်ဘဲ နောက်ဆုံး ဟင်္သာရုပ်ပါသော အလေးဖြင့် ထည့်ပစ်မှ သေသွားခဲ့ပါသည်။

ဖူးကော်မူအေး မသေမီမှာကြားခဲ့သော အချက်တို့မှာ...

'ငါသေပြီးခဲ့ရင် ငါ့အလောင်းကို လိုင်ဆော်တောင်ခြေ၌ မြှုပ်နှံသင်္ဂြိုဟ်ပါ။ ထိုနေရာမှ ထင်းရှူးပင်ကြီးတစ်ပင် ပေါက်လာလိမ့်မည်။

နောင်တစ်ချိန်တွင် ထင်းရှူးပင်၏ မြောက်ဘက်အကိုင်းကျိုးပါက ငါမိန်းမဖြစ်ပြီဟု မှတ်ကြ...

အဲဒီအခါ သင်တို့ အားလုံးငိုကြပေတော့၊ အကယ်၍ ထင်းရှူးပင်၏ တောင်ဘက်အကိုင်း ကျိုးခဲ့ပါရင် ငါယောကျ်ားပြန်ဖြစ်ပြီဟု မှတ်ကြပါ။ အဲဒီအခါမှာ သင်တို့အားလုံး ဝမ်းသာကြပေတော့။

အကယ်၍ ထင်းရှူးပင်၏ အနောက်ဘက် အကိုင်းကျိုးပါက စစ်ကြီးဖြစ်ပွားအံ့၊ ထို့အပြင် တစ်နေ့သောအခါ ကျောင်းဇရပ်၊ ရေတွင်း၊ ရေကန်များစွာ ဆောက်လုပ်လှူဒါန်းသော ပုဂ္ဂိုလ်ထူးတစ်ဦး၏ ဂုဏ်သတင်းကို ကြားရလိမ့်မည်၊ နားစွင့်ကြကုန်လော့၊ ထိုပုဂ္ဂိုလ်သည် အခြားသူမဟုတ် ငါပါပဲဆိုတာ မှတ်ထားကြပါ'

ထို့ပြင်လည်း တစ်နေ့သောအခါ ကယားငွေတောင်ပြည်၌ မုန်ကြီးတစ်ချပ် ရောက်ရှိလာလိမ့်မည်။ ထိုမုန်ကြီးမှာ အမြဲတမ်းတည်ရှိလာတွင်၊ အခြားသော ချောင်းကြီးချောင်းငယ်



www.burmeseclassic.com

www.burmeseclassic.com

များအားလုံး ခန်းခြောက်လှတ္တံ့ဟု ကြိုတင်မှာကြားခဲ့ပါသည်။

ဖူးကော်မူအေး ကြိုတင် မှာကြားချက်အားလုံးသည် နောင်တစ်ချိန်တွင် တစ်ခုမကျန် မှန်ကန်နေသည်ကို တွေ့ရပါသည်။

ဖူးကော်မူအေး သေဆုံးပြီးနောက် ယင်း၏ရုပ်ကလာပ်ကို သူမှာကြားခဲ့သည့်အတိုင်း လိုင်ဆော်တောင်ခြေ၌ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြသည်။ ထိုနေရာ၌ပင် နောက်များမကြာမီ ထင်းရှူးပင် တစ်ပင်ပေါက်လာသည်။


ဤသို့ဖြင့် ထင်းရှူးပင်လည်း အကိုင်းအခက်များဖြင့် ဝေဝေဆာဆာ တဖြည်းဖြည်း ကြီးပြင်းလာပြီး ဖူးကော်မူအေးကို ထိုဒေသ၌ နေထိုင်သူများ မေ့မေ့ပျောက်ပျောက် ဖြစ်နေကြရာ နောက်နှစ်ပေါင်း အတော်ကြာလာသော တစ်နေ့မှာ အဆိုပါ ထင်းရှူးပင်ကြီး၏တောင်ဘက် အကိုင်းကြီး အမှတ်မထင် ကျိုးသွားလေသည်။

ထင်းရှူးပင်၏ တောင်ဘက်အကိုင်းကြီးကျိုးကျမှ ထိုဒေသ၌ နေထိုင်ကြသူများထဲမှ ဖူးကော်မူအေးကို မီလိုက်သော အသက်အရွယ်ရလာသူများက ချက်ချင်း ဖူးကော်မူအေး မှာကြားထားသည်များကိုပြန်လည်သတိရကြသည်။

ထိုအခါ ယင်းသူတို့သည် ဖူးကော်မူအေးယောက်ျားအဖြစ် ပြန်လည် ဝင်စားလာပြီဆိုတာ တစ်ထစ်ချ ယုံကြည်လျက် ဖူးကော်မူအေး၏ သတင်းကို နားစွင့်နေကြလေသည်။

၁၉၁၄ ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီး မဖြစ်မီ အချိန်တွင် အဆိုပါ ထင်းရှူးပင်၏အနောက်ဘက်ကိုင်းကြီး ကျိုးကျသွားပြီးများ မကြာမီ စစ်ကြီးဖြစ်တော့သည်။

ငွေတောင်မှာ မှန်ကြီးတစ်ချပ် လာရောက်ချထားပေးမည်ဆိုသော ကြိုတင်နိမိတ်မှာ ထိုနေရာ၌ ငွေတောင်ဆည်ကြီး တည်ဆောက်လိုက်သဖြင့် ရေပြင်ကြီးမှာ မှန်ချပ်ကြီးသဖွယ် ဖြစ်လာသည်ကို မြင်ကြရပါသည်။



ဖူးကော်မူအေး မြှုပ်နှံသင်္ဂြိုဟ်သည့် နေရာရှိအုတ်ဂူ

လိုင်ဆော်တောင်ခြေမှ မိုးဖြုနယ်အထိ ယခင်က ချောင်းကြီးချောင်းငယ် အသွယ်သွယ် စီးဆင်းခဲ့ရာမှ မိုးဖြုဆည်ကြီး တည်ဆောက်လိုက်သောအခါ ချောင်းကြီးချောင်းငယ်များ ပျောက်ကွယ်သွားပြီး မိုးဖြုဆည်ကြီးမှာ မြစ်ကြီးတစ်ခုသဖွယ် ဖြစ်လာပါသည်။

ဤသို့ဖြင့် နောက်နှစ်ပေါင်း အတော်ကြာလာသော် ဘုရားကျောင်းဇရပ် ရေတွင်း စသည့် အဆောက်အအုံများစွာ ဆောက်လုပ်ပြီး ဘိုးပိုက်ဆံအမည်ဖြင့် တိုင်းကျော်ပြည်ကျော် ဖြစ်မည့်သူကို ရွှေကျင်မြို့နယ်၊ လေချွန်တောင်နှင့် သက်ကယ်တောင်အကြားရှိ ရွာငယ်လေးတွင် အဘစောရွှေအေးနှင့် အမိနော်နယောစေးဟူသော မိဘနှစ်ပါးမှ ခရစ် ၁၈၄၀ ပြည့်နှစ်တွင် မွေးဖွားသန့်စင်ပြီး သားချင်း(၅)ယောက်တို့အနက် တတိယမြောက်သား ဖြစ်သည်။

ငယ်နာမည်မှာ စောဆာဖော၀ါး ဖြစ်သည်။ အစ်ကိုစောထူးဘော၊ အစ်မနော်မေဖော၊ ညီမနော်ဆာထီးနှင့် ညီထွေးစောမာတာတို့ ဖြစ်ကြသည်။

ခရစ်နှစ် ၁၈၆၆ ခုနှစ်တွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ နာခိုခီးရွာတွင် ဘိုးပိုက်ဆံအမည်တွင်သော သူတော်ကောင်းစိတ်ဓာတ်ရှိသူ ကရင်အမျိုးသားကြီးသည် ဗုဒ္ဓအယူဝါဒ၊ ခရစ်ယာန် အယူဝါဒနှင့် ကရင်တိုင်းရင်းသားတို့ ရိုးရာကိုးကွယ်ယုံကြည်မှုတို့မှ ကောင်းနိုးရာရာတို့ကို စုပေါင်း၍ **မေတ္တာဖြဖွစိုရ် သာသနာဟူသော အမည်ဖြင့်** ကိုးကွယ်ရာ ဘာသာအသစ် တစ်ခု တည်ထွင်ခဲ့ပါသည်။

*[မြန်မာ့စွယ်စုံကျမ်း အတွဲ(၁)နှာ(၉၅)]*

အထက်ဖော်ပြပါ အကြောင်းအရာတို့ကား ဘိုးပိုက်ဆံ၏ဘဝအစ ကယားပြည်နယ်က ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

**စာရေးသူနှင့်အတူ ဒီးမော့ဆိုမြို့နယ် သာသနာရေးဦးစီးအရာရှိ ဦးစိုးအောင်၊ ဦးကဝိန္ဒ၊ ဦးသီဟဉာဏတို့သည် ဖူးကော်မူအေး ရုပ်ကလာပ် မြှုပ်နှံရာ လိုင်ဆော်(ခ) လွိုင်နန်းဖတောင်ခြေသို့ ယင်းရွာရှိ ဖူးကော်မူအေးမျိုးဆက် ဦးကော်မူခန်း၊ ဦးကိုးဘီ၊ ဦးချစ်မောင်ပါ(၁၉–၅–၂၀၁၄)နေ့ ကွင်းဆင်းလေ့လာခဲ့ပါသည်။**

ပြည့်ဖြိုးဝေ(လွိုင်ကော်)



www.burmeseclassic.com

www.burmeseclassic.com


ပုဂ္ဂလိကပညာရေး

# ကျောင်းလုပ်ငန်း

အကျိုးပေးသင်္ကေတများ


သရာကြီးဦးအောင်မြင့်
(ဥပဒေအဖွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ဘယ်လက်ပုံစံ





အဖျားမှာ ထောင်တက်သော **ဆရာလမ်း**နှင့် ဉာဏ်ပညာဗဟုသုတ ပြည့်စုံထူးချွန်သော တြိဂံပုံဖြစ်သည်။

* * *




**"ခ"အကွရာနှင့်** ညွှန်ပြထားသည်မှာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံရှိ **ညောင်ရွက်သင်္ကေတ** ဖြစ်သည်။

* * *




ထိုသင်္ကေတမှာ စီမံခန့်ခွဲမှု အရည်အချင်းပြည့်ဝကြောင်း ဂုဏ်သိက္ခာ ကြီးမြင့်ကြောင်း ဖော်ပြသည်။

အသက်လေးဆယ်ကျော် အမျိုးသမီးတစ်ဦးက ပုဂ္ဂလိကပညာရေး ကျောင်းလုပ်ငန်း တည်ထောင်လုပ်ကိုင် အကျိုးပေးနိုင်မည်လား ဟူသော မေးခွန်းကို အဓိက မေးမြန်းပါသည်။

သူမ၏ ဘယ်ဘက်လက်ဖဝါးပြင်ကို သေချာကြည့်ပါ။ **"က"အကွရာနှင့်** ညွှန်ပြထားသည်မှာ ဉာဏ်လမ်းကြောင်း

**"ဂ"အကွရာနှင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်အောက်


စာမျက်နှာ (၅၅) သို့


www.burmeseclassic.com

www.burmeseclassic.com

လောကီလူသားတို့အတွက် အကာအကွယ်

# ဘုရားလေးဆူ အင်းတော်ကြီး

ရွှေမြေ ထွန်းထွန်း



အင်းအတတ်ပညာရှင် အတုလ ဆရာတော်ကြီး၊ ဗားမဲ့ဆရာတော်ကြီး များစွာမှ စီရင်ခဲ့သော၊ သင်ကြားပေးခဲ့သော၊ လမ်းပြပေးခဲ့သော နည်းပညာများမှာ ယနေ့ထက်တိုင် အသုံးပြုလျက် ရှိသည်။

အင်းအတတ်ပညာသည် လွန်စွာ နက်ရှိုင်း၏။ ဂမ္ဘီရဆန်၏ လေးနက် ခက်ခဲသည့် လောကီပညာရပ် ဖြစ်သည့်အလျောက် ကာယသိဒ္ဓိ၊ နေသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ သဗ္ဗသိဒ္ဓိနှင့် ဝိဇ္ဇာဓိုရ်တို့၏ ထွက်ရပ်ကိုပါ ပေးစွမ်းနိုင်ပေ၏။

ထိုပညာရပ်တို့သည် ရှေးနှစ်ပေါင်း များစွာက အသုံးပြုခဲ့ကြလေရာ နှစ်ပေါင်းကြာမြင့်လာသည်နှင့်အမျှ ပညာရပ်များစွာသည် တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ရှိခဲ့ချေပြီ။

မြန်မာလူမျိုးများ၏ ရှေးဟောင်းအမွေအနှစ်၊ ဂမ္ဘီရပညာရပ်များမပျောက်ကွယ်အောင် အစဉ်ထိန်းသိမ်း စောင့်ရှောက်သင့်ပေသည်။

မိမိတို့ ရှာဖွေစုဆောင်းထား ပစ္စည်းဥစ္စာရတနာများ၊ အလုပ်အကိုင်များ တိုးတက်မှုရှိစေရန်၊ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန်၊ အန္တရာယ်ကင်းရန်စွယ်ရှင်းပြီး စီးပွားတိုးတက်စေရန်အတွက် ဘုရားလေးဆူ အကာအကွယ် အင်းတော်ကြီး စီရင်အသုံးပြုပုံကို စာရှုသူအပေါင်းနှင့် ဗဟုသုတရှာမှီးသူ၊ ပညာလိုလားကြသူ အမျိုးကောင်းသားသမီးများအတွက် တင်ပြရခြင်းပင် ဖြစ်၏။

ဘုရားလေးဆူ အင်းတော်ကြီး စီရင်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

* * *

**အကာအကွယ်အင်းတော်**

ကကုသံဘုရားကား၊

ဂေါတမဘုရားကား၊ (left) — ကဿပဘုရားကား၊ (right)

| | | | | |
|---|---|---|---|---|
| ၀၅ | ၆၂ | ၁၄ | ၈၃ | ၀၅ |
| ဥ | ၆ | သ | ရ | ၂၅ |
| ၃င | င | နံ | ဓ | ၄င |
| ၅၂ | ၁၂ | ၀ | ၁၀ | ၃၉ |
| ၀၅ | ၃၀ | ၁၀ | ၂၅ | ၆၀ |

ကောဏာဂုံဘုရားကား၊

**အင်းစီရင်ပုံနှင့်**

**အင်းဆန်သွင်းနည်း**

အင်းစီရင်ပုံမှာ အလျား၊ အနံ၊ စတုရန်းအကွက်ညီ (၅)ကွက် စုစုပေါင်း (၂၅)ကွက်ကို စနစ်တကျ ညီညာစွာ ချရပေမည်။

အင်းဘောင်ရေးဆွဲနည်းမှာ အောက်ခြေ လက်ယာဘက်မှ စတင်ရေးဆွဲရမည် *(လက်ယာရစ်ရေးဆွဲရန်)*

အင်းဘောင် တောင်နှင့်မြောက် ရေးဆွဲရာတွင် ဟိန်းရမည့်မန္တန်က...

**"ဥုံ ဌာနေ ဌာနေဒက္ခိလော"**

ဟု (၇)အုပ် ရွတ်ဆိုလေ။

အင်းဘောင် အရှေ့နှင့်အနောက်ကား **"ဥုံ ပရိဘောဂ ပရိစ္ဆေဒီ"** ဟု (၇)အုပ် ရွတ်ဆို၍ ရေးဆွဲရမည်။

အင်းဘောင်များ ပိုနေခြင်း၊ အစထွက်နေခြင်း၊ မညီညာခြင်းတို့ ရှိနေလျှင် အင်းကျိုး၏။ သို့ဖြစ်ပါ၍ အင်းဘောင်ရေးသားရာတွင် အထူးသတိပြုသင့်ပေ၏။ ပိုနေခြင်း၊ အစထွက်ခြင်းတို့ရှိကဖျက်လျှင် **"ဥုံပေလာယက်"** ဟု (၇)အုပ်ရွတ်ဆိုပြီး ဖျက်ရမည်။

မှန်ကန်စနစ်ကျစွာရေးဆွဲပြီး အင်းကွက်(၂၅)ကွက်ရှိသည့်အနက် အတွင်း (၉)ကွက်၌ **တနင်္ဂနွေထောင့်၌** တနင်္ဂနွေဂြိုဟ်သက်(၆)ဂဏန်းကိုချ။ **အင်္ဂါထောင့်၌** အင်္ဂါဂြိုဟ်သက် (၈) ဂဏန်းကိုချ။ **စနေထောင့်၌** စနေဂြိုဟ်သက် (၁၀)ဂဏန်းကိုချ။ **ရာဟုထောင့်၌** ရာဟုဂြိုဟ်သက် (၁၂)ဂဏန်းကိုချ။

**တနင်္လာဖြစ်သော အရှေ့အရပ်၌** "သ" အက္ခရာသွင်း၊ **ဗုဒ္ဓဟူးအရပ်ဖြစ်သော တောင်အရပ်၌** "စ" အက္ခရာကိုသွင်း၊ **ကြာသပတေးအရပ်ဖြစ်သော အနောက်မျက်နှာ** အကွက်၌ "ဝ" အက္ခရာသွင်း၊ **သောကြာအရပ်ဖြစ်သော မြောက်အကွက်၌ "င" အက္ခရာ** သွင်းရမည်။

အလယ်ဗဟိုကွက်၌ စီရင်ဆောင်ရွက်ထားသူ၏ နေ့နံဂဏန်းကို သွင်း



www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် **ဓမ္မာ,သောက,အင်းဝ, ရာဇာ တုသော ၀၅,၆၂,၁၄,၈၃**ဂဏန်းများ ကို အင်း၏ အထက်ထောင့်မှစ၍ အစဉ် အတိုင်း လက်ယာရစ် ရေးသွင်းရမည်။

ဂဏန်းများ၊ စမအက္ခရာများ ရေး သွင်းရာတွင် ရေးသွင်းတိုင်း ရေးသွင်း တိုင်း...

'ဉ့် အက္ခရာ မဇ္ဈေ ဌာနေ'

ဟု ရွတ်ဆို ရေးသွင်းရန် အင်း၏ အထက်၌...

"ကက္ကုသံဘုရားကာ၊
ဂေါဏဂုံဘုရားကာ၊
ကဿပဘုရားကာ၊
ဂေါတမဘုရားကာ

ဟု လက်ယာရစ် ရေးသားရမည်။

**ရေးသားစဉ် မန္တန်ရွတ်ဆိုရန် မမေ့ နှင့် တစ်နည်း။**

**ဂဏန်းသွင်းသော် "ကေမေဝ ဒီဃနေ့ရဲ့'** မြင့်မိုရ်တောင်မင်းသည်တွင် တည်စေဆို၍ (၁)ဂဏန်းကိုသွင်း။

**"ဒွေစန္ဒသူရိယာ"** နေ၊ လ နှစ်ပါး သည်တွင် တည်စေဆိုရန် (၂)ဂဏန်း ကိုသွင်း။

**"တိပိဋကတ္တယံ"** ပိဋကတ် သုံးပုံ သည်တွင် တည်စေဆို၍ (၃)ဂဏန်းကို သွင်း။

**"စတုသစ္စတေဒေန"** သစ္စာ လေးပါးသည်တွင် တည်စေဆို၍ (၄) ဂဏန်းကိုသွင်း။

**"ပဉ္စဗုဒ္ဓါနုဘာဝေန"** ဘုရားငါးဆူ သည်တွင် တည်စေဆို၍ (၅)ဂဏန်းကို သွင်း။

**"ဆကာမာဝစရဒေဝတာ"** နတ် ပြည်ခြောက်ထပ်သည်တွင် တည်စေ ဆို၍ (၆)ဂဏန်းကို သွင်း။

**"သတ္တဗောဇ္ဈင်္ဂါနိ"** ဗောဇ္ဈင် ခုနစ်ပါးသည်တွင် တည်စေဟုဆို၍ (၇)ဂဏန်းကို သွင်း။

**"အဋ္ဌမဂ္ဂင်္ဂါနိ"** မဂ္ဂင်ရှစ်ပါးသည် တွင် တည်စေဆို၍ (၈)ဂဏန်းကို သွင်း။

**"နဝလောကုတ္တရာဓမ္မာနိ"** လောကု တ္တရာတရား (၉)ပါးသည်တွင် တည်စေ ဆို၍ (၉)ဂဏန်းကို သွင်း။

**"သုညံသတ္တရ"** ဆို၍ သုည(၀) ဂဏန်းကို သွင်းသွင်းလျှင်လည်းရ၏။ မိမိတို့လွယ်ကူရာကို ရွတ်ဆို ရေးသွင်း လေ။

ထိုအင်းကို ရွှေပြား,ငွေပြား,ကမ္ဗဝါ ပြား, ကြေးနီ,ဝါတို့တွင် စီရင်ဆောင် ရွက်ပြီး အင်းအားစုတ်ရန် မန္တန်ကား ဘုရားဂုဏ်တော်ကိုးပါး (၁၀၈)ခေါက်၊ သမ္ဗုဒ္ဓေဂါထာဖြင့် အခေါက်(၁၀၀၀) စုတ်ရမည့်အပြင် အင်းတော်ကြီးကို မိမိတို့ တတ်စွမ်းသမျှ ပရိတ်တော်များ ရွတ်ပွားပါလေ။

ဤဘုရားလေးဆူ အကာအကွယ် အင်းတော်ကြီး၏ အကျိုးအစွမ်းကား မကောင်းသော အန္တရာယ်များ၊ မကောင်းကြံသူများ၊ အင်းတိုက်, ကဝေ တိုက်, စုန်းတိုက်, အတိုက်အခိုက် ပေါင်းစုံများအား ကာကွယ်ပေးသည့် အပြင် အလုပ်အကိုင် အကြံအစည်များ အပြင် လောကီစည်းစိမ် ကောင်းကျိုး ချမ်းသာများစွာကို ပေးစွမ်းနိုင်ပါသည်။ သို့ဖြစ်၍ ယုံကြည်စိတ်ချစွာ အသုံးပြု သင့်ပြီး ဗားမဲ့ဆရာတော်ကြီး ကိုယ်တွေ့ အသုံးပြုခဲ့ကြောင်း စာပေဟောင်းများ တွင် လေ့လာသိရှိရ၍ လောကီ, လောကုတ္တရာများစွာအတွက် များစွာ အကျိုးထူးတရားများ ပေးစွမ်းနိုင်သဖြင့် ဖော်ပြ ရေးသားတင်ပြလိုက်ပါသည်။


*ကောင်းကျိုးချမ်းသာများစွာ*
*ပြည့်စေသော်...*

**ရောမြေ ထွန်းထွန်း**

စာမျက်နှာ (၅၃)မှ အဆက်

တနင်္ဂနွေဂြိုဟ်ခုံတွင် ထင်ရှားအား ကောင်းနေသော **အောင်မြင်ရေး သင်္ကေတ**ဖြစ်သည်။


* * *




ဤသင်္ကေတကြောင့် မြန်မာနိုင်ငံအနှံ့ နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြား အောင်မြင်နိုင်သည်။

"**ဃ**"**အက္ခရာ**နှင့် ညွှန်ပြထား သည်မှာ တနင်္လာဂြိုဟ်ခုံမှ စထွက်ထင် ရှားနေသော **ကံလမ်းထီးရိုး** ဖြစ်သည်။

* * *




ဤသင်္ကေတကြောင့် လူအများ၏ ယုံကြည် အားကိုး ခံရနိုင်သည်။

"**င**"**အက္ခရာ**နှင့် ညွှန်ပြထားသည် မှာ အသက်လမ်းကြောင်းအရင်း၌ **ငါးကြင်းမြီး သင်္ကေတ** ထင်ရှားရှိ ခြင်း ဖြစ် သည်။




* * *

ဤသင်္ကေတကြောင့် မြို့ကြီးပြကြီးမှာ နေထိုင်ခြင်း လုပ်ငန်းကြီးများ တည်ထောင် လုပ်ကိုင်အောင်မြင်ခြင်း ဖြစ်စေနိုင်သည်။

**မှတ်ချက် ။ ။ ယခုအခါ ပုဂ္ဂလိက ပညာရေးကျောင်းလုပ်ငန်းဖြင့် လုပ် ကိုင်အောင်မြင်နေသော ဆရာမ တစ်ဦး ဖြစ်နေပြီ။**

*လက္ခဏာပညာသုတ တိုးပွားရရှိကြ ပါစေ၊*

*အောင်မြင်ကျော်ကြား ချမ်းသာကြီး ပွားစေသောင်...*

ဆရာကြီး ဦးအောင်မြိုင်(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး ရှိသည်ပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သန္တာမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၅၉၁

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

ရွာသူရွာသားများ၏ သဘောထားကို သိလိုခြင်းပင်၊ (၂)နာရီခန့် ဆွေးနွေးတိုင်ပင်ကြပြီးနောက် ထွက်လာသည့် အဖြေကတော့ နားနှစ်ဖက်တွင် ကျောက်စိမ်းရောင် လက်မဝက်ခန့်ရှိ ဒန်နားတောင်းကြီး ပန်ဆင်ထားသည့် မျက်လုံးမျက်ဖန် ကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် မြေးကလေးကို လက်ခံလိုက်ကြပါသည်။

သို့သော် အလွန်အရုပ်ဆိုးပြီး မည်းပိန်ခြောက်နေသည့် ခါးကိုင်းကိုင်း အဘွားအိုကိုမူ (တချို့က စုန်းမကြီးဟူ၍ပင် ထုတ်ဖော်ပြောကြားကြသည်) ရွာတွင်းသို့ လုံးဝ ဝင်ရောက်ခွင့်မပြုဟူသည့် အဖြေထွက်လာပြီး ရွာ၏ တောင်ဘက် လွင်ပြင်ကျယ်အဆုံးနားတွင် နေထိုင်ကြရန် ဆုံးဖြတ်ချက် ချလိုက်ကြပါသည်။ ရွာပြင်သို့ ထုတ်ထားလိုက်သည့်သဘောပင် ဖြစ်ပါသည်။

တစ်ရွာလုံး၏ ထုတ်ပြန်လိုက်သော ညီးကမ်းချက်အရ မြေးဖြစ်သူကို ရွာအတွင်း ဝင်ထွက်သွားလာ ခွင့်ပြုသော်လည်း အဘွားဖြစ်သူကို မည်သည့်အကြောင်းအရာနှင့်မှ ဝင်ခွင့်မပြု။ အကယ်၍ ကျူးကျော် ဝင်ရောက်လာခဲ့ပါက သေဒဏ်အထိ ပေးနိုင်သည်ဟု ထုတ်ပြန်လိုက်ကြလေသည်။

ပဒေသာပင် မြေမှ ပေါက်ခဲ့

ထိုမြေးအဘွားရောက်လာပြီး သိပ်မကြာခင် ကာလတစ်ခုအတွင်းမှာပင် ရွာထဲမှ အပြောများလာသော အံ့မခန်းဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့ပါသည်။

ထိုဖြစ်စဉ်မှာ လွင်ပြင်ကျယ်ကြီး၏ အနောက်ဘက်အခြမ်းတွင် စားလိုသည့်ဆန္ဒဖြင့် သွားရောက် ခူးဆွတ်ပါက အလိုအလျောက် မြေတွင် ပေါက်ပြီးသား မုန့်ညင်း၊ မုန်လာ၊ ခါကြက်ဥ၊ ပိန်းပင်၊ ပိန်းရွက်၊ မျောက်ဥ၊ မုန်လာပင်များကို ရရှိကြသည်ဟု ဆိုပါသည်။


မန်းမက်ရွာရှိ နောင်ယောင်း ရေထွက်

# ရှုဝင်လေး ငါးကန်ကြီး (၂)



ကန်ကြီးနှင့် အနောက်ဘက် ပလောင်တောင်တန်း မြင်ကွင်း

ကန်အနောက်ဘက်ရှိ ရှမ်းယယ် ပလောင်တောင်







www.burmeseclassic.com

www.burmeseclassic.com

ရာသီအလိုက် ပေါ်ထွက်ပေးခဲ့သည်ဟု ဆိုသည်။

ထိုအကြောင်းအရာကို ရွာထဲရှိ ကလေးငယ်များနှင့် သွားရောက် ဆော့ကစားပြီး ပြန်လာသည့် မြေးငယ်မှ ပြောပြလျှင် သစ်ဆေးများဖြင့် မည်းနက်နေသည့် သွားများပေါ်အောင် ပြုံးပြီး ခေါင်းလေးတညိတ်ညိတ်လုပ်နေသည့် အဘွားအိုကို မြင်ရမည် ဖြစ်ပါသည်။


ဒီလိုနှင့် မြေးအဘွားနှစ်ယောက် နေထိုင်လာကြသည်မှာ မြေးငယ်လေးပင် လူလားမြောက်၍ အရွယ်တော်ရောက်ခဲ့ပြီဟု ဆိုသည်။ အရွယ်နှင့် မလိုက်အောင် လိမ္မာရေးခြားရှိပြီး သန်မာထွားကျိုင်းလွန်းလှသည်။

လွင်ပြင်၏ အနောက်ဘက် တောင်တန်းပေါ်နှင့် အရှေ့ဘက် ယခုဗန်းမက်ရွာရှိရာ တောင်တန်းပေါ်သို့ တက်၍ ထင်းခုတ်၊ ဝါးခုတ်ပြီး ရွာထဲဝင် ရောင်းချကာ အဘွားဖြစ်သူကို လုပ်ကိုင်ကျွေးမွေးပြုစုခဲ့ပါသည်။

တစ်နေ့ ရွာထဲမှ ညနေစောင်း ပြန်လာသည့် မြေးငယ်ကို လမ်းတစ်ဝက်ခန့်အထိ အဘွားဖြစ်သူမှ လာကြိုပြီး အရေးကြီး စကားတစ်ခွန်း ပြောလာပါသည်။ ထိုစကားမှာ…


'မြေးလေးရေ… ဒီကနေ့ကနေ ရေတွက်ရင် နောက်(၇)ရက် တော်သလင်းလဆန်း(၁)ရက်နေ့မှာ လုံးဝတိတ်မသွားမယ့် လေကြီးမိုးကြီး (၇)ရက်တိတိ နေ့ရော ညရော ရွာလိမ့်မယ်၊ အဲဒီအခါကြရင် ဒီလွင်ပြင်ကျယ်ကြီးရဲ့အနောက်တောင်ထောင့်မှာ ရေထွက်ပေါက်ကြီးတစ်ခု ဖြစ်လာပြီး ဒီအဘွားတို့နေထိုင်နေတဲ့ ရွာလေးဟာ ရေအောက်ကို စုပ်စုပ်မြုပ်သွားလိမ့်မယ်။

သစ်ပင်ကြီးဝါးပင်ကြီးတွေရဲ့ အစွန်အဖျားလောက်သာ ရေပေါ်ပေါ်ကျန်နေရစ်လိမ့်မယ်။



ရှုမြင်ကွင်း

ထိတ်လန့်စရာ ရေတွက်တောင် ရှုမြင်ကွင်း၊ ဓာတ်ပုံမရိုက်ခင် အနောက် အောက်ဘက်မှာ သဲမြူသာ ဖြစ်ပါသည်။ ဓာတ်ပုံကူညီ၊ ယခုလို နဂါးပါးပျဉ်း အကြောင်းများ



နောင်မှာ ဒီကန်ကြီး အရှည်သဖြင့် ဆက်တည်နေလိမ့်မယ်။ ဒီအကြောင်းကို မြေးရဲ့သူငယ်ချင်း မိတ်ဆွေတွေနဲ့ ရွာကို သတိပေးဖို့ လိုတယ်။ အသက်တမျှ အရေးကြီးလှတယ်'

ဟု အတန်တန် မှာကြားရှာပါသည်။

## အဘွားအို၏ နောက်ဆုံးခရီး

မြေးဖြစ်သူ ရွာထဲသို့ဝင်တိုင်း သတိပေးပြောပြသော်လည်း မည်သူကမှ သူ့စကားကို မယုံကြည်။ အချို့ ရွာသူရွာသားက နောက်စရာ ဒီလောက်ရှားသလားဆိုပြီး မာန်မဲ ငေါက်ထုတ်ကြသည်အထိပင်။ အိမ်ပြန်ရောက်တိုင်း အဘွားဖြစ်သူကို ပြန်ပြောပြတော့ အဘွားဖြစ်သူခမျာ အခက်ကြုံရလေပြီ။

ထုတ်ပြန်ထားသည့် ရွာ၏ စည်း





www.burmeseclassic.com

www.burmeseclassic.com



◆ အမြဲတကျောက်တောင်အတက် ရေတွက်ခွ အဆင်းတက်

◆ ဂူထွက် အဝေးမြေနေသည့် လိုက်ဒါ ပို့ဆောင်ပေးသူ မောင်သူရိန်စံ



အဘွားဖြစ်သူကို အသာ မ,ချီခဲ့ကာ ရွာပြင်ရှိ တဲအိမ်လေးဆီသို့ ပြန်ခေါ်လာခဲ့သည်။ အိမ်ပြန်ရောက်တော့မှ ရှိသည့် တောဆေးဝါးလေးတွေနှင့် ကုသပေးနေစဉ် အဘွားဖြစ်သူမှ...

'မြေးလေး...အဘွားကို ကုမနေနဲ့တော့၊ အချိန်မရှိတော့ဘူး။ အဘွားကို ထားခဲ့ပြီး မြေးဖို့သာ ပြင်တော့။ သူတို့ကို မြေးပြောတာ မယုံလို့ အဘွားကိုယ်တိုင် သွားပြောတာကို အဘွားကို ဝိုင်းရိုက်ကြတယ်။ သူတို့ ဇွဲကြီးကုန်ပြီ။ ပြီးတော့ သူတို့မှာ ဝဋ်ကြွေးကံတွေ များတယ်။ တစ်ယောက်မှ မလွတ်နိုင်တော့ဘူး။

အဘွားက အရင်ကျေးဖူးရှင်ကို ပြစ်မှားခဲ့ဖူးတဲ့ ဥပစ္ဆေဒကကံကြောင့် အဘွား ဒီလိုခံရတာ အဘွား ဝမ်းမနည်းပါဘူး။ စိတ်မကောင်းမဖြစ်နဲ့ မြေးလေး။ ဒီကံသာ ပါမလာရင် အဘွားနဲ့မြေးတို့ အသက်ထောင်ကျော်ရှည်ပြီး နောက်ပွင့်မယ့် အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့ကြရမှာ။ အခုတော့ မြေးလေး ပြေးတော့လို့'

ထပ်ပြောလာပါသည်။ မြေးဖြစ်သူမှ...

'အဘွား အဘွားကို သား မထားခဲ့နိုင်ဘူး။ သားနဲ့ တစ်ပါတည်း ခေါ်သွားမယ်'

ဆိုပြီး အထုပ်တစ်ထုပ်ကို ဆွဲလို့ အဘွားဖြစ်သူကို ပွေ့ချီလိုက်ကာ အနောက်ဘက်တောင်ဝိုင်းပေါ် စတက်ခဲ့ပါတော့သည်။

တော်သလင်း လဆန်း(၁)ရက်လည်း ရောက်ခဲ့ပြီ ဖြစ်ပါသည်။ အဘွားအိုပြောခဲ့သလို အနောက်တောင်ဆီမှ ကောင်းကင်ကြီးတစ်ခုလုံး အနီရောင် တောက်ပလိုက်ပြီး ချက်ချင်းပင် မည်းမှောင်ကာ မိုးကြီးလေကြီး စတင်

တမ်းအရ ရွာထဲသို့ အဘွားအို ကိုယ်တိုင် သွားပြောလို့မဖြစ်။ ဒီလိုနှင့် တော်သလင်းလဆန်းရက် ရောက်ရန် တစ်ရက်ပြီး တစ်ရက်က နီးလာပြီဖြစ်ပါသည်။

တစ်ရက် ဝါးတောကအပြန် မြေးဖြစ်သူ ရွာထဲ ဝင်လာသောအခါ ရွာလယ်ထမ်းခုလတ်ရှိ တစ်နေရာတွင် ရွာသူရွာသားများ စုရုံးရောက်ရှိနေကြပြီး အုန်းကျွက်ဆူညံနေသည်ကို တွေ့လိုက်ရပါသည်။

ထမ်းလာသော ဝါးစည်းကို အသာချ၍ အနီးနား သွားကြည့်လိုက်သောအခါ ရွာသူရွာသားများ ရိုက်ပုတ်ထားသည့် ဒဏ်ရာဒဏ်ချက်များနှင့် သွေးအိုင်ထဲ လဲနေသော အဘွားဖြစ်သူကို ရင်နင့်ဖွယ် မြင်လိုက်ရပါသည်။

မြေးဖြစ်သူလည်း လူအုပ်ကြားထဲမှ



www.burmeseclassic.com

တိုက်ခတ် ရွာချလာပါတော့သည်။

## မလွှတ်ကြမှာ မပြေးသာ

အနောက်တောင်တန်းကြီး တစ်ခုဖြစ်သော တောင်ပိုင်းတောင်ပေါ် အရောက်မှာပင် အဘွားဖြစ်သူက မြေးဖြစ်သူကို နောက်ဆုံး စကားလေးများ မှာကြားခဲ့ပါသည်။

'အဘွားကို ဒီတောင်ပိုင်းတောင်ပေါ်မှာပဲ မြှုပ်နှံသဂြိုဟ်ပေးပါ။ ပြီးရင် စေတီတစ်ဆူ တည်ပေးပါ။ မြေးကို နတ်ဒေဝတာတာတွေက ကူညီပါလိမ့်မယ်။ အမှန်ကတော့ မြေးရောဘွားရောက နတ်မျိုးနတ်နွယ်တွေဖြစ်ပြီး ကံဝင့်ကြွေးတစ်ခုကြောင့် ဒီဘဝမှာ ခဏလာနေရတာပါ။

ဒီပတ်ဝန်းကျင်အနီးနားမှာပဲ မြေးလေး နေပေးပါ။ ဘယ်မှ ထွက်မသွားပါနဲ့။ တစ်နေ့ မြေးကို သူတို့ လာရှာလိမ့်မယ်။ အဲဒီအခါမှ သူတို့နဲ့ မြေးလိုက်သွားလိုက်ပါ'

လို့ မှာကြားရင်း ဆုံးပါးသွားခဲ့ပါတယ်။

'အဲဒီအချိန်အတွင်းမှာပဲ လွင်ပြင်ကျယ်ကြီးတစ်ခုလုံး ရေတွေက ဖုံးလွှမ်းသွားပြီး တစ်ရွာလုံး ရေပြင်အောက်ကြီးဆီ စုပ်စုပ်မြုပ်သွားကြတော့တာပါပဲ'

ဟု စေတီတည်ထားရာ အနောက်ဘက် တောင်ပိုင်းတောင်ပေါ် လှမ်းမျှော်ကြည့်ရင်း ဆွေးဆွေးမြည့်မြည့်နှင့် မျက်လုံးအိမ်တွင် မျက်ရည်များဝဲကာ တစ်ခွန်းချင်း ပြောပြနေသော ဘိုးမြည့်(ခေါ်) ကီးမင်းထိန်ကို စာရေးသူတို့ သူငယ်ချင်းနှစ်ယောက်သား ငေးကြည့်နေမိပါသည်။

သက်ပြင်းရှည်ကြီးကို လေးပင်စွာ ချလိုက်ပြီးမှ...

'သူတို့လဲ ဝပ်ကြီးပြီး စိတ်လိုက်မာန်ပါနဲ့ သေကြကုန်တော့ လူဝင်စားတဲ့ ငါးတွေ ဖြစ်



◆ ရွာဝမြင်ကွင်း

◆ ရွာထွက်ဝ ရေထွက်မြင်ကွင်း



ကုန်တော့တာပေါ့။ ဒါကြောင့် ဒီကန်ကြီးက ငါးတွေက သူတို့ဝင်စားတဲ့ ငါးတွေမို့လို့ လူသွားတွေ ပါနေကြတာ။ အဘက ရိပ်မိနေတော့ သူတို့ကို ဘယ်တော့မှ မစားရက်ခဲ့ပါဘူးကွယ်။ ဒါပေမယ့် နောင်းလူတွေကတော့ သူတို့ခေါင်းတွေ ဖြတ်ဖြတ်ပြီးမှ စားကြတာ မြင်ရတော့ အဘရင်ထဲ မချိဘူးကွယ်။ အင်း...ဝဋ်ပေါ့ကွယ်'

ဟု ပြောပြပါသည်။

စိတ်မကောင်းကြီးစွာနှင့် ပြောပြရှာသည့် ဘပြည့်(ခေါ်)ကီးမင်းထိန်ကို ကျွန်တော်တို့ နှုတ်ဆက်ပြီး ရင်ထဲမှာ ခံစားချက်ကိုယ်စီပိုက်၍ ပြန်ခဲ့ကြပါတော့သည်။

## လူဝင်စားငါးများ အပိုင်း(၂)

[၅]

ရပ်စောက်(နဂါးမြို့တော်မှ) ပင်းတယဘက်ထွက်သည့် အနောက်လမ်းအတိုင်း သွားလိုက်လျှင် ညောင်ခြောက်ပင်ကုန်းကို ရောက်ပါမည်။ လမ်းညာဘက်တွင် ကတ္တရာခင်း လမ်း

www.burmeseclassic.com



ကန်ပတ်လမ်းကလေး

အတိုင်း ဆက်ဆင်းသွားလိုက်ပါက နောင်ဘို–ဖောင်းတော ကိုယ်ထူကိုယ်ထ ကျောက်ချောခင်းလမ်း ဆိုင်းဘုတ်အတိုင်း အနောက်ဘက်သို့ ချိုးဝင်ရမည် ဖြစ်ပါသည်။

ရွာများမှာ တစ်ရွာနှင့် တစ်ရွာ ဆက်နေသဖြင့် လွယ်ကူစွာ မေးမြန်း၍ သွားနိုင်ပါသည်။ နောင်ဘိုမှ ဘုရားဖြူလယ်တော်၊ ထိုမှ ဖောင်းတောရွာ ပြီးလျှင် ရွှေရင်တောင်ခေါ် သွေးအံတောင် ထိုမှ ဆက်ဆင်းသွားလိုက်လျှင် လက်ပံပင်ရွာသို့ ရောက်ပါသည်။

ထိုလက်ပံပင်တွင် လမ်းခွဲနှစ်ခုရှိရာ တောင်ဘက်လမ်းမှာ ကျောက်တောရွာသို့ရောက်ပြီး မြောက်ဘက်လမ်းမှာ ယခုတင်ပြမည့် ဗန်းမက်ရွာရှိ **နောင်ယောင်း(ရှမ်းလို=ကန်ရှည်)** ရေတွက်သို့ ရောက်ရှိပါသည်။ ရပ်စောက်နယ်မြို့တော်နှင့် ရွာအထိ (၁၀)မိုင်ခန့်ဝေးပြီး ရွာနှင့် နောင်ယောင်း ရေတွက်မှာ (၂)မိုင်ခွဲခန့် ဝေးသည်ဟု ဆိုပါသည်။

အိမ်ခြေ(၂၃၀)ကျော်ရှိပြီး ဓနုတိုင်းရင်းသားများ အများဆုံး နေထိုင်ပါသည်။ လယ်,ယာနှင့် ပဲပုတ်သီးနှံ အဓိကထွက်ပြီး စီးပွားရေးကောင်းသည့် ရွာကြီးတစ်ရွာ ဖြစ်ပါသည်။နွေရာသီတွင်သာ သွားလာရေး ကောင်းမွန်ပြီး မိုးတွင်းတွင်မူ အတန် ခက်ခဲမည်ဟု ယူဆပါသည်။

ထိုဗန်းမော်ရွာသို့ရောက်လျှင် သိလိုသမျှ မေးမြန်းနိုင်ရန် မိတ်ဆွေတစ်ဦးမှ လူကြီးသုံးဦး၏ နာမည်ကို ကူညီဆောင်မပေးလိုက်ပါသည်။

ထိုအထဲတွင်မှ နောင်ယောင်းကန်ရှိ မယ်တော်ကြီးနတ်စင်တွင် ရှေးဘိုးစဉ်ဘောင်ဆက် ယုံကြည်မှုအရ မျိုးဆက်အလိုက် အပ်နှံခြင်းခံယူရပြီး ထိန်းသိမ်းစောင့်ရှောက်ရသော အဘဦးကြည် ဆိုသည့် အသက်(၇၈)နှစ်ရှိ အဘိုးကို အိမ်တိုင်ရာရောက် သွားခဲ့ပြီး မေးမြန်းစုံစမ်းခဲ့ပါသည်။

ထိုနတ်စင်ကို ထိမ်းသိမ်းစောင့်ရှောက်လာခဲ့ရသည်မှာ ယခုဆို (၂၂) နှစ်တိုင်တိုင် ရှိခဲ့ပြီဟု ဆိုပါသည်။

ထုံးတမ်းစဉ်လာအတိုင်း ရေတွက်နတ်တက်ပွဲကို ရွာနီးချုပ်စပ်ရှိ ရွာများဖြစ်သော ပနား၊လက်ပံပင်၊ ပေါ်ခမ်း၊ နောင်ခမ်း၊ မယ်ဇလီ၊ ဘုရားဖြူလယ်တော်နှင့် နောင်ဘိုကျေးရွာများမှ စုဝေးလာရောက်ကြပြီး နှစ်စဉ် နယုန်လဆန်း (၇)ရက်တွင် အဓိက ဗန်းမက်ရွာတွင် ကျင်းပကြပြီး နောင်ယောင်း ရေတွက်တွင်မူ နယုန်လဆန်း(၈)ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်ဟု သိရပါသည်။

ကန်၏ အရှေ့ဘက် လူသွားလမ်းလေးအတိုင်း လျှောက်လှမ်းကြစဉ် အရှေ့တောင်ကြောပေါ်တွင် များပြားလှစွာသော သစ်ခွပင်မျိုးစုံကို တွေ့ရပါသည်။

ကျွန်တော်ကျောင်းနေစဉ် ၁၉၇၈–၇၉ ခုနှစ် ဝန်းကျင်ခန့်က ဩစတေးလျမှ သစ်ခွပါရဂူတစ်ဦးမှ ဤနောင်ယောင်း ရေတွက် ပတ်ပတ်လည်ရှိ တောကြီးတွင် တစ်ပတ်ခန့် ရှာဖွေ စုဆောင်းလေ့လာခဲ့ရာ ကမ္ဘာကျော် သစ်ခွမျိုးစိတ်ပေါင်း (၇၂၀)ကျော် တွေ့ရှိခဲ့သည်ဟု မှတ်သားဖူးပါသည်။

[ ၆ ]

အဘဦးကြည်အား နောင်ယောင်း ရေတွက် ရာဇဝင်(သို့မဟုတ်)သမိုင်းကို မေးမြန်းကြည့်ရာ ကန်ကြီး စတင်ဖြစ်ပေါ်ခဲ့သည့် သမိုင်းကိုတော့ မသိရှိရပါ။

သို့သော် စာရေးသူနှင့် သူငယ်ချင်း စိုင်းနေကြင်တို့ သွားရောက် မေးမြန်ခဲ့သော ဘပြည့်(ခေါ်) ကီးမင်းထိန်၏ ပြောပြချက်ထဲတွင် ပါရှိသော တော်သလင်းလဆန်း (၁)ရက်နေ့တွင်မှ တစ်ခါသာ ပေါ်တတ်သော ငါး အကြောင်းကို ပြောပြခဲ့ပါသည်။

ရွှေလ ဆက်ဖတ်ပါရန်

**နိုင်မင်းညို**



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော

# ပစ္စည်းတစ်ခု

ဇော်ဟိန်း (LL.B)

၂၀၁၄ ခုနှစ်၊ မတ်လအတွင်း ထားဝယ်ခရီးစဉ်မှ အပြန်လမ်းတွင် မွန်ပြည်နယ်၊ ပေါင်မြို့သို့ ခဏဝင်ပြီး ယခင်က သိပေါင်းကျွမ်းပေါင်းများနှင့် တွေ့ဆုံခဲ့ပါသည်။

ကျွန်ုပ်၏ အိမ်နီးချင်းမိတ်ဆွေတစ်ဦးဖြစ်သူ ဦးကာစ်အိမ်သို့ ရောက်သောအခါ ကျွန်ုပ်ကို ကျောက်ခဲလိုပစ္စည်းတစ်ခု လက်ဖဝါး တစ်ဝက်ခန့်မျှသာ)ကိုပြ၍ ကိုင်ကြည့်စမ်းပါ ဆိုသဖြင့် ကျွန်ုပ် ကိုင်လိုက်ရာ အံ့သြဖွယ်ကြုံရပါသည်။


အရွယ်အစားနှင့် မမျှအောင် အလေးချိန် စီးလွန်းသည်။ သာမန်အားဖြင့် (၂၀)ကျပ်သားခန့်မျှသာ လေးရမည့် ပစ္စည်းက (၂)ပိဿာမက လေးနေသည်။

ထို့နောက် ဦးကာစ်က သံလိုက်တုံးဖြင့် ထိုပစ္စည်းကို ထိပြသည်။ သံလိုက်ခြင်း လုံးဝ မရှိပါ။

"ဒီပစ္စည်းက သံမလိုက်ဘူး။ ဓါးမီးလဲ မစားဘူး။ အသိအကျွမ်းတချို့က တစ်ကျပ်သား နှစ်ကျပ်သား တောင်းဝယ်ပြီး အဂ္ဂိရတ်ထိုးကြတယ်။ ဘာဖြစ်တယ်လို့ မပြောဘူး။ ခဏခဏ လာဝယ်တော့ အခု မရောင်းတော့ဘူး။


အိမ်က သားတစ်ယောက် ထိုင်းဘက်သွားလုပ်ရင်း ထိုင်းမှာ ဒီလိုပစ္စည်းအကြောင်း နားလည်တဲ့ ဘုန်းကြီးတစ်ပါးကို ပြမယ်ဆိုပြီး တစ်ဝက်လောက် ဖဲ့ပေးလိုက်တယ်။ လွယ်လွယ်ကူကူ ဖဲ့လို့တော့ မရဘူး။ တချို့က ဥက္ကာခဲလို့ ပြောကြတယ်။

ကျွန်တော်ကိုယ်တိုင် မလုပ်တတ် လုပ်တတ်နဲ့ တစ်ဖဲ့လောက် အဂ္ဂိရတ်ထိုးကြည့်တာ မြင်တဲ့အတိုင်းပဲ။ ဝါတော့ ဝါလာတယ်။ ကိုယ်မှ ဆက်မလုပ်တတ်ဘဲ နားလည်တဲ့သူအတွက်တော့ အသုံးဝင် တန်ဖိုးရှိမှာပါ။



▲ ဓာတ်သတ္တုတုံးပစ္စည်း၏ အပြင်မှမြင်ရပုံ

▼ ဓာတ်သတ္တုတုံးကို ခွဲထား၊ ခွဲထားသောနေရာ





www.burmeseclassic.com


www.burmeseclassic.com

ကျွန်တော်လဲ မြေးတွေကို ရှင်ပြုအလှူ လုပ်ချင်လို့ ငွေနည်းနည်း လိုတယ်။ အဲဒါ ကိုအောင်မြိုင် ရန်ကုန်မှာ စပ်ပေးရောင်းပေးပါဗျာ'

ဟူ၍ ဦးကစ်က ပြောပြသည်။

ထိုအတုံးမှာ အပေါ်ယံကသာ သာမန်ကျောက်သားရောင် ဖြစ်သော် ကျောက်စိမ်းခွံကဲ့သို့ အချို့နေရာမှာ အစိမ်းဖောက်သည်။ ခွဲထား၊ ဖွဲ့ထားသောနေရာမှာ **ပြဒါးရောင်လို ဖြူညစ်ညစ်ဖြစ်သည်။ ခဲနှင့်မတူပါ။** ဓာတ်ထိုးထားသော အလုံးအရောင်မှာ **ကြေးဝါရောင်** သန်းနေသည်။

ဦးကစ် အိမ်နောက်ဖေးတွင် မြေကျင်းတူးရာမှ ရရှိထားခြင်းဖြစ်ကြောင်း သိရသည်။ ကျွန်ုပ်လည်း အင်္ဂလိပ်သမားမဟုတ် ဘူမိဗေဒပညာလည်း မတတ်သဖြင့် ထိုပစ္စည်း အကြောင်းကို နားမလည်ပါ။



◆ ဓာတ်သတ္တုတုံးတစ်ခုကို အင်္ဂလိပ်ထိုးထားသော ဓာတ်လုံးပုံ

**နားလည်သိရှိသူများက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ဆောင်းပါးရေးသားပေးလျှင် ကျေးဇူးတင် ဝမ်းမြောက်ရပါမည်။**

မိမိတို့အတွက် အသုံးဝင်မည်ဟု ယုံကြည်သူများ လိုချင်ပါကလည်း ကျွန်ုပ်မှတစ်ဆင့် ဆက်သွယ်နိုင်ပါသည် ခင်ဗျား။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇ*(LL.B)***

---

ကြိတ်မှန်ပင်၏ ဆေးဖက်ဝင် အသုံးဝင်မှုအမျိုးမျိုးကို ကျွန်တော် သိမှတ်ခဲ့ဖူးပါသည်။ ယခုတင်ပြမည့်နည်းကို ကျွန်တော် ယခင်က မသိဘူးသေးဘဲ ဗဟုသုတ တိုးခဲ့ရသဖြင့် ရေးသားတင်ပြအပ်ပါသည်။

နတ်မောက်မြို့၏ မြောက်ဘက်ရှောက်ပင်ရွာသို့ အသွားတွင် လမ်းခရီး မုရိုးတောရွာ လယ်ကွင်းထဲ၌ ကြိတ်မှန်ရွက်များ ခူးနေသော တောင်သူကြီးတစ်ဦးကို တွေ့မြင်ရသဖြင့် သော့လာ မေးမြန်းကြည့်မိပါသည်။

'ဦးကြီး အဲဒါ ကြိတ်မှန်ရွက်တွေလား'

'အေးကွ ဟုတ်တယ်'

'ဘာအတွက် သုံးဖို့ပါလဲ ခင်ဗျာ'

'ဆေးဖက် အသုံးလိုလို့ ခူးနေတာပါကွာ။ ဒီကြိတ်မှန်ရွက်က ရေဝတ် ဝေဒနာ သက်သာ ပျောက်ကင်းတယ်ကွ'

'ဖြစ်နိုင်ရင် ရှင်းပြပေးပါ ဦးကြီး။ ကျွန်တော်က စာရေးဆရာပါ။ စာရေးဖို့ အများသိဖို့ပါ'

'ဪ...စာရေးဆရာလား။ ရှင်းပြရမှာပေါ့ကွာ။ ရေခဏခဏ သောက်ချင်ပြီး ရေသောက်ပေမယ့် အာခေါင် ခြောက်ခြောက် သွေ့သွေ့ဖြစ်နေတာဟာ ရေဝတ်ဝေဒနာပဲကွ။

အတွက် ကြိတ်မှန်ရွက်



အဲဒီလို ရေဝတ်နာဖြစ်ရင်
ဒီကြိတ်မှန်ရွက်ကို ဆူပွက်အောင်
ရေနဲ့ ပြုတ်ပြီး ပြုတ်ရည်ထဲ
နနွင်းမှုန့် မန်ကျည်းစေ့ နှစ်စေ့,
သုံးစေ့လောက် ခတ်ပြီး သောက်
ပေးရင် ရေဝတ်နာ သက်သာ
ပျောက်ကင်းတယ်။ ရေခဏခဏ
မသောက်ချင်တော့ဘူး။ အာခေါင်လဲ စိုလာတယ်။ ရှင်းလား'

'ရှင်းပါတယ်ခင်ဗျာ ရှင်းပါတယ်။ ကျေးဇူးတင်ပါတယ်။ ကျွန်တော် ခရီးဆက်ရဦးမှာမို့ သွားခွင့်ပြုပါဦး'

မုရိုးတော လယ်ကွင်းထဲမှ လယ်သမားကြီးကို နှုတ်ဆက်ပြီး ခရီးဆက်ထွက်ခဲ့ပါတော့သည်။

***လိုရာဆန္ဒ ပြည့်ဝကြပါစေ။***

**နတ်မောက် ကောင်းမွန်မြင့်**



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**
လိုင်စင်၇/၂၀၀၈၊တဆဆထလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ၊

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ဈ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com

# စေနေတော်ဝင် သာသနာပြုမှု

## နေ့ရာထူးများနှင့် ဆရာတော်ကြီး၏ ဩဝါဒများ (၃)

နယ်ကြွသုံးသုတေသီ



▲ မှန်ကျောင်းမှ ဆရာတော်ရုပ်ပွားတော်

### ယခင်လမှ အဆက်

ကာလပျက်စီးတယ်ဆိုတာ ပကတိကာလက ပျက်စီးတာမဟုတ်ဘူး။ လူတွေရဲ့စိတ်ဓာတ်မှာ အများအားဖြင့် ပျက်စီးနေတယ်။ ဒါကို ကောင်းအောင်ပြင်ကြပါ။

ဗုဒ္ဓသာသနာရဲ့ ခေတ်နဲ့ဆိုရင် ဝိမုတ္တိယုဂခေတ်မို့လို့ သူတော်ကောင်းအကျင့် ကျင့်ချင်သူတွေအတွက်တော့ ခေတ်ကောင်း ဖြစ်နေတယ်။ အင်မတန်အဖိုးတန်တဲ့ ခေတ်ကာလအချိန်။ ဒီအချိန်မှာ ဘဝလွတ်မြောက်ရေး၊ သံသရာလွတ်မြောက်ရေးကို ကြိုးစားကြပါ'

ဟူ၍ ဆရာတော်က တိုက်တွန်းဩဝါဒပေးလေ့ရှိကြောင်း မှတ်သားရလေသည်။

### မဟာဗိန္ဒုခေတ်ရုံး

အလောင်းတော် ကျောင်းဆောင်ဟုလည်း ခေါ်ခဲ့ကြသည်။ ခန်းမတွင်းရှိ မှန်ကျောင်းဆောင်၌ ရုပ်ပွားတော်နှစ်ကျိပ်ရှစ်ဆူ ပူဇော်ထားသည်။

မှန်ကျောင်းဆောင်ရှေ့ လက်ယာဘက်တွင် အဘဘိုးဘိုးအောင်နှင့် အဘအောင်မင်းခေါင် ရုပ်တုများကို ကြေးသွန်းအစ်၊ ကြေးဖလားကန်တော့ပွဲများဖြင့် ပူဇော်ထားသည်။

မှန်ကျောင်းဆောင်ရှေ့တွင် အိပ်ရာခင်း ခေါင်းအုံးများ ပြင်ဆင်ကာ သီးသန့်သည်းသတ် ကာရံထားသည်။

ခြေရင်းနံရံအနီးတွင် ကုလားထိုင်များ စီတန်းကာ ပိတ်ဖြူ လွှမ်းထားလေသည်။ လက်ဝဲဘက်ထောင့်တွင် ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ အိပ်ရာခုတင် ပြင်ဆင်ပူဇော်ထားကာ ခုတင်ထက်၌ ဆရာတော်၏ ဓာတ်ပုံတစ်ပုံ ရှိသည်။

အခြားမြို့နယ် ရွှေပေါ်ကျွန်းစခန်းပွဲ၌ ပူဇော်ရန်အတွက် ရင်ငွေ့လုံ ဓာတ်သက်ယူ ပူဇော်ထားသော ဓာတ်ပုံဖြစ်သည်ဟု သိရသည်။


*ဒေါ်သင်းသင်းနွယ်က ဆရာတော်၏ ကန်တော့ပွဲမှ ကွမ်းတစ်ယာ စွန့်ယူ*



www.burmeseclassic.com

www.burmeseclassic.com





▲ ရွှေသာလှမှ အလှူခံဌာန

◄ ရွှေသာလှမှ ဆရာတော်ရုပ်တု

ပေးသည်။ ဆရာတော်ကြီး ရှိစဉ်က လာရောက် ဖူးမြော်ကြသူတို့အား ဆရာတော် မေတ္တာပြုပေးသည့် ပျားရည် သို့မဟုတ် ကွမ်းယာ စသည်ကို စွန့်ကြဲကျွေးမွေးလေ့ရှိသည်။ ရောဂါဝေဒနာများ သက်သာပျောက်ကင်းစေသည်ဆို၏။

အထူးသဖြင့် အရက်နှင့် မူးယစ်ဆေးဝါးများ စွဲလမ်းမိရာမှ ဖြတ်တောက်ရပ်နားသူများ အစကနဦးတွင် ခံစားရသည့် နာကျင်ကိုက်ခဲမှုများကို သက်သာပျောက်ကင်းစေသည်။ ဆရာတော့်ထံတွင် အရက်နှင့် မူးယစ်ဆေးဝါးများမသုံးစွဲတော့ပါဟု ကတိပြုလှူဒါန်းလေ့ ရှိကြသည်။

(၁၅–၄–၁၉၉၀)နေ့အထိ (၁၄)နှစ်တာ ကာလအတွင်း၌ပင် ဆရာတော်ထံ ကတိပြုလှူဒါန်းသူပေါင်း တစ်သိန်းရှစ်သောင်းနီးပါး ရှိသည်ဟု မှတ်တမ်းများအရ သိရသည်။ ယင်းတို့အနက် အရက်လုံးဝပြတ်သွားသူ (၉၇)ရာခိုင်နှုန်း ရှိသည်ဆိုလေသည်။

ရွှေပေါ်ကျွန်း ဆရာတော်ကြီးက ဝိဇ္ဇာနှင့် ပတ်သက်၍ ဤသို့ မိန့်တော်မူခဲ့သည်။

'မိတ္ထီလာနယ်အတွင်း **"လေးအင်းတိုင်ပေါ်၌ ရှစ်သောင်းကျော်ဝိဇ္ဇာထွက်မယ်"**ဆိုတော့ ခပ်ဆန်းဆန်းထင်နေကြတာ။

**ဝိဇ္ဇာဆိုတာ ဝိ=အထူး၊ ဇ္ဇာ=သိတာပဲ။ အသိဉာဏ် အထူးရှိတဲ့** ပုဂ္ဂိုလ်ကို **ဝိဇ္ဇာလို့ ခေါ်တာပဲ။** ရှာန်ရမှ၊ **ကောင်းကင်ပျံနိုင်မှ၊** မြေလျှိုးနိုင်မှ ဝိဇ္ဇာခေါ်တယ်လို့ တစ်သမတ်တည်း မယူရဘူး'

ထို့အပြင် အောက်ပါအတိုင်းလည်း ဩဝါဒပေးတော်မူသည်။

'လောကုတ္တရာ ဝိဇ္ဇာအတတ်၊ လောကီဝိဇ္ဇာအတတ် လိုက်စားကြကုန်သော ရဟန်းရှင်လူ ရသေ့ယောဂီများသည် မြတ်စွာဘုရား ဟောကြားသော ဒေသနာတော်နှင့် ဆန့်ကျင်ဘက် မပြုလုပ်မှသာ လောကုတ္တရာဝိဇ္ဇာအတတ်၊ လောကီဝိဇ္ဇာအတတ်ကို အောင်မြင်သည်။

ဗုဒ္ဓသာသနာကို အကြောင်းပြု၍ လောကီပညာအရပ်ရပ်ကို လိုက်စားကြကုန်သော သူများသည် ဘိုးတော်၊ မယ်တော် စသည့် စီးသည် ကပ်သည်ဟု ပြောခြင်းသည့် အထက်လမိုင်းများသာ ဖြစ်သည်။

တန်ခိုးကတ္တိရှိသော ဝိဇ္ဇာမိုရ် အသီးသီး၊ နတ်အသီးသီးတို့သည် ကိုယ်ထင်ရှားပြခြင်း၊ အိပ်မက် အတိအကျပေးခြင်းတို့သာ ပြုလုပ်သည်။ စီးခြင်း ပူးကပ်ခြင်း မပြုကြပေ။

လောကီပညာအရပ်ရပ်ကို လိုက်စားကြသော ပုဂ္ဂိုလ်များသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာသုံးပါး ဦးထိပ်ထား၍ ကျင့်ကြံအားထုတ်မှသာ အောင်မြင်နိုင်သည်။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ သုံးမျိုးတွင် တစ်ခုခုကို စောင့်ထိန်းရမည်။

အောက်လမ်းပညာ၊ အလယ်လမ်းပညာ၊ ရက္ခစိုးမှော်ပညာ တစ်ခုခု ရရှိသော ပုဂ္ဂိုလ်တို့သည် ထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်များ ဟန်ဆောင်၍ လူသားတို့အား မှော်ပညာတန်ခိုးဖြင့် ပြောဟောကြပြီးလျှင် ဖစ္စည်းများကို ပဋ္ဌလက်



www.burmeseclassic.com

www.burmeseclassic.com

နည်းဖြင့် ပေးတတ်သည်။" မုဒ္ဒလမ်းစဉ်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ အထူး သတိပြုပါ။


လောကီပညာ ဝိဇ္ဇာမိုရ်ပညာ လိုက်စားကြကုန်သော ပုဂ္ဂိုလ်တို့သည် ဂုဏ်၊ မာန၊ တန်ခိုး၊ အသိုင်းအဝိုင်း ပရိသတ်များကို ရှောင်နိုင်မှသာ အောင်မြင်နိုင်သည်။

ထွက်ရပ်စခန်း သိဒ္ဓိလမ်းကို ရှေးရှုသူမှာ အဓိဋ္ဌာန်၊ သစ္စာ၊ မေတ္တာတရား အထူးကြိုးစားမှသာ လောကီ လောကုတ် သိဒ္ဓိအရာရာ အောင်မြင်နိုင်သည်။ အနန္တောအနန္တငါးပါးကို ကာယကံ၊ ဝစီကံ၊ မနောကံမှုများ မကျူးလွန်မိရန် အထူး သတိပြုရမည်'

ဤသြဝါဒများကို စာရွက်မှတ်တမ်း ရိုက်နှိပ်၍လည်း ဖြန့်ဝေ ဒါနပြုကြောင်း သိရသည်။ ဆရာတော်သည် မိမိ၏ အကျင့်သီလ စရဏတရားကိုသာ အားကိုးကျင့်ကြံ၍ တပည့်သာဝကတို့ အခက်အကြောင်းအကျိုး အလိုငှာ မိမိအား လှူဒါန်းရရှိထားသည့် ဆေး၊ အင်း၊ ဂါထာ၊ မန္တန်၊ ဓာတ်လုံး စသည်တို့ကို သင့်ရာ ရွေးချယ်ပေးဝေလေ့ရှိသည်။

သို့သော် ရွှေပေါ်ကျွန်းဆရာတော်ဘုရား နာမည်ကျော်လာကာ ပစ္စည်းလေးပါးပြည့်စုံလျက် အများလှူဒါန်းသည့် ဆန်များသည် ဂိုဒေါင်ကြီးငယ်များစွာ ရှိသော်လည်း မိဘမောင်နှမများသို့ တစ်ပြည်၊ တစ်အိတ် ပေးပို့ခြင်းမရှိ။ မိဘများ နေအိမ်ကိုလည်း ပြုပြင်ခြင်းမရှိ။ ညီအရင်း ဦးဖူးညိုကို ပျံတော်မူချိန်အထိ ကားတာယာဖိနပ်တစ်ရန်သာ ချီးမြှင့်ဖူးသည်။

သံဃာကို ဦးတည်ဆုတောင်း လှူဒါန်းထားခြင်းအပေါ် မစားသုံးတတ်



ဓာတ်သပိတ်စေတီ

ပါက အပြစ်ရ၊ အကြွေးတင်တတ်သည်ဟု မိန့်တော်မူလေသည်။

---

ဓမ္မသာလာ

---

ဘုရားဖူးပရိသတ် များပြားလာသောအခါတွင် ဆရာတော်ကြီးသည် ဓမ္မသာလာအတွင်း အဖူးမြော်ခံလေ့ရှိသည်။ ခေါင်းရင်းပိုင်းတွင် ရုပ်တော်မှ ရုပ်ပွားတော်များနှင့် ရှင်ဥပဂုတ္တ ရုပ်တုများ ဖူးမြင်ရကာ အောက်တစ်ဆင့်၌ ဆရာတော်ကြီး၏ ရုပ်တုတော်ရှိသည်။


လက်ဝဲဘက်အခန်းတွင် "**ကျွဲ, နွား, ဝက်, အရက် ရှောင်ကြဉ်ရေးဌာန**" ဟု ဆိုင်းဘုတ်တင်ထားကာ ဆရာတော်၏ ဓာတ်ပုံကြီးအောက်၌ "**ကျွဲ, နွား, ဝက်, အရက်သေစာ, လောင်းကစား ရှောင်ကြဉ်းရေးဌာန မည်သူမဆို လှူဒါန်းနိုင်ပါသည်**" ဟု ကမ္ပည်းရေးထားသည်။


မိမိကိုယ်တိုင် ဆုံးဖြတ်ကာ တစ်လ၊ တစ်နှစ်၊ တစ်သက်တာဟု



www.burmeseclassic.com

www.burmeseclassic.com







ကတိကဝတ်ပြု၍ အမည် စသည်ဖြင့် မှတ်တမ်းစာအုပ်၌ ရေးသွင်းလှူဒါန်းရသည်။

၁၃၃၆ ခုနှစ် နှစ်ဆန်း(၁)ရက်နေ့ (၁၇–၄–၁၉၇၅)နေ့မှ စတင်၍ မှတ်တမ်းဖွင့်ထားရာ (၁၅–၄–၁၉၉၀) နေ့အထိ အရက်နှင့် မူးယစ်ဆေးဝါး ရှောင်ကြဉ်ပါမည်ဟု ကတိပြုလှူဒါန်းသူပေါင်း(၁၇၉၇၉၈)ဦး တစ်သိန်း ခုနစ်သောင်းကိုးထောင်ကျော် ရှိကြောင်း သိရသည်။

အသားနှင့်ပတ်သက်၍ ကုန်းသတ္တဝါအား ရှောင်ကြဉ်ရန် အဓိက မိန့်ကြားတိုက်တွန်းသော်လည်း တတ်နိုင်ပါက တိရစ္ဆာန်များ၏ အသားမစားခြင်းဖြင့် ကြင်နာသနားကြပါဟု ဩဝါဒပေးလေ့ရှိသည်။

လက်ရှိ နာယကဆရာတော် အရှင်ကုမာရသည်လည်း စတင် တာဝန်ယူရသော ၁၃၆၁ ခုနှစ်မှ စတင်ကာ ဒါယကာ ဒါယိကာမများအား ကျွဲ နွား၊ ဝက်သား၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများ ရှောင်ကြဉ်ရေးကို ဆရာတော်ကြီး၏ ဩဝါဒအတိုင်း ဆက်၍ တိုက်တွန်းဩဝါဒပေးလျက်ရှိကြောင်း သိရသည်။

## ဓာတ်ပေါင်းစေတီနှင့် အခြားစေတီများ

သိမ်၏ မြောက်ဘက်တွင်ရှိသော ဤဓာတ်ပေါင်းစေတီမှာ ဓာတ်ရှင်စေတီတွင် ခန္ဓာကိုယ်တွင်းရှိ မကောင်းသော မလိုလားအပ်သော အစွဲအလမ်း အနှောင့်အယှက်များ ရှင်းလင်းစေရန် ကျင့်ကြံအားထုတ်ပြီးနောက် ကောင်း





www.burmeseclassic.com

www.burmeseclassic.com



ကိုးတောင်ပြည့်စေတီ



ငြိုဟ်ရှစ်ခွင်စေတီ

သောဓာတ်များ ပေါင်းစည်းကိန်း အောင်းစေရန် ကျင့်ကြံအားထုတ်ရ သော စေတီဖြစ်သည်။

ကောင်းသောဓာတ် ဟူသည် သာသနာတော်ကို ရည်ညွှန်းကြောင်း ဆရာတော်ကြီးက ဤသို့ တိုက်တွန်း သည်။

'သာသနာဆိုတဲ့ ဓာတ်ထူးဓာတ်မြတ်ဟာ မိမိတို့ သန္တာန်စိတ်မှာ ကိန်းလာတဲ့အခါကျ တော့ အပါယ်မကျတော့ဘူး။ အပါယ်ဆိုတာ က ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံ ဒါ အပယ်လို့ ခေါ်တယ်။ အပါယ် တစ်ကြိမ်ကျသွားရင်လဲ အရိမေတ္တေယျဘုရား ပွင့်တဲ့အခါ လိုက်နိုင် ဖို့ အလွန် ခဲယဉ်းသွားပြီ။ ငရဲသက်ဆိုတာ အလွန်ရှည်တာကိုး။

သာသနာကလဲ အနှစ်ငါးထောင် ဆိုထား ပေမယ့် အခုမျက်မြင် အနေအထားအရ နောက်နှစ်ပေါင်း နှစ်ထောင့်ငါးရာတိုင်အောင် တည်တံ့သွားဖို့ အလွန် ခဲယဉ်းသွားပါပြီ။ ဒါကြောင့် ကိုယ့်နည်း၊ ကိုယ့်ဟန်၊ ကိုယ့် ပဋိပတ္တိကျင့်စဉ်ကို လုံ့လ သန်သန်ထားပြီး ကြိုးစားအားထုတ်သွားကြပါ'

ဟူ၍ ဖြစ်သည်။

ဓာတ်ပေါင်းစေတီ၏ တောင်ဘက် တွင် ကိုးတောင်ပြည့်စေတီနှင့် ငြိုဟ်ရှစ်ခွင်စေတီတို့ ကိန်းဝပ်တော်မူ ကြသည်။ ထိုမှ အနီး၌ သဗ္ဗဖေယျ စေတီတော်ကြီး စံပယ်တော်မူသည်။

ဤစေတီတော်များသည် ၁၃၃၅ ခုနှစ်ကာလ စေတော်ဝင် သာသနာပြု စခန်း စတင် စည်ကားအချိန်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရ သည်။

ယင်းတို့၏ အရှေ့ဘက်တွင် မဟာ ဗောဓိညောင်ပင်ရှိသည်။ ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်တွင် ဆရာတော်ကြီး အား ကြည်ညိုလေးစားသည့် **ဒေါက်တာ အရိယာရတနေ** (Dr.Ariyaratne) ကိုယ်တိုင် သီရိလင်္ကာနိုင်ငံရှိ ဗောဓိ ပင်ကြီးအောက်မှ ဗောဓိပင်ပေါက်ကို ဓာတ်တော်နှစ်ဆူနှင့်အတူ ရန်ကုန်သို့ လေယာဉ်ဖြင့် ပင့်ဆောင်လာကာ ရထားလမ်းမှ အဆင့်ဆင့် စုပေါင်း ပင့်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း သိရ ပေသည်။

ဒေါက်တာ အရိယာရတနေသည် သီရိလင်္ကာနိုင်ငံရှိ N.G.Oအဖွဲ့အစည်း



www.burmeseclassic.com

www.burmeseclassic.com



ဇေယျာဒီပ မင်းသားရုပ်တု



ဇေယျာဒီပနတ်မင်းရုပ်တု

တစ်ခု ဖြစ်သော လူမှုရေးနှင့် ငြိမ်းချမ်းရေး **"ဆရမဗောဓယ"**အဖွဲ့၏ ဦးစီးခေါင်းဆောင်ဖြစ်သည်။

ဘန်ကောက်သို့ အစည်းအဝေးတက်ရောက်စဉ် ဒေါက်တာ သင်းသင်းနှင့် တွေ့ဆုံ၍ ဆရာတော်အကြောင်းကြားသိကာ ကြည်ညိုလေးစားသည့် တပည့်ဒါယကာတစ်ဦး ဖြစ်လာခဲ့သည်။

ဒေါက်တာ ဒေါ်သင်းသင်းမှာ ပြည်ပ၌ နေထိုင်ကာ ၁၉၈၄ ခုနှစ်၊ ဇူလိုင်လမှ စတင်ကာ ဆရာတော်ကြီးနှင့် ဆက်နွယ်၍ အသိထူး အာရုံထူးများ အံ့မခန်း ရရှိကြုံတွေ့ရသဖြင့် ဆရာတော်ကြီး၏ ဩဝါဒအတိုင်း ကိုးပါးသီလ ဆောက်တည်ကာ ရက်ရှည် အဓိဋ္ဌာန်ဝင်ခဲ့သည်။

ဆရာတော်ထံသို့လည်း အလျဉ်းသင့်တိုင်း လာရောက်ကန်တော့လေ့ရှိသည်။ ဒေါက်တာ ဒေါ်သင်းသင်းကို အကြောင်းပြု၍ အမေရိကန်နိုင်ငံတွင် စေတော်ဝင် တရားစခန်း အမှတ်(၂) Sae Taw Win II Dhamma Foundation ကို ကာလီဖိုးနီးယားပြည်နယ် Sebastopol မြို့၌ ဖွင့်လှစ်ဖြစ်ခဲ့သည်။

ယင်းတရားစခန်း၌ ဉာဏ်တော်အမြင့် (၁၈)ပေရှိသော အာနန္ဒာသူရိယ မေတ္တာထွန်းခေါင် ကမ္ဘာ့အေးဖေတီကို တည်ထားပူဇော်နိုင်ခဲ့သည်။

(၁၃-၁၂-၂၀၀၀)နေ့တွင် အုတ်မြစ်ချ၍ (၇-၄-၂၀၀၁)နေ့တွင် ထီးတင်လှူကာ အမေရိကန်ဒေါ်လာ (၂၅၀၀၀) ကျပ် ကုန်ကျခဲ့သည်။ ဒေါ်သင်းသင်း ဦးဆောင်၍ ခင်ပွန်း အင်ဂျင်နီယာပါရဂူ ဒေါက်တာ ဦးစံလင်းနှင့် ခရစ်ယာန်ဘာသာဝင် အမေရိကန်လူမျိုးတစ်ဦးတို့ ပံ့ဖော်တည်ဆောက်ခဲ့သည်ဟု သိရ၏။

## ဇေယျာဒီပနတ်မင်း

ကျောင်းဝင်းထောင့် တစ်နေရာတွင် **"ဇေယျာဒီပနတ်မင်းကြီးနန်းဆောင်"** ဟူသော ကမ္ပည်းနှင့် အုတ်တိုက်တစ်ဆောင် တွေ့ရသည်။ အဝင်ဝတွင် **ဇေယျာဒီ**ပမင်းသား အဆောင်အယောင်နှင့် မားနစ်လက်ကိုင်ရုပ်တု ရှိ၍ တစ်ဖက်တွင် ဇေယျာဒီပနတ်မင်း ရုပ်တုရှိသည်။

## ရွှေလ ဆက်ဖတ်ပါရန်

**နယ်လှည့်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျီးပေါင်းရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန်
(ဆက်မှု-၁)

'ဟော့... ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ဘာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်နံ (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင်(ညပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရေ။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့၊ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လို ရှိသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-ဝ၅၁၃ YR ဝဝ၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/ဝ၅၁၃

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အံ့လွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com






ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံး၀ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေတိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အပြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ… အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးသစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်က လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘ၀တူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။


**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-စ/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)**



www.burmeseclassic.com

www.burmeseclassic.com



ကိုင်နံ့ရုံမှ ပါဒစေတီအခုံ

စံလွန်းသာ

ဇောတိကထောင်သာသနာမြေနှင့် ဇောတိကထောင် ဆရာတော်ကြီး

# ဦးနာဂဓေဒ ၏ ဘဝပုံရိပ်များ (၃)

**ယခင်လမှ အဆက်**

ဆေးရုံမှ ဆင်းသောအခါ နန်းဦးကျောင်းဆရာတော် ဦးနန္ဒိယထံ သွားရောက်ကာ တစ်လကြာမျှ သီတင်းသုံးသွားယူခဲ့သည်။ ၁၃၁၆ ခုနှစ်တွင် ဖြစ်သည်။

နန်းဦးဆရာတော်သည် ဆုကြီးပန်(ဘုရားဆုပန်)ပုဂ္ဂိုလ်ဖြစ်ကာ မင်းတုန်းမင်း၏မြေးလည်းဖြစ်သည်။ မင်းတုန်းမင်း၏ သမီးတော်အကြီးဆုံး သုဇာတာ မင်းသမီးနှင့် မြန်အောင်စား မင်းသား တို့မှ ဖွားမြင်သော သားအကြီးဖြစ်သည်။

လွန်ခဲ့ပြီးသော ရှေးခုနစ်ဘဝကို ပြန်လည် မိန့်ကြားနိုင်သည်ဆို၏။ ဦးပဉ္စင်းလေး အရှင်နာရဒသည် နန်းဦးဆရာတော်ထံမှ မွေးရပ်မြေ ရွာကြပ် (ယခု ရွှေတွင်းကုန်းရွာ) ကိုးဆူကျောင်းတိုက် ပြန်လည် သီတင်းသုံးသည်။

ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးစောမရအောင်က အဆုတ်နာရောဂါ(တီဘီ) နောက်ဆုံးအဆင့်ဖြစ်၍ ကုသ၍ မရတော့ကြောင်း မှတ်တမ်းရေးကာ ဆေးရုံမှ ဆင်းခွင့်ပေးခဲ့ခြင်းဖြစ်ရာ နောက်ဆုံးအချိန်ကို ဇာတိမြေတွင် ကုန်လွန်စေရန် ပြန်လာခြင်းဖြစ်သည်။

ကိုးဆူကျောင်းတွင် သီးခြားထန်းလက်တဲကျောင်းဖြင့် သီတင်းသုံးကာ ဆေးရုံမှ ပေးလိုက်သော ဆေးများ




www.burmeseclassic.com

www.burmeseclassic.com



▲ ဖျူတောင်ထက်စေတီအချို့


▼ တောစိတာကောင်ရေကန်






www.burmeseclassic.com

www.burmeseclassic.com



◆ နန်းဦးဆရာတော် ဦးနန္ဒိယ



◆ နန်းဦးဆရာတော်၏ အရိုးဂူစေတီ

အပြင် သဖန်းသီးကို ထန်းလျက်နှင့် ကျွေး၍ ပုံမှန်စားခဲ့သည်။

စေတီရင်ပြင်၌ တံမြက်လှည်းခြင်း၊ ကျောင်းရှိ ဗောဓိပင်ကြီးအောက် ပွားသောသော ဗောဓိပင်ငယ်များကို မြှုပ်အိုးတွင် စိုက်ပျိုးကာ ပရိဘောဂစေတီအဖြစ် နေ့စဉ် ရေလောင်းပြုစု ပူဇော်သည်။

နှစ်,နှစ်ခန့်အကြာ ၁၃၁၈ ခုနှစ်တွင် ကိုးဆူကျောင်းဆရာတော် ဦးသုဏောသည် တိုက်တွန်းမှုကြောင့် မန္တလေးဆေးရုံသို့ ဒုတိယအကြိမ် သွားရောက်ပြသသည်။ စနစ်တကျ စမ်းသပ်စစ်ဆေးပြီးနောက် ဆရာဝန်ကြီးက အဆုတ်နာရောဂါ ပျောက်ကင်း၍ ပကတိကောင်းမွန်လျက်ရှိကြောင်း အံ့သြစွာ ပြောပြသည်။

ဦးပဥ္စင်းနာရဒလည်း ဆေးရုံဝန်ထမ်းများကို ကျေးဇူးစကားဆို နှုတ်ဆက်၍ နန်းဦးဆရာတော်ကြီးထံ ဝင်ရောက်ကန်တော့သည်။ ဆရာတော်ကြီးက…

'မောင်နာရဒ မင်း သာသနာပြုရမယ့် အချိန်ရောက်လာပြီ။ အတိတ်ဘဝက မပြီးဆုံးသေးတဲ့ သာသနာ့တာဝန်ကို ဆက်ပြီး ထမ်းဆောင်ရမယ်၊ စာကိုဖတ်၊ ဝါကိုသတ်၊ သာသနာကိုကပ်၊ စိတ်ရှည်ဖွဲ့သန်၊ သည်းညည်းခံ၊ ကျွဲကြံ့အားထုတ်ဖို့ အလုပ်ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး သာသနာပြုပေတော့'

ဟု ဩဝါဒ ပေးတော်မူသည်။

ထိုအချိန်မှ စတင်ကာ စိတ်သစ်လူသစ်ဖြင့် ကိုးဆူကျောင်းသို့ ပြန်လာကာ သာသနာပြုလုပ်ငန်းများ စတင်ဆောင်ရွက်၍ ၁၃၂၁ ခုနှစ်တွင် ဗောဓိတထောင် သာသနာမြေကြီးကို စတင်ထူထောင်နိုင်ခဲ့သည်ဟု သိရသည်။

ဘဝမီးရှူးတန်ဆောင် ဆရာတော်ကြီးဖြစ်ကြောင်း ဗောဓိတထောင်ဆရာတော်ဦးနာရဒကိုယ်တိုင် ထုတ်ဖော်မြွက်ကြားခဲ့သည့် နန်းဦးဆရာတော်သည် ၁၃၂၄ ခုနှစ်(ဗောဓိတထောင်




www.burmeseclassic.com

www.burmeseclassic.com



ဗောဓိတထောင်ဆရာတော်၏ အရိုးဂူစေတီ



စေတီတိုက်မ အပြင်မှ ဆရာတော်ပုံတော်

သာသနာမြေ ထူထောင်ပြီး)၌ ပျံလွန်တော်မူရာ ဦးနာရဒသည် မန္တလေးသို့ ကြွ၍ ရှာပနကိစ္စအဝဝ စီစဉ်ဆောင်ရွက်၍ အရိုးတော်ဓာတ်များကို ဤဗုမ္ဗိုတောင်ထက်၌ ဉာဏ်တော်အမြင့် (၁၈)တောင်ရှိ မဟာဗောဓိ ပုံစံစေတီငယ်တည် ဌာပနာပြု ပူဇော်ခဲ့သည်ဟု သိရသည်။

ထိုစေတီ၏ တောင်ဘက်တွင် ဗောဓိတထောင်ဆရာတော် ဦးနာရဒ၏ အရိုးဂူစေတီ တည်ရှိကာ လေးထောင့်တိုက်မခံကာ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

တိုက်မန်ရံတွင် ဆရာတော် ဦးနာရဒ၏ မတ်ရပ်ပုံတော်ကို ပူဇော်ထားသည်။ ထေရုပ္ပတ္တိအကျဉ်းကိုလည်း ကျောက်စာကမ္ပည်းတင်၍ စိုက်ထူထားလေသည်။

## လျောင်းတော်မူရုပ်ပွားတော်

လေးကျွန်းစကြာ ရုပ်တော်မူ ရုပ်ပွားတော် လိုဏ်အတွင်းမှ ပြန်ထွက်ကာ ကုန်းတော်ခြေရှိ စောင်းတန်းလှေကားအတိုင်း ဆင်းသက်ခဲ့ရာ လျောင်းတော်မူ ကုန်းတော်သို့ ရောက်ရှိ၏။

မြောက်ဘက်သို့ ဦးခေါင်းပြုထားသော ကုသိန္နာရုံလျောင်းတော်မူ ဖြစ်ကာ ကြည်လင်ရွှင်ပျသော မျက်နှာတော်ဖြင့် စံပယ်တော်မူသဖြင့် ပရိနိဗ္ဗာန်လျောင်းတော်မူ မဟုတ်ချေ။ အလျား (၂၀၈)တောင်(ပေ–၃၀၀)၊ ဦးခေါင်းတော်အမြင့် အတောင်(၄၀) (ပေ–၆၀)ရှိကြောင်း သိရသည်။


(၁၃–၈–၁၉၉၁)နေ့ နံနက်(၁၀)နာရီတွင် စတင်၍ ပန္နက်ချကာ (၂၅–၂–၁၉၉၄)နေ့တွင် အနေကဇာတင် ပူဇော်နိုင်ခဲ့သည်။ ဖူးတွေ့ရသမျှ လျောင်းတော်မူ ရုပ်ပွားတော်များအနက် အကြီးမားဆုံး မဟုတ်သော်လည်း **(မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ မြိုင်ကုန်းကျေးရွာအနီးရှိ ဝင်းစိန်တောရတွင် အလျား အတောင်(၄၀၀)(ပေ–၆၀၀) လိုဏ်(၈)ထပ်ပါနေရ ဗန်လျောင်းတော်မူနှင့် အလျားအတောင်(၆၀၀) ပြည့် ရှင်ပင်ပေါင်းလဲ လျောင်းတော်မူနှစ်ဆူ ကိန်းဝပ်တော်မူသည်ကို ဖူးတွေ့ရ သောကြောင့် ဖြစ်သည်။)**

အတန်အသင့် ကြီးမားသော ရုပ်ပွား



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောင်းတော်မှ နောက်ကျောဘက်မြင်ကွင်း

တော်ကြီးဖြစ်သည်။ နောက်ကျောဘက်တွင် အတွင်းလိုဏ်အဝင်ဝရှိ၍ လိုဏ်အတွင်း ဦးခေါင်းတော်တွင်း၌ မွေ့စကြာရုပ်ပွားတော်နှင့် ပဥ္စဝဂ္ဂီငါးဦး ရုပ်တုများကို တွေ့ရသည်။

တရားဦး ဟောကြားချိန်ဖြစ်၍ ကိုယ်ဟန်အမျိုးမျိုးနှင့် စိစစ်တွေးဆနေကြသော ပဥ္စဝဂ္ဂီရုပ်တုများမှာ သဘာဝကျလှပါသည်။

လိုဏ်တွင်း ကိုယ်လုံးတော်၌ အလယ်လျှောက်လမ်းနှင့် အထောက်တိုင်များ ပြုလုပ်ထားကာ လက်ဝဲဘက်နံရံ၌ **အောင်ခြင်းရှစ်ပါး သရုပ်ဖော်ပန်းတော့ရုပ်လုံး**များနှင့် အနောက်ဘက်နံရံ၌ **ဗုဒ္ဓဝင်ရုပ်လုံးများ** တွေ့ရသည်။

မျက်နှာကြက်တွင်ကား နက္ခတ်တာရာပုံများ ရေးဆွဲထားသည်။ ဆရာတော်ကြီးသည် မုံရွေးကြေးမုံမှ ပန်းချီဆရာ ကိုအောင်မိုးကို နက္ခတ်ပုံများ ရေးဆွဲထားသည့် ပုရပိုက်နှင့် မှန်ပြောင်းတစ်ခုပေးလျက် တောင်သမန်အင်းသို့ နက္ခတ်တာရာများ လေ့လာရန် စေလွှတ်ခဲ့သည်။ ကောင်းစွာ ကျေညက်လေမှ ဤပုံများကို ရေးဆွဲစေသည်ဟု သိရသည်။

ရုပ်တော်မှုကြီး တည်ရန် စိတ်ကူးသောအခါတွင်လည်း ဆရာတော်က ကိုအောင်မိုးကိုပင် ပုံစံရေးဆွဲစေကာ စိတ်တိုင်းကျအောင် ပြုပြင်စေပြီးနောက် သဘောကျသွားသောအခါ ခြင်္သေ့ရုပ်ကလေးတစ်ရုပ် စွန့်တော်မူခဲ့သည်။ **"ရေစိမ်သောက်"**ဟုလည်း မှာတော်မူသည်။

ထို ခြင်္သေ့ရုပ်ကလေး ရပြီးသည့်နောက် ကိုအောင်မိုးသည် အလုပ်များအဆက်မပြတ် လက်ခံရသည်။ အလုပ်ပါးသော ကာလများတွင် ခြင်္သေ့ရုပ်အား ရေစိမ်၍ သောက်သည်နှင့် အလုပ်အပ်သူ ပေါ်လာတော့သည် ဆိုလေသည်။*(ဆရာတော်၏ ဘဝသမိုင်းမှတ်တိုင် စာအုပ်၊ စာမျက်နှာ–၄၁)*

ထို့အပြင် ဆရာတော်ကြီးသည် ကြီးအုပ်ရွာမှ အကြောပြင်ဆရာ ဦးဝင်းမြင့်အား အပြစ်အနာအဆာ မရှိသော ရှေးဟောင်းအုတ်သုံးချပ်နှင့် ဓာတ်ခဲအရွတိုင် ကာဗွန်ချောင်းသုံးခု ရှာဖွေစေသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com


အသက်(၆၀)ခန့် အမျိုးသားတစ်ဦးက ကျွန်ုပ်၏ လက္ခဏာဗေဒင်ဟောခန်းမှာ လာရောက်တွေ့ဆုံပြီး ထီဆုကြီး၊ ဆုလတ်ပေါက်နိုင်သောကံ ရှိ၊မရှိ မေးမြန်းပြီး ထီဆုကြီး၊ ဆုလတ် အမြန်ဆုံး ပေါက်အောင် ယတြာအစီအရင် တောင်းခံ ဆောင်ရွက်ခဲ့ပါသည်။ ထိုအမျိုးသား၏ ညာလက်ဖဝါးပြင်ပုံစံကို သေချာကြည့်ပါ။

**"က"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် ထောင်လိုက်လမ်းကြောင်းတို့ အပြိုင်သင်္ကေတ ထင်ရှားစွာရှိခြင်း** ဖြစ်သည်။

# ထီဆုကြီး

## ဆုလတ်ပေါက်တတ်သော သင်္ကေတ

ဆရာကြီးဦးအောင်မြင့် (ဥပဒေတွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ






www.burmeseclassic.com


www.burmeseclassic.com

**"ခ"အက္ခရာနှင့် ညွှန်ပြထားသည့်မှာ လက်ခလယ်အောက် စနေဂြိုဟ်ခုံ၌ ထောင်လိုက်မျဉ်းပြိုင်တို သင်္ကေတရှိခြင်း** ဖြစ်သည်။

ထိုသင်္ကေတ(၂)မျိုးအနက် တစ်မျိုးရှိလျှင်ပင် ရုတ်တရက် ပွပေါက်တိုးပြီး ငွေကြေးဥစ္စာပစ္စည်း အစုအပုံ ရရှိတတ်သည်။

အထူးသဖြင့် လက်သူကြွယ်အောက် နှလုံးလမ်းကြောင်း အထက်တနင်္ဂနွေဂြိုဟ်ခုံပေါ်ရှိ ထောင်လိုက်မျဉ်းပြိုင်တိုမှာ ငွေအစုအပုံရရှိခြင်းကိုဖြစ်စေပြီး လက်ခလယ်အောက် နှလုံးလမ်းကြောင်းအထက် စနေဂြိုဟ်ခုံပေါ်ရှိ ထောင်လိုက်မျဉ်းပြိုင်တိုမှာ ရုတ်တရက် ကံကောင်းခြင်းကို ဖြစ်စေသည်။

* * *




ယင်းလက္ခဏာရှင်မှာ ထီရောင်းကိုယ်စားလှယ်၊ ထီဆိုင်လုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်း သိရသည်။

*ထက္ခဏပညာသုတ တိုးပွားကြပါ*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

---

**ကလေးငယ်များအတွက်**

# သန်ချပိုးဆေး



ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်သည် ကသာမြို့၊ အမှတ်(၅)ရပ်ကွက်တွင် နေထိုင်သော နယ်လှည့် တိုင်းရင်းမြန်မာ ဆေးဆရာကြီး ဦးကျော်ညွှန့်အိမ်သို့ ကျွန်တော့်ကလေး ဗိုက်ဖောင်းနေသည်ကို သွားရောက်ပြသပါသည်။

ကျွန်တော်၏ ကလေး ဗိုက်မှာ အမြဲပူနေပါသည်။ ကြက်ဥပြုတ်နှင့် ကြက်ဥကြော်များဖြင့် ထမင်းကျွေးလျှင် ထမင်းမစား၊ ကြက်ဥကြော်နှင့် ကြက်ဥပြုတ်များကိုသာ စားသုံးနေပါသည်။ ဝမ်းသွားလျှင် ခပ်ကျဲကျဲသွားပါသည်။

ဆရာဦးကျော်ညွှန့်အိမ်သို့ ရောက်သောအခါ ကလေးကို ပြကြည့်ရာ ကလေးအား အကဲခတ်ကြည့်ပြီး...

'ခင်ဗျားကလေး ဝမ်းထဲမှာ သန်တွေ ရှိနေတယ်'

ဟု ပြောပြပါသည်။

'သန်တွေ ကျသွားအောင် ကျွန်တော်ပေးတဲ့ဆေးကို ဝယ်ပြီး ဗိုက်ကို လိမ်းပေးပါ။ သန်တွေ ကျသွားလိမ့်မယ်'

ဟု ပြောဆိုပြီး ဝယ်ရမည့်ဆေးကို ရေးပေးခဲ့ပါသည်။

ကျွန်တော့်ဇနီး မဆွေသဲနှင့်အတူ ပရဆေးဆိုင်တွင် **လင်းနေနှင့်ရှိန်းနီ**ကိုဝယ်ပြီး အိမ်သို့ ပြန်လာခဲ့ကြသည်။ အိမ်တွင် ဝယ်လာသောဆေးနှစ်မျိုးကို ညက်အောင်ကြိတ်၍ ကလေးဗိုက်ကို အနှံ့လိမ်းပေးပြီး အဝတ်ဖြင့် ထွေးထားလိုက်ပါသည်။

(၅)မိနစ်ခန့်အကြာတွင် ကလေးမှာ ဝမ်းသွားပါတော့သည်။ ကလေးဝမ်းအား သေချာကြည့်လိုက်သောအခါ သန်ကောင်အသေးလေးတွေ အထွေးလိုက် ကျနေသည်ကို တွေ့လိုက်ရပါသည်။ ယခုအချိန်တွင် ကလေးမှာ သန်များ ကင်းစင်သွားသောကြောင့် အသားအရေမှာ စိုပြည်ပြီး ဝဖြိုးလာခဲ့ပါတော့သည်။

သန်ကောင်တွေရှိပြီး သန်ထ၍ ဗိုက်ပူနေသော ကလေးငယ်များအတွက် တန်ဖိုးနည်း၍ ထိရောက်သော၊ ဗိုက်ကိုလိမ်းပေးရုံဖြင့် သန်ကျသော သန်ချဆေးနည်းတစ်လက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်သူများအတွက် သိရှိနိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။

**မဟူရာ(ဈော်ဝတီ)ကသာ**



www.burmeseclassic.com

www.burmeseclassic.com



မှတ်ပုံတင် ၀၀၁၆ (ပိုင်) ၀၁၂၀၅-တိုင်းစစ် ၀၀၃၈ (ထိုး)

# ကျန်းကျန်းမာမာနဲ့ သက်တမ်းစေ့နေထိုင်နိုင်ဖို့ အင်ကြင်းပန်း ဆီးချိုသွေးချိုကျဆေးသောက်ကြစို့

အမှတ်တံဆိပ်

"ဆရာ ကိုဇော်ရဲနိုင်ကိုတွေ့ချင်နေတာနဲ့ အတော်ပဲ . . . ဟိုနေ့က မိတ်ဆုံစားပွဲမှာ ဒံပေါက်ထမင်းစားလိုက်တာ . . . အိမ်ရောက်တော့ခေါင်းသိတ်မူးပြီး . . . မျက်စိမဖွင့်ချင်တာကြောင့် . . . ဆီးချိုသွေးချိုစစ်လိုက်တာ 400 mg/dl ကျော်နေတယ် . . . သမီးကဆေးတိုက်လိုက်လို့နေသာထိုင်သာရှိသွားပေမယ့် . . . ရင်တုန်ပြီး မောနေတယ် "

"အဲဒါပေါ့အစားမတော်တစ်လုတ်ဆိုတာ . . . အသက်ကို ဥာဏ်စောင့် ဆိုတဲ့စကားလဲ . . . ဆရာကိုနိုင်ဝင်းသိလျက်နဲ့ အစားမရှောင်တော့ ရောဂါပိုတိုးတာပေါ့ . . . တော်သေးတယ် . . . ဆီးချိုနဲ့သွေးတိုးတွဲပြီးဖြစ်ရင်လေဖြတ်ဖို့ (၇၅) ရာခိုင်နှုန်းသေချာတယ်ဆိုတာ သတိထားဦးနော် . . . ခုကော ဘာဆေးတွေသောက်နေလဲ"

"ကောင်းနိုးရာရာနိုင်ငံတကာဆေးတွေသောက်နေတာပဲ . . ဆီးချိုရောဂါထဲကသံသရာလည်နေလို့ . . ဆရာကိုဇော်ရဲနိုင်နဲ့ဆုံတုန်း . . . ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ . . . ညွှန်ပြပေးပါဦး "

" မြန်မာ့တိုင်းရင်းဆေးကို . . . ကမ္ဘာကအသိအမှတ်ပြုတာ . . . ဆရာကိုနိုင်ဝင်းသတိထားမိမယ်ထင်တယ် . . . ပန်းသတင်းလေညှင်းဆောင် . . . လူသတင်းလူချင်းဆောင်ဆိုသလို (၂၀) ရာစုမှာထုတ်လုပ်ဖြန့်ချိနေတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် ဆီးချိုသွေးချိုကျဆေးကောင်းတစ်လက်ပေါ်ထွက်နေတယ် . . . နာမည်လှသလောက် . . . ဆေးစွမ်းထက်တာကြောင့် . . . ခုဆိုကျွန်တော့်မိတ်ဆွေတွေ ***အင်ကြင်းပန်း*** ဆီးချိုသွေးချိုကျဆေးကိုလက်ကိုင်ထားနေကြပြီ . . . အဲဒီ ***အင်ကြင်းပန်း*** ဆီးချိုသွေးချိုကျဆေးသောက်ရင် . . . ဆရာကိုနိုင်ဝင်းလူ့ဘဝမှာ ကျန်းကျန်းမာမာနဲ့သက်တမ်းစေ့နေနိုင်ဖို့သေချာပါတယ်"

" မြန်မာတိုင်းရင်းဆေးဗဟုသုတမရှိဘူးလို့ပြောရင် . . . ခံရမှာပါဘဲ . . . ဆရာကိုဇော်ရဲနိုင်ပြောမှ . . . ဆီးချိုသွေးချိုရောဂါအတွက် အစွမ်းထက်တဲ့ ***အင်ကြင်းပန်း*** ဆီးချိုသွေးချိုကျဆေးပေါ်ထွက်လာမှန်းသိရတာ"

" ဟုတ်တယ် . . . အဲဒီ . . . ***အင်ကြင်းပန်း*** ဆီးချိုသွေးချိုကျဆေးထုတ်လုပ်တဲ့တိုင်းရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော်က . . . တိုင်းရင်းဆေးသမားတော်ကြီးတွေထံမှာ . . . နှစ်ပေါင်းများစွာ နည်းနာခံယူပြီး ဆီးချိုသွေးချိုရောဂါကို သုတေသနလုပ်ပြီးမှ ထုတ်လုပ်တဲ့ဆေးဖြစ်တယ် . . . မြန်မာနိုင်ငံ . . မြန်မာပြည်သူပြည်သားတွေအတွက်ရာသီဥတုနဲ့ သဘာဝကိုလေ့လာပြီးမှထုတ်လုပ်တာမို့ . . . ဆီးချိုသွေးချိုရောဂါအတွက် . . . အစွမ်းထက်တဲ့ဆေးကောင်းတစ်လက်ပဲ ဗျ . . . ဆီးချိုတက်၍ ရင်တုန်ခြင်း၊ မောပန်းခြင်း၊ ရေငတ်ခြင်း၊ ဆီးလွန်ခြင်း၊ ဆီးကျန်ခြင်း၊ ဆီးအောင့်ခြင်း၊ မကြာခဏ ဆီးသွားခြင်း၊ ခြေလက်များထုံကျဉ်ခြင်း၊ သွေးကြောပိတ်ခြင်း၊ အသားအရေယားယံခြင်း၊ အနာကျက်နှေးခြင်း၊ မျက်စိမှုန် ခြင်းစတဲ့ ဝေဒနာတွေကိုသက်သာပျောက်ကင်းစေပါတယ် . . . ဆီးချို 200 mg/dl ကျော်ပါက တစ်နေ့ (၃) ကြိမ် ရေအေးနဲ့ သောက်ခြင်းဖြင့် ဆီးချိုသွေးချိုရောဂါထိန်းထားနိုင်ကြောင်းသိရတယ်ဗျ"

" တိုင်းရင်းဆေးသုတေသီ . . . ဆရာကိုဇော်ရဲနိုင်ဆေးလမ်းညွှန်မှုတော့ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တယ်ဆိုတာ လုံးဝယုံကြည်ပါတယ် . . . ကျွန်တော်လဲသောက်မယ် . . . ဘဝတူဆီးချိုသွေးချိုဝေဒနာရှင်တွေကိုလဲ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် ဆီးချိုသွေးချိုကျသောက်ဖို့ ညွှန်ကြားလိုက်ပါမယ် "

" ဒါဖြင့် . . . ဆရာကိုနိုင်ဝင်းရေ . . . ပြည်ပေါ်မှာရွှေကြော်ငြာထုတ်လိုက်မယ် . . . **လူ့ဘဝမှာ ကျန်းကျန်းမာမာနဲ့ သက်တမ်းစေ့နေထိုင်နိုင်ဖို့** ***အင်ကြင်းပန်း*** **အမှတ်တံဆိပ် ဆီးချိုသွေးချိုကျဆေးကို သောက်ကြစို့** . . ."

မင်္ဂလာဈေး 'ဝင်း' ဆေးတိုက်
ဖုန်း – ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်
၄/၁၁၁/ဝေဇယန္တာအိမ်ယာ
၁/တောင်ဥက္ကလာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉ ၇၃၀၃၃၇၀၀၊ ၀၉ ၅၀၉၈၀၃၃၊ ၀၉ ၃၀၉၂၅၀၅၅



www.burmeseclassic.com

www.burmeseclassic.com

ထက်မြင့်ကျော်စွာ

သုခကာရီကုန်းတော်မဟီနှင့်

# သဘာအောင်မင်းခေါင် ဓာတ်ပန္နက်စေတီ (၄)

ယခင်လမှအဆက်



◆ သုခကာရီ တတိယ(လက်ရှိ)ဆရာတော် ဦးဝိမလ

သိကြားပူဇော်သည့် စမလေးလုံး အရ ဝရ = ကြီးမြတ်ခြင်း၊ ဂုဏ = ဂုဏ်ကျေးဇူးဟု ယူနိုင်၏။ ဘုရားရှင်၏ ကြီးမြတ်သော အနန္တတန်ခိုးတော်ကို ရည်မှန်းပူဇော်သော စေတီတော်ဖြစ် ရာ အောက်အကြေ ပဲခူးရွှေမော်ဓော စေတီမှ အထက်အညာ မော်ဓောမြင် သာအထိ အကြား မြန်မာပြည်တစ်ဝန်း ဘုရားရှင်၏ ကြီးမြတ်သော ဘုန်းတော် ရှိန် ခိုလှုံခွင့် ရကြသည်။

ဤသို့ နိမိတ်ဩဘာကောင်းသော နေရာ၌တည်ထားခြင်း ဖြစ်သော်လည်း **"ရွှေဘို"**ဟူသော မြို့မည်ပညတ် ကြာသပတေးအရပ်မှ ဘုမ္မိအရပ်ဖြစ် သော အရှေ့မြောက်ထောင့်အရပ် ဖြစ်၍နေသည်။ မကောင်းသော အညစ် အကြေး စွန့်ပစ်ရာအရပ် ဖြစ်သည်။ တနင်္ဂနွေဂြိုဟ်တိုင်အရပ် ဖြစ်သည်။

တည်သောနေ့ကား (၂၉-၂-[illegible])တနင်္ဂနွေနေ့ နံနက်(၉)နာရီ အချိန်ဖြစ်၏။ နယ်ချဲ့အစိုးရ လက် အောက်မှ လွတ်မြောက်ကာစ ကာလ ဖြစ်သည်။ ပါပအရှိန်အဟုန်မှ လွတ် မြောက်ရန် အလင်းရကာစအချိန် ဖြစ်သည်။

ထို့ကြောင့် ဓာတ်တူနံတူ ဆေးဖက် များ ပါပတနင်္ဂနွေနှစ်ထပ်ကို ဆောင် ခြင်းဖြစ်သည်။ နံတူထပ်က အသေရ ၏။ ပါပဆိုင်ရာ မကောင်းသော အညစ် အကြေးများ သေပျောက်ခြင်းကို ပေးစွမ်း၏။ အချိန်ကား တနင်္ဂနွေနေ့



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ခန်းတွင်းမှ ဘုရားဆင်

(၉)နာရီအချိန်ဖြစ်၍ ဗုဒ္ဓဟူးအချိန်သို့ စတင် ဝင်ရောက်သည်။

"**အောင်လံတေဝေသောကျမှီ အုံး(ဦး) နရှိသေနထုံး**"အရတနင်္ဂနွေ"**အောင်**" ကို ဗုဒ္ဓဟူး "**လံ**"ဖြင့် ထိန်းချုပ်ကာ အနိုင်ဓာတ် ဆင်ထားသည်။

ထို့ကြောင့် ခုနစ်ရက်သားသမီးတို့ ဒုက္ခတွင်းမှ ဆယ်ယူနိုင်ရန် ကိုးတောင်ပြည့်စေတီအစား ဆယ်တောင်ပြည့်စေတီ တည်ခဲ့ခြင်းဖြစ်သည်ဟု ယူဆဖွယ် ရှိပေသည်။

အဘအောင်မင်းခေါင်သည် ဤစေတီကို တည်ပြီးနောက် ၁၃၁၀ ပြည့်နှစ်အစတွင် ရွှေဘိုမှထွက်၍ "**ဆယ်**" ယူ "**ပြည့်**"စုံခြင်း **ဓာတ်ပန္နက်**ထားရစ်ခဲ့သည်။

ရွှေဘိုကား ကုန်းဘောင်မင်းဆက် စတင်ရာ အောင်မြေမဟာ ဖြစ်သည်။

တကောင်းမင်း အဘိရာဇာမှ စတင်သော သာကီဝင်မင်းမျိုးသည် သရေခေတ္တရာ၊ ပုဂံမြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝသို့ တိုင်အောင် ဆင်းသက်သည်။

ညောင်ရမ်းဆယ်ဆက် ဟံသာဝတီပါမင်းလက်ထက်တွင် အင်းဝ၌ သာကီမင်းမျိုး ပြတ်စဲသွား၏။

အလောင်းမင်းတရားသည် ပြတ်စဲသွားသော သာကီဝင်မင်းမျိုးကို ပြန်လည် ဆက်သွယ်သောကြောင့် လှေနှင့်ကမ်း ဆက်သွယ်ပေးသော ကုန်းပေါင်နှင့် ခိုင်းနှိုင်းကာ ကုန္နဘောင်မင်းခေါ်၏။ ***(မုံရွာအရှေ့ လယ်တီတိုက်ဆရာတော် အရှင်ကုဏ္ဍလ၏ မဟာသုတဒီပနီကျမ်း။ ဒုတိယတွဲ စာမျက်နှာ-၁၈၉။)***

ဤတွင် အလောင်းမင်းတရား သာကီဝင်မင်းမျိုး ဖြစ်ရခြင်းမှာ ပုဂံမင်းယဉ်နရသိင်္ခနှင့် အမနာရွှာသူ မိဖုရားမှဖွားသော ရန်မာန်ငထွေး ခေါ် အနန္တသူရိယအမတ်မှ (၁၆)ဆက်မြောက်မျိုးဆက် သီရိဓမ္မာရာဇာ မင်းညိုစံသည် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ ဖခင်ဖြစ်သောကြောင့်ပင်။ ***(ယင်းမျိုးနွယ် စဉ်ဆက်ကို အကျယ်သိလိုပါက တင်မမနိုင်-မန်းတက္ကသိုလ်၏သိမ်တော်ရှင်မြတ်စွာဘုရားသမိုင်းစာအုပ်၊ စာမျက်နှာ-၉၉တွင်ကြည့်ရှုပါ။)***

သို့ဖြစ်လေရာ လူမျိုးခြားတို့လက်မှ လွတ်မြောက်ကာစ မြန်မာနိုင်ငံကြီး ပြန်လည် နာလန်ထူနိုင်ရန်အတွက် သာကီဝင်မင်းမျိုးကို ကုန်းဘောင်သဖွယ် ဆက်သွယ်ပေးခဲ့ရာ အောင်မြေမဟာ ရွှေဘိုဌာနတွင် ဆယ်တောင်ပြည့် ဓာတ်ပန္နက်စေတီ တည်ခဲ့သည်။

သာသနာတော် အရပ်လေးမျက်နှာအနှံ့ ပျံ့နှံ့စေရေး ရည်ရွယ်၍ လေးမျက်နှာ နှစ်ကျိပ်ရှစ်ဆူစေတီကို ပုံဟန်ထူးခြားစွာ တည်ခဲ့ခြင်း ဖြစ်လေသည်။

F.11B. September, 2014.



www.burmeseclassic.com

www.burmeseclassic.com






◆ မျှော်ချည် ရှုန်လှုသော ဓာတ်လက်စွပ်

သီလရှင် ဒေါ်ဝူဝတီ ◆

### အဘအောင်မင်းခေါင် ပုတီးစိပ်နည်း

၁၉၇၀ ပြည့်လွန် နှစ်များက မိမိ၏ တိုင်းရင်းဆေးပညာ ဥပဇ္ဈာယ်ဆရာ ဦးကျော်ဝင်း (မန်း–တိုင်းရင်းဆေးသိပ္ပံ) သင်ကြားပေးခဲ့သော အဘအောင်မင်းခေါင် ပုတီးစိပ်နည်းကို ဖော်ပြပေးပါသည်။

* * *

| | |
|---|---|
| ✱ | ပြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ အရဟံ၊ |
| ✱ | ပြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ |
| ✱ | ပြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ |
| ✱ | ပြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သုဂတော၊ |
| ✱ | ပြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ လောကဝိဒူ၊ |
| ✱ | ပြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ၊ |
| ✱ | ပြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊ |
| ✱ | ပြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ |
| ✱ | ပြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ ဘဂဝါ။ |

ဂုဏ်တော်(၉)ပါးစလုံး ရွတ်ဖတ်ပြီးက ပုတီးတစ်လုံးချပါ။ ပုတီးလုံးရေ(၁၀၈)လုံးပြည့်က ပုတီးတစ်ပတ်ရသည်။ ကြိုက်(၈)ခွင် ကြိုက်သက်အရ ချိတ်ဆွဲ မိမိတို့ အလိုရှိရာကို ရည်မှန်းကာ ပုတီးပတ်ရေ သတ်မှတ်၍ ဖြစ်စေ စိပ်ပွားနိုင်ကြပါသည်။

### အကြံပေးအပ်ပါသည်

မိမိ လေ့လာကြည့်ညိုခွင့်ရသော ရဟန်းတူးများအနက် **ငယ်စဉ်ကာလ ပုခက်တွင် ကျိုးနားသော ဆရာတော် သုံးပါးကို သတိပြုမိသည်။ ဘုတလင်မြို့ ကြောင်ပန်းဆရာတော် ဦးဣန္ဒက၊ မုံရွာမြို့နယ် ဗောဓိတထောင်ဆရာတော် ဦးနာရဒနှင့် ရွှေဘိုမြို့ သုခကာရီ ဒုတိယဆရာတော် ဦးကောသလတို့ ဖြစ်ကြသည်။**

ထိုဆရာတော်များ ပျံလွန်တော်မူပြီး နောက်တွင် သီတင်းသုံးခဲ့ရာ ကျောင်းတိုက်အသီးသီးသည် မှေးမှိန်သွားခြင်း မရှိဘဲ တပည့်သာဝကာ ဒါယကာ၊ ဒါယိကာမများ စည်ကားစွာ ကိုးကွယ် ဆည်းကပ်၍ အဓွန့်ရှည်စွာ တည်တံ့နေသည်ကို မြင်တွေ့ရသည်။

ဝိဇ္ဇာခရကျင့်စဉ်စခန်းတွင် ပေါက်မြောက်တော်မူပြီးသော အဘအောင်မင်းခေါင် ပို့ရွယ်စဉ် ပါရမီကျင့်စဉ်လမ်း စတင်ရန် ထွက်လာခိုက် **"စင်မြင့်"**ရွာလယ်တွင် စွန်တစ်ကောင် ပျံဝဲ၍ ဆင်းလာကာ ကုတ်ခြစ်ခြင်း ခံရလေသည်။


ခရီးစဉ်အား တားဆီးသယောင်ထင်ရသော်လည်း အလေးအနက်ပြု စဉ်းစားသောအခါ **"စွန်ကုပ်"**ဟူသည် လက်စွပ် စသော လက်ဝတ်ရတနာတို့တွင် ကျောက်မျက်အား မြဲမြံစေရန် ထိန်းကွပ်သောအရာ ဖြစ်သည်။

ရှေ့ခရီးအတွက် မြဲမြံစေသော နိမိတ် ဖြစ်ကြောင်းတွေ့ရသဖြင့် မဆုတ်မနစ် ကြိုးစားကာ အောင်မြင်မှုရခဲ့လေသည်။ **(မိတ္ထီလာနယ်၊ လေးတိုင်စင်မြင့်ရွာရှိ အဘအောင်မင်းခေါင် ဓာတ်မွေးရာ**




www.burmeseclassic.com

www.burmeseclassic.com



▲ သုခကာရီအဆောင်ငွေသွား၊ ရှေ့ဘက်ပုံ

▼ အဆောင်ငွေသွား၊ ကျောဘက်ပုံ



**အထိမ်းအမှတ် ကျောက်စာတွင် ရေးလာခဲ့ရခြင်း ဖြစ်သည်။)**

ဆရာတော်သုံးပါး လောင်းလျာကလေးဘဝ ပုခက်တွင် ကျီးနားခြင်းကား အကြီးအကဲဖြစ်ခြင်း၊ သက်ကြီးပိုင်း အိုဇာတာကောင်းခြင်း နိမိတ်ဆောင်၏။ ထိုထက်ပို၍ ဆိုရပါလျှင် ဘဝတစ်ပါး ပြောင်းရွှေ့သွားသည့်တိုင် နေအိမ်ဂေဟာ ဝိဟာရတို့ မပျောက်မပျက် စည်ကားကျန်ရစ်ခြင်းကို ညွှန်းပေသည်။

ကျီးကို နေအိမ်ဂေဟာ ဝိဟာရ သာယာခြင်းနိမိတ်ဟု ယူဆသောကြောင့် ဖြစ်သည်။

'ကျီးသာလျှင် ဧည့်လာမည်။
အိမ်သာမှ ဧည့်လာမည်'

ဟု ဆိုကြ၏။

ထို့ကြောင့် ကျီးသာခြင်းသည် အိမ်သာခြင်းနိမိတ် ဖြစ်ရလေသည်။

ဤသို့လျှင် ထူးခြားမှုများနှင့်အတူ အဘအောင်မင်းခေါင်၏ ဓာတ်ပန္နက်စေတီ ကိန်းဝပ်တော်မူရာ သုခကာရီကျောင်းတိုက်သို့ လာရောက်ကြည်ညိုကာ ဒါနပြု လှူဒါန်းလိုပါက ပရိသတ်စည်ကားသော တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်ကာလ အတာသင်္ကြန်ကာလနှင့် ဝါခေါင်လ ဆရာတော်နှစ်ပါးမွေးနေ့ပူဇာသဘင်ကာလများတွင် လာရောက်နိုင်ကြပါသည်။

အေးချမ်းဆိတ်ငြိမ်မှုဖြင့် သီလကုသိုလ်၊ ဘာဝနာကုသိုလ် ပွားများလိုပါက အခြားကာလများတွင် လာရောက်ကျင့်ကြံပွားများသင့်ကြပါသည်။

မြန်မာပြက္ခဒိန် လဆန်း(၁)ရက်နေ့မှ (၉)ရက်နေ့အတွင်းဖြစ်ပါက တရားကျင့်ဖော် ယောဂီမိတ်ဆွေများလည်း ရရှိနိုင်ကြသည်ဟု အကြံပေးဖော်ပြရပါသည်။

*[သမုတိ၊ ပရမတ် သံယာမြတ်အစုံအား ဦးခိုက်လျက်...]*

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com

# ပိတုန်းအဆောင်

စီရင်နည်း

(ဇရာမြေ)



၂၀၁၄ ခုနှစ်၊ မေလထုတ်၊ အမှတ်(၃၃၄)၊ စာမျက်နှာ(၂၀၉) နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် **ပိတုန်းအဆောင်စီရင်နည်း** သိရှိသူများမှ အပြည့်အစုံ ရေးသားပေးပို့ရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်ဟု စာတည်းချုပ်၏ ပန်ကြားလွှာ ဤစာပိုဒ်ကို ဖတ်ရ၍ စာရေးသူ၏ ဆရာတစ်ဆူဖြစ်သော **ပြည်မြို့မှ ဘဒ္ဒန္တဝေပုလ္လ ဆရာတော်၏ နည်းအတိုင်း** ရေးသားပေးပို့လိုက်ပါသည်။

**လှည်းပုံတောင်း** ဖြစ်ရပါမည်။ **ပိတောက်သား**ဖြစ်ရပါမည်။ လှည်းပုံတောင်း ပိတောက်သားကို ပိတုန်းရုပ်ထုရပါမည်။ ပိတုန်းရုပ်သည် အတောင်ပံဖြန့်၍ ပျံနေသောပုံ ဖြစ်ရပါမည်။ ပါးစပ်၊ နှုတ်သီးကို ဟ,ထားရမည်။

ရန်သူအား တုတ်တော့မည့်ဟန်၊ ကိုက်တော့မည့်ဟန် ထုရပါမည်။ ပိတုန်းရုပ်သည် မာန်ပါပါနှင့် ဒေါသဟန်ဖြင့် ရန်သူများကို တိုက်ခိုက်တော့မည့်ပုံ ထုပေးရပါမည်။

ဤနေရာ၌ ပိတုန်းရုပ် ထုလုပ်ခြင်းသည် များသောအားဖြင့် ပိတုန်းနှင့်မတူဘဲ နောက်ချေးပိုးနှင့် တူနေတတ်ပါသည်။ နောက်ချေးပိုးနှင့် တူနေလျှင် အကျိုးပေးလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် ပိတုန်းသည် ပိတုန်းနှင့် ချွတ်စွတ်တူရမည်ကို သတိပြုလေ။ **ဦးခေါင်းပုံ၊ နှုတ်သီးပုံ၊ ဝမ်း၊ ကိုယ်လုံးကိုယ်ထည် ဟန်ပန်အနေအထားတို့ကို အနီးကပ်လေ့လာပြီးမှ** ပီပြင်အောင် ထုလုပ်နိုင်မှာ ဖြစ်ပါသည်။ သို့ဖြစ်၍ သေချာစွာ လေ့လာပါ။

လှည်းပုံတောင်း ပိတောက်သား ပိတုန်းရုပ်တု ပိတုန်းဖင်ကို အပေါက်ဖောက် အပေါက်ထဲ ပြဒါးထည့်ပါ။ ကြေးမြစ်နှင့် အပေါက်ကို ပြန်ပိတ်ပါ။ ပြီးလျှင် ကတ္တရာအနက်ကို သုတ်ပါ။

**ထုလုပ်ပုံအစဉ်ကား** ဤအတုင်းပင်... ဤပိတုန်းရုပ်ကိုမူ နှစ်ဖက်ကထီး နက္ခတ်၊ ခါးပါတ်နက္ခတ်၊ ဝရစုပ်ကြုံသော တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ စနေနေ့ ထိုသုံးနေ့ တစ်နေ့နေ့တွင် ဆောင်ရွက်စီမံရမည်။

နက္ခတ်အချိန်အခါ မမှန်ပါက ထင်သလောက် မစွမ်းနိုင်သလို ထင်သလောက်လည်း အကျိုးမပေးနိုင်ပါ။ ထို့ကြောင့် ဤပိတုန်းရုပ် ထုလုပ်ရာ၌ **နှစ်ဖက်ကထီး၊ ခါးပါတ်နက္ခတ်၊ ဝရစုတ် အချိန်အခါဖြစ်ရန် အလွန်အရေးကြီးလှသည်။**

ဤသို့လျှင် ပိတုန်းရုပ်ကို ထုလုပ်ပြီးနောက် ရဟန္တာသိမ် တစ်ခုခုထဲတွင် သိမ်ထဲက ဘုရားရှေ့တော်တွင် ဆွမ်း(၅)ပွဲ၊ ယို(၅)မျိုး၊ ပွဲ(၅)ပွဲ၊ ဘူးသီးကြော်၊ ပဲကြော်၊ဗယာကြော်၊ ကြက်သွန်ကြော်၊ အာလူးကြော် စုစုပေါင်း အကြော်(၅)မျိုး တစ်မျိုးလျှင် (၃)ခုစီထည့်ပါ။ စံပယ်ပန်း(၈)ပွင့်၊ နှင်းဆီပန်း(၈)ပွင့်၊ နှင်းပန်း(၈)ခက်၊ ထီးဖြူ(၃)လက်၊ တံခွန် (၃)လက်၊ ဖယောင်းတိုင်(၈)တိုင် ထွန်း ဘုရားကို ကပ်လှူပူဇော်၍ လိုအပ်သော ဆုကို တောင်းရပါမည်။ ပြီးလျှင် အောက်ပါဂါထာများဖြင့် အသက်သွင်း သိဒ္ဓိတင်ရပါမည်။

က။ 'ဥုမ် ဣတိပိ သော ဘဂဝါ အဝိဇ္ဇာဏက ဩသဝံ သပ်အဲးအဲး'

စုစုပေါင်း (၁၈)ခေါက် ရွတ်ဆို၍ ပိတုန်းရုပ်အား အသက်သွင်းပါ။

ခ။ 'ဥုမ် ဗုဒ္ဓံ သိဒ္ဓိ ဓမ္မံ သိဒ္ဓိ မာတာပိတု အာစရိယာ သိဒ္ဓိ ဖြဟ္မ သိဒ္ဓိ ဒေဝ သိဒ္ဓိ ဝိဇ္ဇာဓရ သိဒ္ဓိ ယက္ခ သိဒ္ဓိ သိဒ္ဓိအပေါင်း ထောင်သောင်း တည်ပါစေသတည်း၊ ထက်ပါစေသတည်း၊ အောင်ပါစေသတည်း'

စုစုပေါင်း (၁၈)ခေါက် ရွတ်ဖတ်သရဇ္ဈာယ်၍ သိဒ္ဓိတင်ရသည်။

ထို့နောက်...

ဂ။ 'ဗုဒ္ဓ ဂုဏံ ဗုဒ္ဓ စက္ကံ၊ ဓမ္မ ဂုဏံ ဓမ္မ စက္ကံ၊ သံဃာ ဂုဏံ သံဃာ စက္ကံ၊ မာတာပိတု အာစရိယ ဂုဏံ မာတာပိတု အာစရိယ စက္ကံ၊ သဗ္ဗ ဂုဏာ နဘာဝေန သဗ္ဗာ နဘာဝေန၊ တိုက် ဩ တိုက်၊ ခိုက် ဩ ခိုက်၊ နှိပ် ဩ နှိပ်၊ ချုပ် ဩ ချုပ်စေ'

ဤ **ပိတုန်းစေပိတုန်းနှိုး ဂါထာတော်**ဖြင့် (၉)ခေါက်စေ့အောင် ရွတ်ဖတ်သရဇ္ဈာယ်၍ ပိတုန်းရုပ်ကို နှိုးထားစေထားရာ၏။

ညရေးညတာ အရေးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့ပါလျှင် ဤပိတုန်းစေ ပိတုန်းနှိုးဂါထာကို အနည်းဆုံး (၇)ခေါက်ထား၍ နှိုးထားရာ၏။ အများဆုံး (၉)ခေါက်ရွတ်၍ နှိုးထားရာ၏။

ထိုသို့ နှိုးထားလျှင် ရန်သူမျိုးငါးပါး မကောင်းကြံစည်၍ မရနိုင်တော့ပေ။ ရန်သူကို ပိတုန်းက သိမြင်နိုင်၏။ အန္တရာယ်များကို 'ပိတုန်းရုပ်က ကြိုတင်၍ သိမြင် ဖယ်ရှားနိုင်ရာ၏။

ကုန်းသွားလျှင် ကုန်းဘေး၊ ရေသွားလျှင် ရေဘေး၊ ကောင်းကင်လေယာဉ်ပျံ၊ ရဟတ်ယာဉ် စသည်တို့၏ ဘေးရန်များမှာ ကာကွယ်နိုင်တော့၏။

ထို့ပြင် စုန်းတိုက်၊ နတ်တိုက်၊ သူရဲတစ္ဆေတိုက်၊ ဖုတ်ဘီလူးတိုက်များကာစ၍ အတိုက်အခိုက် မှန်သမျှတို့ကိုလည်း ကာကွယ်တားဆီးပေးနိုင်၏။

အရေးအကြောင်း တစ်စုံတစ်ရာရှိလာလျှင် ပိတုန်းရုပ်က မိမိအား အိပ်မက်ပေးလာ၏။ အိပ်မက်ထဲတွင် ပိတုန်းရုပ်ကို မြင်တွေ့ရ၏။

ထိုသောအခါ ပိတုန်းရုပ်က ကျရောက်မည့် ဘေးရန်အန္တရာယ်အသွယ်သွယ်တို့ကို ဖယ်ရှား သုတ်သင်ပေးလာရ၏။

ခရီးသွားလာရသည့်အခါ၊ ညရေးညတာ သွားလာရသည့်အခါ ဤပိတုန်းရုပ်ကို လက်ကိုင်ပုဝါသန့်သန့် ထောင့်စွန်းတွင် ထုံးချည်၍ ဆောင်ထားနိုင်၏။

မော်တော်ကားများ ဆိုင်ကယ်များ အချင်းချင်းတိုက်ခြင်း၊ ဆိုင်ကယ်မှောက်ခြင်း၊ ဆိုင်ကယ်နှင့် မော်တော်ကား တိုက်ခြင်းတို့မှ ကာကွယ်ပေးနိုင်ပါလိမ့်မည်။

**ဆိုင်ကယ်အား အတိုက်အခိုက် အန္တရာယ်များမှ ကာကွယ်လိုပါလျှင်** ဆိုင်ကယ်ရှေ့ မီးလုံးထဲတွင် ပိတုန်းတစ်ကောင်ကို ထည့်ထားပါက ဘယ်သွားသွား ဘယ်လာလာ အန္တရာယ် အတိုက်အခိုက် ကင်းဝေးစေရတော့၏။

မော်တော်ကား ကြီးများတွင် အန္တရာယ်အတိုက်အခိုက်တို့ကို ကာကွယ်လိုပါက **ကားမောင်းသူ၏ စက်ခန်းညာဘက်မှာ ပိတုန်းတစ်ကောင်၊ ဘယ်ဘက်မှာ ပိတုန်းတစ်ကောင် (၂)ကောင် ထားရမည်။**

ပိတုန်းတစ်ကောင်များ မျက်နှာဦးခေါင်းသည် ကား၏ အပြင်ဘက်သို့ ရှေ့လှည့်ထားရမည်ကို အထူးသတိပြုပါလေ။

ဆိုင်ကယ်ထဲ ထည့်ထားသော ပိတုန်းသည်လည်း ဤအတိုင်းပင်။ ပိတုန်းကောင်၏ ခေါင်းပိုင်း မျက်နှာဘက်အပိုင်းသည် ဆိုင်ကယ်၏ ရှေ့တည့်တည့်ဘက်သို့ လှည့်ထားရမည်။

ထို့ပြင် အိမ်၊ ကျောင်း၊ ခြံမြေ၊ လယ်ယာ၊ အိမ်ဝင်း၊ ခြံဝင်း စသည်များတွင်လည်းကောင်း ပိတုန်းရုပ်ကို အဆောင်ထားသော အနေအားဖြင့် ပိတုန်းရုပ်ကို မြှုပ်ပါ။

ဤကဲ့သို့ ဆောင်ရွက်သော် အိမ်ကို အတိုက်အခိုက်မှ ကာကွယ်စောင့်ရှောက်သည်။ တိုက်၊ အိမ်၊ ခြံဝင်း အတွင်း ပိတုန်းမြှုပ်နည်းနှင့် သူခိုးဓားပြ၊ အနုကြမ်းသမားများ သောင်းကျန်းသူများကို ပိတုန်းမှ ကာကွယ်ပုံ လက်တွေ့ တွေ့ကြုံရသော ဆရာတော်ကြီး အကြောင်းကို နောက်မှ တင်ပြပါဦးမည်။

***သေးမခ မြေကြူပါစေး***

**မောင်စိတ္တ (ရောမြေ)**

# သင်္ဘောသီး

**အစ မျိုးကောင်း စိုက်ချင်သလား**



သင်္ဘောသီးသည် လူကြိုက်များသော သီးနှံတစ်မျိုး ဖြစ်သည်။ သို့ကြောင့်သင်္ဘောပင်မျိုးကောင်းစိုက်ပျိုး၍ သင်္ဘောသီးချိုချိုကိုစားချင်သူများသည်၊

ထိုသို့ဆိုလျှင် ရင့်မှည့်နေသော သင်္ဘောသီးအတွင်းမှ အစေ့များကို ယူပြီး ရေဆေး၍ အဖြူရောင် အကြည့်စေ့များကို ရွေးချယ်ပါ။ ယင်းအစေ့များသည် မျိုးကောင်းသော အမစေ့များ ဖြစ်သည်။

ယင်းမျိုးစေ့များကို ခြောက်သွေ့အောင် နေပူလှန်း၍ အစေ့များ ခြောက်သွေ့ပါက ပျိုးအိတ်တွင် မြေဆွေးထည့်၍ ပျိုးထောင်ရမည်။

ပျိုးပင်များ တစ်ထွာ၊ တစ်မိုက်ခန့် ရှိပါလာလျှင် မိမိစိုက်ပျိုးမည့် မြေနေရာ၌ တစ်တောင်ပတ်လည် ကျင်းတူး၍ မြေဆွေးထည့်ပြီး စိုက်ပျိုးပါ။

သင်္ဘောပင်ခြေရင်းတွင် အများအားဖြင့် ပြာပုံ၍ စိုက်ပျိုးကြသည်။ ရေလောင်းရာတွင် ရေမဝပ်စေရန် သတိပြုရမည်။

**ပြာအပုံ များလျှင်လည်း၊** မြေကြီး၌ အငန်ဓာတ်များ၍ အသီးများ အရသာ ငန်ပြီး အချိုပေါ့တတ်သည်။

ဤသို့ဖြစ်ခဲ့လျှင် သင်္ဘောပင်ခြေပတ်လည်တွင် အမြစ်ကို မထိခိုက်စေဘဲ ခက်ရင်းဖြင့် မြေဆွ၍ **ထုံးဖျော်ရည်**လောင်းပေးပါ။

ထုံးနို့ဆီဘူး တစ်ဘူးလျှင် ရေပုံး တစ်ဝက် ဖျော်၍ လောင်းပေးပါ။ သင်္ဘောသီး မျိုးကောင်းများ ရရှိလိုသူတိုင်း ဤနည်းများကို အသုံးပြုကြည့်စေလိုပါသည်။

**မုရိသသရွှေမြ**



www.burmeseclassic.com

www.burmeseclassic.com

# အသဆီကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား တိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ တျှန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် သကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လှူလည်း အလှပျက်၊ အသားအရေလည်း ကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ဘက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားခဲ့နေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ့ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ခေါ်တ တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပ့ါဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံမှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**


အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၅၂၄၊



www.burmeseclassic.com

www.burmeseclassic.com



▲ ဘုရားဖြူစေတီတော်ကြီးအား အနီးနှင့်နေရာတွင်မှ မှုမြင်ရပုံ

# စစ်ကိုင်းတောင်ရွှင် သမိုင်းဝင်စေတီများ

ဓါ် အောင်မြေနှင့် ရှိုးပူဇော်ဂါထာတော်များ (၁၉)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

ရတနာကျောင်းဦးခေါ်

ဘုရားဖြူစေတီ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ [၃-ကြိမ်ရွတ်ဆိုပါ။]**

ဘုရားဖြူထူပ ပါမောက္ခံ၊
နာနာဓာတုပိ တနကံ။
ပဒုမ္မာဒေဝီ မာပိတံ၊
ဝန္ဒာမိ သိရသာအဟံ။

အဓိပ္ပါယ် ပါဠိအသံထွက်

**ပါမောက္ခံ** = ပါမောက်ခံ

**ပဒုမ္မာဒေဝီ** = ပဒုမ်မာဒေဝီ

**ဝန္ဒာမိ** = ဝန်ဒါမိ

မြန်မာပြန်

**ပဒုမ္မာဒေဝီ မာပိတံ၊** ဆင်ဖြူရှင်မင်းဘုရင်၏ မိဖုရားကြီးဖြစ်သော "သီရိအတုလ မဟာရတနာ ပဒုမ္မာဒေဝီ" တည်ထားအပ်သော။

**နာနာဓာတုပိ တနကံ၊** ဘုရားဓိနော် ဓာတ်တော်တို့ကို ဌာပနာကိုးကွယ်ရာ ဖြစ်ပါသော။

**ဘုရားဖြူထူပ ပါမောက္ခံ၊** ဘုရားဖြူ စေတီတော်မြတ်ကြီးအား။

**သိရသာ၊** ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။

**အာဒရံ၊** လေးမြတ်ကြည်ညိုရိုသေလှစွာ။

**ဝန္ဒာမိ၊** ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ပါ၏။

ဘုရားတည်နှစ်

သက္ကရာဇ် ၁၀၃၈ ခုနှစ်။

ဘုရားဒကာ

အင်းဝဆင်ဖြူရှင်မင်း သီရိသုဓမ္မမဟာရာဇဓိပတိ၏ မိဖုရားကြီးဖြစ်သော **"သီရိအတုလ မဟာရတနာ ပဒုမ္မာဒေဝီ"**

တည်နေရာ

စစ်ကိုင်းမြို့ အနောက်တာ ငါးထပ်ကြီးဘုရား မြောက်ဘက် တံတိုင်းချင်းဆက်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



◄ ဘုရားဖြူစေတီတော်၏ အရှေ့ဘက်မုခ်ဦး

ကျောင်းတော်ကြီးရွာနှင့် ဝန်းကျင်ရွာများသို့ သွားလာနိုင်သော "ဘုရားဖြူစေတီတော်"၏ အနောက်ဘက်မုခ်ဦး ►



ပွဲတော်ရက်

နှစ်စဉ် ပြာသိုလပြည့်နေ့။

အောင်မြေ

စေတီတော်ကြီး၏ တနင်္ဂနွေထောင့်။

အစောင့်အရှောက်

ရေဝင် သာသနာနယ်မြေစောင့် လုံးဗောဘိုးဘိုးကြီး။

ထူးခြားချက်

ရှေးအခါက **"ရတနာကျောင်းဦး စေတီတော်"**ဟူ၍ ခေါ်ဝေါ်ခဲ့ကြလေသည်။ ကျောက်စာတိုင်တွင်လည်း အထက်ပါ အမည်အတိုင်း ဖော်ပြထားခြင်း ရှိလေ၏။

စဉ့်ကူးမင်း၏ မယ်တော်က စစ်ကိုင်းမြို့ အနောက်ဘက်အရပ်ဖြစ်သော ငါးထပ်ကြီးဘုရား၏ အနောက်ဘက်တွင် **"လေးထပ်ကျောင်းတော်ကြီး"**ကို **"မင်္ဂလာရွှေဘုံ"**ဟု ကမ္ပည်းတပ်တင်လှူလေ၏။

အရံကျောင်းတော် (၁၂)ကျောင်းကို လည်း တည်ဆောက် လှူဒါန်းလေ၏။

ကျောင်းဦး၌လည်း မဟာရံတံတိုင်း နှင့်တကွ စေတီတော်ကြီးကိုလည်း ဆောက်လုပ် တည်ထားတော် မူလေ၏။

သို့အတွက် **"ရတနာကျောင်းဦး"** စေတီတော်ဟု အမည်ပြုခဲ့ခြင်း ဖြစ်လေ၏။

အရံကျောင်းတော်ကြီးများ ခမ်းနားစွာ တစ်စုတစ်ဝေး တည်ရှိနေသောကြောင့် ငါးထပ်ကြီး မြတ်စွာဘုရားကျောင်းတော်၏ မြောက်ဘက်အရပ်အား **"ကျောင်းတော်ကြီးရွာ"**ဟူ၍ ယနေ့တိုင် တည်ရှိနေလေသည်။

ရှေးအခါကာလက ခန္ဓာကိုယ်တစ်ခုလုံး အသားအရေ ဆွတ်ဆွတ်ဖြူနေသောကြောင့် **"ဘုန်းကြီးဖြူ"**ဟု အမည်တွင်သော **"ရဟန်းတော်ကြီး ဦးအာလောက"**အရှင်မြတ်သည် ရှိခဲ့လေ၏။

တစ်နေ့သောအခါ ကျောင်းတော်အနီး ချုံပုတ်တွင် ကျားသစ်မ တစ်ကောင်သည်နယ်ကျွံရောက်ရှိလာလေ၏။

ကျားသစ်မသည် ကျောင်းသားများအား ရန်ပြုသောကြောင့် ဘုန်းကြီးဖြူသည် ဝင်ရောက်ကူညီလေရာ ဘုန်းတော်ကြီးနှင့် ကျားသစ်မ ဘတပြန်၊ ကျားတပြန် လုံးထွေး သတ်ပုတ်ကြလေ၏။

ကျောင်းသားများ၏ အော်ဟစ်သံများကြောင့် ကျေးရွာသားများမှ ဝင်ရောက် ကူညီခဲ့ရလေ၏။

ဦးအာလောကခေါ် ဘုန်းကြီးဖြူသည် ချုံနွယ်ပိတ်ပေါင်းများအား ရှင်းလင်းခြင်းနှင့် ပျက်စီးယိုယွင်းနေသော ဘုရားများအား တစ်ကိုယ်တည်း ပြုပြင် မွမ်းမံနေလေ၏။

အထူးသဖြင့် **"ရတနာကျောင်းဦး"** စေတီတော်အား အထူးပြုပြင်သောကြောင့် ဘုန်းတော်ကြီးကို အစွဲပြု၍ **"ဘုရားဖြူစေတီ"**ဟူ၍သာ ယနေ့ထက်တိုင်အောင် ဘွဲ့မည်တွင်နေလေတော့သည်။

ဘုရားဖြူစေတီတော်ကြီး၏ ပုံဟန် အနေအထားမှာ ဖိနပ်တော် ထောင့် (၄)ထောင့်တွင် ကေသရာဇခြင်္သေ့ကြီး တစ်ကောင်စီ ပြုလုပ်ထားရှိလေသည်။

ထောင့်ဆုံမှတ်တွင် တည်ရှိသော ခြင်္သေ့ကြီး၏ နောက်ခံပစ္စယ်တွင် တစ်ဖက်တစ်ချက်၌ ဂဠုန်မင်းနှင့် နဂါးရှင် ပုံများကို ရုပ်လုံးကြွအဖြစ် ထွင်းကပ်



www.burmeseclassic.com

www.burmeseclassic.com






▲ ဘုရားဖြူစေတီတော်၏ ဆုံတောင့်များမှ ဂဠုန်မင်း

▼ ဘုရားဖြူစေတီတော်၏ ဆုံတောင့်များမှ နဂါးရုပ်ပုံ


▲ ဘုရားဖြူစေတီတော်၏
ပထမမဏ္ဍပ်သို့တက်ရာ
နတ်လှေကားနှင့် မုခ်ဦးဆောင်

▼ ဘုရားဖြူစေတီတော်၏
တနင်္ဂနွေထောင့် ဂေါသရာဇာခြင်္သေ့ကြီး



▼ ဘုရားဖြူစေတီတော်၏ ဆုံတောင့်နေရာမှ ထင်ပြူတော်၊ နဂါးရုပ်၊
ဂေါသရာဇာခြင်္သေ့ကြီး








www.burmeseclassic.com

www.burmeseclassic.com



▲ ဘုရားဖြူစေတီရင်ပြင်အတွင်း သက်တမ်းရာကျော် မဟာဗောဓိပင်ကြီးနှင့် ငြိပ်ငြိမ်ပြေဘုရားများ


▼ ဘုရားဖြူစေတီမှ ရှုစွာသော အောင်မင်္ဂလာကန်တော်ကြီး၏ အမြင့်ပိုင်းအား တွေ့မြင်ရပုံ





▲ ဘုရားဖြူစေတီတော်ကြီး၏ ပန်းကနုတ် နတ်သိမ်ကျောင်းကြီးနှင့် အရှေ့ဘက်မုခ်လမ်း

▼ ဘုရားဖြူစေတီတော်၏ မုခ်တံခါးကျောက်စာတိုက်



▼ ဘုရားဖြူစေတီတော်ကြီး၏ မြောက်ဘက်မှ ရှုစွာသော အောင်မင်္ဂလာကန်တော်ကြီး အတွင်းပိုင်းပုံ






www.burmeseclassic.com


www.burmeseclassic.com



◆ ဘုရားမြှုစေတီတော်တည်ရှိရာ ရေဝင်သာသနာနယ်မြေ၏ တည်နေရာ




◆ ဘုရားမြှုစေတီတော်၏ တောင်မြေနေရာမှ
သက်တမ်းရာကျော် ပိတောက်ပင်ကြီး လဲပြိုနေပုံ



◆ ဘုရားမြှုစေတီတော်၏ အင်္ဂါဝေါင်မှ
(၁၁)စီးပြီးစေတီတော်"နှင့် ထူးခြားသော
ရုပ်ပွားတော် (၁၁)ဆူအား ဖူးမြင်ရပုံ

◆ ဘုရားမြှုစေတီတော်ကြီး၏ တောင်မြေ
တနင်္ဂနွေထောင့်မှ တံခွန်တိုင်ကြီးနှင့်
နတ်ရဲရညောင်ပင်ကြီးတည်ရှိရာအမြင့်ခန့်နေရာ



ထားရှိလေ၏။

ထိုဂဠုန်နှင့်နဂါးရုပ်တို့၏ သဘောမှာ **"အန္တောဓာတ်"**ဖက် ယူထားသည်ဟု ယူဆဖွယ်ရာ ဖြစ်လေသည်။

ယင်း ဖိနပ်တော်၏ ပထမပစ္စယံတွင် ဆင်ဖြူတော်များသွားလာနေပုံကို ဖောင်းကြွရုပ်များဖြင့် စေတီပတ်လည် အပြည့် တန်ဆာဆင်ထားလေ၏။

ဆင်ဖြူတော်များသည် လည်းကောင်း၊ ဂဠုန်မင်းသည်လည်းကောင်း၊ နဂါးမင်းသည်လည်းကောင်း၊ စေတီတော်ကြီးအား လက်ယာရစ် အနေအထားဖြင့် စောင့်ရှောက်နေဟန် ပြုလုပ် စီမံထားရှိလေ၏။

စေတီတော်ကြီး၏ အရပ်(၄)မျက်နှာတွင် နတ်လမ်း(၄)သွယ်ဖြင့် ဒုတိယ ပစ္စယံအဆုံးထိ တက်ရောက်နိုင်ရန် ပြုလုပ်ထားလေသည်။

နတ်လမ်း(၄)သွယ်၏ အဆုံး၌ မုခ်ဦးငယ်တစ်ခုစီဖြင့် တန်ဆာဆင်ထားလေ၏။

နတ်လမ်း(၄)သွယ်၏ အစတွင် ပန်းဆွဲများကို မေးအောက်တွင် ထားရှိသော နတ်မိကျောင်းကြီးများဖြင့် စီမံထားရှိလေသည်။

ပစ္စယံ(၃)ဆင့်၏ ထောင့်စွန်းများတွင် အခြားသော စေတီတော်များကဲ့သို့ ပန်းဆိုင်အိုးများ လုံးဝ မထည့်သွင်းထားဘဲ ရွှေစေတီငယ်များကိုသာ တည်ထားသောကြောင့် စုစုပေါင်း



www.burmeseclassic.com

www.burmeseclassic.com





ပိတောက်သား ဆင်းတုတော်ကြီး၏ မျက်နှာတော်အား အနီးကပ် တွေ့မြင်ရပုံ

ဘုရားဖြူစေတီတော်မှ လဲပြိုသွားသော ပိတောက်ပင်ကြီး၏ အစိတ်အပိုင်းအား ရုပ်ပွားတော် ထုထစ်နေပုံ ▶

ရွှေစေတီငယ် (၁၂)ဆူ ဖြစ်လေသည်။ ထူးခြားမှုပင် ဖြစ်လေ၏။

ဘုရားဖြူစေတီတော်ကြီး၏ အရှေ့အရပ်တံတိုင်းအနီးတွင် "**(၁၁)မီးငြိမ်းစေတီတော်**"တစ်ဆူ တည်ထားလေရာ စေတီတော်၏ ပတ်လည်တွင် မြတ်စွာဘုရား ရုပ်ပွားတော် (၁၁)ဆူကို အလွန်သပ္ပါယ်စွာထားရှိလေရာအလွန်ပင် ထူးခြားချက်တစ်ခု ဖြစ်လေ၏။

စေတီတော်ကြီး၏ အဂ္ဂိထောင့်တွင် သက်တမ်းရင့် မဟာဗောဓိပင်ကြီးမှာ ယနေ့ထက်တိုင် အကိုင်းအခက်ဝေဆာ လှပစွာ အေးမြသော ရိပ်ဆာယာဖြင့် ဖြိုဟ်ပြေနံ့ပြေ ရုပ်ပွားတော်များကို အုပ်မိုးလျက် ရှိလေသည်။

ရှေးအခါက ညောင်ရေသွန်းလေ့ရှိသော နေရာထူး ဖြစ်လေ၏။

ဘုရားဖြူစေတီတော်ကြီး၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် အာရုံခံ ဓမ္မာရုံတစ်ဆောင်စီ တည်ဆောက်ထားလေးရာ ဂဗ္ဘောမာတ်၏ သဘောကို ဆောင်နေလေ၏။

အရှေ့ဘက် အာရုံခံ ဓမ္မာရုံတွင် ဘုရားပွဲတော်ရက်၌ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး ဖောဖြူင်များဖြင့် မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းခြင်း ပြုလေ့ရှိလေသည်။

အနောက်ဘက် ဓမ္မာရုံမှာ ပွဲတော်လာ ပရိသတ်များအား ညှိခံကျွေးမွေးကုသိုလ်ပြုသော အလှူဒါန ဖြစ်လေ၏။

စေတီတော်ကြီး၏ မြောက်ဘက် တံတိုင်းအနီးတွင် တည်ရှိသော "**အောင်တံခွန်**"တိုင်ကြီးနှင့် နတ်ရဲညောင်ပင်ကြီးမှာ အမိဋ္ဌာန်နေရာထူး ဖြစ်လေ၏။

ဘုရားဖြူစေတီတော်ကြီး၏ အရပ်(၄)မျက်နှာ၌ မုခ်ဦးကြီးများကို ခမ်းနားစွာ တည်ဆောက်ထားလေရာ ယခုတိုင်အောင် အကောင်းပကတိ တည်ရှိလေသည်။

စေတီတော်၏ အရှေ့အနောက်နှင့် တောင်ဘက်မှ မုခ်ဦးကြီးများမှာ ပွဲတော်လာ ပရိသတ်များနှင့် ရွာသူရွာသားများအတွက် ဝင်ပေါက်ထွက်ပေါက် လမ်းမကြီးသဖွယ် ဖြစ်လေသည်။

ဘုရားဖြူစေတီတော်ကြီး၏ မြောက်ဘက်မုခ်ဦးမှာ "**အောင်မင်္ဂလာ**" ကန်တော်ကြီးသို့သွားရာ မင်္ဂလာမုခ်ဦး ဖြစ်လေ၏။

ဘုရားဖြူစေတီတော်ကြီး၏ အောင်မြေအရပ်ဖြစ်သောအရှေ့မြောက်ထောင့် မဟာတံတိုင်းအတွင်း တည်ရှိသော သက်တမ်းရင့် အသက်ရာကျော် မြန်မာပိတောက်ပင်ကြီးသည် ယခုနှစ် တော်သလင်းလထဲက မြေခသွားခဲ့လေသည်။

ယခုအခါ ထိုပိတောက်ပင်ကြီး၏ ပင်စည်အား ဖြတ်ထုတ်၍ ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် ပန်းပုပညာရှင်များက ထုဆစ်လျက်ရှိလေရာ ပြီးစီးတော့မည် ဖြစ်လေ၏။

ဘုရားဖြူ စေတီတော်မြတ်ကြီးသည် ကား ရေဝင်သာသနာနယ်မြေ၏ အလွန်ထူးခြားသော စေတီတော်တစ်ဆူ ဖြစ်လေသည်။

စိတ်အေးချမ်းခြင်း၊ စိတ်ဖိစီးမှုကင်းဝေးရာဌာနဖြစ်ခြင်း၊ ဆိတ်ငြိမ်ခြင်းတို့ကို ရရှိခံစားနိုင်သော ရွာဦးကျောင်းဦး အဝင်အထွက်နေရာထူး ဖြစ်သောကြောင့်ဂန္ဓာရီခရီးစဉ်အတွက်အထောက်အပံ့ အောင်မြေထူး ဖြစ်လေသည်။

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

# ပြဒါးဓာတ်ဖြင့်

## အပွင့်လမ်း လှုပ်ကြရအောင်

လောကီလူသားအားလုံး စား,ဝတ်,နေ အရေး(၃)ပါးအတွက် အဆင်ပြေနိုင်ရန် အမျိုးမျိုးသော ဂမ္ဘီရဆိုင်ရာ နည်းလမ်းများကို အသုံးပြုကြပေသည်။

အချို့မှာ ဘာသာရေးနှင့်ယှဉ်၍လည်းကောင်း၊ အချို့မှာ လောကီဂမ္ဘီရနည်းကိုလည်းကောင်း အားကိုးယုံကြည်စွာ မိမိတို့လုပ်ငန်းအောင်မြင်ကြစေရန် စီရင်၍ အသုံးပြုကြပေသည်။

အဂ္ဂိရတ်ဝါသနာပါသော အချို့ပုဂ္ဂိုလ်တို့မှာ သွပ်ဓာတ်လုံး၊ ပြဒါးဓာတ်လုံးတို့ကို ချုပ်နည်း၊ ဖမ်းနည်းအမျိုးမျိုးဖြင့် စီရင်ကာ လေဖိုတင်၍ အပွင့်ဓာတ်ကို စီရင်ကြပေသည်။

စာရေးသူ လေ့လာမှတ်သားဖူးသော အလွယ်ကူဆုံးနှင့် အဂ္ဂိရတ်ကျွမ်းကျင်သူများပါ ပြုလုပ်နိုင်သော ပြဒါးဓာတ်လုံးဖြင့် အပွင့်ဓာတ်အစီအရင်ကို ရေးသားလိုပါသည်။

ပြဒါးဓာတ်လုံး တည်ရန်အတွက် ပြဒါး(၃)ကျပ်သား၊ ဒုတ္တာ(၆)ကျပ်သားတို့ကို ယူပါ။ ဒုတ္တာအားလုံးကို အမှုန့်ထောင်း၍ ပြဒါး(၃)ကျပ်သားနှင့် နယ်ပြီး သံဒယ်အိုးတွင် ထည့်ပါ။

ထို့နောက် ထိုအထဲသို့ ရေကို လက်တစ်လုံးခန့် ချန်ပြီး ထည့်၍ ရေခန်းအောင်ပြုတ်ပါ။ မီးသွေးမီးဖိုဖြင့် ပြဒါးအရည်မသွေ့အောင် ပြုတ်ပါ။

ထို့နောက် သံဒယ်၌ ကပ်နေသော အရည်များကို ခွာယူပါ။ ခွာယူပြီး ပန်းကန်တစ်လုံးထဲတွင် စုထည့်၍ ထားပါ။

ပန်းကန်တွင်းမှ ပြဒါးနှင့် ဒုတ္တာဓာတ်အရောကို ကျောက်ပျဉ်တွင် တင်၍ ရေအေးဖြင့် ပက်ကာ,ပက်ကာ ကြိတ်ပါ။

ထို့နောက် ကျောက်ပျဉ်တွင် ကပ်နေသော ပြဒါးကို ပန်းကန်ထဲသို့ ထည့်ပါ။ ပျော့နေသော ပြဒါးဓာတ်ရောကို ရေဖြင့် နယ်ပါ။ ရေနီကုန်မှ ရပ်ပါ။



ထို့နောက် ပျော့နေသော ပြဒါးကို စိတ်ရှည်စွာ အလုံးရရန် ဖြည်းဖြည်းချင်း လုံးပါ။

ပြီးလျှင် အောက်သို့ချပြီး ဓာတ်လုံးကို အအေးခံ၍ ယပ်တောင်ခတ်ပေးပါက မာလာပါလိမ့်မည်။ ပြီးလျှင် နှင်းထဲတွင် တစ်ည အအေးခံထားပါ။ ထို့နောက် သံပရာရည်တွင် တစ်ညစိမ်ထားပါ။

ထိုတစ်ည စိမ်ပြီးသော ဓာတ်လုံးကို အပူစ တင်ပေးရန် သံပရာသီးကို ထိပ်ဝဖွင့်၍ အူတိုင်ကို ထုတ်ပစ်ပါ။ အရည်များကို ပန်းကန်တွင် ထည့်၍ထားပါ။

ထိုထိပ်ဝဖွင့်၍ အူတိုင်ထုတ်ထားသော သံပရာသီးအခေါင်းတွင်း ဓာတ်လုံးထည့်၍ ပြာပူပေါ်တွင် တင်ထားပါ။ သံပရာသီးဘေးပတ်လည်တွင် မီးခဲလေးများ ရံပေးထားပါ။

သံပရာရည်ခန်းလျှင် ကြေးဇွန်းဖြင့် ဆယ်ယူပါ။ သံပရာသီးကျွမ်းခါနီးမှ ဆယ်ယူပါ။ သံပရာသီးဖြင့် မီးအုံးနေစဉ် မကွဲပါစေနှင့်၊ အထူးဂရုစိုက် ပြုလုပ်ပေးပါ။

ထိုကဲ့သို့ တစ်လုံးပြီးတစ်လုံး အကြိမ်(၃၀)၊ သံပရာအလုံး(၃၀) ကုန်အောင် ပြုလုပ်ပေးပါ။

သံပရာအလုံး(၃၀)ကုန်လျှင် ပီယဖြစ် အပွင့်လမ်းရောက်ရှိပြီ ဖြစ်ပါသည်။ ကျန်းမာရေးအတွက် အဆိပ်အတောက်ရောဂါများကိုလည်း အသုံးပြုနိုင်ပါသည်။

သံပရာအလုံး (၁၅၀)ကုန်လျှင် ကုဋ္ဌနူနာ၊ ဒူလာ၊ မီးယပ်ပျောက်၏။ သံပရာအလုံး(၇၀၀)ကုန်လျှင် ရွှေ,ငွေ ကျွေးက စား၏။ သံပရာအလုံး(၁၀၀၀)ကုန်ပါက ပြာအန်၏။ ပြာ(၁)ရွေးကို ပျားရည်(၁၀)ကျပ်သားနှင့်စိမ်၍ ရောစားပါက (၁၀)ပါးသော သိဒ္ဓိအောင်၏ဟု ဆိုပါသည်။

ဓာတ်လုံးကို ညတိုင်းရေစိမ်၍ ထိုရေဖြင့် နံနက်တိုင်း မျက်နှာသစ်ပါက လွန်စွာ အကျိုးထူးရရှိပါလိမ့်မည်။

ဝါသနာပါသောသူများ အလွယ်တကူ အသုံးပြုနိုင်ရန် ပြဒါးဓာတ်လုံး အလွယ်ကူဆုံး စီရင်နည်းကို တင်ပြလိုက်ရပါတော့သည်။

**(ဝိဇ္ဇာဓရဆေးပညာကို ဖော်ထုတ်ရှာဖွေနေသော ဆရာအား ဤစာမူဖြင့် ဂါရဝပြုလိုက်ပါသည်။)**

**မောင်နေသွေး(ဝက်လက်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

**ပျောက်ကင်းစေသော ရောဂါများ**

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်**"အသားအရေ ဖြူနု ချောမွတ်ပြီး မကြာဘူးအောင် အလှထူးစေသည့်"**ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်း ရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၉ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဦးနှောက်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကာနိုင်း ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# တက်ခေါင်းပင်၏ ဝိဇ္ဇာပြုနေဟောင်းဆီသို့ (၃)

ဇော်ဝေ (LL.B)

ယခင်လမှ အဆက်

ဆုတောင်းပြည့်စေတီမှ ဆင်းခဲ့၍ ကျောင်းသို့ ပြန်ရောက်လျှင် ဗိုက်ဆာလှပြီဖြစ်၍ ကျွန်ုပ် ညနေစာ စားရလေသည်။ ဘုန်းကြီးကျောင်း၏ နံနက်ဆွမ်းကျန် ဆွမ်းဟင်းမှာ ပဲပုပ်ကို ဖန်ခါးသီးနှင့် ရောထောင်းပြီး ဆီ၊ အချိုမှုန့်မပါ၊ ချွတ်သီးနှင့် ရောစပ်လျက် ရေနှင့်ပြုတ်ထားသည့် ငါးပိရည်တစ်ခွက်သာ ဖြစ်လေသည်။

သဘော်ရွက်မီးဖုတ် တို့စရာနှင့် မျက်စိမှိတ် မျိုချရတော့သည်။ ထို့နောက် ရေနွေးကြမ်းနှင့် ထန်းလျက် အမြည်းစားသောက်ရ၏။

အလင်းရောင် ရှိနေသေးသဖြင့် အနောက်ဘက် တောင်ပတ်လမ်းအတိုင်း ထွက်လာခဲ့ကြရာ မကြာမီ ဆင်စွယ်သဏ္ဍာန် ကျောက်စွန်းတစ်ခုအနီးသို့ ရောက်လေသည်။

ဒီနေရာကို ကျောက်သွားသီးလို့ ခေါ်တယ်။ ကျောက်ဆင်စွယ်လို့လဲ ခေါ်ကြသေးတယ်။ ဒီနေရာက အရှေ့ဘက်ရှုစုး လေးတာလောက်သွားရင် ဘုရင်၊ မိဖုရားနဲ့ သားတော်တို့ကို ဂူသွင်းမြှုပ်နှံထားတဲ့နေရာ ရောက်လိမ့်မယ်။

ဟိုတုန်းက ဒီမီးဖိုင်းတောင်နောက်ကျောမြေပြန့်မှာ ရှင်ဘုရင်တွေရဲ့ မြို့တောင်းနေရာရှိတယ်။ ဂူသွင်းတဲ့နေရာက အရှေ့ဘက်တာ (၄၀)အကွာ အနောက်က အရှေ့ဘက် စီးဆင်းတဲ့ စမ်းချောင်းတစ်ခုရှိတယ်။ စမ်းချောင်းဝဲယာမှာ ပိန်းချဉ်ပင် စိုက်ထားတယ်။ ပိန်းချဉ်ပင်အောက်မှာ ချိပ်ရှင်ရှိတယ်။

အဲဒီက နှစ်တာလောက်ဆက် သင်၊ ရင် တာလာဗီဇကျောက်ဆူး ရှိတဲ့နေရာ ရောက်မယ်။ အဲဒီမှာ စမ်းရေလဲ ချိုနေတယ်။ အနီးအနား၊ သစ်ပင် မြက်ပင်တွေလဲ စိုတယ်။ တာလာဗီဇကျောက်ဆူးဟာ ထမ်းစေလို့ အမိန့်ရှိတယ်။



◆ မီးဗိုလ်တောင် တောင်အတက်လမ်းမှ ပိန်းရွ





www.burmeseclassic.com

www.burmeseclassic.com

နူးညံ့တယ်။ အမှုန့်ထောင်းပြီး ရေနဲ့ဖျော်၊ နဘကိုစိမ် ဖိုထိုးရင်ပျောက်ရတယ်။ အဲဒါကို အချဉ်စိမ်ပြီး သုတ်နဲ့နယ်၊ အခဲဖြစ်အောင် ချက်၊ သူက တစ်ပဲ၊ ဒန်က တစ်ဆယ်မှာ ပစ်ရင် ရွှေဖြစ်ရိုး ရှိခဲ့တယ်ကွယ့်'

တဖြည်းဖြည်း အမှောင်များလာခဲ့ပြီ၊ အလင်းရောင် အားနည်းလာပြီဖြစ်၍ လှည့်ပြန်ခဲ့ကြလေသည်။ ခရီးပန်းလာ ကြသဖြင့် ထိုည၌ စောစောအိပ်ရာဝင် ခဲ့ကြပါသည်။

* * *

မီးဖိုင်းတောင် နံနက်ခင်းမှာ နှင်းများ ဖုံးနေသည်။ အရုဏ်ဆွမ်း စားပြီးသည် အထိ နှင်းမစဲသေးပေ။ ကျွန်ုပ်နှင့် ရသေ့ကြီးတို့မှာ နေရောင်လာသည် အထိ မစောင့်နိုင်။ ကျောင်း၏ မြောက် ဘက်ရှိ တောင်ကုန်းတစ်ခုသို့ ကျောက် သား လမ်းကျဉ်းကလေးမှ ခဲရာခဲဆစ် တက်သွားကြရသည်။

တောင်ကုန်းထိပ်တွင် သိမ် တစ်ဆောင် ရှိသည်။ သိမ်အတွင်း ဘုရားခန်း၌ ရသေ့ကြီးပညာကုဒ္ဒိ လှူဒါန်းထားသော ဘုရားကျောင်း ဆောင်နှင့် ရုပ်ပွားတော်တစ်ဆူ ထီးဖြူ နှစ်လက်ရှိလေသည်။ မျက်စိကို ဆွဲ ဆောင်ထားသည်မှာ နံရံပေါ်မှ ပန်းချီ ကားကြီးတစ်ချပ်ပင်တည်း။

**ရှေးတော်က ဇော်ဂျီဘာဝီဦး ပါးကျည် တောက် ဗိုလ်စ်လုံးမြင် အဂ္ဂိရတ် ထိုနေ ဟာန် ပန်းချီကားမှာ လှမ်းစွာ အသက်ဝင် လှပါသည်။**

'ဒီတောင်က ဇော်ဂျီတောင်လို့ ခေါ် တယ်။ ရှေးအခါက ဒီတောင်ကုန်းမှာ ဇော်ဂျီတွေ ဖိုထိုးတဲ့ ဖိုကုန်းရှိခဲ့တယ်လို့ သိရတယ်'

ဇော်ဂျီတောင်ထိပ် ကုန်းပြန့်မှ သိမ် တော်၏ တောင်ဘက် မနီးမဝေးတွင် ရသေ့ခုတင်ခေါ်သော ကျောက်ဖျာကြီး တစ်ချပ် အထူးအဆန်း ရှိသည်ဆို၍



◆ မီးဖိုင်းတောင်ကျောက်ကြားမှ ရှာပါသော ကုန်းနီပင်

◆ ကျွန်းလက်သဲပင်



သွားကြည့်ကြပြန်သည်။ ကျောက် သား၊ ကျောက်တုံး၊ ကျောက်စွန်းများ အပေါ်မှ အတော် ခက်ခဲစွာ သွားရ သည်။

အရှေ့ဘက် နေရောင်ကို ကာထား သော ကျောက်နံရံကြီးမှာ သဘာဝကျ လှသည်။ အမြင့်(၁၅)ပေ၊ အလျားပေ (၄၀)၊ အနံ(၂၀)ပေခန့် ရှိသည်။ ထို ကျောက်နံရံနှင့်ကပ်လျက် အနောက် ဘက်တွင် အလျား (၁၅)ပေ၊ အနံ(၆) ပေခန့်ရှိသော ကျောက်ဖျာတစ်ချပ်မှာ တောင် မြောက်တန်းလျက် ခင်းထား သည်။

ရှေးအခါက လူသားတို့ အားအင် ဖြင့် တမင်ခင်းထားကြောင်း သိရှိနိုင်ပါ သည်။ ကျောက်ဖျာ၏ အထူမှာ တစ် ထွာခန့်ရှိပြီး မညီသော အောက်ခြေကို ကျောက်တုံးငယ်တို့ဖြင့် ခုထားသည်။ ထိုကျောက်ဖျာကြီးအောက်၌ လူတစ် ယောက် ချောင်ချောင်ချိစွာ အိပ်စက်နိုင်သော လိုဏ်ဂူငယ်တစ်ခု ရှိနေသည်။

'ဒီကျောက်ဖျာကို ရသေ့ ခုတင်လို့ ခေါ်ကြတယ်။ တချို့ကလဲ **မဟာဂုရှ ကျောက်ဖျာ**လို့ ခေါ်ကြတယ်။ ထွက်





www.burmeseclassic.com

www.burmeseclassic.com



▲ တောရှောက်ပင်ငယ်

▼ နတ်ယပ်ညှိပင်



ချပ်ပေါက် ရသေ့ဝိဇ္ဇာကြီးတွေ တရားကျင့်ကြံအားထုတ်ခဲ့ကြသလို မဟာဂုရုဇော်ဂျီလဲ ဒီကျောက်ဖျာမှာ အကျင့်စခန်း အောင်မြင်ခဲ့ကြကြောင်း အဆိုရှိတယ်။ ဒီကျောက်ဖျာကြီးနဲ့ ပတ်သက်ပြီး မီးဖိုင်းဝိဇ္ဇာမိုရ်ရဲ သိုက်ညွှန်းမှာ ရေးထားတာကတော့…

**မီးဖိုင်းဘုရား၏ အရှေ့မြောက် တာ(၄၀) အကွာတွင် ကညင်ပင်တစ်ပင် ရှိ၏။ ကညင်ပင်တွင် မုတ်ဆိတ်လုံးမှာ သပိတ်လုံး ခန့်ရှိ၏။ ထိုမုလုံးထဲ၌ မှိုအလ(၅၀)ရှိသည်။ တောင်(၁၀)တွင် မှိုအလတစ်မှာ ပင်ကာ ချထားသည်။**

ထိုကညင်ပင်အောက် (၃)တာ အကွာ၌ ရသေ့ဥပုသ်စောင့်ခုတင် တစ်လုံး ရှိ၏။ ထိုခုတင်နောက်ဘက်တွင် အရုပ်တစ်ခုမှာ နှုတ်သီးမှ ခေါင်းအထိ သုံးမိုက်ရှိသည်။ အရုပ်အနီး၌ ဂူဝ တစ်ကိုယ်ဆံ့ရုံ ဂူတစ်ခု တွေ့မည်။

ဂူထဲ၌ ရွှေနှစ်ပြား ချ၍ ထား၏။ ကျောက်နံရံမှာ ထွင်း၍ ထည့်ထားသည်။ ဇော်ဂျီ အင်းတေးမ်၍ လျှို့ဝှက်စာ ရေးထားသည်။ အင်းတေအထူ ငါးလက်မခန့်ရှိ၏။ ထိုနေရာတွင် အိမ်မြှောင်ဥသဏ္ဌာန် လေးလုံး တစ်လုံးလျှင် ဆီးဖြူသီးခန့် အမှတ်ပြုထားသည်။ ယူလိုသော် ကန်တော့ပွဲ၌ ကတိုး ဖုံးမသိန် ထည့်၍ ပူဇော်ပါ။

'အဲဒီလို တွေ့ရတယ်ကွယ်။ ဘရသေ့တို့ရောက်တော့ တာ(၄၀) အကွာမှာရှိတဲ့ ကညင်ပင်ဆိုတာ အငုတ်ပဲ ကျန်တော့တယ်။ ဒါပေမယ့် ရသေ့ခုတင်တော့ ဒီအတိုင်း ရှိနေတုန်းပဲ။ အရုပ်နဲ့ ဂူဆိုတာတော့ ကျောက်နံရံ အနောက် ခဲရာခဲဆစ်နေရာမှာ ရှိပါတယ်။

အဲဒီမှာ မီးဖိုင်းဘုရားရဲ့ ထီးတော်ဟောင်း အစိတ်အပိုင်းတစ်ခုကို ဘရသေ့ သိမ်းထားတယ်။ နောင်လာနောက်သားတွေ တွေ့မြင်ဖူးကြအောင်။ ဂူနံရံမှာ အင်းတေမံထားတဲ့ အိမ်မြှောင်ဥ သဏ္ဌာန်အမှတ်အသားတော့ ရှာမတွေ့ဘူး'

ရသေ့ခုတင် အနီးဝန်းကျင်ကျောက်ကြို ကျောက်ကြား၌ လိုက်ရှာသော အခါ လုံကွဲ အပိုင်းအစတစ်ခုကို တွေ့ရသဖြင့် ဓမ္မသစ္စာဆရာအောင်အတွက် လုံကျင်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကောက်ယူ သိမ်းဆည်းလိုက်ပါသည်။

ထိုနေရာမှပင် တောင်ခရုခွံကြီးနှစ်ခု တွေ့သဖြင့် ရသေ့ကြီးမှ အသုံးဝင်ပုံကို ပြောပြ၍ ကျွန်ုပ်မှ ကောက်ယူ စုဆောင်းလိုက်ရပြန်သည်။

'ဒီတောင်ပေါ်ခရုတွေဟာ တိုင်းရင်းဆေးမှာ ဆေးစွမ်းထက်တဲ့ ဆေးတစ်လက်ပဲ။ သူ့ကို သုံးခွက်တစ်ခွက်တင် ပြုတ်သောက်ရင် ဆီးရောဂါ အမျိုးမျိုး ပျောက်နိုင်တယ်'

ကျွန်ုပ်နှင့် ရသေ့ကြီးတို့သည် ရသေ့ခုတင် နောက်ဘက်မှ လျှို့ဝှက်အရုပ်ဂူသို့ သိမ်အနောက်ရှိ ချောက်ကို ပတ်၍ အလွန် ခက်ခဲစွာ သွားကြရသည်။ သက်စွန့်ဆံဖျား ဆိုသည်မှာ ဤကဲ့သို့ လမ်းမျိုးပင် ဖြစ်ပေလိမ့်မည်။

ကျောက်စွန်း ကျောက်စများကို တွယ်တက်ရသည်။ ဆူးပင်များ၏ ဆွဲယူခြစ်ပစ်ခြင်းခံရသည်။ လက်လွှတ်




www.burmeseclassic.com

www.burmeseclassic.com



◆ အကြောတစ်ထောင်ဂမုန်း



◆ မီးဖိုင်းတောင် မင်းတကော်လမ်းဆီမှ အသေးပြေအတော်

ခြေချော်ကျလျှင် သက်သာရန် မမြင်။

**လျှို့ဝှက်ချက်တို့ ရောက်သောအခါ ဂူထဲ ဝင်ရန် ရှာတာရက် မငုံမရဲ ဖြစ်ရပြန်၏။ ဂူကျဉ်းကျဉ်း၏ အမိုးပေါ်တွင် ရောမ ကျောက်တုံးကြီးများ မထိတထိ ထော ဂုံးလေး တင်ကာ အမိုးသဖွယ် ဖြစ်နေ သည်။ လျှင် တစ်ချက်တုန်လိုက်က ပြို ကျလျှင် ပိ၍သေမည်သာ။**

ရသေ့ကြီးက ရှေ့မှဝင်ပြီး မီးဖိုင်း ဘုရားမှ ထီးပေါင်း အစိတ်အပိုင်း တစ်ခုကို ယူထုတ်ပြသည်။ သံထည် များ ဖြစ်၏။ လက်ရာကို အကဲခတ် ကြည့်ရာ ဓမ္မစေတီမင်းခေတ် သက္ကရာဇ် ၈၃၀ ပြည့်နှစ် ဝန်းကျင်ခန့် က ထီးတော်တို့၏ လက်ရာနှင့် တူနေ သည်။

ကျွန်ုပ်က ဂူနံရံများတွင် အင်္ဂတေ မံထားသော အိမ်မြှောင်ဥသဏ္ဌာန်ကို လိုက်ရှာကြည့်သေးသည်။ ရွှေပြား နှစ်ပြားကို လောဘစိတ်ဝင်မိ၏။ ရလို ရငြား ရှာကြည့်ချင်သည်။ နှစ်ပေါင်း ကြာပြီဖြစ်၍ ကျောက်သားနှင့် အင်္ဂတေ အရောင် တစ်သားတည်း ဖြစ်နေပြီ။

ကလိုင်သံပါသည့် နေရာကို သိရန် ကျောက်ခဲတစ်လုံးနှင့် ထုမည်ကြံသေး သည်။ တောင်စောင့်နတ် မကြိုက်လျှင် ဂူတွင်းမှ တုန်ဟည်းသံနှင့် ဂူအမိုး ကျောက်တုံး ပြိုကျလာနိုင်သည်။ အကယ်၍ ထိုသို့ ပြိုကျလျှင် ကျွန်ုပ်တို့ ပိပြားသွားလိမ့်မည်။ ပြေးရန် မြေမရှိ။ ဤအကြံကို လက်လျှော့လိုက်ရ၏။

ဂူအမိုးဘေးမှ ပတ်၍ ကျောက် တောင်ထိပ်သို့ ရောက်အောင် ဆက် တက်သွားကြရာ တောင်ထိပ်၌ အရိပ်ရ သစ်ပင်ပုများနှင့် အတော်ကျယ်သော မြေပြန့်ရှိနေသည်။

ဤနေရာ၌ အေးအေးလူလူ တရား အားထုတ် အဓိဋ္ဌာန်ဝင်နိုင်သည်။ လေပြည်တဟူးဟူးနှင့် အေးအေးမြ ရှိသည်။ ပတ်ဝန်းကျင် အဝေးရှုခင်း လည်း ကြည့်မြင်နိုင်သည်။ ဗျူးပွိုင့် သတ်မှတ်နိုင်၏။


မြောက်ဘက်သို့ လှမ်းမျှော်ကြည့် လိုက်သောအခါ အရောင်တောင်နှ ဖိုခုံလောက်ဆိုင်သဖွယ် ဖြစ်နေသော တောင်နှစ်လုံးကို တွေ့မြင်ရ၏။ တော ၏ ပုံသဏ္ဌာန်မှာ အမြင်ထူးခြားေ သလိုလို။ သဘာဝတောင်နှင့်မတူ လူတို့လုပ်အားဖြင့် ဖန်တီးထားပုံ သည်။



www.burmeseclassic.com

www.burmeseclassic.com





▲ ကုလားမတောင်ထိပ်မှ ထင်းသမန်ဥကြီး

◀ မီးဖိုင်းတောင် မင်းတက်လမ်း လက်ယာ ရထားရှု

'အဲဟို အရောင်တောင်နားမှာ မြင်နေရတာ **တေလေစတောင်နဲ့ ဖို့တောင်**လို့ခေါ်တယ်။ တချို့က **ဗိုလ်တောင်**လို့လဲ ခေါ်ကြတယ်။ ဝက်ခေါင်းမင်း ဖိုထိုးဖို့အတွက် မြို့သူမြို့သားတွေရဲ့ လုပ်အားနဲ့ တောင်ကြီးသဏ္ဌာန် ဖြစ်လာအောင် မြေတွေကျောက်တွေ ဖို့တင်ပေးထားတာပဲ။

အဲဒီနေရာမှာ ဝိဇ္ဇာမြို့တော် အလုံမြို့ရဲ့ မြောက်ဘက် တံခါးဝရှိတယ်။ အမှန်တော့ တောင်ကြားလမ်းတစ်ခုပေါ့။ အလုံမြို့ရဲ့ မြို့ရိုးတွေအဖြစ်နဲ့ သဘာဝတောင်တန်းတွေကို အသုံးပြုထားပြီး သဘာဝလှိုဏ်ကြီးတွေနဲ့ ချောက်ကမ်းပါးတွေကို ကျုံးအဖြစ် အသုံးပြုထားတယ်။

တောင်ကြားလမ်း လေးခုဖြစ်အောင် ဖန်တီးထားပြီး အလုံမြို့ရဲ့ အရှေ့တံခါး အနောက်တံခါး တောင်တံခါး မြောက် တံခါးတွေအဖြစ် သတ်မှတ် ထားခဲ့ကြတယ်။ အခု တော ဖုံးနေတဲ့ တောင်စောင်း မြေပြန့်ကုန်းနိမ့်တွေ အားလုံး ဟာ ဝိဇ္ဇာမြို့တော် အလုံမြို့ရဲ့ အစိတ်အပိုင်း တွေပဲ'

**'ဗိုလ်တောင်နဲ့ တေလေစတောင်တွေအကြောင်း ဝိဇ္ဇာမိုရ်ရှိသိုက်ညွှန်းမှာ ဘာတွေ ရေးထားတာ ရှိသေးလဲ။ ဘာရသေ့ မှတ်မိသလောက် ပြောပြပါဦး'**

'ဒီတောင် နှစ်တောင်ဟာ ဝက်ခေါင်းမင်း အနှစ်သက်ဆုံးနေရာတွေပဲ။ ဝိဇ္ဇာမိုရ်ရှိသိုက်ညွှန်းအရ ပစ္စည်းဥစ္စာအများဆုံးရှိတယ်'

'မီးဖိုင်းဘုရား မြောက်ဘက်ရှိ တောင်ကို ဖို့တောင်ခေါ်သည်။ တောင်ထိပ်တွင် စေတီငုတ်တို ရှိသည်။ ရွှေ(၇၀)သား မြှုပ်နှံထား၏။ ထိုရွှေအောက်၌ ကြေးအိုးနှင့် ချိပ်သေရှိသည်။ ချိပ်သေတစ်ကျပ်တွင် ကြေးနီ တစ်ဆယ်ပစ်က ရွှေဖြစ်သည်။ ငှက်ပျော၊ ကြံ၊ ကွဲ့နို့၊ ထောပတ် ရက္ခစိုးနတ်ကိုကျွေး၍ ယူလေ။

တေလေစတောင် အရှေ့တာ ငါးဆယ်တွင် ကြံ(၁၀)ရုံရှိ၏။ ယင်း ကြံ(၁၀)ရုံ အရင်း၌ ပလ္လင်မှောက်ခုံ လုပ်ထား၏။ ကြံပင်များအောက်အနက်(၂)တောင်တူးလျှင် ကျောက်သံပတ္တမြား ရွှေစင်ရုပ်တုများ ရှိသည်။

ဖို့တောင် မြောက်ဘက် အရောင်တောင်ခြေတွင် ဆင်ဦးခေါင်းခန့်ရှိသော ကျောက်တစ်လုံးရှိ၏။ ထိုကျောက်တုံးအတွင်း၌ ဝက်ခေါင်းမင်း၏ နန်းစဉ်ပတ္တမြားကြီး မြှုပ်နှံထားသည်။ နေရောင်နှင့်ကြုံလျှင် တစ်တောင်လုံး လင်းသည်။

**တေလေစတောင်မှ အရှေ့ဘက် ဆယ်တာအကွာတွင် မီးဖိုင်း အလုံမြို့၏ မြောက်တံခါးဝရှိသည်။ ကျောက်သားတံခါးနှင့် (၃)တာအကွာတွင် ရွှေ(၂၃)တင်းကို အမတ်ကြီး ဥညာအလေးမြှုပ်နှံထား၏။**

မြေပြင်ပေါ်၌ အုတ်ပလ္လင် အမှတ်အသားပြုထားသည်။ ရွှေဖယောင်းတိုင်ထွန်း၍ ထီးဖြူလှူ၍ ယူပြီး အလှူအတန်းပြု အမျှဝေလေ။

ဖို့တောင်၊ လဒုတောင်နှင့် အရောင်တောင်(၃)လုံးအကြား ဆုံရာတွင် ခါးသေးသော လိပ်သဏ္ဌာန် ကျောက်တုံး အမှတ်အသားအောက်၌ လည်းကောင်း၊ ဖားသေတောင်၏ အနောက်တောင်ဘက် ဂူတွင်း၌ လည်းကောင်း၊



www.burmeseclassic.com


www.burmeseclassic.com



▲ မီးတိုင်တောင်မှ ပန်းရှည်ပင်

လဒုတောင်ထိပ်စေတီ အရှေ့တွင်းချိုင့်

'အဲဒီလို လျှို့ဝှက်စာတွေနဲ့ ရေးထား



အမှတ်အသားနေရာတွင် လည်းကောင်း၊ ဝက်ခေါင်းမင်း၏ ပစ္စည်းဥစ္စာများစွာ သိုဝှက်သိမ်းဆည်းထား၏။ ပြု၍ယူလေ။

* * *

တာလဲရှိတော့ အမိပ္ပာယ်ဖော် မဘတ်ဘူးပေါ့ကွာ။ ဘရသေ့တို့က ပစ္စည်းဥစ္စာရရင် သာသနာပြုလုပ်ငန်းတွေမှာ သုံးစွဲဖို့ ရည်ရွယ်ပါတယ်။

ဒါပေမယ့် တကယ်တမ်းကျတော့ အမှတ်အသားတွေ တွေ့ပေမယ့် တူးပေ်တဲ့ နေရာမှာ မလွယ်ဘူး။ ရှေးခေတ် ကျိန်ရ အစီအရင်တွေဟာ သိပ်ကြောက်ဖို့ ကောင်းတယ်။ လွယ်လွယ်နဲ့ မရနိုင်ပါဘူး'

ကျွန်ုပ်တို့သည် ကျောက်တောင်ထိပ်မှ ဆင်းခဲ့ကြပြီးနောက် တောင်ရိုးတန်းအတိုင်း မြောက်ဘက်သို့ လျှောက်ခဲ့ကြလေသည်။ တောင်စောင်းများတွင် ဒေသခံတို့၏ တောင်ယာစပါးခင်း ရိတ်သိမ်းထားသည်ကို တစ်လမ်းလုံး တွေ့ရသည်။ အတော်ကြာကြာ သွားမိသောအခါ စမ်းချောင်းကြီးတစ်ခုကို တွေ့ရှိရလေသည်။

'ဒီချောင်းကို သူကတဲချောင်းလို့ခေါ်တယ်။ ချောင်းအရင်းသို့ လိုက်သွားလျှင် မိကျောင်းသဏ္ဌာန် ကျောက်ဆောင်ကြီး တွေ့မည်။ တပေါင်းလဆန်း(၃)ရက်၌ ပွဲစုံတင်၍ သစ္စာပြုလျှင် ရွှေမိကျောင်းပေါ်မည်။

ယင်းမိကျောင်း၏ ဝမ်း၌ ပတ္တမြားများကိုရှိသည်၊ မိကျောင်း၏ မျက်စိတို့မှာလည်း ပြောင်းရင်လုံးများ ဖြစ်ကြသည်၊ ဉာဏ်ရှိလျှင် ကြံစည် အားထုတ် ယူလေ။

ထိုမိကျောင်းရှိသော နေရာမှ ဆက်သွားလျှင် ရေတံခွန်တွေ့မည်။ ရေတံခွန်ကျရာ၌ အင်းတစ်ခုရှိသည်။ ရေသုံးတောင်ခန့်သာ နက်သည်။ ယင်းအင်းထဲ၌ ရတနာပစ္စည်းတို့ကို လည်းကောင်း၊ ရုပ်သေ၊ ရုပ်ရှင်တို့ကို လည်းကောင်း၊ ပိုးတိရစ္ဆာန် နာနာရုပ်တို့ကိုလည်းကောင်း၊ သမာဓိနှင့် ဉာဏ်ရှိသူ လူကစိတို့ ယူတတ်လျှင်ရမည် ကုသိုလ်ပြု၍ သုံးစားကြလေလို့ ဝိဇ္ဇာ မိုရ်သိုက်ညွှန်းမှာ ဖော်ပြထားတယ်ကွ

ဘရသေ့အနေနဲ့ ကျောက်

ရွှေလ ဆက်ဖတ်ပါရန်

**အောင်ဇေ(LL.B)**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားဆောင်းပါး

# အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ ၊ ၁၁၀၆၇၂) (တသဓက(မာနယ်ဇင်း) ၀၀၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျှက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူ၍ မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းအောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်၍ ဆိတ်ချေး အပုဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်ကုန်လာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို ခေါင်းကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရှေ့နေစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်၊ ဆရာထံရောက်တော့ "ဆရာ့ရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များသို့ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ကို အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့်
အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။


**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(ဆ/၁၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆ ၂၉၁၊ ၀၉ ၄၇၃ ၂၂၂၃။**




www.burmeseclassic.com

www.burmeseclassic.com



ရေထွက်လျက်ရှိသော လက်ညှိုးတော်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

လက်ညှိုးတော်မှ ရေထွက်သည့်

# ဘုရား ချမ်းသာကြီးရုပ်ပွားတော် (၂)

ယခင်လမှ အဆက်

မြန်မာသက္ကရာဇ် ၁၁၅၆ ခုနှစ်တွင် ပျော်ဘွယ်မြို့ အနောက်ဘက်(၇)မိုင်ခန့်အကွာ **ရန်အောင်မြို့(ယခု ရန်ကုန်မွှေလေး အမြန်လမ်းနှင့် ပျော်ဘွယ်မြို့ ချဉ်းကပ်လမ်းပေါ်၌ ရှိ၏။)**မှ တောင်သူကြီးဦးနောင်သည် ဤနေရာအနီး၌ တောင်ယာ လုပ်ကိုင်ခဲ့သည်။

ထိုနှစ် တန်ဆောင်းမုန်းလပြည့်ညတွင် ယာခင်းအရှေ့ဘက် ကုန်းမို့မို့ချုံတောအတွင်းမှ လင်းလက်သောအရောင်များ မြင်တွေ့ရသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ ချုံတောအတွင်း စူးစမ်းရှာဖွေရာ ကုန်းမို့မို့အလယ်တွင် မြေကြီးအထက မပေါ်တပေါ် ရှိနေသည့် ရှည်မျောမျော အစွန်းတစ်ခုကို တွေ့ရသည်။

ဝန်းကျင်ချုံနွယ်များ ဖယ်ရှား၍ မြေကြီးကို တူးရှင်းဖြင့် တူးဆွကြည့်ရာ ရုပ်ပွားတော်တစ်ဆူ၏ မဏိတော်ဖြစ်နေသော တူးရှင်းကို ထိုးမိသဖြင့် လက်ဝဲဘက်၌ အနည်းငယ် ပဲ့သွားလေသည်။

သို့ဖြစ်၍(ထိုစဉ်) ဘုတ္တာမြို့သူကြီးအား အကြောင်းကြား၍ မြို့သူကြီးနှင့် မြို့ဦးကျောင်းဆရာတော်တို့ ဦးဆောင်လျက် ဘုတ္တာမြို့သူမြို့သားများလည်း ဝိုင်းဝန်းကူညီ တူးဖော်ပေးကြသည်။

ရုပ်ပွားတော် စမ္မခဏ်အထိ တူးပြီးသောအခါ လက်ယာဘက် လက်ညှိုးတော်အနီးမှ ရေများ စိမ့်ထွက်လာကာ ခဏခြင်းပင် မြေကျင်းပြည့်လျှံသွားသဖြင့် ဆက်တူး၍ မရတော့ချေ။

ထို့ကြောင့် မြေကျင်းကို ချဲ့ထွင်၍ အောက်ခံမြေသားကို စမ္မခဏ်နှင့် အညီဖို့သိပ်လျက် ရေရှူပေါက်ကို ပိတ်ဆို့ကြရလေသည်။

ထို့နောက်တွင် ဝန်းကျင် မြေသားထုကို တူးဖော်ကာ ဂန္ဓကုဋိတန်ဆောင်းဆောက်လုပ်ပူဇော်ကြသည်။ နှစ်စဉ်




www.burmeseclassic.com

www.burmeseclassic.com



◄ သိမ်စေတီတွင်း ရုပ်ပွားတော်



သိမ်စေတီ ►

တန်ဆောင်းမုန်းလပြည့်နေ့များတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူ၍ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပပူဇော်ခဲ့ကြသည်။

ဖူးမြော်ပူဇော်ရသူအပေါင်း စီးပွားဥစ္စာ ရတနာရွှေငွေ ပေါများကြွယ်ဝစေသည့် နိမိတ်ကောင်းဆောင်ကာ ချမ်းသာကြီးမြတ်စွာဘုရားဟု ဘွဲ့မည်ကပ်လှူကြလေသည်။

၁၁၉၁ ခုနှစ်တွင် ရန်အောင်မြို့မှ (မူလ ဖူးတွေ့ရသူ) ဦးနောင်၏မြေးဖြစ်သူ ဦးကျန်၊ ဒေါ်နှင်းညိုတို့က ရုပ်ပွားတော် ကိန်းဝပ်တော်မူရန် ဉာဏ်တော်အမြင့် (၂၄)ပေရှိသော စေတီတော်ကို တည်ဆောက်ပူဇော်ခဲ့ကြသည်။

၁၂၈၆ ခုနှစ်တွင် အရှေ့ဘက် အာရုံခံတန်ဆောင်း...

၁၂၈၇ ခုနှစ်တွင် တောင်မြောက် (၇၅)တောင်၊ အရှေ့အနောက်(၅၁)တောင်ရှိ အရံတံတိုင်း၊ အရံတံတိုင်းပေါ်တွင် စေတီငယ် အဆူ(၂၀)တို့ ပြုလုပ်ပူဇော်ခဲ့ကြသည်။

၁၂၈၈ ခုနှစ်တွင် ဘုတ္တလင်မြို့သူကြီး ဦးဘိုးမင်းနှင့် ဒေါ်ဝင်းတို့က ဉာဏ်တော်အမြင့် (၇၂)တောင်ရှိသော စေတီကြီးအဖြစ် တိုးချဲ့ပူဇော်ခဲ့သည်။

***(ဦးငြိမ်းမောင်(ပျော်ဘွယ်)၏ ဘုတ္တလင် ချမ်းသာကြီး ဘုရားသမိုင်းစာအုပ်မှ ထုတ်နုတ်ပါသည်။)***

## ဖူးမြော်ရစဉ်

ထို့နောက် ဆရာတော်အား နှုတ်ဆက်ကန်တော့၍ စေတီတော်သို့ ပြန်လာကြသည်။ ဘုရားပွဲ ကျင်းပချိန် ပြင်ပကာလများတွင် ဂန္ဓကုဋိတိုက်တော်ကို သော့ခတ်ထားသော်လည်း စေတီဝင်းတွင်း အုတ်ကျောင်းတွင် သီတင်းသုံးသော ဦးပဥ္စင်းထံမှ သော့တောင်းကာ ဝင်ရောက်ဖူးမြော်နိုင်သည်ဟု သိရသည်။

F.14B. September, 2014.



www.burmeseclassic.com

www.burmeseclassic.com






◆ သိမ်အနီးရှိ ရှေးထီးလောင်း(၂)လုံး

ချမ်းသာကြီးကျောင်း လက်ရှိဆရာတော် ဦးကုသလ ◆

◆ သိမ်အပြင်ဘက်မှ အင်္ဂတေကွဲသို့ပွန်းစ အခြေအနေ



ထိုစဉ်တွင် မန္တလေးမှ ဇာတိရွာသို့ ခေတ္တ အလည်အပတ် ရောက်ရှိနေသော ဦးမြင့်ဝေ+ဒေါ်ဌေးဌေးဝင်း ဇနီးမောင်နှံက သော့ယူဖွင့်ပေးပြီးလျှင် သူတို့ သိသမျှကိုလည်း ရှင်းပြကူညီပေးကြလေသည်။

ဂန္ဓကုဋိလိုဏ်အတွင်း သက်ဆင်း၍ ဖူးမြော်ရာ ရုပ်ပွားတော်ကို ထုဆစ်မှု လက်ရာသည် ပုဂံခေတ်ကာလ လက်ရာဟု မှန်းဆရသည်။ ဦးငြိမ်းမောင် (ပျော်ဘွယ်)က သုတေသီများ၏ အဆို အရ အင်းဝခေတ်လက်ရာထက် နောက်မကျနိုင်ကြောင်း သူ၏ ဘုရားသမိုင်းစာအုပ်၌ ဖော်ပြထားသည်။

စမွခဏ်၏ လက်ဝဲဘက်သည် တစ်လက်မခန့် မြင့်တက်၍ ရုပ်ပွားတော်သည် လက်ယာဘက်သို့ အနည်းငယ်စောင်း၍နေသည်။ ဆက်လက်တူးဖော်၍ မရတော့သဖြင့် ဤအနေ အထားအတိုင်း ပူဇော်ခဲ့ရသည်ဆို၏။

တောင်သူကြီး ဦးနောင်၏ တူးရှင်းခိုက်မိရာ မဏိတော်လက်ဝဲဘက်မှာ ရွှေသင်္ကန်းအထပ်ထပ် ပူဇော်မှုကြောင့် သိသာထင်ရှားခြင်း မရှိတော့ပါ။

## လက်ညှိုးတော်မှ ရေထွက်ခြင်း

ရုပ်ပွားတော်ကြီးကို စတင် တူးဖော်စဉ်က လက်ညှိုးတော်အနီးမှ ရေများ စိမ့်လျှံထွက်လာသကဲ့သို့ အခါအားလျော်စွာ ရေထွက်လေ့ရှိသည်။ ၁၂၈၅ ခုနှစ်၊ နတ်တော်လဆန်းမှ ၁၂၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့အထိ တစ်နှစ်ကျော်မျှ ရေများ ဆက်တိုက် ထွက်ရှိခဲ့သည်။

၁၃၆၅ ခုနှစ်တွင်မူ ဂန္ဓကုဋိတိုက်မပြည့်လျှံသည်အထိ ထွက်ရှိသဖြင့် ထိုနှစ် ဘုရားပွဲတော်ကာလတွင် ရေစုပ်စက်များဖြင့် စုပ်ထုတ်ပစ်မှသာ ရုပ်ပွားတော်ကို ဖူးမြော်ကြရသည်ဆို၏။

ထိုနှစ်က ကျွန်ုပ်သည်လည်း အကယ်ဒမီတာတ်ပုံတိုက်မှ ကိုကျော်ဇော လိုက်ပို့ပေးသဖြင့် ဘုရားဖူးရောက်ရှိခဲ့ရာ ရေစုပ်မော်တာ ဆင်၍



www.burmeseclassic.com

www.burmeseclassic.com




▲ ဘုဒ္ဓ ချမ်းသာကြီးစေတီ ရှေ့တည်ငြိမ်ကွင်း

▼ နတ်ရှည်တောစိုးကျောင်း



▼ စေတီအနီး ပွဲတော်ကျင်းပရာကွင်း





▲ ဂန္ဓကုဋိလိုဏ် တည်ရှိပုံ

ရေများ စုပ်ထုတ်နေသည်ကို ကိုယ်တိုင် မြင်တွေ့ခဲ့ရသည်။

၂၀၀၉ ခုနှစ်၊ မတ်လခန့်တွင် မိုးကုတ်မြို့မှ ဒနီးမောင်နှံနှစ်ဦးက စေတီတော်အထွတ် သလင်းစိန်ဖူး လာရောက်လှူဒါန်းစဉ် လက်ယာဘက် လက်ညှိုးတော်အဖျားမှ ရေများ စိမ့်ထွက်နေသည်ကို ဗီဒီယိုမှတ်တမ်းရိုက် သွားခဲ့သည်ဆို၏။

၂၀၁၀ ပြည့်နှစ်၊ မတ်လတွင်လည်း ဆရာတော် ဦးကုသလ တရားအား ထုတ်နေစဉ် လက်ညှိုးတော်မှ ရေများ စိမ့်ထွက်လာသည်ကို တွေ့ရသည် ဆို၏။


၂၀၁၁ ခုနှစ်၊ ၁၃၇၃ ခုနှစ်၊ သီတင်း ကျွတ်လဆုတ်(၈)ရက်နေ့တွင် ရုပ်ပွား တော် ရွှေသင်္ကန်း ကပ်လှူရာ နံနက် (၁၁)နာရီတွင် ခေတ္တ နား၍ ထမင်းစား ကြသည်။

ထမင်းစားပြီး၍ လုပ်ငန်းခွင် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စာတန်ဆောင်းမှ (၅)ဆူတန်း



ချမ်းသာကြီးကျောင်း

ဝေဿန္တရာ ဇာတ်သရုပ်ဖော်ပန်းချီကား



ရာ ရေများ ပြည့်နေသဖြင့် ခုံများခုကာ ရုပ်ပွားတော်အထက်ပိုင်းကို ရွှေသင်္ကန်း ဆက်ကပ်ကြရသည်. ဆိုလေသည်။

ဤဘုရားတွင် သစ္စာပြု ဆုပန်ပါက လက်ညှိုးတော်မှ ရေထွက်လာသည်ကို (ဖူးထိုက်ပါက) ဖူးတွေ့ခွင့်ရသည် ဆို၏။

သို့ဖြစ်လေရာ အဓိဋ္ဌာန်ပြုကာ ဓမ္မလမ်းပြဆရာ၏ ပဋ္ဌာန်းဂုဏ်တော်ပူဇော်နည်းအတိုင်း ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့သည်။

ကမ္မဋ္ဌာန်းသိမ်း၍ မေတ္တာပို့ အမျှဝေပြီးနောက် လက်ညှိုးတော်အား လှမ်းကြည့်ရာ ပကတိ ခြောက်သွေ့လျက်ပင် ရှိလေသည်။

ကျွန်ုပ်သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံ၍ပေလောဟု တွေးမိသည်။ မကြာခဏ ကျွတ်နေတတ်သဖြင့် သတိထားကာ ခဏခဏ ပြန်ပြင်ဝတ်နေရခြင်းဖြစ်သည်။

လက်ဖြင့် စမ်းကြည့်သောအခါ စိုထိုင်းသော အထိအတွေ့ကို ခံစားရသည်။ သေချာစွာ ငုံ့စိုက်ကြည့်ရှုလေမှ ရေခဲရည် ထည့်ထားသော ဖန်ခွက်အပြင်နံရံတွင် ရေမှုန်ငယ်များ စုသကဲ့သို့ မြင်ရလေတော့သည်။

လက်ညှိုးညွှန်ရာ ရေဖြစ်သည်ဟူသော စကားမှာ ပုဂံခေတ်အလောင်းစည်သူမင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ သူ သွားလိုရာ အရပ်ကို လက်ညှိုးညွှန်ကာ ရေပြင်ဖြစ်စေ၍ ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်သည်ဟု ဆိုသည်။

ရွှေလ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ထောင်ရေးကံနှင့်

## ကျွန်ုပ်အမြင်

ပွားရေးသမားတစ်ဦး ဖြစ်ပြီး တင့်တောင့်တင့်တယ် နေရသော်လဲ ငွေ မကိုင်ရပါ။ ဒီထက်ဆိုးတာက ခင်ပွန်းသည် စိတ်တို၊ ဒေါသ ထွက် လွယ်ခြင်းပါပဲ။

ဒါတွေကတော့ ဗဟုသုတ အလို့ငှာ တင်ပြပေးလိုက်တာ ဖြစ်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**



ပုံစံ (A)



ပုံစံ (B)

အိမ်ထောင်ရေးကံနှင့် ပတ်သက်သော ကျမ်းအဆိုများကို ဦးစွာ ဖော်ပြပေးချင်ပါတယ်။

**လက္ခဏာပုံစံ** (A)နှင့် တိုက်ဆိုင်ကြည့်ပါ။

နှလုံးသမ်းကြောင်း အစသည် **စနေ ဂြိုဟ်ခုံ အောက်တည့်တည့်တွင် ဉာဏ်လမ်း ကြောင်း**ပေါ်မှ စ,တင်ထားပါတယ်။

ကျမ်းဆိုအရကတော့ အချစ်ပြဿနာ၊ အချစ်ကြီး မှုကြောင့် ဝမ်းနည်းဖွယ်ရာများဖြင့် ကြုံတတ်ခြင်း၊ ဘယ်,ညာ တူလျှင် ရုတ်တရက် သေဆုံးခြင်းလို့ တွေ့ရပါတယ်။

**ပုံစံ**(A) လက္ခဏာရှင်သည် ခင်ပွန်းသည်က အရာရှိကြီး ဖြစ်ပါတယ်။ ပြည့်ပြည့်စုံစုံ နေရပါတယ်။ ဒါပေမယ့် တာဝန် အရ ခဏခဏ ခွဲနေရပါတယ်။

**လက္ခဏာပုံစံ** (B)ဖြင့် တိုက်ဆိုင်ကြည့်ပါ။

နှလုံးလမ်းကြောင်း အစသည် ဉာဏ်လမ်းကို ဖြတ်ပြီး အင်္ဂါဂြိုဟ်ခုံက စတင်ထားပါတယ်။ လက္ခဏာရှင်ရဲ့ ခင်ပွန်းကတော့ စီး



www.burmeseclassic.com

www.burmeseclassic.com



အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး

# နတ်ဆေး တစ်လက်

ယနေ့သည် အဘက်ဘက်မှ တိုးတက်နေသော ခေတ်ကြီးဖြစ်၏။ ခေတ်မီဆေးဝါး မျိုးစုံလည်း ပေါ်ထွက်လာ၏။ သို့သော် ခေတ်မီဆေးဝါးတွေ မျိုးစုံပေါ်ထွက်လာသော်လည်း ရောဂါမျိုးစုံလည်း တိုးပွားလာလျက်ရှိ၏။

ယနေ့တိုင်. တချို့သော ရောဂါကြီးများသည် အမြစ်မပြတ်နိုင်ဘဲ လူတို့ကြားမှာ ခံနာကာနာသဖွယ် ဒုက္ခပေးလျက်ရှိ၏။

ရောဂါဖြစ်လျှင် ကိုယ်ပင်ပန်း စိတ်ပင်ပန်းကာ ငွေကုန်ကြေးကျများလျက် ဒုက္ခများစွာ ရင်ဆိုင်ရ၏။ ရောဂါကြီးလျှင် ကြီးသလောက် ဒုက္ခများစွာ ရင်ဆိုင်ရ၏။ ဤသို့ ရောဂါများတွင် **"ဆီးချို၊ သွေးချို၊ သွေးတိုး"** ရောဂါလည်း ပါဝင်၏။

ကြော်ငြာကောင်းလောက်အောင်ပင် ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် မြင်တွေ့နေရ၏။ ဤဆီးချို၊ သွေးချို၊ သွေးတိုး ရောဂါဖြစ်လျှင် သေမိန့်ကျသည့်အလား ထင်ရလောက်အောင်ပင် သေရာပါရောဂါဟု တင်စားရမည် ဖြစ်သည်။

စာရေးသူသည် အထက်ပါရောဂါသည်များကို တွေ့လျှင် လွန်စွာ စိတ်မကောင်းဖြစ်မိ၏။ စာရေးသူ၏ စေတနာမှန်လို့ ထားမသိ။ မမျှော်လင့်ဘဲ ဆေးနည်းကောင်းတစ်လက် ရရှိခဲ့ပါ၏။ ကျွန်ုပ်လွန်စွာ ဝမ်းသာသွားပါ၏။

ဤဆေးဝါးကို လမ်းညွှန်ပေးပါသော ဆီးချိုရောဂါသည် ဆွေမျိုးနီးစပ်တော်သူ ဦးလေးနှင့်တကွ ဘကြီးတို့အား အထူး ကျေးဇူးတင်ပါ၏။ သူ ပြောကြားချက်အရ ဆရာတော်တစ်ပါးထံမှ ရရှိသည်ဟု ပြော၏။

ကျောက်ကပ်ရောဂါဖြင့် ဆေးရုံမှ လက်လျှော့လိုက်သော လူနာသည်ပင် ဒီဆေးဖြင့် ပျောက်ကင်းကြောင်း ပြောပါ၏။ စာရေးသူ ညီလေးတော်စပ်သူကား ဆီးချို၊ သွေးချို၊ သွေးတိုး၊ လိပ်ခေါင်း စသည့် ရောဂါခံစားနေရ၏။ သူကား အထက်ပါဆေးကို စားသုံးခြင်းအားဖြင့် တစ်ပတ်၊ နှစ်ပတ်ခန့်မှာပင် သက်သာသွားကြောင်း ပြောပါ၏။

ဤမျှလောက်ဆိုလျှင် စာရှုသူတို့ သိချင်ကြတော့မည်ဖြစ်သည်။ အထက်ပါ ဆေးနည်းကား...

'ကျောက်ဖရုံသီးကိုစိတ်၍ အခွံခွာပြီး အစိမ်းစားပါ။ စားရမည့်အချိန်ကား ညအိပ်ရာဝင်ခါနီး တစ်ကြိမ်တည်းပင်ဖြစ်၏။ စားရမည့် ပမာဏကား စားနေသည့်ထမင်းစားပန်းကန် တစ်ဝက်လောက် (မစားနိုင်လျှင်) ပိုပိုစားနိုင်သည့် ပမာဏမျှလောက်စားပါ။ အမျိုးသမီးများ အမျိုးသားများ အသီးကျ၍ လုပကျစ်လျစ်သော အသားအရေကို ပိုင်ဆိုင်ရမည် ဖြစ်၏'

စာရေးသူတို့အိမ်ကလည်း လက်ရှိ စားနေပါ၏။ အမျိုးတွေထဲကလည်း စားသုံးနေပါ၏။

အထက်ပါ အကျိုးတရားများကိုလည်း ခံစားလိုလျှင်၊ ကိုယ်တိုင် သိရှိလိုလျှင်တော့ ကိုယ်တိုင်ပင် လက်တွေ့သုံးစွဲကြ ပါဟုသာ ဖြေချင်ပါ၏။

**သိသူများ ထပ်ဆင့် ဝေငှနိုင်ကြပါစေသောဝ်။**

*ကျန်းမာချမ်းသာ၍ လိုရာဆန္ဒ ပြည့်ဝကြပါစေ။*

**မိုးထက်နိုင်(ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com


နှလုံးရောဂါ ကင်းဝေးအောင်

ပုံနှိပ်တင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၂၂၀၁၁၊ တဆယ်လတိုး (၁၃၁၂)

# မုံရွာဆရာမိုး အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

'' ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး ''

'' ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ ''

'' နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး ''

'' နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓေပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ထွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ ''

'' ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ ''

'' ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ ''

'' ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် ''

'' ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် ''

'' သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး ''




'' သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ''

'' ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ ''

'' ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ ''

'' ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင့်ရနိုင်မှာလဲ ''

'' အညီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ''

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၃၅၆) သီတာစီလမ်းမကြီး မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၃၂

**ကြော်ငြာ ထောင်ယဉ်တင့်**




www.burmeseclassic.com

www.burmeseclassic.com

စံလွန်းဘာ

မြိုင်မြို့နယ်၊ ကွမ်းတောရွာ၊ မင်္ဂလာသီရိကျောင်းမှ

# ဆရာတော် အရှင်ပညာသီရိ

၏ မပုပ်သိုးသော ရုပ်ကလာပ်တော်နှင့် ဘဝပုံရိပ်များ (၄)

ယခင်လမှ အဆက်

ဆရာတော်သည် ဤနည်းဖြင့် ကျေးဇူးဆပ်ရန် **"တို့ သုံးညတော့ သွားကြတာပေါ့"**ဟု အကူ သာမဏေအား မိန့်ကြားခဲ့သည်။ သုံးညပြည့်၍ လေးရက်မြောက်နေ့တွင် ခေါ်စော အနိစ္စရောက်ကြောင်း လျှောက်တင်ကြရာ **"အို၊ နာ၊ သေ ခြင်းကား သားအမိ အချင်းချင်းပင် ကယ်နိုင်သည့် အေးတို့ပါတကား"** ဟု မရဏာနုဿတိဘာဝနာ ပွားများ လျက်...

'ဒီနေ့ အချိန်ရှိသေးတယ်။ သွားပြီး စွန့်ပစ် လိုက်ကြတော့'

ဟု ဦးဝိလာသအား အသုဘကိစ္စ တာဝန်ပေး၏။

ထိုအခါ ဦးဝိလာသက...

'ခုမည်းတော် ကွယ်လွန်တုန်းကလဲ ဒီအတိုင်း သွားပြီး စွန့်ခိုင်းလို့ စွန့်ပစ်ခဲ့ရပြီး ရွာကလူတွေ ဦးဘိုးလှိုင် သေလို့ သေမှန်း တောင် မသိလိုက်ကြဘူး။ အခုလဲ ဒီအတိုင်း သွားစွန့်ရမယ်ဆိုရင် အကဲ့ရဲ့ခံရမှာ အတူတူ ဘာမှ လုပ်မပေးတော့ဘူး'

ဟု လျှောက်ထားက ထထွက်လာ လေသည်။



မန်ကျည်းတန်းတောရကျောင်းမှ အရှင်ပညာသီရိ

အတန်ကြာမှ ဦးဝိလာသကို ပြန်ခေါ်ကာ **"သင့်သလို ကြည့်လိုက်ကြ"** ဟု မိန့်၍ တောရကျောင်းသို့ ကြွသွားလေသည်။ နောက်တစ်နေ့တွင် သက်နှင်းတစ်စုံ ထုတ်ယူစေ၍ မယ်တော်ပုံ ဥမ္မခေါင်း ခေါင်းရင်း၌ အခေါက်လိုက်အတိုင်း **"ရဟန်းမယ်တော်မှန်း သိအောင် တင်ထားရတယ်"**ဟု မိန့်ကြားစီစဉ်စေသည်။ သရဏဂုံတင်၊ အမျှပေးဝေခြင်းများ မပြုလုပ်ဘဲ ကြွမြဲ အချိန်တွင် တောရကျောင်းသို့ ကြွသွားလေသည်။


ဦးဝိလာသ စီစဉ်မှုကြောင့် မယ်တော်ပုံကို တင့်တယ်စွာ သဂြိုဟ်ခဲ့ရပေသည်။

ဤတွင် ကုန်းဘောင်ဆက် ဘကြီး



www.burmeseclassic.com

www.burmeseclassic.com



◆ တောရကျောင်းမှ အပြန်တွင် နားလေ့ရှိသောအုတ်ခုံ

တော် မင်းလက်ထက် မင်းကိုးကွယ်သည့် ဆရာတော်ဦးဗုဓ် ဤဖြစ်စဉ်ပိုသတိရမိသည်။

မယ်တော်၏ အသုဘ ချလာသဖြင့် ကျောင်းသားလေးက **"မယ်တော်ပျံကြွလာပါပြီဘုရား"**ဟု လျှောက်၏။ ဆရာတော်ဦးဗုဓ်က ဖတ်လက်စ ပေရွက်ကိုချ၍ ကျောင်းရှေ့ဖြတ်သွားသော မယ်တော်ပျဉ်ခေါင်းကို ကြည့်လျက် **"ဒကာမကြီးက ဦးသွားတာကိုး။ သွားပေဦးတော့"**ဟု ဆိုပြီးနောက် စာကို ဆက်ဖတ်လေသည်။

## ကြည်ညိုရသမျှ

ကွမ်းတော ဆရာတော် အရှင်ပညာသီရိနှင့် ပတ်သက်၍ မှတ်သားဖွယ် အချို့ကို မှတ်သားပူဇော်ပြီးနောက် ကျောင်းဝင်းအတွင်း ပြန်ဝင်ရောက်လာရာ ကျောင်းဝင်းတောင်ဘက်တွင် ဆရာတော် ရဟန်းပြုခဲ့သည့် သာသနဝိသောဓနီသိမ်တော် ရှိသည်။

ရှေးက အမိုးနှင့်အခင်းသာ ရှိသော လေဟာပြင်သိမ်ဖြစ်၍ ဆရာတော်အား ကြည်ညိုပူဇော်သူပရိသတ် စည်ကားလာပြီးနောက် ၁၃၅၉ ခုနှစ်တွင် ယခုမြင်ရသောသိမ်ကို တည်ဆောက်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းမှ အရှေ့မြောက်ထောင့် မနီးမဝေး သစ်ပင်ကြီးအောက်တွင် အုတ်ခုံတစ်ခု တွေ့ရသည်။ ဆရာတော် တောရကျောင်းမှ ပြန်လာသောအခါ ခေတ္တနားနေ သီတင်းသုံးရာနေရာဖြစ်သည်ဆို၏။

ဤနေရာတွင်ပင် **ဦးစာရိတ္တအား တရားထူး ပေါက်မြောက်ပုံ အရိပ်အမြွက်** မိန့်ကြားခဲ့ပေသည်။ ထိုမှ မြောက်ဘက် ကျောင်းဆောင်ကြီး အနီးတွင် နှစ်ရှည် သနပ်ခါးပင်ကြီး ရှိသည်။ ပင်စည်အချင်း တစ်ပေနီးပါးခန့် ရှိပေမည်။ ရက္ခစိုးအား မေတ္တာပို့ အမျှဝေ ခွင့်တောင်းကာ သနပ်ခါးရွက် အနည်းငယ် ဆွတ်ယူ အဆောင်ပြုကြသည်။

ဆရာတော်၏ မန်ကျည်းကန် တောရသည် သနပ်ခါးပင် များပြားစွာ ပေါက်ရောက်သော သနပ်ခါးတော အနီး၌ရှိ၍ သနပ်ခါးတောမှ ဒါယကာများက ဝေယျာဝစ္စကုသိုလ် ပြုကြသည့်အပြင် တောရကျောင်းတွင် ဆရာတော်နှင့် မကြုံကြိုက်ပါက ဘုရားဖူး၍ ပြန်နိုင်ရန် သနပ်ခါးခြံရှင်များ စုပေါင်းတည်ထားသော (၁၅)တောင်ပြည့် စေတီကလေးလည်း ၁၃၅၅ ခုနှစ်တွင် ပွင့်ထွန်းတော်မူခဲ့သည်။

သနပ်ခါးပင်သည် ဆရာတော်ကြီးနှင့် ပတ်သက်၍ အထောက်အပံ့ကာရကပမာ ဖြစ်တည့်နေရာ သီလဂုဏ်သတင်း မွှေးပျံ့သော ဆရာတော်၏ ဘုန်းရိပ်ခိုကာ သနပ်ခါးရွက်ကို ဘေးကင်းရန်ကာ လာဘ်လာဘ အရာအတွက် အဆောင်ပြုလေ့ ရှိကြသည်ဟု သိရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ နှစ်ရှည်သနပ်သီးပင်ကြီး

ထိုနောက်တွင် ဆရာတော် ဦးစာရိတ္တအား နှုတ်ဆက်ကန်တော့ရာ အရှင်ပညာဓိကသီရိ ရေးသားသည့် ဆရာတော် အရှင်ပညာသီရိ ထေရုပ္ပတ္တိစာအုပ်ကို စွန့်လှူ၍ ကျောင်းဆောင်တွင်း ခေတ္တ ဝင်ရောက်ပါဟု မိန့်ကြားတော်မူသည်။

ကျောင်းမကြီးအတွင်း ဘုရားခန်းအနီးတွင် ဆရာတော်ကြီး၏ ပုံတူရုပ်တုကို မှန်ဗီရိုဖြင့် ပူဇော်ထားသည်။

ဆရာတော်အား ရည်မှန်းကန်တော့ပြီးနောက် ခန်းနေဦးပဥ္စင်း အရှင်အဂ္ဂါနန္ဒ တည်ခင်းသော လက်ဖက်ရည်၊ မုန့်များ စားသောက်ဖြစ်သည်။

ဆရာတော်ကြီး မရှိတော့သော်လည်း မိန့်မှာတော်မူခဲ့သည့်အတိုင်း ကျောင်းသို့ ရောက်လာသူ ရဟန်းရှင်လူပရိသတ်အား ရှိသမျှဖြင့် ဧည့်ဝတ်ပြုမြဲဖြစ်ကြောင်း သိရသည်။

အပြန်ခရီးတွင် ရက်ဆက် ရွာသွန်းသည့်မိုးကြောင့် ချောင်းရေလျှံခြင်း၊ ဆည် ရေပိုဖောက်ထုတ်ခြင်းတို့ကြောင့် အခက်အခဲ ရှိနိုင်သဖြင့် ကျောင်း၌ တစ်ည အိပ်စက်နားနေရန် ဦးပဥ္စင်းက ဖိတ်မန္တကပြုသော်လည်း ပြုဖွယ်ကိစ္စများ ရှိသေးသဖြင့် အားနာစွာ ငြင်းပယ်ခဲ့ရသည်။

'အင်းလေ ကိစ္စများမြောင် လူတို့ဘောင်တဲ့။ အဖြင့် ပြန်ပေရော့။ ဆရာတော်ကြီးက မိုးခေါင်ရင် သစ္စာဆို ပရိတ်ရွတ်ပြီး မိုးရွာအောင် ဆောင်ရွက်ပေးတတ်တယ်။ သရက်ပင်ဆည်ကြီး တူးဖော်ပြီးစက ရေမပြည့်မှာစိုးရိမ်ပြီး ဌာနဆိုင်ရာ အကြီးအကဲတွေ တောင်းပန်လို့ ဆရာတော်ကြီး ဦးဆောင်ပြီး ငါးရုံ့မင်းပရိတ် ပူဇော်ပေးရတယ်။

ပရိတ်ရွတ်ပြီးတာနဲ့ မိုးတွေအုံ့လာပြီး ဆရာတော်တို့ မပြန်ခင် မိုးကြီး ရွာချတော့တာပဲ။ အခုလို မိုးကြီးရွာနေရင်လဲ ဆရာတော်ရဲ့ မေတ္တာတန်ခိုးနဲ့ အဆင်ပြေအောင် သွားနိုင်ကြမှာပါ။ လိုရာခရီး ရောက်ပါစေ'

ဦးပဥ္စင်း ဆုတောင်းပေးသကဲ့သို့ အပြန်ခရီး မိုးကြီးရေကြီး၍ ကြန့်ကြာခဲ့သော်လည်း ထိုနေ့ည (၁၁)နာရီကျော်ခန့်တွင် တည်းခိုရာနေရာသို့ ပြန်လည်ရောက်ရှိခဲ့လေသည်။

**(ဤပူဇော်မှုတွင် ဆရာတော် ဦးစာရိတ္တ မိန့်ကြားသည်များနှင့် အရှင်ပညာဓိကသီရိ ရေးသားသည့် ဆရာတော် အရှင်ပညာသီရိ၏ မဟာထေရုပ္ပတ္တိမော်ကွန်းပါ အချက်အလက်များကို မှီငြမ်းရေးသားခြင်းဖြစ်ပါသည်။)**

*သမုတိ ပရမတ် နှစ်ရပ်သံဃာ အလုံးစုံအား ရှိခိုးဦးတင်လျက်...*

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားခန်းမှာ ဖွားစွဲပြီး

သာထက်ဇော် (မကွေး)

# ပါ(၂)ပြိုင်ပေါက်ရှု



◆ ဘုရားခန်းနှင့် မှားဆုံကို တွေ့မြင်ရစဉ်

◆ ကိုရခိုင်(ခ)ကိုဝင်းကျော်ကို ဘုရားခန်းမှာ တွေ့မြင်ရစဉ်



တစ်နေ့သော အခါသမယတွင် ကျွန်တော့်ဆီကို ရခိုင်ပြည်နယ်၊ ဘောက်သီးစုရပ်ကွက်၊ လျှပ်စစ်လမ်း၊ စစ်တွေမြို့မှာနေထိုင်သော ကိုရခိုင်(ခ) ကိုဝင်းကျော်ဆိုသူ၏ဖုန်း ဝင်လာခဲ့လေသည်။

ကိုဝင်းကျော်သည် ကျွန်တော်နှင့် လွန်ခဲ့သော တစ်နှစ်ခန့်က မကွေး–ပြည် ကားတစ်စီးပေါ်တွင် ရင်းနှီးခင်မင်ခဲ့ကြရသည့် မိတ်ဆွေတစ်ဦးဖြစ်သည်။

'ဟဲလို… ကိုသာထက်ဇော်လား ခင်ဗျာ'

'ဟုတ်ကဲ့ အမိန့်ရှိပါ ခင်ဗျာ'

'ဟဲ…ဟဲ…ဟဲ ကိုသာထက်ဇော် ကျွန်တော် ကိုရခိုင်ပါဗျ'

'ဟင်… ကိုရခိုင်လား။ ပြော ကျွန်တော် ဘာကူညီရမလဲ'

'ကျေးဇူးတင်ပါတယ်ဗျာ…။ဘာမှအကူအညီမလိုအပ်ပါဘူး ကိုသာထက်ဇော် ဒီ ၂၀၁၄ ခုနှစ်၊ သင်္ကြန် ကျွန်တော်တို့ ရခိုင်ပြည်နယ် စစ်တွေမြို့ကို အလည် လာမယ် မဟုတ်လား။ ကျွန်တော် မျှော်နေမယ်ဗျာ။ ခင်ဗျား ဆက်ဆက် လာရမယ်နော်'

'လာတော့ လာချင်ပါတယ်ဗျာ ဒါပေမယ့်…'

'ဘာမှ ဒါပေမယ့်မနေနဲ့… ခင်ဗျား အသွားအပြန်ခရီးစရိတ်ကို ကျွန်တော် ဒကာခံမယ်။ နောက်ပြီး ခင်ဗျားအတွက် ခရီးသွား ဆောင်းပါးတွေလဲ တမွေ့တပိုက်ကြီး ရသွားနိုင်စေရမယ် ဟုတ်ပြီလား။ လာမယ့်ရက် ကျွန်တော့်ဆီ ဖုန်းကြိုဆက် ဟုတ်ပြီနော် ဒါပဲ'

'ဟုတ်ကဲ့ပါ ကိုရခိုင်ရယ် လာဖြစ်အောင် လာခဲ့ပါ့မယ်'

ထို့ကြောင့် ကျွန်တော်သည် မကွေး ကားကြီးကွင်းထဲကနေ မကွေး–ပြည် လိုင်းကားစီး၍ ညနေ(၄)နာရီခန့်တွင် စစ်တွေမြို့ခရီးစဉ်ကို စတင်ခဲ့လေတော့သည်။ ပြည်မြို့ကို နံနက် (၆း၀၀)နာရီခန့်တွင် ကျွန်တော်ရောက်သွားခဲ့သည်။

ထိုမှတစ်ဖန် ညနေ(၅)နာရီတွင် ထွက်ခွာခဲ့ပြန်ရာ တောင်ကုတ်မြို့ကို နံနက်(၄)နာရီ၌ ရောက်ခဲ့သည်။


တောင်ကုတ်မြို့မှ အောင်တံခွန်(၃) ကားစီးပြီး ကျောက်ဖြူမြို့ကို နံနက် (၁၀း၀၀)နာရီခန့်တွင် ရောက်ခဲ့သည်။

ကျောက်ဖြူမြို့မှ မွန်းတည့်(၁၂)နာရီတွင် ထွက်ခွာခဲ့ရာ ည(၈)နာရီခန့်တွင် မြေပုံမြို့ကို ရောက်သွားသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



◆ ပျားအုံ အိမ်ပြောင်းနှစ်ကောင်းကို
ကောက်ကောင်းအနေအထားနှင့် တွေ့မြင်ရစဉ်

တစ်နေ့နံနက်(၈)နာရီခန့်တွင် မြေပုံမြို့ကနေ ထွက်ခွာခဲ့ပြန်ရာ ညနေ(၅)နာရီခန့်တွင် စစ်တွေမြို့သို့ရောက်ခဲ့သည်။

စစ်တွေသင်္ဘောဆိပ်တွင် လက်ဖက်ရည်သောက် အပန်းဖြေပြီး ကျွန်တော့်မိတ်ဆွေကြီး ကိုဝင်းကျော်အိမ်ကို လိုင်းကားစီး၍ သွားခဲ့လေသည်။ ကျွန်တော့်ကို မြင်သောအခါ ကိုဝင်းကျော်က သူ၏အဓိဋ္ဌာန် ယာယီတဲစခန်းလေးထဲကနေ ဝမ်းသာအားရ ကြိုဆိုလေ၏။

ထို့နောက် ကိုဝင်းကျော်က ကျွန်တော့်ကို ရခိုင် စားကောင်းသောက်ဖွယ်ဟင်းလျာတို့ဖြင့် တည်ခင်း ဧည့်ခံကျွေးမွေးခဲ့လေသည်။ ထိုသို့ စားသောက်ရင်းကနေ ကျွန်တော့်မျက်စိအစုံက ကိုဝင်းကျော်၏ အဓိဋ္ဌာန် ယာယီတဲစခန်းရှိ ဘုရားခန်းဆီ အကြည့် ရောက်သွားခဲ့သည်။

'ဟာ ကိုဝင်းကျော်၊ ခင်ဗျား ဘုရားခန်းအောက်မှာ ပျားအုံကြီး ဆွဲနေပါလားဗျား။ ကျွန်တော်လဲ ခင်ဗျားလို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့၊ ညနေ(၄း၃၀)နာရီလောက် ဆိုင်ကယ်အပ်တဲ့ဌာန တန်းလျားမှာ ရှိတဲ့ ကျွန်တော့်ဆိုင်ကယ်ရဲ့ ရှေ့ခြင်းကို ပျားလာဆွဲခဲ့သေးတာ ကြုံရတယ်။

ဒိုပြီး ထူးဆန်းတာက ဆိုင်ကယ်အစီးပေါင်း (၇၀၀)ကျော်ရှိတဲ့အထဲမှာမှ အလယ်က ကျွန်တော့်ဆိုင်ကယ်ကိုရွေးပြီး ပျားဆွဲခဲ့တာပဲ။ ကျွန်တော့်သူငယ်ချင်းက ဖုန်းနဲ့ မှတ်တမ်းတင် ရိုက်ခဲ့ပေမယ့် ပျက်သွားခဲ့တယ်။

ကျွန်တော့်ဆိုင်ကယ် အပ်နှံချိန်နဲ့ ပြန်ယူဆောင်ချိန်(၄)နာရီခန့် အချိန်တိုအတွင်းမှာ ပျားသလက်ကြီးတစ်ခုရအောင် လုပ်သွားနိုင်ကြတာလဲ တွေ့မြင်ခဲ့ရတယ်။

ဒီအကြိမ်ဆက်တော့ ဒီကနေ့အထိ တိတိပပ ထူးထူးခြားခြား ဘာမှ ဖြစ်မလာသေးဘူး။ ဒါနဲ့ ခင်ဗျားကော အခုလို ပျားအုံကြီး အုံလာလို့ ဘာတွေ ထူးခြားဖြစ်စဉ် ကြုံဆုံရသလဲဗျ'

ဒါက ဒီလိုရှိတယ် ကိုသာထက်ဇော်ရ။ ဒီပျားအုံကြီးဆွဲခဲ့တာက မှတ်မှတ်သားသား **သက္ကရာဇ် ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း(၁)ရက်၊ (၈-၇-၂၀၁၃)** တနင်္လာနေ့ နံနက်(၁၀း၃၀)နာရီခန့် ကတည်းကဗျ။ **ထူးခြားမှုကတော့ ကျွန်တော် ထီ(၂)ကြိမ် ပေါက်ခဲ့တာပဲ။** ဆုကြီးတော့ မဟုတ်ပါဘူး၊ ဆုလေးတွေပါ။

'ပျားဆွဲပြီးနောက် ထူးခြားတဲ့ အတိတ်နိမိတ် အိပ်မက်တွေမျိုးကော ကြုံခဲ့ရသလား'

'ကြုံဆို ကျွန်တော် တစ်ကြိမ်တစ်ခါမှ မရောက်ဘူးတဲ့ဒေသတွေနဲ့ ဘုရားပုထိုးတွေကို သွားရောက်ပြီး ဖူးရတယ်လို့ အိပ်မက်တွေ မကြာခဏ မက်မက်နေတတ်တာပဲ'

'စရဏတရားအနေနဲ့ ကိုဝင်းကျော် ဘာတွေလုပ်လေ့ ရှိပါသလဲ၊ ရှိခဲ့ရင် ပြောပြပေးပါလား'

'ပဋ္ဌာန်းအကျယ်၊ ဂုဏ်တော်ပွားများ ပရိတ်ရွတ်ပွားတာတွေ နေ့စဉ် မပျက်မကွက် လုပ်လေ့ရှိသလို သတ္တဝါအားလုံးကိုလဲ မေတ္တာမလပ် ပို့သပေးပါတယ်။

နောက်ပြီး (၇)ရက်သားသမီးတွေကို နှောက်ယှက်ဒုက္ခပေးလာလေ့ရှိတဲ့ စုန်းတိုက်၊ နတ်တိုက်၊ တစ္ဆေတိုက် စတာတွေကိုလဲအခကြေးငွေ တစ်ပြားတစ်ချပ်မှမယူဘဲ မေတ္တာနဲ့ ရေစင် ရေမန်းနဲ့ ကုသပေးနေပါတယ်'

'သာဓုပါဗျာ... သာဓု... သာဓု...။ ဒီထက်မက ဆတက်ထမ်းပိုး ကယ်မပေးနိုင်တဲ့သူ ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပေးလိုက်ပါတယ်'

ကျွန်တော်သည် ကိုဝင်းကျော်အိမ်မှာ တစ်ပတ်ကြာ နေထိုင်ခဲ့ပြီးနောက် ဇာတိမြေကလေးသို့ ပြန်လာခဲ့ပေတော့သည်။

***မြေမှာ ဟာဝေ ရက္ခတိ မြေစာရီ***

**သာထက်ဇော် (မကွေး)**



www.burmeseclassic.com

www.burmeseclassic.com

ငွေထွက်နည်းပါး၍

# ငွေ အလုံးအခဲဝင်စေသော ဂါထာ

နတ်ဗိုဟ်က
လှမြင့်သစ်



လူတိုင်း ငွေရှင်,ငွေဝင်လိုကြပါသည်။ ငွေထွက်မည်ကို မလိုလားကြပါ။ ကုန်သင့်၍ ကုန်သည်၊ သုံးသင့်၍ သုံးသည့်ငွေကိုပင် နှမြောနေတတ်ကြပါသေးသည်။

နေ့စဉ် ငွေဝင်,ငွေရှင်သော်လည်း ပုံစံမတူ ကွဲပြားခြားနားမှု ရှိနေပါသည်။

ငွေဝင်သည့်အချိန်တွင် တစ်ရာ၊ တစ်ထောင် လက်လီစိပ်ဝင်နေပြီး ထွက်သွားသည့်အချိန်တွင် သောင်းချီ၊ သိန်းချီ ထွက်သွားမည်ဆိုလျှင် ဝင်ငွေ ထွက်ငွေ ကွာဟမှု ကြီးမားပြီး စီးပွား မဖြစ်ထွန်းနိုင်ပါ။ **"အဝင်ကနည်း။ အထွက်ကြီး။ ပစ္စည်းမတင်မှတ်"**ဟုပင် ရှေးစာဆိုရှိခဲ့ဖူးပါသည်။

ကျွန်ုပ်ကိုယ်တိုင်လည်း ငွေဝင်ကျပ်ပြီး ငွေထွက်ကြီးခဲ့သည့်ကာလတွေ များစွာ ကြုံဖူးပါသည်။ သို့သော် တစ်ကြိမ်လျှင် တစ်ထောင်ဝင်ပြီး ဆယ်ကြိမ်ဝင်ငွေ တစ်သောင်းရှိမှ တစ်ကြိမ်တည်း တစ်သောင်းထွက်သွားတာမျိုး ဖြစ်၍ ခုသာခံသာရှိခဲ့သေးသည်ဟုဆိုရပါမည်။

တစ်သောင်းဝင်ပြီး တစ်သိန်း ထွက်သွားမည်ဆိုပါလျှင် မတွေးဝံ့စရာ။

ထိုသို့မျိုး မဖြစ်စေရန်အတွက် ငွေအလုံးအခဲလိုက်၊ သပိတ်ဝင်၊ အိတ်ဝင်၊ အဝင်ကြီးမားစေရန် အောက်ပါဂါထာကို နေ့စဉ် နံနက်တိုင်း(၉)ခေါက် မပြတ်၊ မပျက် ရွတ်ဖတ်ပေးပါ။ ကျွန်ုပ်ကိုယ်တွေ့ အကျိုးထူးသဖြင့် လိုရင်းတိုရှင်း တင်ပြလိုက်ပါသည်။

ဗုဒ္ဓံ ဇေယျံ၊ ဗုဒ္ဓံ သုခံ၊ ဗုဒ္ဓံ လာဘံ၊ ဗုဒ္ဓံ ဓနံ။
ဓမ္မံ ဇေယျံ၊ ဓမ္မံ သုခံ၊ ဓမ္မံ လာဘံ၊ ဓမ္မံ ဓနံ။
သံဃံ ဇေယျံ၊ သံဃံ သုခံ၊ သံဃံ လာဘံ၊ သံဃံ ဓနံ။
ဣဝံ ဇေယျံ၊ ဣဝံ သုခံ၊ ဣဝံ လာဘံ၊ ဣဝံ ဓနံ။

အနက်

**ဗုဒ္ဓံ–ဗုဒ္ဓေါ–** မြတ်စွာဘုရားသည်၊ **ဇေယျံ–ဇေယျော–** လောကထက် ကြီးမြတ်တော်မူ၏၊ **ဗုဒ္ဓံ–ဗုဒ္ဓေါ–** မြတ်စွာဘုရားသည်၊ **သုခံ–သုခေါ–** ဖလသမာပတ်ဖြင့် ချမ်းသာတော်မူ၏၊ **ဗုဒ္ဓံ–ဗုဒ္ဓေါ–** မြတ်စွာဘုရားသည်၊ **လာဘံ–လာဘော–** လာဘ်လာဘနှင့် ပြည့်စုံတော်မူ၏၊ **ဗုဒ္ဓံ–ဗုဒ္ဓေါ–** မြတ်စွာဘုရားသည်၊ **ဓနံ–ဓနဝါ–** သူတော်ကောင်းဥစ္စာရတနာနှင့် ပြည့်စုံတော်မူ၏၊

**ဓမ္မံ–ဓမ္မော–** လောကုတ္တရာတရားတော်မြတ်သည်၊ **ဇေယျံ–ဇေယျော–** လောကထက် ကြီးမြတ်တော်မူ၏၊ **ဓမ္မံ–ဓမ္မော–** လောကုတ္တရာတရားတော်မြတ်သည်၊ **သုခံ–သုခေါ–** ချမ်းသာခြင်းကို ဖြစ်စေ၏၊ **ဓမ္မံ–ဓမ္မော–** တရားတော်မြတ်သည်၊ **လာဘံ–လာဘော–** လာဘ်လာဘနှင့် ပြည့်စုံတော်မူ၏၊ **ဓနံ–ဓနဝါ–** ဥစ္စာနှင့် ပြည့်စုံတော်မူ၏၊

**သံဃံ–သံဃော–** သံဃာတော်သည်၊ **ဇေယျော–** လောကထက် ကြီးမြတ်တော်မူ၏၊ **သံဃံ–သံဃော–** သံဃာတော်သည်၊ **သုခံ–သုခေါ–** ချမ်းသာတော်မူ၏၊ **သံဃံ–သံဃော–** သံဃာတော်သည်၊ **လာဘံ–လာဘော–**



www.burmeseclassic.com

www.burmeseclassic.com

လာဘ်လာဘနှင့် ပြည့်စုံတော်မူ၏၊ **သံဃံ–သံဃော**– သံဃာတော်သည်၊ **ခန့်–ခနဝါ**– သူတော်ကောင်းဥစ္စာ ရတနာနှင့် ပြည့်စုံတော်မူ၏။

**ဣတ်–ဝေ**– ဤသို့၊ **ဖေယျံ–ကြီး** မြတ်တော်မူ၏။ **ဣတ်–ဝေ**– ဤသို့၊ **သုခံ**– ချမ်းသာ၏။ **ဣတ်–ဝေ**– ဤသို့၊ **လာဘံ–လာဘော**– လာဘ်လာဘ နှင့် ပြည့်စုံတော်မူ၏။ **ဣတ်–ဝေ**– ဤသို့၊ **ခန့်–ခနဝါ**– ဥစ္စာနှင့် ပြည့်စုံ တော်မူ၏။

[ဤပါဠိများသည် မြတ်စွာဘုရား ဟော ပါဠိအဋ္ဌကထာတို့၌ လာသော ပါဠိမဟုတ်ခြင်းကြောင့် အဆင်ပြေ သလိုသာ အနက်ပေးလိုက်ရ၏။]

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း အောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာ ပုဆိုးထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေး ပါသည်။]***

အလွန်လွယ်ကူပြီး အလွန်လည်း တိုရှင်းသော ဂါထာတော်ဖြစ်ပါသည်။ ငွေဝင်များပြီး ငွေထွက်နည်းသွားပါမည်။

တစ်နည်းအားဖြင့် "**ငွေဝင်က ကြီး၊ ငွေထွက်နည်း၊ ပစ္စည်းတင်ပြီမှတ်**"ဟု ဆိုင် ဖြစ်ပါသည်။ ရွတ်ပွားရလည်း လွယ်ကူပြီး အလုပ်လုပ်ရင်းပင် စိတ်ထဲ မှ ရွတ်ပွားပေးနေနိုင်ပါသည်။

ထူးခြားမှု အကျိုးကျေးဇူးသည် သင့်ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက် လာပါမည်။ **မှုရင်းမှာ ဆရာတော် ဦးကုသလ (သပြေတောကျောင်း)မှ** ချီးမြှင့်ခဲ့ပါသည်။

**နတ်မောက် လှမြင့်သစ်**

# ကျောက်ဖရုံသီးတစ်လုံး ဆေးအသုံး



ကျောက်ဖရုံသီးသည် ကျွန်တော်တို့ လူသား တွေအတွက် များစွာ အသုံးဝင်ပြီး ဆေးအသုံးပါ သုံးစွဲနိုင်သော အသီး ဖြစ်ပါသည်။

ကိုယ်နံ့ ချွေးနံ့ဆိုးသူများ အထူးသဖြင့် ချိုင်း ချွေးနံ့ နံသူများအတွက် ကျောက်ဖရုံသီးကို ဟင်းချက်စားခြင်း၊ အတို့အမြှုပ် ပြုလုပ်စား ခြင်း၊ ကျောက်ဖရုံသီးဟင်းချို မကြာခဏ ချက်သောက်ပေးခြင်းဖြင့် ကိုယ်သား ကိုယ်ရေ အေးမြကြည်လင်ပြီး အနံ့ဆိုး ပျောက်ကင်းစေ ပါသည်။

အလွယ်တကူ သုံးလိုလျှင် အသင့်ပြုလုပ်ပြီး သော ကျောက်ဖရုံယို ဝယ်ယူ စားသုံးပေးနိုင် ပါသည်။ လက်တွေ့ အသုံးတည့်ပြီး အကျိုးရှိခဲ့သူ များလှပြီ ဖြစ်ပါသည်။

အမျိုးသမီးများ အသက်လေးဆယ်အရွယ်တွင် **သွေးဆုံးဝေဒနာ**ရောဂါဖြစ် တတ်ပါသည်။

ထိုအမျိုးသမီးများအတွက် ကျောက်ဖရုံသီး ကြီးကြီးရင့်ရင့်တစ်လုံး ရယူပြီး အညှာထိပ်ပိုင်း လက်သုံးသစ်ခန့် တိတိရိရိ ဖြတ်၍ အတွင်းမှ ကျောက်ဖရုံအူနှင့် အစေ့များ ပြောင်စင်အောင် ဖယ်ရှားပါ။

ထို့နောက် ကျောက်ဖရုံသီးအတွင်း သကြားအပြည့်ထည့်ပြီး လှီးဖြတ်ထားသော ကျောက် ဖရုံသီးထိပ်ပိုင်းနှင့် ပြန်ပိတ်၍ မီးဖိုအနီးထားပါ။

နှစ်ရက်ခန့်ရှိလျှင် သကြားများ ပျော်သွားပါမည်။ ထပ်မံ၍ သကြားများထည့်ပါ။ နောက်ဆုံးတွင် ကျောက်ဖရုံသီးအတွင်းသားများ အားလုံး သကြားနှင့်အတူ အရည်ပျော်သွားပြီး ကျောက်ဖရုံသီး၏ အပေါ်ယံ အခွံမှာ အကာသာ ကျန်ပါမည်။

ထိုအခြေအနေရောက်မှ ကျောက်ဖရုံသီး အတွင်းမှ အရည်ကို နံနက်တစ်ကြိမ်၊ ည တစ်ကြိမ် ဟင်းသောက်ဇွန်းတစ်ဇွန်း သောက်ပေးပါ။

ယင်း ကျောက်ဖရုံသီးတစ်လုံး (ဝါ) ဆေးတစ်ဖုံနှင့်ပင် အမျိုးသမီးများသွေးဆုံး ဝေဒနာ မခံစားရတော့ဘဲ ပျောက်ကင်းသွားမည်ဖြစ်ပြီး အသားအရေ စိုပြည်လှပ အေးမြစေပါသည်။

လက်တွေ့ဆေးအသုံးဖြစ်ပြီး မည်သည့် ဘေးထွက်ဆိုးကျိုးမှ မရှိပါ။

***နေမဝင်(နတ်မောက်)***



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ဝ၀၆၀၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/ဝ၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊ လက်တုန်၊ လည်ပင်း၊ ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက် ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင် အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး သန္တာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

**ဦးဇော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဦးမြို့မှ မပုပ်မသိုး

# မပုပ်မပျက်သည့် ဘဒ္ဒန္တလာဘ

၏ အလောင်းတော် (၁)

စောလှိုင်သျှင်
(မြောက်ဦး)

ရခိုင်ပြည်နယ်တွင် **"အကျင့်သုဓုဆန်း သီလပန်းနှင့် ရဟန်းကိုးပါး ပေါ်လိမ့်မယ်"**ဆိုသော အတိတ်နိမိတ်အဟောင်းတစ်ခု ဟိုးလေးတကျော် ကျော်ခဲ့ဖူးသည်။

ဆိုလိုသည်မှာ ဤပုဂ္ဂိုလ်များသည် အခြားပုဂ္ဂိုလ်တို့ကဲ့သို့ မဟုတ်မူဘဲ ဝိပဿနာသမထလုပ်ငန်းကို အထမြောက်အောင်ထိ ကျင့်ကြံအားထုတ်ခြင်းကို ဆိုလိုပါသည်။

ရခိုင်ပြည်နယ်တွင် ဤကဲ့သို့ ပုဂ္ဂိုလ်များ ကိုးပါးပေါ်လိမ့်မည်ဟု အဓိပ္ပာယ်ဆောင်ပါသည်။ ထိုကဲ့သို့ ရဟန်းကိုးပါးတွင် အရှင်ဘဒ္ဒန္တလာဘလည်း တစ်ပါးအပါအဝင် ဖြစ်လေသည်။ ဆရာတော်၏ဖြစ်စဉ်မှာ...

## ဆရာတော်၏ မွေးရာဇာတိ၊ ဖခမည်းတော်၊ မယ်တော်နှင့် မွေးချင်းညီမများ

ဆရာတော် ဘဒ္ဒန္တလာဘကို မြောက်ဦးမြို့နယ်၊ တင်းထိန်ရံကျေးရွာ၌ ဖခမည်းတော် ဦးမဲအောင်(ခေါ်)ဦးရဲဘော်သူ၊ မယ်တော် ဒေါ်ယိုင်သာညိုတို့မှ ၁၂၈၆ ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက် ဗုဒ္ဓဟူးနေ့ မွေးဖွားသန့်စင်တော်မူခဲ့ပါသည်။

ဆရာတော်၏ ငယ်မည်မှာ မောင်စောလှဦး ဖြစ်သည်။

ဆရာတော်၏ မွေးချင်းညီမများမှာ တောင်ရပ် ရပ်ကွက်နေ ဒေါ်မစောလှ(ကွယ်လွန်)နှင့် မြို့သစ်ရပ်ကွက်နေ ဒေါ်မစောသာတို့ ဖြစ်ကြပါသည်။

## အိမ်ထောင်ပြုခြင်း

မောင်စောလှဦးသည် အသက်(၁၉)နှစ်အရွယ် ၁၃၀၅ ခုနှစ်တွင် မြောက်ဦးမြို့နယ်၊ မဟာထီးကျေးရွာမှ ဒေါ်မိုးသာနှင့် အိမ်ထောင်ပြုခဲ့လေသည်။





▲ သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၅၁)ရှိ ဘဒ္ဒန္တလာဘအား မှတ်မြဲရုပ်

စိတ်သဘောချင်း မတိုက်ဆိုင်၍ ကွာရှင်းခဲ့ပြီး မြောက်ဦးမြို့နယ်၊ ဘုရားများကျေးရွာမှ (ဖ)ဦးထွန်းစိန်+(မိ)ဒေါ်အောင်မဦးတို့၏ သမီး မပန်းသာနုနှင့် ဒုတိယအိမ်ထောင် ပြုခဲ့ပါသည်။

၁၃၁၉ ခုနှစ်၊ ကဆုန်လဆန်း (၁၃) ရက် ကြာသပတေးနေ့တွင် တစ်ဦးတည်းသောသား မောင်စောမောင်သာကို ထွန်းကားခဲ့ပါသည်။

## သာသနာ့ဘောင်သို့ ဝင်ရောက်တော်မူခြင်း

ဆရာတော်သည် ဖခမည်းတော် မယ်တော်တို့က ပစ္စယာနုဂ္ဂဟ သာသနာ့ဒါယိကာအဖြစ် ခံယူကာ ဆရာတော် ဘဒ္ဒန္တဉာဏစက္က(စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက် မြောက်ဦးမြို့)ယခု မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက် ပုလဲမြို့သစ်၊ ရန်ကုန်မြို့)အား ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ် ခံယူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ဘဒ္ဒန္တလာဘအား တောတိုက်ဖူးမြော်ရပုံ



◆ သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၅၀)ရှိ ဘဒ္ဒန္တလာဘအား တောတိုက်ဖူးမြော်ရပုံ

ဆရာတော်သည် သက္ကရာဇ် ၁၃၂၀ ပြည့်နှစ်တွင် ဖခမည်းတော် မယ်တော်တို့က. ဥဒကုက္ကေမသိမ်တော်၌ ရသေ့တောင် အရှေ့တောင်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ(သုဓမ္မာဂိုဏ်း)အား ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းဘဝ တက်လှမ်းခဲ့ပါသည်။ ဘွဲ့တော်မှာ **ဘဒ္ဒန္တလာဘ**ပင် ဖြစ်သည်။

ဆရာတော် ဘဒ္ဒန္တလာဘသည် ၁၃၂၀ ပြည့်နှစ် ပထမဝါကို မင်းပြားမြို့ ကျိုန်းတောင် စိတ္တသုခကမ္မဋ္ဌာန်းကျောင်း၌ သီတင်းသုံးခဲ့ပြီး (၁၃၂၁–၁၃၂၂)ခုနှစ်တွင် ဒုတိယနှင့် တတိယ ဝါတို့ကို ပုဏ္ဏားကျွန်းမြို့ စိတ္တသုခ ကမ္မဋ္ဌာန်းကျောင်းတွင် သီတင်းသုံးကာ စတုတ္ထနှင့်ပဉ္စမဝါတို့ကို (၁၃၂၃–၁၃၂၄) ခုနှစ်တွင် မြောက်ဦးမြို့ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတွင် သီတင်းသုံးတော်မူခဲ့ပါသည်။

ထိုသို့ သီတင်းသုံးတော်မူရင်း ဆရာတော်သည် ပါတိမောက်သဒ္ဒါ၊ သဂြိုဟ်၊ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ သခ်ါ၊ အဋ္ဌကထာ၊ ဆန်းအလင်္ကာ၊ ဝိထိလက်ရိုး၊ ဝိထိလက်ဆန်း၊ နက္ခတ်၊ ဗေဒင် စသော ပရိယတ္တိစာပေများကို မျောက်တောင်ဆရာတော်(ကျောက်တော်မြို့နယ်)၊ ထွန်းရဝေဆရာတော် (ရသေ့တောင်မြို့နယ်) တို့တွင် သင်ယူလေ့လာခဲ့ပါသည်။

သမထဝိပဿနာ လုပ်ငန်းတို့ကို ဆရာတော် ဘဒ္ဒန္တဉာဏစက္ကေ၏ ဥပနိဿယအတိုင်း ကျင့်ကြံအားထုတ်ခဲ့ပါသည်။

## မဟာသုခတောရကျောင်းတိုက် တည်ဆောက်ခြင်း

၁၃၂၅ ခုနှစ် ပွင့်လင်းရာသီ၏ တစ်နေ့တွင် ဖြစ်ပါသည်။ ဘဒ္ဒန္တဉာဏစက္ကက "**အရညဝါသီ မည်သူ တောထွက်မှာလဲ**"ဟုမေး၏။ မြောက်ဦးမြို့ စိတ္တသုခ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ဖြစ်သည်။

ဘဒ္ဒန္တလာဘ၊ ဘဒ္ဒန္တဝရနှင့် တပည့် ရဟန်း(၄,၅,၆)ပါး ရှိနေ၏။ ပထမ အချိန်တွင် ဆိတ်ဆိတ်နေပြည်တန်ဆိုသော စကားကို နှုတ်ငုံထားကြသည် အလား မည်သူမျှ ဖြေကြမည့်သူမရှိ။ ထိုအခါ ဘဒ္ဒန္တဉာဏစက္ကက ထပ်၍ "**တောထွက်မည့်ပုဂ္ဂိုလ် တစ်ပါးမျှ မရှိကြဘူးလား**"ဟု မေး၏။ ထိုအခါ ဘဒ္ဒန္တလာဘက မဝံ့မရဲနှင့် "**တပည့်တော် ထွက်ပါ့မယ်ဘုရား**"ဟု လျှောက်၏။

ထိုအခါ ဆရာတော်က မိမိ တပည့် ဒကာ၊ ဒကာမများကို နောက်နေ့၌ ဓား၊ ပေါက်တူးများ အဆင်သင့် ယူခဲ့






www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒန္တလာဘ၏ ဒုတိယတရားအားထုတ်ခဲ့ရာ သိုက်ဂူ



◆ ဘဒ္ဒန္တလာဘ၏ ဒုတိယ တရားအားထုတ်ခဲ့ရာလိုဏ်ဂူကို အပြင်မှ မြင်ရပုံ

◀ ဘဒ္ဒန္တလာဘ၏ ဒုတိယ တရားအားထုတ်ခဲ့ရာနေရာ

ကြာရန်မှာကြားလိုက်လေ၏။ နောက်နေ့တွင် မြောက်ဦးမြို့ စိတ္တသုခ ကမ္မဋ္ဌာန်းကျောင်းတိုက်မှ အရှေ့ဘက် အရပ်သို့ တောင်နှစ်လုံး၊ သုံးလုံးကျော်ပြီး ဝါးချေတောင်(လက်ဆီးကန်)သို့ တောရကျောင်း ဆောက်ရန်အတွက် နေရာရှာရန် ထွက်ခွာတော်မူခဲ့ပါသည်။

ဝါးချေတောင်သို့ ရောက်သောအခါ ဘဒ္ဒန္တဉာဏစက္ကမှ ဦးဆောင်ပြီး ဤနေရာ ဤဒေသများကို ခုတ်ထွင် ရှင်းလင်းကြပါဟု အမိန့်ရှိလေသည်။

ဤနေရာ၌ ဖခမည်းတော်၊ မယ်တော်တို့က ဝါးကျောင်းငယ်တစ်ဆောင် ဆောက်လုပ်၍ လှူဒါန်းခဲ့ပါသည်။ ဤကျောင်းအားလည်း **"မဟာသုခတောရကျောင်းတိုက်"** ဟု အမှတ်ခဲ့လေသည်။

## အကျင့်ထူးဆန်း သီလပန်း

ဆရာတော်သည် တောထွက်သည့်နေ့မှစ၍ မည်သည့် သာရေးနာရေးကို မှ လိုက်တော်မမူ။ ဝတ္ထုအလှူငွေများကိုလည်း လက်ခံတော်မမူ။ တရားအလုပ် (သမထဝိပဿနာအလုပ်)ဖြင့်သာ အချိန်ပြည့်နေတော်မူခဲ့သည်။

ဆရာတော်အရှင်သည် ညအခါများတွင် သချိုင်းများ၌သာ လှည့်လည်၍ တရားအားထုတ်တော်မူလေ့ရှိသည်။ ရောက်လေရာ အရပ်များ၌လည်း တောမှိုပျော်မွေ့သည်။ လူသူလေးပါးနှင့် ဝေးရာသို့ သွားရောက်၍ တစ်ပါးတည်း ကေစာရီ နေခဲ့သည်က များ၏။ ဆရာတော်သည် မူလကပင် စကားနည်း၍ အလုပ်ကိုသာ ကြိုးစားဆောင်ရွက်နေတတ်သူ ဖြစ်၏။

ဆရာတော်အရှင်သည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံပေသည်။ ကမ္မဋ္ဌာန်းဘာဝနာတရားနှင့် ဓုတင်အကျင့်တို့ကို အဓိဋ္ဌာန်ပြု၍ ဆောက်တည်ခဲ့လေသည်၊ ဆရာတော်အရှင်၏ အကျင့်သီလ၊ သမာဓိမှာ အလွန်ဖြူစင်၏။

ဆရာတော်သည် ဝိနည်းကို လွန်စွာ လေးစားလျက် ဓုတင်ချစ်ပါးအထိ ဆောက်တည်ခဲ့သည်။ ဆရာတော်ကြီး အားထုတ် ဆောက်တည်ခဲ့သော ဓုတင်(၁၃)ပါးတို့တွင် တိစီဝရိက်ဓုတင်၊ ကောသနိကဓုတင်၊ အာရညိကဓုတင်၊ ရုက္ခမူလဓုတင်၊ နေသဇ္ဇိကဓုတင်၊ သောသာနိကဓုတင်၊ ပိဏ္ဍပါတိ ဓုတင်၊ သယဒါနဓုတင် စသည်တို့ကို တည်ဆောက်ခဲ့သည်က များပါသည်။

ဝါတွင်းကာလ၌ ဓုတင်(၁၃)ပါးလုံးကို ဆောင်တော်မူခဲ့သည်။ ထို့ပြင် ဆရာတော်ကြီးသည် ပစ္စည်းလာဘ်လာဘ မမက်မော အကျင့်သီလကိုလည်း အလွန်လေးစား၏။ အနီးပတ်ဝန်းကျင်ကို (၄)တောင်ထက်ပို၍ မကြည့်။ မည်သူ့ကိုမဆို မော်၍ပင် ဘယ်အခါမှ မကြည့်ဘူး။ အနေအထိုင် အပြောအဆိုတို့မှာ အတုယူလောက်အောင် ကြည်ညိုစရာ ကောင်းလှသော ဆရာတော်ကြီးဖြစ်၏။

ဆရာတော်ကြီးသည် ရသလောက်နှင့် ကျေနပ်ရောင့်ရဲ၏။ လူသူမရှိ ချုံနွယ်ပိတ်ပေါင်းဖြင့် တောအတိရှိခြင်း




www.burmeseclassic.com

www.burmeseclassic.com



▲ ဘုရှုလာဘ၏ ရုပ်ကလာပ်တော်ကို အနီးကပ် ဖူးမြော်ရပုံ

▼ သံဃာတော်များ အရှိန်မရှောပ အစဉ်အတန်းသို့ ကြွရောက်လာကြပုံ



ကြောင့် တစ္ဆေခြောက်သည်၊ မြေကြမ်းသည်၊ တောကြမ်းသည်ဟု သတင်းကြီးသော တောတောင်များသို့ တစ်ပါးတည်းကြွပြီး နေသည့်ကများ၏။

အုတ်အုတ်ကျက်ကျက် အသံများ၊ ဆိုင်းသံဗုံသံများ၊ ဆူညံသော စကားသံများ၊ အမွှေးနံ့သာနံ့များ၊ အလွန်ပုပ်သောအနံ့များ၊ လှပသော မိန်းမများ၊ အလွန်အရုပ်ဆိုးသော ပုံသဏ္ဌာန်အမျိုးမျိုးရှိသည့် နာနာဘာဝများ၏ ခြောက်လှန့်ခြင်းနှင့်အတူ "**ပဉ္စင်း ဒီက ထွက်သွားပါ**" ဆိုသော အသံနက်ကြီးများဖြင့်တစ်ဖုံ ချောင်းဟန့်သံပြုပြီး "**ငါတို့ရှိရဲ့ ဘာမှ မကြောက်နဲ့**" ဟု ပြောသည်များကို အတိုင်းသား ကြားရလေသည်။

မေတ္တာကမ္မဋ္ဌာန်း ကျင့်ကြံပွားများခဲ့သော မယေဝ်ခြတ်၏ မေတ္တာကမ္မဋ္ဌာန်းကြောင့် ထိုနာနာဘာဝအန္တရာယ်မှ ကင်းလွတ်ခဲ့လေသည်။

ဆရာတော်သည် မိမိ၏ ကျင့်ဝတ်ကိုလည်း ဘယ်တော့မှ အပျက်မခံ၊ အသက်သာ အသေခံသွားမည်၊ တစ်ဖက်တစ်လမ်းမှလည်း တပည့်ရဟန်း သာမဏေများကို သမထ ဝိပဿနာလုပ်ငန်းတို့ကို သင်ကြားတော်မူရင်း တစ်ဖက်တစ်လမ်းမှလည်း သက်သတ်လွတ်ဘုဉ်းပေးခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ တောရရှုတင် ဆောက်တည်ခြင်း၊ သမထဝိပဿနာ ဘာဝနာပွားများခြင်းတို့ကို အဓိဋ္ဌာန်ပြု၍ ဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင် ဆရာတော်ကြီးသည် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကို စိပ်ပုတီးဖြင့်ပွားများသည့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနှင့် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းသည်။ ထိုသို့ ကျင့်ကြံအားထုတ်တော်မူသည်မှာ နေ့စဉ် ဝတ်မပျက်တမ်း ကျင့်ကြံပွားများအားထုတ်ခဲ့ခြင်းပင်ဖြစ်သည်။

ဆရာတော်ကြီးသည် မည်မျှပင် နေထိုင်မကောင်း ဖြစ်စေကာမူ နံနက်တွင်လည်းကောင်း၊ ညဘက်တွင်လည်းကောင်း ဘုရားဝတ်တက် ပျက်ကွက်သည်ဟူ၍ မရှိရလော အောင်ပင် နေ့စဉ်ဝတ်ပြုမပျက် ရှိ သည်။

နံနက်(၅)နာရီမှ (၈)နာရီအ တစ်ကြိမ်၊ မွန်းတည့်(၁၂)နာရီမှ ည (၃)နာရီအထိတစ်ကြိမ်၊ ညနေ( နာရီ မှ ညနေ(၈)နာရီထိတစ်ကြ ဘုရားရှိခိုးပြီး သမထအလုပ်ကို အ မှန်မှန်လုပ်လေသည်။

အသက်အရွယ်ပင် ကြီးလာ



www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်များ အရှိမရှားသနုအာစည်းအာထေး

လည်း ဖွဲ့၊ လုံ့လကို ပျက်ကွက်သည် ဟူ၍မရှိ။ မိမိ၏ ကျင့်ဝတ်ကိုကား မည်သည့်အခါမျှ အပျက်ခံမည် မဟုတ်ပါချေ။

## ဝစီပိတ် ကျင့်ကြံ အားထုတ်တော်မူခြင်း

ဆရာတော်ကြီး သက်သတ်လွတ် ဘုဉ်းပေးခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ တောရ ဓုတင်ဆောက်တည်ခြင်း၊ သမထ ဝိပဿနာဘာဝနာ ပေါ်များခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင် ဆရာတော်ကြီးသည် တေမိယဇာတ်တော်ကကဲ့သို့ ဘုရားလောင်း တေမိသည် စကားမပြောဘဲ ရေငုံနှုတ်ပိတ်နေသကဲ့သို့ ဆရာတော်ကြီးသည်လည်း ၁၃၃၆ ခုနှစ်မှ စ၍ ၁၃၄၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၁၄)ရက်နေ့ထိ (၃-နှစ် နှင့် ၁၀-လ) တိုင်တိုင် စကားမပြောဘဲ ဝစီပိတ် ကျင့်ကြံအားထုတ်ခဲ့သည်။

ဤနှုတ်ပိတ်ကျင့်ကြံခြင်းဖြင့် ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကို ပို၍ အရောင် တောက်ပလာစေပါသည်။

## သည်းခံခွင့်လွှတ်တော်မူခြင်း

ဆရာတော်၏ မယ်တော်မှာ ထိုကျောင်းနှင့် မနီးမဝေးတွင် ကျောင်းသခ်မ်းဆောက်လုပ်ပြီး သီလရှင်ဝတ်နေ၏။ တစ်နေ့တွင် ဆွမ်းချက်ပြီး ဆရာတော်ကို လောင်းလှူရန် စောင့်ဆိုင်းနေသည်။ တောကြီးမျက်မည်းဖြစ်၍ သီလရှင်မကြီးမှအပ အခြား ဆွမ်းလောင်းလှူမည့်ပုဂ္ဂိုလ် မရှိချေ။

ထိုသီလရှင်မကြီးသည် အခြား အဖော်အမျိုးသမီးကြီးများဖြင့် စကားပြောဆိုနေ၍ ဆရာတော် ဆွမ်းရပ်သည်ကို မမြင်လိုက်။ ဆရာတော်ကလည်း ခေတ္တခဏ ရပ်ခဲ့ပြီး ပြန်လည်၍ ကျောင်းပေါ်သို့ ကြွသွား၏။

ရွှေလ ဆက်ဖတ်ပါရန်

စောထွီးသျှင်
(မြောက်ဦး)

## စာရှုသူ သူတော်စင်နှင့် ဝါသနာရှင်များသို့

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ဝါဝင် ကုသိုလ်တော် ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်



ဦးနှီးတိုက်စံ
(မန္တလေး)

## ပဉ္စကာနီသီးအစွမ်း အံ့မခန်း

ပဉ္စကာနီသီးအစွမ်း အံ့မခန်း ဆောင်းပါးကို မရေးမီ ဦးစွာ ကျေးဇူး တင်စကား ပြောလိုသည်မှာ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ချည်စက်ရပ်ကွက်မှ ဦးစိန်ဝင်း+ဒေါ်ကျော့ကျော့ မိသားစု၊ စာရေးဆရာ မောင်မောင်ကျော်နှင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတို့အား ကျွန်တော်၏ သူငယ်ချင်းကိုယ်စား အတူ အထူးပင် ကျေးဇူးတင်ရှိပါ ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

ကျွန်တော်သည် စာရေးဆရာ လည်းမဟုတ်၊ ဆေးဆရာလည်း မဟုတ်ပါ။ ဌာနတစ်ခုမှ အငယ်တန်း အင်ဂျင်နီယာတစ်ယောက်သာ ဖြစ်ပါ သည်။ သို့သော်လည်း မြန်မာ့ဆေးမြီး တိုများကို လက်လှမ်းမီသရွေ့ ဖတ်မှတ် လေ့လာသော ဝါသနာရှိပါသည်။

လိပ်ခေါင်းရောဂါသည် အပူအစပ် အစားများခြင်း၊ ဝမ်းချုပ်ခြင်း၊ အထိုင် များခြင်းတို့ကြောင့် ဖြစ်သည်ဟု ဖတ် မှတ် လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ ရာသီဥတုမှာလည်း ပူအိုက်စွတ်စိုသော ရာသီဥတု ရှိသည် ကတစ်ကြောင်း၊ အစားအသောက်များ တွင်လည်း အပူအစပ်ပါသော အစာ များကို စားသည်က တစ်ကြောင်းတို့ ကြောင့် လိပ်ခေါင်းရောဂါ တစ်မျိုးမျိုး ဖြစ်ပေါ်ခံစားရတတ်သည်ဟု ထင်ပါ သည်။

တစ်နေ့တွင် ကျွန်တော်နှင့် လုပ်ငန်း တူ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းမှ သူ ခံစားနေရသော ရောဂါအကြောင်း ပြောပြလာပါသည်။

'သူငယ်ချင်း မင်းတို့ငါတို့ လုပ်ငန်း ထဲ အတူဝင် အတူစားသောက်လာခဲ့ တာ နှစ်ပေါင်း(၃၀)လောက် ရှိနေပြီ။ မင်းကတော့ ဘာရောဂါမှ မဖြစ်ဘူး။ ငါ့မှာတော့ကွာ ဝမ်းသွားရင် သွေးပါ နေတယ်ကွ။

ရပ်ကွက်ထဲက ဆရာဝန်သွားပြ တော့ အတွင်းလိပ်ခေါင်းလို့ပြောတယ်။ ဆေးရုံတက်ပြီး ကုသမှု ခံယူရင်လဲ တစ်လနှစ်လပဲ သက်သာမယ်။ ပြန်ဖြစ် မှာပဲလို့ ပြောတယ်။

လောလောဆယ် သောက်ဆေးနဲ့ပဲ သွေးမပါအောင် ထိန်းထားလို့ရမယ်။ အရှင်းကြီး မပျောက်ဘူးဆိုပြီး ဆေး တွေ ပေးလိုက်တယ်'

'ဟုတ်လား သူငယ်ချင်း အခု ဘယ် လိုနေသေးလဲ၊ ဖြစ်တာ ဘယ်လောက် ကြာနေပြီလဲ'

ဟု ကျွန်တော်က မေးလိုက်သည်။

'ဖြစ်တာတော့ (၆)လကျော် လောက်ရှိနေပြီ။ ဆေးသောက်တုန်း တော့ သက်သာတယ် သူငယ်ချင်း။ အစားတစ်ခုခုမှားတာနဲ့ ဥပမာကွာ ငရုတ်သီးအစပ် နည်းနည်းပါတာ၊ အရပ်ပြင်းသောက်မိတာနဲ့ သွေးက ပြန်ပါလာတာပဲ သူငယ်ချင်းရာ'

ဟု ပြောလာပါသည်။

သူငယ်ချင်းကို ကြည့်တော့လည်း လူမမာပုံမပေါ်၊ ပုံမှန်အနေအထား အတိုင်း ရုံးတက်ရုံးဆင်းလည်း မှန် သည်။ နေပုံထိုင်ပုံမှာလည်း လူကောင်း ပကတိအတိုင်း ဖြစ်နေသဖြင့် ကျွန်တော် အတော် အံ့သြနေမိသည်။

'ရွှေဘိုဘက်မှာတော့ ဆရာတော် တစ်ပါးက ဆေးနည်းပေးနေတယ်။ ပျောက်လဲပျောက်ကြတယ်လို့ ပြော တယ်။ ရုံးကနေ (၁)လလောက် ခွင့်ယူ ပြီး သွားမလားလို့ စဉ်းစားနေတယ်'

ဟု နောက်တစ်နေ့တွင် ထပ်ပြော လာပြန်သည်။

ကျွန်တော်တို့ရုံးကလည်း အများနှင့် ဆက်သွယ်နေသော စက်ပစ္စည်းများ ကို (၂၄)နာရီ အလှည့်ကျ တာဝန်ယူ ဆောင်ရွက်နေရသဖြင့် ခွင့်ရက်ရှည် ယူရန် အတော်ပင် အခက်အခဲ ရှိပါ သည်။

ကိုယ့်ဝန်ထမ်း အချင်းချင်းလည်း အားနာနေရသဖြင့် အတော်အတန် ကိစ္စနှင့် ခွင့်ရက်ရှည် မယူကြပါ။



www.burmeseclassic.com

www.burmeseclassic.com

ရုံးအားရက်တစ်ရက်တွင် အိမ်၌ရှိသော **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၃၀၈)၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် စာအုပ်ကိုဖတ်ရင်း ဆရာမောင်မောင်ကျော်က် ရေးထားသော အတွင်းလိပ်ခေါင်း သွေးပန်း သွေးယို ဆေးမြီးတိုဆောင်းပါး**ကို တွေ့ရှိပြီး ဖတ်ကြည့်ရာ သူငယ်ချင်း ဖြစ်နေသော ရောဂါနှင့် ဖြစ်ပျက်ပုံ အတော်များများ တူနေသည်။

သို့ဖြစ်၍ နောက်တစ်နေ့ ရုံးတက်ချိန်တွင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်ပါယူ၍ သူငယ်ချင်းအား ဖတ်နိုင်းလိုက်ပြီး ယုံယုံကြည်ကြည်ဖြင့် ပဥ္စကာနီသီးဆေးကို စာအုပ်တွင် ပါသည့်အတိုင်း (၁)လုံး၏ သုံးပုံတစ်ပုံကို သွေး၍ (၃)ရက်ဆက်တိုက် သောက်ရန် ပြောလိုက်ပါသည်။

သူငယ်ချင်းကလည်း ချက်ချင်းပင် ဗရဆေးဆိုင်သို့သွားပြီး ပဥ္စကာနီသီး တစ်လုံးလျှင် (၂၀၀)ကျပ်နှင့် ဝယ်လာပါသည်။

ပဥ္စကာနီသီးမှာ အညိုရောင်ဖြစ်၍ ဘေးတွင် အဖုအချွန်လေးများ ပါသည်ကို တွေ့ရပါသည်။ အရွယ်အစားမှာ ကွမ်းသီးလုံးအရွယ်ခန့် ရှိပါသည်။

နောက်တစ်နေ့တွင် ရုံးတက်ချိန် ပြန်တွေ့သောအခါ ညက သွေး၍ သုံးပုံတစ်ပုံသောက်ကြောင်း၊ သောက်ပြီး (၁၀)မိနစ်ခန့် ကြာသောအခါ လက်များ အနည်းငယ်တုန်လာကြောင်း၊ ခဏနေ ပုံမှန်အတိုင်း ပြန်ဖြစ်သွားကြောင်း ပြောပါသည်။

ပဥ္စကာနီသီး၏ အစွမ်းပြသည်ဟု ကျွန်တော် ထင်ပါသည်။ ဒီရက်တွေအတွင်း အစားအသောက် ဆင်ခြင်စားရန် မှာလိုက်ပါသေးသည်။

ဆေးသောက်ပြီး တစ်ပတ်ခန့်အကြာတွင် အခြေအနေ မေးကြည့်ရာ **"အခြေအနေကောင်းတယ်။ လုံးဝ သွေးမပါတော့ဘူး"**ဟု ပြောပါသည်။ တစ်လလောက် ကြာသောအခါ ထပ်မေးဖြစ်ပါသည်။

'အရင်က ရေတ်သီးအရောင်တင်ပါတဲ့ ဟင်းနဲ့ ထမင်းတစ်ဇွန်းလောက် စားမိရင်ကို သွေးပန်းနေတာ။ အခု စားကြည့်တော့ သွေးမပန်းတော့ဘူး။ အတော်ကြီးကို ကောင်းနေပါပြီ'

ဟု ပြောပါသည်။

ထို့ကြောင့် ကျွန်တော့်သူငယ်ချင်းကဲ့သို့ အတွင်းလိပ်ခေါင်း သွေးပန်းနေသူများ၊ ဆရာမောင်မောင်ကျော်၏ ရေးသားဖော်ပြချက်ကို မဖတ်လိုက်ရသောသူများ ငွေကုန်သက်သာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ပြီး ရောဂါ သက်သာပျောက်ကင်းသော ပဥ္စကာနီသီးအစွမ်းကို ယုံကြည်စွာဖြင့် သောက်သုံး၍ ခံစားနေရသော ရောဂါဝေဒနာများ ပျောက်ကင်းချမ်းသာကြပါစေကြောင်း စေတနာ မေတ္တာ ရှေ့ထား၍ ရေးသားတင်ပြလိုက်ပါသည်။

***သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေ။***

**သိန်းထိုက်စံ(မန္တလေး)**

---

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၀၈ |
| **စက်တင်ဘာလ** | + ၉ |
| **ခုနှစ်** | ၂၀၁၄ |
| | ၂၃၃၁ = ၉ |


**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၉) ဂဏန်းရသည်။ သို့ဖြစ်၍ **၃၊ ၅၊ ၆၊ ၉၊ ၁** ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

အထူးသဖြင့် ရှေ့ဂဏန်းများကို ၃၊ ၅ ၆၊ ၉ ကိုသာ ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၃...၃ | ၅...၃ | ၆...၃ | ၉...၃ |
| ၃...၅ | ၅...၅ | ၆...၅ | ၉...၅ |
| ၃...၆ | ၅...၆ | ၆...၆ | ၉...၆ |
| ၃...၉ | ၅...၉ | ၆...၉ | ၉...၉ |
| ၃...၀ | ၅...၀ | ၆...၀ | ၉...၀ |


## ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ




## အတွက် ရွေးချယ်ပါ ဤဂဏန်း

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် ၃၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ**"လ"**ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၉ + ၂+ ၀+ ၁ +၄)= ၁၆= ၇ ဂဏန်းရသည်။ သို့ဖြစ်၍ **"၇"** ဂဏန်းလည်း ပစ်ပယ်၍ မရပါ။



| | | | | | | |
|---|---|---|---|---|---|---|
| စ... ဆုံး | | | | | | |
| ၃... | ၃၊ | ၅၊ | ၆၊ | ၇၊ | ၉၊ | ၀ |
| ၅... | ၅၊ | ၆၊ | ၇၊ | ၉၊ | ၀၊ | ၃ |
| ၆... | ၆၊ | ၇၊ | ၉၊ | ၀၊ | ၃၊ | ၅ |
| ၉... | ၉၊ | ၀၊ | ၃၊ | ၅၊ | ၆၊ | ၇ |

ဤလတွင် **တနင်္လာနှင့် စနေသားသမီး**များ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ ဘုန်းကြီးကျောင်းဝင်း တစ်ခုလုံးအား သန့်ရှင်းရေးပြုလုပ်ပေးပြီး အိမ်ရှိဘုရားတွင် သစ်သီး(၃)မျိုးကို ကပ်လှူပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီးကို သက်စေ့ ပုတီးစိပ်ပါ။ (၃)ရက် ဆက်စိပ်နိုင်က ပိုကောင်းသည်။

အထက်ပါ အဓိဋ္ဌာန်အောင်မြင်ပြီး ဆင်းရဲနွမ်းပါးသော စာသင်ရွယ်ကလေးငယ်(၅)ဦးအား ဗလာစာအုပ်၊ ခဲတံများ တတ်နိုင်သမျှ ဝယ်ယူလှူဒါန်းပြီးမှ ထီကံစမ်းရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦ ၃၅၆၇၉၀ ✦ ၉၉၇၆၅၃ ✦ ၆၇၉၉၇၇

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက် (သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

ထူးထွေဆန်းပြား

# သစ်တံခါးလား သစ်ကွင်းလား

မြောင်းမြ မြင့်လှိုင်

‘တီတီ...တီ...တီ’

အဆက်မပြတ်မြည်လာတဲ့ ဖုန်းသံကြောင့် ဖတ်လက်စ,စာအုပ်ထဲ ရှာန်ဝင်နေတဲ့ ကျွန်တော် ပစ္စက္ခဘဝထဲကို စိတ်ပြန်လည်လာပြီး ဖုန်းကောက်ကိုင်လိုက်တယ်။

‘ဟဲလို ပြောပါ’

ဆိုတော့...

‘ကိုမြင့်လှိုင်လား... ကျွန်တော် မောင်မြင့်ပါ’

‘ဩော်... အေး မောင်မြင့် ပြောလေ၊ ဘာကိစ္စရှိလို့လဲ’

‘ဟုတ်ကဲ့... ဘာကိစ္စမှရှိလို့မဟုတ်ပါဘူး။ အစ်ကို့ကို အမေကြီးတစ်ယောက်နဲ့ တွေ့ပေးချင်လို့ပါ’

ဆိုတော့...

‘ဟ... မောင်မြင့်ရ မင်းကလဲ တွေ့ပေးစရာရှားလို့ အမေကြီးနဲ့မှ တွေ့ပေးရသလားကွ၊ တခြားတွေ့ပေးစရာကောင်မလေးတွေ မရှိတော့ဘူးလား’

လို့ ကျွန်တော်နောက်လိုက်တော့...

‘အစ်ကိုကလဲ ပြောတော့မယ်။ ကျွန်တော်တွေ့ပေးမယ်ဆိုတဲ့ အမေကြီးက ကျွန်တော်တို့ရဲ့ နှစ်လမ်းကျော်မှာ နေတာလေ။ အစ်ကိုရေးတဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၂၅) စာမျက်နှာ (၁၃၅)မှာ ဖော်ပြထားတဲ့ **သစ်ကွင်းနှစ်ထပ်နဲ့ အကျဉ်းအကျပ်မှ လွတ်ခဲ့ရသူ** ဆောင်းပါးလေးကို အမေကြီး ဖတ်မိရာက သူ့အိမ်မှာလဲ သူ့အဖေလက်ထက်ကတည်းက စိုက်ထားတဲ့အပင်ကြီးမှာလဲ ဒီလိုသစ်ကွင်းကြီး ရှိတယ်တဲ့ အစ်ကို။

အဲဒါ သူ့အနေနဲ့ ဒီသစ်ကွင်းပင်ကြီးနဲ့ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်လေးတွေ သိချင်လို့ပါတဲ့။ အိမ်နားဝန်းကျင်က ကလေးတွေကလဲ ဒီအပင်



▲ အနီးကပ် မြင်တွေ့ရသော သစ်ကွင်း(သို့)သစ်တံခါးပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကြီးပေါ် တက်ဆော့တဲ့အခါ ဆော့ကြသလို လူလစ်ရင်လစ်သလို ဘုမသိဘမသိ အပေါ့အပါး စွန့်ခဲ့ကြတာဆိုတော့ လုပ်ကောင်းလား၊ မလုပ်ကောင်းလား သူမသိဘူးတဲ့။

အဲဒါ အစ်ကိုအားမယ့် တစ်ရက်လောက် ကျွန်တော့်ဆီလာခဲ့ပါလား။ ကျွန်တော် လိုက်ပို့ပေးမယ်လေ။ အစ်ကို့အတွက်လဲ ရေးမယ်ဆို ရေးစရာ ရတာပေါ့'

တဲ့။

'အေး...အေး မောင်မြင့်၊ အစ်ကိုလာဖြစ်ရင် ဖုန်းကြိုဆက်လိုက်မယ်။ အခုတော့ အလုပ်ကလေး နည်းနည်းရှိနေလို့'

'ဟုတ်ကဲ့ အစ်ကို ဟုတ်ကဲ့'

အခုဖုန်းဆက်လာတဲ့ မောင်မြင့်ဆိုတာ သုဝဏ္ဏမှာနေတဲ့ မြောင်းမြမုန့်ဟင်းခါးဆိုင်ကပါ။ သူ့အိမ်မှာရှိတဲ့ နှစ်ထပ်သစ်ကွင်း အကြောင်းကိုလဲ ၂၀၁၃ ခုနှစ် ဩဂုတ်လထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၂၅) စာမျက်နှာ(၁၃၅)မှာ ဖော်ပြခဲ့ပြီးပါပြီ။ မဂ္ဂဇင်းတိုက်က လက်ဆောင်ရတဲ့ စာအုပ်ကိုလဲ မောင်မြင့်တို့ကို လက်ဆောင်ပြန်ပေးလိုက်တယ်။

အခုလဲ သစ်ကွင်းကိစ္စတဲ့။ ကျွန်တော်အနေနဲ့လဲ သိပ်နားမလည်ပေမယ့် စိတ်တော့ ဝင်စားပါတယ်။ ဒါနဲ့ နောက်တစ်ပတ် စနေနေ့မှာ မောင်မြင့်တို့ဆီ ကျွန်တော်ရောက်ဖြစ်ခဲ့တယ်။

မောင်မြင့် တွေ့ပေးမယ်ဆိုတဲ့ အမေကြီးနာမည်က ဒေါ်မေရှင်းတဲ့။ သူ့အမျိုးသားက ဆုံးသွားတာ သုံးနှစ်လောက်ရှိပြီလို့ သိရတယ်။ လက်ရှိအိမ်မှာ ကျောင်းဆရာမဖြစ်တဲ့ သမီးအကြီးနဲ့ အတူနေတယ်။



သစ်ကွင်း(သို့)သစ်တံခါးပင်ကို နောက်ကျောဘက်မှ မြင်တွေ့ရပုံ

'ကြီးမေ ဒါ ကျွန်တော်ပြောတဲ့ မြောင်းမြမြင့်လှိုင်ဆိုတာသူပေါ့'

ဒေါ်မေရှင်းတို့ အိမ်ရောက်ရောက်ချင်းပဲ မောင်မြင့်က မိတ်ဆက်ပေးတယ်။

'သြော်...အေး သား... အေး တွေ့ရတာ ဝမ်းသာတယ်ကွယ်။ မောင်မြင့်တို့အိမ်က သစ်ကွင်းလေးအကြောင်း လာပေးဖတ်လို့ ကြီးမေ ဖတ်လိုက်ရသေးတယ်။ အဲဒါ ကြီးမေတို့ အဖေစိုက်ခဲ့တဲ့ သစ်ကွင်းပင်ရဲ့ အကျိုးအပြစ်တွေလဲ သိချင်တာနဲ့ ငါ့တူကို အကူအညီတောင်းကြည့်တာပါ'

ဆိုတော့ ကျွန်တော်လဲ ခေါင်းတော့ ခြောက်သွားရတယ်။ ဟုတ်တယ်လေ၊ ကျွန်တော်က စာရေးပေမယ့် ဒီဂရီရ -ဆန်တဲ့ပစ္စည်းတွ အပင်တွေအကြောင်း ကြတော့ ဂဃနဏသိတာ မဟုတ်ဘူး။ ဒီပညာရပ်တွေအကြောင်းနဲ့ ပတ်သက်ရင် ကျွန်တော့်အနေအထားက က,ခ





www.burmeseclassic.com

www.burmeseclassic.com

အဆင့်လောက်ပဲ ရှိသေးတာကိုး။

ဒါနဲ့ ဒေါ်မေရှင်းလိုက်ပြလို့ သူတို့ခြံထောင့်က သစ်ကွင်းပင်ဆီ ရောက်ခဲ့တယ်။ ကျွန်တော် သေသေချာချာ ကြည့်မိတော့ ဒေါ်မေရှင်းပြောသလို သစ်ကွင်းတော့ မဟုတ်လောက်ဘူး။ စာထဲပေထဲမှာ ဖတ်ဖူးမြင်ဖူးသလောက် ပြောရရင် ဒါသစ်တံခါးပင်ကြီး ဖြစ်မယ်ထင်တယ်။

ဒါကလဲ ကျွန်တော့် ထင်မြင်ချက်ပါ။ မှန်တယ်,မှားတယ် ဆိုတာတော့ ကျွန်တော့်ထက် သိတဲ့ တတ်တဲ့ ဆရာတွေပဲ ပိုသိမယ်ထင်တယ်။


ဒါနဲ့ ကျွန်တော်လဲ သိချင်တာလေး တချို့ ဒေါ်မေရှင်းကို မေးဖြစ်ခဲ့တယ်။

'ကြီးမေ ဒီအပင်ကြီးက ကြီးမေတို့ ဒီကို ပြောင်းလာကတည်းက ရှိနေတာလား၊ ဒါမှမဟုတ် နောက်မှ စိုက်ထားတဲ့ အပင်လား'

ဆိုတော့…

'ဒီအပင်က ကြီးမေရဲ့အဖေ ကိုယ်တိုင် စိုက်ခဲ့တဲ့ အပင်ပါ။ ကြီးမေတို့က ဒီဇာတိမဟုတ်ဘူးလေ။ ကြီးမေအပျိုပေါက်အရွယ်ကတည်းက မိသားစုလိုက် သန်လျင်က ပြောင်းလာခဲ့ကြတာ။ အဖေက လက်သမားဆရာကြီးဆိုတော့ အလုပ်ကိစ္စနဲ့ နယ်တစ်ခါတစ်ခါ ထွက်သွားရင် တစ်လကိုးသီတင်းကြာတတ်တယ်။

တစ်နေ့ ကြီးမေအဖေ နယ်က ပြန်လာတော့ အပင်လေးတစ်ပင် ပါလာတယ်။ အဖေက ရောက်ရောက်ချင်းပဲ ခြံထောင့်မှာ တခုတ်တရစိုက်နေတာတွေ့တော့ ကြီးမေလဲ စပ်စုကြည့်တာပေါ့။



◆ သစ်ကွင်း(သို့)သစ်တံခါးပင်ကို
အရှေ့တည့်တည့်မှ မြင်တွေ့ရပုံ

"အဖေ… ဒါဘာအပင်မို့ ချက်ချင်းစိုက်နေတာလဲလို့" မေးမိတယ်။

ကြီးမေစိတ်ထဲ သီးပင်၊ စားပင်လို့ပဲ ထင်နေတာကိုး။ ဒီတော့ အဖေက ပြောတယ်။ နယ်က ဆရာကြီးတစ်ယောက်ဆီက မနည်းတောင်းခဲ့ရတာတဲ့။ အဖေက နယ်တွေ မကြာခဏ သွားနေရတာဆိုတော့ **အိမ်အတွက် အရံအတားရအောင်လို့တော့** ပြောတာပဲ။

ဒီတုန်းကတော့ ကြီးမေလဲ သိပ်စိတ်မဝင်စားတာနဲ့ ဘာမှ ထပ်မမေးဖြစ်တော့ဘူး'

ဒေါ်မေရှင်းက ပြောလက်စ စကားကို ခဏရပ်ပြီး သွားလေသူ ဖခင်ကြီး စိုက်ထားခဲ့တဲ့ သစ်ကွင်းပင်ကို တစ်ချက် မော့ကြည့်တယ်။ ပြီးတော့ နပူးစပ်က ချွေးစက်တွေကို လက်ကိုင်ပဝါလေးနဲ့ တို့ကာတို့ကာ သုတ်နေပြန်တယ်။ မျက်ဝန်းအစုံမှာလဲ သွားလေသူ ဖခင်ကြီးကို လွမ်းဆွတ် သတိရလို့ ထင်ပါ့ ရီလို့ဝေလို့။

အဲဒီအချိန်မှာ ဒေါ်မေရှင်းသမီးက အအေးနဲ့မုန့်ကို အလိုက်တသိ ယူလာပြီး ဧည့်ဝတ်ပြုတယ်။ ဒီနှစ်နွေကလဲ အတော့်ကို ပူလွန်းလှပါတယ်။ ကျွန်တော်တို့ သုံးယောက်သား သစ်ပင်ကြီးရဲ့အရိပ်အောက်မှာ ထိုင်နေကြပေမယ့် ပူစပ်ပူလောင်ကြီး ခံစားနေကြရတယ်။

'ဒါနဲ့ ကြီးမေတို့ ဒီအပင်စိုက်ပြီး နောက်ပိုင်း ထူးထူးခြားခြား ဘာတွေများ ကြုံခဲ့ရသေးလဲ။ ကျွန်တော်ဆိုလိုတာက သဘာဝကို ကျော်ပြီး ဖြစ်ခဲ့တာ မျိုးပေါ့။ ကြီးမေ မှတ်မိတာရှိရင်လဲ ပြောပြပေးပါ'

လို့ ကျွန်တော် စကားနိူက်ကြည့်လိုက်တယ်။

ဒေါ်မေရှင်းက အအေးတစ်ငုံ သောက်လိုက်ပြီး…

'အင်း…ဒီအဖြစ်က သစ်ကွင်းနဲ့ ဆိုင်လားမဆိုင်လားတော့ ကြီးမေ မဝေခွဲတတ်ဘူး။ အဲဒီတုန်းက ကြီးမေက လူငယ်ပိုင်းလဲဖြစ်ပြန်၊ ပြီးတော့ ပညာကလဲ မတောက်တစ်ခေါက်နဲ့ဆိုတော့ ဂမ္ဘီရတို့ဘာတို့ကို သိပ်အယုံအကြည်မရှိလှဘူး။ ကြီးမေ အဖေကသာ သူစိုက်ထားတဲ့ အပင်လေးအစွမ်းလို့ သေတဲ့အထိ ယုံကြည်သွားရှာတာ'

'ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့လဲ သိရတာပေါ့။ ပြောသာ ပြောပါ ကြီးမေ'

လို့ စကားလမ်းကြောင်းပေးလိုက်တယ်။

'ဖြစ်ပုံက ဒီအပင်လေး ဝါးတစ်ပြန်စာလောက် အရောက်ဖြစ်မယ် ထင်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲ...နေဦး။ ဒီနေရာမှာ ကြီးမေ စကားဖြတ်ပြောဦးမယ်။ ကြီးမေရဲ့ အဖေ ဒီအပင်လေး စယူလာခါစက တစ်တောင်သာသာလောက်ပဲ မြင့်သေးတယ်။

ဒီကတည်းက အပင်လေးရဲ့ ခွဆုံနေရာမှာ ဒီသစ်ကွင်းလေးက အထင်းသားရှိနေတာ၊ အပင်ကကြီးလာတာနဲ့ အကွင်းလေးကလဲ တုတ်တုတ်ခိုင်ခိုင်နဲ့ မြင့်သာ တက်သွားတယ် အကွင်းလေးက ပုံပျက်မသွားဘူး။

ထားပါတော့... စောစောက ပြောသလို ဒီအပင်လေး ဝါးတစ်ပြန်လောက် အရောက်မှာ ကြီးမေတို့ရပ်ကွက် မီးလောင်မှုဖြစ်တယ်။ တပေါင်း၊ တန်ခူး ဆိုတော့ ရာသီဥတုကလဲ မီးတို့အကြိုက်ပေါ့ကွယ်။

လောင်လိုက်တာဆိုတာလဲ တစ်အိမ် တစ်အိမ်ကို ခဏလေးနဲ့ ဘဝပြောင်းစေတယ်။ ကြီးမေတို့အိမ်နဲ့ မီးကလဲ ကပ်လာပြီးဆိုတော့ ကြီးမေတို့လဲ နိုင်ရာနိုင်ရာ ပစ္စည်းလေးတွေ မ,ပြီး အိမ်ထားပြေးရတာပေါ့။

မီးသတ်ကားတွေကလဲ တတ်နိုင်သလောက် ငြိမ်းသတ်ကြပေမယ့် ဟိုခေတ်ဟိုအခါက မီးသတ်ကားတွေကလဲ သိတဲ့အတိုင်းပဲ မည်ကာမတ္တပဲလေ။ အခုခေတ်လိုတော့ ဘယ်လာကောင်းလိမ့်မတုံး။

ဒါနဲ့ အဲဒီအချိန်မှာ ဘယ်လိုမှ မထင်မှတ်တဲ့အဖြစ်က ကြီးမေတို့ရဲ့ဘေးက အိမ်ကို တစ်ခြမ်းလောက် စ,လောင်နေတဲ့ မီးဟာ ကောက်ခါငင်ခါ လေကြောင်းပြောင်းပြီး လောင်ပြီးသား အိမ်တွေဘက် မီးညွန့်ပြောင်းသွားတယ်။

အရိုးငေါက်တောက်သာ ရှိတော့တဲ့ လောင်ပြီးသား အိမ်တွေဆိုတော့ ဘာမှ ထပ်လောင်စရာမရှိတော့ မီးညွန့်လဲ ကျိုးသွားတယ်။ မီးသတ်ရဲဘော်တွေနဲ့ ရပ်ကွက်လူထုကလဲ ရတဲ့အခွင့်အရေးကို လက်မလွှတ်စတမ်း ဝိုင်းငြိမ်းကြတာ မီးငြိမ်းတဲ့အဖြစ် ရောက်သွားတယ်ပဲ ပြောပါတော့ကွယ်။

ဒါနဲ့ ကြီးမေအနေနဲ့ တိုက်ဆိုင်မှုလို့ ပေါ့ပေါ့တန်တန် သဘောထားခဲ့မိပေမယ့် ကြီးမေရဲ့အဖေကတော့ သူစိုက်ထားတဲ့ ဂမ္ဘီရသစ်ကွင်းပင်ကြောင့်လို့ တဖွဖွနဲ့ ပြောမဆုံးဘူး။

အခု ကြီးမေပြောပြတဲ့ ဖြစ်ရပ်လေးကို ငါ့တူအနေနဲ့ကော ဘယ်လိုထင်လဲကွယ်'

ကျွန်တော့်အမေးကို ဖြေအပြီးမှာ ကြီးမေက ကျွန်တော့်ကို မေးခွန်းပြန်ထုတ်လာတယ်။

'ကျွန်တော့်အနေနဲ့တော့ ဘာကိုမှ အပ်ကျမပ်ကျ ထင်မြင်ချက် မပေးနိုင်သေးပါဘူး ကြီးမေ၊ လောကမှာ ပြောပြဖို့ ခဲယဉ်းတဲ့ဖြစ်ရပ်တွေလဲ ဒုနဲ့ဒေး ရှိနေကြတာပဲ မဟုတ်လား။ ကျွန်တော့်အနေနဲ့ မှန်ရာကို ဝန်ခံရရင် ဒီလိုဂမ္ဘီရနွယ်တဲ့ပစ္စည်းတွေအပေါ်မှာ နားလည်ကျွမ်းကျင်မှု အားနည်းပါတယ်။

ဒါပေမယ့် ကြီးမေကို အာမ,ခံနိုင်တာ တစ်ခုကတော့ **ဒီသစ်ကွင်းပင်ကြီးရဲ့ အကောင်းအဆိုးနဲ့ သက်ရောက်မှု အကြောင်းအကျိုးတွေကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကတစ်ဆင့် တတ်သိနားလည်ကြတဲ့ ဆရာတွေ ဖြေကြားပေးကြဖို့ တိုက်တွန်း ရေးသားပေးမယ်ဆိုတဲ့ ကတိတော့ ပေးနိုင်ပါတယ်'**

'အေးလေ ငါ့တူ မေးပေးတော့လဲ ကြီးမေတို့ သိရတာပေါ့၊ ဗဟုသုတ ရတာပေါ့ကွယ်'

ဒါနဲ့ ကျွန်တော်လဲ သစ်ကွင်းပင်ကြီးကို မှတ်တမ်းဓာတ်ပုံ ရိုက်ယူခဲ့တယ်။ အပင်အမျိုးအစားကတော့ ဘာပင်လို့ ပြောရမှန်းတောင်မသိဘူး။ ရန်ကုန်လို နေရာမျိုးမှာတော့ တော်တော်တွေ့ရခဲတဲ့ အပင်မျိုးပါ။

ပတ်ဝန်းကျင်က လူတွေ ပြောတာတော့ ကဝိပင်ဆိုလား၊ ဂဝိပင်ဆိုလား ပဲ။ ထားပါတော့... ပြောချင်တာက တတ်သိနားလည်တဲ့ ဆရာများက ဒီသစ်ကွင်းပင်ရဲ့ အကောင်းအဆိုး၊ အကြောင်းအကျိုးလေးကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကတစ်ဆင့် ဖော်ပြပေးကြပါလို့ တိုက်တွန်းပါရစေ။

**မြောင်းမြ မြင့်လှိုင်**

**ထပ်ဆင့်မှာကြားလွှာ . . .**

ကျွန်တော်တွေ့ကြုံမှုသည်မှာ **တောင်ရွှန်းကျေးရွာအုပ်စု တောင်ကြီးကျေးရွာရှိ ဓကာလသာတောင်ဆံတော်ရှင်** စေတီရင်ပြင်ပေါ်ရှိ ညောင်ပင်ကြီး၏ အကိုင်းများမှ အမြစ်များ မြေပြင်သို့ ကျရောက်ကာ တံခါးသဖွယ် ဖြစ်နေပါသည်။

ဤသည်ကို အချို့က သစ်တံခါးဟု ခေါ်ဆိုနေပါသည်။ စာရှုသူ သုတေသီပညာရှင်နှင့် ဓါသနာရှင်များခင်ဗျား...

**သစ်ကွင်းနှင့် သစ်တံခါး** ကွဲကွဲပြားပြား သိရှိသူများမှ ပြည့်ပြည့်စုံစုံ တင်ပြပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လေးစားစွာဖြင့်...**

**ဦးကျော်ခိုင်သိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

သားလေးယောက်
သမီးတစ်ယောက်


# အလောင်းထမ်းစင်

ရွှေမင်းသူရိယ
(ဆင်ဖြူကျွန်း)

### (၁) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၂၇)နှစ်ပြည့်မှ

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၂၇)နှစ်ပြည့် အမှတ်တရ အထူးထုတ်၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၊ အမှတ် (၃၂၄)၊ စာမျက်နှာ (၂၂၉)တွင် ပါရှိသော ချို(အမရပူရ) ရေးသားသည့် **"သားလေးယောက်နှင့် သမီးတစ်ယောက် ဆက်တိုက်မွေးကောင်းပါ"** ဆောင်းပါးကို ဖတ်ရှုလိုက်ရပါသည်။

ယင်းဆောင်းပါးနှင့် ပတ်သက်၍ အပြုသဘော သက်သက်ဖြင့် တင်ပြလိုပါသည်။ သားလေးယောက် မွေးဖွားပြီး သမီးတစ်ယောက် မွေးဖွားခြင်းသည် လည်းကောင်း၊ သမီးလေးယောက် မွေးဖွားပြီး သားတစ်ယောက် မွေးဖွားခြင်းသည် လည်းကောင်း အလွန်ပင် ကောင်းပါသည်။



လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ပြုပြင်၍ အသုံးပြုခဲ့သော ပထရမ တစ်ကြောင်းဆွဲ အကွရာပါ အန္တရာယ်ကင်း တံဆိပ်တော်

### (၂) အလောင်းထမ်းစင် မဟုတ်ပါ

ဆက်တိုက် မွေးဖွားသော သားလေးယောက်သည် လည်းကောင်း၊ ဆက်တိုက်မွေးဖွားသော သမီးလေးယောက်သည် လည်းကောင်း ခုတင်ဖြစ်ပြီး **"ရာဇပလ္လင်"** ရသည်ဟု ခေါ်နိုင်ပါသည်။

သားလေးယောက်၏နောက်မှ မွေးသောသမီးသည်လည်းကောင်း၊ သမီးလေးယောက်၏နောက်မှ မွေးသော သားသည်လည်းကောင်း**"ရာဇပလ္လင်"** ရရှိသူဖြစ်ပါသည်။ အလွန်ပင် ကောင်းပါသည်။ အလောင်းထမ်းစင် မည်ပါ။


**ဥပမာ**တစ်ခု တင်ပြရလျှင် အိမ်မွေးကြောင်များတွင် ကြောင်ထီးလေးကောင် ပေါက်လျှင် လည်းကောင်း၊ ကြောင်မလေးကောင်ပေါက်လျှင် လည်းကောင်း **"ကြောင်ခုတင်"**ဖြစ်သည်ဟု ရှေးလူကြီးသူမများက ပြောဆိုလေ့ ရှိပါသည်။

စီးပွားတက်ပြီး လာဘ်လာဘဝင်သည်။ ငွေ,အလုံးအရင်းလိုက်ရတတ်သည်ဟု ရှေးအဘိုးကြီးများက ပြောကြပါသည်။

တိရစ္ဆာန်များတွင်ပင် လာဘ်လာဘဝင်သည် အထူးကောင်းမွန်သည်ဟု ဆိုခဲ့ပါလျှင် ဆက်တိုက် သားလေးယောက်မွေးပြီး ပဉ္စမမြောက်မှာ သမီးဖြစ်ခဲ့လျှင် လည်းကောင်း၊ ဆက်တိုက် သမီးလေးယောက်မွေးပြီး၊ ပဉ္စမမြောက်မှာ သားဖြစ်ခဲ့လျှင် လည်းကောင်း **"ရာဇပလ္လင်"** ရရှိသူများဖြစ်၍ အထူးကောင်းမွန်သည်ဟု ယူဆရပါမည်။

စာရေးသူ၏ မိသားစုတွင် သမီးလေးယောက်မွေးပြီး၊ ပဉ္စမမြောက်မှာ

(ပုံ-၁)




အန္တရာယ်သဘော သက်ရောက်သော တြိဂံပုံစံ

(ပုံ-၂)




ရန်အန္တရာယ်များကို ချေဖျက်နိုင်သော တြိဂံနှစ်ခု ပြောင်းပြန်ထပ်ကြယ်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com

သားမွေးဖွားခဲ့၏။ ထို့အတူ ညီတစ်ဝမ်းကွဲမှာလည်း သားလေးယောက်မွေးဖွားခဲ့ပြီး၊ ပဉ္စမမြောက်မှာ သမီး မွေးဖွားခဲ့၏။ မိသားစုနှစ်စုလုံး ဘာပြဿနာမှ မကြုံတွေ့ခဲ့ရပါ။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အားလုံး အစဉ်ပြေခဲ့ပါသည်။

သို့သော်...

**(၃) သားသမီးများနှင့် ပတ်သက်၍ ဟိန္ဒူတို့၏ အယူအဆ**

လူဦးရေ သန်းတစ်ထောင်ကျော်ရှိသော အိန္ဒိယနိုင်ငံရှိ ဟိန္ဒူလူမျိုးများ စွဲစွဲလမ်းလမ်း လက်ခံယုံကြည်ထားသော အချက်အလက်အယူအဆမှာ သမီးသုံးယောက် ဆက်တိုက်မွေးပြီး စတုတ္ထမြောက်တွင် သားမွေးခဲ့လျှင် လည်းကောင်း၊ သားသုံးယောက် ဆက်တိုက်မွေးပြီး စတုတ္ထမြောက်တွင် သမီးမွေးခဲ့လျှင် လည်းကောင်း မကောင်းပါ။

စီးပွားပျက်တတ်ခြင်း၊ အန္တရာယ်များ ရောက်ရှိလာခြင်း၊ မိခင်ဖခင်များကို နိုက်တတ်ခြင်းများ ဖြစ်တတ်သည်ကို အများအားဖြင့် တွေ့ရလေ့ရှိပါသည်။ အင်မတန် ကံဆိုးလွန်းမှသာ လူသေခြင်း ဖြစ်တတ်သည်ကို တွေ့ရမည် ဖြစ်သည်။

သားသုံးယောက်မွေးပြီး သမီးတစ်ယောက်မွေးလျှင်လည်းကောင်း၊ သမီးသုံးယောက်မွေးပြီး သားတစ်ယောက် မွေးလျှင်လည်းကောင်း ဟိန္ဒူလို **"သက်သရား"**၊ **"ဖက်သရား"**ဟု ခေါ်ကြပြီး မွေးဖွားမိသော မိခင်ဖခင် တိုင်း စိတ်ပူတတ်ကြပါသည်။

ဤသို့သော အန္တရာယ်မျိုးကို ဟိန္ဒူ အများစုသည် **"နဝဂြဟ"**ခေါ် ဂြိုဟ်မင်းများကို ပင့်ဖိတ်၍ ဂြိုဟ်စာ၊ ဗလိနတ်စာကျွေးခြင်း၊ ဥပုသ်ပြုခြင်း၊ တရားထိုင်ခြင်း၊ ဓမ္မတရားများ၊ ဓမ္မဂီတများ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ဖြင့် အကာအကွယ် ပြုကြသည်ကို တွေ့ရပါသည်။

(၄)

သားလေးယောက် ဆက်တိုက်မွေးခြင်းသည် အဘယ်ကြောင့် ကောင်းရသနည်းဟုဆိုလျှင် စုံဂဏန်းကျခြင်း၊ ခုတင်ကျပြီး ပလ္လင်ရခြင်း၊ ထောင့်လေးထောင့်ကျပြီး စတုရန်း (သို့မဟုတ်) စတုဂံပုံဖြစ်၍ **ရန်ကျေသောသဘော** သက်ရောက်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

သားသုံးယောက် ဆက်တိုက်မွေးပြီး သမီးတစ်ယောက်မွေးလျှင် လည်းကောင်း၊ သမီးသုံးယောက် မွေးပြီး သားတစ်ယောက်မွေးလျှင် မကောင်းပါ။ သားသုံးယောက်ဖြစ်စေ၊ သမီးသုံးယောက်ဖြစ်စေ မွေးဖွားခြင်း ပုံသဏ္ဌာန်မှာ တြိဂံပုံ ဖြစ်နေသောကြောင့် **အန္တရာယ်ရှိသည့်သဘော** ဆောင်ပါသည်။

**(၅) စုံဖြစ်လျှင် မင်္ဂလာရှိသည်ဟူ ယူဆပုံ**

စုံဖြစ်လျှင် မင်္ဂလာရှိသည်ဟု ရှေးခေတ် လူကြီးသူမများ မှတ်ယူဆွဲထားကြပါသည်။ ထို့ကြောင့်ပင် ထိမ်းမြားခြင်း မင်္ဂလာပြုသည်ကို "စုံဖက်"သည်ဟု ခေါ်ကြပါသည်။

တရုတ်လူမျိုးများသည် မင်္ဂလာဆောင်များ၌ မင်္ဂလာလက်ဖွဲ့ခံသည့် ငွေကို ထည့်ဝင်ရာတွင် သတို့သမီးနှင့် သတို့သား အညီအမျှပြုပြီး စုံဂဏန်းဖြစ်အောင် ထည့်ဝင်ခြင်း တွေ့ရပါသည်။

ဟိန္ဒူလူမျိုးများတွင် လင်ယောက်ျား သေဆုံးပြီးသော မုဆိုးမ (ကြင်ဖော် ကြင်ဖက်မရှိသူ)ကို မင်္ဂလာဆောင်ပွဲ တွင် အသုံးပြုသော မင်္ဂလာပစ္စည်း များကို ကိုင်တွယ်ခြင်းပင် ခွင့်မပြု ကြချေ။ မင်္ဂလာဆောင်ရန် ပြုလုပ်ထား သော "ဘေသီ"ခေါ် လေးထောင့်စည်း ဝိုင်းပေါ်တွင် တက်ခွင့်မပြု။ **"လင်စုံ မယားဖက်"**သာလျှင် တက်ရောက်၍ မင်္ဂလာအခမ်းအနား ပြုလုပ်ရသည်ကို တွေ့ရမည် ဖြစ်ပါသည်။

မြန်မာဓလေ့တွင်လည်း မင်္ဂလာ လက်ဖက်အုပ်အပ်ရာတွင် လက်ဖက် အုပ် အပ်ခံရသောသူမှာ လူကြီးသူမ ထဲမှ **"လင်စုံမယားဖက်"** ဖြစ်ရပြီး လက်ဖက်အုပ် ပေးအပ်သူမှာလည်း **"လင်စုံမယားဖက်"**ရှိသူသာ ပေးအပ် ရပါသည်။ ပြီးမှ မင်္ဂလာ လက်ဖက် အုပ်နှစ်လုံးတွင်ပါဝင်သော လက်ဖက် များကို ရောနှောပြီး တစ်ဝက်စီ ပြန် လည်ခွဲပေးသော သဘောမှာလည်း **"ဆွေမျိုးရင်းချာများ တော်စပ်သွား ပြီ ဟူသည့်"** အဓိပ္ပာယ် သဘောပင် ဖြစ်ပါသည်။

**အနှစ်ချုပ်မှာ** ဆက်တိုက် သားလေးယောက်မွေးပြီး သမီး တစ်ယောက် မွေးခြင်းသည် အလောင်း ထမ်းစင် မမည်ပါ။ အန္တရာယ်မရှိပါ။ သားလေးယောက် မွေးခြင်းသည် **"ရာဇပလ္လင်"**ကျပြီး၊ မိဘမှာ **"ရာဇပလ္လင်"**ရသူဖြစ်၍ ပဉ္စမမြောက် သမီးလေးမှာလည်း မိဘများနည်းတူ **"ရာဇပလ္လင်"**ရရှိသူ ဖြစ်ပါသည်။ အန္တရာယ်မရှိပါကြောင်း တင်ပြလိုက် ပါသည်။

(၆)

သားသုံးယောက်မွေးဖွားပြီး သမီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် မွေးဖွားလျှင် လည်း ကောင်း၊ သမီးသုံးယောက်မွေးဖွားပြီး သားတစ်ယောက် မွေးဖွားခြင်းမှာ မကောင်းပါ။ ဆက်တိုက် သုံးယောက် မွေးဖွားခြင်းမှာ တြိဂံပုံစံ သုံးမြှောင့် အချွန် ဖြစ်နေခြင်းကြောင့် အန္တရာယ် သဘော သက်ရောက်စေပါသည်။

ထိုအန္တရာယ် ဖြစ်စေနိုင်သည့် တြိဂံပုံစံ **သုံးမြှောင့်အချွန်ကို ချေ ဖျက်နိုင်စွမ်းရှိသော အဆောင် သဘောမျိုး ကြယ်ပုံစံတစ်ခု ပြုလုပ် ထားလျှင်** မည်သည့်အန္တရာယ်ကိုမျှ ကျရောက်နိုင်ဟု ယူဆကြပါသည်။

တြိဂံပုံ အဖြူတစ်ခု၊ တတြိဂံပုံ အနက်တစ်ခုတို့ကို ကြယ်ပုံစံဖြစ်အောင် ထပ်၍ ကပ်ထားရပါမည်။ ပြီးလျှင် ဘုရားစင်၌လည်းကောင်း၊ အိမ်အဝင်၌ သည်းကောင်း ချိတ်ဆွဲထားပါက အန္တရာယ် ကင်းရှင်းစေပါသည်။

**(လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ပြုပြင်၍ အသုံးပြုခဲ့သော ဝ-ထ-ရ-မ တစ်ကြောင်းဆွဲ အကွက်ရာပါ အန္တရာယ်ကင်း တံဆိပ် တော်၌ တြိဂံနှစ်ခုပြောင်းထပ်၍ ကြယ်ပုံဖော်ပြီး သုံးစွဲထားသည်ကို တွေ့ရပါသည်။)**

* * *

နိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ လောကီရေးရာအဖြာဖြာ၌ မည်သို့ပင် ဆိုစေကာမူ **ဗုဒ္ဓ၏အဆုံးအမ၌ ညွှန်ကြားချက်ကြောင့် ဥပဒ်ဖြစ်နိုင်သည်ကို** သတိပြုစေလိုပါသည်။

**နေမင်းသူရိယ**
***(ဆင်ဖြူကျွန်း)***

# ဒူးနာနေသူများအတွက်

**လိမ်းဆေးနှင့် အုံဆေး**

လူတို့သည် အသက်အရွယ် ရလာ သည်နှင့် ယောက်ျား၊ မိန်းမ မရွေး ဒူးနာသည့်ဝေဒနာကို ခံစားရလေ့ရှိ သည်။ အထူးသဖြင့် ဝ,သောသူများ တွင် ပို၍ ဖြစ်တတ်သည်။

ဒူးနာသည့် ဝေဒနာသည် အလွန် အခံရခက်သည်။ အထိုင်အထ၊ အသွားအလာမှ စ၍ ရုပ်ခန္ဓာကြီးကို မနိုင်မနင်း သယ်ပိုးနေရရှာသည်။

ထိုဒူးနာသူများအတွက် မြန်မာတို့ ၏ ဆေးနည်းများစွာ ရှိသော်လည်း ယခုဖော်ပြပါ လိမ်းဆေးနှင့် အုံဆေး များမှာ လက်တွေ့ ရောဂါပျောက်ကင်း သူများ၏ ဆေးနည်းများ ဖြစ်ပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်ကြီး အတွက် ဝေငှပေးလိုက်ပါသည်။



**လိမ်းဆေး(၁) အုန်းရည်နှင့် ထုံးနနွင်း လိမ်းဆေး**

ရှေးဦးစွာ အရည်သောက် အုန်းသီးတစ်လုံး ရှာ၍ အရည်ကို ဖောက်ယူပါ။ ထိုအုန်းရည်ထဲ သို့ ထုံးငါးကျပ်သား၊ နနွင်းမှုန့်စစ်စစ် ငါး ကျပ်သားဖြင့် ဖျော်မွှေပေးပါ။

ထိုရရှိလာသော အုန်းရည်များကို နာနေသော ဒူးပေါ်သို့ တစ်နေ့သုံးကြိမ် လိမ်းပေးပါ။ ခြောက်သွားသည့်အပေါ်မှ ထပ်၍ လိမ်းပေးပါ။ တစ်လအတွင်း ဒူးနာရောဂါ ပျောက်ကင်းချမ်းသာမည် ဖြစ်ပါသည်။

**လိမ်းဆေး(၂) တောရှောက်မြစ် ဆေးရည်နှင့် ချင်းမှုန့်လိမ်းဆေး**

ပထမဦးစွာ ဆေးတစ်ဖုံစာအတွက် **ချင်းစိမ်း(၂၅)ကျပ်သား ဝယ်၍ ကြေ ညက်အောင် ထောင်းပါ။ ရရှိလာ သော ချင်းဖတ်၊ ချင်းမှုန့်များကို** **တောရှောက်မြစ် လိမ်းဆေးအရည် တစ်ပုလင်းဝယ်၍ ရောမွှေပါ။**

ထိုလိမ်းဆေးကို လေလုံသော ဘူး အတွင်းထည့်၍ နာနေသောဒူးပေါ်သို့ အရည်ညှစ်၍ လိမ်းပေးပါ။ အမှူး အမော် ရှူ၍လည်း ကောင်းပါသည်။

ခန္ဓာကိုယ်အနှံ့ ဘယ်နေရာကိုက် ကိုက်၊ နာနာ လိမ်းပေးနိုင်ပါသည်။

**မှတ်ချက်။ ။ ရှောက်ဘီလူးငါးလုံး နုပ်နုပ်စဉ်း၍ ထည့်ပါက လေဖြတ် ခြင်းကို ကာကွယ်နိုင်ပါသည်။**

**အုံဆေး။ ။ရဲယိုသီးအုံဆေး**

ထိုဆေးနည်းမှာ လွယ်ပါသည်။ **ရဲယိုသီးအမှည့်တစ်လုံးကို ရှာပါ။ ပြီးလျှင် ရေနံဆီစစ်စစ် အနည်းငယ် ဖြင့် ရော၍နယ်ပါ။ ပြီးလျှင် ထိုရဲယို သီးနယ်ဖတ်များကို နာနေသော ဒူး ပေါ်သို့ အုံ၍ ကြပ်စီးပေးပါ။**

ညအိပ်ရာဝင်တိုင်း ရဲယိုသီးတစ်လုံး ကျစီ အုံဆေးပြု၍ အုံပေးပါ။ တစ်ပတ် အတွင်း သိသိသာသာ ထူးခြားလာပါ လိမ့်မည်။

**မှတ်ချက်။ ။ဆေးနည်းပေးသော အဘဦးသာဟန်အား ကျေးဇူးတင် ရှိပါသည်။**

**ရဲရဲထွန်း(ဟသ်ာတ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမွန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

-(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)

'ကလ္လတ္ထိယ မိန်းမတို့၏ ဥစ္စာခနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။


အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန်ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ-၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ပြ[...] နှမ်းခြင်း၊ ကိုယ်ခန္ဓာနုံးပြင်းခြင်း ဖြစ်နေသူ[...] များ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား[...] ရေနွေးနဲ့သောက်ရင် အသားအရေ[...] စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရုန့်ပြင်းခြင်း[...] ကင်းဝေးစေပါတယ်။




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

အိမ်ထောင်ရှင်အမျိုးသမီးများ သား[...] သမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက်[...] မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့[...] (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်[...] ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာ[...] တွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက်[...] ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး[...] (၃)ရက်ဆက်သောက်လျှင် သားသမီးဝေး[...] ပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင်[...] (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက်[...] ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အနီးပုပ်များ ကင်း[...] စင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ[...] သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ ခု[...] လိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊ အအေးဒဏ် မခံနိုင်ခြင်း[...] သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက[...] သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာ[...] ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီး[...] ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာ[...] ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိဏ်းထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၆၁)၊ ကရဝိက် (၁)လမ်း၊ ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်။

**မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)**



www.burmeseclassic.com

www.burmeseclassic.com

နွယ်မြက်သစ်ဝင်

# ဆေးဖက်ဝင် အပင်များ

၏ လက်တွေ့ အသုံးပြုနည်းများ (အပိုင်း-၂)

ဦးမောင်မောင်
(ရွှေနဝင်း)

ဂမုန်းတိမ်ပြာအစွမ်းဖြင့်

အဖုထွထွရောဂါကုသနည်း

အဖြာဖြာ

ယခင်လက နန္ဒင်းပြာ (ခေါ်) ဂမုန်းတိမ်ပြာအစွမ်းဖြင့် ကလေးသူငယ်ရောဂါအမျိုးမျိုးတို့ကို လက်တွေ့ အသုံးပြု ကုသနိုင်သည့် လွယ်ကူထိရောက်လှသော နည်းကောင်းများကို ရေးသားတင်ပြခဲ့ပြီးပြီဖြစ်၍ ယခုလတွင် ဂမုန်းတိမ်ပြာပင် အစွမ်းသတ္တိထူးများဖြင့် အခြားရောဂါများကို ထိရောက်စွာ ကုသနိုင်သည့် နည်းကောင်းများကိုလည်း အများပြည်သူ အကျိုးရှိစေရန် ဆက်လက်၍ တင်ပြပေးပါတော့မည်။


၁။ ဂမုန်းတိမ်ပြာနှင့် မျက်စိထိခိုက်ဒဏ်နာ ကုသနည်း

လောကတွင် "မျက်စိအဆုံး နားအရှုံး"ဟု ဆိုရိုးရှိပါသည်။ မျက်စိထိခိုက်မိ၍ မျက်စိကွယ်ပြီး အမြင်အာရုံ ချို့တဲ့သွားလျှင် လောကတွင်ကြီးစွာသော ဆုံးရှုံးမှုကြီးတစ်ခုပင်ဖြစ်ပါတော့သည်။

ထိုကဲ့သို့ မျက်စိကို မတော်တဆထိခိုက်မိ၍ မျက်စိအမြင်အာရုံ မဆုံးရှုံးရလေအောင် ဂမုန်းတိမ်ပြာပင်၏ ဂမုန်းဥက လွန်စွာ အစွမ်းထက်လှပေသည်။

ဤနေရာတွင် ကျွန်ုပ်တို့၏ ငယ်စဉ်က လက်တွေ့ တွေ့ကြုံခဲ့ရသော ဖြစ်ရပ်လေးတစ်ခုကို သာဓက တင်ပြရလျှင်...

ကျွန်တော်တို့ ငယ်စဉ်က အိမ်တွင်



ခြံလုံ အဖော်ရအောင် အင်းခွေးကြီးများ (၃,၄)ကောင်ကို မျိုးဆက် မပြတ်အောင် စောင့်ရှောက်၍ မွေးမြူထားကြပါသည်။

ထိုအင်းခွေးကြီးများသည် အကောင်ကိုယ်ခန္ဓာက ကြီးမားသန်စွမ်းသလို ခြံထဲသို့ ကျူးကျော်ဝင်ရောက်လာသော လူစိမ်းနှင့် အခြား ကြက်၊ ဝက်စသော သတ္တဝါများကိုလည်း တွေ့သမျှ အလွတ်မပေးတမ်း ကိုက်တတ်ပါသည်။

အခြား ဧည့်သည်များကတော့ ခွေးရှိသည်ကို သိထားသဖြင့် ခြံထဲသို့ ဝင်လာလိုလျှင် အိမ်သားတစ်ဦးဦးကို ခေါ်ပြီး ခွေးကြည့်ခိုင်းပြီးမှ ဝင်ကြသဖြင့် ပြဿနာ မရှိလှပါ။

သို့သော် တခြားအိမ်များမှ မွေးမြူထားသော ကြက်, ဝက် စသည် သတ္တဝါများကတော့ ခြံစည်းရိုးပေါက်မှ လစ်လျှင် လစ်သလို ဝင်လာတတ်ပေသည်။

ထိုဝင်လာသမျှသော အကောင်မျိုးစုံတို့ကိုလည်း အင်းခွေးကြီးများမှ မလွတ်တမ်း ကိုက်တတ်ကြသဖြင့် သေကျေ ဒဏ်ရာအနာတရဖြစ်၍ သူတို့၏ ကြက်,ဝက် သတ္တဝါများ ဆုံးရှုံးကြရသည်။

သို့နှင့် ကျွန်တော်တို့၏ ခြံစောင့် အင်းခွေးကြီးများကို အခဲမကျေ အငြိုးအတေး ထားကြပြီး အင်းခွေးများ ခြံပြင်သို့ ထွက်လာသည်နှင့် လေးခွ၊ ကျောက်ခဲ စသည့် တွေ့ရာမြင်ရာ



www.burmeseclassic.com

www.burmeseclassic.com

လက်နက်တို့ဖြင့် ကျွန်တော်တို့ မသိမိ ပစ်ခတ်ကြလေသည်။

တစ်နေ့တွင် အင်းခွေးကြီးတစ်ကောင်မှာ မချိမဆံ့အော်ပြီး အိမ်ထဲသို့ ပြေးဝင်လာသဖြင့် အိမ်သားများက စိုးရိမ်တကြီး ကြည့်ရှု စစ်ဆေးလိုက်ပါသည်။

ထိုအခါ စိတ်မချမ်းမြေ့စရာ အင်းခွေးကြီး၏ မျက်လုံးတစ်ဖက်မှာ နီရဲရောင်ကိုင်း၍ မျက်စိတစ်ခုလုံး သွေးရောင်လွှမ်းနေသည်ကို အိမ်သားများ စိတ်မကောင်းခြင်းကြီးစွာ တွေ့မြင်လိုက်ရပါသည်။

"ဘာလုပ်ရလျှင် ကောင်းမလဲ"ဟု မိသားတစ်စု ဝိုင်း၍ စဉ်းစားကြလေသည်။ တိရစ္ဆာန်ဆေးကု ဆရာဝန်နှင့် ပြသဖို့ရန်မှာလည်း တောရပ်တောရွာ ဖြစ်သဖြင့် ဘယ်လိုမှ အလှမ်း မမီနိုင်ပါ။

ဒီတော့ ကျွန်တော်တို့ အဘိုးမှ ခြံစည်းရိုးအစပ်မှ ပေါက်နေသည့် အပင်တစ်ပင်မှ ဥကို တူးပြီး ရေစင်ကြယ်စွာ ဆေးကြော၍ ဆန်ဆေးရည်နှင့် ကျောက်ပျဉ်တွင် ယင်းဥကို များများ သွေးယူပြီး ဆားအနည်းငယ်(ငရုတ်ကောင်း ၂စေ့, ၃စေ့ခန့်) ခတ်၍ ဆေးရည်နှင့်ရော၍ မွှေလိုက်ပြီး အင်းခွေးကြီး၏ မျက်စိဒဏ်ရာပေါ်သို့ သေချာစွာ ခပ်ထူထူ လိမ်းပေးလိုက်ပါသည်။

ထိုသို့ လိမ်းပေးလိုက်သည်နှင့် အင်းခွေးကြီး၏ မျက်စိဒဏ်ရာတစ်ဝိုက်တွင် လက်နှင့် အသာခံကြည့်လျှင် သိသိသာသာကြီးကို အပူရှိန်များ ထွက်လာသည်ကို ထင်ရှားစွာ တွေ့မြင်ရပါသည်။

ဤသို့ နာရီဝက်ခြား (၁)ကြိမ်ခန့် အင်းခွေးကြီး၏ မျက်စိဒဏ်နာပေါ်သို့ ဆေးသွေးထားသည့် အရည်(၇)ကြိမ်ခန့် ဆက်တိုက် ဂရုတစိုက်လိမ်းပေးလိုက်သည်။

ထိုအခါ မျက်စိတစ်ခုလုံး သွေးရောင် ဖုံးလွှမ်းနေသည်မှာ ဆေးတစ်ကြိမ်နှင့်တစ်ကြိမ် လိမ်းနေစဉ်အတွင်းမှာပင် သွေးရောင် လျော့ပါးလာသည်။

တဖြည်းဖြည်း မျက်သားအဖြူသည် သိသာစွာ ပေါ်လာပြီး ဒဏ်နာမှာလည်း သိသိသာသာ အရောင်လျော့လာသည်ကို တွေ့မြင်လာရသဖြင့် အိမ်သားများ ဝမ်းသာလာကြရပါသည်။

ထိုသို့ ဂမုန်းတိမ်ပြာဥ သွေးပြီး (၃)ရက်ခန့် ဆေးလိမ်းပေးလိုက်သောအခါ အင်းခွေးကြီး၏ မျက်စိဒဏ်နာမှာ လုံးဝ အကောင်းပကတိ ဖြစ်သွားလေသည်။

ဤသည်မှာ ဂမုန်းတိမ်ပြာဥ၏ အစွမ်းပင် ဖြစ်ပါသည်။ ကျွန်တော်တို့ အဘိုး ခြံစပ်က တူးယူလာသည့် ဆေးဥမှာ ဂမုန်းတိမ်ပြာဥ ဖြစ်ပါသည်။

အဘိုး ပြောပြသည်မှာ ထို ဂမုန်းတိမ်ပြာဥသည် လူနှင့် အခြားသတ္တဝါတို့တွင် ထိခိုက်ဒဏ်ရာရ၍ မျက်စိသူငယ်အိမ် ပေါက်ကွဲ ပျက်စီးသွားခြင်း မရှိခဲ့လျှင် မည်မျှပင် ဒဏ်နာဖြစ်ပါစေ...

ဂမုန်းတိမ်ပြာဥကို အထက် ဖော်ပြပါနည်းအတိုင်း ဂရုတစိုက်ဖြင့် ပြုလုပ်ပေးလျှင် မျက်စိအမြင်အာရုံ ဆုံးရှုံးမှုကို ထိရောက်အောင် ဂမုန်းတိမ်ပြာဥက စွမ်းဆောင် ကာကွယ်ပေးနိုင်ပါသည်။

**[အကယ်၍ ထိခိုက်ဒဏ်ရာကြောင့် မျက်စိသူငယ်အိမ်သည် ပေါက်ကွဲ ပျက်စီးသွားလျှင်တော့ ဆေးရုံကို အမြန်ဆုံး သွားရမည်သာ ဖြစ်ပါသည်။ အခြားမည်သည့် ဆေးနှင့်မျှ လုပ်၍မရပါဟု သတိပေးလိုက်ပါသည်။]**

၂။ ဂမုန်းတိမ်ပြာနှင့် သွေးမှုင်လေမှုင်ခေါ်သည့် သွေးပြန်ကြောရောင်သွေးယားသည့်ရောဂါ ကုသနည်း

**သွေးမှုင်လေမှုင်**ဟု ခေါ်ဆိုသည့် ရောဂါတစ်မျိုးမှာ အထူးသဖြင့် မိုးများပြီး ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည့် အရပ်ဒေသများတွင် နေထိုင်ကြသော လူများတွင် အဖြစ်များသည်ကို တွေ့ရပါသည်။

ယင်းရောဂါသည် ရာသီဥတု အပူအအေး အပြောင်းအလဲကြောင့်ဖြစ်စေ၊ အစားအသောက် မတည့်သည်ကြောင့်ဖြစ်စေ ဖြစ်ပွားတတ်ကြပါသည်။

သွေးမှုင်လေမှုင် စ,ဖြစ်လျှင် ပထမဦးဆုံး ပင့်ကူရုပ်သကဲ့သို့ ယားကျိကျိ စပ်ဖျဉ်းဖျဉ်း ဖြစ်လာပြီး တဖြည်းဖြည်းနှင့် စတင် ဖြစ်ပေါ်လာသည်။

ခန္ဓာကိုယ်အစိတ်အပိုင်း နေရာတစ်ဝိုက်တွင် ရောင်တင်း၍ ပူလာပြီး (၁/၂)ရက်ခန့် ရောင်တင်း ပူစပ်ပူလောင်ဖြင့် အနေရခက်လှပါသည်။

ထိုရောဂါမှာ ဖြစ်ပေါ်လာသည့် ခန္ဓာကိုယ်အစိတ်အပိုင်း နေရာတစ်ဝိုက်မှ သွေးပြန်ကြောလေးများ ရောင်ပြီး သွေးပြန်သယ်ဆောင်ခြင်းကို နှေးကွေးခြင်းကို ဖြစ်ပေါ်စေပါသည်။

အဖြစ်များသည့် နေရာများမှာ ကြွက်သားမြှောင်းများ အများဆုံး ရှိကြသည့် လက်မောင်း၊ လက်ဖျံ ခြေသလုံး၊ ပေါင်လို နေရာမျိုးတွင် အဖြစ်များကြပါသည်။

အချို့က တစ်နေရာ အရောင်လျော့သွားပြီး တခြားတစ်နေရာ ပြန်ပြီး





www.burmeseclassic.com

www.burmeseclassic.com

ရောင်လိုက်နှင့် နေရာရွှေ့ပြောင်းပြီး ဆက်တိုက် ဖြစ်နေတတ်ကြပါသည်။

ယင်းရောဂါသည် အပူအစပ် အပုပ်စာ အတက်စာများ ဖြစ်သော မှို၊ မျှစ်၊ တညင်းသီး၊ အုန်းနို့၊ ဒူးရင်းသီး၊ ဖား၊ ကြွက်၊ လိပ်၊ စည်သွတ်ဘူးစာများ၊ ပုစွန်ချဉ်၊ ငါးချဉ်၊ ငါးပိကောင်၊ ငါးပိ၊ ငံပြာရည် စသည်တို့ အစားများလျှင် ပို၍ ရောဂါဖြစ်တတ်ပါသည်။ယင်းအစားများကို ရှောင်ကြဉ်နိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။

***ထို သွေးမှင်လေမှင်ရောဂါကို ထိရောက်စွာ ပျောက်ကင်းစေသည့် ဆေးနည်းမှာ...**


(က) ဂမုန်းတိမ်ပြာဥကို အမှုန့်ပြု၍ ပျားရည်နှင့် ရောစေပြီး ဆီးကင်းခန့် လုံးထားပါ။ နေ့စဉ် နံနက်၊ ည ဆေး(၂)လုံး၊ (၃)လုံးခန့် ရေအေးဖြင့် သောက်ပေးပါ။

(ခ) ဂမုန်းတိမ်ပြာဥအစိုကို လက်တစ်ဆစ်ခန့် နေ့စဉ် (၁)ပတ်၊ (၂)ပတ်ခန့် ဝါးစားပေးခဲ့လျှင် ထိုရောဂါကို ထိရောက်စွာ ပျောက်ကင်းစေပါသည်။

**၃။ ဂမုန်းတိမ်ပြာနှင့် သန်ရှင်လွတ်သည့် ရောဂါ(သို့မဟုတ်)အနာတိမ်တောင် ရောဂါဆန်း ကုသနည်း**

သန်ကောင်ဟု အမည် သမုတ်ထားသော ကပ်ပါးရောဂါ ပိုးကောင်တစ်မျိုးသည် ကမ္ဘာဦးခေတ်မှစ၍ ယနေ့ခေတ်တိုင်အောင် လူနှင့် အခြားသတ္တဝါများကို ထူးခြားထွေပြားသည့် ရောဂါများကို ဖြစ်စေ၍ စဉ်ဆက်မပြတ် ဒုက္ခပေးစေတတ်ပါသည်။

ပုံမှန်ဆိုလျှင် ထိုသန်ကောင်သားလောင်း သန္ဓေဥလေးများသည် သာမန်မျက်စိဖြင့် မမြင်နိုင်ကြသဖြင့်



လူနှင့် သတ္တဝါတို့က စားသောက်လိုက်ကြသော ရေနှင့် အစာအာဟာရတို့မှ တစ်ဆင့် အစာအိမ်နှင့် အူလမ်းကြောင်းထဲသို့ ဝင်ရောက်၍ အဆင့်ဆင့် မျိုးပွားကာ ခန္ဓာကိုယ်တွင် လှည့်ပတ်ခိုအောင်း၍ နေထိုင်ကြသည်။

သူတို့ ခိုအောင်းနေထိုင်ရာ ခန္ဓာကိုယ်တွင်းအင်္ဂါရပ်များကို ရောဂါဝေဒနာ ဖြစ်ပေါ်စေတတ်ကြပါသည်။

ထိုသို့ သန်ကောင်များ လူ၏ ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်သွားလာကြရာတွင် အကြောင်းအမျိုးမျိုးကြောင့် လူ၏ ခန္ဓာကိုယ်အရေပြားနှင့် အသားကြားထဲသို့ ဝင်ရောက်လာပြီး လှည့်ပတ်သွားလာ လှုပ်ရှားနေခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောဂါဆန်းတစ်မျိုးကို '**'သန်ရှင်လွတ်ရောဂါ(သို့မဟုတ်)အနာတိမ်တောင်ရောဂါ**'' ဟု ခေါ်ပါသည်။

ထိုရောဂါဆန်းမျိုး ဖြစ်ပေါ်လာလျှင် ကလေးငယ်များတွင် ဖြစ်တတ်သည့် အလေ့ ရှိပါသည်။

ပထမဦးဆုံး ကလေးငယ်၏ ခြေသလုံးလို နေရာမျိုးတွင် ထောင်လိုက် (၆,၇)လက်မခန့် အရှည်ရှိသည့် အနီစင်းကြီး ခြေသလုံး အရေပြားတွင် ပေါ်လာပါသည်။

ထိုအနီစင်းကြီးမှာ သန်ကောင်တစ်ကောင်ကဲ့သို့ပင် ခေါင်းပိုင်းနှင့် အမြီးပိုင်း ပါရှိပြီး အလယ်ပိုင်းသည် ပို၍ သိသာစွာ ခဲတံလုံး ဘောလ်ပင်ခန့် တုတ်ခိုင်ပါသည်။

ယင်းရောဂါ၏ ထူးခြားချက်မှာ စတင်ဖြစ်ပေါ်ရာ နေရာမှ အထက်ဘက်သို့ တစ်နေ့ကို တစ်လက်မခန့် တက်၍သွားပြီး အောက်ပိုင်းမှ ပထမနေရာမှာ တစ်လက်မခန့် ညိုမည်းပြီး ကျန်နေခဲ့ပါသည်။

ထိုသို့ တဖြည်းဖြည်း နေ့စဉ် တစ်လက်မခန့် အထက်သို့ တက်လာပြီး အောက်တက်ပိုင်းမှာလည်း အမည်းစင်းကြီးမှာ ပို၍ ရှည်လာပါသည်။

ယင်းရောဂါသည် နိုင်နင်းသည့်ဆေး မတွေ့သေးလျှင် တဖြည်းဖြည်းနှင့် လူ၏ ဦးခေါင်းပိုင်း၊ နားရွက်အပေါ်ပိုင်း နားကွင်းအထိ ရောက်လာတတ်ပါသည်။ လနှင့်ချီ၍ ရောဂါကို ခံစားနေရတတ်ပါသည်။

ဤကဲ့သို့သော သန်ကောင် ဒုက္ခပေးခြင်းကြောင့် ဖြစ်ပေါ်လာသည့် အနာတိမ်တောင်ခေါ်သည့် ရောဂါဆန်းကို အမြန်ဆုံး ထိရောက်စွာ ပျောက်ကင်းအောင် စွမ်းဆောင်ပေးသည့် ဆေးနည်းမှာ...

**၁။ ဂမုန်းတိမ်ပြာဥ**



www.burmeseclassic.com

www.burmeseclassic.com

၂။ **ကြက်မအုပ်မြစ် (သို့မဟုတ်) ဘုမ္မရာဇာအမြစ် ရရာ (၁)မျိုး သုံးပါ။**

၃။ **ကြေးပိုက်ဆံပြား (သို့မဟုတ်) ဒင်္ဂါးခဲကောင်းကောင်း တစ်ခဲ** စသည်တို့ကို *[နှစ်မျိုးတွဲသော အမည်များတွင် ရရာတစ်မျိုးကိုသာ သုံးပါ။]*

ဆန်ဆေးရည်ဖြင့် သွေးပြီး ယင်းဆေးရည်ကို အနာရောက်ရှိရာ နေရာမှ အောက်ဘက် အနာ စတင်ရာ နေရာအထိ ဆေးရည်ကို သေချာစွာ သပ်ချ၍ လိမ်းပေးပါ။

ဆေးရည်ကို အထက်ပါနည်းအတိုင်း ခြောက်လိုက် လိမ်းလိုက်ဖြင့် တစ်နေ့ကို (၁၀)ကြိမ်ခန့် လိမ်းပေးလိုက်လျှင် ထိုဖြစ်ပေါ်နေသော အမည်းစင်းနှင့် အနီရောင် အစင်းကြီးများ လုံးဝ ပျောက်ကင်းသွားမည်ကို တွေ့မြင်ရပါမည်။

ထိုရောဂါ ပျောက်ကင်းသွားပြီဆိုလျှင် ကလေးများကို နှစ်စဉ် သန်ချဆေး ကောင်းကောင်းကို ပုံမှန် ဂရုစိုက်၍ တိုက်ကျွေးပေးသွားပါက ထိုရောဂါ နောက်တစ်ဖန် မဖြစ်ပေါ်တော့ပါ။

၄။ **ဂမုန်းတိမ်ပြာနှင့် အဖုအကျိတ် သက်တန့်နာ ကုသနည်း**

လူ၏ခန္ဓာကိုယ်တွင် အပူကို အကြောင်းခံ၍ ဖြစ်ပေါ်လာတတ်ကြသည့် အဖုအကျိတ် ပေါင်ရင်းသက်တန့်နာ စသည့် အကျိတ်အဖုနာ မှန်သမျှကို ဂမုန်းတိမ်ပြာဥက ပျောက်ကင်းအောင် စွမ်းဆောင်နိုင်ပါသည်။

ထိုရောဂါများကို...

(က) အဖုအကျိတ်တို့ကို ဂမုန်းတိမ်ပြာဥကို ဆန်ဆေးရည်ဖြင့် သွေး၍ ဆားအနည်းငယ် ခတ်ပြီး ခြောက်သွားလိုက် ဆေးပြန်လိမ်းလိုက်နှင့် မကြာမထာ လိမ်းပေးလျှင် လျင်မြန်စွာ ပျောက်ကင်းစေပါသည်။

(ခ) အကယ်၍ အနာမှာ အညှော်ဝင် အညှော်မိပြီး ဖျားချင်လျှင် ယင်းဆေးသွေးရည် ဟင်းစားဖွန်း(၁)ဖွန်းခန့်ကို ရေနွေးပူပူဖြင့် တစ်နေ့ (၂)ကြိမ်ခန့် သောက်ပေးပါက လျင်မြန်စွာ ရောဂါ ပျောက်ကင်းသွားပါမည်။

၅။ **ဂမုန်းတိမ်ပြာဥနှင့်အစာမကြေ ဝမ်းမီးအားနည်း ခြေဖျားလက်ဖျားအေး ညောင်းကိုက်ရောဂါ ကုသနည်း**

ဝမ်းမီးအားနည်း၍ အစာချက် အားနည်းပြီး အစာမကြေ အစားအသောက်နည်းခြင်း၊ ကိုယ်ငွေ့ဓာတ် အားနည်းပြီး ခြေဖျားလက်ဖျားအေး၍ အခိုးမပွင့်ဘဲ ဒူလာညောင်းကိုက် စသည့် ရောဂါများတွင်...

(က) ဂမုန်းတိမ်ပြာဥကို အစာစားပြီးတိုင်း လက်တစ်ဆစ်ခန့် ဝါးစား၍ ရေနွေးပူပူလေး သောက်ပေးပါ။

(ခ) ဂမုန်းတိမ်ပြာဥကို နေလှန်း၊ အမှုန့်ထောင်းပြီး ပျားရည်နှင့်တေ၍ ဆီးကင်းခန့် လုံးထားပြီး နံနက်,ည (၃)လုံးခန့် ရေနွေးဖြင့် သောက်ပါ။

(ဂ) အစာခြေအားနည်းပြီး အစာမဝင် အိပ်မပျော် ဖြစ်လျှင်...

၁။ **ဂမုန်းတိမ်ပြာဥအမှုန့်** ၁၀ **ကျပ်သား**

၂။ **ပျားရည်** ၅၀ **ကျပ်သား**

၃။ **ဆားမီးဖုတ်ကောင်းကောင်း** ၂ **ကျပ်သား**

ယင်းတို့ကို သမအောင် ရောမွှေပြီး ဖန်ပုလင်း အဝကျယ်တွင် ထည့်၍ နေပူမှာ (၃)ရက်လှန်းပြီး နေ့စဉ် စားပွဲဖွန်း(၁)ဖွန်း၊ နံနက်,ည ထမင်းစားပြီး ရေနွေးနှင့် ပုံမှန် သောက်ပေးသွားပါက စားဝင်အိပ်ပျော်၍ အသားအရေ စိုပြည်ပြီး ကျန်းမာဝဖြိုး အင်အား တိုးလာပါမည်။

အထက်ဖော်ပြပါတို့သည် ဂမုန်းတိမ်ပြာပင်၏ ထူးခြားစွာ စွမ်းဆောင်နိုင်သည့် ရောဂါ ပျောက်ကင်းစေသော ဆေးနည်းကောင်းများကို အများပြည်သူ စာဖတ်သူအပေါင်းတို့ မိမိတို့၏ အနီးပတ်ဝန်းကျင် လက်လှမ်းတမီတွင် တွေ့မြင် ပေါက်ရောက်နေကြသည့် "ဤကမ္ဘာမြေကြီး၏ လက်ဆောင် ဆေးဖက်ဝင် အပင်များ၏ အာနိသင် အစွမ်းများ"ကို လက်တွေ့ လွယ်ကူထိရောက်စွာ အသုံးချ၍ မိမိတို့၏ မိသားစု လူ့အဖွဲ့အစည်းကို အကျိုးပြုစေနိုင်ရန် ရည်သန်၍ စာရေးသူ ကြိုးစား၍ အကောင်းဆုံး တင်ပြရေးသားလိုက်ပါသည်။

ရှေ့လများတွင်လည်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးမှတစ်ဆင့် ဤကဲ့သို့သော လက်တွေ့ အသုံးပြုနိုင်သည့် အစွမ်းထက် ဆေးပင်များ အကြောင်းကိုလည်း စဉ်ဆက်မပြတ် ကြိုးစား၍ ရေးသား တင်ဆက်ပေးသွားပါမည်ဟု စာဖတ်ပရိသတ်ကြီးကို ကြိုတင်၍ အသိပေး ပန်ကြားလိုက်ပါသည် ခင်ဗျာ။


***အားလုံး ကျန်းမာရေး အသိပညာ ပြည့်ဝစွာဖြင့် ကျန်းမာပျော်ရွှင်သည့် မိသားစုဘဝများ တည်ဆောက်နိုင်ကြပါစေသော်။***

**ဦးမင်းဇင်(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com



ရုံးပြင်ကန္တား

# တရားအကြိုင်ဒေါ်ဆိုင် ဗေဒကြိုးစေ

ဝိဇ္ဇာမဟာဒ္ဒ ဆရာဦးသန်းမြင့်
(တိုင်းရင်းဆေး)

လူ့လောကကြီးအတွင်း၌ လူတို့သည် စားဝတ်နေရေးအတွက် ပစ္စည်းဥစ္စာ ရှာဖွေကြရသည်။ ထိုသို့ ရှာဖွေကြရာတွင် ပုထုဇဉ်လူသားဖြစ်ကြသည့်အတွက် လောဘနှင့် မကင်းကြချေ။

သို့ရာတွင် လောကတွင်လည်း သမလောဘ၊ ဝိသမလောဘဟူ၍ နှစ်မျိုးရှိရာ ဝိသမလောဘရှိသူများမှာ မည်သူသေသေ ငတေမာ ပြီးရောဆိုသည့်သဘောမျိုးဖြင့် သူတစ်ပါး၏ နေအိမ်တိုက်တာ အဆောက်အအုံနှင့် ငွေကြေး စသည်တို့ကို မတရားသောနည်း ပရိယာယ်အမျိုးမျိုးဖြင့် ရယူအနိုင်ယူ လိုကြသည်။

ထိုအခါ တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် ရုံးပြင်ကန္တားရောက်ကြရသည်။ ဤအခါမျိုးတွင် ယခု ဖော်ပြသည့် ဂမ္ဘီရပညာရပ်သည် မှန်ကန်သည့်ဘက်မှ အသုံးပြုလျှင် ထိရောက်လှသည်။ အောင်မြင်မှု အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရဖူးသည်။

ဤဂမ္ဘီရပညာရပ်သည် မှန်ကန်သည့်ဘက်မှ ပါဝင်ကူညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ **အဂတိလိုက်စားပြီး မမှန်ကန်သည့်ဘက်မှ ပြုလုပ်စီရင်ပါက အောင်မြင်မှုရသည့်ပြင် စီရင်သူအား ပြန်လည်ထိခိုက်တတ်ကြောင်း သတိပေးအပ်ပါသည်။**

## အစီအရင် ပြုလုပ်ရန်

ဖယောင်းတိုင် (၃)တိုင် စီရင်ရပါသည်။ တစ်တိုင်လျှင် သန့်ရှင်းသော ပျားဖယောင်း(၅)ကျပ်သား ဖြစ်ရပါသည်။

ပျားဖယောင်း (၅)ကျပ်သားကို နေတွင်လှန်း၊ အပြားပြုလုပ်ပြီး အောက်ပါမန္တန်ကို (၃)ကြောင်း ထောင်လိုက်ရေးပါ။

| | | |
|---|---|---|
| ပု | ဇေ | ရိ |
| ဗ္ဗေ | ဋ္ဌော | သာ |
| စ | န | ဇ |
| မ | ရာ | ညော |
| ဇ္ဈိ | သ | ဇိ |
| မေ | ဘော | နော |
| သ | က္က | မေ |
| ဗ္ဗော | တ္တိ | ဒေ |
| လော | တော | တု |
| ကေ | ပု | က္က |
| | | တ္တိ |
| | | တံ။ |

## မန္တန်

ပုဗ္ဗေစ မဇ္ဈိမေ သဗ္ဗော လောကေ ဇေဋ္ဌော နရာသဘော ကတ္တိတော ပုရိသာဇညော ဇိနော မေ ဒေတု ကတ္တိတံ။

* * *

ဤကဲ့သို့ (၃)ကြောင်းထောင်လိုက်ရေးရမည်။

ဖယောင်းပြားပေါ်တွင် ရေးသောအခါ သံချွန်ဖြစ်စေ၊ ကညစ်ဖြစ်စေ၊ အသုံးပြုပြီး မှင်ကုန်သော ဘောလ်ပင် စသည်ဖြင့် ရေးနိုင်ပါသည်။ **(၃)ခါရေး (၃)ကြိမ် နေလှန်းပါ။ မီးဖြင့်မကျိုရပါ၊ မီးကို အသုံးမပြုရပါ။** နောက်ဆုံး နေလှန်းပြီး **မိမိအသုံးပြုလိုသောသူ၏သက်စေ့ချည်မျှင်ထက် တစ်ပင်**



www.burmeseclassic.com

www.burmeseclassic.com

ပိုထည့်ပါ။

**ဥပမာ။ ။ အသက်(၃၅)နှစ်ရှိသောသူကို စီရင်ပေးလိုသော် ချည်မျှင် (၃၆)ပင် ထည့်ရမည်။**

ဤကဲ့သို့ ဖယောင်းတိုင်(၃)တိုင် ပြုလုပ်စီရင်ပြီး ယင်းမန္တန်နှင့် (၁၀၈) ကြိမ် ဂါထာစုပ်ပါ။ ***ဤကား ဖယောင်းတိုင်အစီအရင် ပြီးပါပြီ။***

---

ရန်ပုံခြင်း အသုံးပြုပုံ


---

စီရင်ပြီး ဖယောင်းတိုင်တစ်တိုင်ကို ဘုရားရှေ့တော်တွင် ထွန်းညှိပြီး (၅)ပါးသီလ၊ (၈)ပါးသီလ၊ (၉)ပါးသီလ စသည့် မိမိနိုင်ရာ သီလကို ခံယူဆောက်တည်ပါ။ ထို့နောက် အောက်ပါအတိုင်း ဆုတောင်းပတ္ထနာပြု ရွတ်ဆိုပါ။

'သစ္စာလေးပါး မြတ်တရားတို့ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူပြီး ဆုံးမထိုက်စွာ သတ္တဝါကို ကောင်းစွာ သင်ပေးအစဉ်ဖေးလျက် ယဉ်ကျေးလေအောင် သွေးဆောင်ဆုံးမတော်မူတတ်သော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဘုရားတပည့်တော် (မည်သည့်နေ့သားသမီး)သည် အားရွှင်လန်း ပီတိစွမ်းဖြင့် ဤဆီမီးလှုံ့ကို လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား။

ဤသို့လှူဒါန်းပူဇော်ရသော ကုသိုလ်ကောင်းမှုကြောင့် ဘုရားတပည့်တော် တပည့်တော်မ (မည်သည့်နေ့သားသမီး)၌ ကျရောက်လျက်ရှိသော ပူပန်ခပ်သိမ်း၊ စိုးရိမ်ခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ဘေးရန်ခပ်သိမ်းတို့ကို ကင်းစင်လွင့်ပျောက် အောင်မြင်ခြင်းသို့ ရောက်ရပါလို၏ အရှင်ဘုရား'

ဤကဲ့သို့ လှူဒါန်းပူဇော် ဆုတောင်းပတ္ထနာပြုပြီး မန္တန်တော်ကို ပုတီးစိပ်ပါ။ အနည်းဆုံး ပုတီး (၃)ပတ်စိပ်ပါ။



(၉)ပတ်စိပ်နိုင်လျှင် ပိုကောင်းပါသည်။ ပြီးလျှင် (၃၁)ဘုံ မေတ္တာပို့ အမျှပေးဝေပါ။

နောက်ထပ် ဖယောင်းတစ်တိုင်တို့ နတ်စင်တွင် ထွန်းညှိမည်။ ပန်းကန်ပြားတွင် လက်ဖက် (၉)ပုံ၊ ကွမ်းယာ (၉)ယာ ပါစေရမည်။ လက်ဖက်တွင် ဆီဆန်းပြီး (***ဆားမထည့်ရပါ***)။

ဤကဲ့သို့ နတ်စင်တွင် ဖယောင်းတိုင် ထွန်းညှိပြင်ဆင်ပြီး အောက်ပါအတိုင်း ဆုတောင်းရွတ်ဆိုရမည်။

'အို ရှင်နတ်မင်း။ ရှင်နတ်မင်းအား (မည်သည့်နေ့သားသမီး)မှ ရွှေတိုင်နှင့်တကွ လက်ဖက်၊ ကွမ်းယာ တင်မြှောက်ပါ၏။ ကျရောက်လျက်ရှိသော ပူပန်ခပ်သိမ်း၊ စိုးရိမ်ခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ဘေးရန်ခပ်သိမ်းတို့ကို ကင်းစင်လွင့်ပျောက် အောင်မြင်ခြင်းသို့ ရောက်အောင် စောင့်ရှောက်တော်မူပါ အရှင်နတ်မင်း...,

ဉ ဗျမ္မဒီပါသောင်ကြာ အောင်မြေ စိုးအုပ်ပေသည့် မဟာသမယ တောက်ပတန်ခိုး အစိုးရသည့် ရှင်နတ်များတို့... ငါတို့အားကို သနားညှာ လျှောက်ဆိုပါရှင့်...ယဟာအေဂန္ဓဗ္ဗနှင့် သူရနာဂ နတ်တကာလည်း ဝမ်းသာရွှင်မြူး သားရွှေကြူးကို ယခုပေးပါ ပလောင်ရွာတွင် လေ့လာမမေ့ အစလေးကို မေး၍သာလျှင် မွေးဖခင်နှင့် မိခင်မာတာ သစ်သီးများတို့ ဆွတ်ခြွေနေလျှင် မွေးဖခင်လည်း မျက်မာန်ဒေါသ မာန်မာနစေ ဆေးကို

ချေ၍ သက်ဝေမြစ်ထူး သားရွှေကြူးနှင့် အတူ ရှင်တွဲ လည်ချင်းနွဲ၍ မကွဲတူပင် မိခင်မောင်မေ မနေရဘူး သားရွှေတ မွေးကြူးနှံသာ လိမ်းသခါနှင့်

ဆန်းသည်လနယ် ပန်းသဖွယ်သို့ တင့်တယ်ရှင်လန်း အောင်ပန်းညွှန့် ပွင့်ပါစေသတည်း။ ညင်းမည်ပေါ်လျှမ်းတို့ သူကကြံပြန်ပါစေသတည်း။

သူကမတော် ကျင့်ချေသော်လည်း သ ဒဏ်သင့်ကိုပြန် ကြံကြံသမျှ ငါ့ကိုစွ နေ့ညမဆို အလိုရှိက မှုကိစ္စ စောင်မကြည့် နတ်တို့ဆုဖြင့် ယခုလျှင်သော ပေးစေသော စောင့်ပါစောင့်ပါ နတ်တကာတို့'

***[(၃)ကြိမ်ဆုတောင်း ရွတ်ဆိုရမည်။]***

နောက်ဆုံး ဖယောင်းတစ်တိုင်ကို နတ်ရဲသစ်ပင်တွင် ထွန်းညှိရမည် ည(၁၀)နာရီကျော်မှ ကောင်းပါသည် နတ်ရဲသစ်ပင်ဆိုသည်မှာ အထိက ကျသော သစ်ပင်ကြီးကို ဆိုပါသည်

**ဥပမာ။ ။** ညောင်ပင်ကြီး၊ ကည ပင်ကြီး၊ ကုက္ကို၊ မန်ကျည်းစသည် သစ်ပင်ကြီးမျိုး ဖြစ်ပါသည်။ လူသူမ သော သစ်ပင်ကြီးဖြစ်လျှင် ပိုကောင်း ပါသည်။ တစ်ယောက်တည်း မသွား ရဲသော် အဖော်ခေါ်သွားပါ။

စလောင်းတွင် ထမင်းဦးပေါင်း၊ ငါး ကြော် အမြီးစုံ ခေါင်းစုံ (၇)ကောင် (အကြေးပါသော ငါးဖြစ်ရပါမည် ဆားနှင့်းမလူးရပါ။) ရေစင်စွာဆေး ဆီသန့်သန့်ဖြင့်ကြော်ပါ။ ***(ဝက်ဆီနှ အခြားကြော်ပြီးဆီ မဖြစ်ရပါ။)***

ဤကဲ့သို့ ထွန်းညှိပြင်ဆင်ပြီး အောက် ပါအတိုင်း ဆုတောင်းရွတ်ဆိုပါ။

'အို အရှင်တို့ (မည်သည့်နေ့သားသမီး ကျွေးမွေးပါ၏။ စားတော်ခေါ်ပါသော ကျရောက်လျက်ရှိသော ပူပန်ခပ်သိမ်း စိုးရိမ် ခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း ဘေးရန်ခပ်သိမ်းတို့ကို ကင်းစင်လွင့်ပျော



(စာမျက်နှာ (၁၄၃) သို့


www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်း

# ငွေကြေး လာဘ်လာဘ

## သွက်လက်စေဖို့



စက်တင်ဘာလတွင် ငွေကြေး အခက်အခဲပြဿနာများ ကင်းဝေး၍ လာဘ်လာဘများ သွက်လက်စွာ ဝင်ရောက်စေရန် အရသာရှိသော သစ်သီးအချို့ကို တစ်စုံတစ်ယောက် အား ပေးဝေလှူဒါန်းကာ လိုရာဆု တောင်းနိုင်သည်။ မိမိတို့မွေးနှစ်အရ မြွှယ်ကိစ္စများကို ဇယား၌ ကြည့်ပါ။

* * *

များထံ တိုင်တည်ဆုတောင်းပါ။

သို့မဟုတ် စေတီပုထိုးတစ်ဆူ၏ အရှေ့အရပ် တနင်္လာဂြိုဟ်တိုင်အနီးမှ

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | ကူညီမည့်ပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နွား ကျား | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ယုန် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| နဂါး မြွေ | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြင်း | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ဆိတ် မျောက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ကြက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ခွေး ဝက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |

**ဥပမာ။** ။ ယုန်နှစ်ဖွားသည် အရသာ ကောင်းသော လိမ္မော်သီး(၃)လုံးကို ကြာသပတေးနေ့တွင် အရှေ့အရပ်ရှိ သောကြာသားသမီးတစ်ဦးအား ပေး လှူကာ ဤလတွင် ငွေကြေးလာဘ် လာဘများ သွက်လက်ရွှင်လန်းစွာ ရရှိပါစေကြောင်း သမ္မာဒေဝနတ်မြတ် ဘုရားရှင်အား ရည်မှန်းကပ်လှူ၍ ဆုတောင်းနိုင်သည်။

***လာဘ်လာဘ ရွှင်လန်းသွက်လက် ကြပါစေ။***

**ထက်မင်းကျော်စွာ**

---

စာမျက်နှာ (၁၄၂)မှ အဆက်

အောင်မြင်ခြင်းသို့ရောက်အောင် စောင့် ရှောက်တော်မူပါ အရှင်တို့...

ဥုံ လေလုယေဥ္စဇေ ဒိယောကွမယိခင် ယခင် ဓိတို့ ဆိုစွတကား ဆိုသောခါလေ နေမင်း ရန်ခွင်ဝင်၍ ယခုသေရမည်း လမင်းရင်ခွင်ဝင် ၍ ယခုသေရမည်။ နီးကားရှိ နီးဖြင့်မယက်၊ နွယ်သာရှိ နွယ်ဖြင့်မယက်၊ ကြိမ်ဖြင့် ယက်သည်၊ ပုခက်ကယ်ယဥ်သား ကြိုးလေးမှာနှင့် အမေရဲ့လွှဲ မသက်တဲ ပျက်ဖြုဖြုဆိတ်ဆိတ် အိပ်မိသလော။

ပုခက်ကြောင့်လော နို့ကြောင့်လော အို မြင့်မိုရ်တောင်ထိပ် အိပ်၍ နေ့ကုဋေအများ ရှင်သိကြားတို့ ဝံ့ရင်သားကို ကယ်ပါလော။ အို မြင့်မိုရ်တောင် တောင်အောက်ထ၍ နေ့ကုဋေ အများရှင်သိကြားတို့ ဝံ့ရင်သားကို ကယ်ပါလား လေ့ ယေဥ့ ဇေ'

*[(၇)ကြိမ် ဆုတောင်း၊ ရွတ်ဆိုရမည်။]*

**မှတ်ချက်။ ။ ယင်းအစီအရင်များ သည် ညအချိန် ပြုလုပ်စီရင်မှ ကောင်းပါသည်။ ထိရောက်ပါသည်။ အရေးကြီးလျှင်တစ်ညတည်း အားလုံး ပြီးစီးအောင် ပြုလုပ်ပါ။ အရေး မကြီးလျှင် တစ်ညစီ ပြုလုပ်နိုင်ပါ သည်။**

တစ်ညစီပြုလုပ်လျှင် (၃)ညဆက် တိုက် ပြုလုပ်ရမည်။ မပျက်စေရပါ။ ပျက်လျှင် အစမှ ပြန်၍ ပြုလုပ်ပါ။

**ကြုံတွေ့ရသော အမှုကိစ္စ အားလုံး အောင်မြင်ပါသည်။**

***ဆင်းရဲကင်းပျောက် ချမ်းသာရောက်ကြပါစေ။***

**ဝိဇ္ဇာမဟာဒွိ ဆရာဦးသန်းမြင့်**
***(တိုင်းရင်းဆေး)***



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း ခေါင်းမူးဝေခြင်း၊ ခေါင်း အုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြ ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြ စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတော ကျော်ပါပြေ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့် "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတ စာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြော သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ် တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်း ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ အဆင်သင့်ထ ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကို ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွ ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်က ချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျ ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင် ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့ လိုလိမ့်မယ်..."

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၃၁၀၉၁၊ ၇၂၂၅၄



www.burmeseclassic.com

www.burmeseclassic.com




◆ ကောလင်းမြို့ မြောက်ဘက်ရပ်မှ ဗိုလ်ချုပ်ကျောင်း ဆေးတိုင်စင်မြင့်

ထက်မြင့်ကျော်စွာ

ရန့်မာန် ကင်းစေသည့် ကောလင်းနယ်မှ

# ဘောင်ဒိုဝိဏ်ဆောင်း ဥဧယာကိဆောင်း (၁၀)

◆ ပွဲဝင်



**ယခင်လမှ အဆက်**

၁။ ဒုက္ခသစ္စာ–အလုံးစုံသော အရပဟူသမျှ ဆင်းရဲခြင်းတရားဟု သိလာ၏။

၂။ သမုဒယသစ္စာ – လိုချင်တပ်မက်သော လောဘကို ဆင်းရဲကြောင်း တရားဟုသိ၍ ပယ်ခွာ၏။

၃။ နိရောဓသစ္စာ – ဆင်းရဲကြောင်းဖြစ်သော တရားစု ချုပ်ငြိမ်း တစ်ဖန် ဖြစ်မလာခြင်းကို အေးချမ်းနေသည့် နိဗ္ဗာန်တရားဟု အမှန်သို့ ဆိုက်၏။




www.burmeseclassic.com

www.burmeseclassic.com



◆ ဦးစိတ်၏ဇနီး ဒေါ်မကြီး

ဦးစိတ်၏မြေး ဒေါ်အေးကြည် ◆



◆ စိန်ပုဇကျောင်း ဘုရားစင်မှ

သာသနာ့အလံ(၄)ခု



◆ ရသေ့ကြီး၏ ပို့ဗွင်



၄။ မဂ္ဂသစ္စာ - ဆင်းရဲကြောင်းဖြစ်သော တရားစု ချုပ်ငြိမ်းအောင် တစ်ဖန် ဖြစ်မလာအောင် အားထုတ်ကျင့်ကြံခြင်း မဂ္ဂင်မပိုင်ပါ အကျင့်သည် အရိယာဝိဇ္ဇာဖြစ်၍ နိဗ္ဗာန်သို့ရောက်ကြောင်း အမှန်ဖြစ်သည်ကို အာရုံပြု၍ ပွားများ၏။

ဤသို့ သိ၊ ပယ်၊ ဆိုက်၊ ပွား ကိစ္စလေးချက်ဖြင့် သစ္စာလေးပါး အမှန်လေးချက်ကို သိမြင်ပြီး ဖြစ်ပါလျှင် အရိယာဝိဇ္ဇာအဖြစ်သို့ ရောက်သည်။ သေလွန်သောအခါ ဘဝအသစ်တစ်ဖန် မရှိတော့သဖြင့် ချမ်းသာတော့သည်။ နိဗ္ဗာန်သို့ ရတော့သည်။ ရောက်တော့သည်။


***အရိယာဝိဇ္ဇာလမ်း ပြီး၏။***

ရသေ့ဦးစိတ်၏ ရေးသားထုတ်ဝေပြီးသော ကျမ်းများအနက် လေ့လာနိုင်ရန် နမူနာ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



◆ ရသေ့ကြီး ဝတ်ဆင်ခဲ့သည့် အင်္ကျီ

စေတီအား ကိုယ်တိုင်လာရောက် ဖူးမြော်ကြည်ညိုဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် အဖြာဖြာ တတ်အားသမျှ ပြုလုပ်ပါက **"ရန်"**မာန် အပေါင်း **"ကုန်"**စင်၍ အောင်မြင်ခြင်း အသွယ်သွယ် ပြည့်စုံနိုင်ကာ ဘဝ မျက်နှာစာ အသီးသီးတွင် ထီးတစ်လက်ပမာ အရိပ်အာဝါသခိုနားခွင့် ရနိုင်ကြောင်း တိုက်တွန်းရပေသည်။

အထူးသဖြင့် မပြီးပြည့်စုံသေးသည့် ဖိနပ်တော်(၇၂) တောင် အမြင့်အတွက် ကုသိုလ်ပြုနိုင်ပါလျှင် သောမနဝင်းကိန်း ကျေ၍ စည်းစိမ်ဥစ္စာ သုခအဖြာဖြာတို့ ကြာရှည်တည်မြဲ၍ ပွားများနိုင်ခြင်း၊ သားသမီး ဇနီးမောင်နှံ မိသားစုလူမှုအဖွဲ့အစည်း စည်းလုံးညီညွတ်ခြင်း စသည့် ဂရုကရုပ်နှင့် အာပေါဓာတ်၊ ပထဝီဓာတ်တို့၏ အာနိသင်များ ခံစား ရရှိနိုင်ကြလေသည်။

ဤခရီးအတွက် ကြိုးစားကူညီပေးကြသော**ကောလင်းနယ်ခံ မိတ်ဆွေများနှင့် ဦးနီ၊ ဦးဝင်းရွှေတို့အား ကျေးဇူးအထူး တင်ရှိပါသည်။**

ပါသည်။ ခမောက်တောင်စေတီ လေ့လာပူဇော်မှုနှင့် ရသေ့ကြီးဦးစိ အကြောင်း စုဆောင်းရသမျှ တင်ပြမှု ပြီးစီးပါပြီ။

### နိဂုံးတိုက်တွန်းချက်

ဤသို့လျှင် ဓာတ်သဘာဝနှင့် ထူးခြားသော နိမိတ်ဆောင်သည့် ခမောက်တောင် ပြည့်လုံးကျောက်ထီး

ခမောက်တောင်နှင့် စပ်လျဉ်းသမျှ ဝေနေယျအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com

# မိုးကြိုးရန်ကို

## ကာကွယ်ပေးနိုင်သည့် အစွမ်းထက် ကျောက်ဖရုံသီးနှင့် အစီအရင်

ဦးမင်းဖြင့် (ရွှေနဝင်း)



ယခုနှစ် နွေရာသီတွင် အပူချိန်မြင့်တက်ပြီး ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းကလည်း အန္တရာယ်ပေးလောက်သည့်အဆင့်ထိ မြင့်တက်လာသည်ကို နေရာဒေသ အတော်များများတွင် သိသာ ထင်ရှားစွာ တွေ့ကြုံနေရပါသည်။

ထိုသို့ အပူရှိန် လွန်ကဲလာခြင်းကြောင့် လေဖိအား မငြိမ်သက်မှုများ ဖြစ်ပေါ်လာ၍ လေပွေလှိုင်းများ ဖြစ်ပေါ်လာစေပြီး မိုးဦးလေဦးနှင့်အတူ လေပြင်းတိုက်၍ မိုးသီးကြွေခြင်း၊ မိုးကြိုးလျှပ်စစ်လှိုင်းများ ဖြစ်ပေါ်လာပြီး မိုးကြိုးပစ်ခြင်းများ ယခုနှစ် မိုးဦးလေဦးတွင် နေရာဒေသ အတော်များများတွင် တွေ့ကြုံနေရပေသည်။

မိုးကြိုးပစ်ခြင်းကြောင့် လူနှင့် တိရစ္ဆာန်များ သေကျေမှုများ ဖြစ်ပွားသည့်သတင်းများ မပြတ်ကြားနေရလေသည်။ နိုင်ငံပိုင် သတင်းစာများမှပင် မိုးကြိုးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်စေရန် သတိပေး ညွှန်ကြားချက်များ ထုတ်ပြန်ပေးနေရပါသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင် မုတ်သုံရာသီ မကျရောက်မီ မိုးဦး၊ လေဦး ကဆုန်၊ နယုန်လများတွင် နေ၏အပူရှိန်မြင့်တက်လာရာမှ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်လာပြီး...

ထိုမိုးတိမ်တောင်များ ရွေ့လျားရာ နေရာဒေသတစ်လျောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်၍ မိုးကြိုးပစ်ခြင်း၊ မိုးကြိုးစက်ကွင်းဖြစ်ပေါ်လာခြင်း...

စသည့် လူသားတို့ကို အန္တရာယ်ဖြစ်စေလောက်သည့် မိုးလေဝသ အခြေအနေများ၊ ပုံမှန်ဖြစ်မြဲထက် ပိုမို၍ ပြင်းထန်မှုများ ဖြစ်ပေါ်လာကြခြင်းကြောင့် အများပြည်သူများ၊ တောင်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်နေကြရသောလယ်သမားကြီးများ အထူးဂရုပြုနေထိုင် သတိထားကြရန် လိုအပ်ပါသည်။

မိုးဦး၊ လေဦးကျ ရာသီကာလများတွင် မိုးကြိုးပစ်ခံရခြင်းသည် ကံ အကြောင်းတရား၏ ရက်စက်မှုပင်ဖြစ်သော်လည်း အထူးသတိပြု၍ ဆင်ခြင်နေထိုင်ကြမည်ဆိုလျှင် မိုးကြိုးအန္တရာယ်မှ ကာကွယ်နိုင်သည့် နည်းလမ်းများရှိပါသည်။

မိုးကြိုး၏ ပြင်းထန်သည့် အပူချိန်မှာ "သုံးသောင်းမှ ငါးသောင်း ဒီဂရီဖာရင်ဟိုက်" ရှိလေသည်။ မိုးကောင်းကင်မှ ကမ္ဘာမြေပေါ်သို့ မိုးကြိုးပစ်ရခြင်းမှာ ကမ္ဘာမြေမှ ဆုံးရှုံးသွားသော အီလက်ထရွန်များကို ပြန်လည် အစားထိုးခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ဆို[...]သည်။

မိုးကြိုးပစ်ခံရသူများ၏ သုံးပုံနှစ်ပုံ[...] အိမ်အပြင်တွင် အပစ်ခံရခြင်းဖြစ်[...] မိုးကြိုးပစ်ခံရသူ (၃)ဦးတွင် (၂)ဦးသ[...] ရှင်ပါသည်။

သေဆုံးသူများ၏ (၈၅)ရာခိုင်နှုန်း[...] (၃၅)နှစ်အောက်အရွယ် ယောကျ်ား[...] များဖြစ်ကြသည်။ သစ်ပင်အောက်တွ[...] ခိုနေခြင်းကြောင့် သေဆုံးရသူပေါင်း[...] အများဆုံးဖြစ်သည်။

ထို့ကြောင့် မိုးကြိုးအန္တရာယ်[...]



www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်နိုင်သည့် "လိုက်နာရမည့် အချက် (၉)ချက်"မှာ မိုးဦးကာလ မိုးရွာလျှင်...

၁။ သစ်ပင်အောက်တွင် မနားခိုပါနှင့်။

၂။ ကွင်းပြင်ထဲတွင် မတ်တတ်ရပ်မနေပါနှင့်၊ လှေပေါ်၊ လယ်ကွင်းထဲ၊ ရေပြင်ထဲတွင် ရှိနေပါက အမြန်ဆုံး ကုန်းပေါ်ကို တက်ပါ။

၃။ ကိုင်တွယ်ထားသော သတ္တုပစ္စည်းများကို လွှတ်ချလိုက်ပါ။ ဂေါက်ရိုက်တံ၊ သတ္တုငါးမျှားတံ၊ သေနတ်၊ သံခွာပါသည့် ဖိနပ်များကို ချွတ်ပစ်ပါ။ စက်ဘီး၊ ဆိုင်ကယ်တို့ပေါ်မှ ဆင်းပါ။

၄။ အဆောက်အအုံ ကြီးကြီးအတွင်းသို့ လည်းကောင်း၊ ကားအတွင်းသို့ လည်းကောင်း ဝင်နေပါ။ ကားသည်လည်း မိုးကြိုးရန်ကို ကာကွယ်ပေးပါသည်။ သို့သော် ကားထဲမှ သံထည်ပစ္စည်းများနှင့် မထိမိစေရန် ဂရုပြုရပေမည်။


၅။ အထပ်များစွာ ပါဝင်နေသည့် အဆောက်အအုံ ဆိုလျှင် အကောင်းဆုံးနေရာမှာ အောက်ဆုံးထပ်၏ အလယ်ကောင်နေရာတွင် နေပါ။

၆။ ကြိုးရှိ၊ ကြိုးမဲ့ဖုန်းများ၊ ရေပိုက်နှင့် မီးပလပ်များကို လုံးဝမသုံးပါနှင့်။

၇။ တံခါးများ၊ ပြတင်းပေါက်များ၊ ရေဒီယိုများနှင့် မီးဖိုများမှ ဝေးနိုင်သမျှ ဝေးအောင်နေပါ။

၈။ အထူး အရေးကြီးဆုံး အသက်ကယ်နိုင်သည့်"ပို့ုင့်"မှာ...

သင်၏ ဦးခေါင်းထက်မှ ဆံပင်များ ထောင်တက်လာလျှင် ဖြစ်စေ၊ (ယခုခေတ်ပေါ် မိုးကြိုးပစ်ကေပုံစံ ထားသူများဆိုလျှင် ပိုပြီး သတိထားရမည်။ ဘာကြောင့် ထောင်နေ



မှန်း မသိရ၍ ဖြစ်သည်။)

သင်၏အရေပြားတွင် စိုးစိုးစစ်စစ် နာကျင်လာလျှင်ဖြစ်စေ၊ သင့်ကို မိုးကြိုးစက်ကွင်းမိနေပြီး မိုးကြိုးပစ်တော့မည် ဖြစ်နေသည်မှာ သေချာနေပြီဖြစ်၍ အရေးပေါ် အရင်ဦးဆုံး ဆောင့်ကြောင့် ထိုင်ချလိုက်ပါ။ ဦးခေါင်းကို ရှေ့သို့ညွှတ်ပြီး ဒူးများကို ပိုက်ပြီး ဖက်ထားလိုက်ပါ။

**ထိုစဉ်အချိန်မှာ ဒူးမထောက်၊ ပက်လက်မလှဲ၊ လေးဖက်မထောက်မိစေရန် ထို(၃)ချက်ကို အထူးသတိပြုပြီး ငြိမ်နေလိုက်ပါ။**

သင် အနေထိုင်ကောင်းလျှင် ကောင်းသောအကျိုးကို ရပေလိမ့်မည်။

**၉။ မိုးကြိုးရန်ကင်းသည့် အမှတ်အသား"ပို့ုင့်"**

နောက်ဆုံးအနေဖြင့် အထူး မှတ်ထားရန်မှာ လျှပ်စီးလက်သည်ကို သင့်မျက်စိဖြင့် မြင်လိုက်ပါက သင်သည် ဤတစ်ကြိမ်တွင် ကံကောင်းသွားပါပြီ။ မိုးကြိုးအပစ်မခံရတော့ပါဟု ဝမ်းသာပေတော့။

အထက်ပါ တင်ပြချက်တို့သည် မိုးကြိုးအန္တရာယ်ကို သိပ္ပံနည်းဖြင့် တွက်ဆ၍ ကြိုတင် ကာကွယ်နိုင်စေမည့်နည်းစနစ်များ ဖြစ်ပါသည်။

ယခု ဆက်လက်ဖော်ပြမည်မှာ မိုးကြိုးအန္တရာယ်ကို မြန်မာ့နည်း မြန်မာ့ပညာဖြင့် မိုးကြိုးအန္တရာယ်ကို ကာကွယ်၍ မိုးကြိုးလွှဲစေရန် စီမံဆောင်ရွက်နိုင်သည့် နည်းလမ်းများကို တင်ပြပါမည်။

ထိုသို့ မိုးကြိုးအန္တရာယ်ကာကွယ်၍ မိုးကြိုးလွှဲစေရေးအတွက် အကောင်းဆုံးနှင့် အလွယ်ကူဆုံးနည်းမှာ "ကျောက်ဖရုံသီး"ကို မိုးကြိုးလွှဲစေရန် ဆောင်ထားသည့်နည်း ဖြစ်ပါသည်။

ကျောက်ဖရုံသီးပေါ် ပင်ကိုဗီဇသတ္တိထူးမှာ မိုးကြိုးကို လွှဲစေသည်။ မိုးကြိုးစက်ကွင်းမိသည့် အနာရောဂါသက်သာအောင် ဆောင်ရွက်ပေးနိုင်သည့် *(လျှပ်စစ်ဓာတ်လိုက်ခြင်း ဒဏ်ကိုလည်း နိုင်ပါသည်။)* ပင်ကို သတ္တိထူးရှိသည့်အသီး ဖြစ်ပါသည်။

ဓာတ်တရားတို့၏ သဘာဝက ဆန်းကြယ်လှပေသည်။ ကမ္ဘာမှာ အလွန်ပြင်းထန်လှပါသည်ဆိုသည့် အဏုမြူရောင်ခြည်ဒဏ်ကို အပြင်ပန်းပုံသဏ္ဌာန်ကို ကြည့်လျှင် ပျော့စိစိ အပူနှင့် တွေ့လျှင် အရည်ပျော်လွယ်သည့် ခဲသတ္တုက ကောင်းစွာ ကာကွယ်နိုင်သည်မှာ အံ့ဩဖွယ်ပင် ဖြစ်သလို...

ပင်ကိုဗီဇသတ္တိထူးရှိသည့် ကျောက်ဖရုံသီးကလည်း ပြင်းအား **"သုံးသောင်းမှ ငါးသောင်း ဒီဂရီဖာရင်ဟိုက် အပူချိန်"ရှိသော မိုးကြိုးစက်ကွင်းဒဏ်ကို မကျရောက်အောင် "လွှဲ" ပေးနိုင်သည့် သတ္တိရှိပါသည်။**

ထို့အပြင် မိုးကြိုးစက်ကွင်းမိခြင်း



www.burmeseclassic.com

www.burmeseclassic.com

(သို့မဟုတ်) လျှပ်စစ်ဓာတ်လိုက်ခြင်းတို့ကြောင့် ခံစားနေရသော ဝေဒနာများကိုလည်း ကျောက်ဖရုံသီးမှ သက်သာအောင် စွမ်းဆောင်ပေးနိုင်ပါသည်။

**"မြဲရာသံပတ်၊ ကြွပ်ရာသစ်ပင်း"**ဆိုစကားကဲ့သို့ ထိုဗီဇ သတ္တိထူးရှိနေသော ကျောက်ဖရုံသီးကို ပိုမို၍ အစွမ်းထက်စေရန် **"မိုးကြိုးပစ်လျှင် ပဌာန်းလက်နှင့်ကာ"** ဆိုသကဲ့သို့ မိုးကြိုးကာ ကျောက်ဖရုံသီးကို အသီး၏ အညာဘက် အပေါ်ပိုင်း၊ မျက်နှာပြင်တစ်ပတ်လည်ကို အညီအမျှ မျက်နှာပြင်(၈)ခု ခဲတံဖြင့် နေရာသတ်မှတ်ပြီး **ပဌာန်း ၂၄ ပစ္စည်းကို မျက်နှာပြင်(၁)မှ စပြီး (၃)ပစ္စည်းကျ ခဲတံဖြင့် ဝီသစွာ ရေးရမည်။**

မျက်နှာပြင်(၈)ခုအပြည့် ရေးလိုက်လျှင် ပဌာန်း၂၄ ပစ္စည်း အပြည့်ရေးပြီးဖြစ်၍ ကျောက်ဖရုံသီးတစ်ပတ်လည် ပြည့်သွားပြီ ဖြစ်သည်။

ပြီးလျှင် ထိုကျောက်ဖရုံသီး၏ ဟေတုပစ္စယော၊ ပဌာန်းပစ္စည်း ရေးထားသည့် ပထမမျက်နှာပြင်၏ အောက်ဘက်၊ ကျောက်ဖရုံသီး အလယ်ပိုင်း ခါးနေရာတွင် တြိဂံပုံ သဏ္ဍာန်ကြီးကြီးတစ်ခုကို ခဲတံနှင့် ဆွဲပါ။

ပြီးလျှင် ပုံမှာ ပြထားသည့်အတိုင်း **"အရဟံ၊ ဘဂဝါ၊ နဘယံ"**ဟု အစဉ်အတိုင်း ရေးပြီး တြိဂံ၏ အတွင်းဘက်နေရာတွင် အိမ်၏ အိမ်ထောင်ဦးစီးတွင် အကြီးအကဲ၏ နေ့နံဂဏန်းကို ရေးသွင်းပါ။

**ဥပမာ...** တနင်္ဂနွေသားဆိုလျှင် > ဟု ရေးသွင်းပါ။ ကျန်နေ့နံသား များ ဆိုလျှင်လည်း အောက်ပါ နံသင့်ဂဏန်းရေးသွင်းပါ။

**ဥပမာ...**

တနင်္လာ =
အင်္ဂါ =
ဗုဒ္ဓဟူး =
ကြာသပတေး =
သောကြာ =
ရာဟု =



အားလုံး စီမံရေးသားပြီးပြီဆိုလျှင် ထိုကျောက်ဖရုံသီးကို ဘုရားစင်ရှေ့တွင် အရှည်လိုက် ထောင်ထားပြီး အောက်မှ လင်ပန်းခံထားပါ။

အိမ်ထောင်ဦးစီးမှ ကိုယ်လက်သန့်စင်စေပြီး ဘုရားရှင်ကို ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး ငါးပါးသီလခံယူ၍ **ပဌာန်း၂၄ ပစ္စည်းကို** (၂၇)ခေါက်၊ **သမ္ဗုဒ္ဓေဂါထာကြီး**ကို (၂၇)ခေါက် ရွတ်ဆိုပူဇော်ပြီး မိမိတို့အိမ်ဦးခန်း အမြင့်တစ်နေရာတွင် ထိုကျောက်ဖရုံသီးကို ချိတ်ဆွဲထားလိုက်မည်ဆိုပါက ကျောက်ဖရုံသီး မပျက်စီးသရွေ့ မိုးကြိုးအန္တရာယ်ကို ကာကွယ်သွားပါလိမ့်မည်။

ထို့ကြောင့် ဤကျောက်ဖရုံသီး မိုးကြိုးလွဲအစီအမံကို မိုးဦးလေဦးမကျမီ (သင်္ကြန်မကျမီ)အချိန်ကာလတွင် စီမံထားနိုင်လျှင် အဆင်ပြေဆုံး ဖြစ်ပါသည်။


ယခု ရေးသားတင်ပြခဲ့သည်တို့မှာ မိုးလေဝသ ကမ္ဘာ့ရာသီဥတုကြီး တစ်ခုလုံး၏ ကပြောင်းကပြန် ဖောက်ပြန်နေကြခြင်းကြောင့် မိုးဦးလေဦးကာလများတွင် ယခင်အချိန်အခါများထက် တစ်နှစ်ထက် တစ်နှစ် ပိုမို၍ လူသားများ မိုးကြိုးလျှပ်စစ်စက်ကွင်း အန္တရာယ်ကို တွေ့ကြုံရင်ဆိုင် ခံစားနေကြရခြင်းဘေးမှ အတတ်နိုင်ဆုံး ကာကွယ်နိုင်ရန်...

သိပ္ပံနည်းအရ သတိပြု ဆင်ခြင်ဖွယ်များနှင့် တိုင်းရင်းမြန်မာ့နည်း မြန်မာ့ရိုးရာပညာရပ်များဖြင့် နဂိုဗီဇသတ္တိမှာကိုက မိုးကြိုးလျှပ်စစ်ဓာတ်ကို ကာကွယ်စေနိုင်သည့် အစွမ်းပါရှိပြီး ဖြစ်သော ကျောက်ဖရုံသီးကို ပိုမိုအစွမ်းပြည့်၍ ထက်မြက်စေအောင် စီမံကာကွယ်သည့် နည်းပညာကို အများပြည်သူတို့ အကျိုးကျေးဇူးများစေရန် စေတနာရည်သန်၍ ဤဆောင်းပါးကို ရေးသားတင်ပြလိုက်ပါသည်။

ရှေ့လတွင် ကျောက်ဖရုံသီး၏ ဆေးဖက်ဝင် အစွမ်းထက် လက်တွေ့နည်းများကို တင်ဆက် ရေးသားပေးပါဦးမည်။

ဦးမင်းဇင်(ရွှေနဝင်း)

***






www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် ကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲမှာလည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောတင်းတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာ ပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ခြင်းကုသရတဲ့ ရောဂါ အဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ။ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့ နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

# ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၅...



www.burmeseclassic.com

www.burmeseclassic.com

ပေကုန်းရွာထိပ်မှ ၂၀၁၄ ခုနှစ် အတွင်း

# ပေါ်တော်မူ ရဟန္တာ (၈၀)

ရွှေတော်မြေ
မောင်ကြည်သိန်း



◆ ရှေးဟောင်းရဟန္တာ(၈၀)ဘုရားများ
မျက်လုံးမှုန်ရဟန္တာအနီးကပ်ပုံ ◆

ဂိမှာန်နွေမင်းသမီးလေး လက်ပြနှုတ်ဆက်ထွက်ခွာသွားခဲ့ပြီဖြစ်၍ ဝသန်မိုးမင်းသားလေး ရောက်ခဲ့ပြန်ပြီပေါ့။

'စာရေးဆရာ အိမ်မှာ တူတော်မောင် ဝင်းထက်ထူးအောင် စောင့်နေတယ်။ ပေကုန်းရွာထိပ်မှာ ပေါ်တော်မူရဟန္တာ(၈၀)ကို လိုက်ပို့မလို့တဲ့'

'ဒါဆို သွားပြီဗျာ'

လာပြောသူက စာရေးသူခယ်မ။

'နေပါစေကွာ အင်ကြင်းစင်ရွာက ငါ့သူငယ်ချင်း **အစ်ကိုကြီးကိုတင်စိုး (စာရေးဆရာ အောင်ချစ်ကြည်–ကြို့ပင်ကောက်)**ကို လိုက်ပို့ခိုင်းပါ့မယ်။ မင်းရှေ့ကနင်း'

လို့ ဆိုပြီး နှစ်ဦးသား ဦးတင်စိုး၊ ဆရာမ ဒေါ်မြင့်မြင့်(အထပြငြိမ်း)အိမ် ဝင်သွားတယ်။

'ကိုစိုးရေ ဒီမှာ ကိုကြည်သိန်း လာတယ်'

'ကိုတင်စိုး ကျွန်တော့်ကို ရဟန္တာ (၈၀) လိုက်ပို့ပေးပါ၊ စာရေးမလို့'

'လိုက်ပို့ပါ့မယ်။ ကျွန်တော်ရောက်တာ (၄)ခေါက်ရှိပြီ'

'ဒါဆို သွားကြစို့၊ မိုးမရွာခင် နေပွင့်တုန်း သွားမယ်ဗျို့'

စာရေးသူနေရာ ဘညိကုန်းတောင်ပိုင်းကနေ ဆန်တစ်ဆုပ်မမှာရုံရှေ့



www.burmeseclassic.com

www.burmeseclassic.com





◄ မျက်လုံးထော်မှင်သည့်
ရဟန္တာ အရိုးကော်မုံ
ခြေလှမ်းကြွရှိဟန် ဘုရားပုံတော် ►

တည်ကုန်းရွာမ လမ်းအတိုင်းဝင် အင်ကြင်းစင်ရွာကိုဖြတ် ဆည်ပေါင်တံတားလေး ကျော်လိုက်တာနဲ့ သာသနာ့အလံ တလူလူလွင့်လို့ တွေ့ရပါပြီ။

မှန်းခြေ (၁)မိုင်သာသာလေးပါ။ ရန်ကုန်ပြည်လမ်းဘေးက **"ရွာမသို့"** ဆိုတဲ့ ဆိုင်းဘုတ်က ဝင်လာခဲ့ကြတာပါ။

'ကဲ ကိုခင်မောင် ဒီက ကျွန်တော့် သူငယ်ချင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ ပါရမီမဂ္ဂဇင်းက **စာရေးဆရာ** ရွှေမှော်မြေ **မောင်ကြည်သိန်းပါ။** သိသမျှ ပြောပြလိုက်ပါဗျာ'

တဲ့။

'ကျွန်တော့်အမည်က ကိုခင်မောင်ပါ။ တပ်မတော်က **ပင်စင်စားတစ်ဦးပါ။** အလုပ်ကတော့ **ဟော်လန်၊ မေမြို့၊** စံပယ်၊ နှင်းဆီ စိုက်ပြီး အသက်မွေးဝမ်းကျောင်းပါတယ်။

ဒီရဟန္တာ(၈၀)ကို တပေါင်းလဆန်းမှာစတင် တွေ့ရှိတာပါ။ ကျွန်တော်က ဦးဆုံးတွေ့သူပါ။ ၂၀၁၄ ခုနှစ် မတ်လကပေါ့။ ဒီနားမှာ စေတီပျက်ကြီးနှစ်ဆူကတော့ မူလကတည်းက ရှိပြီးသား။ ဒါပေမဲ့ ဒီရဟန္တာ(၈၀)ဆိုတာ ဘယ်တွေ့လိမ့်မလဲ။

ဒီနဲ့ တစ်နေ့ ဒီဝန်းကျင်က ချုံတွေရှင်းမယ်လေဆိုပြီး သစ်ပင် တစ်ထွာလောက် လက်တစ်ဆုပ်လောက် အပင်တွေခုတ် ပိန္နဲ... လိုက်တယ်ဗျာ'

### ပုဂ္ဂိုလ်များက အပြစ်ပေးပြီ

'ကျွန်တော် မှားသွားပြီဗျာ'

'ဘာမျှား မှားသွားသလဲ ကိုခင်မောင်'

စာရေးသူ မေးတော့ ပြုံးရွှင်နေတဲ့ မျက်နှာ ညှိုးကျသွားရှာတယ်။

'ပိန္နဲရှိတဲ့ညမှာပဲ ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်တစ်ဦး ဘွားခနဲ ပေါ်လာပြီး "ဟေ့ နောက်တစ်ခါ ထပ်ရှိရင် မိသားတစ်စုလုံး





www.burmeseclassic.com

www.burmeseclassic.com





◆ ရှေးဟောင်းရဟန္တာသိမ်တော်ကြီး

◀ မျက်လုံးတော်မှင်သည့်ရဟန္တာ အဝေးမြင်ကွင်း၊

သေကုန်မယ်။ ခု တို့ ဘယ်သွားနေရမလဲ၊ ပိုးမွှားတွေလဲ နေစရာမရှိတော့ဘူး"တဲ့။

အဲဒီနေ့ကစလို့ ကျွန်တော့်မိန်းမ ဝကြီးက ခုဆို အရိုးပေါ် အရေတင် ပိန်ပိန်လေး ဖြစ်နေပြီဗျာ။ အားဆေး တောင် ဝယ်မတိုက်နိုင်တဲ့ဘဝ။ လက် လုပ်လက်စားတွေပါဗျာ။

မီးရှို့တော့ မြွေပွေးကြီးတွေ ဝရုန်း သုန်းကား ထွက်ပြေးလိုက်ကြတာ မှန်းခြေ (၁)ပိဿာ (၅၀)၊ (၂)ပိဿာ လောက်ကြီးတွေ နည်းပါရိုးလား'

'အဲဒါ မကျွတ်မလွတ်တဲ့ အစောင့် အရှောက်တွေပေါ့'

'ဟုတ်ပါ့ဗျာ သူတို့ကို နေစရာ မရ အောင် ကျွန်တော် လုပ်ခဲ့မိတယ်ဗျာ'

'ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ၊ ကန်တော့ပွဲပေးပြီး တောင်းပန်လိုက် ပေါ့ဗျာ။ တောပိုင်တောင်ပိုင်၊ နဂါးသိုက် မယ်တော်သိုက်တွေ၊ ဘုရားသိုက်တွေ က ပုဂ္ဂိုလ်တွေကို တိုင်တည်တောင်းပန် လိုက်ပါဗျာ။ သူတို့ ကျေအေးကြမှာပါ။ ပြီးတော့ မေတ္တာသုတ်ရွတ် အမျှဝေပေး ပေါ့ဗျာ'

'ဟုတ်ကဲ့ပါဗျာ'

ဒီအချိန်မှာ ယောဂီဝတ်ပုဂ္ဂိုလ် ရောက်လာပြီး…

'ကျွန်တော် ဒီမှာ အဓိဋ္ဌာန်ဝင်နေပါ တယ်။ ပုဂ္ဂိုလ်အပေါင်းကိုလဲ မေတ္တာပို့ အမျှဝေတယ်။ သူတို့အတွက် (၁၁)မီး ငြိမ်းအောင် ပွဲ(၁၁)ပွဲ လုပ်ခိုင်းထားပါ တယ်'

'ဟုတ်ကဲ့ပါဗျာ'

## ရှေးဟောင်း ရဟန္တာသိမ်တော်ကြီး


ဆရာအောင်ချစ်ကြည် (ကြို့ပင် ကောက်)က ဝင်ရှင်းပြတယ်။


'ကျွန်တော့်အထင် ဒီဘုရားဝန်း အကျယ် ပေ(၂၀၀)ပတ်လည်လောက် ရှိမယ်ထင် တယ်။ ဒီဟာကတော့ ရဟန္တာသိမ်တော်ကြီး ဗျ။ အုတ်ရိုးတွေဟာလဲ ထုထည် ကြီးမားစွာ နဲ့ အခိုင်အခံ့ တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com





◆ ထေဝါဂုထင်းရှား ပြပြင်ရန်
တူးဖော်သည့် ဘုတ်ကွင်း

◆ ဘုရားပျက်ကြီးပုံ

ဒီရဟန္တာသိမ်ကြီးရဲ့ ဘေးပတ်လည်မှာ ရဟန္တာအဆူ(၈၀)တိတိ ဖူးတွေ့ရပါတယ်။ ရဟန္တာပုံတော်တွေဟာ ပုဆစ်တုပ်ထိုင်ပြီး ဒူးတော်ပေါ်မှာ လက်တော် စုံချထားတာ တွေ့ရတယ်'

အဆူပေါင်း(၈၀)တိတိမှာ (၇၉)ဆူက မျက်လွှာချထားပြီး တစ်ဆူသော ရဟန္တာပုဂ္ဂိုလ်က မျက်လွှာတော် ဖွင့်ထားပြီး ပြုံးရွှင်နေပါတယ်။ ဒီရဟန္တာပုဂ္ဂိုလ်ထူးကို ဖူးတွေ့ပြီး ဆုတောင်းခဲ့ရင် ဆုတောင်းတိုင်း ပြည့်ဝနိုင်မယ်လို့ စာရေးသူ ထင်ပါတယ်။

ဘာလို့ ဒီစကားပြောရလဲဆိုရင် စာရေးသူ မကွေး လေဘာရုံးမှာ အလုပ်ဝင်စင်ကာလ စာရေးကြီး ဦးကျင်သိန်း [ယခု ဒုဦးစီး(ငြိမ်း)]က စာရေးသူကို မြသလွန်ဘုရားကြီးကို ခေါ်သွားပြီး မြသလွန်စေတီ ဖောင်းရစ်မှာရှိတဲ့ ဘီလူးရုပ်တွေပြတယ်။ တစ်ခုသော ဘီလူးက ပြုံးရယ်ပြပြီး၊ ကျန်ဘီလူးတွက ရှုံ့မဲ့ပြထားပါတယ်။

'ကိုကြည်သိန်း ဒီပြုံးနေတဲ့ ဘီလူးရုပ်ရှေ့မှာ ဆုတစ်ခုတည်းတောင်း တောင်းတိုင်း ပြည့်ဝစေတယ်'

ဆိုလို့ စာရေးသူ မကွေးကနေ ပြောင်းပြီး နိုင်ငံခြား သွားရပါစေလို့ ဆုတောင်းတာ တကယ်ကို ပြည့်လို့ မလေးရှားမှာ (၁၀)နှစ်တာ ဘေးမသီ ရန်မခ လိုတာရခဲ့ပါတယ်။ ဒါ ကိုယ်တွေ့ပါဗျာ။

## ထူးခြားတဲ့ ရဟန္တာ(၈၀)သိမ်များ

**ရွှေတောင်မြို့ဝန်းကျင်မှာ ရဟန္တာ(၈၀)သိမ် (၃)ခု တွေ့ရှိရပါတယ်။** ယခု ပေကုန်းငှာထိပ်က ရဟန္တာ(၈[illegible] က ၂၀၁၄ ခုနှစ်မှာ တွေ့ရှိပြီး **ရန်ကုန်[illegible] ပြည်လမ်း မဲ့ရှင်ဆရာတော် ကျောင်း[illegible] ဝင်းအတွင်း ဖိုးသိန်းတန် ရွာထိပ်မှာ တစ်ခု၊** အဲဒီကျောင်းဝင်းထဲက ရဟန္တာ[illegible] (၈၀)ကို ၂၀၀၄ ခုနှစ်မှာ တွေ့ရှိတူး[illegible] ခဲ့ပြီး စာရေးသူတို့ **တရုတ်မော်ရွာ[illegible] မိုင်(၂၀)အကွာရှိ ဆင်သေရွာမှာ** ရဟန္တာ(၈၀) တွေ့ရှိခဲ့ပါတယ်။ ၂၀၀[illegible] ခုနှစ် မှာပါ။

ဒီမှာ ထူးခြားမှုတစ်ခုက ယ[illegible] ပေကုန်း ရွာထိပ်မှ ရဟန္တာ(၈၀) အ[illegible] များအနက် (၇၉)ဆူဟာ မျက်လွှာ[illegible] ထားပြီး တစ်ဆူသော ရဟန္တာပုဂ္ဂို[illegible] သာ မျက်လွှာဖွင့်ပြီး ပြုံးရွှင်နေပါတယ်

*(ပုံပါအတိုင်[illegible]*

မဲ့ရှင်ဆရာတော် ကျောင်း[illegible] အတွင်းရှိ ရဟန္တာ(၈၀)အနက် (၇[illegible] ဆူက မျက်လွှာချပြီး တစ်ဆူသော ရဟန္တာသာ မျက်လွှာဖွင့်ပြီး ပြုံးရွှင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



◆ ဘုရင်ကြီးပုံတော်(ဘုရားမှူးနေမှာန်)



◆ ရှေးဟောင်းစေတီပျက်ကြီး



ညောင်ညိုပင်နှင့်ကျောက်ချမ်းဝင်(ဘုရားအောင်)

ပါတယ်။ ဒီမှာတင် ပေကုန်းရွာထိပ်နဲ့ ဒိုးသိန်တန်ရွာထိပ်က ရဟန္တာ(၈၀)ဟာ သဏ္ဍာန်တူပါတယ်။

ဆင်သေရွာမှ ရဟန္တာ(၇၉)ဆူကတော့ မျက်လွှာဖွင့်ပြီး တစ်ဆူသော ရဟန္တာသည် မျက်လွှာပိတ်ထားပါတယ်။ ဒါဟာ ဂမ္ဘီရဆန်တဲ့ ပဟေဠိဆန်တဲ့ ပုစ္ဆာတစ်ပုဒ်လို့ စာရေးသူ မှတ်ယူခဲ့ပါတယ်။

တစ်နေ့ စာရေးသူ ထမင်းသုပ်ဝင်ရောက်စားနေစဉ် မိတ်ဆွေတစ်ဦးနဲ့ စကားစပ်မိတော့ စာရေးသူက မေးမိတယ်ဗျာ။ ပေကုန်းရွာထိပ်က ရဟန္တာ (၈၀) ဖူးပြီးပြီလား မေးတော့...

'ဟုတ်ကဲ့ ဖူးပြီးပါပြီ၊ ကျွန်တော်က ပေကုန်းရွာသားပါ။ နာမည်က ကိုဋ္ဌေးအောင်လို့ ခေါ်ပါတယ်။ ဟော်လန်ပန်းတို့၊ မေမြို့ပန်းတို့ စိုက်ပါတယ်။ ကျွန်တော့်ခြံနဲ့ဆို ဘာဝေးလို့လဲ လာလည်ပါဗျာ'

တဲ့။

'ဒါနဲ့ ကိုဋ္ဌေးအောင် သိသလောက် ပြောပြပါ။ ကျွန်တော်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ ပါရမီမဂ္ဂဇင်းရဲ့ စာရေးဆရာပါ'

'ဟာ... ဒါဆို အတော်ပဲဗျာ။ ကျွန်တော် သိသလောက် ပြောပြမယ်။ ကျွန်တော်လဲ အဲဒီမဂ္ဂဇင်းတွေရဲ့ ပရိသတ်တစ်ဦးပါဗျ'

'ဟုတ်ပြီ မှတ်ထားပါ့မယ်။ ပြောပါဗျာ'

ဆိုတော့...

'ကျွတ်တော်အဘိုး ပြောခဲ့တယ်။ ဒီမှာ ဘုရားတည် အုတ်မြစ်ချမယ်ဆိုတော့ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေက ဟောသတဲ့။ သံခမောက် ဆောင်းထားသူ လာမှသာ စတင်တူးဖော်ပြီး ဘုရားတည်သိမ်ဆောက်ရမယ်လို့ဟောသတဲ့။

ဒီလိုနဲ့ သံခမောက် ဆောင်းလာသူကို မင်းချင်းတွေက လမ်းထိပ် အရပ်လေးမျက်နှာမှာ စောင့်ကြည့်တာ (၅) ရက်ကြာတဲ့နေ့မှာ ဥတုံရွာမှာ အလှူရှိတော့ မိုးပြဲဒယ်ကြီး ခေါင်းမှာစောင်းပြီး ပေကုန်းရွာထိပ် ဖြတ်လျှောက်လာသူ တစ်ဦးကို တွေ့ရတယ်။

ဒါနဲ့ အားရဝမ်းသာနဲ့ ဒီမှာတင် အုတ်မြစ်ချပြီး ဘုရားတည် သိမ်ဆောက်ပြီး ရဟန္တာ(၈၀) တည်ခဲ့တယ်လို့ ဟိုး...ဘိုးဘွားဘီဘင်တွေ ပြောလာခဲ့တာကို ကျွန်တော့်အဘိုးက ပြန်ပြောပြလို့ စာရေးဆရာကို ပြန်ပြောရတာပါ'

'ကျေးဇူးအနန္တပါ ကိုဋ္ဌေးအောင်'

'ဟုတ်ကဲ့ပါဗျာ'

## ရှေးဟောင်းသုတေသန
## အာရုံရှိများ လာပြီ

ကြို့ကုန်းကျေးရွာ အပိုင်ဖြစ်လို့ ကြို့ကုန်း ရယကအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ရှေးဟောင်းယဉ်ကျေးမှု ဦးစီးဌာနမှ ပုဂ္ဂိုလ်များ လာရောက်ပြီး မူလပုံစံ မပျက် ထားရှိဖို့နဲ့ ထပ်မံ တူးဖော်ခြင်း မပြုဘဲ အမြင်တိုင်း ထားရှိဖို့ မိန့်ကြားခဲ့ကြောင်း...

ပျူမြို့ဟောင်း သရေခေတ္တရာ ဟန်လင်းကဲ့သို့ ရှေးဟောင်းမှတ်တမ်းဝင်ရန် တင်ပြမည်ဖြစ်ကြောင်း၊ မီဒီယာများကို ပြောပြကြောင်း စတင်တွေ့ရှိ



www.burmeseclassic.com


www.burmeseclassic.com



◆ ခေတ်အလယ်ပိုင်း အုတ်ချပ်မှာ ရလုံးပေါ်သည့်ခေတ်



◆ နတ်ရေကန် (ရေမခန်း နွေမိုးဆောင်း)



◆ ဆေးဘက်ဝင် သက်ရှိမသေသည့် သပြေပင်ကြီး

သူ ကိုခင်မောင်မှ စာရေးသူကို ပြောကြားလို့ သိရှိခဲ့ရပါတယ်။

'သူတို့အဆိုအရတော့ အင်းဝခေတ် လက်ရာလို့ထင်ကြောင်း ခန့်မှန်းခြေသာ ပြောပြပါတယ်။ အတိအကျတော့ မသိသေးပါဘူး'

'ဟုတ်ကဲ့ပါ။ ဒါက တကယ်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်း အမွေအနှစ်တစ်ခုမို့ ထိန်းသိမ်းစောင့်ရှောက်စေလိုပါတယ်'

စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ဆိုတဲ့ ခေတ်တွေထဲက အင်းဝခေတ်လက်ရာလား။ ပျူခေတ်လက်ရာလားဆိုတာ တစ်ချိန်မှာ အဖြေမှန် သိရမှာပါ။

စာရေးသူ တူလေး ဝင်းထက်ထူးအောင်ကို အုတ်ခဲကြီး(၃)ခဲရှေ့ ထိုင်ခိုင်းပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ပါတယ်။ အုတ်ခဲကြီးတွေက စာရေးသူလက်နဲ့ တိုင်းကြည့်ရာ **တစ်တောင်နဲ့ တစ်မိုက်** ရှိပါတယ်။

စာရေးသူမှ ဒွတ္တပေါင်မင်းကြီးတည်ထားခဲ့တဲ့ ဘုရားများဖြစ်တဲ့ **ပဲခူးမျှော်ဘုရား၊ ချော့ခေါ်ဘုရား၊ ဥယျာဉ်မှူးဘုရား၊ ဘောဘောကြီးဘုရား၊ ဘဲဘဲကြီးဘုရား၊ ဇတ်ငါးရာဘုရားများ** လှေ့လာဖူးမြော်ကြည့်ပြီး ထိုမှ အုတ်ခဲအတိုင်းတာများက အခု ပေကုန်းရွာထိပ်က ရဟန္တာ(၈၀)သိမ်ကြီးအတွင်းရှိတဲ့ အုတ်ခဲများနဲ့ သဏ္ဌာန်တူနေတာကို တွေ့ရှိရလို့ ပျူမြို့ဟောင်း သရေခေတ္တရာအဆက်ဖြစ်မယ်လို့ ယူဆရပါတယ်။

### ထူးခြားသည့် နတ်ရေကန်

ပေကုန်းရွာထိပ် ပေါ်တော်မူ ရဟန္တာ(၈၀)သိမ်ကြီးမှ ခြေလှမ်း(၂၀)ခန့်တွင် နတ်ရေကန်ကို တွေ့ရှိရပါတယ်။ ကြီးမားတဲ့အုတ်များ ဝန်းရံပြီး အခိုင်ခံ့ တူးဖော်ထားတာ တွေ့ရပါတယ်။ ခန့်မှန်း(၁၅)ပေ ပတ်လည်ခန့်ရှိမယ်ထင်ကြောင်း စာရေးဆရာ အောင်ချစ်ကြည်(ကြို့ပင်ကောက်)မှ ပြောကြားပါတယ်။

ဒီတွင်းထဲက ရေဟာ နွေ မိုး ဆောင်း ဘယ်တော့မှ မခန်းကြောင်း၊ ရှေးဘုရင်ပိဖုရားများ ရေချိုးတဲ့ တွင်းဖြစ်နိုင်ကြောင်း၊ ဒီတွင်းကရေနဲ့ ကိုခင်မောင်က သူ့ရဲ့ပျိုးခင်း ပန်းခင်းတွေ ရေခပ်လောင်းပါကြောင်း...

ဒီအနီးနားမှာ အပေါ့အလေး သွားခွင့်မရကြောင်း၊ တစ်နှစ်ပြည့်တိုင်း ပွဲပေးပြီး တောင်းပန် ကန်တော့ရကြောင်း ကိုခင်မောင်မှ ရှင်းပြပါတယ်။

### ထူးခြားသည့် သပြေပင်ကြီး


နတ်ရေကန်ဘေးမှာ ပေါက်နေတဲ့ သပြေပင်ကြီးကို တွေ့ရမှာပါ။ ဒီကန်ကြီး အသက်လောက် ရှိပြီဖြစ်ကြောင်း ဒီအပင်ကြီးကို ဘယ်လိုသတ်သတ် မသေကြောင်း ဘုရားဖူးလာတဲ့ ပေကုန်းရွာသူအချို့က ရှင်းပြပါတယ်။

'ကျွန်မတို့ ငယ်ငယ်ကတည်းက ရှိနေတာ။ နှစ်ဘယ်လောက်ကြာတယ်ဆိုတာတော့ မသိဘူး။ ရွာကလူတွေ ခုတ်ပိုင်းသတ်ပေမယ့် လုံးဝ မသေဘူး




www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းအုတ်ကြီး




သက်ရှိထင်ရှား မဟုတ်ပေမယ့် ရုပ်တုကို ကိုးကွယ်ဆည်းကပ်ရတဲ့ အကျိုးကား အနုဋ္ဌပင် ဖြစ်ပါတယ်။

သို့ပါသောကြောင့် ကုသိုလ်ကောင်းမှု နေ့တိုင်းပြု၍ ကံ့,ကံ့ရဲ့အကျိုး ခံစား စံစားစေသောငှာ စာရေးသူမှ နတ်လမ်းညွှန် ရေးသားလိုက်ရပါတယ်။

**ရွှေတောင်မြေ** တစ်ခါတစ်ခေါက် လာရောက်ခဲ့ရင်သဖြင့် **ရန်ကုန်ပြည်လမ်းဘေး၊ တည်ကုန်းတောင်ပိုင်း၊ ကြာနီကန်ရပ်ကွက်၊ ဆန်တစ်ဆုပ်မွှာရုံရှာ "တည်ကုန်းရွာမသို့" ဆိုတဲ့ ဆိုင်းဘုတ်ဖရှေ့ လမ်းမကြီးမှ ဝင်ရောက်ပြီး (၁၅)မိနစ်ခန့် မောင်းပြီး အင်ကြင်းစင်ရွာ ကြေးဘုရားကြီးကျောင်းအရှေ့ ဆည်ပေါင်တံတားလေး ကျော်ခဲ့ရင်ဖြင့်** ဖူးမဝ ရှခင်းအလှတွေနဲ့ ပန်းရနေတဲ့ ပေါ်တော်မူ ရဟန္တာ(၈၀)ကို ဖူးတွေ့နိုင်ပြီ ဖြစ်ပါကြောင်း မေတ္တာရှေ့ထားလို့ ရေးသားလိုက်ရပါတယ်။

**ဤသိမ်ကြီးကား နေထွက်သိမ် မြစ်ပြီး ထင်သောရှာ (နေမွန်တည့်သိမ်)၊ မိုးသိမ်းတော်ရွာမှ သိမ်သည်(နေဝင်သိမ်) မြစ်ကြောင်း ထပ်မံ သိရှိရပါတယ်။**

ကျေးဇူးတင်လွှာ

**လိုက်ပါပို့ဆောင်ပေးတဲ့ ဦးတင်စိုး(စာရေးဆရာ အောင်ချစ်ကြည်–ကြို့ပင်ကောက်)၊ မေးသမျှ ဖြေကြားပေးတဲ့ ကိုခင်မောင်၊ ညီတော်မောင် ဝင်းထက်ထူးအောင်တို့ကိုရင်မှာ ထာဝရ မမေ့သောအားဖြင့်...**

***တတည်းချုပ်အဖွဲ့ ကျန်းမာဝီပေါက်နိဗ္ဗာန်ရောက်ပါစေသော်။***

ရှေးခြားတယ်' ***(ပုံပါအတိုင်း)***

ဆရာ အောင်ချစ်ကြည်(ကြို့ပင်ကောက်)က...

'ကိုကြည်သိန်းကို ပြမယ်ဆိုတဲ့ အပြုပင်ကြီးလေ။ နွေမှာဆို အသီးတွေ အမ်းပေါ် ဝေနေအောင် ကြွေတယ်။ ဟိုးရှေ့က ပေ(၁၀၀)ပတ်လည်လောက်ရှိတဲ့ တွင်းကြီးက ဟိုတုန်းက ဘုရားတည် သိမ်ဆောက်ဖို့ အုတ်ဖုတ်ဖို့ မြေတူးတဲ့ တွင်းကြီးလေ။ ခုတော့ မြေပို့ပြီး ကောနေတာ' ***(ပုံပါအတိုင်း)***

တကယ်တော့ ပေါ်ချိန်တန်လို့ ပေါ်ခဲ့ပြီ။ ထိန်းသိမ်းစောင့်ရှောက်ဖို့က နိုင်ငံသားတိုင်းမှာ တာဝန်ကိုယ်စီ ရှိပါပြီ။ ရိုးရာအမွေအနှစ်ဆိုတာ မပျောက်ပျက် ကောင်းပါဘူး။

ယခု စာရေးသူတို့ နေထိုင်ရာ ပြည်–ရွှေတောင်ဆိုတာ ရာဇဝင်မြို့တွေပါ။ အဖေ မဆုံးခင်က ပြောဖူးပါတယ်။

'ငါ့သား ရဟန္တာပုဂ္ဂိုလ်ထူး ဖူးတွေ့ရင် တစ်ဆုတည်းတောင်း ပြည့်ဝစေသတဲ့'

ယခု ရဟန္တာ(၈၀)မှာ ဆုတောင်းဆုယူရင်ကော ဘယ်လောက် အကျိုးပေးလိမ့်မလဲဗျာ။ ဘုရားရဟန္တာတို့ကို

ရွှေမော်မြေ မောင်ကြည်သိန်း



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမျိုးရေ မမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာ ပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်နိုင်းလိုက်ရတာပဲ"




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ ခေါက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြော၊ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်း၊ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေး၊ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက် သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊**

**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com

# အဘရာကျော် ဆရာတော်ကြီး

## ဦးသဒ္ဓမ္မဒေဝကိတ္တိ၏ ထူးခြားချက်များ

တင်လွန်းမြတ်
(အရေးသင်တက္ကသိုလ်)



▲ အဘရာကျော် ဆရာတော်ကြီး
ဦးသဒ္ဓမ္မဒေဝကိတ္တိ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပ.လ.ရ ရပ်ကွက်၊ ရန်ကုန်–ပြည် လမ်းမကြီးပေါ်ရှိ ရေကြည်အိုင် **စိတ္တသုခ တပ်ဦးကျောင်းဝင်း အတွင်းမှ ဓာတ်ခန်းကျောင်းတွင်** သီတင်းသုံးတော်မူခဲ့သော အဘရာကျော်ဆရာတော်ကြီး ဦးသဒ္ဓမ္မဒေဝကိတ္တိကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ပွေးလှမြို့နယ်၊ ပွင့်လမ်းရွာ၌ ဖွားမြင်သော တောင်ရိုးတောင်သူ ဓနုတိုင်းရင်းသား ဖြစ်ပြီး လူအမည်မှာ မောင်ညိုဟု ခေါ်တွင်ကြ၏။

ဆရာတော်ကြီးသည် ရဟန်းအောင်သို့ တက်ရောက်ပြီးနောက် ပွေးလှမြို့နယ်၊ ညောင်ငူကျောင်းတိုက်သို့ ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးရင်း ကိလေသာများကို ပယ်တွက်တတ်သော ရုတင်(၁၃)ပါး ကျောက်မြတ်တို့အား မနေမနား ကြိုးစားအားထုတ်တော်မူခဲ့၏။

ထို့နောက် ဖိုထိုးခြင်း၊ ထွက်ရပ်ပေါက်လုပ်ငန်းစဉ်များအား ကျင့်ကြံအားထုတ်ရာမှ ဓာတ်လုံး အောင်မြင်ခဲ့ပါ၏။

ထိုသို့ ဓာတ်လုံးအောင်မြင်ပြီးနောက် ကျောင်းတိုက်အတွင်း ရဟန်းရှင်လူများသည်း အဝင်အထွက် တိုးပွားလာသည်။

ထို့နောင် ဆရာတော်ကြီးသည် ပွေးလှမြို့ဘက်ရှိ မြောက်ပန်းဆောင်တောင်ကုန်းပေါ်သို့ ပြောင်းရွှေ့ သီတင်းသုံး၍ ရန်အောင်မြင်စေတီတော်ကို စတင် တည်ထားကိုးကွယ်နေစဉ် အခက်အခဲမျိုးစုံ ကြုံခဲ့ရ၏။

သို့သော် ဆရာတော်ကြီးမှာ ရန်အောင်မြင်စေတီတော်ကြီးအား ဆက်လက်တည်ထားကာ ထီးတော် တင်လှူပူဇော်ပြီးနောက်...

'ဤစေတီတော်အား နောင်အခါ ထီးတော်တင်လှူခြင်း ပြုပြင်မွမ်းမံခြင်းများကို ပြုလုပ်ပါက မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်စား လွှဲအပ်ထားသူမှဖြစ်စေ တင်လှူပြုပြင်ပြီး အခြားမည်သူမှ ထီးတော်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို ပြုလုပ်၍ မရပါစေသား' ဟု အဓိဋ္ဌာန်သစ္စာဆိုတော်မူခဲ့၏။

ထို့နောက် ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ ကြွရောက်လာပြီး အင်းစိန်ကြို့ကုန်းရပ်ရှိ မင်းဓမ္မတောင်ပေါ်သို့ ကြွရောက်လာပြီး သာသနာပြုလုပ်ငန်းများနှင့် တရားဓမ္မအကျိုးပြု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်တော်မူခဲ့၏။

ထိုစဉ် ဒါယကာ၊ ဒါယိကာမတို့က ဆရာတော်ကြီးအား သက်တော်ရာကျော်နေပြီဟု ခန့်မှန်းကာ ရာကျော်ဆရာတော်ကြီးဟု ခေါ်ဝေါ်ကြသဖြင့် အဘရာကျော် ဆရာတော်ကြီးဟု အမည်တွင်လာတော့၏။

ထိုသို့ မင်းဓမ္မတောင်တွင် သာသနာပြုရင်း မင်္ဂလာဒုံမြို့နယ် စိတ္တသုခ တပ်ဦးကျောင်းဝင်းအတွင်းရှိ ဓာတ်ခန်းကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးပြီးနောက် အဘရာကျော် ဆရာတော်ကြီးသည် ၁၃၁၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၉)ရက်နေ့၌ ထွက်ရပ်လမ်းသို့ မြန်းတော်မူခဲ့၏။

၁၃၂၉ ခုနှစ်၊ တော်သလင်းလဆန်း(၄)ရက် နေ့လယ်(၁၁)နာရီတွင် ရန်ကုန်မြို့ ဘုရားလမ်းရှိ ကျားကူးကျောင်းတိုက်၌ စာသင်သားအဖြစ် သီတင်းသုံးနေသော ယခု ဗဟန်း(၃)လမ်းရှိ အောင်ပန်းကျောင်းတိုက်မှ သာသနာပြုဆရာတော် အရှင်သာသနာသည် ရဟန္တာသိမ်တော်တွင် ရှိနေစဉ် ပုံလွန်တော်ပြီးဖြစ်သည့် အဘရာကျော် ဆရာတော်ကြီး ကိုယ်တော်တိုင် ကြွရောက်လာပြီး ပွင့်လှနယ်ရှိ ယင်းတည်ထားခဲ့သော ရန်အောင်မြင်စေတီတော်ကြီးအား ထီးတော်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများကို သွားရောက်ဆောင်ရွက်ရန်အတွက် အမိန့်ချမှတ်ကာ ဩဝါဒပေးသွားခဲ့၏။

ထိုအချိန်က ရန်အောင်မြင်စေတီ





www.burmeseclassic.com

www.burmeseclassic.com

တော်မှာ မည်သူမျှ ထီးတော်တင်လှူ ပြုပြင်နိုင်ခြင်း မရှိဘဲ ဖြစ်နေရာ အဘ ရာကျော် ဆရာတော်ကြီး၏ ယခင် သစ္စာဆိုထားချက်အရ ကိုယ်စားလှယ် ဖြစ်သူ အရှင်သာသနမှ သွားရောက် ပြုပြင်ထီးတော်တင်ပါမှ အောင်မြင် ပြီးမြောက်သွားခဲ့သည်။

အဆိုပါ ရန်အောင်မြင်စေတီတော် ထီးတော်တင်လှူ ပူဇော်ပွဲသို့ ထွက်ရပ် ပေါက် အဘရာကျော် ဆရာတော်ကြီး ကိုယ်တော်တိုင် ကြွရောက်လာပြီး အရှင်သာသာနအား စေတီတော် ပြီးစီး အောင်မြင်စေရန် ဆောင်ရွက်နိုင် သဖြင့် ရန်မျိုးအောင် ပြည်တော်ဝင် ရုပ်ပွားတော်တစ်ဆူကို ချီးမြှင့်လျက် ဆက်လက် သာသနာပြုသွားရန်ကို လည်း ဩဝါဒ ပေးသွားခဲ့၏။

အဘရာကျော် ဆရာတော်ကြီး ကိုယ်တိုင် စီရင်ထုလုပ်ကိုးကွယ်ခဲ့သော ရန်မျိုးအောင် ပြည်တော်ဝင်ရုပ်ပွား တော်မြတ်မှာ လက်ယာမျက်လုံးတော် ၌ သံသေဓာတ်လုံး၊ လက်ဝဲမျက်လုံး တော်တွင် ပြဒါးရှင်ဓာတ်လုံး၊ ဦးခေါင်း တော်တွင် ဓာတ်တော်(၃၆)ဆူနှင့် ဓာတ်လုံး(၃၆)လုံး၊ ရင်ဘတ်တော်တွင် ဓာတ်တော်(၃၆)ဆူနှင့် ဓာတ်လုံး(၃၆) လုံး၊ အခြား နေရာအနှံ့အပြားတို့တွင် လည်း ဓာတ်တော်(၃၆)ဆူနှင့် ဓာတ်လုံး (၃၆)လုံးတို့ကို ဌာပနာထားပြီး ရုပ်ပွား တော်မြတ် တစ်ခုလုံးတွင် စုစုပေါင်း ဓာတ်တော်(၁၀၈)ဆူနှင့် ဓာတ်လုံး (၁၀၈)လုံးတို့ဖြင့် ပူဇော်စီမံ ထုလုပ် ကိုးကွယ်ထားခြင်းဖြစ်၏။

အဘရာကျော် ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ရုပ်ကလာပ် တော်အား ကျွန်းခေါင်းဖြင့် ထည့်၍ ပိတ်ဖုံးထားရာ ကိုးကွယ်ကြည်ညိုသူ များက ရွှေငွေရတနာပစ္စည်းများကို လှူဒါန်း ထည့်သွင်းပူဇော်ထားကြ၏။

သို့ဖြစ်၍ ကျွန်းခေါင်းကြီးကို လူဆိုး သူခိုးတို့က ယူဆောင်သွားပြီးနောက် ရဲတင်း၊ ပုဆိန်များဖြင့် ခေါင်းကြီးကို ထုခွဲဖွင့်လှစ်ရာ လုံးဝ ဖွင့်၍ မရသော ကြောင့် လူဆိုးများလည်း ကြောက် လန့်ကာ ထွက်ပြေးသွားကြ၏။

ဆရာတော်ကြီး သက်တော်ထင်ရှား ရှိစဉ်တွင် တပည့်များက သက်တော် ကို မေးမြန်းသည့်အခါတိုင်း စကား လိုးလွှဲပြောလေ့ရှိ၏။ ထို့ပြင် ပျံလွန် တော်မူမည့် နေ့ရက်၏ နံနက် စောစော ပိုင်းတွင် နွားနို့လာပို့သော ကုလားလေး မှ အဘရာကျော် ဆရာတော်ကြီး သီတင်းသုံးရာ ဓာတ်ခန်းကျောင်း၏ ခေါင်းမိုးပေါ်မှ ရုပ်ပွားတော်တစ်ဆူ ပျံတက်သွားသည်ကို ဖူးမြင်လိုက်ရ သည် ဟုဆို၏။

တစ်ဖန် ဆရာတော်ကြီး ပျံလွန်ပြီး နောက် ရှမ်းပြည်နယ်နှင့် မန္တလေးမြို့ တို့၌ ဘုရားတည်နေသည်ကို ဒါယကာ၊ ဒါယိကာမများက မကြာခဏ ဖူးမြင်ကြ ရသည်ဟုလည်း ဆိုကြ၏။

လွန်ခဲ့သော ၁၉၉၅ ခုနှစ်က ဓာတ် ခန်းကျောင်းသို့ တောင်ငူမြို့မှ တရုတ် ကုန်သည်များ ရောက်ရှိလာကြပြီး ဆရာတော်ကြီး၏ ပုံတော်ကို သေချာ စွာ ကြည့်ရှု၍ ယင်းတို့မှာ မကြာမီ ရက်ပိုင်းအတွင်းက တောင်ငူမြို့တွင် ရဟန်းသံဃာတော်တို့အား ဆွမ်းလုပ် ကျွေးရာ ဤကိုယ်တော်ကြီးလည်း ပါဝင်ပြီး ဆွမ်းကို အားရပါးရ ဘုဉ်းပေး သွားကြောင်းကို အံ့ဩဖွယ် ရှင်းလင်း ပြောပြသွားသည်ဟု ဆိုပါ၏။

၁၉၈၈ ခုနှစ်ကလည်း စံကျောင်း အတွင်း အလောင်းတော်အား ထည့် သွင်းပူဇော်ထားစဉ်၌ အခေါင်းတော် ကြီးမှာ သိသာထင်ရှားစွာ ရွေ့လျား နေပြီး တပည့်အပေါင်းတို့ကလည်း ဆရာတော်ကြီးကို မြန်မာနိုင်ငံ နေရာ အနှံ့အပြားတို့တွင် ဖူးမြင်နေရဆဲဖြစ် ကြောင်း ဆိုကြ၏။

**တင်ထွန်းအေး**
***(အဝေးသင်တက္ကသိုလ်)***

**ကိုး**

- **ဓာတ်ခန်းကျောင်း အဓိဋ္ဌာ[illegible] ဒုလ္လဘရဟန်းကြီး ဦးအဝေရာ[illegible] မှတ်တမ်း။**
- **ဓာတ်ခန်းကျောင်း သက်တော်[illegible] ရှည်ဆရာတော်ကြီး ဦးသု[illegible] ဘုန်းကြီးဘောဘနနှင့် ရ[illegible] ကြီး ဒေါ်ဒေဝီတို့၏ မိန့်ဆိုမှု[illegible]**

**စာရှုသူ သုတေသီနှင့် ပညာရှင်များသို့ . . .**

မိမိအရပ်ဒေသရှိ ထူးခြားသော ဝိဇ္ဇာဓရ[illegible]ရှိရပ်[illegible]လိုက်ထူးကြီးများ အကြောင်း ရေးသားပေးပို့ပြီး ကုသိုလ်ထူးကြီးမှာ ပါဝင်ကြပါရန် မိတ်ခေါ်အပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်[illegible]
စာတည်းချုပ်
နှလုံးလှရောင်ခြည်[illegible]





www.burmeseclassic.com

www.burmeseclassic.com

ရှင်သီဝလိ ဖယောင်းတိုင်

# နံ့ပေါ်တင်

အစီအရင်

မောင်သုဝဝ (လှိုင်ကော်)



**"တေဒင်္ဂဘိက္ခဝေ မမသာဝကာနံ လာဘီနံဘိက္ခူနံယဒိဒံသီဝလိ"**ဟူ၍ လာဘ် လာဘများပေါများသောရဟာန်းတို့တွင် သီဝလိမထေရ်သည် အမြတ်ဆုံးဟု ဂေါတမမြတ်ဗုဒ္ဓ၏ တေဒဂ်ရတော်မူသော ရဟန္တာတစ်ပါးဖြစ်သည့် အပြင် မြတ်ဗုဒ္ဓ၏ လက်ယာတော်ရံ လေးကျိပ်တွင် တစ်ပါးအပါအဝင် ဖြစ်သည့် ရှင်သီဝလိမထေရ်မြတ်ကြီးကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် ဆည်းကပ်ကိုးကွယ် ပူဇော်ကြပြီးလျှင် စီးပွားရေး လုပ်ငန်းများကြီးပွားတိုးတက် အောင်မြင်ပြီး မွန်မြတ်သန့်စင်သည့် လာဘ်လာဘများ ရရှိစေရန် ရည်သန်လျက် ရှင်သီဝလိဂါထာတော် (၁၀)ပုဒ်ကို ရွတ်ပွားသရဇ္ဈာယ်၍ လည်းကောင်း၊ ရှင်သီဝလိမထေရ်မြတ်ကြီး၏ ပုံတော်ကို ထုလုပ်ကိုးကွယ်၍ လည်းကောင်း၊ ရှင်သီဝလိမထေရ်မြတ်ကြီး၏ ဓာတ်တော်ပွားများကို ကိုးကွယ်၍ လည်းကောင်း ဆုမွန်ကောင်းများ တောင်းကြပါသည်။

ရှင်သီဝလိဂါထာတော်များကို ရွတ်ပွားသရဇ္ဈာယ်မှု ပြုလေ့ရှိကြသော်လည်း **"ရှင်သီဝလိ ဖယောင်းတိုင် နံ့ပေါ်တင်ပူဇော်နည်း"**ကိုမူ သိရှိလိုက်နာ ဆောင်ရွက်သူ နည်းပါးမည်ဟု ထင်မြင်ယူဆမိပါသည်။

ယခု စာရေးသူ ကုသိုလ်ပြု တင်ပြထားသည့် ရှင်သီဝလိဖယောင်းတိုင် နံ့ပေါ်တင်စီရင်ပူဇော်နည်း ဖော်ပြချက်သည် ရှေးဟောင်း ပုရပိုက်တစ်ဆူမှ တွေ့မြင်ဖတ်ရှု မှတ်သားထားချက်ဖြစ်ပါသည်။

ကယားပြည်နယ် ဒီမော့ဆိုမြို့အဝင် ဒေါပိုးစီကယားရွာဦးရှိ **"သာသနာ့ရံသီ ကယားဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း"** **ဆရာတော် ဦးသုန္ဒရသီရိ သိမ်းဆည်းထားသည့် ရှေးဟောင်း ပုရပိုက်ဖြူတစ်ဆူတွင်** ဆေးနက်ဖြင့် ရေးမှတ်ထားချက်ကို ကင်မရာဖြင့် အနီးကပ် ရိုက်ကူးပြီး ဖော်ပြထားပါသည်။

တစ်စုံတစ်ရာ ပြင်ဆင် ဖြည့်စွက်မှု မပြုပါ။ ရှင်သီဝလိပုံတော်အောက်ခြေတွင် "**စမ္မာ၊ နဝင်။ ဓာလင်။ သတ္တ၊ ပဥ္စ၊ တြိ၊ ဆ၊ ဧက၊ အဋ္ဌ** အစရှိသော ဂဏန်းအင်းကွက်များပါရှိပြီး ရှင်သီဝလိဖယောင်းတိုင်အစီအရင်၏ အဓိကမန္တန်ဖြစ်သည့်...

'ဥုံ လာဘီနဉ္စတ္တထေရောနာမ၊ သီဝလိတိယျံဘာဂဓောနံ မမစိတ္တံသဠေမယျုံ ဒဿတိကရောတုမေ'

ဟု ရေးမှတ်ထားသော မန္တန်နှင့်...

'ဥုံ သီဝလိစ ဝဏ္ဏတီတိသော ယထာမဂ္ဂ ယထာဒိန္နေမဟာလာဘံ ကရောတုမေ'

ဟု ရေးမှတ်ထားသော မန္တန်တို့ကို အင်းကွက်၏ ပတ်လည်တွင် ရေးမှတ်ထားကြောင်း တွေ့ရှိရပါသည်။

မန္တန်ဖြစ်သည့် အားဧော့်စွာ ဂါထာကဲ့သို့ တစ်ပါဒလျှင် အက္ခရာရှစ်လုံးပါရှိသော အနုဋ္ဌုဘဆန်းဖွဲ့သည့် နည်းနှင့်မတူ ရှေးလက်ရေးမူနှင့် ရေးမှတ်ထားကြောင်း တွေ့ရပါသည်။

မြန်မာမှု အနက်ပြန်ဆိုချက်အရ ပထမ မန္တန်သည် **"လာဘ်လာဘ အရာတွင် အမြတ်ဆုံးဖြစ်သော ရှင်သီဝလိမထေရ်သည် ကျွန်ုပ်၏ စိတ်တွင် ကိန်းဝပ်စံပယ်တော် မူပါစေသတည်း"**ဟူ၍အနှစ်ချုပ်အဓိပ္ပာယ်ရရှိပြီး ဒုတိယ မန္တန်သည် **"ရှင်သီဝလိမထေရ်သည် မွန်မြတ်သန့်စင်သော လာဘ်လာဘများကို ရရှိတော်မူသည့်နည်းတူစွာ ကျွန်ုပ်အားကြီးစွာသော လာဘ်လာဘများကို ရရှိပါစေသတည်း"**ဟူ၍ အနှစ်ချုပ် အဓိပ္ပာယ်ရရှိကြောင်း သိရပါသည်။


ပုရပိုက်တွင်...

'ယင်း ရှင်သီဝလိဖယောင်းတိုင် နံ့ပေါ်တင် စီရင်လိုလျှင် ဖယောင်း ၅ မုံ့ ၃ ခါ စစ်ပြီးလျှင် ကောင်းမွန်စွာ ပွဲခင်းကျင်း၍ သီလခံယူ၍ စီရင်လေ၊ ဆုလပ် သပွကာ ပြန်ပွား၏ ပြီးလျှင် ဥစ္စာလည်း အမြဲတည်



www.burmeseclassic.com

www.burmeseclassic.com



ရာ၏။

မရသော ကိစ္စထွေရာကြီးကြယ်လည်း ပြီး စီးအောင်မြင်၏။ သွားလေရာရာ မျက်နှာ ပွင့်လန်း၏။ ရှိသေစွာ ခေါင်းရင်းတွင် ထွန်း ဆုတောင်းပဌနာပြု၍ ထွန်းအင်းတွင် လိုသူနံသွတ်ဂလ

**မှတ်ချက်။ ။ မူလသတ်ပုံအတိုင်း။**

ဟု ရေးမှတ် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ယခုဆောင်းပါးတွင် ဖော်ပြပါရှိသည့် ရှင်သီဝလိဖယောင်းတိုင် အစီအရင်ပုံတော်ကို စာရှုသူများအနေဖြင့် ပူဇော်မှုပြုလိုပါက ပုံတူကူးယူပြီး တတ်သိနားလည်သည့် ဆရာတော်များနှင့်လောကီပညာ နှံ့စပ်သိရှိသူများ၏ နည်းလမ်းပြသမှုကိုခံယူကာ ပူဇော်မှုပြုခြင်းဖြင့် သမ္မာအာဇီဝ စီးပွားရေးရာလုပ်ငန်းများ ကြံစည်လုပ်ကိုင်သမျှ အောင်မြင်မှု ရရှိပြီးလျှင် မွန်မြတ်သန့်စင်သော လာဘ်လာဘနှင့် လိုရာဆန္ဒများ ပြည့်ဝနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သလျက် ရေးသား ဖော်ပြအပ်ပါသည်။

**မောင်ဆုဝေ (လှိုင်ကော်)**

**စာရှုသူ**

**သုတေသီ**

**ပညာရှင်များသို့ . . .**

**ဤရှင်သီဝလိ ဖယောင်းတိုင် နံပေါ်တင် အစီအရင်ကို တတ်ကျွမ်း နားလည်သူများမှ အစီအရင် အသေးစိတ်ကို ရေးသား ပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။**

*လေးစားစွာဖြင့် . . .*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်တောက်အယူအဆများ နှင့် ကျွန်တော်



အောင်သန့် (ပုသိမ်ကြီး)

အင်္ဂါရတ်ပညာသည် လွန်စွာ ခက်ခဲနက်နဲလှပါသည်။ သာမန်စိတ်ဝင်စားရုံ ဉာဏ်ကွန့်မြူးရုံမျှဖြင့် အနှစ်သာရပိုင်းကို သဘောပေါက်နားလည်ရန် ခက်ခဲလှပါ၏။

အမှန်တကယ် ဓာတ်ကျွမ်းနားလည်သော ပညာရှင်ကြီးများ၊ စာတတ်ပေတတ်ကျမ်းတတ် လက်တွေ့ ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကြီးများ၊ အမှန်တကယ် ထွက်ရပ်ပေါက်သည့် ပုဂ္ဂိုလ်ကြီးများ၏ နည်းပေးလမ်းပြမှုကို ခံယူရသူများ၊ ထိုပုဂ္ဂိုလ်ကြီးများ၏ စောင့်ရှောက်မှုကို ခံယူရရှိသူများသာ လမ်းမှန်ကမ်းမှန်နှင့် လိုရာခရီးသို့ အမြန်ဆုံး ရောက်ရှိနိုင်ကြသည်ဟု ကျွန်တော် ခံယူထားပါသည်။

သုံးလူ့ထွတ်ထား ဂေါတမမြတ်စွာဘုရားရှင်သည် လူသားစစ်စစ် ဖြစ်တော်မူ၍ မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှ မွေးဖွားလာခဲ့သူ ဖြစ်ပါသည်။ ဘုရားရှင်သည် ဝမ်းကြာတိုက်အတွင်း (၉)လလွယ်၍ (၁၀)လကြာအောင် ပဋိသန္ဓေယူခဲ့ရသည်။ နတ်တွေလို ဘွားခနဲ ပေါ်ပေါက်လာသည် မဟုတ်ပါ။

လူ့လောကတွင် သန္ဓေဓဇဟူ၍ ခန့်ကျည်းပင်၊ ကြာပန်းများမှ ပေါက်ဖွားလာသူ လူသားများလည်း ရှိကြောင်း ကျမ်းစာများတွင် လေ့လာတွေ့ရှိရပါသည်။

ကြက်၊ ဘဲ၊ ငှက် တိရစ္ဆာန်တို့မှာမူ ဥကပေါက်ဖွားနိုင်သော သက်ရှိသတ္တဝါများ ဖြစ်ကြပါသည်။ သို့သော် မိခင်ဝမ်းအတွင်း (၉)လလွယ်(၁၀)ဖွား ပဋိသန္ဓေနေ၍ မွေးဖွားလာသူ လူသားစင်စစ်မဟုတ်သမျှ ဘုရားမဖြစ်နိုင်ဟု ဆိုသလို အင်္ဂါရတ်ပညာရှင်ကြီးများက အောက်ပါအတိုင်း လမ်းညွှန်မိန့်ကြားခဲ့ကြပါသည်။

ပဋိသန္ဓေနေ၍ မွေးဖွားလာသော လူသားစင်စစ် သတ္တဝါများနည်းတူ ဓာတ်လေးပါးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဓာတ်ကြီးလုံး (ထွက်ရပ်ဓာတ်လုံး)မှာလည်း အထက်ဖော်ပြပါ သဘောတရားများနှင့် ကိုက်ညီအောင် ဆောင်ရွက်ဖို့လိုသည်ကို လိုရာခရီးသို့ ပြီးမြောက်အောင်မြင်မှု ရရှိသွားကြသည့် ပညာရှင်ကြီးများက ဥပမာပြု၍ နည်းလမ်းတကျ ဆောင်ရွက်နိုင်အောင် ရှင်းလင်း ဖော်ပြပေးခဲ့ကြပါသည်။

အင်းအတတ်ပညာဖြင့် ပြဒါးဖမ်းခြင်း၊ ထုံအမျိုးမျိုးမှရရှိသည့် ပြဒါးတစ်မျိုးတည်းထိုးခြင်း၊ ရုက္ခမူဆေးများဖော်စပ်၍ ပြဒါးဖမ်းထိုးခြင်း၊ ပူတန်နည်းသို့မဟုတ် အခြားသင့်လျော်သည့် နည်းလမ်းများဖြင့် ပြဒါးဖမ်းထိုးခြင်းများမှာ လောကီလုပ်ရပ်များအတွက်သာ အသုံးဝင်ပါသည်။

ထွက်ရပ်အတွက် ဆောင်ရွက်မည်ဆိုပါက **"ဓာတ်ဘုရား"** အဖြစ်သို့ ရောက်နိုင်စွမ်း ရှိမည်မဟုတ်ပါ။ **ဓာတ်မ (၈)ပါးပြည့်စုံအောင် အသုံးမပြုဘဲ၊ အဖိုအမ၊ မပြည့်စုံ၊ ဓာတ်လေးပါး မစုံလင်သည့် (၁၀၈)နဝင်း မကိုက်ညီသော ဓာတ်လုံးများမှာ သိဒ္ဓိ(၁၀)ပါး မပေါက်မြောက်နိုင်ကြောင်း နားလည် သဘောပေါက်ထားရန် များစွာ အရေးကြီးပါသည်။**

အဓိကအားဖြင့် မိမိ၏ ထွက်ရပ်ဓာတ်လုံးမှာ အတွင်းတေဇော အားကောင်း၍ ထက်မြက်မှုရှိနေဖို့ လိုပါသည်။ သို့မှသာ ဓာတ်လုံး၏ နောက်ဆုံးအဆင့် ပြီးမြောက်ချိန်တွင် ဓာတ်လုံးကို အပူပေးပြီး **ဘော်၊ သံ၊ ရွှေ** တို့ကိုတင်လိုက်ပါက ပုံသဏ္ဌာန်မပျက်၊ အလေးချိန်မလျော့သည့် **"ထွက်ရပ်ပေါက်ပြာနှ"**များ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါသည်။

ယင်းသို့ ပြာရိုက်လာမှသာ အစွမ်းထက်မြက်သည့် ထွက်ရပ်ပေါက်ပြာကို ရမည်ဖြစ်၍ သိဒ္ဓိ(၁၀)ပါးနှင့် ပြည့်စုံစေ



www.burmeseclassic.com

www.burmeseclassic.com

မည် ဖြစ်ပါသည်။

ဤတွင် အတွင်းတေဇောအားကို အထူး ကောင်းမွန်စေသည့် ဓာတ်မ အတွဲများကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

မူလ **"အဋ္ဌော"**၊ **"ဂဗ္ဘေ"**၊ **"စရေ"**၊ **"ဝိသေ"** ဓာတ်(၄)ပါး အပြင် ဓာတ်နှစ်မျိုးပေါင်းစပ်ခြင်းဖြင့် ဖြစ်ပေါ်လာသော **"ဦးသာ**(ဝါယော ဓာတ်)"၊ **"စိန်ပန်း**(ပထဝီဓာတ်)"၊ **"ဒန်းလှ**(အာပေါဓာတ်)"၊ **"ကိုရှာ**(တေဇောဓာတ်)" တို့ကိုလည်း နားလည် သဘောထားရပါဦးမည်။ဤ ဓာတ်တွဲများမှ ဖြစ်ပေါ်လာသော ဓာတ်သားများမှာ အတွင်းဓာတ်များ ဖြစ်ကြပါသည်။

အင်္ဂါရတ်ပညာရှင်ကြီးများ၏ အဆို အမိန့်များအရ ထွက်ရပ်ပေါက် ဓာတ်လုံးကြီးအား မူလဓာတ်(၈)ပါး ပေါင်းစပ်ရာတွင် ဦးစွာ **"အဋ္ဌော"** စတင် တည်ရသည်။ ပြီးက **"စရေ"** ဓာတ်ကိုတွဲသည်။ **"စရေ"**ဓာတ်ကို တွဲပြီးပါက **"ဝိသေ"**ဓာတ်ကို တွဲပြီး နောက်ဆုံးမှာ **"ဂဗ္ဘေ"**ဓာတ်ကို တွဲ ရသည်။

ဤတွင် မူလဓာတ်(၈)ပါး တွဲပြီးဖြစ်၍ ထွက်ရပ်ဓာတ်လုံးကို ရပါသည်။ ထိုထွက်ရပ်ဓာတ်လုံး၏အတွင်းတေဇော ဓာတ် ကောင်းမွန်လာစေဖို့ **"ဦးသာ"**၊ **"စိန်ပန်း"**၊ **"ဒန်းလှ"**၊ **"ကိုရှာ"** ဓာတ်ပေါင်းများကို တစ်ဆင့်ချင်း ကျွေး၍ တက်သွားမည်ဆိုပါက သိဒ္ဓိ(၁၀)ပါး ပေါက်သည့် **ဘော်၊ သံ၊ ရွှေ၊ ပြာများ ရရှိလာပြီး** မိမိမျှော်မှန်းထားရှိသည့် ထွက်ရပ်စခန်းသို့ အမြန် ဆိုက်ရောက် စေမည် ဖြစ်ပါကြောင်း စေတနာကောင်း ဖြင့် ဖွင့်ဟ ရေးသားဖော်ပြလိုက်ပါ သည်။

ဤဖော်ပြပါ နည်းလမ်းများဖြင့် ပညာရှင်ကြီးများ မိန့်ကြားသည့် **"ကူးလမ်းဖြောင့်၊ ရောက်လွယ်၏"** ဆိုသော အဆိုအမိန့်နှင့်အညီ ထွက်ရပ် စခန်းသို့ တက်လှမ်းနိုင်ကြပါစေ။

**[ဤဆောင်းပါးဖြင့် ကျွန်တော်၏ "သင်ဆရာ"၊ မြင်ဆရာ" နှင့် "ကြား ဆရာ"များ အားလုံးကို ဦးညွှတ် ဂါရဝပြုလိုက်ပါသည်။]**

**အောင်သန့်**(*ပုသိမ်ကြီး*)

---

## [illegible]ပြုံးများ

**ဝဖြိုးစေနည်း**



မင်းဘူးမြို့သို့ ရုံးကိစ္စတစ်ခုအတွက် ရှေ့နေ ဦးကျော်ဇေယျာဦးနှင့်အတူ ရောက်ဖြစ်ခဲ့ရသည်။ ရုံးကိစ္စပြီးသော အခါ "ကြယ်စင်သစ်"စားသောက်ဆိုင်သို့ မြင်းလှည်းခေါ်ကာ သွားရောက်ခဲ့ သည်။

"ကြယ်စင်သစ်"စားသောက်ဆိုင်မှာ မြို့ပြင်ဘက်သို့ ကျရောက်ပြီး အတော်ဝေးသဖြင့် မြင်းလှည်းကို ပျင်း အောင် စီးရသည်။

မြင်းကြီးမှာ ဝဖြိုး အရောင်ထွက်နေပြီး အတော်ပင် သွက်လက်စွာ ပြေးပေးပါသည်။ ပျင်းလာသဖြင့် မြင်းလှည်းဆရာအား စကားစမိရပါသည်။

'ကိုယ်ပိုင်မြင်းလှည်း ကိုယ်တိုင်မောင်းတာလားဗျ။ မြင်းကြီးက အတော် ဝတာ,လှတာပဲ။ နေရောင်အောက်မှာ အရောင်တလက်လက် တောင် ထွက်နေတယ်။ လှည်းဆွဲမြင်း ဒီလို ဝတာ,လှတာ ရှားတယ်ဗျနော်'

'ဟုတ်ပါတယ် ဆရာ။ ကျွန်တော်က ကိုယ်ပိုင်မြင်းလှည်း ကိုယ်တိုင်မောင်းတော့ သူ့အချိန်အခါနဲ့သူ ညာညာတာ တာမောင်းတယ်။ နေအလွန်ပူရင် မြင်း ကို အနားပေးတယ်။

နောက်ပြီး တစ်ပတ်တစ်ခါ ဆေး တိုက်တယ်။ ဒါကြောင့် ကျွန်တော့်မြင်း က အဝမပျက်၊ အလှမပျက် သွက် လက်နေတာပါ'

'ဟုတ်လား ဘယ်လို ဆေးတိုက်ရ တာလဲဗျ'

'ဒီလို ဆရာရဲ့… မြန်မာလို တပို့တွဲလမှာ ဖော်တဲ့ ကြက်သွန်ဖြူ ဝယ်ယူ စုဆောင်း ထားရတယ်။ အဲဒီလမှာဖော်တဲ့ ကြက်သွန်ဖြူ ဟာ အဆီဩဇာပြည့်ပြီး ဆေးဖက်ဝင်တယ်'

'ဩော်… မှတ်သားစရာပဲဗျ'

'ဟုတ်တယ်ဆရာ… ကျွန်တော်လဲ သေချာ စာနဲ့ ရေးမှတ်ခဲ့ရတာ။ အဲဒီကြက်သွန်ဖြူကို ထောင်းပြီး အရည်ညှစ်ယူရတယ်။ ကြက်သွ[illegible] ဖြူသတ္တုရည်ပေ့ါ။ အဲဒါကို အမဲသား ကြ[illegible] သားစတဲ့ အသားပြုတ်ရည်နဲ့ရော၊ ရောပြီး[illegible] သံပရာသီးအရည်ညှစ်ထည့်ပြီး တိုက်ပေ[illegible] တယ်။

တစ်ခါတိုက်ရင် ကြက်သွန်ဖြူ သုံးဆယ်[illegible] သားလောက်အရည်ကို တိုက်ရတယ်။ [illegible] သလို တစ်ပတ်တစ်ခါတိုက်ရင် မြင်း[illegible] ခွန်အားပြည့်ဖြိုးပြီး ဝလာ,လှလာတ[illegible] အမောလုံ အမောခံနိုင်ပြီး လှည်းဆွဲအ[illegible] ပိုကောင်းပါတယ်ဆရာ'

မင်းဘူးမြို့သို့ ရောက်ရှိစဉ် [illegible] သောဗဟုသုတကို တင်ပြရေးသ[illegible] လိုက်ပါတယ်။

**နတ်မောက် မျိုးနော်**




www.burmeseclassic.com

www.burmeseclassic.com

# အကြောနှင့်ဆရာ သက်စပ်ပါ

ဆရာဦးလှသိန်း
(အကြောပညာရှင်)
[ဘိတားဦး အင်းဝ]

မြန်စွာပျောက်ကင်းမှု




ပုံ-၁

၁။ ခါးသေးကြော
၂။ ခါးဖုသီးကြော

**ရာသီပန်း အာကုန်မဆင်း၍**

**တစ်ကိုယ်လုံးပူပြီး**

**ခဏခဏဖျားသော်**

ကျွန်တော် မန္တလေးမြို့၊ (၃၈)လမ်း၊ ၈၂×၈၃လမ်းကြား ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော်နဲ့ အလွန် ရင်းနှီးသော အမျိုးသမီးတစ်ဦးနဲ့အတူ အသက်(၃၀)ခန့် အမျိုးသမီးတို့ ရောက်ရှိလာပြီး...

'ဆရာ ကျွန်မကို မှတ်မိသလား'

လို့ မေးတော့ ကျွန်တော်လဲ မှတ်မိကြောင်း ပြောတော့ ဆရာ့ဆီ ကျွန်မနဲ့ အလွန်ရင်းနှီးပြီး ဆွေလိုမျိုးလို ခင်နေတဲ့ ဒီမိန်းကလေးကို လာရောက်ဆေးကုခြင်းဖြစ်ကြောင်း ပြောပါတယ်။ ကျွန်တော်မှ ယင်းဝေဒနာရှင်ကို...

'ဘယ်လို ဖြစ်တာလဲ'

လို့ မေးတော့ လူနာမှ...

'ကျွန်မခန္ဓာကိုယ်က တစ်ကိုယ်လုံး ပူပြီး ခဏခဏဖျားတယ်။ အစာ စားချင်စိတ်လဲ မရှိဘူး။ အစာစားလို့လဲ ခံတွင်းလဲ မတွေ့ဘူး။ တစ်နေ့တခြား ပိန်လာတယ်။ ကျွန်မ အမြဲတမ်းလဲ ကြောက်ရွံ့သလို ဖြစ်နေတယ်'

လို့ အဲဒီဝေဒနာရှင်က ပြောတော့ ကျွန်တော်လဲ ယင်းဝေဒနာရှင်ကို စတင်ပြီး အကြောပြုပြင်ပေးပါတယ်။

အဲဒီဝေဒနာရှင်ကို တစ်နာရီကြာမျှ အကြောပြုပြင်ပေးပြီး ကျွန်တော်နဲ့ ရင်းနှီးတဲ့ အမျိုးသမီးကြီးနဲ့ စကားပြောဖြစ်ပါတယ်။

အဲဒီအမျိုးသမီးကြီးမှ...

'ဆရာ ဒီမိန်းကလေးရောဂါက ဘာရောဂါ ဖြစ်တာလဲ'

လို့ မေးတော့...

'လစဉ်လနေကျ ရာသီပန်း၊ အာကုန်မဆင်း လို့ ဒီလိုဖြစ်နေတာပဲ။ မစိုးရိမ်ပါနဲ့ ဘာကြောင့်လဲဆိုတော့ အရွယ်ရောက်လို့ ပဋိသန္ဓေမရှိရင် သွေးဟောင်းသွေးသစ် လဲကြတာပဲ။ အခုဖြစ်နေတဲ့ မိန်းကလေးဟာ တစ်လကို တစ်ကြိမ် ဥပမာ (၃)ရက်၊ (၄)ရက်၊ (၅)ရက် လာတယ်လို့ပဲမှတ်။ (၃) ရက်လာရာကနေ (၂)ရက်ပဲ လာမယ်။ (၅)ရက် လာရာကနေ (၁)ရက်ပဲ လာတယ်လို့ ဖြစ်ရင် မီးယပ်သွေးကျန်တော့တာပဲ။

အဲဒီမီးယပ်သွေးကျန်ရင် ကိုယ်ရေ ပူနွေးမယ်။ အသားအရေ ခြောက်သွေ့မယ်။ မလုပ်ချင်မကိုင်ချင် နုံးချည့်နေမယ်။ အစားအစာ မစားချင် မသောက်ချင် ဖြစ်နေမယ်။ တဖြည်းဖြည်း ပိန်လှီလာမယ်။ လုံးဝ အိပ်ရေးထဲက နေ မထချင်ဘဲ ဖြစ်နေတတ်တယ်'

လို့ ကျွန်တော်က ပြောပြပါတယ်။

ကျွန်တော်နဲ့ ရင်းနှီးတဲ့ အမျိုးသမီးကြီးမှ...

'အခုလို ရောဂါဖြစ်ရတဲ့ အကြောင်းရင်းတွေကို ဆရာသိသလောက် ပြောပြပါ။ ကျွန်မတို့လဲ ရှောင်ရန် ဆောင်ရန် သိရတာပေါ့'

လို့ ပြောပါတယ်။ ဒီတော့မှ ကျွန်တော်က...

'အဲဒီလိုဆိုရင် ကျွန်တော် ပြောပြမယ်။

မီးယပ်ရောဂါ ဖြစ်ရခြင်းအကြောင်းကတော့ အာယုဗ္ဗေဒသိရောမဏိကျမ်း အလိုအရ...

ရတုပျက်နာ ဖြစ်ရခြင်းအကြောင်း အစာစားပြီးလျှင် ထပ်၍ အစာစားခြင်း၊ မေထုံလွန်ခြင်း၊ ယာဉ်အစီးလွန်ခြင်း၊ အစာအမွှတ်ခံလွန်ခြင်း၊ လေးသောဝန်ကို ချီမခြင်း၊ နေ့၌ အိပ်ခြင်းအမှုကို အလွန်ပြုခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ ထိခိုက်ပုတ်ခတ်မိခြင်းတို့ကြောင့်...

၁။ ဝါတဇ
၂။ ပိတ္တဇ
၃။ ကဖဇ
၄။ သန္နိပါတဇ

ဟူသော (၄)ပါးသော ရတုပျက်နာတို့ ဖြစ်ကုန်၏။

**ရတုပျက်နာ၏ သာမညလက္ခဏာ**

ယောနိမှ လစဉ်လာသော ဥတုနှင့်ကင်း၍ အထူးထူးအပြားပြား အရောင်အဆင်းရှိသော သွေးသည် ဆင်း၏။ ထိုယောနိမှ သွေးဆင်းခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အရိုးကွဲအုံသကဲ့သို့ နာကျင်ကိုက်ခဲ၏။ ထိုလက္ခဏာကို ရတုပျက်နာဟု ဆို၏။

ဝါတရတုပျက်နာလက္ခဏာ

ယောနိမှ ခြောက်သွေ့သော အမြှုပ်နှင့်ယှဉ်သော သားဆေးရည်ကဲ့သို့ သွေးသည် ဆင်း၏။ ထိုလက္ခဏာကို လေကြောင့်ဖြစ်သော ရတုပျက်နာဟု ဆို၏။

ပိတ္တဇရတုပျက်နာ၏လက္ခဏာ

ယောနိမှ ပုသော၊ နီသော၊ ဝါသော၊ တစ်နည်း ညိုသော၊ မည်းနက်သော အဆင်းရှိသော သွေးသည် ဆင်း၏။ ကိုယ်၌ပူ၏ သည်းခြေကြောင့်ဖြစ်သော အနာအပေါင်းကဲ့သို့ အလွန်သွေးဆင်း၏။ ထိုလက္ခဏာကို သည်းခြေကြောင့် ဖြစ်သော ရတုပျက်နာဟု ဆို၏။

ကာဖဇရတုပျက်နာလက္ခဏာ


ယောနိမှ အန်ဖတ်ကဲ့သို့ လည်းကောင်း၊ ဆန်မုန့်ညက်ရည်ကဲ့သို့ လည်းကောင်း၊ ဆန်ဆေးရည်ကဲ့သို့ လည်းကောင်း ဖျော့တော့သော အဆင်းရှိသော သွေးသည်ဆင်း၏။ ထိုလက္ခဏာကို သလိပ်ကြောင့်ဖြစ်သော ရတုပျက်နာဟုဆို၏။

သန္နိပါတဇရတုပျက်နာ၏လက္ခဏာ

ယောနိမှ ပျားရည်ကဲ့သို့ လည်းကောင်း၊ ထောပတ်ကဲ့သို့ လည်းကောင်း၊ ခြင်ဆီကဲ့သို့လည်းကောင်း၊ မကောင်းသောအနံ့နှင့် ယှဉ်သော ဆေးဒန်းအဆင်းကဲ့သို့ လည်းကောင်း သွေးသည် ဆင်း၏။ ထိုလက္ခဏာကို သန္နိပါတ်ကြောင့်ဖြစ်သော ရတုပျက်နာဟု သိအပ်၏။ အကြင်ရောဂါသည် **"အသာဓျ"**ဟု ဆို၏။

အာယုဗ္ဗေဒသိရောမဏိကျမ်းကတော့...

ရတုပျက်နာ၏ ဥပဒ္ဒဝေါ ရတုပျက်နာရှိသော မိန်းမသည် အင်အားချည့်နဲ့




ကြုံလှီခြင်း၊ တံတွေးများခြင်း၊ မူးဝေခြင်း၊ ရေငတ်ခြင်း၊ ပူခြင်း၊ ကယောင်ကတမ်းမြည်တမ်းခြင်း၊ ကိုယ်သားကိုယ်ရေဝါခြင်း၊ တမှိန်းမှိန်းရှိခြင်း၊ လေကြောင့်ဖြစ်သော ရောဂါတို့ဖြစ်ခြင်းတို့သည် အမြဲရှိသည်ရှိသော် ထိုရတုပျက်နာသည် အဟုန်ကြီးသော ရတုပျက်နာဟုဆို၏။

ရတုပျက်နာ၏အသာဓျလက္ခဏာ

ယောနိမှ မပြတ်သွေးဆင်းခြင်း၊ ထိုမှတစ်ပါး ဆိုခဲ့ပြီးသော ဥပဒ္ဒဝေါတို့နှင့်တကွဖြစ်သော ထိုလက္ခဏာကို **အသာဓျ**ဟု သိအပ်၏။ ယင်းရောဂါမှာ ပျောက်ကင်းရန် ခဲယဉ်း၏ဟု ဆိုထားတယ်။

စင်ကြယ်သော ရတု၏လက္ခဏာကတော့...

ယောနိမှ သဘာဝဓမ္မတာအတိုင်း လစဉ် ဥတုလာခြင်း၊ စေးချွဲခြင်း၊ ပူလောင်ခြင်း၊ ကိုက်ခဲနာကျင်ခြင်း ကင်းသဖြင့် မနည်းမများ ဥတုလာ၍ စင်စစ်အားဖြင့် ဓမ္မတာအတိုင်း ယှဉ်၍ သွေးဆင်းပြီးလျှင် (၅)ရက်ပတ်လုံး ပေါ်အံ့။ ထိုလက္ခဏာကို စင်ကြယ်သော ဥတုလာခြင်းဟု သိအပ်၏။

ထိုမှတစ်ပါး ယောနိမှ ယုန်၏သွေးကဲ့သို့လည်းကောင်း၊ ချိတ်၏အရည်ကဲ့သို့လည်းကောင်း၊ မုယောဆန်ဆေးရည်သို့လည်းကောင်း ဥတုလာအံ့။ ယင်းကဲ့သို့ အမှတ်သည် စဉ်းငယ်မျှမရှိ ပူခြင်းကင်းသော အထက်၌ ဆိုအပ်ခဲ့သော နေ့ရက်အပိုင်းအခြား ကာလပတ်လုံး အမြဲဆင်းအံ့ဟူ၍ သိအပ်၏ဟုဆို၏'

လို့ ကျွန်တော်က ပြောပြပါတယ်။ အဲဒီဝေဒနာရှင်အတွက် အကြောပြင်နှိပ်ကွက်များကို ဝါသနာရှင်များ၊ ဝေဒနာရှင်များ အသုံးပြုနိုင်ရန်အတွက် ရုပ်ပုံကားချပ်နှင့်တကွ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ တင်ပြလိုက်ပါတယ်။

ဝေဒနာရှင်ကို ပက်လက်အိပ်ခိုင်းပြီး အောက်အသားမြှတ်အကြောကို ဖိဖိပြီး ပေးပါ။*[၁၅-မိနစ်ခန့်]*

အဲဒီအကြော ပျော့ပျောင်းလာသောအခါ ဗဟိုဝင်းကြောကြီးကို ဖိဖိပြီး ဖွပေးပါ။ *[၁၅-မိနစ်ခန့်]*

ဝေဒနာရှင်အား တစောင်းအိပ်စေပြီး ခါးဖုသီးအကြောကို ပျော့ပျောင်းလာသည်အထိ လက်မဖြင့် လှိမ့်လှိမ့်ပေးပါ။*[၁၅-မိနစ်ခန့်]*

ဝေဒနာရှင်အား ဝမ်းလျားမှောက်စေပြီး ခါးနှစ်ဖက်ဘေးရှိ ဘေးကြောများကို ပျော့ပျောင်းလာသည်အထိ ဖိဖိပြီး နှိပ်ပေးပါ။

**မှတ်ချက် ။ ။ ခြေဖဝါးမှ ပေါင်ရင်းအထိ အကြောများကို ပြုပြင်ပေးပါ။**


*[၁၀-မိနစ်ခန့်]*

ဦးလှညီမိန်း(အကြောပညာရှင်)
*[တံတားဦး၊ အင်းဝ]*



www.burmeseclassic.com

www.burmeseclassic.com



ဆေးရွှန်းပါတောင်ခြေရှိ ကမ္ဘာပေါ်မှာ အကြီးဆုံးပုတီး

မောင်ကံ(တံတားရွာ)

# ထူးတာတွေတော့ ပြောချင်ပြချင်

## ကမ္ဘာပေါ်မှာ အကြီးဆုံးပုတီး

ဤဆောင်းပါးကို ရေးရာတွင် စာဖတ်သူများ ပိုမိုနားလည်နိုင်ရန် အတွက် အပိုင်း(၄)ပိုင်းခွဲပြီး ရေးသား ခြင်းကို ခွင့်ပြုပါရန် ဦးစွာ ခွင့်တောင်း ခံပါသည်။

## အပိုင်း(၁)ကမ္ဘာပေါ်တွင်အကြီး

ညေ်သည့်အရာဖြစ်စေ အချင်းချင်း ...ဘ်လျှင် ကမ္ဘာပေါ်မှာ **အကြီးဆုံး၊ အကျယ်ဆုံး။ အမြင့်ဆုံး။ အရှည်ဆုံး** ...လျှင် လူအများက အထူးတလည် စိတ်ဝင်စားကြပါသည်။ ကိုယ်တိုင် ...ကြည့်၍ ရနိုင်သည့် နေရာဆိုလျှင် ...ကြည့်ပြီး၊ မရနိုင်လျှင်လည်း စိတ် ...စား လေ့လာကြပါသည်။

...ဂျစ်ပြည်ရှိ ပိရမစ်များသည် ကမ္ဘာ ...မှာ အကြီးဆုံး အဆောက်အအုံ၊ ...ရုတ်နိုင်ငံ မဟာတံတိုင်းကြီးသည် ကမ္ဘာပေါ်မှာ အရှည်ဆုံးတံတိုင်း၊ နိုင်းမြစ်သည် ကမ္ဘာပေါ်မှာ အရှည်ဆုံး မြစ်၊ ဝေရက်တောင်ထိပ်သည် ကမ္ဘာ ပေါ်မှာ အမြင့်ဆုံးတောင်ထိပ်...

မလေးရှားနိုင်ငံမှ မျှော်စင်သည် ကမ္ဘာပေါ်မှာ အမြင့်ဆုံးမျှော်စင်၊ ရုရှား နိုင်ငံမှ ဇာကိုလို ခေါင်းလောင်းကြီးသည် ကမ္ဘာပေါ်မှာ အကြီးဆုံးခေါင်းလောင်း စသည်ဖြင့် ဝိသေသ အသီးသီး ရှိကြ ရာ ထို အကြီးဆုံး၊ အရှည်ဆုံး၊ အမြင့် ဆုံးများကို နိုင်ငံအားလုံးက စိတ်ဝင် စားကြပါသည်။


ဒါဆိုလျှင် ကျွန်တော်တို့နိုင်ငံရှိ ကမ္ဘာပေါ်မှာ အကြီးဆုံးပုတီးကြီးကို နိုင်ငံတကာမှ သိအောင် ကျွန်တော် မရေးတတ်သော်လည်း မြန်မာနိုင်ငံသူ နိုင်ငံသားများ သိအောင် ရေးရန်မှာ ကျွန်တော့်တွင် တာဝန်ရှိသည်ဟု ခံယူ မိပါသည်။

ကျွန်တော့်ခံယူချက်ကို စာဖတ်သူ များ လက်ခံနိုင်ပါစေဟု ဆုတောင်းပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ပုတီးကြီးကို အာစီတိုင်(၄)တိုင်ဖြင့် ချိတ်ဆွဲထားပုံ

## အပိုင်း(၂)ပုတီး

ပုတီးကို မြန်မာနိုင်ငံသားများအားလုံး အလေးအမြတ်ထား အသုံးပြုကြသလို ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံများတွင်လည်း ပုတီးအသုံးပြုမှု များပါသည်။ ပုတီးအရွယ်အစား၊ အလုံးရေ၊ ပြုလုပ်သည့်အသား (သို့မဟုတ်) အခြားပစ္စည်းတို့ ကွာခြားသော်လည်း အသုံးပြုရာတွင်မူ သမာဓိ ရရှိစေရန်နှင့် ဘာသာရေးကိစ္စများတွင် အသုံးပြုပုံချင်းမှာမူ တူညီကြပါသည်။

ကျင့်စဉ် ကွာခြားမှုတော့ ရှိပါမည်။ ကျွန်တော်တို့နိုင်ငံတွင် ဘုရားစောင်းတန်းများ၌ နေ့နံအလိုက် အသုံးပြုနိုင်ရန် အသားမျိုးစုံနှင့် ပြုလုပ်ထားသော ပုတီးများကို တွေ့ရှိနိုင်ပြီး အများအားဖြင့် (၁၀၈)လုံး၊ (၉)လုံး၊ (၂၇)လုံးစသည်ဖြင့် တွေ့ရှိရပါသည်။ ပုတီးအကြောင်းကို ယခုထက်ပို၍ ကျွန်တော် မသိပါ။

## အပိုင်း(၃)

## ကျွန်တော်နှင့် ဒေးစွန်ပါတောင်

**ဒေးစွန်ပါ**ဟူသော အမည်ကို လွန်ခဲ့သော နှစ်(၄၀)ကျော် အလယ်တန်း ကျောင်းသားလောက်ကတည်းက မဂ္ဂဇင်းစာအုပ်များတွင် ဖတ်ရှုဖူးသဖြင့် ကြားဖူးနေပါသည်။ ကြားဖူးပုံမှာ ထိုတောင်တွင် အလွန် ချောမောလှပသော ဥစ္စာစောင့်ညီအစ်မနှစ်ယောက် သာသနာပြုနေသည်။

တစ်ခါတစ်ရံ တောင်အနီးတစ်ဝိုက်ရှိ တောထဲသို့ တစ်ယောက်တည်း သွားရောက်သူများ အလွန် ချောမောလှပသော မိန်းမပျိုလေး(၁)ဦးကို တွေ့ရှိကြောင်း၊ အချို့ လူငယ်များမှာ မိန်းမပျိုလေးကို စွဲလမ်းပြီး ထိုတောင်အနီးတွင် တဝဲလည်လည် ဖြစ်နေကြောင်း တကယ့်ဖြစ်စဉ်ရော ဝတ္ထု ဆန်ဆန်ပါ ရေးသားထားပါသည်။

သို့ဖြစ်၍ ငယ်စဉ်ကတည်းက ဒေးစွန်ပါဟူသော အမည်ကို မရောက်ဘူးသော်လည်း အကျွမ်းတဝင် သိရှိပြီး ဖြစ်ပါသည်။ ကျွန်တော် အသက်ငယ်သေး၍ မကြည့်ရသော်လည်း ဒေးစွန်ပါ သိုက်သမိုင်းကို ရိုက်ကူးထားသော ရှေးခေတ်က ရုပ်ရှင်ဇာတ်ကားမှာ လွန်စွာကောင်းကြောင်း ဖခင်ကြီး ပြောသည်ကို ကြားဖူးပါသည်။


ရှေးခေတ် ရုပ်ရှင်ကားများ ကြည့်၍ ရနိုင်သည့် အခြေအနေ ရှိသေးလျှင် ရုပ်သံတစ်ခုခုမှ ပြစေချင်ပါသည်။ ၎င်းမှာ ကျွန်တော်၏ဆန္ဒသာ ဖြစ်ပါ





www.burmeseclassic.com

www.burmeseclassic.com



သစ်မာခုံလုပ်ထားတဲ့ အုံးညှပ်ယပ်(၃)လွှန်းတောင်ကြီး

သည်။

## အပိုင်း(၄) ဒေးစွန်ပါတောင်ခြေက ကမ္ဘာ့အကြီးဆုံးပုတီး

ငယ်စဉ် အကျွမ်းဝင်ခဲ့သော ဒေးစွန်ပါတောင်ကို ၁၉၈၉ ခုနှစ်ရောက်မှ တောင် ရောက်ဖူးပါသည်။ ထိုအချိန်က တောင်ခြေသို့ သွားသောလမ်းမှာ ည်းလမ်းအဆင့်သာ ရှိသေးရာ ော်တော်ယာဉ်ကို ဝမ်းဘဲအင်းရွာတွင် ခဲ့ပြီး အပေါင်းအဖော်များနှင့် တောင်ခြေသို့ လမ်းလျှောက်ခဲ့ကြပါသည်။

လမ်းညာဘက်ရှိ တစ်နေရာတွင် န်ကြီးသော ပုတီးကြီး(၁)ကုံးကို ွေ့ရှိရာ ထိုအချိန်က ကျွန်တော်သည် ာလည်းမရေးသေး၊ ကင်မရာလည်း ယ်နိုင်သေးရာ ပုတီးကြီးကို မည်သို့ မှတ်တမ်းမတင်ခဲ့ပါ။

သို့ရာတွင် ဒေးစွန်ပါတောင်ခြေတွင် အလွန်ကြီးသော ပုတီးကြီး(၁)ကုံး ရှိသည်ဟူ၍တော့ စိတ်ထဲမှာ စွဲမြဲနေသည်မှာ နှစ်ပေါင်း(၂၀)ကျော် ကြာခဲ့ပါသည်။

ယခု အကြောင်းသင့်၍ ဒေးစွန်ပါတောင်ကို သွားရောက်ရာ တောင်ခြေအရောက် ကွန်ကရစ်လမ်း ခင်းနေပြီဖြစ်၍ လွန်စွာ အဆင်ပြေပါသည်။

သွားရင်းနှင့် နှစ်အတန်ကြာအောင် မှတ်မှတ်ထင်ထင် သတိရနေသော ပုတီးကြီးကို ရှာဖွေရာ **ဝမ်းဘဲအင်းရွာမှအထွက် (၁)မိုင်ခန့်အကွာ ညာဘက်တွင် တွေ့ရှိပါသည်။** လွန်စွာ တွေ့ချင်လှသော ပုတီးကြီးကို တွေ့ရသဖြင့် အသေးစိတ် စိစစ်မှု ပြုပါသည်။

ပုတီးကြီးကို ခန့်မှန်း ပေ(၅၀)ခန့်မြင့်သော ကွန်ကရစ်တိုင်(၄)တိုင်တွင် (၁)ကျပ်လုံးခန့် သံမဏိကြိုးဖြင့် ဆွဲထားပါသည်။ ပုတီးလုံးရေ(၂၇)လုံး ရှိပြီး အောက်မှ ပုတီးများမှာ လွန်စွာကြီးမားကာ အပေါ်သို့ တဖြည်းဖြည်း သေးသွားပါသည်။ ပုတီးကုံးအမြင့်မှာ ၄ပ (၃၀)ခန့် ရှိပါသည်။

ပုတီးလုံးများကို သစ်မာသားဖြင့် ပြုလုပ်ထားပြီး ရွှေစေးသုတ်ထားကြောင်း တွေ့ရှိရပါသည်။ (ဓာတ်ပုံဖြင့် ဖော်ပြပါသည်။) ပုတီး(၁)လုံးကို အတူပါသော အသက်(၂၀)အရွယ်ရှိ တူဖြစ်သူကို ဖက်ခိုင်းရာ ပုတီးလုံးမှာ လက်တံရှည်သော တူဖြစ်သူ၏ လက်တစ်ဖက်မမီပါ။ (၁)ပေခန့် လိုနေသည်ကို တွေ့ရှိရပါသည်။

ပုတီး(၁)လုံး၏ လုံးပတ်မှာ(၅ $\frac{၁}{၂}$) ပေ ရှိကြောင်း တိုင်းတာရရှိပါသည်။ **(မှတ်တမ်းဓာတ်ပုံဖြင့် ဖော်ပြပါသည်။)** ပုတီးကြီးကို စိတ်ဝင်တစားလေ့လာနေသော ကျွန်တော်တို့လူစု



www.burmeseclassic.com

www.burmeseclassic.com

အား အနီးမှ ဖြတ်သွားသော ဒေသခံ ရွာသားကြီး(၁)ဦးက **"အဲဒီပုတီး(၁)လုံးက (၈)ပိဿာရှိတယ်"**ဟု လမ်းသွားရင်း ပြောသွားပါသည်။

ထိုရွာသားကြီးက ပုတီး၏နောက်ကြောင်းကို သိ၍သာ ပြောသွားခြင်းဖြစ်ပါမည်။ ထို့နောက် ဘုန်းတော်ကြီးကျောင်းတွင်းမှ ဆရာတော်တစ်ပါးထွက်လာပြီး...

'အဲဒီပုတီးက နှစ်(၅၀)ကျော်ပြီ ကျောင်းထိုင်ဆရာတော်(၃)ဆက် ပြောင်းပြီးပြီ'

ဟု ပြောပါသည်။ ရွာသားကြီးနှင့် ဆရာတော်ကြီးတို့က သူတို့သိသမျှကို ပြောသွားရာ ကျေးဇူးတင်လှပါသည်။ ကျောင်းတိုက်အမည်ကို ဖတ်ကြည့်ရာ **မထီရာမကျောင်းတိုက်**ဟု မှတ်မိနေပါသည်။

နိုင်ငံတကာမှ ဗဟုသုတအများအပြားကို နှစ်ပေါင်းများစွာ စုဆောင်းဖော်ပြနေ၍ ငယ်စဉ်ကတည်းမှ စွဲစွဲလမ်းလမ်း ဖတ်ခဲ့သော သုတစွယ်စုံမဂ္ဂဇင်းနှင့် အခြားမဂ္ဂဇင်းများတွင် ဤမျှကြီးသော ပေ(၃၀)ကျော်ရှည်သော ပုတီးရှိသည်ဟု မဖတ်ဘူးပါ။ မဖတ်ဘူးသောကြောင့် ဤပုတီးကို ကမ္ဘာပေါ်မှာ အကြီးဆုံးပုတီးဟု ကျွန်တော် အမည်ပေးခြင်း ဖြစ်ပါသည်။

ဤပုတီးထက်ကြီးသော ပုတီးရှိသည်ဟု သိရှိထားသူများ ရှိပါက ဗဟုသုအလို့ငှာ ဖော်ပြပေးစေလိုပါသည်။ မရှိဟုပါဆိုလျှင်လည်း ဤပုတီးကြီးကို ကမ္ဘာပေါ်မှာ အကြီးဆုံးပုတီးဟု သတ်မှတ်ပြီး အကြောင်းညီညွတ်သူများ သွားရောက်လေ့လာသင့်ပြီး နိုင်ငံခြားခရီးသွားများကိုလည်း လမ်းညွှန်သင့်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## သစ်မာနှင့်လုပ်ထားသည့် အံ့ဩဖွယ် (၃)လုံးတင်ကြိုး

ကြိုးဆိုလျှင် လျှော်၊ ချည်၊ ပိတ်၊ နိုင်လွန် စသည့် ပျော့ပျောင်းသည့် ပစ္စည်းများနှင့်သာ ပြုလုပ်၍သာ ရပါသည်။ မာကျောသော ပစ္စည်းများနှင့် ပြုလုပ်၍မရပါ။ သို့သော် သစ်မာသားနှင့် ပြုလုပ်ထားသော (၃)လွန်းတင်ကြိုးကို ယခု ဖော်ပြပါမည်။

ပဲခူးဟုဆိုလျှင် ရှေးဟောင်းဘုရားပုထိုးစေတီများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ လွန်စွာများပြားရာ လေ့လာ၍ မကုန်နိုင်အောင်ပင်။ ဆောင်းရာသီရုံးပိတ်ရက်(၁)ရက်တွင် ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်ကြားရှိ အရပ်အခေါ် **ရွှေတိဂုံလေးစေတီတော်**သို့ သွားရောက်ခဲ့ပါသည်။

စေတီတော်မှာ ရွှေတိဂုံစေတီတော်နှင့် အလွန် တူလှသဖြင့် ရွှေတိဂုံလေးဟု ခေါ်ဆိုဟန်ရှိပါသည်။ ပဲခူးရိုးမ၏ တောင်စွယ်တစ်ခုပေါ်တွင် တည်ထားခြင်းဖြစ်ရာ ရွှေရောင်တဝင်းဝင်းနှင့် စေတီတော်ကို အဝေးကပင် ဖူးမြော်နိုင်ပါသည်။

ရင်ပြင်တော်ပေါ်သို့ သွားရောက်သောအခါ သစ်ပင်ကြီးများသည် အုပ်ဆိုင်းဝေဆာနေသဖြင့် တိတ်ဆိတ်အေးချမ်းပြီး သာယာလှပါသည်။ စေတီတော်ကို လှည့်ပတ်ကြည်ညိုပြီးနောက် အနီးရှိ တန်ဆောင်းကြီး(၁)ခုထဲသို့ ဝင်ခဲ့ပါသည်။

တန်ဆောင်းထဲတွင် မြတ်စွာဘုရားရှင်လက်ထက်က ဧတဒဂ်ရပုဂ္ဂိုလ်များ၏ ပုံတူရုပ်တုများ တန်းစီရှိနေပါသည်။ တစ်နေရာတွင် ဟောင်းနွမ်းလှပြီဖြစ်သော ရှေးဟောင်းဗီရိုကြီး(၁)ခုကို

တွေ့ရှိရသဖြင့် ဖွင့်ကြည့်ရာ အံ့ဩဖွယ်ရာ သစ်မာဖြင့် ပြုလုပ်ထားသော (၃)လုံးတင်ကြိုးများကို တွေ့ရှိရ[ပါ]သည်။

ပစ္စည်းများကိုကြည့်ပြီး နှစ်ပေါင်း[း] ကြာလှပြီဟု ယူဆပါသည်။ ရှေးခေတ်က ဘုန်းတော်ကြီးကျောင်း[း] လှေကားလက်ရန်း ထောက်သည့်တိုင် သို့မဟုတ် ဝရန်တာလက်ရန်းတိုင် အဖြစ် အသုံးပြုပုံရပါသည်။ ယခုခေတ်တွင် ကြွေသားလက်ရန်းတိုင်များကဲ့[သို့] သုံးခြင်းဖြစ်ပါမည်။

ပစ္စည်းများကို လေ့လာကြည့်[ရာ] သစ်မာသားများကို အလွန် လက်[ရာ] မြောက်စွာ (၃)လုံးတင်ကြိုး ပြု[လုပ်] ထားရာ ပွတ်လုံးနှင့် လုပ်သလော [၊] စူး၊ ဆောက်၊ ကော်ပတ်နှင့် [လုပ်] သလား။ ကျွန်တော် ပွတ်လုံး[ပညာ] မတတ်ပါသဖြင့် မဝေခွဲတတ်[ပါ] ကျွန်တော့်အတွက်မူ အလွန် လက်[ရာ] မြောက်သည်ဟုသာ ပြောနိုင်ပါသ[ည်။] (ဓာတ်ပုံဖြင့် ဖော်ပြပါသည်။)

သစ်မာကြိုးများကို ဗီရိုကြီး[ထဲ]ရေကြည့်ရာ **အကောင်း(၁၂)ချော[င်း] ရှိပြီး** အကျိုးမှာ အများအပြ[ား] ကြောင်း တွေ့ရပါသည်။ မြန်မာမှု[...] ဝါသနာပါသူများ သွားရောက်လေ့[လာ] နိုင်ပါသည်။

ဤမျှ လက်ရာမြောက်သော [...] များကို ပျောက်ပျက်ခြင်းမရှိ[...] ထိန်းသိမ်းရန် လိုအပ်သလို [...] သည့် အတတ်ပညာကိုလည်း [...] ဖော်ထုတ်ထိန်းသိမ်းရန် လို[...] ကြောင်း အကြံပြုအပ်ပါသည်။

မောင်ကာံ(တံတားရွာ)




www.burmeseclassic.com

www.burmeseclassic.com

### စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

သရက်ကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



၁။


* * *



ယခုလအတွက် ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မွန် ပြည်နယ်ဇာတိ၊ အသက်သုံးဆယ် ကျော် အမျိုးသမီးတစ်ဦး**ဖြစ်ပါတယ်။

သူမရဲ့ မွေးသက္ကရာဇ် ၁၃၄၅ ခုနှစ်၊ နယုန်လ၊ သောကြာနေ့မွေးသူဖြစ်လို့ နာမက္ခရတိုင်၊ ဝုဒ္ဓိနဲ့ မူလမဟာဘုတ် ခွင်ချကြည့်ရင်...

* * * ***(နံပါတ်–၁)***




**"သင်းမာလာ"**ဆိုတဲ့ နာမည် သုံးလုံးထဲက ထိပ်ဆုံးစာလုံးကို အင်္ဂလိပ်အက္ခရာစာလုံးနဲ့ လက်မှတ် ရေးထိုးထားကြောင်း သိရပါတယ်။

ထိုးမြဲလက်မှတ်သင်္ကေတက ထိပ်ဆုံး မှာ အမှားလက္ခဏာနဲ့ ဘယ်ဘက်ကို လဲ မသိမသာ စောင်းနေတယ်။

ဘာပဲလုပ်လုပ် အမှားက စတင်ရ တတ်လို့ ရည်မှန်းချက် မအောင်မမြင် ကြိုးစားသမျှ အကျိုး မခံစားရတတ်ပါ ဘူး။

ခွက်မှောက်သင်္ကေတလဲရှိလို့ ငွေ မမြဲတတ်ဘူး။ ငွေအိတ်သင်္ကေတ ခပ် ပိန်ပိန်ရှိလို့ ငွေဝင် အထိုက်အလျောက် ကောင်းနိုင်တယ်။

သောကြာ၊ ရာဇဖွားဖြစ်သူကို သောကြာ+ ကြာသပတေး+ ဗုဒ္ဓဟူး နာမည်ပေးထားလို့ **ရာဇ+ မရဏ= ကူ၅+အနိ၅** နာမည်ဖြစ်ခြင်း၊ နာမက္ခရ တိုင်မှားခြင်း၊ ဝုဒ္ဓိမှားခြင်း ဖြစ်စေနိုင် တယ်။

ဒီနာမည်မျိုးမှာ ရာဇာဌာနက မွေးနံ သောကြာရဲ့အက္ခရာစာလုံး **"သင်း"** ကို လက်မှတ်ရွေးထိုးတာ မှန်ကန် ကောင်းမွန်ပါတယ်။ လက်မှတ်ပုံ သဏ္ဌာန်သင်္ကေတ ကောင်းအောင် ပြုပြင်ရုံပါပဲ...


* * * ⟶

❖ လက်မှတ်အောက်က မျဉ်းမသားရပါဘူး။

❖ တြိဂံပုံငွေအိတ်နဲ့ ပွင့်ဖတ်(၆)ခုပါတဲ့ ပန်းပွင့် ပုံသဏ်ဌာန်တတည့်ရပါမယ်။

၂။

* * *







www.burmeseclassic.com

www.burmeseclassic.com


ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ အသက်အစိတ်ဝန်းကျင် အမျိုးသားလူငယ်တစ်ဦး ဖြစ်ပါတယ်။ **"သက်အောင်"** နာမည်နှစ်လုံးတွဲကို မြန်မာလို လက်မှတ်ရေးထိုးထားကြောင်း သိရတယ်။

လက်မှတ်ပုံစံက အများသင်္ကေတနဲ့ စတင်တယ်။ ဒါကြောင့် ဘယ်ကိစ္စမဆို အများအရင် လုပ်မိတတ်တယ်။ ပြီးတော့ **ခွက်မှောက်သင်္ကေတလဲ** ရှေ့ဆုံးမှာရှိလို့ အလုပ်အကိုင်ကိစ္စတွေမှာ စကတည်းမှ ဝမ်းနည်းစရာ ကြုံရတတ်ပြီး ငွေဝင်မမြဲတတ်ဘူး။

ယခုလဲ အလုပ်အကိုင်ကိစ္စတွေမှာ အကူအညီပေးတဲ့သူတွေရှိတာ ဘာလို့အဆင်မပြေဖြစ်ရတာလဲ၊ ပြီးတော့ အလုပ်အကိုင်ရဖို့ ဖြေဆိုရတဲ့ စာမေးပွဲတွေမှာ အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပေမယ့် ဘာလို့ အလုပ်အကိုင်အတွက် ရွေးချယ်ခြင်း မခံရတာလဲလို့ မတွေးတတ်အောင်ဖြစ်ပြီး ကျွန်ုပ်ထံ ရောက်လာခြင်း ဖြစ်ပါတယ်။

မြန်မာသက္ကရာဇ် **၁၃၅၂ ခုနှစ်၊ တပေါင်းလ၊ သောကြာဖွား** ဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်နဲ့ ဝုဒ္ဓိတို့ချကြည့်ရင်...

*** *(နံပါတ်-၂)*




သောကြာ ရာဇဖွားကို သောကြာအစ၊ တနင်္ဂနွေအဆုံး အတွင်းမိတ်



ဂြိုဟ်တွဲနာမည် ပေးထားပေမယ့် **ရာဇ+ဘင်္ဂ**ဖြစ်ခြင်း၊ နာမက္ခရတိုင်စဉ်မှားခြင်း၊ ဝုဒ္ဓိမှန်ခြင်း ရှိပါတယ်။ ဒီနာမည်မျိုးက **"အစကောင်း အနှောင်းပျက်"** ဖြစ်တတ်တယ်။ နာမည်နှစ်လုံးတွဲကို လက်မှတ်တွဲ မထိုးရဘူး။

"သက်"တစ်လုံးတည်း လက်မှတ်ထိုးသင့်တယ်။ နိုင်ငံခြားသဘော်သားလုပ်မယ့်သူဆိုတော့ အင်္ဂလိပ်အက္ခရာစာလုံးနဲ့ လက်မှတ်ထိုးသင့်တယ်။

* * *



❖ ငွေအိတ်သင်္ကေတနဲ့ မြားဦးသင်္ကေတ ထည့်ရမယ်။

၃။

* * * ⟶

ယခုလအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **အသက်လေးဆယ်ကျော် အမျိုးသမီးတစ်ဦး** ဖြစ်ပါတယ်။


**"ဆွေမာအောင်"**ဆိုတဲ့ နာမည်သုံးလုံးတွဲမှ နောက်ဆုံးစာလုံး **"အောင်"**ကို အင်္ဂလိပ်အက္ခရာ စာလုံးနဲ့ လက်မှတ်ရွေးထိုးထားကြောင်း သိရတယ်။

လက်မှတ်ပုံစံက နောက်ဆုံးမှာ အများသင်္ကေတရှိနေလို့ ဘာလုပ်လုပ် အစကောင်း အနှောင်းပျက် ဖြစ်တတ်တယ်။ **၁၃၃၄ ခုနှစ်၊ တော်သလင်းလ** အင်္ဂါနေ့မွေးသူဖြစ်လို့ နာမက္ခရတိုင်၊ ဝုဒ္ဓိနဲ့ မူလမဟာဘုတ်ခွင် ချကြည့်ရင်...

*** *(နံပါတ်-၃)*

အင်္ဂါအထွန်းဖွားကို အင်္ဂါအစ တနင်္ဂနွေအဆုံး **အထွန်း+အဓိပတိ** နာမည်ပေးထားတာ **ဣန္ဒြေ+ဣန္ဒြေ** နာမည်ဖြစ်ပေမယ့် နာမက္ခရတိုင်စဉ်မှား၊ ဝုဒ္ဓိမှား ဖြစ်နေတယ်။

ဒီနာမည်မျိုးမှာ **"အောင်"**ကို လက်မှတ်ထိုးမယ့်အစား **"ဆွေ"**ကို



လက်မှတ်ရွေးထိုးတာ ပိုကောင်းပါမယ်။ ပြည်တွင်းမှာ နေထိုင်လုပ်ကိုင်သူ



www.burmeseclassic.com

www.burmeseclassic.com

နံပါတ်-၃

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |


| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

| ၃ | |
|---|---|
| ၂ | ၁ |
| ၀ | ၆ |
| ၅ | ၄ |

၀ ၁ ၂ ၃ ၄ ၅ ၆

ဖြစ်လို့ လက်မှတ်ကို မြန်မာအက္ခရာ စာလုံးနဲ့သာ လက်မှတ်ထိုးသင့်တယ်။


* * *



ငွေအိတ်သင်္ကေတ တည့်တည့် လှလှ ကြီးကြီးဆွဲပြီး ပွင့်ဖတ်သုံးခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်သင့်တယ်။

၃


* * *



ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ် ပိုင်ရှင်ကတော့ **အသက်လေးဆယ် ကျော် အမျိုးသားတစ်ဦး** ဖြစ်ပါတယ်။

**"အောင်မြစိုး"**ဆိုတဲ့ နာမည် သုံးလုံးကို မြန်မာအက္ခရာစာလုံးနဲ့ လက်မှတ်ရေးထိုးထားကြောင်း သိရပါတယ်။

လက်မှတ် သင်္ကေတကတော့ **မြားသင်္ကေတနဲ့ စတင်ပြီး** အဆုံးမှာ မြားဦးအောက်စိုက် ထောင်လိုက် မျဉ်းပိတ်ထားတယ်။



အလွန်ညံ့တဲ့ ပုံသဏ္ဌာန်ပါပဲ။ ၁၃၃၅ ခုနှစ်၊ တပို့တွဲလ၊ တနင်္ဂနွေသားဖြစ်လို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်ချ ကြည့်ရင်...

* * *

နံပါတ်-၄

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

| ၄ | |
|---|---|
| ၃ | ၂ |
| ၁ | ၀ |
| ၆ | ၅ |


တနင်္ဂနွေမရဏဖွားကို **တနင်္ဂနွေ အစ၊ အင်္ဂါအဆုံး မရဏ+ရာဇ** နာမည် ပေးထားတာ မဆိုးပါဘူး။ နာမက္ခရ တိုင်စဉ်လဲ မှန်တယ်။

ဒါပေမယ့် **အောင်**=မရဏ၊ **မြ**= ဘင်္ဂ ဖြစ်တဲ့အတွက် အနိဋ္ဌာနက အက္ခရာစာလုံး (၂)လုံးပါနေတာ မကောင်းဘူး။

ဘာလုပ်လုပ် အဆင်မပြေတာ များနေလို့ ကျွန်ုပ်ထံကို လာရောက်ခြင်း ဖြစ်ပါတယ်။

ဒီနာမည်မျိုးမှာ နာမည်နောက်ဆုံး စာလုံး ရာဇဌာနက အင်္ဂါနံ့ အက္ခရာ စာလုံး **"စိုး"**ကို လက်မှတ်ရွှေ့ထိုးသင့် တယ်။

* * *



❖ ကြေးစည်ပုံသဏ္ဌာန်ဖြစ်အောင် လက်မှတ် ထိုးပြီး အောက်က မျဉ်းမပိတ်ရပါဘူး။

***အောင်မြင်ကျော်ကြား ချမ်းသာ ကြီးပွားအောင်...***

**ဆရာကြီးဦးအောင်မြိုင်**
*(ဥပဒေသွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက်
ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ

# ထီဆုငွေ



ဤလတွင် ဆုငွေများနှင့် နီးစပ်အဆင်ပြေစေနိုင်ကြစေရန် ရွေးချယ်သင့်သော ဂဏန်းခြေများမှာ ၇၊ ၂၊ ၁၊ ၅တို့ ဖြစ်ကြသည်။

ထိုဂဏန်းခြေများကို စ၊ ဈ၊ ဓ၊ ဝ အက္ခရာများနှင့် တွဲဖက်ကံစမ်းနိုင်သည်။ ဂဏန်းတူ ဂဏန်းထပ်များကို ရွေးလိုပါက ၇၊ ၅၊ ၁၊ ၂တို့ နှစ်လုံးထက်ပို၍ ပါဝင်သော ထီလက်မှတ်ကို ရွေးပါ။

မိမိတို့ မွေးနှစ်အရ ကံအခွင့်အလမ်းများ အသုံးချလိုပါက ဇယားတွင် ရှာဖွေပါ။

* * *

| မွေးနှစ် | ကံပွင့်ဂဏန်း | လာဘ်ပွင့်အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းသင့်သူ | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၁ | အပြာ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နွား၊ ကျား | ၈ | အညို | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ယုန် | ၃ | အစိမ်းနု | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| နဂါး၊ မြွေ | ၄ | အစိမ်းရင့် | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြင်း | ၉ | အနီ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ဆိတ်၊ မျောက် | ၂ | မြေဖြူ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ကြက် | ၇ | ရွှေဝါ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ခွေး၊ ဝက် | ၆ | အဖြူ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |

**ထီလက်မှတ်အရောင်းဆိုင် တည်ရှိရာ ဌာနဇလကို ရယူလိုပါက...**

စားသောက်ဆိုင်များ၊ ကြေး,သံ,ဒန်, သတ္တုပစ္စည်းအရောင်းဆိုင်များ၊ ရွှေငွေရတနာအရောင်းဆိုင်များ စည်သွတ်ဘူးစက်ရုံနှင့် အရောင်းဆိုင်များ၊ စက်ပစ္စည်းအရောင်းဆိုင်များ စသည်တို့အနီး ဖွင့်လှစ်ရောင်းချသော ဆိုင်များတွင် ကံစမ်းပါ။

တွန်းလှည်းဖြင့် ရောင်းချသော ရွေ့လျားဆိုင်များတွင်လည်း ကံစမ်းနိုင်သည်။ သို့သော် ကျယ်လောင်စွာဖွင့်ထားသော သီချင်းသံများ ကြားရလျှင် ရှောင်သင့်သည်။ ဆူညံသောအသံများက ငွေကြေးပိုင်ဆိုင်မှုအတွက် အခက်အခဲ ပြဿနာ ဖြစ်စေတတ်သောကြောင့်ဖြစ်၏။

အထက်ပါ အရောင်းဆိုင်များတွင် မိမိတို့မွေးနှစ်အရ ကံအခွင့်အလမ်းများကို အသုံးချနိုင်ကြသည်။

**ဥပမာ** ။ ။ ခွေးနှစ်ဖွားသည် (၆) ရွက်မြောက် ထီလက်မှတ်ကို ရွေးချယ်ခြင်း၊ အဖြူရောင်အင်္ကျီ ဝတ်ဆင်၍ ထီထိုးခြင်း၊ မိမိ၏ နေအိမ် သို့မဟုတ် အလုပ်ဌာနမှ အနောက်မြောက်ထောင့် အရပ်ရှိ ထီဆိုင်တွင် ကံစမ်းခြင်း၊ ကြာသပတေးသားသမီးနှင့် စပ်တူထိုးခြင်း၊ တနင်္ဂနွေနေ့၌ ကံစမ်းခြင်း ပြုနိုင်ပါက ပို၍ အကျိုးထူးစေလိမ့်မည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက...**

အစိမ်းရောင်ရှိသော သစ်သီး(၄)လုံးကို အင်္ဂါနေ့တွင် သက်ကြီးပိုင်းအမျိုးသမီးတစ်ဦးအား လှူဒါန်းပါ။ ရသင့်ရထိုက်သော ငွေကြေး ဆုလာဘ်များ အတားအဆီးမရှိ ဝင်ရောက်ရရှိစေပါသည်။

*ဝူယှင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ပေါက်ကြပါစေ*

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

## ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပညာ

ရန်ကုန်တိုင်းဒေသကြီး၊
မြောက်ဥက္ကလာပမြို့နယ်
ဓမ္မသီဂိပျော်ဘွယ်စာသင်တိုက်
ပဓာန နာယကဆရာတော်
ဂန္ထဝါစကပဏ္ဍိတ၊
သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တ ဝိသုဒ္ဓရံသီအား
ဂါရဝပြုပူဇော်ခြင်း

ဆရာတော်ကို ၁၃၂၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၉)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူရာ မဟာဘုတ်အရ (၄)ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

လေ့လာကြည့်ပါ။

* * *


| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

**၄-ကြွင်း မဟာဘုတ်**

ဆရာတော်မှာ **(၄)ကြွင်း မဟာဘုတ်ပိုင်ရှင် ဗုဒ္ဓဟူးသားဖြစ်တဲ့အတွက် ပညာရပ်အလိုအရ ဘင်္ဂဖွား ဖြစ်ပါတယ်။** ထို့ကြောင့်...

* ယဉ်ရှယ်စဉ်တွင် မကြာခဏ ချူချာတတ်ပါမယ်။
* အခက်အခဲများစွာ ရင်ဆိုင်ကျော်လွှားရတတ်ပါတယ်။
* အပျက်အစီး ပေါ်များကာ ဝန်တိုသူတွေလဲ ရှိနေတတ်ပါတယ်။
* အသုံးအဖြုန်း ကြီးတတ်တယ်။
* အငြိမ်မနေရတဲ့ အမြဲ သွားလာလှုပ်ရှား နေရတတ်ပါတယ်။
* စိတ်အပြောင်းအလဲ မြန်ဆန်တယ်။
* အပြောင်းအရွှေ့ အပြောင်းအလဲများ ကြုံတွေ့ရတတ်တယ်။

ထိုအချက်များက ဘင်္ဂဖွားများရဲ့ ယေဘုယျ ဖြစ်တတ်သော သဘောသဘာဝများလဲ ဖြစ်ပါတယ်။



ပျော်ဘွယ်အရှင်ဝိသုဒ္ဓရံသီ

ပဓာန နာယက၊ ဂန္ထဝါစကပဏ္ဍိတ၊
သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ
ပရိယတ္တိသာသနာနုဂ္ဂဟ
ရန်ကုန် ဆန်လှူအသင်းကြီး၏
မှူးကထိက ငြိမ်ချမ်းတည်ငြိမ်သာသနာပြု
ဆရာတော် ပျော်ဘွယ် အရှင်ဝိသုဒ္ဓရံသီ

စနေဂြိုဟ်ဟာ မရဏအိမ်မှာ တွေ့ရပါတယ်။ ထို့ကြောင့် (၄)ကြွင်း မဟာဘုတ်ပိုင်ရှင်များဟာ...

- ✪ လောဘကြီးခြင်း။
- ✪ ထင်ပေါ်လွန်းခြင်း

ဆိုတဲ့ အကြောင်းတရားကို ရှောင်ပြီးလျှင်...

* စွန့်လွှတ်အနစ်နာခံခြင်း။
* ပေးကမ်းစွန့်ကြဲခြင်း။
* ဒုက္ခရောက်နေသူများကို ကယ်တင်စောင့်ရှောက်ခြင်း။
* ဘာသာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း။

တို့ကို ဆောင်ရွက်ခြင်းဖြင့် ဘဝအခြေ တိုးတက်မြင့်မားလာပါတယ်။

**တနင်္လာဂြိုဟ်ဟာ ရာဇအိမ်၌ ရပ်တည်တဲ့အတွက်...**

* ငွေကြေး ရလွယ်ခြင်း။
* ငွေကံကောင်းခြင်း။
* ခရီးကောင်း ကြွရခြင်း၊ ရေခြားမြေခြား သာသနာပြုခရီး)၊
* ကြည်ညိုသူ ပေါ်များခြင်း

တို့ကို ဖြစ်စေပါမယ်။

တနင်္ဂနွေဂြိုဟ်ဟာ အဓိပတိအိမ်၌ ရပ်တည်နေတဲ့အတွက် အလုပ်နှစ်မျိုးကို ဆောင်ရွက်ရခြင်း၊ မတူညီတဲ့ ဘွဲ့ထူးဂုဏ်ထူးများ ရခြင်းတို့ ဖြစ်စေပါ



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ထို့ကြောင့် ပရိယတ္တိရော ပဋိပတ္တိရော သာသနာပြုလုပ်ငန်းများ အောင်မြင်ရခြင်းပါပဲ။

ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်နှစ်ခုတွင် ဂန္ထဝါစကပဏ္ဍိတ(စာချ)ဘွဲ့နဲ့ သဒ္ဓမ္မဇောတိကဓဇ (သာသနာပြု)ဘွဲ့ ရထားခြင်းက သာဓကတစ်ခုပါပဲ။

ဒါ့ပြင် ဓမ္မသီဂီပျော်ဘွယ် စာသင်တိုက်နဲ့ ဓမ္မသီဂီပျော်ဘွယ်သာသနာ့ရိပ်သာ(ကုန်းတလပေါင်-မင်္ဂလာဒုံ)တို့ရဲ့ ပဓာန နာယကဆရာတော် ဖြစ်ခြင်းလဲ ထင်ရှားတဲ့ သာဓကပါပဲ။

သောကြာဂြိုဟ်ဟာ သိုက်အိမ်၌ ရပ်တည်နေတဲ့အတွက် အသံဖြင့် ဆောင်ရွက်ရသော လုပ်ငန်းများ အကောင်အထည်ပေါ်ပြီး အောင်မြင်မှု ရစေနိုင်ပါတယ်။ သာဓကအားဖြင့်တော့ ဆရာတော် ဟောကြားတဲ့ တရားတိပ်ခွေများကို ထင်းရှူးရိပ်တေးသံသွင်းက ထုတ်ဝေဖြန့်ချိပေးထားခြင်းပါပဲ။ ဆရာတော်ရဲ့ တရားတော်များကတော့...

- ❃ နိုင်ငံတကာသုံး ပါဠိတော်များဖြင့် ရွတ်ဆိုထားတဲ့ ပရိတ်တရားတော်။
- ❃ အံ့ဖွယ်ရှစ်ဖြာ သာသနာ။
- ❃ ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါမည်။
- ❃ မိဘအကျေး ပြန်ကာဆပ်ဖို့တွေ။
- ❃ သာသနာ့အမေ ဖြစ်ပါစေ။
- ❃ ကံကုန်ရင် အလုံးစုံပျက်စီးမယ်။
- ❃ ကံတူအကျိုးပေး

စတဲ့ D.V.Dခွေများပဲ ဖြစ်ပါတယ်။

**အင်္ဂါဂြိုဟ်ဟာ အထွန်းအိမ်၌ ရပ်တည်နေတဲ့အတွက်...**

- ✪ စာသင်ကြားမှု ပရိယတ္တိ သာသနာပြုလုပ်ငန်းများ၊
- ✪ စာပေ ရေးသားခြင်း သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါမယ်။

ဆရာတော်ရဲ့ မိဘအကျေး ပြန်ကာဆပ်ဖို့တွေး စာအုပ်နဲ့ အခြားစာအုပ်များကို စာပေလောက(၅)က ဖြန့်ချိပေးခြင်းကလဲ သာဓကကောင်းတစ်ခု ဖြစ်ကြောင်း တင်ပြငါရဝပြု ပူဇော်လိုက်ရပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**


**စာမျက်နှာ (၁၇၉)မှ အဆက်**

**လက္ခဏာပဓာနဋ္ဌ အခြေမြများ**

**၁။ ရေထွက်လုပ်ငန်းကုမ္ပဏီ တည်ထောင်လုပ်ကိုင်အောင်မြင်နိုင်သော ကံကြမ္မာမျိုးရှိပါသည်။** အဘယ်ကြောင့်ဆိုသော်...

- ❂ **ကံလမ်းထီးရိုးသည်** ရေနှင့်ပတ်သက်သော တနင်္လာဂြိုဟ်ခုံမှ စတင်ထွက်ရှိခြင်း **"က"အကွက်ရာ။**
- ❂ **အသက် လမ်းကြောင်းပေါ်မှ ထောင်တက်သော တိုးတက်မှု လမ်းများရှိခြင်း "ခ"အကွက်ရာ။**
- ❂ **လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာ** အပေါ်ထောင်နေသော အောင်မြင်ရေးလမ်း ထင်ရှား အားကောင်းစွာရှိခြင်း **"ဂ"အကွက်ရာ။**
- ❂ **လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံမှာ ရည်မှန်းချက်အောင်မြင်စေတတ်သော ရမ္မက်လမ်းကြောင်းရှိခြင်းနှင့် စိမ်ခန့်ခွဲမှု** ကျွမ်းကျင်စေတတ်သော **ဆော်လမွန်လက်စွပ်သင်္ကေတ** ရှိခြင်း **"ဃ"အကွက်ရာ။**

* * *




**၂။ နိုင်ငံခြားသွားလာ လုပ်ကိုင်ခြင်း၊ အကျိုးပေးနိုင်သည်။ နိုင်ငံခြားလည်း သွားရောက်ရမည်။** အဘယ်ကြောင့်ဆိုသော်...


အသက်လမ်းကြောင်း အောက်ခြေမှ နိုင်ငံခြားသွားလမ်း ထင်ရှားအားကောင်းစွာ ထွက်နေခြင်းကြောင့် ဖြစ်သည်။ **"င"အကွက်ရာ**

* * * ⟶

**၃။ ဥပဒေ့ဒကကံနဲ့ သေနိုင်သော ကံကြမ္မာမျိုး မရှိပါ။** အဘယ်ကြောင့်ဆိုသော်...

အသက်လမ်းကြောင်း အတွင်းမှာ အရံအသက်လမ်းကြောင်းများ ကာရံထားခြင်းကြောင့် ဖြစ်သည်။ "စ" အကွက်ရာ


* * *




***(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ






www.burmeseclassic.com

www.burmeseclassic.com

သရာကြီးဦးအောင်မြိုင်
(ဥပဒေဘုံ့)
လက္ခဏာဗေဒပညာသုတေသီ

# လက္ခဏာပဟေဠိ

## အဖြေညှိကြစို့

ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံ ပိုင်ရှင်မှာ **ရှုိင်ပြည်နယ်၊ မာန်အောင်မြို့ဇာတိ ဖြစ်သော အသက်သုံးဆယ်ကျော် အမျိုးသားတစ်ဦး** ဖြစ်ပါသည်။

လက်ဖဝါးပြင်ကို သေချာစွာ ကြည့်ရှုစစ်ဆေးပြီးမှ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ ရေထွက်လုပ်ငန်းကုမ္ပဏီ တည်ထောင်လုပ်ကိုင် အောင်မြင်နိုင်သော ကံကြမ္မာမျိုး ရှိပါသလား။

၂။ နိုင်ငံခြားသွားလာလုပ်ကိုင်ခြင်း အကျိုးပေးနိုင်ပါသလား။ နိုင်ငံခြားသွားရမည့် ကံကြမ္မာမျိုးရောရှိပါသလား။

၃။ ဥပဒေရွှအကာကံနဲ့ သေနိုင်သော ကံကြမ္မာမျိုး ရှိပါသလား။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှသာ ပဟေဠိအဖြေများနှင့် တိုက်ဆိုင် ညှိနှိုင်းကြည့်ဖို့ အကြံပေးအပ်ပါသည်။




ပဟေဠိ အဖြေများကို
စာမျက်နှာ(၁၇၈)တွင်
ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

# သင်္ကေတများ၏

ဘာသာစကား(၃၈)

ဟုကျင်းဇီ

## ငှက်ကျားဖြူ



ဥရောပနှင့် အာဖရိကတိုက်တို့တွင် မြင်ရလေ့ရှိသော ငှက်ကျားမျိုး ဖြစ်သည်။ **သားသမီးများ၏ မိဘအပေါ် ရှိသောကြည်ညိုမှု**(Filial Piety)ကို ဖော်ပြသည့်သင်္ကေတဖြစ်သည်။

လှည့်လည်သွားလာနေသည့် ခရီးသွား၊ ခရီးသည်ကိုလည်း ရည်ညွှန်းသည်။ စက်ဝိုင်းအတွင်း မျက်နှာချင်းဆိုင်၍ ပျံသန်းနေသော ငှက်ကျားဖြူနှစ်ကောင် ပုံသဏ္ဌာန်သည် မဟာပညာကျော်၊ ကဝိပင်ဂေးဟု အမိပ္ပာယ်ရသည့်သင်္ကေတဖြစ်သည်။ **(မြန်မာ့ ရေမြေတွင် "ငှက်ကျားဖြူ"ကို "ငှက်ကြီးတုံးစပ်"ဟု ခေါ်ကြသည်။)**

## ပျံလွှား



ရောမဒဏ္ဍာရီတွင် က္ကဆစ်(Isis)နှင့် ဗီးနပ်(Venus)တို့အကြား ဆက်သွယ်ပေးသော ငှက်ဖြစ်သည်။

နွေဦးရာသီ၏ သရုပ်ဖော်ငှက်တစ်မျိုးဖြစ်ကာ သနားကြင်နာမှုများ သယ်ဆောင်ပေးခြင်း၊ **အချိန်မှန်ခြင်း (နွေဦးရာသီရောက်တိုင်း အချိန် မှန်ကန်စွာ ရွှေ့ပြောင်းရောက်ရှိလာခြင်း)** တို့၏ သင်္ကေတအဖြစ် သတ်မှတ်ကြသည်။

## သရများ

အင်္ဂလိပ်စာ ဗျည်းအက္ခရာ(၂၆)လုံးတွင် ပါဝင်သော A,E,I,O,U **သရ** (Vowels)ငါးလုံးသည်ဆိုင်ရာ အရောင်နှင့် အသံများရှိကြသော သင်္ကေတများ ဖြစ်ကြသည်။

၁၈၇၀ ပြည့်နှစ်တွင် Rimbaudက သရများကို အောက်ပါအတိုင်းအရောင် ခွဲခြား သတ်မှတ်ဖော်ပြခဲ့သည်။

A=အနက်ရောင်၊ E=အဖြူရောင်၊ I=အနီရောင်၊ U=အစိမ်းရောင်၊ O=အပြာရောင်ဟူ၍ ဖြစ်သည်။ သင်္ကေတများ၏ ယုတ္တိဗေဒတွင်မူ အောက်ပါအတိုင်း ခွဲခြား၏။

A=အနီရောင်၊ O=လိမ္မော်ရောင်၊ OE=အဝါရောင်၊ E=အစိမ်းရောင်၊ I=အပြာရောင်၊ ü=မဲနယ်ရောင်နှင့် U=ခရမ်းရောင်တို့ ဖြစ်ကြသည်။

အသံထွက် သင်္ကေတအဖြစ် အထက်ပါ သရများအစား ဗျည်းအစ(၇)လုံးကို ကမ္ဘာသုံးသင်္ကေတအဖြစ် သတ်မှတ်ကြသည်။ **A, B, C, D, E, F, G** တို့ ဖြစ်ကြသည်။

ယင်းတွင် ရူပဗေဒနည်းကျ အသံလှိုင်းကြိမ်နှုန်းတွက်ချက်ကာ အသံစက်(၁၂)ခုပါဝင်သော Chromatic Scaleကို အောက်ပါအတိုင်း ခွဲခြားသည်။

A,B Flat, B,C,D Flat, D,E Flat,E,F Flat, F,GFlat, G,A Flat. ဤတွင်(Flat) ဖလက်သည် မူလသံထက် ထက်ဝက်နိမ့်သောအသံဖြစ်သည်။ ဖလက်အစား ရှပ်(Sharp)ကိုလည်း သုံးသည်။

သင်္ကေတများမှာ # ဖြစ်ကာ မူလအသံထက် ထက်ဝက်မြင့်သောအသံဖြစ်သည်။ ထို့ကြောင့် B Flat, = A Sharp (A#) ဖြစ်သည်။

ဤ(၁၂) အသံအနက် ဂီတနည်းစနစ်အရ အသံတွဲ (Chords)များ တွဲဖက် ဖွဲ့စည်းလျက် နားဝင်ဖြောင့်စေသော (Consonant) သံစဉ်လှိုင်းမှာ ဖော်ထုတ်ကြလေသည်။

## သွား

သွားများသည် သမိုင်းဦးကာလက ပင် အသုံးပြုရကောင်းမှန်း သိခဲ့ကြသည်။ တိုက်ခိုက်ရေးဆိုင်ရာ ကိုယ်ပိုင်လက်နက်ဖြစ်သည်။ ယင်း၏ ဖွင့်ဆိုချက်မှာ လှုပ်ရှားတက်ကြွခြင်း ဖြစ်သည်။

သွားကျိုးသည်၊ သွားကျွတ်ထွက်သည်ဟု ဆိုပါက ဘဝတွင် လုံးဝရှုံးနိမ့်ခြင်း၊ အထမြောက် အောင်မြင်မှုမရှိခြင်းကို ရည်ညွှန်းသည်။ သင်းကွပ် ဆုံးရှုံးခြင်း ခံရသည်ကိုလည်း ကိုယ်စားပြုသည်။

## မိုးကြိုး

ကံဆိုးမိုးမှောင်ကျခြင်း၏ အမှတ်အသားဟု ဖွင့်ဆို၏။ မိုးကြိုးနှင့် ပတ်သက်၍ လူမျိုး၊ ဒဏ္ဍာရီများစွာ ရှိသည်။

အရှေ့တိုင်း တရုတ်ဓလေ့တွင် ဗေဒင်သင်္ကေတ(၈)မျိုးဖြစ်သော "ပါ...BāGuà"တွင် မိုးကြိုးသည်လည်း တစ်ခု ပါဝင်သည်။

ပုံစံမှာ မျဉ်းတိုနှစ်ထပ်နှင့် မျဉ်းရှည်တစ်ထပ် (☳)ဖြစ်သည်။ ယင်း၊ ယန်း ဟု ခေါ်ဝေါ်၏။ ဖွင့်ဆိုချက်မှာ ထိခိုက်ဒဏ်ရာရခြင်း၊ အခက်အခဲကြုံရခြင်းဟု ဆို၏။

ဝူယုင်းတော်ငါးပါးတွင် သစ်သားဓာတ်စိုးမိုးသည်။ အရွယ်လတ် အမျိုးသမီးနှင့် ဂဏန်းခြေ(၃)ကို ဆိုင်သည်။ အကျယ်လေ့လာလို




www.burmeseclassic.com

www.burmeseclassic.com

ယိကျင်းအခန်းတွင် ကြည့်နိုင်ပေသည်။

## စည်းရိုးသုံးထပ်

***



ခြံဝင်းအတွင်း စည်းရိုးသုံးထပ်ကာရံထားသည့် ပုံသဏ္ဍာန်ဖြစ်သည်။

လူတစ်ဦးတစ်ယောက်၏ ကိုယ်ခန္ဓာ၊ စိတ်အာရုံနှင့် အသက်ဝိညာဉ်သုံးရပ်စလုံးကို ထိန်းချုပ်မှုခံရခြင်းဟု အဓိပ္ပာယ်ရသည်။

ရှေးဟောင်းရောမ လူနေမှုအဖွဲ့အစည်းတွင် တွေ့ရလေ့ရှိသည်။ များသောအားဖြင့် အရိုးများတွင် ရေးထွင်းထားတတ်သည်။ မယ်ရိုဗင်ဂျီယမ်ခေတ် (Merovingian Period)(အေဒီ ၁၃၀၈ ခုနှစ်ခန့်) စစ်သူရဲကောင်းတမ်ပလာ(Tamplars)၏ ရဲတိုက်တွင် ထိုသင်္ကေတကို တူးဖော်တွေ့ရှိကြသည်။

အရှေ့တိုင်း ဗုဒ္ဓဝါဒထွန်းကားရာ တိဗက်ဒေသတွင်လည်း အလားသဏ္ဍာန်တူစွာ တွေ့ရှိနိုင်သည်။

တိဗက်တွင်ကား(ရုပ်ပုံဖြင့် ဖန်တီးခြင်း)ရုပ်ပိုင်းဆိုင်ရာ မြင်တွေ့နိုင်သော စည်းရိုးသုံးထပ် မဟုတ်ပါ။ စိတ်တွင်းအာရုံဖြင့် ခံစားသိရသော စည်းရိုးများဖြစ်ကြသည်။

လူသူကင်းမဲ့သော ရှေးဟောင်းကျောင်းတော်ကြီးအတွင်း၌ သုံးနှစ်၊ သုံးလနှင့် သုံးရက်ကြာသည်အထိ ကိုယ်၊ နှုတ်၊ နှလုံး စည်းရိုးသုံးတန်ရံတားကာ အထူးကျင့်ကြံကြခြင်းဖြစ်သည်။

ထိုသို့ ကျင့်ကြံပြီးမြောက်ပါက အခြားရဟန်းများက ကောင်းစွာကြပ်မတ်ပြုစုပေးပြီးလျှင် သာသနာပိုင် **"ပန်ချင်လာမား"**က **"ကမ္မဋ္ဌာန်းဆိုင်ရာ အထူးဘွဲ့ရရဟန်း"**အဖြစ် ဂုဏ်ပြု ချီးမြှောက်တော်မူလေသည်။

ဤစည်းရိုးသုံးထပ်ကို ကျင့်ကြံသူရဟန်းကိုယ်တိုင်က ဝန်းရံပိတ်လှောင်၍ မိမိကိုယ်တိုင်ပင် လုံခြုံအောင် ထိန်းသိမ်းရခြင်းဖြစ်သည်။

## ခရာ



ရှေးခေတ်စစ်ချီရာတွင် အသုံးပြုလေ့ရှိသော ခရာဖြစ်သည်။ မီးနှင့်ရေတို့ကို ဆက်သွယ်ပေးသည်ဟု ဖွင့်ဆိုကြသည်။


စစ်ဘုရင် Mars၏ တိုက်ရည်ခိုက်ရည်နှင့် ရဲစွမ်းသတ္တိများကို သယ်ဆောင်ပေးသည်ဟု ယုံကြည်လျက် စစ်သည်တို့ ရဲစိတ်ရဲမာန်တက်ကြွစေသောပစ္စည်း ဖြစ်သည်။

ဤသင်္ကေတ၏ အဓိပ္ပာယ်မှာ ထင်ပေါ်ကျော်ကြားမှုနှင့် ဂုဏ်ကျက်သရေတို့ကို အာသာဆန္ဒပြင်းပြမှုအဖြစ် အနက်ဖွင့်လေသည်။

စစ်မြေပြင်၌ ကျဆုံးသွားသော စစ်သည်၏ "ခရာ"ကလေးသည် အသက်ထက် စစ်သည်ကောင်းဟူသော အမည်ဂုဏ်သတင်းကို တန်ဖိုးထားကြောင်း ဖော်ပြခြင်းဖြစ်သည်။

## လိပ်

***



အာရှေ့တိုင်းမှ လိပ်ပုံရိပ်

လိပ်သည် အသက်ရှည်ခြင်း၏ သင်္ကေတဖြစ်သည်။ ဖြည်းနှေး၍ အေးဆေးတည်ငြိမ်ခြင်း၊ သဘာဝအတိုင်း ဆင့်ကဲဖြစ်ပေါ် တိုးတက်မှုဖြစ်စဉ်တို့၏ ကိုယ်စားလှယ်ဖြစ်သည်။

စိတ်ဝိညာဉ်ဆိုင်ရာများနှင့် ဖန်တီးပြုပြင်တော်လှန်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။

ရှေးတရုတ်ပညာရှင် **"ဆောင်ဆောင်း"** Cao Cao က ကမ္ဘာမတည်မီက ရောမလိပ်ကြီးတစ်ကောင်သည် မိမိ၏အခွံဝိုင်းကို အမိုးပြုကာ ကောင်းကင်အဖြစ် ဖန်တီး၍ လေးထောင့်ပုံအောက်ပိုင်းကို မြေလွှာအဖြစ် ဖန်တီးခဲ့သည်ဟု စစ်ဆိုခဲ့လေသည်။

နိုင်ဂျီးရီးယားနိုင်ငံမှ နီဂရိုးလူမျိုးများကမူ လိပ်သည် အမျိုးသမီး၏ လိင်အင်္ဂါကို ကိုယ်စားပြုသည်ဟု အနက် ဖွင့်ကြသည်။ လိပ်သည် ကာမဂုဏ်အာရုံဆိုင်ရာ အမှတ်သင်္ကေတတစ်ခုဟု ဆိုလေသည်။

အင်္ဂရိတ်ပညာတွင်မူကား လိပ်သည် ဓာတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်ကိုပြသော သင်္ကေတဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်သည်။

လိပ်သည် ဇောက်ထိုးပြောင်းပြန်ဖြစ်သော အခြေအနေကိုလည်း ညွှန်ပြ၍ စစ်ရေးတွင် အရေးနိမ့်နေစဉ် ဤသင်္ကေတကို ကြုံဆုံရရှိပါက အခြေအနေပြောင်းပြန်လှန်ကာ ရန်သူမှ ဆုတ်ခွာသွားခြင်း၊ မိမိဘက်မှ စစ်ကူများ ရောက်ရှိလာခြင်း ဖြစ်သည်ဟု ကောက်ချက်ချနိုင်လေသည်။

တရုတ်တို့၏ ဒေဝတာပုရာဏ်များတွင် နှစ်ထောင်ပေါင်းများစွာ အသက်ရှည်သော ကမ္ဘာလိပ်ကြီးများကို တင်စား ဖွဲ့နွဲ့ဖော်ပြထားပေသည်။

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com

အောင်ကြောင်းဖြာဝေ

# အောင်မြင်ရေးကျင့်စဉ်

ကျော် (ရမည်းသင်း)

ရမည်းသင်းမြို့နယ်၊ ရွာတန်းဈေးကုန်းတွင် နေထိုင်သော ကျောင်းအုပ်ဆရာကြီးဦးကျော်မွှေး(ငြိမ်း)နှင့် ဇနီးဒေါ်ခင်တုပ်တို့၏ နေအိမ်သို့ ရောက်ခဲ့ပါသည်။ သံတောင်ဆရာတော်၊ ပုသိမ်ကြီးဘန့်တင် ဆရာတော်တို့ကို ပင့်ဖိတ်၍ တစ်နှစ်တစ်ကြိမ် မပျက်မကွက် ကပ်လှူသော ဆွမ်းကပ်ပွဲ ဖြစ်ပါသည်။

နံနက်(၅)နာရီဆိုရင် နေ့တိုင်း သုံးဆယ့်တစ်ဘုံသားတွေကို မေတ္တာပို့တယ်၊ တပည့်တွေကိုလဲ နှစ်ပိုင်းခွဲပြီး ပို့တယ်၊ တစ်ပိုင်းက ဆရာတော်တို့လို ထူးချွန်တဲ့ ဘုရားသားတော်တွေ လိမ္မာယဉ်ကျေးထူးချွန် ထက်မြက်နေတဲ့သူတွေကို ပထမပို့တယ်။ ဒုတိယအနေနဲ့ ထောင်ကျအချုပ်ကျနေသူ လူမိုက်တွေပို့တယ်။ အားလုံးကို သတိရတယ်။ လိမ္မာတဲ့တပည့်တွေကို မြင်ရကြားရတာ အားရကျေနပ်မိတယ်။ လူမိုက်တွေကိုတော့ သနားမိတယ်။

မိဘဆရာ ကန်တော့ပွဲများကို သွားတဲ့အခါမှာ အဝတ်အထည်၊ စားစရာ၊ ဆေးဝါး၊ ငွေကြေးတို့နဲ့ ကန်တော့ကြတာကို တွေ့ရတယ်၊ ကောင်းပါတယ်။ ဒါပေမယ့် လိမ္မာအောင်နေခြင်း၊ ထူးချွန်အောင် ကြိုးစားခြင်း၊ ကျန်းမာအောင်နေခြင်း၊ မကောင်းမှုတို့ကို မပြုခြင်းတို့ဖြင့် ကျေးဇူးဆပ်ရင် ပိုကောင်းတယ်။ မိဘဆရာတွေမှာ ပိုပြီး စိတ်ချမ်းသာရတယ်၊ ပျော်ရတယ်။ တပည့်တွေအများကြီးထဲက ထူးချွန်တဲ့ ဆရာတော်တွေကို ဖူးတွေ့ရတာ အပျော်ဆုံးပါပဲဘုရား။

ဆရာကြီးသည် ရေနွေးကြမ်းကို သောက်ရင်း အမောဖြေလိုက်သည်။ အသက်အရွယ် ကြီးရင့်လာသည်နှင့် အမျှ ဆီးချိုသွေးချိုဆိုသော ရောဂါများရှိနေသော်လည်း အနေအထိုင် အစားအသောက် ဆင်ခြင်သောကြောင့် ကျန်းမာဝဖြိုးသည်။

ပညာဗဟုသုတ ကြွယ်ဝခြင်း၊ ဘာသာတရား၏ အဆုံးအမအောက်တွင် နေထိုင်ခြင်း၊ ဇနီးနှင့် ဘွဲ့ရသားသမီးများက လိမ္မာခြင်း၊ စီးပွားရေးကောင်းမွန်ခြင်းတို့ကြောင့် စိတ်ချမ်းသာမှုရှိသည်။

ရှေးဟောင်းနှောင်းဖြစ်များ ခေတ်ပေါ်အဖြစ်အပျက်များကို ပြော၍မကုန်အောင် ရှိနေသည်။ ထို့အပြင် သံတောင်ဆရာတော်၏ တောင်းဆိုမှုကြောင့် ဆရာကြီး၏ အောင်မြင်ရေးကျင့်စဉ်များကို မှတ်သားခွင့်ရလိုက်သည်။



ကျောင်းအုပ် ဆရာကြီးဦးကျော်မွှေး(ငြိမ်း)

## အကြံအောင်စေသော

## အောင်ဓာတ်ယူအာစီအရင်

**"ငှက်သည်ပျံရင်းနှင့်သေ၊ လူသည်ကြံရင်းနှင့်သေ"** ဟု ဆိုကြသည်။ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး စသော အရေးများကို နေ့စဉ်နှင့်အမျှ အသက်ထက်ဆုံး ကြံစည်နေကြသည်။ အောင်မြင်သော အကြံများ ရှိသလို မအောင်မြင်သော အကြံများကလည်း အများအပြားရှိနေပါသည်။

တကယ်တမ်း အောင်မြင်လိုသူများသည် အောင်မြင်ကြောင်းတရားလေးပါးနှင့် အောင်မြင်ရေးကျင့်စဉ်ကို သိရှိလိုက်နာဖို့ အထူးလိုအပ်ပါသည်။

အောင်မြင်ကြောင်း တရားလေးပါး...

၁။ **ဆန္ဒာဓိပတိ** = ရည်မှန်းချက်အောင်မြင်လိုသောဆန္ဒ ထက်ထက်သန်သန် ရှိနေရမည်။ အခက်အခဲ မည်မျှပင် ရှိနေစေကာမူ ရည်မှန်းချက်ကို မစွန့်လွှတ်ဘဲ ရှိရမည်။

၂။ **ဝီရိယာဓိပတိ** = ရည်မှန်းချက်အောင်မြင်စေမည့် အလုပ်များကို မနေမနား ကြိုးစားလုပ်ဆောင်ရမည်။ တုံ့တိုက်တိုက် ကျားကိုက်



www.burmeseclassic.com

www.burmeseclassic.com

ကိုက် လုပ်ကို လုပ်ရမည်။

၃။ **စိတ္တာဓိပတိ=** ရည်မှန်းချက် အောင်မြင်လိုသော အောင်စိတ် ထက်ထက်သန်သန် ရှိနေရမည်။

၄။ **ဝီမံသာဓိပတိ=** ရည်မှန်းချက် အောင်မြင်စေမည့် အလုပ်များကို ပညာသားပါပါ လုပ်ဆောင်ရမည်။

---

### ဇေယျတု သဗ္ဗမင်္ဂလံ
### အောင်မြင်ရေးကျင့်စဉ်

---

လိုရာဆန္ဒပြည့်ဝစေရန် ဤအောင်မြင်ရေးကျင့်စဉ်ကို ပြုလုပ် အဓိဋ္ဌာန်ဝင်ရမည်။ အဓိဋ္ဌာန်ဝင်ရာ၌ အရှေ့၊ အနောက်၊ တောင်၊ မြောက် မှန်ဦးလေးခုရှိသော တန်ခိုးကြီးဘုရားမှာ ပြုလုပ်ရမည်။ **ဥပမာ–ရွှေတိဂုံစေတီတော်ဖြစ်ပါသည်။**

**စေတီတော် တောင်ဘက်မုခ်တွင်** ဘုရားဝတ်ပြု သီလခံယူ ပန်းဆီမီး အမွှေးတိုင် သစ်သီးစသည် လှူဒါန်းဖွယ်ရာများကို စေတီတော်အား လှူဒါန်းပြီးလျှင် စေတီတော်အား လက်ယာရစ်လှည့်လည်ပါ။ စိတ်မှလည်း ဘုရားဂုဏ်တော်များကို အာရုံပြု ရွတ်ဆိုပူဇော်ပါ။

၁။ ထိုသို့ လက်ယာရစ်လှည့်လည် ပူဇော်ရင်း **အရှေ့မြောက်ထောင့် တနင်္ဂနွေထောင့် ရောက်ပါက** ဘုရားရှင်အား ရှိခိုးပြီး **"အောင်"** ဟု ရွတ်ဆိုပူဇော်ပြီး ရှေ့သို့ ဆက်၍ လှည့်လည် ပူဇော်သွားပါ။ တောင်အရပ်သို့ရောက်လျှင် ပထမပတ် ပြီးဆုံးပါပြီ။

၂။ ထို့နောက် **ထို တောင်အရပ်မှစ၍** လက်ယာရစ်လှည့်လည် ပူဇော်ရင်း **အရှေ့တောင်ထောင့်၊ အင်္ဂါထောင့်ရောက်ပါက** ဘုရားရှင်အား ရှိခိုးပြီး **"ဇေ"**ဟု ရွတ်ဆို ပူဇော်ပါ။ ရှေ့သို့ ဆက်လက် လှည့်လည် ပူဇော်သွားပါ။ တောင်အရပ်သို့ ရောက်လျှင် ဒုတိယပတ် ပြီးဆုံးပါပြီ။

၃။ အထက်ပါအတိုင်း လက်ယာရစ် လှည့်လည်ပူဇော်ရင်း **အနောက်မြောက်ထောင့်၊ ရာဟုထောင့်ရောက်ပါက** ဘုရားရှင်အား ရှိခိုးပြီး**"ယျ"**ဟု ရွတ်ဆို ပူဇော်ပါ။ တတိယပတ်။ ***(ဆက်လက် ပူဇော်ရန်မှာ အထက်အတိုင်း ဖြစ်သည်။)***

၄။ **အနောက်တောင်ထောင့်၊ စနေထောင့်ရောက်ပါက** ဘုရားရှင်အား ရှိခိုးပြီး **"တု"**ဟု ရွတ်ဆို ပူဇော်ပါ။ **(စတုတ္ထပတ်)**

၅။ **မြောက်အရပ်၊ သောကြာအရပ်ရောက်ပါက** ဘုရားရှင်အား ရှိခိုးပြီး**"သဗ်"**ဟု ရွတ်ဆို ပူဇော်ပါ။ **(ပဉ္စမပတ်)**

၆။ **အနောက်အရပ်၊ ကြာသပတေးအရပ်ရောက်ပါက** ဘုရားရှင်အား ရှိခိုးပြီး**"ဗ"**ဟု ရွတ်ဆို ပူဇော်ပါ။ **(ဆဋ္ဌမပတ်)**

၇။ **အနောက်အရပ်၊ ကြာသပတေးအရပ် ရောက်ပါက** ဘုရားရှင်အား ရှိခိုးပြီး**"မင်"**ဟု ရွတ်ဆို ပူဇော်ပါ။ **(သတ္တမပတ်)** အနောက်အရပ်အတွက် (၂)ပတ်လှည့်ရမည်ကို သတိပြုပါ။

၈။ **အရှေ့အရပ်၊ တနင်္လာအရပ်ရောက်ပါက** ဘုရားရှင်အား ရှိခိုးပြီး **"ဂ"**ဟု ရွတ်ဆို ပူဇော်ပါ။ **(အဋ္ဌမပတ်)**

၉။ **တောင်အရပ်၊ ဗုဒ္ဓဟူးအရပ်ရောက်ပါက** ဘုရားရှင်အား ရှိခိုးပြီး**"လံ"**ဟု ရွတ်ဆို ပူဇော်ပါ။ **(နဝမပတ်)**

ထို့နောက် ထိုတောင်အရပ်မှာပင် ဘုရားရှိခိုး၍ **အောင်ဇေယျတု သဗ္ဗမင်္ဂလံ (၃)ကြိမ်** ရွတ်ဆို ပူဇော်ပါ။ လိုရာဆုတောင်းပါ။ မေတ္တာပို့ပါ။ အမျှဝေပါ။

ဤသို့လျှင် စေတီတော်အား (၉) ပတ် ပူဇော်ရပါမည်။ ဆရာကြီး ကိုယ်တွေ့အနေဖြင့် ရန်ကုန်မြို့သို့ ရောက်နေစဉ် သင်္ကြန်ကာလနှင့် တိုက်ဆိုင်နေသဖြင့် ကားလက်မှတ်အခက်အခဲနှင့် ကြုံတွေ့နေ၏။

ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် အဓိဋ္ဌာန်ဝင်လိုက်ရာ နာရီပိုင်းအတွင်း ကားလက်မှတ် အဝင်ပြေသည့်အပြင် လမ်းစရိတ် စားစရိတ်များပင် ပေးလှူမည့်သူပေါ်လာသဖြင့် ရမည်းသင်းသို့ ကောင်းမွန်စွာ ပြန်ခဲ့ရသည်။

မည်သို့ဆိုစေ အောင်မြင်ကြောင်း တရားလေးပါးကို သိရှိလိုက်နာပြီး ဘုရားရှင်၏ အောင်ဓာတ်ကို ယူ၍ ပူဇော်ကြသူများသည် အောင်ဓာတ်များကူးစက်ကာ အောင်မြင်မှုများ ရရှိမည်မှာ အမှန်ပင်ဖြစ်ပါသည်။

တက္ကသိုလ်ဝင်တန်း ဖြေထားသူများ၊ လုပ်ငန်းခွင်ဝင်ခွင့် စောင့်နေသူများ၊ စီးပွားရေးသမား၊ ရာထူးတိုးမြှင့်လိုသူများ၊ ထီဝါသနာရှင်များ စသည်ဖြင့် အောင်မြင်မှုကို လိုလားကြကုန်သောသူတို့သည် ဤကျင့်စဉ်ကို မကြာမကြာကျင့်နိုင်ကြ၍ အောင်မြင်မှုများ ရရှိ ခံစားနိုင်ပါစေဟု ဆန္ဒပြုအပ်ပါသည်။

ကျော်(ရမည်းသင်း)


www.burmeseclassic.com

www.burmeseclassic.com

# မုန်လာဥပင်မှ

## မျိုးစေ့ပြန်ထားလိုလျှင်

ကျွန်တော်သည် မြစ်ဝကျွန်းပေါ်ဒေသ ရောဝတီမြစ်ကမ်းနံဘေးရှိ ရွာလေးတစ်ရွာတွင် နေထိုင်သူ ဖြစ်ပါသည်။ ကျွန်တော်တို့ ရွာသားများသည် ကိုင်းလုပ်ငန်းကို လုပ်ကိုင်သူများ ဖြစ်ကြသည်။

ရွာသားများနှင့်အတူ ကျွန်တော်၏ ဘကြီးဖြစ်သူ ဦးပါတူသည်လည်း ငယ်စဉ်ကတည်းကပင် ကိုင်းလုပ်ငန်းကို ကျွမ်းကျင်စွာ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်ခဲ့သူဖြစ်၏။

ယခုအချိန်တွင် ဘကြီးပါတူမှာ အသက်အရွယ်ကြီးပြီဖြစ်၍ အလုပ်မလုပ်နိုင်တော့ပါ။

သူအနားယူချိန်တွင် ကိုင်းလုပ်ငန်းကို သားသမီးများကဆက်လက်တာဝန်ယူကာ လုပ်ကိုင်နေကြပါသည်။

ဆောင်းဥတုကာလ ကိုင်းလုပ်ငန်းချိန် တစ်နေ့သော နံနက်ပိုင်းတွင် ရွာထဲရှိ ဘကြီးပါတူအိမ်ဆီသို့ လျှောက်သွားနိုက် ဘကြီးပါတူ၏ အိမ်ရှေ့ ဘူးစင်အောက်တွင် စည်းထားသော မုန်လာဥအစည်းများကို တွေ့လိုက်ရသည်။

ကျွန်တော်သည် ဘူးစင်အောက် ကွပ်ပျစ်ပေါ်တွင် ထိုင်နေသော ဘကြီးပါတူ အနားသို့ ဝင်ထိုင်ရင်း...

'ဘကြီး မုန်လာဥတွေက ဘကြီးတို့ ကိုင်းထဲက ထွက်တာတွေလား'

'အေး ဒီမနက်ပိုင်း စောစောကမှ ကိုင်းထဲက နုတ်ယူလာကြပြီးစည်းထားကြတာကွ။ ရွာထဲက ဈေးသည်တွေ သူတို့ ပြန်ရောင်းဖို့ လာဝယ်ကြလို့ အဆင်သင့် လုပ်ထားတာ'

'ကောင်းတာပေါ့ ဘကြီးရယ် အဆင်ပြေတာပေါ့။ ကိုင်းကုန်တွေ မပေါ်သေးမီ အခုလိုအချိန်မှာ အခုလို ကိုင်းထဲ ထည့်စိုက်ထားတဲ့ ကုန်စိမ်းက အပိုဝင်ငွေ ရတာပေါ့'

'အေး ဟုတ်တယ်ကွ။ ကိုယ့်ကိုင်းထဲမှာ သီးညှပ်အဖြစ် မုန်လာ၊ ချဉ်ပေါင်၊ ဆူးပန်းစတဲ့ သက်နုစားသုံးပင်တွေကို စိုက်သင့်တယ်။

ငါ ကိုင်းထဲဆင်းပြီး လုပ်ကိုင်ခဲ့တဲ့ အချိန်ကလဲ ကိုင်းထဲမှာ သီးညှပ်အဖြစ် ကုန်စိမ်းပင်တွေကို ထည့်စိုက်ခဲ့တာပဲ။ အပိုဝင်ငွေအဖြစ် အတော် အထောက်အကူရတာပေါ့ကွာ'

ဘကြီးပါတူ ပြောသည်မှာ မှန်ပါသည်။ ကျွန်တော်တို့ အသိအမြင်ဖြစ်ခဲ့ပါသည်။ ကျွန်တော်က...

'ဒါနဲ့ ဘကြီး အခုဘကြီးတို့ကိုင်းထဲကထွက်တဲ့ မုန်လာဥတွေက ကိုယ့်မျိုးနဲ့ကိုယ်ထားပြီး စိုက်တာလား၊ ဝယ်စိုက်တဲ့ မျိုးတွေလား'

'နှစ်တိုင်း စိုက်ခါနီးချိန်ကျမှ တို့အိမ်ကလူတွေ မြို့ကို သွားဝယ်ပြီး စိုက်တယ်ဆိုတာ သိရတယ်။ ကိုယ့်မျိုးနဲ့ကိုယ်စိုက်တာ မဟုတ်ဘူး'

'အခုစိုက်တဲ့ မုန်လာဥမျိုးကို အပင်က မျိုးပြန်မယူဘူးလား'

'ပြန်မယူကြဘူးကွ။ ဘကြီးလုပ်ခဲ့တုန်းကတော့ ကိုယ်စိုက်ပျိုးတဲ့အပင်ကပဲ မျိုးပြန်ထား၊ ပြန်ယူပြီး ကိုယ့်မျိုးနဲ့ကိုယ်ပဲ စိုက်ခဲ့တယ်'

ဘကြီးပါတူ၏ စကားအရ မုန်လာဥမျိုးထားသည်နှင့်ပတ်သက်၍ စိတ်ဝင်စားသွားပြီး...

'ဘကြီးရယ် ကျွန်တော်လဲ မျိုးဝယ်စိုက်ရတာပါပဲ၊ ကိုယ့်မျိုးနဲ့ကိုယ် စိုက်ချင်ပါတယ်။ မျိုးမထားတတ်လို့ပါ။ ကိုယ်စိုက်တဲ့အပင်ကို ဘယ်လိုမျိုးပြန်ရအောင် လုပ်သလဲဆိုတော့ ပြောပြပါလား ဘကြီး'



ကျွန်တော်က တောင်းဆိုလို၍ ဘကြီးပါတူက ပြောပြသည်မှာ...

'အေး ဒီလိုကွ။ မုန်လာဥမျိုးကို မျိုးစေ့ပြန်ရအောင် ဘယ်လို ထားသလဲဆိုတော့ မုန်လာဥတွေ ရင့်လာတဲ့အချိန်မှာ မုန်လာဥရဲ့ အလယ်လောက်ကနေ အောက်ခြေအရင်းပိုင်းအထိ တူရွင်းကလေးနဲ့ ထိုးခွဲပေးလိုက်၊ မုန်လာဥရဲ့ အလယ်သားအထိ ခွဲရာပေးပြီး သင်းကွပ်ပေးတဲ့ သဘောပေါ့။

အဲဒီလို လုပ်ပေးလိုက်လို့ အပင်က မသေသွားဘူး။ ဆက်လက်ရှင်သန်ရင်းနဲ့ သူ့အပင်ကနေထွက်လာတဲ့ အသီးတွေဟာ အောင်မြင်တဲ့မျိုးစေ့တွေဖြစ်ပြီး မျိုးပြန်ယူလို့ ရတာပေါ့ကွာ'

ကျွန်တော်သည် ဘကြီးပါတူပြောပြ၍ သဘောကျ နှစ်သက်သွားသည်။ ကျွန်တော့်ကိုင်းထဲတွင်လည်း မုန်လာဥပင်တွေအနည်းငယ်စိုက်ပျိုးထားသည်။

ဘကြီးပါတူ ပြောသည့်အတိုင်း မျိုးထားသည့်နည်းကို လုပ်ကိုင်ကြည့်မည်။ အောင်မြင်မည်ဟုလည်း ယုံကြည်မိသည်။

ကျွန်တော်သည် မိမိသိလိုသည်ကို သိရှိရ၍ ကျေးဇူးတင် ဝမ်းသာစိတ်များဖြစ်လျက် ကျေနပ်ပီတိဖြစ်ရင်း ဘကြီးပါတူအိမ်မှ ပြန်ခဲ့ပါသည်။

**ကိုမောင်ကျော်လှိုင်(မအူပင်)**




www.burmeseclassic.com

www.burmeseclassic.com

ထူးခြားဆန်းပြား

# ဖြစ်ရပ်ဆန်းများ

ကသာ သင်းမြင့်



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စကားကုန်းအုပ်စု ရွှေပြည်သာ မူလတန်းကျောင်း ဖဲညီတွေ့ရှိသော ကျောင်းဆောင်ဖြစ်ပါသည်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ်(၃၃၁)၊ စာမျက်နှာ(၂၃၆) နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် "မြေလှန်သူနှင့် ကတိမတည်သူတို့၏ နိဂုံး" ခေါင်းစဉ်ဖြင့် ဖြစ်ရပ်မှန်ကို လူပုဂ္ဂိုလ်အမည်၊ ရွာအမည် လွှဲ၍ ရေးသားခဲ့ပါသည်။

ထိုဆောင်းပါးတွင် ပါသည့်အတိုင်း စာရေးသူ၏သမီးသည် ကသာမြို့နယ်၊ ချောင်းဝရွာ မူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေရာမှ ပြောင်းရွှေ့လျှောက်လွှာ အလျှောက်များသဖြင့် ရွှာ မတည်ရသေးသော်လည်း 'ရွာအမည်တပ်ထားပြီး ကြိခင်းတွေကြား ဆောက်ထားသော ရွှေပြည်သာ မူလတန်းကျောင်းသို့ ရောက်သွားခဲ့ပါသည်။

စာရေးသူကိုယ်တိုင် အငြိမ်းစား ဝန်ထမ်းဖြစ်၍ အားနေသဖြင့် သမီးထံသို့ တစ်လတစ်ခါ သွား,သွားပေးနေပါသည်။ ထိုရွာ ထိုကျောင်း ဖြစ်မြောက်ရေးအတွက် အားတက်သရော လုပ်ဆောင်နေသူ စေတနာရှင် ဦးဝင်းနိုင်တို့အိမ်သို့ အလည်အပတ် နေ့စဉ်သွားရာမှ ဦးဝင်းနိုင် ပြောပြသည့် ဖြစ်ရပ်မှန်အကြောင်း ဖြစ်ပါသည်။

ဤဆောင်းပါးပါ အကြောင်းအရာသည်လည်း ဦးဝင်းနိုင်တို့ ဆွေမျိုးမိသားစုတို့ ကိုယ်တိုင် ကြုံတွေ့ရသော ဖြစ်ရပ်မှန်ပင်ဖြစ်ကြောင်း စာရေးသူ ဝန်ခံပါသည်။

တတိယမြောက် ပြောကြားရန် တိုက်ဆိုင်လာသည်မှာ **၂၀၁၄ ခုနှစ်၊ မတ်လ၊ အမှတ်(၃၃၂)၊ စာမျက်နှာ (၂၉၇) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**တွင်ပါသော **ကြည်လှိုင်(ရွှေကူ)** ရေးသားသည့် **"ဥစ္စာစောင့်၏ပဟေဠိ အဖြေညှိမိသူ"**ခေါင်းစဉ်ပါ ဂမ္ဘီရဝတ္ထုကို ဖတ်ရသဖြင့် ဖြစ်ပါသည်။

ယခု သမီးရောက်နေသော ရွှေပြည်သာရွာ ဆိုသည်မှာ **စကားကုန်းအုပ်စုထဲမှာရှိသော** ယင်းခဲတောအတွင်း ဖြစ်ပါသည်။

ထိုဂမ္ဘီရဝတ္ထုတွင် စကားကုန်းရွာ၏ တောင်ဘက်တွင် သားမျိုးစုံစွာပေါတဲ့ ရဂုံမြိုင်ကြီးရှိပြီး စာရေးသူ(ကြည်လှိုင်)အား ထိုတောကြီးအတွင်း ခေါ်သွားရာမှ လက်ဝတ်ရတနာမျိုးစုံ ဝတ်ထားပြီး နှာတံပေါ်ပေါ်နှင့် အမျိုးသမီးကို တွေ့ရ၏။ ထိုအမျိုးသမီးက. . .

'ယြော် တစ်ချိန်က မောင်တော် အပိုင်စားရတဲ့ ယင်းခဲမြို့ရဲ့ မြောက်တံခါးကိုမင် သဘော်ဆိပ်လေ'

ဟု ပြောပါသည်။ အမှန်က ပုံနှိပ်မှားခြင်း ဖြစ်ပါမည်။ ယင်းစဲ မဟုတ်ပါ။ **ယင်းခဲတောကြီး** ဖြစ်ပါသည်။ စာရေးသူတို့ငယ်စဉ်ကလည်း ယင်းခဲမြို့ဟောင်း ရှိခဲ့သည်ဟု ပါးစပ်ရာဇဝင်အရ သိခဲ့ပါသည်။

* * *

## အင်ပင်ကြီး ပျောက်သွားခြင်း

ဦးဝင်းနိုင်သည် ထူးဆန်းသော ဖြစ်ရပ်ကို ကြုံတွေ့ရသဖြင့် မှတ်မှတ်သားသားဖြစ်အောင် သူ၏ စာအုပ်ထဲတွင် ရေးမှတ်ထားပါသည်။ ဒိုင်ယာရီစာအုပ်လိုမျိုး မဟုတ်ပါ။ ကြုံရာဆုံရာ မှတ်ထားသော ဗလာစာအုပ် ဖြစ်ပါသည်။

၁၃၆၇ ခုနှစ်၊ ဘန်ခူးလဆန်း(၄)ရက် (၂၀၀၅ ခုနှစ်)နေ့တွင် လေမုန်တိုင်း တိုက်လာသည်။ လေမုန်တိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား ဖြစ်သည်။ အနောက်တောင်လေဖြစ်သည်။ ဦးဝင်းနိုင်တို့နေသော ကြံခင်းတဲကို ခွဲပြီးတိုက်သဖြင့် အံ့သြစွာ ကြည့်နေကြသည်။ တကယ်ဆို တစ်ပြင်လုံး တိုက်ခတ်သွားရမည် ဖြစ်သည်။

ထိုစဉ် တဲနှင့် အတောင်(၂၀၀)ခန့် အကွာရှိ အင်ပင်ကြီး လဲသွားသံကို ကြားလိုက်ကြရသည်။ ထိုအင်ပင်ကြီးမှာ တဲ၏ တောင်ဘက်တွင်ရှိပြီး လူကြီး တစ်ဖက်စာခန့် လုံးပတ်ရှိ၍ ရှည်ရှည်ပြန့်ပြန့်ဖြစ်သည်။

အင်ပင်ကြီး လဲကျသွားသည့် အသံကို ကြားရသဖြင့် တဲ၏ မီးဖိုဆောင်မှ ထွက်ကြည့်ကြရာ မြင်နေကျ အင်ပင်ကြီး မရှိတော့ကြောင်း သိရပြီး ကြံပင်များ ကွယ်နေသဖြင့် အင်ပင်ကြီးကိုလည်း မမြင်ကြရပါ။


လေမုန်တိုင်းသည် နေ့လယ်(၂)နာရီမှ ညနေ(၄)နာရီအထိ ကြာပါသည်။ ညနေ (၄း၃၀)နာရီခန့်တွင် လေမုန်တိုင်းကြီး ငြိမ်သွားသောအခါ ဦးဝင်းနိုင်နှင့် ဦးလှဦးတို့ အင်ပင်ကြီး ရှိရာသို့ သွားကြည့်ကြပါသည်။

ဦးလှဦးမှာ ထိုစဉ်က ဦးဝင်းနိုင်နှင့် အတူနေသော ဦးဝင်းနိုင်၏ သူရင်းငှား ဖြစ်ပါသည်။

အင်ပင်ကြီး လဲနေသည်မှာ ထူးဆန်းပါသည်။ အင်ပင်၏ အမြစ်ဆုံတစ်ခုလုံး မြေကြီးပေါ် ပေါ်လာ၍ ထိပ်အကိုင်းဖျားများက မြေကြီးကို ထောက်နေသည်။ သစ်မြစ်ဆုံ ဖွာထွက်နေသော နေရာတွင် မြေကျင်းကြီး ဖြစ်နေသည်။

အင်ပင်ကြီး၏ သစ်ခက်ကလေးများ သစ်ရွက်များလည်း ကျိုးကြေ ပြန့်ကြဲမနေသဖြင့် ထူးဆန်းနေသည်။

ပင်စည်ကြီးမှာလည်း တဖြောင့်တည်းဖြစ်ပြီး သစ်မြစ်နှင့် သစ်ကိုင်းကြီးများ၏ ထောက်ထားမှုကြောင့် တန်းတန်းကြီးဖြစ်နေသည်။ မြေကြီးနှင့် လုံးဝ မထိပါ။



ဖဲ့ခုသီတော့ရှိသော ကျောင်းဝင်းအတွင်းရှိ ထရာပနေအိမ်

ဦးဝင်းနိုင်နှင့် ဦးလှဦးတို့သည် ထို အင်ပင်ကြီးပေါ်တက်ပြီး နှံ့နှံ့စပ်စပ် လျှောက်ကြည့်ခဲ့ကြပါသည်။

'တို့ကတော့ ပွတာပဲ။ သစ်ခိုးထုတ်တဲ့သူတွေ မသိခင် မနက်ဖြန်စောစော ဒီအင်ပင်ကြီးကို ခုတ်ယူထားလိုက်ရင် အိမ်တစ်ဆောင်စာတော့ ရမှာသေချာတယ်'

ဟု နှစ်ယောက်သား ပြောကြပြီး ဝမ်းသာနေကြသည်။

ဦးဝင်းနိုင်၏ စိတ်ထဲတွင် မနက်ဖြန်ကျ ကိုညွှန့်ရွှေပါ ခေါ်ပြီးဖြတ်ကြမယ်ဟု ဆုံးဖြတ်ထားလိုက်ပါသည်။

ဦးညွှန့်ရွှေ ဆိုသူမှာ ဦးဝင်းနိုင်၏ အစ်မရင်းဖြစ်သူ မခင်သိန်း၏ ယောကျ်ားဖြစ်သည်။ ကြံခင်း လာလုပ်ကြသူများဖြစ်၍ အရေးအကြောင်း ကြုံလျှင် ဝိုင်းဝန်းကူညီကြသူများ ဖြစ်သည်။

ဤသို့ဖြင့် နောက်တစ်နေ့စောစော ဦးအုန်းရွှေကို အကျိုးအကြောင်းပြောပြီး ခေါ်လာခဲ့သည်။ ထို့နောက် အင်ပင်ကြီးရှိရာသို့ လွှကြီးလွှငယ်၊ ဓားများ ယူပြီး သွားကြသည်။

အင်ပင်ကြီး လဲကျနေသည့် နေရာ ရောက်သော် မယုံကြည်နိုင်စရာ တွေ့ရ ပါသည်။ လဲကျနေသော အင်ပင်ကြီး တစ်ပင်လုံး အစအနပင် ရှာမတွေ့ သစ်ကိုင်းသစ်ခက်များလည်း လုံးဝ မရှိပါ။

သစ်မြစ်ဆုံကြီး မြေကြီးမှ ကျွတ် ထွက်သဖြင့် ဖြစ်ပေါ်နေသော ချိုင့်ခွက် ကြီးလည်း မရှိတော့ဘဲ ပကတိမြေသား ဖြစ်နေသည်။ ကြံပင်များမှာလည်း သစ်ပင်ပိ၍ ကျိုးကြေနေခြင်းမရှိ သစ်ပင်လဲရာ အရာလည်း ဖြစ်မနေ ရှိမြဲတိုင်းပင် ရှိနေသည်။

ဦးဝင်းနိုင် တစ်ယောက်တည်း သွားကြည့်သည် ဆိုလျှင်လည်း မျက်စိ မှောက်မှား၍လားဟု ပြောစရာ ဖြစ် မည်။ ယခုတော့ ဦးလှဦးပါ ကိုယ်တိုင် ကိုယ်ကျ တွေ့ခဲ့ကြရပြီးဖြစ်သည်။ ဦးညွှန့်ရွှေက...

'မင်းတို့ကို တစ္ဆေခြောက်တာပါကွာ မရှိတာကို အရှိလို့ မြင်ခဲ့တာဖြစ်မှာပါ'





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောခဲ့ပါသည်။

ခက်သည်က ဦးဝင်းနိုင်ရော ဦးလှဦး ပါ ထိုအင်ပင်ကြီးပေါ် တက်ကြည့်ပြီး အရင်းအဖျား ..ပျောက်ကြည့်ခဲ့ကြ သည်ဖြစ်၏။ ညနေဆိုသည်မှာ အလင်းရောင် မပျောက်သေးမီဖြစ်ပြီး ဖြစ်ပြီး မြင်မြင်ထင်ထင်ဖြစ်၍ တစ္ဆေ ခြောက်သည်ဟု ပြောရအောင်က လည်း မဖြစ်နိုင်။ ပဟေဠိသဖွယ် ဖြစ် နေပါသည်။

ထို့ကြောင့် ဦးဝင်းနိုင်သည် မေ့မေ့ ပျောက်ပျောက် မဖြစ်အောင် စာနှင့် ရေးမှတ်ထားခြင်းဖြစ်ပြီး စာရေးသူ အား သူ မှတ်ထားသည်ကို ပြလည်းပြ ပြောလည်းပြောပါသည်။

စာရေးသူ၏ စိတ်ထဲတွင် (၂) ယောက်စလုံး ပြောပြ၍သာ ယုံရပါ သော်လည်း မယုံနိုင်စရာ **"ထူးခြား ဆန်းပြားဖြစ်ရပ်ဆန်း"**ဟု မှတ်ချက် ချလိုက်ပါသည်။

* * *

**ထူးဆန်းသောဖရဲသီး စားကြရခြင်း**

၁၃၆၇ ခုနှစ်တွင်သာဖြစ်သည်။ ပါခေါင်လ နှမ်းကြဲရန် ယခုရှိ စာသင် ကျောင်းဝင်းနေရာသည် ဖုန်းဆိုးမြေ ဖြစ်၍ ရှင်းလင်းကြပါသည်။ ယခု စာသင်ကျောင်းနှင့် ဆရာမ နေအိမ် အကြားတွင် ဖြစ်သည်။

ထိုစဉ်က သစ်ငုတ်ကြီးများ ရှိသည်။ ဆရာမ အိမ်၏ ခေါင်းရင်းဘက် (၁၅) ပေခန့်အကွာတွင်ရှိ သစ်ငုတ်ကြီးမှာ (၃)ပေခန့် မြင့်ပါသည်။ ထိုငုတ်ကြီး ပေါ်သို့ ဦးညွန့်ရွှေက တက်တက်ပြီး သူ့ကွဲများကိုကြည့်သည်။

စာသင်ကျောင်းနှင့် ဆရာမနေသော အိမ်ကြားတွင်ရှိသော သစ်ငုတ်က အစ်တောင်သာသာခန့်သာ မြင့်ပြီး



ရှည်ညည်သော မူလတန်းကျောင်းဝင်း အဖြစ် လူသိများသောသူမြင်၍
သစ်ပင်လဲပြီးနှင့် ဖရဲသီး ရရှိသည်တို့ကို ပြောပြသော ဦးဝင်းနိုင် မိသားစုဓာတ်ပုံ

ဂျာမထီချုံ (ကုန်းမေဒါဟုလည်း ခေါ်၊ ဝံသာနုပင်ဟုလည်းခေါ်)ကြီး ရှိသည်။

နွေရာသီက မီးလောင်ထားသဖြင့် အောက်ခြေတွင် ပြာများရှိသည်။ မီးလောင်ထားသော ချုံဖြစ်သည်။ ထို ချုံကို ဦးလှဦးမှ ရှင်းရာ ပြာပုံထဲတွင် မည်းမည်းအလုံးကြီးတစ်လုံးကို တွေ့ရ သည်။

ဦးညွန့်ရွှေအား ခေါ်ပြပြီးနောက် ဘာသီးကြီး ဖြစ်မည်လဲဟု မှန်းဆမရ နိုင်ကြပါ။ ထိုအလုံးကြီးကိုယူပြီး ကျွဲလှူး ထားသော အိုင်ထဲတွင် ဆေးလိုက် ကြပါသည်။

အခွံက အစိမ်းပုပ်ရောင်ရှိသော အလုံးကြီး ဖြစ်လာသည်။ နွေရာသီက မီးလောင်ထားသဖြင့် မည်သည့် နွယ်ပင်၊ သစ်ပင်လည်းမရှိဘဲ ပြာပုံထဲ တွင်သာ ရှိနေသော ထိုအသီးကြီးကို ကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေ ကြသည်။

နဂါးဥဆိုလျှင် ဖြူဖြူဖွေးဖွေး ဖြစ်နေ ရမည်။ မြွေဥဆိုလျှင်လည်း ယခုရှိသော စိတ်တောင်းလောက် မကြီးနိုင်။

သို့ဖြင့် ထိုအလုံးကြီးကို ဦးဝင်းနိုင် တို့တဲပေါ်သို့ ယူလာကြသည်။ ထို အလုံးကြီးကို စူးစမ်းလိုသော စိတ်က ပေါ်လာကြပါသည်။

အကောင် တစ်ကောင်ကောင်၏ ဥတော့ မဖြစ်နိုင်၊ အခွံက အစိမ်းရောင် ဖြစ်၍ အသီးလုံးကြီးတစ်လုံး ဖြစ်မည် မှာ သေချာသည်ဟု တွက်ဆကြ သည်။

ဦးလှဦးက ထိုသစ်သီးလုံးကြီးကို ထက်ခြမ်းခွဲလိုက်ရာ နီရဲနေသော အသားများ ပေါ်လာပြီး အရည်ရွှမ်းနေ သည်။ ဖရဲသီးဖြစ်မှာ သေချာသည်။ သို့သော် အစေ့မပါ။ ပါသော အစေ့ ကလေးတွေကလည်း ပျော့ဖတ်ဖတ် ကလေးများဖြစ်သည်။

ဦးလှဦးကပင် ဓားဦးနှင့်ထိုးပြီး အသားကို စားကြည့်လိုက်ရာ ဦးဝင်းနိုင် တို့အားလုံးက ဘာများ ပြောမလဲ၊ ဘာဖြစ်သွားမလဲဟု စူးစမ်းသော အကြည့်ဖြင့် ကြည့်နေကြသည်။

'ချိုလိုက်တာ ဖရဲသီးကြီးပါ'



www.burmeseclassic.com

www.burmeseclassic.com



◆ အင်းပင်ကြီး လဲကျသည့်နေရာကို ပြသော ဦးဝင်းနိုင်နှင့် ဦးလှဦး

ဟု ဦးလှဦးကလည်း ပြောလိုက်ရာ တစ်အိမ်လုံး ဝိုင်းပြီး စိတ်ခြမ်းစားဖြစ်သွားကြပါသည်။ ကျန်တစ်ခြမ်းကိုတော့ ဦးဝင်းနိုင်က အစ်မဖြစ်သူ မခင်သိန်းလည်း စားရအောင် ပေးလိုက်ပါသည်။

၂၀၀၉ ခုနှစ်တွင် ဖရဲသီးရသော မြေကွက်တွင် တွဲဖက်မူလတန်းကျောင်း ဆောက်ပါသည်။ ဦးဝင်းနိုင်က မြေကွက်ကို ခေတ္တ လှူထားခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ်၊ ဖွန်လတွင် အမှတ် (၁၁၇) အစိုးရမူလတန်းကျောင်း ဖြစ်လာပြီး ဆရာမ နေရန် အိမ်လေး တစ်လုံး ဆောက်ပေးထားသည်။ စာရေးသူ၏သမီး ရောက်တော့ နေစရာ အိမ်အသင့် ဖြစ်နေပါပြီ။

ဤသို့ ထူးဆန်းသော ဖရဲသီးကို ရပြီး စားကြရကြောင်းကို ဦးဝင်းနိုင်က ပြောပြရာ စာရေးသူအား ဆရာကြီး ပန်းချီဦးဘသော် ပြောခဲ့သော စကားကို အမှတ်ရမိသွားပါသည်။

စာရေးသူတို့ ငယ်စဉ်က ကသာ အထက်တန်းကျောင်းတွင် ကာယ၊ ပန်းချီ၊ စက်မှု ဟူ၍ ဆရာကြီးများ ရှိကြပါသည်။

ပန်းချီဆရာကြီး ဦးဘသော်က ပန်းချီသင်ရင်း ရယ်စရာများ ပြောတတ်သဖြင့် ဆရာကြီး၏ အချိန်ရောက်လျှင် ပန်းချီသင်ရတာ ပျော်ကြပါသည်။

'ကျွန်တော် ငယ်ငယ်က ဆရာကြီးပြောတာ မှတ်မိတယ်။ ရွာအမည်တွေ ဘာတွေတော့ မသိတော့ဘူး။ ဘုန်းကြီးတစ်ပါးဟာ ရွာအပြင် တောကျောင်းမှာ တစ်ပါးတည်းနေပြီး တရားအလုပ် လုပ်တယ်။ တရားအလုပ် ပျက်မှာစိုးလို့ လူတွေ သူ့ဆီ လာတာ မကြိုက်ဘူး၊ မောင်းထုတ်တယ်။

ဒါနဲ့ အိမ်းလာတော့ ဘုန်းကြီးက ဒကာ ရင်းတွေလောက်တော့ လက်ခံပေမယ့် ကြာကြာစကားမပြောဘူး။ တစ်နေ့ မနက်မှာ ငါ ဖရဲသီးစားချင်တယ်လို့ ဒကာတွေကို ပြောသတဲ့။ ဒကာတွေကလဲ ဒီအချိန် ဖရဲသီး မရှိတဲ့အချိန်ဆိုတော့ ဝယ်မကပ်နိုင်ဘူးပေါ့။

ဒါပေမယ့် နေ့ဆွမ်းဘုဉ်းပေးအပြီး တံငါသည် တစ်ဦးက ပိုက်ထဲငြိလာတဲ့ ဖရဲသီးတစ်လုံး ရသတဲ့။ ဘုန်းကြီး ဘုဉ်းပေးချင်တယ်လို့ ပြောထားတယ်လို့ သိလို့ ဘုန်းကြီးဆီ ဖရဲ သီးလာကပ်သတဲ့။

ရွာသားတွေကလဲ ဒီအချိန် ဖရဲသီးပေါ်ချိန်
မဟုတ်ဘဲ ဘယ်လိုကဘယ်လို ချောင်းထဲ
ရောက်လာသလဲပေါ့။ ဘုန်းကြီးရဲ့ သိ
သမာဓိ တန်ခိုးပဲဆိုပြီး ဘုန်းကြီးကို တော
တော်ကိုကြည်ညိုကြသတဲ့'

ဟု စာရေးသူက ဆရာကြီး
ဦးဘသော် ပြောထားသော စကားကို
မှတ်မိသရွေ့ ဦးဝင်းနိုင်အား ပြောပြပါ
သည်။

ထိုအခါ ဦးဝင်းနိုင်က...

'ဒါဆို ဆရာကြီး သိထားတဲ့ ဖရဲသီး
တောင့်တတဲ့ ဘုန်းကြီးဟာ ငါးတဲလေး
ဆရာတော်ပြောတဲ့ ဘုန်းကြီးပဲ ဖြစ်မှာ
ပါ'

ဟု ပြန်ပြောပါသည်။

'ငါးတဲလေး ဆရာတော်ဆိုတာ
ဓမ္မဗျူဟာမှာ သနေ့ ဗုဒ္ဓဝါဒဆိုင်ရာ
အမေးအဖြေ သုပ်နေတဲ့ ကသာမြို့
ရွှေလီငါးတဲဆရာတော်ကို ပြောတာ
လား၊ ကသာဆွေဝင်းအမည်နဲ့
ကဗျာဆောင်းပါးတွေ ရေးတယ်
သိရတယ်။ ဘွဲ့တော်ကိုတော့ မသိဘူး

ဟု စာရေးသူက ပြန်ပြောပါသည်။

'ဟုတ်ပါတယ် ဘွဲ့တော်က ဦးဝိ
မိန္ဒတဲ့'

'ဆရာတော် မိန့်သွားတာကို
ပြောပြပါဦး'

'ဒီလို ဆရာကြီးရဲ့ ယခု ရှိနေ
မူလတန်းကျောင်းက ယာယီ
နောက် ရွာတည်ပြီးသွားရင် ကျောင်း
မြေနေရာ သတ်မှတ်ပြီးတော့ ရွှေ
ပါ။ ဒါပေမယ့် ဆရာကြီး သိတဲ့အတိုင်း
ရွာက မ,တည်ရသေးတော့ ဖရဲသီး
ဘုန်းကြီးကျောင်းလို့လဲ မရှိသေး
မဟုတ်လား။ ဒီတော့ အခါကြီးရက်ကြီး
ကျရင် စကားကုန်း သပြေပင်ဆ
တော်တွေကိုပင့်ပြီး စာသင်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းကပ်ကြ၊ တရားနာကြ၊ ဥပုသ်စောင့်ကြရတာပေါ့။

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ)တုန်းက ငါးတဲလေးဆရာတော်ကို သီတင်းကျွတ်လဆန်း(၁၄)ရက် ညအိပ်အမီပင့်ပြီး တရားနာကြတယ်။ လပြည့်နေ့ကျတော့ ရွာသားတွေအားလုံး သီလယူကြတယ်။


ဆရာတော်ကို ထူးထူးခြားခြား ဖရဲသီး စားရတဲ့အကြောင်း ပြောပြတယ်။ ဒီတော့ ဆရာတော်က ပြန်ပြောတယ်။ ဘုန်းကြီးတို့ မမွေးခင်ကပေါ့။ လူကြီးတွေ ပြောပြလို့ သိခဲ့ရတယ်။

ကသာမြို့ အရှေ့ဘက်ကမ်းက ပုလွေရွှေရွာအောက်နားကနေ မြစ်လက်တက်ဟာ အတွင်းထဲကို စီးဝင်သွားတယ်။ ဆင်ကုန်း၊ ထောင့်တလီ၊ သပြုကုန်း၊ ကျားသေ၊ ကူးကာ ရွာတွေကိုဖြတ်ပြီး ရွှေလီမြစ်ဝဖြစ်တဲ့ ဒေါင့်ကြီးရွာမှာ ဧရာဝတီမြစ်နဲ့ ပြန်ပေါင်းသွားတယ်။ ကူးကာဆိုတာ အင်္ဂလိပ်ခေတ်မှာ သစ်လုပ်ငန်းတွေ လုပ်တဲ့နေရာပဲ။

ကူးကာရွာရဲ့ အထက်နားမှာ တဲကျောင်းလေးဆောက်ပြီး တစ်ပါးတည်း တရားကျင့်နေတဲ့ ဘုန်းကြီးတစ်ပါး ရှိခဲ့တယ်။ အဲဒီဘုန်းကြီးက သီပေါက ပြောင်းခဲ့တာဖြစ်လို့ အဲဒီဘုန်းကြီးကျောင်းကို သီပေါကျောင်းလို့ အမည်တွင်ခဲ့တယ်'

ဦးဝင်းနိုင်က ရှည်ရှည်ဝေးဝေးပြောပြီး ရပ်လိုက်သည်။

'ဟုတ်တယ် ကျွန်တော် သိတယ်။ ကျွန်တော် ဘွက်ရွာအလယ်တန်းကျောင်းအုပ် လုပ်တုန်းက အဲဒီရွာတွေကို မကြာမကြာ ရောက်တယ်။ ခုတော့ အဲဒီသီပေါကျောင်းနဲ့ကပ်လျက် သပြုကုန်းရွာတောင် ဖြစ်နေပြီ။ သီပေါ



ဖရဲသီးတွေ ရှိခဲ့သော ကျောင်းနှင့် ဆရာမနေအိမ်ကြား နေရာကို ပြနေသော ဦးလှဦး

ကျောင်းကလဲ ရွာအိမ်ခြေ တိုး တိုးလာလို့ ကူးကာနဲ့လဲ မဝေးတော့ဘူး'

စာရေးသူက ဝင်ထောက်ပါသည်။

'သီပေါဆရာတော်ကြီးက တစ်ပါးတည်းနေချင်တာဆိုတော့ ဒကာတွေ ဒကာမတွေ လာတာ မကြိုက်တော့ မောင်းထုတ်၊ ရွာသားတွေ အကြိုက်လဲ မလိုက်လျောတော့ ဘုန်းကြီးနဲ့ မတည့်ကြဘူးပေါ့။

အမှန်က ဘုန်းကြီး သူ့ဘာသာ တရားအပျက် မခံချင်လို့ ပြောတာဆိုတာကို ရွာသားတွေဟာ သဘော မပေါက်ကြတာ ဖြစ်မှာပေါ့။

ဒါပေမယ့် ဘုန်းကြီး သက်တော်ကြီးလာပြီဆိုတော့ ဘုန်းကြီးနားကပ်လို့ရတဲ့ ဒကာတွေက တစ်ပါးတည်းနေတာဟာ ကျန်းမာရေးအတွက် စိုးရိမ်ရတယ်လို့ ဖျောင်းဖျကြပြီး ကျောင်းဆောက်ပေး၊ ဦးပဉ္စင်း ကိုရင်တွေလဲ ရှိလာဆိုတော့ သီပေါကျောင်းဆိုပြီး ဖြစ်လာတယ်။

အဲဒီဆရာတော်ကြီးပါပဲ။ ပျံတော်မူခါနီး ဒကာတွေကို ဖရဲသီးစားချင်တယ်လို့ မိန့်သတဲ့။ ဒကာတွေဟာလဲ ဖရဲသီး ဘယ်မှာရှာရမှန်း မသိဘူးပေါ့။

ဆရာတော်ကြီး ဖရဲသီး တောင့်တတာကို ရွာသားတချို့ သိကြမှာပါ။ အဲဒီမှာချောင်းထဲပိုက်ချပြီး ငါးဖမ်းတဲ့ တံငါသည်တစ်ယောက်က ချောင်းထဲ မျောလာတဲ့ ဖရဲသီးကိုရတော့ ဘုန်းကြီးတောင့်တနေတာလဲ သိလို့ ဘုန်းကြီးဆီ လာလှူလို့ ဆရာတော်ကြီး ဖရဲသီး ဘုဉ်းပေးသွားရတယ်လို့ ပြောတယ်။

ဆရာတော်ကြီးရဲ့ သီလ သမာဓိ တန်ခိုးဖြစ်မှာပေါ့လို့ မိန့်ကြားသွားတာ သိခဲ့ရတယ်။

ပြီးတော့ **ကျွန်တော်တို့ကိုလဲ ပြောသွားသေးတယ်။ ဒီလို နတ်ပေးတဲ့ ဖရဲသီးကို စားရတာဟာ အလွန် ကံထူးတာပဲ။ ဒါကြောင့် ဒကာဝင်းနိုင်တို့လဲ ငါးပါးသီလ မြဲကြပါ။ ဗုဒ္ဓရဲ့တရားအဆုံးအမကိုလဲ မမေ့ကြနဲ့လို့ သတိပေးသွားတယ်'**

ဦးဝင်းနိုင် ပြောပြီးသွားသောအခါ နတ်ပေးသော ဖရဲသီးကို စားကြရသဖြင့် တော်တော်ကံထူးတာပဲဟု စိတ်ထဲမှ စာရေးသူ တွေးမိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



◆ မီးလုံးများ ပျံကြသည့် ကျောင်း၏ တောင်ဘက်ရှိ သစ်ပင်များနေရာ

## မီးလုံးပျံများကို တွေ့မြင်ကြရခြင်း

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄)ရက်နေ့ည ငါးတဲလေးဆရာတော် တရားဟောသည့်ညက ဖြစ်ပါသည်။ မူလတန်းကျောင်းဆောင်က သေးသဖြင့် ဆရာတော် တရားဟောသည်ကို လာရောက် နာယူကြသော အနီးအနားဝန်းကျင်မှ တရားနာသူ များသောကြောင့် ကျောင်းပေါ်တွင်ပင် နေရာမဆံ့ပါ။ ကျောင်းအောက်မြေကြီးပေါ် ဖျာခင်းပြီး တရားနာကြရပါသည်။

ကျောင်းအောက်မှ တရားနာသူများတွင် ဦးလှဦးလည်း ပါသည်။ အခြားသူများကို ဦးလှဦး မမှတ်မိတော့ပါ။

တရားပွဲအစတွင် ကျောင်း၏ ကျောဘက်ဖြစ်သော ကျောင်းဝင်း တောင်ဘက်ခပ်လှမ်းလှမ်းရှိ ကြံခင်းများကြားရှိ ကြီးတိုးကြဲတဲ သစ်ပင်များဆီမှ မီးလုံးကြီးတစ်လုံး ပျံတက်သွားသည်။

အပေါ်သို့ အတော်မြင့်မြင့် ရောက်ပြီးသောအခါ မီးလုံးငယ်များ လေး၊ ငါးလုံးခန့်ရှိမည်။ အပေါ်သို့ ပျံတက်ကြသည်။

ပြီးနောက် မီးလုံးကြီးနှင့်အတူ မီးလုံးငယ်များပါ အရှေ့ဘက် ကြံခင်းများရှိရာ လမ်းမကြီး လွန်သည်အထိ ပျံသွားပြီး ကျသွားသည်ကို ဦးလှဦးတို့ မြင်တွေ့ကြရသည်။

ဦးလှဦးသည် ဦးဝင်းနိုင်ထံ သူရင်းငှားမလုပ်တော့ဘဲ အိုးသစ်အိမ်သစ်ထူထောင်ပြီး တသီးတခြား နေပြီဖြစ်သော်လည်း ဦးဝင်းနိုင်က ဆရာတော်အား ဆွမ်းကပ် ဝေယျာဝစ္စ လုပ်ပေးရန် ပြောထားသဖြင့် နံနက်စောစော (၄) နာရီခန့် ထပြီး မျက်နှာသစ်နေစဉ် ညက ကျောင်း၏ အရှေ့အရပ်ဆီသို့ ပျံသွားကြသော မီးလုံးများ ပျံလာသည်ကို မြင်ရပါသည်။

ထိုအခါ ဦးလှဦး၏ တဲအိမ်တွင် တရားနာပြီး အိပ်ကြသော ဒေါ်ဗန်း၊ ဒေါ်ရွှေမိ၊ ဒေါ်ထွေးမီတို့လည်း နိုးနေကြပြီဖြစ်၍ ခေါ်ပြရာ သူတို့သည်း မြင်လိုက်ကြရပါသည်။

ဒေါ်ဗန်း၊ ဒေါ်ရွှေမိ၊ ဒေါ်ထွေးမီတို့မှာ မဘိမ်းမြို့နယ်၊ ကြန်နန်းမော်ရတနာကျေးရွာမှ မိန်းမကြီးများ ဖြစ်ကြပြီး ငါးတဲလေးဆရာတော် တရားဟောသည်ကို နားကြားလိုကြပြီး၊ တရားနာလာကြသူများအား ချင်းသုပ်၊ လက်ဖက်သုပ် ဒါနပြုလိုကြသဖြင့် လာအိပ်ကြသူများ ဖြစ်ကြပါသည်။

သို့ဖြင့် ဦးလှဦးသည် မျက်နှာသစ်ပြီးနောက် ဆရာတော် ကျိန်းစက်ရာ စာသင်ကျောင်းသို့ လာခဲ့ပါသည်။ ကျောင်းဝင်းတစ်နေရာရှိ မြေကွက်လပ်တွင် ဆွမ်းချက်နေကြသော ဒေါ်ခင်မျိုးမြင့် အပါအဝင် မိန်းမကြီး လေး၊ငါးယောက်လည်း ရောက်နေသည်။

မီးလုံးများကို မြင်တွေ့လိုက်သေးလားဟု ဦးလှဦးကမေးရာ ထိုမိန်းမကြီးများလည်း မြင်တွေ့လိုက်ကြကြောင်း ပြောကြပါသည်။

'မီးလုံးကြီးတွေကို ဘယ်လို တွေ့လဲ'

ဟု စာရေးသူက မေးလိုက်ရာ...

'မီးလုံးကြီးက တစ်လုံးဘည်းပါ။ ကျန်တာတွေက သေးသေးတွေ။ မီးလုံးတွေရဲ့ အရောင်က စိမ်းပြာနီရောင်တွေလိုပဲ။

ညက တွေ့တုန်းက ဆရာတော်ရဲ့ တရားသံက အသံချဲ့စက်နဲ့မို့ ဘာသံမှ မကြားရပေမယ့် မနက်မှာ တွေ့ရတဲ့ မီးလုံးတွေက ဖျတ်ဖျတ်ဖျတ်ဖျတ်ဖျတ်နဲ့ မြည်သံလို ကြားရတယ်။ ပြီးတော့ မီးလုံးတွေက ညက ပျံတက်တဲ့ နေရာမှာပဲ ပြန်ကျကြတယ်'

ဟု ဦးလှဦးက ပြောပြပါသည်။

'နေ့လယ် အေးအေးဆေးဆေး ဆရာတော်နဲ့ စကားပြောကြတော့ ဖရဲသီးများတွေ့တဲ့အကြောင်း၊ ညက မီးလုံးများ ပျံတဲ့အကြောင်း လျှောက်ထားဖြစ်တယ်။

ဖရဲသီးတွေအကြောင်း ပြောတော့ ဆရာတော် ပြန်ပြောတာကို ပြောပြီးပြီ။ အခု မီးလုံးတွေ ပျံတက်တဲ့အကြောင်း ပြောတော့ ဆရာတော်က "မြင်အပ်



www.burmeseclassic.com

www.burmeseclassic.com

မမြင်အပ်သော သတ္တဝါတွေဆိုတာ အမျိုးမျိုး ရှိကြတယ်။ မယုံလဲ မရှိကြနဲ့။ သူတို့ကို ကိုယ်ပြုခဲ့တဲ့ ကုသိုလ်တွေကို သတိရတိုင်း အမျှပေးဝေပါ။ သူတို့က ကိုယ့်ကို မနှောင့်ယှက်ကြဘူးပေါ့''လို့ မိန့်ကြားခဲ့တယ်'

ဟု ဦးဝင်းနိုင်က ပြောပြပါသည်။

စာရေးသူသည် မီးလုံးများ တောက်ကစားကာ ပျံသန်းကြသည်ကို အကြိမ်ကြိမ် တွေ့ဖူးပါသည်။ မီးလုံးများမှာ ကစားသည်မဟုတ်၍ စုန်းမီးတောက်ကာ မဖြစ်နိုင်ပါ။

ဥစ္စာစောင့်များ သိုက်ပြောင်းသည် ဆိုလျှင်လည်း နံနက်တွင် မိမိတို့နေရာသို့ ပြန်လာကြသည်ဆို၍ စဉ်းစားရာပင်။ ထို့နောက် မီးလုံးများ ပျံကြသည်ကို လုံးဝ မတွေ့ရတော့ဟုလည်း ပြောကြပါသည်။

*　*　*

## အုတ်ကျိုးအုတ်ပဲ့ ငွေပြားများ ရရှိကြခြင်း

ဦးဝင်းနိုင်၊ ဦးလှဦး၊ ဦးပိုင်(လက်ရှိ သူရင်းငှား)တို့နှင့် စာရေးသူတို့ အထက်ပါ တွေ့ကြုံခဲ့ရသည်များကို ပြောပြနေကြစဉ် ကိုမောင်ဇော် ရောက်လာသည်။ ဦးဝင်းနိုင်က...

'ဆရာကြီးကို တွေ့ကြုံခဲ့ရတာတွေ ပြောပြနေတာ'

ဟု ပြန်လည်ပြောပြသောအခါ ကိုမောင်ဇော်က...

'ကျွန်တော့်တဲဆောက်ဖို့ တွင်းတူးတော့ ရှေးအုတ်ကျိုးအုတ်ပဲ့တွေ တွေ့တယ်။ ငွေပိုက်ဆံပြား တစ်ခုလဲ ရတယ်။ စဉ့်သုတ်ထားတဲ့ ရေတကောင်းလဲရတယ်။ ခုတော့ မရှိတော့ဘူး။ ကလေးတွေဆော့လို့ ပျောက်ကုန်ပြီ'

ဟု ပြောပါသည်။

ထိုအခါ ဦးဝင်းနိုင်ကလည်း...

'ဟုတ်တယ် ငွေပြားဝိုင်းလေးတစ်ခု ရဖူးတယ်။ သမီးဆော့လို့ ပျောက်သွားပြီ'

ဟု ပြောပါသည်။ ဦးလှဦး၊ ဦးပိုင်တို့ကလည်း ကြံခင်းထွန်ရင်း အုတ်ကျိုးအုတ်ပဲ့များ ထွန်မိကြောင်း ပြောကြပါသည်။

စာရေးသူသည် ဤသို့ သူတို့ ပြောပြသည်ကို မကျေနပ်သဖြင့် ရွာထဲသို့ အလည်ရောက်သောအခါ ကျောင်းသားမိဘများနှင့်တွေ့တိုင်း အုတ်ကျိုးအုတ်ပဲ့များ တွေ့မတွေ့၊ ထူးဆန်းသော ပစ္စည်းများရမရ မေးကြည့်ပါသည်။

ကျောင်းကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က...

'ကျွန်တော့်အစ်မ၊ ယောက်ဖဖြစ်တဲ့ ဦးထွန်းဆွေ+ဒေါ်မြမာတို့ရဲ့တဲ တိုင်တူးတုန်းက မြေကြီးတစ်တောင်အနက်မှာ အုတ်ကျိုးအုတ်ပဲ့များ တွေ့ခဲ့ရတယ်'

ဟု ပြောပြပါသည်။ စာရေးသူက လိုက်လံစုံစမ်းသောအခါ ''တွေ့တာတော့မှန်တယ် ဘယ်ရောက်ကုန်ပြီ မသိရ''ဟုသာ ဖြေကြပါသည်။

ထို့ကြောင့် အုတ်ကျိုးအုတ်ပဲ့ ငွေပြားများ ရရှိသည် ဆိုခြင်းမှာ အပြောအရသာ ဖြစ်ပြီး လက်တွေ့ ဓာတ်ပုံရိုက်မပြနိုင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဦးဝင်းနိုင်အား နောင်ကို ထူးထူးခြားခြား တွေ့ထားလျှင် သိမ်းထားပေးပါရန် မှာထားပါသည်။

သို့မှသာ သမိုင်းအထောက်အထား ပြနိုင်မည် ဖြစ်ပါသည်။

**ကသာ. သင်းမွှေး**

**စာမျက်နှာ (၁၉၂)မှ အဆက်**

❖ **ကြက်နှစ်ဖွား**



လာဘ်လာဘ ရွှင်လန်းနိုင်ကြသည်။ ဖခင်၏ ဆွေမျိုးသားချင်းများတွင်းသုမင်္ဂလာစပေါ်ပေါက်မည်။ ပျော်ရွှင်ကြည်နူးဖွယ် အမှတ်တရ ပွဲနေ့ကလေးများ ဆင်နွှဲဖြစ်မည်။

ကံတိုက်လုပ်ငန်း အကျိုးပေးသန်သောကာလဖြစ်သည်။ ထီး၊ ခမောက်၊ ဦးဆောင်းတန်ဆာ လက်ဆောင်ရကိန်းရှိသည်။

❖ **ခွေးနှစ်ဖွား**



ရာထူးအလုပ်အကိုင် တိုးတက်ဖြစ်ထွန်းမည်။ လူအများက အထင်ကြီး လေးစားခြင်း ခံရဖွယ်ရှိသည်။ အမွေအနှစ်ရကိန်းရှိသည်။

နေအိမ်ဂေဟာတွင် ညှိကောင်းစောင်ကောင်းများဖြင့် စည်ကားနေတတ်သည်။ တယ်လီဖုန်း စကားပြောစက် လက်ဆောင်ရနိုင်သည်။ လုံမပျိုတို့ ခင်ပွန်းရဖွယ်ရှိသည်။

❖ **ဝက်နှစ်ဖွား**



လုပ်ငန်းအသစ် စီမံကိန်းအသစ် အစပျိုးခြင်း အောင်မြင်ဖြစ်ထွန်းမည်။ လွင်ပြင်ကျယ် ဒေသများသို့ အလည်အပတ် သွားရဖွယ် ရှိသည်။

ကြွေထည်မြေထည် တွင်းထွက်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိနိုင်သည်။ အစာအိမ်နှင့် ပတ်သက်သော ဝေဒနာများ သတိပြုကာကွယ်ပါ။

**ဤလတွင် ကံကြမ္မာနိမ့်ပါးနေသူများသည်** အင်္ဂါနေ့ ညနေပိုင်းတွင် အရိပ်ရ သစ်ပင်တစ်ပင် စိုက်ပျိုးကာ ရှင်သန်စေရန် ရေလောင်းပြုစုပေးပါ။ ပါပအကျိုးဆက်များ ပြေလျော့ပျောက်ကွယ်သွားပါလိမ့်မည်။

*ကြံအောင်သမျှ အောင်မြင်ကြပါစေ။*

**ဟူကျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com

✣ ကြွက်နှစ်ဖွား



မကျွမ်းကျင်သော နေရာ၊ စီးပွားရေး လုပ်ငန်းများတွင် မြေစမ်းခရမ်းပျိုး စမ်းသပ်လုပ်ကိုင်ခြင်းကြောင့် ငွေကြေးဥစ္စာ ယုတ်လျော့နိုင်သည်။

အိမ်ခြံမြေ လုံခြုံရေး သတိပြုဆောင်ရွက်ပါ။ ပျို့ရွယ်သူတို့ ချစ်မှုရေးရာတွင် အဟန့်အတား အနှောင့်အယှက် ကြုံရဖွယ်ရှိသည်။

✣ နွားနှစ်ဖွား



အယုံသွင်း လိမ်ညာခြင်း သတိထား ရှောင်ရှားပါ။ ပြောစကား ဆိုစကား အရာမဝင်သော ကာလဖြစ်၍ လူအများနှင့် ငြင်းခုံပြောဆိုခြင်းကို ဆင်ခြင်သင့်သည်။

နားနှင့် ပတ်သက်သော ဝေဒနာများ ခံစားရတတ်သည်။ မြစ်ကူးချောင်းခြား ရေလမ်းခရီး သွားလာရာတွင် ကျန်းမာရေး အထူးဂရုစိုက်သင့်သည်။

✣ ကျားနှစ်ဖွား



ပတ်ဝန်းကျင်မှ လေးစား ယုံကြည်မှုကို ခံယူရတတ်သည်။ မိတ်ဆွေ အသိုင်းအဝန်းအတွင်းရှိ ပြဿနာကိစ္စများတွင် ခုံသမာဓိလူကြီး အဖြစ် ကိုင်တွယ် ဆုံးဖြတ်ပေးရကိန်း ရှိသည်။

အခြေအရံ လက်အောက်ငယ်သား ရကိန်းရှိသည်။ သစ်,ဝါး,ကြိမ်နှင့် သစ်တောထွက် ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိတတ်ပါသည်။

✣ ယုန်နှစ်ဖွား




အခက်အခဲ ကြုံရပါက ကူညီ ထောက်ပံ့သူ ရရှိနိုင်သည်။ မိခင်၏ ဆွေမျိုးသားချင်းများအတွင်း သာရေးနာရေးကိစ္စ ပေါ်ပေါက်၍

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်းဇီ (Hu Jin Zhi)



ငွေအား လူအားဖြင့် ကူညီရကိန်းရှိသည်။

မျက်စိနှင့် ပတ်သက်သော ဝေဒနာများ ကြိုတင်ကာကွယ်ကုသပါ။ အထည်အလိပ်နှင့် ပတ်သက်၍ အကျိုးပေးနိုင်သည်။

✣ နဂါးနှစ်ဖွား



ဩဇာတိက္ကမ ကျဆင်းနိုင်သော ကာလဖြစ်၍ အပြောအဆို ဆင်ခြင်သင့်သည်။

ဖိမ်ခံပစ္စည်းများ ပျောက်ဆုံးပျက်စီးနိုင်သည်၊ အအေးမိနှာစေးခြင်း၊ ရေမွန်းခြင်းနှင့် ဆိုးဆေးများ၏ အန္တရာယ်ကို သတိထားပါ။

အိမ်ရှင်မများမှာ ခင်ပွန်းသည်နှင့် အချင်းများနိုင်သည်။ အိမ်ထောင်ဦးစီးတို့မှာ သားသမီးအတွက် ရတက်မွေ ရဖွယ်ရှိသည်။

✣ မြွေနှစ်ဖွား



အတွေ့အကြုံ အသိပညာ တိုးပွားနိုင်သည်။ အေးချမ်းဆိတ်ငြိမ်သော ပတ်ဝန်းကျင်၊ နေရာဌာနများသို့ သွားရောက်ရတတ်သည်။

အထည်အလိပ်နှင့် ဖက်ရှင်ပစ္စည်းများ ဆက်စပ်၍ အကျိုးအမြတ် ရရှိနိုင်သည်။

မိခင်အတွက် ဂုဏ်တက်ရလိမ့်မည်။

ယွန်းထည်၊ နှီး,ဝါး,ကြိမ်ထည် ပစ္စည်းများ လက်ဆောင်ရကိန်းရှိသည်။

✣ မြင်းနှစ်ဖွား



ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ ပြေလည်သွားမည်။ မိတ်ဆွေအပေါင်းအသင်းနှင့် ရပ်ရေးရွာရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်လုပ်ကိုင်ဖြစ်မည်။

ငွေကြေး အစုအပုံလိုက် ရကိန်းမရှိသော်လည်း ငွေကြေးလာဘ်လာဘကလေးများ ဝေဝေဆာဆာ ရှိနေတတ်သည်။

ရှေးဟောင်းပစ္စည်း သစ်တောထွက်ပစ္စည်းများ ဝင်ကိန်းရှိသည်။

✣ ဆိတ်နှစ်ဖွား



နေထိုင်မှု အဆင့်အတန်း တိုးမြင့်လာမည်။ သတင်းကောင်းများ ကြားရတတ်သည်။ ရပ်ဝေးပြည်မှ အဆက်အသွယ်များ ရရှိနိုင်သည်။

ကျောက်ကပ် ဆီးအိမ်နှင့် ပတ်သက်သော ဝေဒနာများ သတိထားပါ။

ဇနီးသည်များသည် ယောက်မထံမှ ခင်ပွန်းသည်များသည် ယောက္ခ (ယောက်ျားသူ)ထံမှ လက်ဆောင်များ လက်ခံရကိန်းရှိသည်။

✣ မျောက်နှစ်ဖွား



ငွေကြေး စိုစိုပြည်ပြည် ရှိနိုင်သည်။ လေ့လာမှတ်သားထားသော အတတ် အသိပညာများကြောင့် ငွေကြေး တိုး ထွာထွာတို့ မကြာခဏ ရရှိနိုင် သည်။





www.burmeseclassic.com

www.burmeseclassic.com

အစွမ်းထက်သည့်

# သိကြားမင်းမန္တန်

ရွှေ (သာစည်)



"ကိစ္စများပြောင် ဤလူ့ဘောင်" ဆိုစကားအတိုင်း လူအများစုတွင် ပုဂ္ဂိုလ်ရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားရေးရာတို့ကြောင့် မနာလိုမှု၊ ဝန်တိုမှု၊ ရန်လိုမှု စသည့် အတိုက်အခိုက်များ အထိုက်အလျောက် ရှိလာတတ်ကြပါသည်။

စီးပွားရေးကို အပြိုင်အဆိုင် လုပ်နေကြသော ယနေ့ကာလတွင် အဆိုပါ ဣဿာမစ္ဆရိယ တရားများ ပိုပွားလိမ့်မည်ထင်ပါသည်။

နေ့စဉ်ထုတ် သတင်းစာများတွင် အမွေကိစ္စ၊ မြေကိစ္စ၊ အိမ်ကိစ္စ၊ သားရေးသမီးရေး၊ လင်ရေးမယားရေး ငွေရေးကြေးရေးမှစ၍ ကုန်အမှတ်တံဆိပ်ကိစ္စ၊ စက်ရုံအလုပ်ရုံကိစ္စ အစုရှယ်ယာကိစ္စ စသည်ဖြင့် ရှုပ်ထွေးမွေလှသော ရန်ပွားမှုများကို ဖတ်ရှုနေရခြင်းဖြင့် သိနိုင်ပါသည်။

စာရေးသူကိုယ်တိုင်လည်း လောဘဒေါသ ထူပြောပြီး အလွယ်တကူ ရန်များတတ်သည့် သပိတ်ကျင်းမြို့နယ်မှ ချောင်းကြီး၊ ကွင်းသုံးဆယ်၊ ဘက်သေ၊ ဖက်ရှည် စသော ရွှေတော ရွှေကွက်ရပ်များတွင် အလုပ် လုပ်ခဲ့ဖူးပါသည်။

ရွှေတောအရပ်သို့ လာကြသူများမှာ သူ့သည်းခြေကြိုက် ရတနာကို ရယူကြီးပွားလိုသည့် လောဘ အခြေခံဖြင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ကြသည့် လူပေါင်းစုံ ဖက်မသားများဖြစ်၍ တစ်ယောက်ကိုတစ်ယောက် သည်းခံမှု အားနည်းကြသည်။

လောဘမီးမှ ဒေါသမီးသို့ အလွယ်တကူ ကူးစက် လောင်ကျွမ်းတတ်ကြပြီး အသေးအဖွဲ ကိစ္စလေးကအစ သတ်တပြက် ဓားတပြက် ဖြစ်ကြသည်။ ထစ်ခနဲ ဆိုသည်နှင့် ထိုးကြကြိတ်ကြ ခုတ်ကြထစ်ကြ ရန်ပြုတတ်ကြသည်။

အထူးသဖြင့် လုပ်ကွက်ကိစ္စ၊ နယ်နိမိတ်ကိစ္စ၊ **အင်း**(ရွှေရှာရန်တူးသည့် နှစ်တောင်ပတ်လည်ကျင်း) ကိစ္စ၊ **ခေါင်းသား**(အင်းအနက်တွင် ရွှေပါသည့် မြေကျောက်(ဖြုန်း)ရှိရာ မြေကြော၊ ကျောက်ကြောကိုလိုက်၍ လိုဏ်ခေါင်း)ကိစ္စ၊ အင်းပြဲလုပ်ငန်း၊ မှန်စုပ်လုပ်ငန်းနှင့် ပတ်သက်သည့် ကိစ္စများတွင် လေလံပိုင်းအချင်းချင်း၊ အစုရှယ်ယာအချင်းချင်း၊ လုပ်သားအချင်းချင်း အငြင်းပွားကြ၊ အချင်းများကြ၊ ရန်ငြိုးထားတတ်ကြသည်။ တရားတပေါင် ဖြစ်ကြရသည်။

တစ်ခါတစ်ရံ အကောက်ဉာဏ်ဖြင့် လုပ်ကြံကြသည်အထိ ဖြစ်ကြသည်။ ထိုသို့ လူလူချင်း ရန်များရသည့်အထဲ အင်းပြိုခြင်း၊ ခေါင်းသားပြိုခြင်း၊ ကျောက်ပိခြင်း၊ သစ်ပင်ပိခြင်း၊ ရေနစ်ခြင်းတို့ကြောင့် အသက်ဆုံးရှုံးရသော သဘာဝ ဘေးရန်များကလည်း ပေါလှဘိ၏။

ရွှေတောတွင် အလုပ် လုပ်ခဲ့သည့် ကာလအတွင်း ထိုသို့သော အတိုက်အခိုက် ရန်မျိုးစုံကို စာရေးသူကိုယ်တိုင် မတွေ့မဟုတ် တွေ့ခဲ့ရသည်။ မကြုံမဟုတ် ကြုံခဲ့ရပါသည်။ သို့သော် မတုန်လှုပ်ခဲ့ရပါ။ တွေ့ကြုံရသမျှ အခက်အခဲအားလုံးကို အလွယ်ပင် ကျော်လွှားနိုင်ခဲ့ရသည်ချည်း ဖြစ်ခဲ့ပါသည်။

အဘယ်ကြောင့်ဆိုသော် ရန်အမျိုးမျိုးကို အလိုလို ပျောက်ပျက်ကြေမွသွားစေသည့် မန္တန်ကြောင့်ဟု ယုံကြည်ပါသည်။ ထိုမန္တန်ကို လွန်ခဲ့သည့် နှစ်ပေါင်း(၃၀)ကျော်က ကျိုက္ကလဲ့စေတီ ကုန်းတော်ပေါ်က ရပါသည်။ **သိကြားမင်းမန္တန်**ဟု ခေါ်ပါသည်။

ပေးသူမှာ သူတော်စင်တစ်ဦးဖြစ်၍ ရသူမှာ စာရေးသူ၏ မိခင်ကြီးဖြစ်သည်။ မိခင်ကြီးမှ တစ်ဆင့် လက်ဆင့်ကမ်းပေးခဲ့ရာ စာရေးသူသည် မန္တန်ရသည့် အချိန်မှစပြီး နေ့စဉ် ယုံယုံကြည်ကြည် ရွတ်ဆိုခဲ့ရာ ယနေ့တိုင် ဖြစ်သည်။

မိခင်ကြီးမှာ ထိုအချိန်က သူ့သားကြီး(စာရေးသူ၏အစ်ကို) အမှုနှင့် ပတ်သက်၍ သောကမီး တောက်နေချိန်ဖြစ်ရာ ရန်ကုန်သို့ လာပြီး ဘုရားဖူးသည်။

ကျိုက္ကလဲ့ဘုရား အရောက်တွင် သူတော်စင်တစ်ယောက်က သူ့လက်ရေးနှင့် ရေးထားသည့် သိကြားမင်းမန္တန်ပါ စာရွက်တစ်ရွက်ကို မိခင်ကြီးအားပေး၍ ယုံကြည်စွာ ရွတ်ဆိုရန်မှာကြားပြီး ကုန်းတော်ပေါ်မှ ဆင်းသွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ မိခင်ကြီးက တောင်းခံခြင်း မရှိဘဲ သူ့အလိုလို ပေးခြင်းဖြစ်သည်။

မိခင်ဖြစ်သူက သူ့သားကို ကယ်တင်နိုင်အောင် သူတော်ကောင်း သူတော်မြတ်များက ချီးမြှောက်ခြင်း ဖြစ်မည်ဟု ယုံကြည်သွားပြီး လေးလေး နက်နက် ယုံယုံကြည်ကြည်ဖြင့် မန္တန်စာရွက်ကို ဘုရားစင်ပေါ် တင်လှူထားပြီး နေ့စဉ် ဝတ်မပျက် ရွတ်ဆိုခဲ့သည်။

အစ်ကိုကြီး၏အမှုမှာ နိုင်ငံတော်နှင့် ပတ်သက်၍ ကြီးလေးလှသည်။ ပြစ်မှုထင်ရှားပါက သေဒဏ်နှင့် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ခံရမည့် အမှုကြီးဖြစ်သည်။ ရှစ်လခန့် ကြာသောအခါ အစ်ကိုကြီးနှင့်တကွ စွဲချက်တင်ခံထားရသူအားလုံး ကွင်းလုံးကျွတ်သွားသည်။

သက်ဆိုင်ရာဌာနမှ ဆက်လက်တာဝန်ထမ်းရန် မသင့်တော်သဖြင့် အငြိမ်းစားယူခွင့် ပေးလိုက်သည်ဟု အမိန့်ထုတ်ပြန်ပြီး အငြိမ်းစားလစာ (ပင်စင်)ပင် ပေးလိုက်သေးသည်။

ခေါင်းဆောင်သူ တစ်ယောက်သာ ကြိုးမိန့်ခံရသည်။ ထိုသူမှာလည်း ရှေးဘဝက အဖို့ပါလာသူသာ ဖြစ်မည်ထင်ပါသည်။ သိကြားမင်းမန္တန်၏ အစွမ်းထက်မှုမှာ အံ့ဩဖွယ် ကောင်းလေစွ။

စာရေးသူ၏ ကိုယ်တွေ့ကြုံရမှုကိုလည်း တင်ပြလိုပါသည်။ ဖက်ရှည်ရွှေကွက်ရပ်တွင်နေစဉ် အနီးအနားမှ မှန်စုပ်အင်း ပြိုမှုဖြစ်ပွားသဖြင့် သွားရောက်ကြည့်ရှုရာ အင်းတစ်အင်းလုံး ရွှံ့ပြင်ကြီး ဖြစ်နေသည်။ လူသူ မတွေ့ရ အားလုံး နစ်မြုပ်နေသည်။

ဘေးအင်းများမှ ရေစုပ်စက်များနှင့် ရွှံ့နွံများကို ရေပန်းထိုးဆယ်ကြရာ အင်းလုပ်သားလေးယောက် ပေါ်လာသည်။ သို့သော် တစ်ယောက်မှ အသက်မရှင်ကြ။ တစ်ယောက်ကို တစ်ယောက် ဖက်၍ သနားဖွယ်ရာ သေနေကြသည်။

ထိုအဖြစ်အပျက်ကို မြင်ပြီး စာရေးသူ စိတ်ထိခိုက် တုန်လှုပ်သွားသည်။ ကိုယ့်အင်းတွင် ထိုအဖြစ်ဆိုးမျိုး ကြုံပါကဆိုသည့် အတွေးဖြင့် စိတ်မချမ်းမသာ ဖြစ်ရသည်။ ကိုယ့်အင်းသားများကို သတိပေးရသည်။ စာရေးသူ၏ အင်းလုပ်သားများမှာ ကယားပြည်နယ်၊ လွိုင်ကော်မှ ကယားတိုင်းရင်းသားများ များသည်။ လူပေါင်း(၂၀) ခန့်တွင် ဗမာနှစ်ယောက်ခန့်သာ ပါသည်။

သူတို့သည် လောပိတရေအား လျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းတွင် လုပ်ကိုင်ဖူးသူများဖြစ်၍ လူတိုင်းလိုတွင် ဖိုင်ဘာဦးထုပ်များပါသည်။ လုပ်ငန်းခွင်ဝင်ရာ၌ အမြဲ ဦးထုပ်ဆောင်းထားတတ်ကြသဖြင့် တစ်မျိုး စိတ်အေးရသည်။

ဖက်ရှည်မှ ပြောင်းပြီး ကွင်းသုံးဆယ် ရွှေကွက်ရပ်တွင် မှန်စုပ်အင်းဖော်ဆောင်ရွက်ကြသည်။ ရွှေတက်မဆိုးပါ အဆင်ပြေသည်။ တစ်နေ့တွင် ကယားပြည်နယ်မှ စိုးမျိုးဆိုသည့် လူငယ်က ရေပန်းထိုး၍ ဖြုန်းရှာနေသည်။ သူ့ခေါင်းပေါ်တွင် ဖိုင်ဘာဦးထုပ် ဆောင်းထားသည်။

မကြာမီ "သဲအောတွေပြိုပြီ၊ သဲအောတွေပြိုပြီ"ဆိုသည့် အသံကြား၍ ပြေးကြည့်ရာ စိုးမျိုးကို မတွေ့ရတော့ပါ။ အားလုံး သဲပုံကြီး ဖြစ်နေသည်။ ဘာလုပ်ရမှန်းလည်း မသိပါ။ ရုတ်တရက် မှင်တက်မိသွားသည်။ ရင်တွေ တုန်နေသည်။

ကံကောင်းထောက်မစွာ စိုးမျိုးက သဲပြင်အောက်မှ ရေပန်းထိုးပြီး တက်လာသည်။ သဲပိနေစဉ် မျက်နှာနားမှ ဦးထုပ်နှင့်လွတ်ရာ သဲပြင်ကို ရေပန်းထိုးပြီး ထွက်လာရကြောင်း ပြောပြသဖြင့် ဝမ်းသာကြရသည်။ အလုမ်းဝေးနေသည့် ရေစုပ်စက်ကို မပိတ်မိသည်က ကုသိုလ်ကံ ကောင်းသွားသည်။

စာရေးသူ အထင်မှာ သိကြားမင်းမန္တန်က အသက်အန္တရာယ်ကို ကာကွယ်ပေးခဲ့ခြင်း ဖြစ်မည်ဟု ယုံကြည်မိပါသည်။ သို့ပါ၍ ဘေးရန်အန္တရာယ်နှင့် တရားတပေါင် ရင်ဆိုင်နေကြရသူများအတွက် ကုသိုလ်ပြုပါမည်။

သိကြားမင်းမန္တန်မှာ ရွတ်ဆိုရလွယ်ကူပါသည်။ မန္တန်ရွတ်ဆိုမည့်သူသည် မရွတ်ဆိုမီ ဘုရားရှေ့တွင် ငါးပါးသီလခံယူပါ။ ပြီးလျှင် အရပ်ဆယ်မျက်နှာကို စည်းချပါ။

အရပ်(၁၀)မျက်နှာမှာ...

**တနင်္ဂနွေထောင့်** (အရှေ့မြောက်ထောင့်)၊ **တနင်္လာအရပ်**(အရှေ့အရပ်)၊ **အင်္ဂါထောင့်**(အရှေ့တောင်ထောင့်)၊ **ဗုဒ္ဓဟူးအရပ်**(တောင်အရပ်)၊ **ကြာသပတေးအရပ်** (အနောက်အရပ်)၊ **ရာဟုထောင့်**(အနောက်မြောက်ထောင့်)၊ **သောကြာအရပ်** (မြောက်အရပ်)၊ **အထက်အရပ်**၊ **အောက်အရပ်**တို့ ဖြစ်သည်။

စည်းချရာတွင် ကျော်မရွတ်ရပါ။ စည်းလွတ်သွားမည်။ စည်းပေါက်သည်ဟုခေါ်သည်။ မိမိမွေးနံအရပ်မှ စတင်စည်းချ မိမိမွေးနံအရပ်တွင် ဆုံးပါ။ အရပ်ဆယ်မျက်နှာ စည်းချဂါထာမှာ





www.burmeseclassic.com

www.burmeseclassic.com

အောက်ပါအတိုင်း ဖြစ်ပါသည်။



### အရပ်ဆယ်မျက်နှာ စည်းချေဂါထာ

၁။ သမ္ဗုဒ္ဓေါ ကုဒ္ဓိပတ္တာ၊ ပစ္စေကာနဉ္စ ယာကုဒ္ဓိ၊
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(**ကုဒ္ဓိ**–တန်ခိုးကြီးခြင်း၊ ၁–နွေ၊ အရှေ့မြောက်)

၂။ သမ္ဗုဒ္ဓေါ ခေမပတ္တာ၊ ပစ္စေကာနဉ္စ ယောခေမော၊
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(**ခေမ**–ဘေးမရှိခြင်း၊ ၂–လ်၊ အရှေ့)

၃။ သမ္ဗုဒ္ဓေါ ဇယပတ္တာ၊ ပစ္စေကာနဉ္စ ယောဇယော၊
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(**ဇယ**–အောင်မြင်ခြင်း၊ ၃–ဂါ၊ အရှေ့တောင်)

၄။ သမ္ဗုဒ္ဓေါ လာဘပတ္တာ၊ ပစ္စေကာနဉ္စ ယောလာဘော၊
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(**လာဘ**–လာဘ်ပေါ်ခြင်း၊ ၄–ဟူး၊ တောင်အရပ်)

၅။ သမ္ဗုဒ္ဓေါ တေဇပတ္တာ၊ ပစ္စေကာနဉ္စ ယောတေဇော၊
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(**တေဇ**–ဘုန်းကြီးခြင်း၊ ၇–စနေ၊ အနောက်တောင်)

၆။ သမ္ဗုဒ္ဓေါ ဗလပတ္တာ၊ ပစ္စေကာနဉ္စ ယံဗလံ၊
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(**ဗလ**–စွမ်းအားကြီးခြင်း၊ ၅–တေး၊ အနောက်အရပ်)

၇။ သမ္ဗုဒ္ဓေါ ယသပတ္တာ၊ ပစ္စေကာနဉ္စ ယောယသော၊
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(**ယသ**–အခြွေအရံများခြင်း၊ ၈–ရာဟု၊ အနောက်မြောက်)

၈။ သမ္ဗုဒ္ဓေါ သိရီပတ္တာ၊ ပစ္စေကာနဉ္စ ယာသိရီ၊
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(**သိရီ**–ကျက်သရေရှိခြင်း၊ ၆–ကြာ၊ မြောက်အရပ်)

၉။ သမ္ဗုဒ္ဓေါ ရာနပတ္တာ၊ ပစ္စေကာနဉ္စ ယံရာနံ၊
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(**ရာနံ**–မြင့်မြတ်ခြင်း၊ ၉–အထက်အရပ်၊ ကောင်းကင်)

၁၀။ သမ္ဗုဒ္ဓေါ နိစ္စပတ္တာ၊ ပစ္စေကာနဉ္စ ယံနိစ္စံ၊
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(**နိစ္စ**–တည်မြဲခြင်း၊ ၁၀–အောက်အရပ်၊ မြေ)

ခက်ခဲသော ပါဠိအသံထွက်

**သမ္ဗုဒ္ဓေါ** = သမ်ဗုဒ်ဓေါ
**ကုဒ္ဓိပတ္တာ** = အိဒ်ဓိပတ်တာ
**ပစ္စေကာနဉ္စ** = ပစ်စေကာနင်စ
**ယာကုဒ္ဓိ** = ယာအိဒ်ဓိ
**အရဟန္တာနဉ္စ** = အရဟန်တာနင်စ
**ရက္ခံဗန္ဓာမိ** = ရက်ခံဗန်ဒါမိ
**သဗ္ဗသော** = သဗ်ဗသော

**အနက်**

၁။ **သမ္ဗုဒ္ဓေါ** – ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ **ကုဒ္ဓိပတ္တာ**– တန်ခိုးတော်နှင့် ပြည့်စုံတော်မူကြကုန်၏၊ **ပစ္စေကာနဉ္စ**–ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား လည်းကောင်း၊ **အရဟန္တာနဉ္စ**– ရဟန္တာအရှင်မြတ်တို့အားလည်းကောင်း၊ **ယာကုဒ္ဓိ**– အကြင် တန်ခိုးတော်သည်၊ **အတ္ထိ**–ရှိပါပေ၏၊ **တေသံ**– ထို ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏၊ **တေဇေန**–တန်ခိုးတော်အားဖြင့်၊ **ရက္ခံ**–အစောင့်အရှောက်ကို၊ **ဗန္ဓာမိ**–ဖွဲ့ပါ၏။

၂။ **သမ္ဗုဒ္ဓေါ** – ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ **ခေမပတ္တာ**– ငြိမ်းချမ်းခြင်းသို့ ရောက်တော်မူကြကုန်၏၊ **ပစ္စေကာနဉ္စ**–ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား လည်းကောင်း၊ **အရဟန္တာနဉ္စ**– ရဟန္တာအရှင်မြတ်တို့အားလည်းကောင်း၊ **ယော ခေမော**– အကြင် ငြိမ်းချမ်းခြင်းသည်၊ **အတ္ထိ**–ရှိပါပေ၏၊ **တေသံ** – ထို ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏၊ **တေဇေန**–တန်ခိုးတော်အားဖြင့်၊ **ရက္ခံ**–အစောင့်အရှောက်ကို၊ **ဗန္ဓာမိ**–ဖွဲ့ပါ၏။

၃။ **သမ္ဗုဒ္ဓေါ** – ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ **ဇယပတ္တာ**– အောင်ခြင်းသို့ ရောက်တော်မူကြကုန်၏၊ **ပစ္စေကာနဉ္စ**–ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား လည်းကောင်း၊ **အရဟန္တာနဉ္စ**– ရဟန္တာအရှင်မြတ်တို့အားလည်းကောင်း၊ **ယော ဇယော**– အကြင် အောင်မြင်ခြင်းသည်၊ **အတ္ထိ**–ရှိပါပေ၏၊ **တေသံ** – ထို ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏၊ **တေဇေန**–



www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးတော်အားဖြင့်၊ **ရက္ခံ**– အစောင့်အရှောက်ကို၊ **ဗန္ဓာမိ**– ဖွဲ့ပါ၏။

၄။ **သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ **လာဘပတ္တာ**– လာဘ်လာဘနှင့် ပြည့်စုံတော်မူကြကုန်၏၊ **ပစ္စေကာနဥ္စ**–ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား လည်းကောင်း၊ **အရဟန္တာနဥ္စ**–ရဟန္တာအရှင်မြတ်တို့အား လည်းကောင်း၊ **ယောလာဘော**– အကြင် လာဘ်ရခြင်းသည်၊ **အတ္တိ**–ရှိပါပေ၏၊

**တေသံ** – ထိုဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏၊ **တေဇေန**–တန်ခိုးတော်အားဖြင့်၊ **ရက္ခံ** – အစောင့်အရှောက်ကို၊ **ဗန္ဓာမိ**–ဖွဲ့ပါ၏။

၅။ **သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ **တေဇပတ္တာ**– တန်ခိုးတော်နှင့် ပြည့်စုံတော်မူကြကုန်၏၊ **ပစ္စေကာနဥ္စ**–ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား လည်းကောင်း၊ **အရဟန္တာနဥ္စ**– ရဟန္တာအရှင်မြတ်တို့အား လည်းကောင်း၊ **ယောတေဇော**– အကြင် ထက်မြက်ခြင်း တန်ခိုးတော်သည်၊ **အတ္တိ**–ရှိပါပေ၏၊

**တေသံ** – ထိုဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏၊ **တေဇေန**– တန်ခိုးတော်အားဖြင့်၊ **ရက္ခံ**– အစောင့်အရှောက်ကို၊ **ဗန္ဓာမိ**–ဖွဲ့ပါ၏။

၆။ **သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ **ဗလပတ္တာ**– စွမ်းအားတော်နှင့် ပြည့်စုံတော်မူကြကုန်၏၊ **ပစ္စေကာနဥ္စ**–ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား လည်းကောင်း၊ **အရဟန္တာနဥ္စ**– ရဟန္တာအရှင်မြတ်တို့အား လည်းကောင်း၊ **ယံဗလံ**– အကြင် စွမ်းအားတော်သည်၊ **အတ္တိ**–ရှိပါပေ၏၊

**တေသံ** – ထိုဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏၊ **တေဇေန**– တန်ခိုးတော်အားဖြင့်၊ **ရက္ခံ**– အစောင့်အရှောက်ကို၊ **ဗန္ဓာမိ**–ဖွဲ့ပါ၏။

၇။ **သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ **ယသပတ္တာ**– အခြံအရံ အကျော်အစောနှင့် ပြည့်စုံတော်မူကြကုန်၏၊ **ပစ္စေကာနဥ္စ**–ပစ္စေက ဗုဒ္ဓါအရှင်မြတ်တို့အား လည်းကောင်း၊ **အရဟန္တာနဥ္စ**– ရဟန္တာအရှင်မြတ်တို့အား လည်းကောင်း၊ **ယောယသော**– အကြင် အခြံအရံ အကျော်စောသည်၊ **အတ္တိ**–ရှိပါပေ၏၊

**တေသံ** – ထိုဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏၊ **တေဇေန**– တန်ခိုးတော်အားဖြင့်၊ **ရက္ခံ**– အစောင့်အရှောက်ကို၊ **ဗန္ဓာမိ**–ဖွဲ့ပါ၏။

၈။ **သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ **သီရိပတ္တာ**– ကျက်သရေနှင့် ပြည့်စုံတော်မူကြကုန်၏၊ **ပစ္စေကာနဥ္စ**–ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား လည်းကောင်း၊ **အရဟန္တာနဥ္စ**– ရဟန္တာအရှင်မြတ်တို့အား လည်းကောင်း၊ **ယာသီရိ** – အကြင် ကျက်သရေသည်၊ **အတ္တိ**–ရှိပါပေ၏၊ **တေသံ** – ထိုဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၏၊ **တေဇေန**–တန်ခိုးတော်အားဖြင့်၊ **ရက္ခံ**– အစောင့်အရှောက်ကို၊ **ဗန္ဓာမိ**–ဖွဲ့ပါ၏။

၉။ **သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ **ဈာနပတ္တာ**– စူးစူးစိုက်စိုက် စွဲပိုက်မြဲမြဲ ရှုအားသန်သည့် ဈာန်နှင့် ပြည့်စုံတော်မူကြကုန်၏၊ **ပစ္စေကာနဥ္စ**–ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား လည်းကောင်း၊ **အရဟန္တာနဥ္စ**– ရဟန္တာအရှင်မြတ်တို့အား လည်းကောင်း၊ **ယံဈာနံ**– အကြင် ဈာန်သည်၊ **အတ္တိ**–ရှိပါပေ၏၊

**တေသံ** – ထိုဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင် မြတ်တို့၏၊ **တေဇေန**– တန်ခိုးတော်အားဖြင့်၊ **ရက္ခံ**– အစောင့်အရှောက်ကို၊ **ဗန္ဓာမိ**–ဖွဲ့ပါ၏။

၁၀။ **သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းသော ဘုရားရှင်တို့သည်၊ **နိစ္စပတ္တာ**– မြဲမြံခြင်းနှင့် ပြည့်စုံတော်မူကြကုန်၏၊ **ပစ္စေကာနဥ္စ**–ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား လည်းကောင်း၊ **အရဟန္တာနဥ္စ** – ရဟန္တာအရှင်မြတ်တို့အား လည်းကောင်း၊ **ယံနိစ္စံ**– အကြင် မြဲမြံသော သဘောတရားသည်၊ **အတ္တိ**–ရှိပါပေ၏၊

**တေသံ** – ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏၊ **တေဇေန**– တန်ခိုးတော်အားဖြင့်၊ **ရက္ခံ** – အစောင့်အရှောက်ကို၊ **ဗန္ဓာမိ**–ဖွဲ့ပါ၏။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်မြင့် ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

အရပ်ဆယ်မျက်နှာ စည်းချဂါထာ ရွတ်ဆိုရာတွင် သက်ဆိုင်သည့် မိမိ အိမ်၊ ဆိုင်၊ စတိုး၊ ကုမ္ပဏီ၊ ခြံဝင်း၊ စက်ရုံ၊ အလုပ်ရုံဝင်း၊ လယ်ခင်း ယာခင်းလုပ်ကွက်၊ နယ်နိမိတ်တို့၏ အကျယ်အဝန်းအလိုက် မိမိ ရွတ်ဆိုရာ အရပ်ကိုသာ အာရုံပြု၍ မွေးနေ့စည်းချဂါထာကို စ,ရွတ်ပါ။

ပြီးလျှင် မွေးနံအရပ်စဉ်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

မွေးနေ့ဂါထာများကို ပတ်လည် ဆက်ရွတ်သွားပြီး မိမိမွေးနံ့အရပ်တွင် မွေးနေ့ဂါထာကို ထပ်မံရွတ်ဆို စည်းထပ်ပါ။

ပြီးမှ အမှတ်စဉ်(၉)နှင့် (၁၀)၊ မိုးနှင့်မြေ အထက်အရပ်၊ အောက်အရပ် ဂါထာကိုရွတ်ပြီး စည်းပိတ်ပါ။

**ဥပမာ ။ ။ တနင်္ဂနွေသားသမီး ဖြစ်ပါက မွေးနံ့အရပ်**(အရှေ့မြောက်)မှ စ,ရွတ်ပြီး အရပ်စဉ်အရ **တနင်္လာ**(အရှေ့)၊ **အင်္ဂါ**(အရှေ့တောင်)၊ **ဗုဒ္ဓဟူး**(တောင်)၊ **စနေ**(အနောက်တောင်)၊ **ကြာသပတေး**(အနောက်)၊ **ရာဟု**(အနောက်မြောက်)၊ **သောကြာ**(မြောက်)၊ **မိမိမွေးနေ့အရပ်**(အရှေ့မြောက်တွင်) မွေးနေ့ဂါထာကို ထပ်ရွတ်ရန် ဖြစ်ပါသည်။

ပြီးမှ အမှတ်စဉ်(၉)၊ (၁၀)ကို ရွတ်ပါ။ ကျန်မွေးနေ့သားသမီးများသည်လည်း မိမိမွေးနံ့အရပ်မှ ထိုနည်းအတိုင်း ရွတ်ဖတ်ကြရန် ဖြစ်ပါသည်။ စည်းချပြီးပါက သိကြားမင်းမန္တန်ကို ရွတ်ဆိုနိုင်ပါပြီ။

---

သိကြားမင်းမန္တန်

---

ဉုမ်...သက္ကသ ဝဇီရာဝုဓံ
ယထာ သိနေရု မတ္ထကေ၊
ပဟာရေယျ ဝိဇ္ဇုတရေဝံ၊
သဗ္ဗထဒ္ဓံ ဝိဇေယျကံ။

ခက်ခဲသော ပါဠိအသံထွက်

**ဉုမ်** = အုမ်
**သက္ကသ** = သက်ကတ်သ
**မတ္ထကေ** = မတ်ထကေ
**ဝိဇ္ဇု** = ဝိတ်ဇု
**သဗ္ဗထဒ္ဓံ** = သပ်ဗထတ်ဓံ

အနက်အဓိပ္ပာယ်

**သက္ကသ**–သိကြားမင်း၏၊ **ဝဇီရာဝုဓံ**–ဝရဇိန်လက်နက် မိုးကြိုးစက်သည်၊ **ယထာ**–အကြင်အခါ၌၊ **သိနေရု မတ္ထကေ**–မြင်းမိုရ်တောင်မင်းကို၊ **ပဟာရေယျ**–ပစ်ချငြားအံ့၊ **ဝိဇ္ဇုတရေဝံ** – တစ်ချက်တည်း ဖောက်ထွင်းအောင် စွမ်းနိုင်သကဲ့သို့၊ **သဗ္ဗထဒ္ဓံ**–အလုံးစုံသော ရန်အပေါင်းတို့ကို၊ **ဝိဇေယျကံ**–အောင်စွမ်းနိုင်ရာ၏။

သိကြားမင်းမန္တန်ကို ရွတ်ဖတ်တော့မည်ဆိုလျှင် ရန်ဖက် မိတ်ဖက်၏ ရုပ်ကို မိမိအာရုံတွင် ထင်မြင်လာအောင် အာရုံစူးစိုက်ပါ။ ထင်မြင်လာလျှင် သိကြားမင်းမန္တန်ကို (၉)ခေါက်၊ (၁၈)ခေါက်၊ (၂၇)ခေါက်၊ (၃၆)ခေါက် စသဖြင့် မိမိ အလိုရှိသလို ဒွာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပါ။ အနက်ကို ရွတ်ဖတ်ရန် မလိုပါ။ အနက်အဓိပ္ပာယ်ကို သိထားရန်သာ လိုပါသည်။

သိကြားမင်းမန္တန်ကို ရွတ်ဖတ်ခြင်း၏ အကျိုးကျေးဇူးမှာ ဘေးရန် အန္တရာယ်မှန်သမျှကို နိုင်သည်။ ဘေးရန် အန္တရာယ်မှန်သမျှ ပ,ပျောက်စေသည်။ ဘေးရန်အန္တရာယ် မှန်သရွေ့ မယုံကြည်နိုင်လောက်အောင် အလိုလိုချုပ်ငြိမ်းသွားသည်ကို ကိုယ်တွေ့သိရှိပါလိမ့်မည်။

***စိတ်ထားမှန်ဖြင့်...***

**နော်(သာစည်)**

---

စာမျက်နှာ (၁၉၈)မှ အဆက်

...ိုက်ရာ ဝင်းခြံတံခါး သံချောင်းများသည် တချွင်ချွင်မြည်၍ ...ပြုပေါ်ဖုံ့ ကျပါလေရောလား...။

ခြံဝင်းတံခါး မနီးမဝေးတွင် ကလေးခိုးသူမှ ထိတ်လန့်ပြီး ...လေးကို အောက်ချထား၍ ထွက်ပြေးသည်။

မြေးကလေးအောင်ရာဇာမှ "အဘ အဘ"ဟု အော်ငိုသံ ...ကြားလိုက်သည်နှင့် ဘရာမောင်သည် ဝင်းတံခါးအပေါက် ...တဆိုးအသင့်ပြင်၍ ငုံ့လျှိုးဝင်လိုက်ပြီး မြေးကလေး ...အောင်ရာဇာအား ဘယ်လက်ဖြင့် တင်းတင်းကျပ်ကျပ်ချီ၍ ...လက်ဖြင့် ကြေးဝါဓားကြီးကို ဆုပ်ကိုင်လျက် ဝင်းတံခါး ...ကိုယ်စာအပေါက်မှ ပြန်လည် ထွက်လာခဲ့ပါသည်။

ဘရာမောင်၏ မျက်နှာသည် ယုံကြည်မှုအပြည့်နှင့် မာန်ဝင့် ...သား အချစ် မြေးအနှစ်ပေတို့...။

မှတ်ချက်။ ။ သံတစ်ပိဿာကို မီးနုပ်အောင် မီးပေး၍ တရိုက်သံပြာ ခွာပြီး (၇၁)ကျပ်သား ကျန်လျှင် အထက်သံချပ်သတ်နည်းလမ်းပါ ဝေဒပညာကျပ်ခိုသာကို ကဲရာအင်တွဲ ထပ်မြံ နနွင်း ဗိုလ်ချုပ်နှင်းလော့ဆိုသည့်အတိုင်း ထုံး၊ စေကိသာ ဆား၊ လက်ချား၊ ဆေးခန်း၊ ဒုဋ္ဌာဆေး တို့ဖြင့်ဆေးသားတင်ပါက ဓားအရောင်ထွက်၍ သံချောင်းကို ခုတ်လျှင် ပြတ်သည်ဟု မှတ်သားရဖူးပါသည်။

[ဗိုလ်ကြီးကျင်မောင် (မော်ကွန်းဝင် ပထမဆင့်၏) လူငယ်များ ရေရွှေးအကြမ်းစကားဝိုင်းတွင် ပြောခဲ့သည်များကို ဤစာစုဖြင့် မှတ်တမ်းပြုပါသည်။]

**အောင်လှသန်း (မင်းဘူး)**



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဝယ်သံမို့ ကြောင်းအကျိုးကို ကောင်း ဆိုမရွေး ထိုးသည့်ဆေးကား ယမ်းစိမ်းအငွေ စိန်ဝေယနှင့် ဒွိအလက်ချား ပေါင်းသုံးပါးကို ကျိတ်ခြေးမပျက်၊ ရေသင့်စွက်၍ ချက်လေ မီးမှာ သုံးကြိမ်သာတည့်။

အချိန်ကြပြီ ဆေးသိဒ္ဓိကို ယူမှန်တစ်မတ်၊ သံတစ်ကျပ်တွင်၊ ပိတ်လတ်နာနာ ထိုးတုံပါ လေ။

စတုပညာ ကျပ်စီသာကို၊ ကဲရာအင်တွဲ၊ ထပ်မြဲနှန်း၊ ဗိုလ်ချုပ်နှင်းလော့။

ခံခြင်းရည်မြှုပ် မိန့်ပေလတ်မည်၊ ထောပတ် ပျားရည်၊ ဆန်ပုံးရည်နှင့် တစ်လီဝက်ဆီ အညီစေ့ပေါင်း၊ ကိုးကြိမ်လောင်းက၊ အကောင်းမပျက်၊ မှန်ရောင်ထွက်လိမ့်၊ လွယ်လှလမ်းမှန် လမ်းတိုတည်း။

*(နာဂစိဗ္ဗ ရှင်ရသေ့)*

အဓိပ္ပာယ်အသူအကောက်

ဖေါ်ညွှန်းချက်

**စတုပညာသ။** ။ (တ.သ.ည.ခ= ထုံး၊ ဖဝက်သာ၊ ဆား၊ လက်ချား)

**အင်တွဲ။** ။[တနင်္ဂနွေ+စနေ= ၁+၇=၈= ဆင်မင်းမှာ (၈)စိန်ဖြူဖြစ်၏။ စင်စစ် တစ်တန်ဆေးဒန်းမှန်၏။] ဆေးဒန်းယူ ပါရန်။

**နှန်း။** ။ (စနေ+စနေ= ဒုဋ္ဌာ) ယူ ပါရန်။

အထက်ပါ သံချုပ်ဆေးသတ်ဆေး နည်းမှန်လမ်းတိုနည်းကို ဗိုလ်ကြီး ကျင်မောင် (မော်ကွန်းဝင် ပထမဆင့်)မှ အာဂုံအလွတ်ရထား၍ နွေလတစ်နေ့ ကျွန်တော်တို့ လူငယ်များ ရေနွေး အကြမ်း စကားဝိုင်း၌ ဦးဆောင်၍ ပြောပြနေပါသည်။

ဒါတွင်မကပါ သံကို ခုတ်ဖြတ်လျှင် တိုင်းတိုင်းတိပြတ်သော ကြေးဝါရောင် ဓားတစ်လက် အကြောင်းကိုလည်း ဆက်စပ်၍ ပြောပြသည်ကို နားထောင်



ခေါင်လှသန်း (မင်းဘူး)

သံကိုဖြတ်ပိုင်းသော

# ကြေးဝါဓား

ရပါသည်။

ဗိုလ်ကြီးကျင်မောင် ပြောပြသည် များကို မှတ်မိသမျှ ပြန်လည် တင်ပြ ပါမည်။ သက္ကရာဇ် ၁၃၀၀ပြည့်နှစ် ကာလကဟု ဆိုပါသည်။

'အဘ ထ'

(၁)နှစ် (၈)လသားအရွယ် မြေးဦး လေး အောင်ရာဇာမှ ''အဘ...ထ''ဟု ဘရာမောင်အား နံနက်(၇)နာရီ အချိန် တိုင်း စကားမပီတပီနှင့် တောက် တောက်ပြေး လမ်းသွားသင်ပြီး အိပ်ရာ မှထရန် နှိုးနေသည့်အသံ...

'ထပါပြီ မြေးရယ် ရော့ မင်းအတွက် နွားနို့ပူပူတစ်ခွက် ဘီစကစ်မုန့်တို့စား'

ဤကား မြန်အောင်မြို့ရပ်ကွက်တစ် ခုတွင်နေထိုင်သော မိသားစုတစ်စုမှ နံနက်တိုင်း ကြားနေကြ မြေးဦးလေး၏ ဆည်းလည်းသံပမာ ချိုမြိန်သော သမုဒယ ပညတ်သံစဉ်လေးများပါ။

တစ်နေ့သောနံနက် လူတစ်စုမှ ''မီးဟော့...မီးဟော့''ဟု မီးလှန့်သံ ညာသံပေး အော်ဟစ်ပြီး လူတစ် ယောက်မှ ဘရာမောင်၏မြေးကလေး အောင်ရာဇာအား ပခုံးတွင်ထမ်း၍ ထွက်ပြေးသွားပါလေရောလား...။

မြေးကလေး အောင်ရာဇာမှလည်း ''အဘ...အဘ''ဟုအော်ငိုရင်းပါသွား သည်။

ဘရာမောင်အိမ်နှင့် မနီးမဝေး ခြံတစ်ခုအား ရောက်သည်နှင့် ကလေး ခိုးသူသည် ခြံထဲသို့ ခွေ့ခနဲ ဝင်သွားပြီ ဝင်းခြံတံခါးကို အတွင်းမှ တံခါး မင်းတုပ်ကြီးကို ထိုးပိတ်လိုက်ပါတော့ သည်။

ခြံဝင်းတံခါးသည် (၅)မူးလုံး သံ ချောင်းကြိတိုင်များကို ပျဉ်တံခါးဘောင် ခွေပြီး ဒေါင်လိုက်ဖောက်စွပ်ထားသော ခြံဝင်းတံခါးပါ။

ဘရမောင်သည် မြေးကလေး အောင်ရာဇာအော်ငို၍ အဘ...အဘ ဟု မပီတပီအသံကို နောက်ယောင် ခံပြီး အပြေးလိုက်ပါတော့သည်။

လက်ကလည်း တစ်တောင်တ မိုက် အရှည်ရှိ ကြေးဝါရောင် ဓားရှည် ကြီးကို ကိုင်လို့ပါ။

ကလေးခိုးသူပိတ်ထားသော ခြံဝင်း တံခါးကို ရောက်သည်နှင့် ဘရာမော သည် လက်ဖြင့် ကျစ်ကျစ်ပါအော ဆုပ်ထားသော ကြေးဝါရောင် ဓားရှည် ကြီးနှင့် ခြံဝင်းတံခါးမှ ဖောက် ထားသော(၅)မူးလုံးသံချောင်းကြိ များကို လူတစ်ကိုယ်စာ ချောင်းချော ဝင်သာရုံ အထက်တစ်ချက် အော တစ်ချက် ဆက်၍ဆက်၍ ခုတ်

စာမျက်နှာ (၁၉၇) သို့



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော ဥပုသ်နေ့တစ်နေ့၌ ကျွန်ုပ်သည် ဆရာဆီသို့ အလည်ရောက်ရှိသွားရာ ပါတိတ်အနီရောင် ဝမ်းဆက် ဝတ်ဆင်ထားသော အသက် (၅၀)နီးပါးရှိ မိန်းမကြီးတစ်ဦးသည် ဆရာ့အား ထိုင်ကန်တော့နေသည်ကို တွေ့လိုက်ရ၍ လွတ်ကင်းရာ တစ်နေရာတွင် ဝင်ထိုင်လိုက်ကာ တစေ့တစောင်း အကဲခတ်ကြည့်ရှု စောင့်ဆိုင်းနေလိုက်၏။

'ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ကလေးက သိသိသာသာကို လိမ္မာသွားပါပြီ။ အဲဒါ ကျေးဇူးတင်လွန်းအားကြီးလို့ ဆရာ့ကို လာကန်တော့တာပါ'

'ဘာတွေဝယ်လာတာတုန်း အပိုတွေဟာ ဒါတွေမလိုပါဘူး။ ငါက နင့်ဆီက တန်ရာတန်ကြေး ဥဏ်ပူဇော်ခကို ရပြီးသားပဲဥစ္စာ၊ ပြန်ယူသွား၊ ပြန်ယူသွား'

'လက်ခံပါ ဆရာရယ် ဒါလေးတော့ လက်ခံပေးပါ။ ကျေးဇူးတင်လွန်းလို့ပါ ဆရာ'

ထို့နောက် မိန်းမကြီးသည် ဆရာ့ကို နှုတ်ဆက်ကာ ဝမ်းသာပျော်ရွှင်စွာဖြင့် ပြန်သွားပါသည်။ ဆရာက ကျွန်ုပ်အား လှမ်းကြည့်လိုက်ပြီး...

'သူ့သားက (၉)တန်းကျောင်းသား။ ဦးလေးတွေ၊ အဒေါ်တွေက မြှောက်စားထားတော့ တော်တော်ဆိုးနေတာ၊ ဟိုဟာ လိုချင်ရပြန်ပြီ။ ဒီဟာ လိုချင်ရပြန်ပြီနဲ့ ပညာရေးကို စိတ်မဝင်စား။ မိဘကို ခံပြော၊ ဆန့်ကျင်ဘက်တွေ လုပ်လွန်းအားကြီးလို့ စိတ်သောကတွေ ရောက်ပြီး ငါ့ဆီရောက်လာတာ၊ အခု တစ်လတောင် မပြည့်သေးဘူး။ သူ့သားက ပြန်အပိုးကျိုးသွားလို့ လာကန်တော့တာ'





ဈောင်နန္ဒ (ကျိုက်လတ်)

လိမ္မာယဉ်ကျေး မေ့ရင်သွေးနှင့်

# ဘေးကင်းရန်ဝင် ဘေးငြိမ်ဝင်

'ဩော်...ဟုတ်ကဲ့ ဆရာက ဘာအစီအရင် ပေးလိုက်တာလဲဟင်'

'ဒီလိုကိစ္စမျိုးကကွာ ဘာအစီအရင်မှ ထွေထွေထူးထူး ပေးစရာမလိုပါဘူး။ မိဘတစ်ဦးဦးက လုပ်ပေးပေါ့၊ သားဖြစ်သူရဲ့ အင်္ကျီလေးကို ပေါင်ပေါ်ဖြန့်တင်၊ ဒါမှမဟုတ် ပခုံးပေါ် တင်ချင်ရင်လဲတင်၊ ပြီးရင် "အောင်ခြင်းရှစ်ပါး" ဂါထာကို ကလေးမွေးနံ့ရဲ့ ဆယ့်တစ်အရေအတွက်အတိုင်း အခေါက်ရေကို နေ့စဉ်ရွတ်ဆိုင်းလိုက်၊ ခေါက်ရေက ဆယ့်တစ် အရေအတွက်ဆိုတာ "သူကိုနိုင်လို ဆ,ကိုရို" ပညာခန်းကို သုံးထားတာလေ။

တစ်လ မရှုတ်ရပါဘူးကွာ၊ သိသိသာသာကြီးကို လိမ္မာရေးခြား ရှိသွားပါလိမ့်မယ်။ အဲဒီကလေးက အင်္ဂါသားဆိုတော့ အင်္ဂါရဲ့ ဆယ့်(၆)ခုမြှောက်က တနင်္ဂနွေ အဲဒီတော့ အခေါက်ရေ(၁၀၀) နေ့တိုင်း ရွတ်ဆိုင်းလိုက်တာ အခု အဆင်ချောသွားပြီလေ'

'ဩော်... ဟုတ်ကဲ့ဆရာ ဒါဆို **တနင်္ဂနွေ သားသမီး**တွေအတွက်ဆိုရင် အခေါက်ရေ(၆၀)၊ **တနင်္လာသားသမီး**တွေအတွက်ဆိုရင် အခေါက်ရေ(၇၀)၊ **ဗုဒ္ဓဟူးသားသမီး**တွေအတွက်ဆိုရင် အခေါက်ရေ(၂၀)၊ **ကြာသပတေးသားသမီး**တွေ အတွက်ဆိုရင် အခေါက်ရေ(၃၀)၊ **သောကြာသား**



www.burmeseclassic.com

www.burmeseclassic.com

**သမီး**တွေအတွက်ဆိုရင် အခေါက်ရေ (၄၀)၊ **စနေသားသမီး**တွေအတွက်ဆိုရင် အခေါက်ရေ(၅၀) နေ့စဉ် ရွတ်ပေးရမှာပေါ့နော်'

'အေးပေါ့ကွ ဒါပဲပေါ့။ အဲဒီရွတ်ဖတ်ထားတဲ့ အကျီတွေကို ကလေးကို အလှည့်ကျ ဝတ်ဝတ်ပေးပေါ့။ ဘယ်လောက်ဆိုးတဲ့ ကလေးဖြစ်ဖြစ် ငြိမ်ဝပ်ပိပြား လိမ္မာရေးခြား ရှိသွားစေရမယ်။ ဒီဂါထာလောက် အစွမ်းထက်တာမရှိဘူး။

ဒီဂါထာက **လုပ်ငန်းအပြိုင်အဆိုင်ကိစ္စတွေ၊ ကိုယ့်ကို ကိုယ့်လုပ်ငန်းကို အတိုက်အခိုက် အနှောင့်အယှက်လိုက်ပေးနေတာတွေ၊ ကိုယ့်ကို မနာလိုပြီး ကဲ့ရဲ့ပြစ်တင် စောင်းမြောင်းပြောဆို အတိုင်အတော ခံနေရတာတွေ၊ ရန်များနေတာတွေ၊ မတရားအစွပ်အစွဲခံရ၊ အမှုအခင်းရင်ဆိုင်နေရတဲ့သူတွေ၊ စုန်း,နတ်, တစ္ဆေတို့ရဲ့ အမှောင့်ပယောဂအတိုက်ခံနေရတာတွေနဲ့ သူခိုးဓားပြဘေး၊ မိစ္ဆာဒိဋ္ဌိတွေရဲ့ဘေး၊ တိရစ္ဆာန်တွေရဲ့ဘေး၊ အဆိပ်ဘေး၊ မိန်းမ အနှောင့်အယှက်ဘေးတွေကနေ လွတ်မြောက်စေတယ်၊ ကျော်လွှားအနိုင်ရရှိစေတယ်။**

အဲဒီကိစ္စတွေမှာတော့ ဂါထာအစ အဆုံးကို ပုတီးတစ်လုံးချ (၁၀၈)လုံး ပုတီးနဲ့ ကိုယ်ရင်ဆိုင်နေရတဲ့ အခက်အခဲ၊ ပြဿနာအကြီးအသေး ပမာဏကို ချင့်ချိန်ပြီး(၃)ပတ်၊ (၅)ပတ်၊ (၇)ပတ်၊ (၉)ပတ် သင့်တော်သလို ချိန်ဆပြီး အဆင်ပြေသလို စိပ်ပေါ့ကွာ။ ကျိန်းသေကို အောင်မြင်မှု ရရှိပါလိမ့်မယ်။

ဒါတင် ဘယ်ကဦးမလဲ **စာမေးပွဲသွားဖြေတာတို့၊ ရာထူးရာခံအတွက်**



**အင်တာဗျူး သွားဖြေတာတို့**မှာ ဒီဂါထာနဲ့ (၉)ရက်လောက် အဓိဋ္ဌာန်ကြိုဝင်၊ သွားဖြေတဲ့နေ့တွေမှာ အနည်းဆုံး သက်စေ့ ရွတ်သွား၊ ထူးထူးခြားခြားကို အောင်မြင်လိမ့်မယ်။ မယုံမရှိနဲ့ဟေ့ လက်တွေ့တွေက များလှပြီ။

ဒါတင် ဘယ်ကဦးမလဲကွာ ဒီဂါထာက **ဈေးရောင်းဈေးဝယ်ကောင်းပြီး လူအများရဲ့ ရိုသေလေးစားမှုကိုလဲ ရရှိစေတယ်ကွ။** လက်တွေ့...လက်တွေ့'

'ဟုတ်ကဲ့ပါဆရာ ဒီဂါထာကို တော်တော် သဘောကျသွားပါပြီ။ ဒီဂါထာက ကျွန်တော် ရပြီးသားပါ။ ဟိုးအရင် ဆရာ့ဆီမှာ ဗေဒင်သင်တန်းတက်ကတည်းက ဆရာ သင်ပေးထားလို့ အလွတ်ရထားတာပါ'

'ဩော် ဒီဂါထာ ငါသင်ပေးပြီးသားလား။ မမှတ်မိတော့ပါဘူးကွာ။ ကြာခဲ့ပြီဆိုတော့'

ထို့နောက် ကျွန်ုပ်သည် ဆရာနှင့် ဟိုဟိုဒီဒီ စကားစမြည် ပြောဆိုနေကာ အချိန် တစ်နာရီကျော်ခန့် ကြာသွားသောအခါ ဆရာ့အား နှုတ်ဆက်ပြီး ပြန်လာခဲ့ပါတော့သည်။

အောင်ခြင်းရှစ်ပါး အချုပ်မန္တန်

မာရံ ယက္ခံ ဂဇံ စောရံ စိဥ္စမာနဥ္စ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ ဟောတု မေ ဇယ မင်္ဂလံ။

အနက်

**မာရံ၊** မာရ်နတ်မင်းကို လည်းကောင်း။ **ယက္ခံ၊** အာဠာဝက ဘီလူးမင်းကို လည်းကောင်း။ **ဂဇံ၊** နာဠာဂီရိဆင်ပြောင်ကြီးကို လည်းကောင်း။ **စောရံ၊** ဟိံသကဆိုသော ဓားပြကြီးကို လည်းကောင်း။

**စိဥ္စမာနဥ္စ၊** စိဥ္စမာနဆိုသော မိန်းမယုတ်ကို လည်းကောင်း။ **သစ္စကံ၊** သစ္စကပရိဗိုဇ်ဆိုသော ရသေ့ကြီးကို လည်းကောင်း။ **နာဂံ၊** နန္ဒောပနန္ဒနဂါးမင်းကို လည်းကောင်း။ **ဗကံ၊** ဗကဗြဟ္မာကြီးကို လည်းကောင်း။ **ဇိနောဇိနိ၊** မြတ်စွာဘုရားသည် မေတ္တာရှေ့ထား သည်းခံထား၍ အောင်မြင်တော်မူခဲ့လေပြီ။

**မေ၊** ဘုရားတပည့်တော်အား။ **ဇယျမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာ အဖြာဖြာကို။ **ဟောတု၊** ပေးသနားတော်မူပါ အရှင်ဘုရား။

**(အထက်ပါ ဂါထာသည် သားသမီးများအတွက်သာ မဟုတ်ဘဲ တူ,တူမများ၊ ညီငယ်,ညီမငယ်များ၊ တပည့်လက်သားများ၊ အလုပ်သမားများ အစရှိသည်တို့အတွက် လည်းကောင်းစွာ အသုံးပြုနိုင်ပါသည်။ အကျီကို ယူသုံးရန် အခက်အခဲရှိလျှင် ဓာတ်ပုံကို ယူငင်၍ အသုံးပြုပါ။)**

*ဘဝအစစ လှကြပါစေ။*

**အောင်နန္ဒစံ***(ကျိုက်လတ်)*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့်

# သစ္စာလေးပါး ပုတီးစိပ်



အောင် (သိဒ္ဓိရာဇာ)
နဝင်းမြို့တော်

## စကားနိဒါန်း

ကျွန်ုပ်အနေဖြင့် ဝိဇ္ဇာဓရဂမ္ဘီရနယ်မှ ပုတီးစိပ်ဖြစ်သော သစ္စာလေးပါး ပုတီးစိပ်နည်းကို ရေးရန် ကြံရွယ်ထားခဲ့ပါသည်။

ယခုရေးသားရန် အကြောင်းက ဖန်လာနေခဲ့ပြီ ဖြစ်ပါသည်။ **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၃၄) ၂၀၁၄ ခုနှစ်၊ မေလထုတ်တွင် ဆရာမောင်လှယဉ် (မော်လမြိုင်)၏ "ဂန္ဓာရီပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်တွေ့ပုတီးစိပ်"**ကို ရေးသားတင်ပြခဲ့ပါသည်။

စာတည်းချုပ်က ပန်ကြားလွှာဖြင့် ထိုပုတီးစိပ်ကို ရေးသားတင်ပြကြဖို့ မေတ္တာရပ်ခံပြီး ဖိတ်ခေါ်ထားတာကို ဖတ်လိုက်သဖြင့် ကျွန်ုပ်သည် စာချစ်သူမိတ်ဆွေများ သုတတိုးပွားကြစေရန်အတွက် စိတ်ဆန္ဒ ပြင်းပြလာခဲ့ရပါတော့သည်။

ဆရာမောင်လှယဉ် (မော်လမြိုင်) တင်ပြထားသည့် ပုတီးစိပ်(၁၀)မျိုးတို့သည် သစ္စာလေးပါးမှ အရကောက်ထားသော ဗျည်းအက္ခရာများနှင့် ပု–ဒိ–အာ ဉာဏ်(၃)ပါးတွဲထားခြင်း၊ သစ္စာလေးပါး အရကောက်ဗျည်းအက္ခရာအပုဒ်များ **သိဒ္ဓိနမောဗုဒ္ဓါယ** ဗုဒ္ဓ၏ သိဒ္ဓိတန်ခိုး အောင်ဂါထာနှင့် စမများကို ဂါထာတစ်ပုဒ်စီပြု၍ ပုတီးစိပ်ရန် ဆိုထားခြင်း ဖြစ်ပါသည်။

**"သစ္စာလေးပါးပုတီးစိပ်"**ဟု ရိုးစင်းသော အမည်နာမဖြင့် လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်ကာလက ရခဲ့ပုံတို့ကို အောက်တွင် ရေးသားဖော်ပြခြင်းမပြုမီ ယခု ဒီနိဒါန်းစကားကို ရပ်နားလိုက်ပါသည်။

## အတိတ်က ပုံရိပ်

ကျွန်ုပ် စတင်တာဝန်ယူချိန် ပြည်သူ့တရားစီရင်ရေး ရှေ့ပြေးကာလ ဖြစ်ပါသည်။ ကျွန်ုပ်သည် ကလေးသူငယ်တရားရုံးကို တာဝန်ယူနေရချိန် ဖြစ်ပါသည်။

ထိုစဉ်အခါကာလက တာဝန် အတူယူခဲ့ရသော ကလေးသူငယ် တရားသူကြီးအဖွဲ့ဝင်တစ်ယောက်သည် ဝိဇ္ဇာဓရဂမ္ဘီရပညာကို အထူးလေးစားသူဖြစ်လေသည်။

ဝါသနာတူခြင်းဖြစ်၍ ကျွန်ုပ်တို့မှာ လွန်စွာ ခင်မင်လာခဲ့ကြပါတော့သည်။ တစ်နေ့တွင် ကျွန်ုပ်၏ မိတ်ဆွေထံသို့ ညီ့သည်တစ်ယောက်မှ ဆရာတော်ကြွလာသဖြင့် ညပိုင်းတွင် သူ့အိမ်သို့ လာရန် ဖိတ်ခေါ်သွားခဲ့ခြင်း ဖြစ်ပါသည်။

ထိုညီ့သည် ပြန်သွားသည်နှင့် ကျွန်ုပ်မှာ မနေနိုင်တော့၍ အပြောကိုပင် မစောင့်နိုင်တော့ဘဲ မေးလိုက်ရပါတော့သည်။

'ခုနက ဆရာတော်ကြွလာတယ်လို့ ပြောသွားတာကို ကြားလိုက်ရပါတယ်။ ဒီတော့ ဆရာတော်ဆိုတဲ့ ဘွဲ့မည်တော်ရယ်၊ ဘယ်မှာ သီတင်းသုံးတယ်ဆိုတာရယ် ပြောပြပါဦး'

ဟု မေးပြော ပြောလိုက်ရပါတော့သည်။

'ခင်ဗျားမေးတာကို ပြောပြပါမယ်၊ ဆရာတော်အမည်က **ဦးနိမလ**တဲ့ဗျ။ သီတင်းသုံးတဲ့နေရာကတော့ **"ဂျုတ်ကုန်းတောရ"**မှာပါ'

ဟုပင် ချက်ချင်း ဖြေဆိုခဲ့ပါသည်။

နောက်တစ်နေ့တွင်...

'ဦးအောင်ရေ...ခင်ဗျား စိတ်ဝင်စားမယ်တော့ ထင်ပါတယ်ဗျ။ ဘာလို့လဲဆိုတော့ ဝိဇ္ဇာကြီးများက လွန်စွာဉာဏ်ကြီးကြတာဗျ၊ သိဒ္ဓိအာဏာတော်ရဲ့ သည်းခြေဖြစ်တဲ့ စမတွေနဲ့ သစ္စာလေးပါး အရကောက်ထားတဲ့ ဗျည်းအက္ခရာကို ဂါထာဖွဲ့ထားတာပါတယ်ဗျ။ ခင်ဗျား ကူးယူပေတော့'

ဟု ပြောပြပြီး စာအုပ်တစ်အုပ်ကို ကျွန်ုပ်လက်ထဲသို့ ပေးအပ်လိုက်ပါတော့သည်။

ကျွန်ုပ် ကူးယူခဲ့သော ပုတီးစိပ်ဂါထာ



www.burmeseclassic.com

www.burmeseclassic.com

များ မရောက်မီမှာပင် သစ္စာလေးပါးကို အရကောက်ထားသည်တို့ကို အောက်တွင် ရေးသား ဖော်ပြထားပါသည်။

**သစ္စာလေးပါး အရကောက်ဖွဲ့နည်း အကွက်ရာများ...**

***

| | | | | |
|---|---|---|---|---|
| ၁။ ဒုက္ခသစ္စာ | = | သမုဒယသစ္စာ၊ | မဂ္ဂသစ္စာ၊ | နိရောဓသစ္စာ |
| | | သ၊ | မ၊ | နိ |
| ၂။ သမုဒယသစ္စာ | = | ဒုက္ခသစ္စာ၊ | နိရောဓသစ္စာ၊ | မဂ္ဂသစ္စာ |
| | | ဒု၊ | နိ၊ | မ |
| ၃။ နိရောဓသစ္စာ | = | သမုဒယသစ္စာ၊ | မဂ္ဂသစ္စာ၊ | ဒုက္ခသစ္စာ |
| | | သ၊ | မ၊ | ဒု |
| ၄။ မဂ္ဂသစ္စာ | = | သမုဒယသစ္စာ၊ | နိရောဓသစ္စာ၊ | ဒုက္ခသစ္စာ |
| | | သ၊ | နိ၊ | ဒု |

တို့ ဖြစ်ကြပါသည်။

**ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်** စသည် (၃)ပါးသော ဉာဏ်တော်ဖြစ်ပါသည်။

**"သိဒ္ဓိ၊ နမောဗုဒ္ဓါယ"**သည် အတုမဲ့ဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ ဂုဏ်တော် အောင်သိဒ္ဓိဂါထာ ဖြစ်သည်။

ကျွန်ုပ်ကို ပုတီးစိပ်ရန်ပေးခဲ့သော ဂါထာပုဒ်များမှာ...

***

| | | |
|---|---|---|
| (က) | သမနိ | လာဘံ စေဝ ဘဝိဿတိ။ |
| (ခ) | ဒုနိမ | သုခံ စေဝ ဘဝိဿတိ။ |
| (ဂ) | သမဒု | ဓနံ စေဝ ဘဝိဿတိ။ |
| (ဃ) | သနိဒု | တေဇံ စေဝ ဘဝိဿတိ။ |
| (င) | ကဃယဏ္ဍ | သဗ္ဗသိဒ္ဓိ စေဝ ဘဝိဿတိ။ |
| (စ) | စဝဇဝ | အနန္တသိဒ္ဓိ စေဝ ဘဝိဿတိ။ |
| (ဆ) | ပုဒိအာ | မဟာပညာ စေဝ ဘဝိဿတိ။ |
| (ဇ) | သိဒ္ဓိနမောဗုဒ္ဓါယ | မဟာဉာဏံ စေဝ ဘဝိဿတိ။ |
| (ဈ) | ဋုသညက | သဗ္ဗကိစ္စံ စေဝ ဘဝိဿတိ။ |
| (ည) | နုဝဒအ | မဟာဝိဇ္ဇာ စေဝ ဘဝိဿတိ။ |

တို့ပင် ဖြစ်ပါသည်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကို ဦးထိပ်တင်ပြီး ပုတီးစိပ်ရမည် ဆိုပါသည်။ ဂါထာတစ်ပုဒ်ကို ပုတီးတစ်လုံးချပြီး ဂုဏ်တော်ပုတီးတစ်ပတ်ကျဖြင့် ပုတီးစိပ်ရမည်ဖြစ်သည်။

ဂါထာ(၁၀)ပုဒ်ထားရှိခြင်းသည် သိဒ္ဓိကြီး(၁၀)ပါးကို ရည်ညွှန်းကြောင်းကိုလည်း ပြောပြပါသေးသည်။ တစ်ကြိမ်တွင်(၁၀)ရက် အဓိဋ္ဌာန်ဝင်ရပြီး (၉)ကြိမ်တိတိ ဝင်ရောက်ရမည်ဟုလည်း ပြောပါသည်။

သို့ဆိုပါလျှင် တစ်ကြိမ်(တစ်ဝါရ)ကို (၁၀)ရက်နှင့် (၉)ကြိမ် သွားရမည်ဖြစ်ပါသည်။ အဓိဋ္ဌာန်ပြီးမြောက် ခရီးရောက်အောင် ရက်(၉၀)ကြာမြင့်မည်ဖြစ်ပါသည်။ နဝင်းသည် ဝိဇ္ဇာဓရဂုဏ်ရှိရ နယ်တွင် အင်အားတစ်ရပ်ပင် ဖြစ်ပါသည်။

ဆရာတော်၏ ဆန္ဒအရ ပြောပြရမည်ဆိုပါလျှင် **အဓိဋ္ဌာန်ကာလကြီး အတွင်းတွင်** သက်သားလွှတ်စားခြင်း၊ နဝင်္ဂသီလထိန်းခြင်း၊ သီလထိန်းပါရန် ခက်ခဲသူများ (ငါးပါးသီလနှင့် မေတ္တာသီလ)တွဲပြီး ထိန်းသင့်ကြပါသည်။

သိဒ္ဓိဆယ်ခွင် အောင်ပွဲဝင်အောင်...

- ထာဝရ ချမ်းသာရစေနိုင်သော သစ္စာလေးချက် (သစ္စာလေးပါး) (၄)ဂါထာ၊
- ဉာဏ်တော်(၃)ပါး အထူးထားသည့် အချက်(၁)ဂါထာ၊
- သိဒ္ဓိသည် (မြတ်စွာဘုရားရှင်၏ အာဝေနိကဂုဏ်) ရည်ညွှန်းသလိုပင် ဗုဒ္ဓါယမှာလည်း (မြတ်စွာဘုရားရှင်၏ အာဝေနိကဂုဏ်ကိုပင် ညွှန်းဆိုပါသည်။) နမောသည် သုံးပါးပျောင်းပျော့မာန်ကို လျှော့၍ ကန်တော့ခြင်းဖြစ်သည်။
- ဝိဇ္ဇာဓရဂုဏ်ရှိရ (ဂမ္ဘီရသဘောထားအရ)အစွမ်းထက်မြက်လှသော စမကြီးလေးလုံးကို ပြထားခြင်း...

စသည်တို့ကို ခြုံငုံသုံးသပ်ရလျှင် လွန်စွာ ထူးခြားထက်မြက်ခြင်း၊ မျက်မှောက်ဘဝအတွက် ပြီးပြည့်စုံရခြင်း သံသရာမှလွတ်ကြောင်း ဖြစ်စေသော **"မဟာသိဒ္ဓိသစ္စာလေးပါး ပုတီးစိပ်"**လို့ပင် ဆိုချင်ပါသည်။

ကျွန်ုပ်အနေဖြင့် တင်ပြလိုသည့် အချက်များမှာ ကျွန်ုပ်တို့ကို နည်းလမ်းမျိုးစုံဖြင့် ပညာပေးခဲ့ကြသော (ဝိဇ္ဇာဓရ ဂမ္ဘီရပညာပေးခဲ့ကြသော) ဆရာတော် အရှင်သူမြတ်များ၊ ဆရာများတို့သည် သိဒ္ဓိရှင် မဟိဒ္ဓိရှင်များမှ ချီးမြှင့်ပေးရာ



www.burmeseclassic.com

www.burmeseclassic.com

တွင် **"နေရာဒေသ"၊ လူပုဂ္ဂိုလ်၏ စရိုက်"**စသည်တို့ကို ထောက်ပြီး ချိုးမြှင့်ရသည့်အတွက် မှုကွဲတွေတော့ ရှိခဲ့သည်မှာ သဘာဝတစ်ခုပါ။

ယုံကြည်သဒ္ဒါ စိတ်အားကြီးစွာနှင့် ပုတီးစိပ် အဓိဋ္ဌာန်ဝင်ကြမည်ဆိုလျှင် မုချအောင်မြင်ရမည် ဖြစ်ပါသည်။

စာချစ်သူ မိတ်ဆွေများ သိထားကြပြီးဖြစ်သည့်အတိုင်း တန်ဖိုးရှိသော အချိန်၊ ပြန်လည်အစားထိုးမရနိုင်သော အချိန်ကို မိတ်ဆွေတို့၏ ပစ္စက္ခဘဝ အတွက်ကို ဖြစ်စေ သံသရာမှာ ထာဝရ အေးငြိမ်းစေနိုင်သော ကျင့်စဉ်ကောင်း ဖြစ်နေ၍ လက်လွှတ်မခံသင့်ပါ။ ဆောလျင်စွာပင် ဆောင်ရွက်သင့်ပါသည်။

အခု တန်ခူးလဆန်း (အတာတွေ အလီလီ ကူးလာခဲ့သည့် တာကူးလ) ရက်မှာ ကျွန်ုပ်ကို အမြဲလိုလိုပင် အမေး အမြန်းထူပြီး ပြဿနာသယ်လာတတ်သူ တပည့်စောမြင့်သန်း ရောက်လာခဲ့ပါပြီ။

'ဆရာ့အတွက် သင်္ကြန်တွင်းစာနဲ့ တစ်ခုကတော့ အခု ၂၀၁၄ ခုနှစ်၊ မေလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ပါလာတဲ့ ဂန္ဓာရီပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်တွေ့ပုတီးစိပ်ကို ဖတ်ပြီးလို့ ဆရာ့ကို မေးဖို့လာခဲ့တာပါ'

ဟု ပြောလေသည်။

'အေးကွ... တို့များဖတ်ဖို့ ပန်းမြိုင်လယ်စာပေက ပို့လို့ မင်းပြောတဲ့ ဆောင်းပါးကို ပြီးခဲ့တဲ့ (၃)ရက်လောက်ကတည်းက ဖတ်လိုက်ရပါတယ်။ ဘာသိချင်နေပြန်တာလဲ'

ဟု ပြန်ပြောရပါသည်။

'ဆရာ့ကို မေးချင်တာက အခုဖတ်ရတဲ့ ပုတီးစိပ်မျိုးကို ပြီးခဲ့တဲ့ နှစ်(၃၀) လောက်က ကျွန်တော့်ကို စိပ်ဖို့ဆိုပြီး ဆရာပေးဖူးတာနဲ့ မတူသလို ဖြစ်နေလို့ပါ'

ဟု ပြန်ပြောပြလေသည်။

ကျွန်ုပ်သည် အထက်တွင် စာချစ်သူ မိတ်ဆွေများ သိစေရန် ရေးသားခဲ့ပြီးသည့်အတိုင်း ရှင်းပြလိုက်တော့မှ ကျေနပ် ဝမ်းမြောက်သွားလေတော့သည်။

စာချစ်သူများကို ကျွန်ုပ်တင်ပြလိုသည်မှာ ဝိဇ္ဇာဓရဂေါ္ဘိရပညာနယ် ကျယ်ပြန့်သလောက် ဆရာသခင်များ၏ ဝါဒအရ မှုကွဲများစွာတို့ ရှိနေမည် ဖြစ်ပါသည်။

တကယ် ဆောင်ရွက်လိုကြလျှင်လည်း မိမိသဒ္ဒါ ဆန္ဒအတိုင်း ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်ကြသင့်ကြောင်း ထပ်လောင်းတင်ပြပါသည်။

***ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ရရှိ ပြည့်စုံကြပါစေ။***

**အောင် (သိဒ္ဓိရာဇာ)**
**နဝင်းမြို့တော်**

**စာမျက်နှာ (၂၀၆)မှ အဆက်**

တတ်သည်။

✤ **လုလင်ပျိုက မြင်မက်လျှင်...**
ပင်ပန်းသော အလုပ်ကြမ်းများ လုပ်ကိုင်ရကိန်းရှိသည်။

✤ **လုံမပျိုက မြင်မက်လျှင်...**
စွပ်စွဲရှုတ်ချ ပြောဆိုခြင်း ခံရဖွယ်ရှိသည်။

✪ ပွတိုးသေနတ် ပျောက်သွားသည်ဟု မြင်မက်လျှင် မကောင်းပါ။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**
စီးပွားပျက်တတ်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**
အိမ်တွင်းရေး ဆူပူနေမည်။

✤ **လူပျိုက မြင်မက်လျှင်...**
ကာလသားရောဂါ ရတတ်သည်။

✤ **အပျိုက မြင်မက်လျှင်...**
ရောဂါသည့် ခင်ပွန်းနှင့် လက်ဆက်ရကိန်းရှိသည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်က...**
ကုသရ ခက်ခဲသော ရောဂါဆိုးဖြစ်နေတတ်သည်။

✤ **ခရီးသွားစဉ် မြင်မက်က...**
ဒုက္ခကြုံ၍ ခရီးဆုံး မရောက်နိုင်ပါ။

✤ **ကုန်သည်က မြင်မက်လျှင်...**
ငွေရင်းနှင့် စရိတ်စက အားလုံး ပြုတ်ပြုတ်ပြုန်းတတ်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**
လယ်ယာမြေ ဆုံးရှုံးနိုင်သည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်ပါက...**
စာမေးပွဲ အောင်နိုင်ခြေ မရှိပါ။

**ထက်မင်းကျော်စွာ**


**စာမူ**
**ပို့လိုက...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း





www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၈၄)

ထက်မြင့်ကျော်စွာ



**မည်သည့်သေနတ်မဆို သေနတ်အားလုံး အကျုံးဝင်သည်။**

◎ သေနတ် ကိုင်ဆောင်လာသည်ကို တွေ့ရသည်ဟု မြင်မက်လျှင် ကောင်းသောအိပ်မက်မဟုတ်ချေ။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်တွင်းရေး ရှုပ်ထွေး၍ ခိုးသားဓားပြရန်အား ကြုံတွေ့ရတတ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ဆင်ခြင်တုံတရား နည်းပါး၍ ဒုက္ခကြုံရဖွယ်ရှိသည်။

✤ **လုလင် လူပျိုက မြင်မက်လျှင်...**

မမှန်ကန်သော နည်းလမ်းဖြင့် စီးပွားရှာဖွေမိသဖြင့် အပြစ်ဒဏ် ခံယူရနိုင်သည်။

✤ **မကျန်းမမာသူက မြင်မက်လျှင်...**

ဆေးထိုးဆေးစား မှား၍ ဝေဒနာတိုးတက် ပြင်းထန်မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်ပစ္စည်း လေလွင့်ပျောက်ပျက်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

အပင်ရောဂါနှင့် ပိုးမွှားအဖျက်အဆီး ကြုံမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခိုးဝှက်လုယက်သူဘေး သတိထားပါ။

✤ **လုံမပျိုက မြင်မက်လျှင်...**

ရှုပ်ပွေသူ အမျိုးသားနှင့် ငြိစွန်းတတ်သည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

မသမာသော နည်းလမ်းကြောင့် စာမေးပွဲကျနိုင်သည်။

✤ **ကိုယ်ဝန်ဆောင်က မြင်မက်လျှင်...**

မွေးဖွားရာ၌ အခက်အခဲ ကြုံရကိန်းရှိသည်။

◎ သေနတ် ပစ်ဖောက်ရသည်ဟု မက်လျှင် ပျော်ရွှင်မှု ဆိတ်သုဉ်းခြင်းဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အိမ်တွင်းရေး သုခကင်းမဲ့မည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ခင်ပွန်း၏ လျစ်လျူပြုခြင်း ခံရမည်။

✤ **လူပျိုက မြင်မက်လျှင်...**

ကမ်းလှမ်းမှုကို ငြင်းပယ်ခြင်း ခံရမည်။

✤ **အပျိုက မြင်မက်လျှင်...**

ကမ်းလှမ်းသူမရှိ ဖြစ်နေမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အရောင်းအဝယ် ထိုင်းမှိုင်းမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ကောက်ပဲသီးနှံ ဈေးနှိမ်ခံရမည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ရောဂါဝေဒနာ တာရှည်မည်။

✤ **ခရီးသွားစဉ် မြင်မက်က...**

ပင်ပန်းခက်ခဲမည်။

✤ **ကိုယ်ဝန်ဆောင်က မြင်မက်လျှင်...**

ဝမ်းတွင်းကလေးငယ်၌ ရောဂါ ပါရှိနေမည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

မျှော်လင့်ထားသော အဆင့်အတန်းကို မမီနိုင်ပါ။

✤ **ရှေ့နေက မြင်မက်လျှင်...**

လိုက်ပါဆောင်ရွက်သောအမှု ရှုံးတတ်သည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်လျှင်...**

ပြန်ရရန် မရှိတော့ပြီ။

◎ ပစ္စတို(ခြောက်လုံးပြူး အပါအဝင် ပြောင်းတို သေနတ်များ) သေနတ်ဖြင့် လူသတ်ရသည်ဟု မြင်မက်လျှင် အချစ်သံယောဇဉ်များ ပျောက်ဆုံးတတ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ဇနီးသည်နှင့် ဝေးကွာနေရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

✤ **အိမ်ရှင်မက မြင်မက်လျှင်...**
သားသမီးများနှင့် ခွဲခွာနေရတတ်သည်။

✤ **လူပျိုလူလွတ်က မြင်မက်လျှင်...**
ချစ်သူစွန့်ခွာသွားခြင်း ခံရမည်။

✤ **အပျိုက မြင်မက်လျှင်...**
ကြင်သူ ဝေးနေမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**
လယ်ယာမြေ လျော့ပါးဆုံးရှုံးရတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**
ပူးပေါင်းလုပ်ကိုင်သူ လမ်းခွဲထွက်ခွာသွားဖွယ်ရှိသည်။

✤ **ရောဂါဝေဒနာသည်က မြင်မက်လျှင်...**
ဆေးဝါး ရှားပါးမည်။

✤ **ခရီးသည်က မြင်မက်လျှင်...**
ခရီးတာရှည်တတ်သည်။

✤ **ပညာသင်များက မြင်မက်လျှင်...**
စာမေးပွဲ အခက်အခဲကြုံမည်။

✤ **ကိုယ်ဝန်ဆောင်က မြင်မက်လျှင်...**
လျှောကျပျက်စီးတတ်သည်။

◎ ပစ္စတိုကို လွှင့်ပစ်လိုက်သည်ဟု အကျိုးအမြတ် ရှိ၏။

✤ **ကုန်သည်က မြင်မက်လျှင်...**
အရောင်းအဝယ် တွင်ကျယ်မည်။

✤ **စစ်သည်က မြင်မက်လျှင်...**
ရာထူးတိုးတာဝန် တိုးမြှင့်ခန့်ထားခြင်း ခံရကိန်းရှိသည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်ပါလျှင်...**
ဝင်ငွေ တိုးပွားမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**
အိမ်ထောင်ပရိသောဂ အသစ်ဝင်



နိုင်သည်။

✤ **လူပျိုက မြင်မက်ပါလျှင်...**
အလုပ်အကိုင် ရရှိတတ်သည်။

✤ **အပျိုက မြင်မက်လျှင်...**
ကြေးရတတ်နှင့် ရည်ငံရတတ်သည်။

✤ **ခရီးသည်က မြင်မက်လျှင်...**
ကူညီသူ ပေါ်ပေါက်၍ ခရီးတွင်မည်။

✤ **မကျန်းမာသူက မြင်မက်လျှင်...**
ဆေးဝါးတွေ့၍ သက်သာပျောက်ကင်းမည်။

✤ **အချုပ်အကျဉ်း ကျနေစဉ် မြင်မက်က...**
မကြာမီ လွတ်မြောက်တော့မည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**
စာမေးပွဲတွင် ချောမောစွာ အောင်မြင်မည်။

✤ **ကိုယ်ဝန်ဆောင်က မြင်မက်လျှင်...**
ကျန်းမာသော အမြွှာမွေးတတ်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**
သီးနှံအထွက်တိုးမည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**
ပြန်ရတတ်သည်။

◎ ပစ္စတိုသေနတ်ဖြင့် မိမိကိုယ်တိုင် ပစ်ခတ်ထိမှန်သည်ဟု မက်လျှင် မင်္ဂလာကိစ္စ ပေါ်ပေါက်မည်။

✤ **လူပျိုလူလွတ်က မြင်မက်လျှင်...**
ယခုမကြာ လျှင်မြန်စွာ လက်ထပ်ရကိန်းရှိသည်။

✤ **အိမ်ထောင်ဦးစီးက မက်ပါက...**
သွေးသားရင်းချာ၏ မင်္ဂလာပွဲသို့ တက်ရောက်ဆင်နွှဲရမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**
နေအိမ်တွင် မင်္ဂလာပွဲ ပေါ်ပေါက်မည်။

✤ **အပျိုက မြင်မက်လျှင်...**
ကမ်းလှမ်း တောင်းရမ်းခြင်း ခံရမည်။

✤ **ပြတ်စဲ ကွဲကွာနေကြသူများ မက်လျှင်...**
မကြာမီ နောက်တစ်ပင် ထူဖြစ်မည်။

✤ **နှတ်ငုံရှိသူက မြင်မက်လျှင်...**
ကျန်းမာဝဖြိုးသော သားယောကျ်ားလေး မွေးတတ်သည်။

◎ ပစ္စတိုသေနတ် ဝယ်ရသည်ဟု မက်လျှင် အဆင့်အတန်း တိုးတက်မည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်ပါက...**
ရာထူးတိုးမြှင့်၍ မင်းစိုးရာဇာ ဖြစ်နိုင်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**
နေအိမ် အဆင့်အတန်း မြင့်မားမည်။

✤ **လူပျိုက မြင်မက်လျှင်...**
အလုပ်အကိုင် ရာထူးဌာနန္တရ ကြီးမြင့်သည့် နေရာသို့ ရောက်တတ်၏။

✤ **အပျိုက မြင်မက်လျှင်...**
ငွေကြေးပြည့်စုံသော မိသားစုဝင် ဖြစ်နိုင်သည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**



www.burmeseclassic.com

www.burmeseclassic.com

စာမေးပွဲ အောင်မည်။

**✤ နေထိုင်မကောင်းစဉ် မြင်မက်ပါက...**

သက်သာပျောက်ကင်းမည်။

**✤ ခရီးသွားစဉ် မြင်မက်ပါက...**

သက်သောင့်သက်သာဖြင့် ခရီးရောက်မည်။

**✤ ကုန်သည်က မြင်မက်လျှင်...**

လုပ်ငန်းစု အကြီးအကဲ ဖြစ်နိုင်သည်။

**✤ တောင်သူလယ်သမားက မြင်မက်ပါက...**

ဘဝတူ တောင်သူလယ်သမားတို့၏ အားကိုးရာဖြစ်မည်။

**✤ ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

မကြာမီ ပြန်ရမည်။

**✤ အချုပ်အကျဉ်းကျသူ၊ အကျပ်အတည်း တွေ့ကြုံနေရသူက မက်လျှင်...**

လွတ်မြောက် ပြေလည်သွားမည်။

**✤ ကိုယ်ဝန်ဆောင်က မြင်မက်လျှင်...**

မျက်နှာမြင်ရ လွယ်ကူမည်။

◎ ပစ္စတိုသေနတ် ရောင်းစားရသည်ဟု မက်လျှင်ကား ဆိုးသောနိမိတ်ဖြစ်သည်။

**✤ အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ငွေကြေးမနည်းစွာ လျော့ပါးပျက်စီးမည်။

**✤ အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်တွင်း အဖိုးတန်ပစ္စည်းများ ပျောက်ဆုံးတတ်သည်။

**✤ လူပျိုက မြင်မက်လျှင်...**

အသုံးစရိတ် ပြတ်လတ်နေမည်။

**✤ အပျိုက မြင်မက်လျှင်...**

အသုံးအဆောင်ပစ္စည်းများ ပျောက်ပျက်မည်။



**✤ ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ အခက်အခဲတွေ့မည်။

**✤ မကျန်းမာသူက မြင်မက်လျှင်...**

ရောဂါတိုးနိုင်သည်။

**✤ အမှုတဘောင် ရင်ဆိုင်ရစဉ် မြင်မက်ပါက...**

အမှုရှုံးတတ်သည်။

**✤ ကိုယ်ဝန်ဆောင်စဉ် မြင်မက်ပါက...**

သန္ဓေ လျှောကျပျက်စီးနိုင်သည်။

◎ သူတစ်ပါး၏ ပစ္စတိုကို လုယူရသည်ဟု မက်လျှင် အရှုံ့အမှု ကြုံရတတ်သည်။

**✤ အိမ်ထောင်ဦးစီးက မက်လျှင်...**

တောပုန်းဓားပြဘေး ကြုံရမည်။

**✤ အိမ်ရှင်မက မြင်မက်လျှင်...**

အုပ်စုဖွဲ့ ခြောက်လှန့် ကြိမ်းမောင်းခြင်း ခံရတတ်သည်။

**✤ လူပျိုက မြင်မက်လျှင်...**

မကောင်းသောမိန်းမနှင့် ငြိစွန်းနိုင်သည်။

**✤ အပျိုက မြင်မက်လျှင်...**

အဓမ္မကျင့်ကြံမှုဘေး သတိထားရှောင်ရှားပါ။

◎ ပစ္စတိုကို ကျည်ဆန်ဖြည့်သွင်းရသည်ဟု မက်လျှင် အကူအညီရမည်။

**✤ အိမ်ထောင်ဦးစီးက မက်လျှင်...**

မိတ်ဆွေရင်းချာ၏ စာနာမှု ခံစားရမည်။

**✤ အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်တွင်းရေး စားဖိုဆောင် အခက်အခဲများ ကူညီဖြေရှင်းပေးသူ တွေ့မည်။

**✤ လူပျိုက မက်လျှင်...**

ကူညီတတ်သူ မိတ်ဆွေကောင်း ရမည်။

**✤ အပျိုက မြင်မက်လျှင်...**

အောင်သွယ်ကောင်းသဖြင့် အိမ်ထောင်ကျတတ်သည်။

◎ ပစ္စတိုကို ကောက်ရသည်ဟုမက်လျှင် ကောင်းသတင်း ကျော်ကြားမည်။

**✤ အိမ်ထောင်ဦးစီးက မက်လျှင်...**

ဂုဏ်သိက္ခာမြင့်မား၍ အမည်ကောင်း ကျော်စောမည်။

**✤ အိမ်ရှင်မက မြင်မက်လျှင်...**

ခင်ပွန်း၏ ယုယမှုကို ခံစား၍ လူအများနှင့် အဆင်ပြေမည်။

**✤ အပျိုက မြင်မက်လျှင်...**

စပ်ဟပ်သူ ပေါများမည်။

**✤ လူပျိုက မက်လျှင်...**

မျက်နှာ ပွင့်လန်းမည်။

**✤ ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

ပညာရည် ထူးချွန်မည်။

◎ ပစ္စတိုသေနတ်ကို ခိုးယူရရှိသည်ဟု မက်လျှင် နေ့စဉ် ပုံမှန်ဝင်ငွေသည် နှုတ်ခမ်းကပ်ရုံ ဝမ်းဝရုံသာ ရှိမည်။ *(နှုတ်ခမ်းကပ်ရုံ ဟူသည် စားရသည်ကို ဆိုရုံမျှ အ[...] အလျှံမရှိဟု ဆိုလိုသည်။)*

◎ သူတစ်ပါးအား ပစ္စတိုသေနတ် ပေးလိုက်သည်ဟု မြင်မက်လျှင် ဘေးအန္တရာယ်ကင်းမည့်နိမိတ် ဖြစ်၏။

**✤ အိမ်ထောင်ဦးစီးက မက်လျှင်...**

လုပ်ငန်းဝင်ငွေ ထိခိုက်ပျက်စီးနိုင်သည်။

**✤ အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်သားများ အဖျားအနာ ကြ[...]



(စာမျက်နှာ (၂၀၃) သို့)

www.burmeseclassic.com

www.burmeseclassic.com

## [illegible]

**စီးပွားရေး** ။ ဆန်စပါး အရောင်းအဝယ် ကောင်းမည်။ ဆေးဝါး ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ ပလတ်စတစ်စက်ရုံ ပလတ်စတစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ စက်ရုံဝန်ထမ်းများ ဆုကြေးများရမည်။ လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုဆိုင်ရာ ဝန်ထမ်းများ ထုတ်လုပ်မှု စံချိန်တင်နိုင်ရန် ဆုကြေးများ ရရှိမည်။

**အိမ်တွင်းရေး** ။ သားသမီးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်၍ အိမ်ထောင်ဖက်၏ စီးပွားရေး အဆင်ပြေမှုကြောင့် အိမ်တွင်းရေး သာယာမည်။

**အချစ်ရေး** ။ အချစ်ရေး နိုင်မာမည်။ ချစ်တာတစ်ခုတည်းနှင့်တော့ မပြီးနိုင်သေးပါဆိုသော စကားကို သတိရပါ။

**ပညာရေး** ။ ပညာရေးတွင် ကြိုးစားရမည်။ အခက်အခဲ ကြီးမားလေလေ အောင်မြင်မှုပမာဏ ကြီးမားပါလိမ့်မည်။

**ကျန်းမာရေး** ။ ဝမ်းလျှောခြင်း၊ ဝမ်းဗိုက်အောင့်ခြင်း၊ နာခြင်းတို့ ဖြစ်တတ်ပါသည်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆိတ်သားမုန့် (၆)ခုကို ဘုန်းတော်ကြီးအား လောင်းလှူပါ။

## [illegible]

**စီးပွားရေး** ။ အိမ်အရောင်းအဝယ်လုပ်ငန်းများ၊ အိမ်ဆောက်လုပ်ရေး ဘန်ထရိုက်လုပ်ငန်းများ အရောင်းအဝယ် ကောင်းမည်။ ငွေကြေး ရောင်းဝယ်မှု လဲလှယ်မှု လုပ်ငန်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းများ တာဝန်များ လုံးဝပြီးစီးအောင်မြင်မည်။ ငွေကြေး ကိုင်တွယ်သုံးစွဲရမည်။ သတိထားလုပ်ကိုင်ပါ။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ သားသမီးတို့အတွက် ပညာရေး၊ စီးပွားရေးအတွက် ငွေလိုအပ်မည်။

**အချစ်ရေး** ။ အချစ်ရေး အဆင်ပြေနေရာမှ မိမိ၏ချစ်သူ ရုတ်တရက် အဝေးသို့ ထွက်ခွာသွားခြင်းတို့ရှိမည်။

**ပညာရေး** ။ ပညာရေးအခြေအနေ ကောင်းပါသည်။ ထူးထူးခြားခြား အောင်မြင်တတ်မြောက်မည်။

**ကျန်းမာရေး** ။ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာရအောင် ကိုယ်ရော စိတ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ မိဘရှိလျှင် မိဘနှစ်ပါးအား ယောလစ်နှင့် နွားနို့သကြား ဖျော်၍ တိုက်ကျွေးပါ။ မိဘများ မရှိလျှင် မိရွယ် ဖရွယ်(နှစ်ယောက်အား) ဖန်ခွက်ဖြင့် တိုက်ကျွေးပါ။

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်မှ (၃၀)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာ ကျော်မြသည်



## [illegible]

**စီးပွားရေး** ။ အမျိုးသမီးအသုံးအဆောင်များ၊ အလှကုန်များ၊ အသင့်ချုပ်ပြီးသား ဝတ်စုံများ အရောင်းအဝယ်ကောင်းမည်။

ဆန်စပါး အရောင်းအဝယ် စက်ရုံလုပ်ငန်းများ အကျိုးအမြတ် ရရှိမည်။ လျှပ်စစ်ပစ္စည်းများ အရောင်းအဝယ် ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။ ပေးအပ်ထားသော တာဝန်များ၊ လုပ်ငန်းများကို အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ပါ။ စာရင်းဇယားများကိုလည်း သေချာစွာ ပြုစုထားပါ။

**အိမ်တွင်းရေး** ။ အသုံးအစွဲနှင့် ပတ်သက်၍ မိသားစုအတွင်း အဆင်မပြေစရာလေးများ တွေ့ကြုံရတတ်သည်။ အသုံးနှင့်အဖြုန်းကိုတော့ နားလည်ဖို့လိုသည်။

**အချစ်ရေး** ။ အချစ်ရေး အောင်မြင်နေသောကာလဖြစ်သည်။ မမျှော်လင့်ဘဲ လက်ထပ်ရတတ်သည်။

**ပညာရေး** ။ အချစ်ရေးကြောင့် ပညာရေးကို မထိခိုက်ပါစေနှင့်။ ချစ်လည်းချစ်ပါ။ ပညာရေးကိုလည်း ကြိုးစားပါ။

**ကျန်းမာရေး** ။ ဦးခေါင်းခဲခြင်း၊ ကိုက်ခြင်း၊ ခေါင်းမူးခြင်းတို့ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ မိဘ၊ အတိုးအတွား၊ သက်ကြီးရွယ်အိုတို့အား နွားနို့နှင့် အိုဗာတင်း တိုက်ကျွေးပါ။ ဆောင်ရွက်ရန် ကိစ္စရှိလျှင် နွားနို့တစ်ခွက် သောက်သွားပါ။

## [illegible]

**စီးပွားရေး** ။ ရွှေလုပ်ငန်း၊ ရွှေပန်းထိမ်လုပ်ငန်းများ အကျိုးအမြတ်များမည်။ ကိုယ်စားလှယ် အကျိုးအဆောင် ပွဲစားရှေ့နေများ လုပ်ငန်းသစ်များ၊ အမှုသစ်များ ရရှိမည်။

**ဝန်ထမ်းရေးရာ** ။ ရွှေ မြေ မိုင်းတွင်းနှင့် ပတ်သက်သော လုပ်ပန်းများနှင့် သက်ဆိုင်သော ဝန်ထမ်းများ အဆင်ပြေမည်။ ဆုငွေများ ရရှိမည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက်၏ လုပ်ငန်းများ ငွေဝင်ပြီး သားသမီးများ ပညာရေး စီးပွားရေး ကျန်းမာရေးကောင်း၍ မိသားစုအတွင်း စိတ်ချမ်းသာ ပျော်ရွှင်ရမည်။

**အချစ်ရေး** ။ အချစ်ရေး ကံဇာတာ နိမ့်နေသည်။ ချစ်သူနှင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com

သဘောထားချင်း မတိုက်ဆိုင် ဖြစ်ရတတ်သည်။

**ပညာရေး။** ။ ပညာရေးကံဇာတာ တက်နေသောကာလ ဖြစ်သည်။ ကြိုက်တာကို သင်ယူလေ့လာပါ။ အောင်မြင် ထွန်းကားမည်။

**ကျန်းမာရေး။** ။ သွားကိုက်ဝေဒနာ ခံစားရတတ်သည်။ (၁၅)ရက်ကျော်က သက်သာသွားမည်။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ အိမ်ရှိဘုရားတွင် အုန်းယိုမြောက်ခု ကပ်လှူပါ။

## ကြာသပတေး

**စီးပွားရေး။** ။ ငွေကြေးလဲလှယ် ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ အမျိုးသမီး အသုံးအဆောင်များ၊ အလှကုန်များ အရောင်းအဝယ်ကောင်းမည်။ ဆန်စပါး အရောင်းအဝယ်၊ စက်ရုံလုပ်ငန်းများ ငွေဝင်မည်။

**ငွေကြေးရေးရာ။** ။ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ စာရင်းအင်း သေချာစွာထားပါ။ ငွေကြေးအရှုပ်အရှင်း ဖြစ်တတ်သည်။

**အိမ်တွင်းရေး။** ။ ငွေကြေး အကုန်အကျများ၍ အိမ်တွင်းရေး မသာမယာ ဖြစ်ရတတ်သည်။ သားသမီး၏ စီးပွားရေးကိစ္စများတွင် ပါဝင်ကူညီပေးရလိမ့်မည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေပါသည်။ အချစ်ရေး အဆင်ပြေမှုကြောင့် ပညာရေး စီးပွားရေးတို့ကို ထိခိုက်တတ်ပါသည်။ သတိထားပါ။

**ပညာရေး။** ။ ပညာရေးတွင် ကံတက်နေသော်လည်း ပျက်စီးဆုံးရှုံးမှုလည်း ကြုံရနိုင်သည်။ သတိထားပါ။

**ကျန်းမာရေး။** ။ လေထိုးလေအောင့် ဖြစ်တတ်သည်။ အစာမကြေရောဂါ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၂၀၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ သင်္ကြန်ပိန်းကြီး (၆)ယောက်အား ကိတ်မုန့်တစ်ချပ် တစ်ခု တစ်လုံးနှင့် ကော်ဖီမစ်တစ်ခွက်စီ တိုက်ကျွေးဒါနပြုပါ။

## သောကြာ

**စီးပွားရေး။** ။ လုပ်ငန်းများ အခြေအနေကောင်းသည်။ အမျိုးသမီး အသုံးအဆောင် အလှကုန် အသင့်ချုပ်ပြီးသား ဝတ်စုံများ အရောင်းအဝယ်ကောင်းမည်။ ကိုယ်စားလှယ်ပွဲစား အကျိုးဆောင်ရှေ့နေ လုပ်ငန်းများ အလုပ်များမည်။

**ငွေကြေးရေးရာ။** ။ လုပ်ငန်းတာဝန် ဆောင်ရွက်ရန် ကိစ္စများ အချိန်မီ ပြီးစီးအောင်မြင်၍ ချီးကျူးခံရတတ်သည်။ ဆုကြေးငွေ ရရှိမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ သားသမီးတို့၏ စီးပွား







ရေး၊ ပညာရေး ကောင်းမည်။ မိသားတစ်စု ဘုရားဖူးထွ... ခွင့်ရမည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေနေရာမှ အထင်အမြ... လွဲမှားမှုများကြောင့် အဆင်မပြေ ဖြစ်ရတတ်သည်။ အချေ... အဆို အနေအထိုင်များကို ကြိုးစားပြုပြင်လိုက်ပါ။

**ပညာရေး။** ။ ပညာရေး ကောင်းပါသည်။ နိုင်ငံခြားခရီး... ပညာရေးကို မတွဲပါနှင့်။

**ကျန်းမာရေး။** ။ အရိုး အကြော ကြွက်သား နာကျင်ကိုက်ခဲခြင်း... ဝေဒနာခံစားရတတ်သည်။ အကြောလျှော့လေ့ကျင့်ခန်း... ပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂... ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂... ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၅၊ ၈၊ ၁၃၊ ၁၄၊ ၁၇၊ ၂၂၊ ၂၃၊ ၂၆၊ ၂...

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၆၊ ၉ ဂဏန်းများများပါအော... ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဘုန်းတော်ကြီးတစ်ပါးပါးအား ဆီတ်သားမုန့်(၃)ခု ... (၃)ခု စုစုပေါင်း မုန့်(၆)ခု ကပ်လှူပါ။ ဆောင်ရွက်ရန်ကိစ္စရှိလျှင် ဆိတ်သားမုန့် ... လမုန့်(၁)ခု စားပြီးမှ ဆောင်ရွက်ပါ။

## စနေ

**စီးပွားရေး။** ။ မြေအရောင်းအဝယ်ကိစ္စများ မုန့်မျိုးစုံ ထုတ်... ရောင်းချရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ အောင်မြင်ဖြစ်ထွ... မည်။ ငွေကြေးလဲလှယ်ရေး ရောင်းချရေးလုပ်ငန်းများ အရော... အဝယ်ကောင်းမည်။

**ငွေကြေးရေးရာ။** ။ ငွေကြေးကိုင်တွယ်သုံးစွဲရသည့် လုပ်ငန်း... လုပ်ဆောင်ခွင့် ရလိမ့်မည်။ တာဝန်သိသိ သစ္စာရှိရှိ လုပ်ကိုင်ပါ...

**အိမ်တွင်းရေး။** ။ စိတ်ရှည်သည်းခံပါ။ အလျှော့ပေးလိုက်လျော... သားသမီးများအတွက် နိုင်ငံခြားခရီး အဆင်ပြေမည်။

**အချစ်ရေး။** ။ အချစ်ရေး အောင်မြင်နေသော်လည်း မိမိနှင့် ချစ်သူကြ... မနာလိုသူ ရှိသည်။ မမျှော်လင့်ဘဲ အချစ်ရေး အဆင်မပြေ ဖြစ်ရတ... သည်။

**ပညာရေး။** ။ ပညာရေးအတွက် အထွတ်အထိပ်ရောက်သော ကာ... ဖြစ်သည်။ သင်ယူချင်သည့်ပညာ သင်တန်း သင်ယူ တက်ရောက်... ထူးချွန်စွာ အောင်မြင်မည်။

**ကျန်းမာရေး။** ။ သွေးတိုးရောဂါ ဖြစ်တတ်၍ အငန်လျှော့စား... စိတ်ချမ်းသာအောင်နေပါ။ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၂၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃...

**ရှောင်ရန်ရက်များ။** ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၂၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂...

**ထီထိုးရန်ရက်များ။** ။ ၂၊ ၃၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၅၊ ၁၆၊ ၁၇၊ ၂... ၂၁၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၈၊ ၉၊ ၀ ဂဏန်းများများပါအော... ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ လမုန့်(၄)ခု (သို့မဟုတ်) ဝက်သားပေါင်း(၄)ခု... ဘုန်းတော်ကြီးတစ်ပါးပါးအား ကပ်လှူပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com




လွမ်းရပါသော်ကော

# နှလုံးသားထဲက နန်းယီဆိုင်ကော် (၃)

**ယခင်လမှ အဆက်**

နန်းယီဆိုင်ကော် မင်းသမီးကလေးသည် ရွှေနန်းရှင်မင်းသားကလေးနှင့် နန်းတော်ထဲတွင် လပေါင်းအတန်ကြာမျှ ပျော်ရွှင်စွာ နေထိုင်ခဲ့ပြီးနောက် နောင်လုံအင်းကြီးဘေးက နေရင်းဇာတိရွာကလေးနှင့် မိသားစုကို လွမ်းဆွတ်လာ၏။

ထို့ကြောင့် မိမိနေရပ်နှင့် မိသားစုထံသို့ အလွမ်းပြေ ခေတ္တပြန်လိုကြောင်း ရွှေနန်းရှင်မင်းသားကလေးကို ခွင့်တောင်းလေသည်။ ရွှေနန်းရှင်မင်းသားကလေးကလည်း အသည်းအူတမျှ ချစ်မြတ်နိုးရသော မိဖုရား နန်းယီဆိုင်ကော်ကို ချစ်စခင်စ ကြင်နာစမို့ မခွဲချင်လှသော်လည်း နန်းယီဆိုင်ကော်က အတန်တန် အထပ်ထပ် တောင်းပန်နေသည့်အတွက် ခွင့်တစ်ပတ်မျှ ပေးသနားလိုက်လေသည်။

မင်းခမ်းမင်းနား အဆောင်အယောင်အပြည့်နှင့် နေရပ်သို့ ပြန်လည်ရောက်ရှိလာသော နန်းယီဆိုင်ကော်မင်းသမီးကလေးကို ရွာသူရွာသားများနှင့် သူဌေးကြီးမိသားစုတို့က ဝမ်းသာအားရ ကြိုဆိုကြလေသည်။

နန်းယီဆိုင်ကော် မင်းသမီးလေးမှာလည်း န န်းတွင်းအဆောင်အယောင်ပကာသနများကြားတွင် နစ်မြုပ် မွန်းကျပ်နေခဲ့ရသမျှ မိမိဇာတိရပ်ရွာ၏ သာယာလှပလှသော အင်းရေပြင်ကြီး၏ သဘာဝအလှအပနှင့် ကစားဖက်ငယ်သူငယ်ချင်းများကြားတွင် အတိုးချ၍ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်နေခဲ့မိလေသည်။

တန်ခိုးအာဏာနှင့် ပြည့်စုံသော



www.burmeseclassic.com

www.burmeseclassic.com

ဘုရင့်မိဖုရားခေါင်ကြီးပင် ဖြစ်လင့်ကစား မိမိငယ်စဉ်ကအတိုင်း အဆောင်အယောင်ပကာသနမဖက် လွတ်လပ်ပျော်ရွှင်စွာ နေထိုင်လိုသဖြင့် ရွှေနန်းရှင်မင်းသားကလေး ထည့်ပေးလိုက်သော နန်းတွင်းမှ ရဲမက်အစောင့်အရှောက်များကိုပင် မိဖုရားခေါင်ကြီး၏ အာဏာဖြင့် မိမိပြန်မည့်ရက်ကို လ... ကြိုရန်သာ ရက်ချိန်း သတ်မှတ်ပေးပြီး နန်းတော်သို့ ပြန်လွှတ်လိုက်လေသည်။

ဤသည်ကပင် နန်းယီဆိုင်ကော် မင်းသမီးကလေးအဖို့ မည်သို့မျှပြုပြင်၍ မရတော့သော တစ်သက်တာ အမှားပင် ဖြစ်၏။

သူဌေးကြီး၏ ဇနီးသည် ရုပ်လုံးသလောက် ကောက်ကျစ်စဉ်းလဲ၏။ အကြံလည်း ကြီး၏။

နန်းယီဆိုင်ကော် မင်းသမီးကလေးက အစောင့်အရှောက်များကို နန်းတော်သို့ ပြန်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရရှိသော အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံလိုသော စိတ်များနှင့်အတူ ကောက်ကျစ်စဉ်းလဲစိတ်များကလည်း တစ်ဖန် ခေါင်းထောင်ထလာပြန်လေသည်။

ထို့ကြောင့် ချက်ချင်းပင် ယုတ်မာပက်စက်လှသော အကြံအစည်တစ်ခုကို သူဌေးကြီးစိတ်ဝင်စား လက်ခံလာအောင် နည်းမျိုးစုံဖြင့် မက်လုံးအမျိုးမျိုးပေး၍ မရအရ နူးလေရာ သူဌေးကြီးမှာ နောက်ဆုံးတွင် သူဌေးကတော်ကြီး၏ အကြံအစည်ကို သဘောမတူချင်ပါဘဲနှင့် လက်ခံ သဘောတူလိုက်ရလေသည်။

သာယာလှပသော ညနေခင်းတစ်ခုတွင် သူဌေးကတော်ကြီးနှင့် သမီးဖြစ်သူတို့သည် နန်းယီဆိုင်ကော်ကို ခေါင်းဆေးမင်္ဂလာပြုရန်ဟူသော အကြောင်းပြချက်ဖြင့် လူသူကင်းဝေး တိတ်ဆိတ်သော အင်းစပ်တစ်နေရာသို့ လှည့်စားခေါ်ဆောင်သွားကြ၏။

ထို့နောက် နန်းယီဆိုင်ကော်က စိတ်ချလက်ချ ခေါင်းဆေးမင်္ဂလာပြုနေချိန်တွင် သူဌေးကတော်ကြီးနှင့် သမီးဖြစ်သူတို့မှာ ကြိုတင်ကြံစည်ထားသည့်အတိုင်း နန်းယီဆိုင်ကော်ကို ရေထဲသို့ ပြိုင်တူ တွန်းချ၍ လုပ်ကြံသတ်ဖြတ်လိုက်ကြလေသည်။

သူဌေးကတော်ကြီးသည် နန်းယီဆိုင်ကော်ကို လုပ်ကြံသတ်ဖြတ်၍ အောင်မြင်သည်နှင့် ကြံရာပါဖြစ်သူ နန်းယီဆိုင်ကော်နှင့် ရုပ်ရည်ချင်း ခွဲမရအောင်တူသော မိမိ၏သမီးကို နန်းယီဆိုင်ကော်၏နေရာတွင် အစားထိုးလိုက်၏။

နန်းယီဆိုင်ကော်၏ အမူအရာ၊ အပြောအဆို၊ အနေအထိုင်နှင့်တူအောင် အစစ ညွှန်ကြားသင်ပြပေးပြီး နန်းတော်မှ အစောင့်အရှောက်ရဲမက်များ ရောက်လာသည့်နေ့တွင် နန်းယီဆိုင်ကော် ဟန်ဆောင်ထားသော မိမိသမီးကို နန်းတော်တွင်းသို့ ရဲဝံ့စွာပင် ထည့်ပေးလိုက်လေသည်။

နန်းတော်တွင်းမှ ရွှေနန်းရှင်မင်းသားကလေးကလည်း နန်းယီဆိုင်ကော်၏ ဖအေတူ အမေကွဲ ညီမငယ်က နန်းယီဆိုင်ကော် အယောင်ဆောင်၍ နန်းတော်ထဲသို့ အတင့်ရဲစွာ ဝင်ရောက်လာလိမ့်မည်ဟု လုံးဝ မျှော်လင့်မထားခဲ့။

မိမိ၏ တန်ခိုးအာဏာကို အကြွင်းမဲ့ယုံကြည်သဖြင့် နန်းယီဆိုင်ကော်၏ ညီမငယ်ကို နန်းယီဆိုင်ကော် အစစ်အမှန်ဖြင့် ယုံကြည်စွာ ဆက်လက်ပေါင်းသင်းလာခဲ့၏။

နန်းယီဆိုင်ကော်၏ ညီမဖြစ်သူကလည်း အမေတူသမီးဖြစ်သည့် အားလျော်စွာ နေရာတကာတွင် ကျွမ်းကျင်ပါးနပ်လျက် သဏ္ဌာန်လုပ် သရုပ်တူအောင် ဂိမ်ရိရိ ဟန်ဆောင်နေထိုင်နိုင်ခဲ့သဖြင့်လည်း ပါမိသမီးအရင်ကိုသာ ဘုရင့်မိဖုရားအဖြစ် တော်ကောက်မြှောက်တင်ပေးလိုသော သူဌေးကတော်ကြီး၏ဆန္ဒနှင့် အကြံအစည်မှာ အထမြောက် အောင်မြင်ခဲ့ရလေတော့သည်။

* * *

နန်းယီဆိုင်ကော် မင်းသမီးကလေး လုပ်ကြံသတ်ဖြတ်ခံခဲ့ရရာ အင်းစပ်အနီးတွင် သူဆင်းရဲ အဘိုးအဘွားနှစ်ဦးတို့သည် တဲကလေးတစ်လုံးဖြင့် နေထိုင်ကြ၏။

ထိုအဘိုးအဘွားတို့သည် တောင်ယာလုပ်ငန်းဖြင့် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင် စားသောက်ကြရသူများ ဖြစ်၏။

တစ်နေ့ ညနေစောင်းတွင် အဘိုးအဘွားနှစ်ဦးသည် တောင်ယာစိုက်ခင်းမှ မောမောပန်းပန်းဖြင့် ပြန်လာကြ၏။ တဲသို့ ပြန်ရောက်၍ ထမင်းဟင်းချက်ပြုတ်စားသောက်ရန် အိုးများကို ဖွင့်လိုက်ကြသည်။

ထိုအခါ အိုးများထဲတွင် အသင့်ချက်ပြုတ်ထားသော မွှေးကြိုင်သင်းပျံ့လှသည့် ထမင်းဟင်းများကို တွေ့လိုက်ကြရသဖြင့် နှစ်ဦးစလုံးပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်သွားကြလေသည်။

ဤနည်းနှင်နှင်ပင် နေ့စဉ်ရက်ဆက် အသင့်ချက်ပြုတ်ပြီးသား ထမင်းဟင်းများကို တွေ့ဖန်များလာသောအခါ အဘိုးအိုအပေါ်တွင် ယခုတိုင် ချစ်ရေး မပြယ်နိုင်သေးဟန်တူသော အဘွားအို၏စိတ်တွင် တစ်မျိုး အတွေးပေါက်သွားပြီး အဘိုးအိုအပေါ်တွင် မယ...




www.burmeseclassic.com

www.burmeseclassic.com

သက်ာ ဖြစ်လာ၏။

ဤသို့ဖြင့် သူတို့နှစ်ဦးစလုံး အိမ်တွင် မရှိခိုက် အဘိုးအို၏ မယားငယ်က လာ၍ ချက်ပြုတ်ပေးထားသည့်အထင်နှင့် အဘိုးအိုကို ရန်ထောင်လေတော့သည်။

အဘိုးအိုကလည်း မိမိတွင် ဤကဲ့သို့ အကျင့်စာရိတ္တမျိုးမရှိကြောင်း။ မိမိသည် အဘွားအိုနှင့် နှစ်ပေါင်းများစွာ ပေါင်းသင်းနေထိုင်လာခဲ့သူ ဖြစ်၏။

မိမိ၏အကျင့်စာရိတ္တ ကောင်းမကောင်းကို အဘွားအို အသိပင်ဖြစ်ကြောင်း၊ မိမိတွင် အဘွားအိုမှ လွဲ၍ အခြားမည်သည့် ဇနီးမှ မရှိကြောင်း၊ အဘွားအိုယုံအောင် ကျိန်တွယ် ပြောဆိုရင်း ပြန် ရန်တွေ့၏။

နှစ်ယောက်သား မည်သို့မှ စဉ်းစား၍ မရကြသည့်အဆုံးတွင် ဤကိစ္စ၏ လက်သည်တရားခံကို တိတ်ဆိတ်စောင့်ကြည့်၍ ဖော်ထုတ်ရန် နှစ်ဦးသဘောတူ တိုင်ပင်လိုက်ကြလေသည်။

နောက်တစ်နေ့တွင် အဘိုးအိုနှင့် အဘွားအိုတို့သည် တောင်ယာအလုပ်ခွင် ဆင်းဟန်ဆောင်လျက် တဲအနီး ချုံပုတ်ထဲတွင် ကိုယ်ရောင်ဖျောက်၍ မိမိတို့ တဲကလေးဆီသို့ စောင့်ကြည့်အကဲခတ်ကြ၏။

အဘိုးအဘွားဇနီးမောင်နှံတို့ အိမ်မှ ထွက်သွား၍ အချိန်အတန်ကြာလျှင် တဲအနီး ရေကန်စပ်၌ လှပစွာ ဖူးပွင့်နေကြသော ကြာပန်းများကြားမှ ကြာပန်းငုံ တစ်ငုံသည် ထူးထူးခြားခြားပင် ငယ်ရာမှ တဖြည်းဖြည်း ကြီးမားလာ၏။

ထို့နောက် ကြာပန်းငုံကြီး၏ ပွင့်ဖတ်များသည် လှပစွာ ပြန့်ကား ပွင့်အာ



ထွက်လာလျက် ကြာပွင့်ထဲမှ နတ်သမီးတမျှ လှပသော မင်းသမီးကလေး တစ်ဦး နန်းဝတ်နန်းစားများနှင့် ပေါ်ထွက်လာ၏။

ထို့နောက် မင်းသမီးကလေးသည် ကြာပွင့်ထဲမှ ဆင်းသက်လာပြီး အဘိုးအဘွားတို့၏ တဲအိမ်ကလေးအတွင်းသို့ ဝင်၍ ထမင်းဟင်းများကို စတင် ချက်ပြုတ်လေတော့သည်။

ချုံပုတ်တွင်းမှ ချောင်းမြောင်း ကြည့်ရှုနေကြသော အဘိုးအဘွားနှစ်ဦးမှာ ထူးဆန်းလှသော ဤမြင်ကွင်းကြောင့် မိမိတို့မျက်လုံးများကိုပင် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားကြရ၏။

သတ္တိကောင်းလှသော အဘိုးအဘွားနှစ်ဦးမှာ ချက်ချင်းပင် ချုံပုတ်တွင်းမှ ထွက်၍မိမိတို့တဲကလေးဆီသို့ ပြေးသွားကြပြီး မင်းသမီးကလေးနှင့် ရင်ဆိုင်တွေ့လျက် မင်းသမီးကလေး၏ အမည်နှင့် နေရပ်တို့ကို မေးမြန်းစုံစမ်းကြလေတော့သည်။

မင်းသမီးကလေးက မိမိအမည်သည် နန်းယီဆိုင်ကော် ဖြစ်ကြောင်း၊ ဤမိုင်းပန်နယ်ကို စိုးမိုးအုပ်ချုပ်သော ရွှေနန်းရှင်မင်းသားကလေး၏ကြင်ယာ မိဖုရားဖြစ်ကြောင်း...

မိမိ၏ မိထွေးတော်စပ်သူ သူဌေး ကတော်ကြီး၏ လုပ်ကြံ သတ်ဖြတ်မှုကြောင့် ဤကန်ကြီးထဲတွင် ရေကန် စောင့်နတ်သမီးဘဝသို့ ရောက်ရှိခဲ့ရကြောင်း မိမိဘဝအဖြစ်သနစ်စုံကို ငိုရှိုက်လျက် အဘိုးအဘွားတို့ကို ပြောပြလေသည်။

မင်းသမီးကလေးက ဆက်လက်၍ မိမိသည် အဘိုးအဘွား ဇနီးမောင်နှံတို့ကို အမြဲမပြတ် တွေ့မြင်နေရသဖြင့် သနားကရုဏာသက်ပြီး မိမိ၏ မိဘနှစ်ပါးအမှတ်ဖြင့် လုပ်ကျွေးပြုစုလိုသောကြောင့် ဤနေရာသို့ ခွင့်မတောင်းဘဲ လာရောက်ခဲ့ရခြင်း ဖြစ်ကြောင်း...

မိမိသည် နောင်အရှည်သဖြင့် ရန်မီးပွားပြီး မိဘနှစ်ပါး ဒုက္ခရောက် ပျက်စီးမည်ကို စိုးရိမ်သောကြောင့် ယခု အဘိုးအဘွားတို့ကို ပြောပြခဲ့သော အဖြစ်အပျက်တို့ကို ရွှေနန်းရှင်မင်းသားကလေးမသိအောင် လျှို့ဝှက်ထိန်းသိမ်းပေးစေလိုပါကြောင်းဖြင့် ကတိ အထပ်ထပ်တောင်းရင်း အဘိုးအဘွားတို့ကို နှုတ်ဆက်၍ ရေကန်တွင်းသို့ ဆင်းသက် ပျောက်ကွယ်သွားလေတော့သည်။

နန်းယီဆိုင်ကော် မင်းသမီးလေး၏ ရင်နင့်ဖွယ်ရာအဖြစ်အပျက်ကို အစုံအလင် သိခွင့်ရလိုက်သော အဘိုးအိုနှင့် အဘွားအိုတို့မှာ မျက်ရည်မဆည်နိုင်ဖြစ်သွားကြ၏။

သူဌေးကြီး ဇနီးမောင်နှံအပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ခံပြင်း ဒေါသထွက်သွားကြရ၏။

ထို့ကြောင့် မဟုတ်မခံစိတ်ရှိသော အဘိုးအိုနှင့် အဘွားအိုတို့နှစ်ဦးသည် နန်းယီဆိုင်ကော်ကို ပေးအပ်လိုက်သော ကတိကို ဖျက်၍ အင်းသူကြီး သူဌေးကြီးနှင့် သူဌေး ကတော်ကြီးတို့၏ ယုတ်မာ ရက်စက်မှုဇာတ်လမ်းအစုံကို ရွှေနန်းရှင် မင်းသားကလေး နားတော်ပေါက် အောင် နန်းတော်တွင်းသို့ ဝင်ရောက် လျှောက်ထားကြလေတော့သည်။

အင်းသူကြီးနှင့် ဖနီးတို့၏ ယုတ်မာ ကောက်ကျစ်မှု ဇာတ်လမ်းစုံကို ကြား သိလိုက်ရသော ရွှေနန်းရှင်မင်းသား ကလေးသည် မိမိ၏မိဖုရား နန်းယီ ဆိုင်ကော်အတွက် ယူကျုံးမရ ပူဆွေး သောက ဖြစ်သွားရရှာ၏။

အင်းသူကြီး ဖနီးမောင်နှံကိုလည်း အပြင်းအထန် ဒေါသထွက်သွားလေ သည်။ ထို့ကြောင့် အင်းသူကြီးဖနီး မောင်နှံကို မင်းအာဏာဖြင့် ချက်ချင်း ဆင့်ခေါ်လျက် အကြောင်းရင်း အမှန် ကို စုံစမ်းစစ်ဆေး၏။

အင်းသူကြီးနှင့် သူဌေးကတော်ကြီး တို့ကလည်း မိမိတို့ လုပ်ရပ်ကို မကွယ် ဝှက်ဝံ့ကြတော့ဘဲ အမှန်အတိုင်းပင် ဝန်ခံလိုက်ကြလေသည်။

ရွှေနန်းရှင် မင်းသားကလေးသည် ရိုင်းစိုင်းယုတ်မာသော အင်းသူကြီး ဖနီးမောင်နှံကို ကြိမ်ဒဏ်များ ပြင်းထန် စွာ ပေးလိုက်၏။

ထို့နောက် ဤမျှ ဆိုးသွမ်းယုတ်မာ သူများကို မိမိနယ်တွင် မမြင်လိုဟုဆို ကာ အခြားဒေသသို့ နယ်နှင်ဒဏ်ပေး လိုက်လေတော့သည်။

ရွှေနန်းရှင် မင်းသားကလေးသည် မိမိအသက်တမျှ ချစ်ရသော မိဖုရား နန်းယီဆိုင်ကော်၏ဝိညာဉ်ကို ဆင့်ခေါ် ၍ မိုင်းပန်နယ်ကို စောင့်ကြပ်ရသော နတ်ဒေဝီတစ်ဦးအဖြစ် အပိုင်စား ပေး သနားလေသည်။

မြို့သူမြို့သားများကိုလည်း ဗလိ နတ်စာဖြင့် အမြဲပူဇော်ပသကြရန် အမိန့်ချမှတ်လိုက်လေသည်။

နန်းယီဆိုင်ကော် နတ်သမီးကလေး ကလည်း မိမိခင်ပွန်း ရွှေနန်းရှင်မင်းသား ကလေးကို နတ်တို့တန်ခိုးဖြင့် ကိုယ် ထင်ပြလျက် မိမိဘဝ အဖြစ်ဆိုးကြုံရ ခြင်းမှာ ရှေးအကုသိုလ်ဝိပါက်ကြွေး ကြောင့် ဝဋ်တုံ့ဝဋ်လည်အနေဖြင့် ပေး ဆပ်ရခြင်းသာဖြစ်ကြောင်း...

ရွှေနန်းရှင် မင်းသားကလေးအနေ ဖြင့် မည်သူ့ကိုမျှ အမုန်းပွား ရန်ငြိုးထား စရာမလိုကြောင်း၊ ခွင့်လွှတ်သည်းခံ ခြင်း မေတ္တာတရားကို လက်ကိုင်ထား ၍ တိုင်းသူပြည်သားတို့ကို ရင်ဝယ်သား ကဲ့သို့ သဘောထား အုပ်ချုပ်စေလို ကြောင်းဖြင့် မိမိခင်ပွန်း မင်းသား ကလေး နှလုံးသွင်းမမှားရအောင် အကြိမ်ကြိမ်တရားပြ၍ ဆုံးမနားချ ရှာလေသည်။

ထို့ကြောင့် ရွှေနန်းရှင်မင်းသား ကလေးမှာ ဒေါသနှင့် အာဃာတများ လွင့်စဉ် ပြေပျောက်၍ နန်းယီဆိုင်ကော် ၏ဆန္ဒအတိုင်းပင် ညီမဖြစ်သူကို မိဖုရားအရာ ဆက်လက် မြှောက်စားခဲ့ လေတော့သည်။

နန်းယီဆိုင်ကော် မင်းသမီးကလေး မှာ အတိတ်ကံကြောင်း မလှပသဖြင့် ဥပစ္ဆေဒကကံကြောင့် ပျက်စီးကိန်း ကြုံခဲ့ရပါသည်။

သို့သော် မပြတ် လက်ကိုင်ထား ကျင့်သုံးသောကံကြည်ခဲ့သည့် ခန္တီဂုဏ် သီလဂုဏ်၊ မေတ္တာဂုဏ်အစွမ်း တို့ကြောင့် တန်ခိုးရှင် နတ်ဒေဝီတစ်ဦးအဖြစ် ဗလိနတ်စာ အပူဇော်အပသခံလျက် မိုင်းပန်နယ်သူ နယ်သားတို့ကို ဘေးအန္တရာယ် ကင်း ဝေးအောင် ကယ်မ စောင့်ရှောက်ခဲ့ သည်မှာ ယနေ့ထိတိုင်ပင် ဖြစ်ပါသည်။

*   *   *

နှပငယ် ဆရာမလေး နန်းသီတာ ပြောပြသော နန်းယီဆိုင်ကော်မင်းသမီး လေး၏ ကြေကွဲစရာ ဘဝဇာတ်လမ်း ကလေးမှာ ဤမျှသာ ဖြစ်၏။

ဤဇာတ်လမ်းကလေးမှာ ဖြစ်ရပ်မှန် ဇာတ်လမ်း ဟုတ်မဟုတ်ကို မိုင်းပန်သူ မိုင်းပန်သားများ အသိဆုံးပင်ဖြစ်၏။

ဤဇာတ်လမ်းကလေး စတင် ဖြ ဖျားခံခဲ့ရာ နောင်လုံအင်းကြီးသည် မိုင်း ပန်မြို့တောင်ဘက် မိုင်အနည်းငယ် အကွာတွင် ယခုတိုင် ထင်ထင်ရှားရှား တည်ရှိတုန်းဖြစ်၏။

နန်းယီဆိုင်ကော် မင်းသမီးလေး ရွှေညောင်ပင်ကို သစ္စာပြု တိုင်တည်ခဲ့ နေရာသည်လည်း သာယာစည်ကား လှသော ညောင်ခမ်းကျေးရွာကလေး အဖြစ် ယနေ့တိုင် အထင်ကရ တည် ရှိနေတုန်းဖြစ်ပါ၏။

မိုင်းပန် မြို့သူမြို့သားတို့သည် နန်းယီဆိုင်ကော်ကို ဘုန်းတန်ခိုးကြီး မားသော နတ်ဒေဝီတစ်ပါးအဖြစ် ယေ စား ခံ့ညားစွာ ကြောက်ရွံ့ရိုသေကြ၏။

အမှားအယွင်း ဖြစ်မည့်ကိစ္စများ၌ ဂရုတစိုက် ရှောင်ကြဉ်ကြ၏။ မြို့သူမြို့ သားအားလုံးသည် ထိုင်း(ယိုးဒယား



www.burmeseclassic.com

www.burmeseclassic.com

မှလာသော လိပ်တံဆိပ်ဖိနပ်ကို ဘယ်တော့မှ မစီးကြ။

နန်းယီဆိုင်ကော်၏ မိခင်နှင့် ပတ်သက်သော အထိမ်းအမှတ် တံဆိပ်ဖြစ်၍ အထူးရှောင်ကြဉ်ကြ၏။

ထိုခေတ် ထိုအခါက ရှမ်းပြည်နယ်တစ်ခွင် အထူးခေတ်စားလှသော(၃၆)ကောင်ထီတွင် ပေါက်ကောင် အရုပ်တစ်ရုပ်အဖြစ် ပါဝင်သော လိပ်ရုပ်ကို မိုင်းပန်မြို့သား ထီဒိုင်တို့က ပေါက်ကောင်အဖြစ် ဘယ်တော့မှ မဖွင့်လက်ရှောင်ကြ၏။

မိုင်းပန်မြို့တွင် ကျွန်တော်ရှိနေစဉ်အခိုက် ခဏတာမျှ ရင်းနှီးပတ်သက်ခွင့်ရခဲ့သော မိုင်းပန်မြို့နယ် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုက ဇာတ်အဖွဲ့တွင်လည်း နန်းယီဆိုင်ကော်၏ ဇာတ်လမ်းကို အမှောက်အမှားဖြစ်မည်စိုးရိမ်သဖြင့် ဘယ်တော့မှ မကပြရဲကြဟု သိရ၏။

သို့သော် ကျွန်တော် မိုင်းပန်တွင် အနေကြာ၍ ရှမ်းစကားတတ်ခါစ အချိန်မှာ နန်းယီဆိုင်ကော် မင်းသမီးလေး ဇာတ်လမ်း မှတ်တမ်းဗွီဒီယိုခွေကို ရှားရှားပါးပါး အမှတ်တရကြည့်ဖူးခဲ့၏။

ဤဇာတ်ကားကို ရိုးရာအစွဲအလမ်းများကြောင့် ပွဲလမ်းသဘင် ခမ်းခမ်းနားနားပေး၍ အများအပွင့် မရှိအောင် ရိုရိုသေသေ ရိုက်ကူးခဲ့ရသည်ဆို၏။

ဤဇာတ်ကားမှာ မိုင်းပန်မြို့နှင့် ပတ်သက်သော ဇာတ်လမ်းပင်ဖြစ်သော်လည်း မိုင်းပန်မြို့သူမြို့သား အနုပညာရှင်တို့ကိုယ်တိုင် ရိုက်ကူးခဲ့ခြင်း မဟုတ်ဟု ဆိုပါသည်။

**(သီပေါမြို့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုက ဇာတ်ဖွဲ့က ရိုက်ကူးခြင်းဖြစ်သည်ဟု ထင်ပါသည်။ ကျွန်တော် အမှတ်မှားခဲ့လျှင် အမှန်သိရှိသူများက ခွင့်လွှတ်စေလိုပါသည်။)**

၁၉၉၀ပြည့်လွန် နှစ်တစ်နှစ်၌ တောင်ကြီးမြို့ ဆရာအတတ်သင်သင်တန်းဆင်း နှုတ်ဆက်ပွဲအခမ်းအနားတစ်ခုတွင် ကျွန်တော်က မိုင်းပန်မြို့မှ ဂီတပညာရှင်တို့ သီဆိုနေကျ "လာလည်ပါလေ မိုင်းပန်မြေ" သီချင်းဖြင့် အမှတ်တရ နှုတ်ဆက်သီဆိုခဲ့ဖူး၏။

သီချင်းစာသားထဲတွင် နန်းယီဆိုင်ကော်၏ အကြောင်းလည်း ပါဝင်ရာ ကျွန်တော်စင်အောက်ကို ဆင်းလာတော့ မိုင်းကိုင်မြို့သူ ဆရာမကလေးတစ်ဦး ကျွန်တော့်အနား ကပ်လာပြီး...

'ဆရာ့သီချင်း သိပ်ကောင်းတယ်။ ကျွန်မတို့ မိုင်းကိုင်မြို့မှာလဲ နန်းယီဆိုင်ကော်နဲ့ ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာတွေ အများကြီး ရှိတယ်'

ဟု ပြောသွားဖူး၏။ နန်းယီဆိုင်ကော်မင်းသမီးလေး၏ ဂုဏ်သတင်းကား ရှမ်းပြည်နယ် တစ်ခွင်လုံးကိုပင် ဖုံးလွှမ်း စိုးမိုးထားနိုင်လောက်အောင် ဟိတ်တန်ခိုးနှင့် ပြည့်စုံလှပါ၏။

ကျွန်တော်မှာ မိုင်းပန်မြို့နယ်တွင် နှစ်ပေါင်းများစွာ အနေကြာခဲ့သမျှ မူလတန်း ကျောင်းပေါင်းများစွာကိုလည်း တစ်ကျောင်းပြီး တစ်ကျောင်း လှည့်လည်၍ တာဝန်ထမ်းဆောင်ခွင့် ရခဲ့ပါသည်။

ထိုစဉ် တစ်ချိန်တွင် နန်းယီဆိုင်ကော်မင်းသမီးလေး၏ အဖြစ်အပျက်ဇာတ်လမ်း စတင်သန္ဓေတည်ရာ နောင်လုံအင်းကြီးနှင့် မဝေးလှသော ကျေးရွာကလေးတစ်ရွာမှာ တာဝန်ကျခဲ့ဖူး၏။

အလွမ်းဓာတ်ခံ အပြည့်ရှိသော ကျွန်တော်ကား တာဝန်ကျကျေးရွာနှင့် မိုင်းပန်မြို့ကို စက်ဘီးကလေးတစ်စီးနှင့် လူးလာတုံ့ခေါက် သွားလာရင်း နောင်လုံအင်းကြီးအနီးသို့ ရောက်လျှင် စက်ဘီးကို အလိုလို ရပ်နားမိလျက်သား ဖြစ်သွားတတ်၏။

ထို့နောက် ကမ်းစပ်တစ်နေရာတွင် မလှုပ်မယှက် ငြိမ်သက်စွာ ရပ်၍ တစ်မျှော်တစ်ခေါ် ကျယ်ပြန့်လှသော အင်းရေပြင်ကျယ်ကြီးကို လှမ်းမျှော်ကြည့်ရင်း နန်းယီဆိုင်ကော် မင်းသမီးလေး၏ ဘဝဇာတ်ကြောင်းကို ပြန်ပြောင်း သတိရမိစဉ် အခိုက်အတန့်ဝယ် ကျွန်တော့် မျက်လုံးအိမ်များထဲ၌ လွမ်းခိုးလွမ်းငွေ့များ အလိုလိုပင် ရစ်ဝဲဝေသီလာတတ်၏။

ထိုစဉ်က အင်းရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာတတ်သော လတ်ဆတ်သန့်ရှင်းလှသည့် လေနုအေးကလေးထဲတွင် နန်းယီဆိုင်ကော်မင်းသမီးကလေး၏ ဖြူစင်သော မေတ္တာဓာတ်အငွေ့အသက်တို့ လွင့်မျော လိုက်ပါလာသယောင်ပင် ခံစားခဲ့ရဖူးပါ၏။

ယခုဆိုလျှင် မိုင်းပန်မြို့နှင့် ကျွန်တော် ဝေးကွာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ မြစိမ်းတောင်နောက်ခံနှင့် နတ်မြင်းပျံအရုပ်ပါသော မိုင်းပန်မြို့သင်္ကေတ တံဆိပ်ကလေးကား ကျွန်တော့်အတွက် ရွှေပြည်တော်မျှော်တိုင်း ဝေးခဲ့ပါလေပြီ။

ကျွန်တော် မိုင်းပန်မြို့ကို အမြဲသတိရပါသည်။ အထူးသဖြင့် ယခုအချိန် ကျွန်တော့်ဘဝ ကျွန်တော့်အသက်အရွယ်မှာ မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားရင်း အဆင့်ဆင့်သော လောကဓံ၏ အလှည့်အပြောင်း အရှုပ်အထွေးတွေကြောင့် ဘဝအမောတွေ ကြုံတွေ့ခဲ့ရပါသည်။

ထိုသို့ တွေ့ခဲ့ရလေတိုင်း အတိတ်တစ်ရံတစ်ခါဆီက ပူပင် ကြောင့်ကြမဲ့



www.burmeseclassic.com

www.burmeseclassic.com

စွာ လွတ်လပ်ပျော်ရွှင်ခဲ့ရသည်။ မိုင်းပန်မြို့က ငယ်ဘဝလေးကို ပို၍ သတိရတတ်ပါသည်။

ထိုစဉ်က ကျွန်တော်တို့ ဘဝတွေကို ပူပင်ကြောင့်ကြမရှိ ချမ်းမြေ့ပျော်ရွှင်အောင် အဘက်ဘက်မှ ကူညီစောင့် ရှောက်ပေးခဲ့ကြသော မိုင်းပန်မြို့သူမြို့သားတို့၏ စေတနာ မေတ္တာရိပ်ကိုလည်း အောက်မေ့ သတိရ လွမ်းဆွတ်လှပါသည်။



ချိတစ်ကြိမ် ခါးတစ်လှည့် ဘဝစက်ဝိုင်းထဲမှာ စည်းချက်ကျကျ ရုန်းကန်လှုပ်ရှားရင်း စိတ်ပျက် ဝမ်းနည်းစရာတွေ ကြုံတွေ့ရလေတိုင်း လောကဓံကို အပြုံးမပျက် ရင်ဆိုင်နိုင်စွမ်းရှိသည့် နန်းယီဆိုင်ကော် မင်းသမီးလေး၏ စိန်ပွင့်နှလုံးသားအစုံကို အထူးသတိရအောက်မေ့မိလျှင် အားအင်သစ်များ တိုးပွားလာသလို ခံစားရပါသည်။

မိုင်းပန်မြို့သူမြို့သား အားလုံးတို့သည်လည်း ဤဇာတ်လမ်းကလေးထဲမှ နန်းယီဆိုင်ကော် မင်းသမီးလေး၏ အတုယူစရာ မွန်မြတ်ဖြူစင်လှသော နှလုံးသားနှင့် မိခင်ကျေးဇူးသိတတ်ပုံ စံနမူနာကောင်းတို့ကို မပျောက်ပျက် မတိမ်ကောရလေအောင် မျိုးဆက်သစ်ရင်သွေးငယ်တို့အား ယခုတိုင်အောင် ဆင့်ကမ်း မျှဝေဆဲဖြစ်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်မိပါသည်။

နှစ်တွေ အလီလီဟောင်း၍ အချိန်အလီလီ ပြောင်းခဲ့သည်နှင့်အမျှ ကျွန်တော် ချစ်ခင်မြတ်နိုးရပါသော မိုင်းပန်မြို့ကလေးသည်လည်း ယခုအချိန်၌ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက် အေးချမ်းသာယာလှသော တပ်နယ်မြို့ကြီးအဖြစ်သို့ အဆင့်ကူးပြောင်းရောက်ရှိခဲ့ပါပြီ။

ထို့အတူ နန်းယီဆိုင်ကော် မင်းသမီးလေး၏ ဝိညာဉ်သည်လည်း ငြိမ်းချမ်းသာယာလှသော ကာလသစ်တစ်ခုကို ချမ်းမြေ့ပျော်ရွှင်စွာ ဖြတ်သန်းရောက်ရှိနိုင်ခဲ့ပြီဟု ကျွန်တော် ယုံကြည်ပါသည်။

ကျွန်တော် မိုင်းပန်ကို ခွဲရသည့်နေ့က အတူလုပ်ဖော်ကိုင်ဖက် မိုင်းပန်မြို့သူဆရာမတွေထဲက နုမငယ်ဆရာမလေး နန်းသီတာတစ်ယောက်ကိုသာ မှတ်မှတ်ရရ နှုတ်ဆက်ဖြစ်ပါသည်။

ထိုသို့ နှုတ်ဆက်မိစဉ် အခိုက်အတန့်မှာပင် မိုင်းပန်မြို့အဝင်က ညောင်ပင်ကြီးအောက်ကို တစ်ကြိမ်ဝင်ပြီးတဲ့သူဟာ နောက်တစ်ကြိမ် မိုင်းပန်ကို မဖြစ်မနေ ပြန်လာရတတ်တယ်ဟု တစ်ခါက နန်းသီတာ ပြောပြခဲ့ဖူးသည့် စကားတစ်ခွန်းကို ကျွန်တော့်နားထဲသို့ အမှတ်ထင်ထင် ကြားယောင်လျက် ရှိနေခဲ့ပါသည်။

ကျွန်တော် မိုင်းပန်မြို့ကို ခွဲခွာခဲ့ရသည်မှာ ဆယ်စုနှစ် နှစ်စုကျော်မျှ ကာလကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ကျွန်တော့်အသက်အရွယ်နှင့် ရုပ်ရည်သည်လည်း မိုင်းပန်မှာရှိစဉ်ကနှင့် လုံးဝမတူတော့။ အပြောင်းအလဲကြီး ပြောင်းလဲခဲ့ပါပြီ။

နုနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုမင်းနောက်ဆုံးရှိတတ်မြဲ ဓမ္မတာသဘာဝအတိုင်း လောကဓမ္မတရားအစုစုတို့က ကျွန်တော်၏ ခန္ဓာကိုယ် နေရာအနှံ့အပြားသို့ ဇရာ၏ အရိပ် အငွေ့များကို နှင်းအပ် ပေးဆပ် ထုထောင်း ရိုက်ပုတ်လျက် ရှိနေပါပြီ။

ကျွန်တော့်အသက် ကျွန်တော့် အရွယ်မှာ မမြဲသော သင်္ခါရတရားတို့ကို သတိဖြင့် မပြတ်နှလုံးသွင်း ဆင်ခြင်ရင်း ဘာဝနာ စရဏအလုပ်ဖြင့် ထုံမွမ်း မွေ့လျော်ရမည့်အသက်အရွယ်သို့ ရောက်ရှိခဲ့ပါပြီ။

ဤအသိ ဤသတိဖြင့် ယခုအချိန်၌ ဘာသာရေးအလုပ်ကို ကျွန်တော် ဖိဖိစီးစီး လုပ်ကိုင်ဖြစ်ပါသည်။ ကျွန်တော်ပြုလုပ်ပြီးသမျှ ကောင်းမှုကုသိုလ်အဖို့ ဘာဂမှန်သမျှကို ကျေးဇူးရှင်များဖြစ်ခဲ့ကြဖူးသော မိုင်းပန်မြို့သူမြို့သားအားလုံးကို အမျှပေးဝေအပ်ပါသည်။

အားလုံး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခြင်းဖြင့် ကျွန်တော်နှင့်ထပ်တူ အညီအမျှ ရရှိကြစေလိုပါသည်။

ဤကောင်းမှု ကုသိုလ်ကံစေတနာ အကျိုးကြောင့် နုမငယ်နန်းသီတာ၏ ကြိုတင် နိမိတ်ဖတ်စကားအတိုင်းပင် မိုင်းပန်မြို့တွင် ယနေ့တိုင် ရှိနေကြဆဲ ကျွန်တော်၏ ချစ်လှစွာသော တပည့်ဟောင်းများ၊ မျိုးဆက်သစ် မြေးမြစ်တပည့်များနှင့် မိုင်းပန်မြို့တွင် ပျော်ရွှင်စွာ ပြန်လည်ဆုံတွေ့၍ မဟာတေဇာပတိစေတီဦးကို ကြည်နူးစွာ ဖူးမြော်လိုလှပါသတည်း။

* * *

**မြတ်သဇင်ဦး**




www.burmeseclassic.com

www.burmeseclassic.com

### မြန်မာ့ရိုးရာ

# အိမ်တက်မင်္ဂလာ မန္တန်



ခေတ်တွေ ဘယ်လိုပြောင်းကြပေမယ့် ရှေးမြန်မာကြီးများ၏ ရှေးရိုးစဉ်ဆက် လက်ဆင့်ကမ်း ပညာရပ်များကား ယနေ့ထိ သုံးဆဲ နေရဆဲ လက်ခံနေရဆဲ ဖြစ်ပါသည်။

စာရေးသူသည် ကျေးလက်တောရွာနှင့် နီးစပ်ပြီး ထိတွေ့ဆက်ဆံသူဖြစ်၍ စာရေးသူ ဆိပ်သာကျေးရွာတွင် ရှိစဉ်က အိမ်တက်မင်္ဂလာအခါနှင့် ပတ်သက်ပြီး ရေးသားတင်ပြသွားလိုပါသည်။

အိမ်တက်လျှင် သပြေသားဖြင့် တက်ရမည်ဟူသော မြန်မာကြီးများ၏ အတွေးအခေါ်ကိုလည်း မှတ်ခဲ့ရပါသည်။

အိမ်တက်လျှင် သပြေနှင့်တက်၊ ဘုန်းကြီးကျောင်းဆိုလျှင် သနပ်သားဟု ဘကြီးကြူးက ပြောပြပါသည်။

မြေတိုင်းမန္တန်၊ မြေသန့်မန္တန် အိမ်တက်မင်္ဂလာအခါတို့တွင် **အိမ်တိုင်မန္တန်**ကို ဘကြီးကြူးက လုပ်ဆောင်ပေးရသည်။

ဘကြီးကြူးသည် ဗေဒင်ပညာရှင်မဟုတ်သော်လည်း၊ ဘုန်းကြီးကျောင်းပညာရေးတွင် အင်း၊ အိုင်၊ ခါးလှည့်၊ စမ အပြင် မြန်မာ့ရိုးရာ လက်ဆန်းနည်းတွက်ရိုးများ၊ လောကီအစီအရင်များကို ဆရာဘုန်းတော်ကြီးများက လက်ဆင့်ကမ်း သင်ပေးခဲ့သဖြင့် ရွာအတွင်း မင်္ဂလာအခါများကို ဘကြီးကြူးက လုပ်ပေးရသည်။

ပညာသင်ဖက်များ ရှိကြသော်လည်း ဝါသနာမပါခြင်း၊ မလေ့လာခြင်း တို့ကြောင့် ဘကြီးကြူးသာလျှင် မင်းသား ဖြစ်နေပါတော့သည်။

ကိုထွန်းသောင်၏အိမ် တက်သည့်အခါ ဘကြီးကြူး စီစဉ်ဆောင်ရွက်ပေးရပါသည်။ **အိမ်တက်မင်္ဂလာမန္တန်**ကို အောက်ပါအတိုင်း တင်ပြသွားလိုပါသည်။

ဦး...ဇမ္ဗူဒီပါ၊ သရိုပတ်ကုန်။ ကျွန်းလုံးနံ့မျှ အနန္တတွင်၊ ကြီးစွတန်ခိုး၊ အမျိုးမြတ်စွာ၊ ရှင်ဒေဝါတို့၊ ပြည်တော်လေးထောင့်၊ ရွာလေးထောင့်တွင်၊ စောင့်သည့်ထင်ရှား ရှင်နတ်များတို့၊ ဖိတ်ကြားပါသည်၊ အိမ်ဂေဟာသို့ အလျှဉ်းမကြာ၊ ကြွကြပါကုန်။

သီတာရေအေး ခြေလက်ဆေး၍၊ အမွှေးနံ့ကြူ၊ သုံးတော်မူလော့၊ ဖြူစင်လွလွ၊ အဝတ်တောင်၊ ပြောင်ပြောင်ရွှန်းရွှန်း၊ လင်ပန်းဝန်းထက်၊ ချက်ပြုတ်စုံလင်၊ ချိုချဉ်မလွတ်၊ ဆွတ်ဆွတ်ခူးယူ၊ ထမင်းဖြူနှင့်၊ ထုံကြူပထွန်း၊ စိုရွှမ်းကောင်းမွန်၊ လျှာမှာချိုအေး၊ ယိုလည်းမကျွင်း၊ ထုံသင်းပျံ့မွှေး၊ ဆေး၊ ကွမ်း၊ လက်ဖက်၊ အနှံသီးငှက်ပျော၊ ထောပတ်အရသာ၊ ကျွေးမွေးပါ၏။

ဒေဝဒေဝါ၊ နတ်တကာတို့၊ ရှင်အားကြည်ဖြူ၊ သုံးတော်မူလော့၊ စိုက်ထူထင်ရှား ဤလှေကားတွင်၊ မျက်ကားစဉ်လျက်၊ အမြစ်ထွက်ရာ၊ ရွေးချယ်ပါ၏။

အိမ်မှာအမြင့်၊ လှေကားဖြစ်၍၊ အထစ်အမျက်၊ အကက်အဆင်း၊ အတွင်းက အောက်၊ ရွေးကောက်သန့်စင်၊ ပြုစီရင်၍ အိမ်တွင်တည်စိုက်၊ ထိခိုက်ဘေးဒဏ်၊ ဥပဒ်ရန်လည်း၊ ဆံခြည်တစ်မျှ၊ မဖြစ်ရအောင်၊ စောင်မစေသား၊ ရှင်နတ်များတို့။

နှစ်ပါးအိမ်ရှင်၊ စီးပွားလျှင်မူ၊ ဖြိုးအင်ပြည့်စွာ၊ ပုဏ္ဏမာသို့၊ ပုဏ္ဏမိတရ၊ ဒါသဒါသီ၊ ပြည့်ညီများစွာ၊ လယ်ယာလုပ်ခင်း၊ ဆင့်မြင်း၊ ကျွဲ၊ နွား၊ သားမြေးကာစ၊ ဆန်းသစ်လသို့၊ ကဲဆတ်ပိုး၊ တိုးတက်မြဲမြံ၊ ကျောက်သံပတ္တမြား၊ ပြည့်စုံညားလျက်၊ ပေါများရွှေငွေ မိုးကြီးရွာသို့၊ ရေစင်သီတာ၊ ပမာသို့လျှင် ချမ်းသာစေသား၊ ရှင်နတ်များတို့။

တံခါးပေါက်တွင် နေ့တိုင်းဝင်လျက်၊ ကောင်းအင်ပြည့်ဖြိုး၊ ကောင်းကျိုးမင်္ဂလာ၊ လွန်ချမ်းသာ၍ ရာကျော်ကြက်ရှည်၊ တည်ပါစေသား၊ ရှင်နတ်များတို့

အိမ်တက်မင်္ဂလာ အခါပြီးသည့်အခါ ဘကြီးကြူးက စာရေးသူအား ရှင်းပြပါသည်။

▲**တနင်္ဂနွေနေ့အိမ်တက်လျှင်** ရွှေငွေယူပြီး တက်ရမည်။

▲**တနင်္လာနေ့တက်လျှင်** အဝတ်အစားဖြင့်တက်ပါ။ (အဝတ်အစား ယူပြီး တက်ရန်)

▲**အင်္ဂါနေ့ဆိုလျှင်** ကျောက်မျက်ရတနာဆောင်ပြီး တက်ရန်။

▲**ဗုဒ္ဓဟူးနေ့တက်လျှင်** အစားအစာ စားပြီးတက်ရန်။

▲**ကြာသပတေးနေ့ တက်လျှင်** ခေါင်းဆေးမင်္ဂလာပြုပြီးမှတက်ရန်။

▲**သောကြာနေ့တွင်** နှစ်သက်တဲ့ အချိန် တက်ရန်။

▲**စနေနေ့ဆိုလျှင်** တစ်ရေးအိပ်ပြီးမှ တက်ရန်။

**နေ့အရ ပြောသော်လည်း အိမ်တက်လျှင် အိမ်အကြီးအကဲက ဘုရားပင့်ပြီး ညောင်ရေအိုး၊ ထမင်းအိုး၊ ဟင်းအိုး၊ မီးဖိုချောင်သုံး ပစ္စည်းနှင့် အိပ်ရာ၊ နေရာ၊ အဝတ်အထည် အသုံးအဆောင်နှင့် တက်ကြောင်း ပြောပြပါသည်။**

**ယနေ့ထိ စာရေးသူတို့ဒေသမှာ မြို့ပြရော၊ ကျေးလက်ပါ ဤအတိုင်း တက်နေကြဆဲ ဖြစ်ပါသည်။**

**အာယုဝဍ္ဎော သုခံဗလံ**

**မောင်ဗဟိန်း** *(အင်းတော်)*



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ

# ကျန်းမာရေး အတွက် အကြံပေးချက်များ

| ပုံရိုင် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နွား | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | နွား, မြွေ, ကြက် | တနင်္လာသားသမီး | စနေနေ့ |
| ကျား | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | ကျား, မြင်း, ခွေး | တနင်္လာသားသမီး | စနေနေ့ |
| ယုန် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| နဂါး | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | နဂါး, ကြွက်, မျောက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြွေ | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | မြွေ, ကြက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြင်း | အူသိမ် | အနီ | ၉ | ပြောင်း | အခါး | တောင် | မြင်း, ခွေး, ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ဆိတ် | သရက်ရွက် | မြေဖြူ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | ဆိတ်, ယုန်, ဝက် | စနေသားသမီး | တနင်္လာနေ့ |
| မျောက် | သရက်ရွက် | မြေဖြူ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | မျောက်, ကြွက်, နဂါး | စနေသားသမီး | တနင်္လာနေ့ |
| ကြက် | အဆုတ် | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | ကြက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| ခွေး | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ခွေး, ကျား, မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဝက် | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ဝက်, ယုန်, ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |

* * *

**၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ကြွက်နှစ်ဖွား၊ နွားနှစ်ဖွား၊ နဂါးနှစ်ဖွားတို့** ကျန်းမာရေး ချူချာနေတတ်သည်။ ဤအတွက် ကြွက်နှစ်ဖွားတို့ကို နမူနာပြု၍ ရှင်းပြပါမည်။

**ကြွက်နှစ်ဖွားတို့သည်** ကျောက်ကပ်နှင့် ပတ်သက်သည့် ရောဂါဝေဒနာများ သတိပြု ကာကွယ်သင့်သည်။ အပြာရောင်၊ (၁)ဂဏန်း၊ မြောက်အရပ်တို့က ကံထူးကံပွင့်စေနိုင်သည်။

ပဲအမျိုးမျိုးကို စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအထောက်အကူ ဖြစ်စေလိမ့်မည်။ ငန်သော အရသာနှင့် သင့်၏။ ကြွက်၊ နဂါး မျောက်နှစ်ဖွားတို့မှာ မိတ်ဖက်များ ဖြစ်ကြ၏။



ကျန်းမာရေးကိစ္စ အရေးအကြောင်း ရှိလျှင် အင်္ဂါသားသမီးက ကူညီပေးနိုင်လိမ့်မည်။ ဗုဒ္ဓဟူးနေ့သည် နေ့ကောင်းနေ့မြတ် ဖြစ်သည်။

**ကျန်းနှစ်ဖွားများ ဤပုံစံအတိုင်း ကောက်ချက်ချကြပါ။**


***အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ။***

**ဟူကျင်းဇီ** *(Hu Jin Zhi)*



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ဖူးသော

# အခါရွေးနည်းတစ်ခု

အောင်မြင့်ကျော်
(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး)

ကျွန်ုပ်သည် အရွယ်ရောက်ခါစကပင် ဝိဇ္ဇာဓရပညာရပ်များကို အထူးပင် ဝါသနာပါခဲ့လေသည်။ သက်ရွယ်တူများက ဝတ္ထုစာအုပ် ဖတ်နေချိန်တွင် ကျွန်ုပ်က ဖခင်ဖြစ်သူ လစဉ်ဝယ်သော ဂမ္ဘီရဆိုင်ရာ မဂ္ဂဇင်းများ ဖတ်ရှုနေတတ်သည်။

ထိုမဂ္ဂဇင်းများထဲမှ ကောင်းနိုးရာရာ စိတ်ဝင်စားသော ဂါထာမန္တန်များ၊ အစီအရင်များကို မှတ်စုစာအုပ်တွင် ကူးယူထားလေ့ရှိသည်။

ထို့ပြင် အခါခွင့်သင့်ပါက လက်တွေ့စမ်းသပ်ကြည့်တတ်ရာ အချို့မှာ အောင်မြင်မှုရှိပြီး အချို့မှာ မအောင်မြင်ပေ။

နောင်သောအခါ အတန်အသင့်စဉ်းစား ဆင်ခြင်တတ်သောအခါမှ လောကီပညာများ မအောင်မြင်ရခြင်း အချက်(၄)ကို သိရှိနားလည်လာခဲ့ရတော့သည်။

ဤနေရာ၌ မသိရှိသေးသူများ သိရှိလာစေရန် မအောင်မြင်ရခြင်းနှင့် အောင်မြင်အောင် ဆောင်ရွက်ပုံတို့ကို ဖော်ပြလိုက်ပါသည်။

လောကီပညာရပ် အစီအရင်များ မအောင်မြင်ရသည့် အချက်(၄)ချက် ရှိသည်။

၁။ စီရင်သူ၏ အကုသိုလ်ကံကြောင့် မအောင်မြင်ခြင်း၊

၂။ နတ်တို့ ဖျက်ဆီး၍ မအောင်မြင်ခြင်း၊

၃။ စနစ်တကျ နည်းမှန်လမ်းမှန်မဟုတ်၍ မအောင်မြင်ခြင်း၊

၄။ စီရင်သူ၏ ကံ, ဉာဏ်, ဝီရိယ ညံ့ဖျင်း၍ မအောင်မြင်ခြင်း

ဟူ၍ (၄)ချက်ရှိလေသည်။

ထိုအချက်များထဲမှ **(၁)အချက်**ကို ရတနာသုံးပါး ရှိခိုးပူဇော်ခြင်း၊ ခင်ပွန်းကြီး(၁၀)ပါးအား ဝတ်ချကန်တော့ခြင်း၊ သီလလုံခြုံအောင် စောင့်ထိန်းခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းဖြင့် သမာဓိကို တည်ဆောက်ခြင်းဖြင့် အောင်မြင်စေနိုင်သည်။

**(၂)အချက်**ကို အောင်မြင်စေရန်သည်ကား ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာဟု ဝိဇ္ဇာ(၄)မျိုးတို့တွင် တစ်မျိုးမျိုးကို အောင်မြင်သော ဝိဇ္ဇာသည် သိဒ္ဓိ(၁၀)ပါးလုံးကို လည်းကောင်း၊ တစ်ပါးပါး (သို့မဟုတ်) ထို့ထက်ပိုသော သိဒ္ဓိတို့ကို အစိုးရ၍ နတ်တို့နှင့် တူမျှသော တန်ခိုးရှိကြသည်။

သို့ဖြစ်၍ ဤတန်ခိုးသိဒ္ဓိလမ်းစဉ်ကို လိုက်သောသူများအား အချို့နတ်များ မနာလို၍ အသက်အန္တရာယ်၊ ဘေးဒုက္ခအန္တရာယ်၊ ဆေးပင်ဆေးမြစ်တို့၏ အန္တရာယ် စသည်များကို နှောင့်ယှက်ဖျက်ဆီးတတ်ကြလေသည်။

ထိုအကြောင်းများကြောင့် လောကီပညာ လိုက်စားကြကုန်သော သူတို့သည် ရတနာသုံးပါး အမြဲ ဆည်းကပ်ကိုးကွယ်ခြင်း၊ တန်ခိုးကြီးသော အထက်နတ်များနှင့် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်များ၊ မြို့ရွာစောင့်နတ်များ၊ ဝိဇ္ဇာဒေဝနတ်၊ သြသဓိဒေဝနတ်တို့ကို အမြဲမပြတ် မေတ္တာပို့သခြင်း၊ ဗလိနတ်စာပူဇော်ပသခြင်း...

မိမိပြုသမျှ ကုသိုလ်အဖို့ဘာဂကို အမျှတမ်းပေးဝေခြင်း စသည်ဖြင့် မိမိအား ချစ်ခင်လေးမြတ်လာအောင် ပြုလုပ်ရမည်။ သို့မှသာ အနှောင့်အယှက်မရှိဘဲ မျှော်ကိုးသည့်အတိုင်း မုချ ထမြောက် အောင်မြင်နိုင်ကြပေမည်။

**(၃)အချက်တွက်ကား** ကျမ်းအမျိုးမျိုးကို လေ့လာဖတ်ရှုပြီး စိစစ်တိုက်ဆိုင်စေခြင်း၊ ဆရာကောင်း သမားကောင်းများထံမှ နည်းမှန်လမ်းမှန်အတိုင်း ပြုလုပ်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အောင်မြင်စေနိုင်သည်။

**(၄)အချက်**ကို အောင်မြင်စေရန် မိမိဉာဏ်ကို အဖန်ဖန်တလဲလဲ စိစစ်ဝေဖန်ခြင်း၊ အလွန်ထက်သော ဝီရိယဖြင့် သမာဓိတရားတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်စေနိုင်သည်။

ကျွန်ုပ်သည်လည်း ထိုအချက်များနှင့်အညီ ပြုလုပ်စီရင်မှသာ သိသာထင်ရှားစွာ အောင်မြင်လာပေသည်။

လက်တွေ့ စီရင်ခဲ့သော အစီအရင်များမှာလည်း နည်းမျိုးစုံပြီး ရှေးဟောင်းပုရပိုက်များ၊ ကျမ်းစာများ၊ ဆရာစဉ်





www.burmeseclassic.com

www.burmeseclassic.com

ဆက် သုံးစွဲခဲ့သော ပညာများကို နောင် အလျှဉ်းသင့်က အများအတွက် အကျိုး ရှိစေမည့် အစီအရင်များကို ရေးသား ဖော်ပြပါမည်။

ယခု တင်ပြမည်က လောကီပညာ များ စီရင်ဆောင်ရွက်ရာတွင် အချိန် အခါရွေးချယ်ပြီး ဆောင်ရွက်ရခြင်း၊ ရက်ကောင်းရက်သန့် ရွေးချယ်ခြင်း၊ အဝင်အထွက် ခါးပတ်နက္ခတ်ရွေးခြင်း၊ အကန်းအမြင်နှင့် စုတ်ရွေးခြင်း စသည် ဖြင့် ရှိကြပါသည်။

သို့ဖြစ်၍ အခါရွေးနည်း၌ ဆရာ အများစု သုံးစွဲကြသော နည်းကိုလည်း သင် သင်ယူလေ့လာခဲ့ရသည်။ ထို အင်္ဂဝိဇ္ဇာနည်းအရ အခါရွေးနည်းမှာ နေ့တစ်နေ့လျှင် **အချိန် (၁)နာရီ (၃၀)မိနစ်နှင့် နေ့(၈)ကြိမ်၊ ည(၈) ကြိမ်** ခွဲဝေထားသည်ကို တွေ့ရသည်။ ထို အခါသတ်မှတ်ပုံမှာ...

* * *

သတ်မှတ်ထားသည်ကို တွေ့ရသည်။

၂၀၁၀ ပြည့်နှစ်က ကျွန်ုပ်သည် ပုပ္ပါးတောင်တွင် အဓိဋ္ဌာန်ခရီး လှည့် လည်ရာ၌ ဂိုဏ်းတစ်ခုမှ ဆရာအဆင့် ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ဆုံရင်းနှီးခဲ့ရာ ထိုဆရာမှ သူတို့၏ ဂိုဏ်းဆရာစဉ် ဆက် အသုံးပြုခဲ့သော ယခုထိ အသုံး ပြုနေသော အင်္ဂဝိဇ္ဇာ အခါရွေးနည်းကို သင်ကြားပြသပေးရာ အထက်က ပြခဲ့ သော အသုံးများသည့် အခါရွေးနည်း နှင့် မတူ ကွဲပြားနေကြောင်း တွေ့လိုက် ရသည်။

ထိုဆရာ၏ အခါရွေးနည်းမှာ **တစ်နေ့တာ (၂၄)နာရီကို အခါ(၁)ခု လျှင် (၁)နာရီနှုန်းဖြင့် (၂၄)ခါ ပိုင်း ခြားထားခြင်းဖြစ်သည်။** ထို အခါပိုင်း ပုံမှာ ဤသို့ဖြစ်သည်။ အခါပိုင်းပုံ ပြသရာ၌ စာဖြင့် မပြတော့ဘဲ ဂဏန်း အမှတ်ဖြင့်သာ ပြသထားပါသည်။

* * * ⟶

ယခု ဖော်ပြသော (၂၄)ခါ ပိုင်းပုံနှင့် (၁၆)ပိုင်းပုံကို နှိုင်းယှဉ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရသည်။

(၂၄)ခါ ပိုင်းပုံ၌ တနင်္ဂနွေနေ့ နံနက် (၀၀)နာရီ (၀၀)မိနစ် (၀၁)စက္ကန့်မှ စ၍ (၀၁)နာရီ (၀၀)မိနစ် (၀၀)စက္ကန့် အထိသည် သူရဿအခါ ဖြစ်သည်။

ထိုမှ အစဉ်တိုင်း (၁)နာရီ (၁)ခါ နှုန်းဖြင့် ပြောင်းသွားပြီး ထိုနေ့ည သန်းခေါင်ယံ ည (၂၄)နာရီ (၀၀)မိနစ် (၀၀)စက္ကန့်တွင် **ဗုဒ္ဓအခါ** ကုန်ဆုံးသွား သည်။

နောက်တစ်နေ့ဖြစ်သော တနင်္လာ နေ့နံနက် (၀၀)နာရီ (၀၀)မိနစ် (၀၁) စက္ကန့်၌ **စန္ဒြာအခါ** စတင်တော့ သည်။

ထိုမှတစ်ဖန် (၇)နေ့ကို အစီအစဉ် အတိုင်း အပိုအလိုမရှိ အခါတစ်ခုလျှင် (၁)နာရီနှုန်းဖြင့် ပြောင်းသွားရာ စနေ

| နေ့ | ၆း၀၀-၇း၃၀ | ၇း၃၀-၉း၀၀ | ၉း၀၀-၁၀း၃၀ | ၁၀း၃၀-၁၂း၀၀ | ၁၂း၀၀-၁း၃၀ | ၁း၃၀-၃း၀၀ | ၃း၀၀-၄း၃၀ | ၄း၃၀-၆း၀၀ |
|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | သူရဿ | သောကြ | ဗုဒ္ဓ | စန္ဒြာ | သောရိ | ဂုရု | ဘောမ | သူရဿ |
| တနင်္လာ | စန္ဒြာ | သောရိ | ဂုရု | ဘောမ | သူရဿ | သောကြ | ဗုဒ္ဓ | စန္ဒြာ |
| အင်္ဂါ | ဘောမ | သူရဿ | သောကြ | ဗုဒ္ဓ | စန္ဒြာ | သောရိ | ဂုရု | ဘောမ |
| ဗုဒ္ဓဟူး | ဗုဒ္ဓ | စန္ဒြာ | သောရိ | ဂုရု | ဘောမ | သူရဿ | သောကြ | ဗုဒ္ဓ |
| ကြာသပတေး | ဂုရု | ဘောမ | သူရဿ | သောကြ | ဗုဒ္ဓ | စန္ဒြာ | သောရိ | ဂုရု |
| သောကြာ | သောကြ | ဗုဒ္ဓ | စန္ဒြာ | သောရိ | ဂုရု | ဘောမ | သူရဿ | သောကြ |
| စနေ | သောရိ | ဂုရု | ဘောမ | သူရဿ | သောကြ | ဗုဒ္ဓ | စန္ဒြာ | သောရိ |

ဤ အခါသတ်မှတ်ပုံတွင် နေ့ (၆း၀၀)နာရီ မှ ညနေ (၆း၀၀)နာရီထိ၊ ညနေ (၆း၀၀)နာရီ နေ့ (၆း၀၀)နာရီ အထိ တစ်နေ့တာ (၂၄)နာရီကို နေ့ကို (၁း၃၀)နာရီဖြင့်(၈)ကြိမ်၊ ညကို(၁း၃၀) နာရီဖြင့် (၈)ကြိမ် စုစုပေါင်း (၁၆)ကြိမ်

သူရဿ = တနင်္ဂနွေ = ၁ = မီး
သောကြ = သောကြာ = ၆ = ရေ
ဗုဒ္ဓ = ဗုဒ္ဓဟူး = ၄ = ရေ
စန္ဒြာ = တနင်္လာ = ၂ = မြေ
သောရိ = စနေ = ၀,၇ = မီး
ဂုရု = ကြာသပတေး = ၅ = မြေ
ဘောမ = အင်္ဂါ = ၃ = လေ

နေ့ ညသန်းခေါင်ယံအချိန် (၂၄)နာရီ (၀၀)မိနစ် (၀၀)စက္ကန့်၌ ဘောမအခါ ကုန်ဆုံးပြီး တနင်္ဂနွေနေ့ (၀၀)နာရီ (၀၀)မိနစ် (၀၁)စက္ကန့်မှ စ၍ သူရဿအခါ ပြန်ရောက်သွားသည်။

ဇယားကို သေချာကြည့်ပါက နား



www.burmeseclassic.com

| နေ့ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|---|
| ၀၀း၀၀ ၀၁း၀၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၀၁း၀၀ ၀၂း၀၀ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၀၂း၀၀ ၀၃း၀၀ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၀၃း၀၀ ၀၄း၀၀ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၀၄း၀၀ ၀၅း၀၀ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၀၅း၀၀ ၀၆း၀၀ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၀၆း၀၀ ၀၇း၀၀ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၀၇း၀၀ ၀၈း၀၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၀၈း၀၀ ၀၉း၀၀ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၀၉း၀၀ ၁၀း၀၀ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၁၀း၀၀ ၁၁း၀၀ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၁၁း၀၀ ၁၂း၀၀ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၂း၀၀ ၁၃း၀၀ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၁၃း၀၀ ၁၄း၀၀ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၁၄း၀၀ ၁၅း၀၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁၅း၀၀ ၁၆း၀၀ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁၆း၀၀ ၁၇း၀၀ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၁၇း၀၀ ၁၈း၀၀ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၁၈း၀၀ ၁၉း၀၀ | ၇ | ၁ | ၅ | ၃ | ၄ | ၅ | ၆ |
| ၁၉း၀၀ ၂၀း၀၀ | ၅ | ၆ | ၇ | ၄ | ၂ | ၃ | ၄ |
| ၂၀း၀၀ ၂၁း၀၀ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၂၁း၀၀ ၂၂း၀၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၂၂း၀၀ ၂၃း၀၀ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၂၃း၀၀ ၂၄း၀၀ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |



လည်နိုင်မည် ဖြစ်သည်။ အစမှအဆုံး၊ အဆုံးမှအစ အချိန် တစ်နာရီစီဖြင့် အညီအမျှ တစ်ပတ်ပြည့်သွားသည်ကို တွေ့ရမည် ဖြစ်သည်။

ယနေ့ အများသုံးနေကြသော တစ်နေ့လျှင် အခါတစ်ခုကို (၁း၃၀)နာရီဖြင့် နေ့(၈)ကြိမ် ည(၈)ကြိမ် စုစုပေါင်း (၁၆)ကြိမ် ပိုင်းသော နည်း၌ တနင်္ဂနွေနေ့၌ နံနက် (၆း၀၀)နာရီမှ (၇း၃၀)နာရီ အထိသည် **သူရဇ္ဇအခါ** ဖြစ်သည်။

ထိုမှ အစီအစဉ်တိုင်း ဆက်သွားရာ ညနေ (၄း၃၀)နာရီမှ (၆း၀၀) နာရီအထိသည် **သူရဇ္ဇအခါ**ပင် ပြန်ဖြစ်သွားသည်။ ထို့နောက် ညနေ (၆း၀၀)နာရီမှ (၇း၃၀)နာရီ အထိသည် **သူဇ္ဇအခါပင်** ဖြစ်ပြန်သည်။

တနင်္ဂနွေနေ့ ည၌ သန်းခေါင်ယံ (၁၂)နာရီ ကျော်ပြီး တနင်္လာနေ့ကူး ပြောင်း သွားသော်လည်း ဤအခါ ပိုင်းပုံအရ မကူး ပြောင်းသေးဘဲ တနင်္လာ နေ့ နံနက် (၄း၃၀)နာရီမှ (၆း၀၀)နာရီအထိ သူရဇ္ဇအခါဖြင့် ပြန်ဆုံးသွားသည်။

တစ်ခါ တနင်္လာနေ့ နံနက် (၆း၀၀) နာရီမှ (၇း၃၀)နာရီသည် စန္ဒြာအခါ ဖြစ်သွားသည်။ အစီအစဉ်တိုင်းဆိုလျှင် သောကြာအခါ ဖြစ်ရမည် မှန်သော်လည်း ကျော်ပြီး စန္ဒြာအခါက စတင်တော့သည်။

ထိုနေ့သည်လည်း ညနေ (၄း၃၀) နာရီမှ (၆း၀၀)နာရီအထိသည် စန္ဒြာ အခါပင် ဖြစ်ပြန်သည်။ ညနေ (၆း၀၀) နာရီမှ တစ်ဖန် (၇း၃၀)နာရီအထိသည် စန္ဒြာအခါပင် ဖြစ်ပြန်သည်။

ထိုအတိုင်း ဆက်သွားပြီး အင်္ဂါနေ့ နံနက် (၄း၃၀)နာရီမှ (၆း၀၀)နာရီအထိ သည် စန္ဒြာအခါဖြစ်ပြီး (၆း၀၀)နာရီမှ (၇း၃၀)နာရီအထိကို ဘောမအခါဖြင့် စတင်တော့သည်။ အဘယ်ကြောင့် သောရီအခါ မဖြစ်ရသည်ကို မသိပါ။

နောက်ဆုံး စနေ နံနက်(၄း၃၀) နာရီမှ (၆း၀၀)နာရီအထိသည် သောရီ အခါဖြစ်ပြီး (၆း၀၀)နာရီမှ (၇း၃၀)နာရီ အထိကို သူရဇ္ဇအခါဖြင့် ပြန်လည် စတင်ထားတော့သည်။ ဂုရုအခါ မပတ်တော့ပေ။


နေ့(၈)ကြိမ် ည(၈)ကြိမ် ပိုင်းသော အခါရွေးနည်း၌ အခါ(၈)မျိုးတို့သည် အစီအစဉ်တကျ မရှိပေ။ နေ့တစ်နေ့ တည်း အခါတစ်ခုသည် (၄)ကြိမ်ပေါ် နေခြင်း၊ ထိုမှ နောက်တစ်နေ့၌ အခါ တစ်ခုမှတစ်ခု ကျော်သွားပြီး အခြား အခါတစ်ခုဖြင့် စတင်ခြင်းတို့ကို တွေ့ရ လေသည်။

(၂၄)ခါပိုင်းသောနည်း၌ အခါတစ်ခု သည် (၁)နာရီနှုန်းဖြင့် အစီအစဉ် တကျ လည်ပတ်သွားသည်ကို တွေ့ရ မည်။

 (စာမျက်နှာ (၂၃၃) သို့)

www.burmeseclassic.com

www.burmeseclassic.com



# ရွှေဖြစ် ငွေဖြစ် ဝိဇ္ဇာဖြစ်သော

## ပါပဓာတ်လေးလုံး

ဆရာ ဦးကျော်လင်း
(နေလဝိဇ္ဇာ)

'ရဝိဒိဗ္ဗံ ဝိကာလျှာ ဝိဇာနေယျ'

**ရဝိဒိဗ္ဗံ**–နေမင်းဟု ခေါ်ဆိုအပ်သော တနင်္ဂနွေဂြိုဟ်(၁)ဂဏန်းကို၊ **ဝိကာလျှာ** – ပိဋကတ်ဖေဒင်နည်း ကုန်စင်အောင် ထိုးထွင်းကြံစည်၍၊ **ဝိဇာနေယျ**–ဆိုးကျိုး ကောင်းကျိုးအမျိုးမျိုးတို့ကို ကောင်းစွာ သိရာ၏။ **ဣတိတသ္မာ**–ထို့ကြောင့်။ **ပဏ္ဍိတော**–ပညာရှိသည်။ **ဟောတိ**–ဖြစ်၏ဟု ပညာရှင်တို့ ဖွင့်ဆိုပြုထားကြ လေသည်။

**တနင်္ဂနွေဂြိုဟ်** (၁)ဂဏန်းကို အခြေခံမူတည်၍၊ **အင်္ဂါဂြိုဟ်(၃)ဂဏန်း၊ စနေဂြိုဟ်(၀)သုညဂဏန်း။ ရာဟုဂြိုဟ် (၈)ဂဏန်း** ဤပါပလေးလုံးနှင့် ထွက်ရပ်ပေါက်မြောက်ကြကုန်၏။

ထွက်ရပ်ပေါက် ဝိဇ္ဇာကျမ်းအမျိုးမျိုးတို့၌ တစ်ယောက်တစ်မျိုးနှင့် ထွက်လာကြသော်လည်း ဉာဏ်ကြီးရှင်တို့၏ ကွယ်ဝှက်၍ ရေးသားခဲ့ကြသည့် လိနတ္ထလင်္ကာအမျိုးမျိုးတို့တွင် အချုပ်သဘောမှာ ပါပဓာတ်လေးလုံးကို နည်းအမျိုးမျိုးနှင့် ရေးသားထားခြင်းပင် ဖြစ်လေသည်။

ဝိဇ္ဇာဉာဏ်ဟူသည် ပါပဓာတ်လေးလုံးမှလွဲ၍ ကြံစရာမရှိ၊ ပြစရာမရှိ။ ထိုပါပဂြိုဟ်လေးလုံးကို မမြင်နိုင်ကြသော ဉာဏ်နုသူအပေါင်းတို့သည် ဝိဇ္ဇာကျမ်းများအတွက်နှင့် ပင်လယ်ပြင် လက်ပစ်ကူးရသကဲ့သို့ ဖြစ်နေကြလေ၏။

ပါပဂြိုဟ်လေးလုံးမှာ အင်္ဂုရတ်ပညာခွင်၌ တနင်္ဂနွေနံ(၁)ဂဏန်း**ဆဲ⇒နာဓာတ်၊** အင်္ဂါနံ(၃)ဂဏန်း⇒**သံဓာတ်၊** စနေနံ(၀)သုညဂဏန်း**ကြေး⇒ဒန်ဓာတ်၊** **ရာဟုနံ**(၈)ဂဏန်း**ဘော်⇒ငွေဓာတ်**တို့ ဖြစ်လေ၏။

ထိုပါပလေးလုံးနှင့် ပြဒါးကို အသက်သွင်းသိဒ္ဓိတင်၍ ပေါက်မြောက်အောင်မြင် ကြံစည်ကြလေသည်ဟု သိလာသောအခါ မဆုံးနိုင်သော ကျမ်းများကို လျှောက်နေကြသူများ၊ ထိုပါပဂြိုဟ်လေးလုံးနှင့် ကျမ်းပေါက်လေတော့၏။

ထိုအချက်ကို လက်တွေ့နှင့် ပေါင်းစပ်၍ ပိုင်ပိုင်နိုင်နိုင် သိလာခဲ့လျှင် ဝိဇ္ဇာဉာဏ်ဖြစ်၍ ဝါသနာအလျောက် ပြုလုပ်နေကြသော ပုဂ္ဂိုလ်များသည် လုပ်သလောက် အကျိုးများလေတော့၏။

ဝိဇ္ဇာကျမ်းတို့သည် ဤပါပလေးလုံးကို လွန်မြောက်အောင် ရေးသားသွားသောကျမ်း၊ ပါပဂြိုဟ်လေးလုံးကို ချန်လှပ်၍ ဝိဇ္ဇာအမည်ခံထားသော ကျမ်းမှာ တစ်ကျမ်းမှ မတွေ့ရသည် ဖြစ်၍ ယနေ့ အင်္ဂုရတ်ဝါသနာရှင်များနှင့် နောင်လာနောက်သား အင်္ဂုရတ်ဝါသနာရှင်အပေါင်းတို့ "**ပါပကျမ်းကို တတ်အောင်သင် အိုအောင်စားတော့ မကုန်သေး**"ဟူသော ကျမ်းထွက်နှင့်အညီ ရွှေဖြစ်ငွေဖြစ် ဝိဇ္ဇာဖြစ်သော ပညာအစစ်အမှန်သည် ပါပဂြိုဟ်လေးလုံးဟု အသည်းမှာစွဲအောင် မှတ်ထားကြလေကုန်။

### ပါပဂြိုဟ်လေးလုံးမှ ဖြစ်ပေါ်လာသော မီးဓာတ်သုံးလုံး

၁။ ဝိဇ္ဇာကျမ်း၌...

'တည်လျက်နဂါး တစ်ဖို့ထား၍ ထယ်ပွား[illegible] သုံးကြိမ်ကုန်အောင် ချက်တုံပြီမှ အ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရှသော်၊ ပုံထု ပတ္တမြား နီတွားထွားကို၊ မှာထားရှေ့က၊ အရွှေ့ပြလျက်၊ အစ တည်ဟန်'

ဟု ဆိုထားလေ၏။

ထိုလင်္ကာ၌ရှိသောပညာကို ဖော်ထုတ်ရာတွင် **တည်လျက်နဂါးတစ်ဖို့ထားဆိုသည်မှာ** ကြေးနီ (၁)ကျပ်ကို ဆို၏။


**ထပ်ပွားဂဠုန် သုံးကြိမ်ကုန်အောင်** ဆိုရာ၌ ဂဠုန်ဟူသောခဲ (၂)ကျပ်နှင့် **သုံးကြိမ် ခဲ ဓာတ်ကုန်အောင်ချက်လျှင်** ကျန်ရှိသောဓာတ်သားမှာ နီဝါရောင်သန်းလျက် အရွှေ့မီးဓာတ်ဖြစ်သည်ကို ဆိုလေ၏။

တနင်္ဂနွေပါပဂြိုဟ်နှင့် စနေပါပဂြိုဟ်နှစ်လုံး ပေါင်းမိသောကြောင့် အရွှေ့ဖို–မကမ္ဘာ မိတ်မီးဓာတ် နာမ်တေဇောဖြစ်လာလေ၏။

**နာမ်တေဇောဟူသည်** ပါပဂြိုဟ်ချင်း၊ သောမဂြိုဟ်ချင်းပေါင်းမိ၍ ဖြစ်ပေါ်လာသော တေဇောဓာတ်ကို နာမ်တေဇောဟု ခေါ်သည်။

၂။ ဓာတ်မြတ်ဘော်ဒန်၊ အရွှေ့မှန် နိဗ္ဗာန်ဝင် လက်တစ်ကမ်းဟု ဆိုသောကြောင့် ဘော်ဓာတ်နှင့် ဒန်ဟူသော ကြေးဓာတ်တို့ ဓာတ်နှစ်ပါး ပေါင်းစပ်ရာ၌ တစ်သားတည်း၊ တစ်သွေးတည်းဖြစ်လာလျှင် ဘော်ရာဟုနံ (၈)ဂဏန်းနှင့် ကြေးတနင်္လာနံ (၂)ဂဏန်းတို့သည် **"ကိုရှာ"**တေဇောဓာတ် ဖြစ်လာလေ၏။ ထိုတေဇောသည် **ရှပ်တေဇော**ဖြစ်လေ၏။

**ရှပ်တေဇောဆိုသည်မှာ** အသွင်မတူသော နေဓာတ်လဓာတ် ပါပသောမ , နှစ်ပါးပေါင်း၍ ဖြစ်ပေါ်လာသော တေဇောဓာတ်ကို **ရှပ်တေဇော**ဟု ခေါ်လေသည်။



၃။ **သုဥ္စေန နာဂေါတိဂဠုန်ပျံ သီဟော ရာဇ နာမံ ရသေ့ပျံတို့ ကောန်မိန့်ဆို ရှစ်လုံးဂြိုဟ်တွင်ဟု ဆိုသောကြောင့်** ကောင်းကင်ခရီး ဈာန်ယဉ်စီး၍ မြေလျှိုးမိုးပျံ အဘိညာဉ်ဈာန်နှင့် ရှစ်တန်သမာပတ် ပြည့်စုံကြသော ရသေ့မြတ်ပညာရှင်အပေါင်းတို့သည် ဂြိုဟ်ရှစ်လုံးတွင် ပြထားသော သုညဂဏန်း၊ နဂါး စနေနံ ဒန်နှင့် သီဟခေါ်သော ခြသေ့်သံဓာတ်ကို ရည်ရွယ်၍ဆိုထားလေ၏။

ထိုပြရုပ်သည် ခြသေ့်ဆေးဖြစ်လေသည်။ ခြင်သည် (၂)ဂဏန်းဖြစ်၍ သေ့သည် (၆)ဂဏန်း ဖြစ်လေ၏။ (၂)နှင့်(၆)ဂဏန်း ပေါင်းသော် (၈)ဂဏန်း ဖြစ်သောကြောင့် **ရာဟုဆေးလည်း** ခေါ်ကြလေသည်။

နေလကျမ်းများ၌လာသော **"ဆေးကြူးနှစ်ပါးပေါင်း၍ထား နဂါးနှင့်မှ သုံးပါးရ"**ဟု ဆိုထားပြန်သောကြောင့် ဆေးသည် **အင်္ဂါနံသံ**နှင့် ကြူးသည် **တနင်္လာနံကြေး**ဓာတ်တို့ဖြစ်၍ ယင်းဆေးကြူးနှစ်ပါးနှင့် ပြဒါးကို စီစဉ်ရန် ဖြစ်လေသည်။

တစ်နည်း **"ကျားကျောပေါ်တွင် ခြသေ့်တင် မစင်စင်အောင်ဆေး"**ဟု ဆိုထားသောကြောင့်**"ကျား"**ဟူသော **တနင်္လာနံ** ကြေးဓာတ်နှင့် ခြသေ့်ဟူသော သံဓာတ်တို့ကို ပေါင်းဖက်၍ အကြိမ်ကြိမ်ထိုးပြီး ပေါင်းခြင်းသတ်ခြင်းကို ဆိုလိုလေသည်။ လုပ်ဖူးမှ သိနိုင်၏။

ဤတေဇော ဓာတ်လုံးသုံးလုံးသည် ပါပဂြိုဟ်လေးလုံးမှလာသော မီးဓာတ်သုံးလုံး ဖြစ်လေသည်။

**မှတ်ချက်။ ။ ဝိဇ္ဇာကတ်အလိုမှာ တေဇောဓာတ်ခေါ်၍ ဖေဒင်အလိုမှာ အရွှေ့ဓာတ်ခေါ်၏။ ထိုတေဇောဓာတ် အရွှေ့ဓာတ်ကို မီးဓာတ်ဟု မှတ်သားရလေသည်။**

---

ပါပလေးလုံး၏ လျှို့ဝှက်လင်္ကာကို

ကြံစည်၍ ဖော်ပြခြင်း

---

ဝိဇ္ဇာကျမ်း၌…

'ဗျာဂ္ဃ ကျားကို၊ နိုင်ဖြားလိုမူ၊ ပူး ဆင် သီဟ နာမသညာ၊ တံခွန်းသာ၊ ရာသီမရွေး ရသည့်ဆေးကို တွေ့၍ယူဟီ၊ အရှိမ္မန် ရွှေပေါက်ကံမှာ ဆရာရှင်ယထီး ထိဖြစ်တော့သည်'

ဟု ဆေးကို လင်္ကာနှင့်ဝှက်၍ ပြခဲ့လေ၏။

က။ တနင်္ဂနွေ ပါပဂြိုဟ်ဖြစ်သော ခဲဓာတ်သည် ဟာတ်အပေါင်းတို့ကို စားတတ်၊ လောင်တတ်သော ကြောင့် ဗျာဂ္ဃခေါ်သော ကျားအမည်ကို ရလေသည်။

ထိုခဲဓာတ်ကိုနိုင်သောဆေးမှာ **ပူး၊ ဆင်၊ သီဟ**ဟု ဆိုသောကြောင့် ပူးသည် သောကြာနံ **သ–ဟ**ဖြစ်၍ ဆင်သည် ဗုဒ္ဓဟူးနံ **လဝ** ကောက်ယူလျက် **သီဟ**မှာ ခြသေ့်ဖြစ်သောကြောင့် **စဆဇဈည** အင်္ဂါနံကို ကောက်ယူရလေသည်။

ထိုအင်္ဂါနံ ငါးလုံးထဲမှ ဇကို ထုတ်ယူ၍ ဗုဒ္ဓဟူးနံနှစ်လုံးထဲမှ ဝကိုထုတ်ယူပြီး သောကြာနံနှစ်လုံးထဲမှ သကို ထုတ်ယူ၍ စီစဉ်လေသော် **ဇဝသဆေး**ကို ရလေ၏။ ထိုဇဝသကိုထောက်၍ ဆေးအမည်ရှာသော် ဇဝက်သာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လေသည်။

ခဲကိုနိုင်သောဓာတ်သည် ဖဝက်သာဖြစ်၍ သံဖြူဆိုင်တို့၌ ခဲဂဟောပြုလုပ်သောအခါ ဖဝက်သာသုံးစွဲပုံကိုကြည့်လျှင် ခဲဓာတ်ကို ဖဝက်သာနိုင်ကြောင်း မျက်မြင်သက်သေ ဖြစ်လေသည်။

**ဓာတ်တစ်ပါးပါးတွင် မလိုအပ်ဘဲ ခဲဓာတ် ဝင်ရောက်နှောင့်ယှက်နေပါက ဖဝက်သာနှင့် ရှင်းလင်းသုတ်သင်ရလေသည်။**

ခ။ အင်္ဂါနံ့ပါပဂြိုဟ်ဖြစ်သော သံဓာတ်သည် ဓာတ်တစ်ပါးပါးတွင် မလိုအပ်ဘဲ ဝင်ရောက်နေပါက **"ခြသေ့်ဝင်ရောက် ဓာတ်ကိုနှောက်လျှင် လေးဆယ့်ငါးယောက် တစ်ဝမ်းပေါက် ကောက်၍သာကြဲ ထိုဆေးမှန်၏"**ဟု ဆိုသောကြောင့် ပုံစံမှာ ၁-၂-၃-၄-၅-၆-၇-၈-၉ ဤဂဏန်းကိုးလုံးသည် ရေတွက်၍ပေါင်းသော် (၄၅)ဖြစ်လေ၏။

တစ်ဝမ်းပေါက်မှာ **"အင်္ဂါစေဝဓာတ်ဖိုပြ"**ဟု ဆိုသောကြောင့် **၁-၂-၃-၄**ဂဏန်းကိုမှတ်၍ **"မွေ့ရာသီမွေ့မည်"**ဟု ဆိုသောကြောင့် **၅-၆-၇-၈** ဂဏန်းကို မှတ်ရလေ၏။

ဓာတ်ဖိုလေးလုံးအဆုံး (၄)ဂဏန်းနှင့် ဓာတ်မလေးလုံးအစ (၅)ဂဏန်းတို့ကို ပူးတွဲ၍ကြည့်သော် ဝမ်းတွင်းဟုခေါ်ဆိုအပ်သော အလယ်တည့်တည့်တွင် (၄၅)ဖြစ်သောကြောင့် **လေးဆယ့်ငါးယောက် တဝမ်းပေါက်ဟု** ဆိုလေ၏။

ထို (၄၅)သည် ပိဋကတ်အလိုမှာ ဗုဒ္ဓဟူးနံ့နှင့် ကြာသပတေးနံ့ဖြစ်၍ **ယမ်းဓာတ်**ဖြစ်လေ၏။ ယသည် ဗုဒ္ဓဟူးနံ့ (၄)ဂဏန်းဖြစ်၍ **မသတ်**သည် ကြာသပတေးနံ့ **၅-ဂဏန်း**ရလေ၏။ **သံဓာတ်ကိုရှင်းလင်းရာ၌ယမ်းပေါက်၍ ရှင်းလင်းရလေသည်။**



ဂ။ စနေနံ့ ပါပဂြိုဟ်ဖြစ်သော ကြေး+ဒန်၌ **"ကျားညီနောင် ကြောင်နှစ်ကွင်းရယ်ကြောင့် ကြွက်မင်းမှာ မနေသာ ပြေးထွက်ရရှာ"**ဟု ဆိုသောကြောင့် ကြွက်သည် ကျားကဲ့သို့ အစားမကြမ်းဘဲ ကြွက်ကိုက်သကဲ့သို့ မပြတ် တရိတ်ရိတ် လောင်စားတတ်သောကြောင့် ကြေးဓာတ်ကို မှတ်ယူရလေ၏။

**"ကျားညီနောင် ကြောင်နှစ်ကွင်း"** ဆိုသည်မှာ တနင်္လာနံ့နှစ်လုံးကို နှစ်ထပ်ဆင့်၍ နှစ်ကြိမ်ဆိုထားသောကြောင့် **"ကျောက်ချဉ်"**ကို မှတ်ရလေ၏။

ဓာတ်အပေါင်းတို့၌ မလိုအပ်ဘဲ ကြေးဓာတ် ဝင်ရောက်နှောင့်ယှက်ထားပါက ကျောက်ချဉ်နှင့်ထိုး၍ ရှင်းလင်းရလေသည်။

**အမှာ။ ။** ကျောက်ချဉ်ကို အခံဓာတ် အနည်းအများကိုလိုက်၍ လိမ္မာစွာ အသုံးပြုကြပါလေ။

ဃ။ **ရာဟုနံ့ ပါပဂြိုဟ်ဖြစ်သော ဘော်ဓာတ်သည်** ဓာတ်တစ်ပါးပါး၌ မလိုအပ်ဘဲ ဝင်ရောက်ပတ်ခြုံနေပါက **"ဘော်ကြေးဆေးဒန်း။ သူ့ဌေးလမ်းတွင် ဆေးဒန်းဝင်ဖောက် ဘော်သေရောက်၏"**ဟု ဆိုသောကြောင့် ဘော်ဝင်ခြုံနေသော ဓာတ်သားတွင် ဆေးဒန်းကို အမှုန့်ပြုပြီး ဓာတ်သားကို မီးနှင့်ဖော်၍ ပျော်ပြီး ခဲစပြုသောအချိန်၌ ဆေးဒန်းမှုန့်အနည်းငယ် ဖြူးပေးပြီး အအေးခံ၍ ရိုက်ခွာလျှင် ဘော်ထိပ်ဆောင်းဖြစ်လျက် ကွာကျလေ၏။

လိုအပ်သော အနေရောက်မှ ဆားနှင့်ထိုးလျှင် ဘော်ဓာတ်ပျောက်ကင်းလေသည်။

ဤဓာတ်ပညာ၏ ဓာတ်ပူးဓာတ်ခွာသဘောသည် ပမာအားဖြင့် အထက်ဂိုဏ်းဆရာနှင့်တူလေ၏။ စုန်းပယောဂများကို ပူးဆိုလျှင် ပူး၍ ကပ်ဆိုလျှင် ကပ်လာပြီး ထွက်ဆိုလျှင် မထွက်ဘဲနေပါက ဆရာရှုံး၍ ပြေးရလေသည်။ ဤကဲ့သို့ ဓာတ်ပူးဓာတ်ခွာသည် အဂ္ဂိရတ်ဝိသနာရှင်တိုင်းအတွက် တတ်သိထားရန် အထူးလိုအပ်လေသည်။

ပါပဓာတ်လေးလုံး၏ အလွန်အယုတ်ကို ပြုပြင်ရာ၌ သာ၍ပင် လိုအပ်ပေသည်။ ပါပလေးလုံးဓာတ်မှ ဖြစ်ပေါ်လာသော ဘေဓောဓာတ်သုံးလုံးသည် ပြဒါးကိုချုပ်ခြင်း၊ သတ်ခြင်း။ ပြဒါးရှင်ဖြစ်အောင် ပြုလုပ်ခြင်းတို့ ဖြစ်လေ၏။

အနိမ့်ဆုံးအားဖြင့် ခဲနှင့်ဖမ်းထားပြီးသောပြဒါးကို ပထမအန္တောလုံးနှင့် လုံတွင် အတူထည့်၍ ပြဒါးပျော်မီးနှင့် သုံးရက်ခန့်ထားခဲ့လျှင် အတွင်းမီးလောင်သောအားဖြင့် အန္တောငွေ့ လှုံရသောကြောင့် လက်ဝဲလက်ယာ အကြိုက် ပြဒါးဖြစ်လေ၏။

ထိုပြဒါးကိုပင် ဒုတိယအန္တောလုံးနှင့် ရှေးနည်းအတိုင်း အတူထည့်၍ ပြဒါးပျော်မီးနှင့် သုံးရက်ခန့် ထားခဲ့လျှင် ပထဝီဆိုက်၍ သိဒ္ဓိဝင်လေ၏။

ထိုပြဒါးကိုပင် တတိယအန္တောလုံးနှင့် အတူထည့်၍ ပြဒါးပျော်မီးနှင့် သုံးရက်ခန့် မီးမပြတ် ပေးသွားပါက



www.burmeseclassic.com

www.burmeseclassic.com

ပြဒါးစရန်များ ပျောက်ကွယ်၍ ပြဒါးသေရန် အစပျိုးလေသည်။ ယင်းအတိုင်း လုံကိုမဖွင့်ဘဲ တတိယအန္တော့နှင့် ပြဒါးကို လုံတစ်ခိုင် မီးထိုးသွားပါက ထိုပြဒါးသည် သံကြေးအန္တောသားနှင့် တစ်ထပ်စီနေလျက် ပြဒါးမှာ ကြေးအဆီ သံအဆီဝင်၍ သိဒ္ဓိရောက်ပြီး ပိုမို အစွမ်းထက်လာလေတော့သည်။

ပါပလေးလုံးမှဖြစ်သော တေဇောဓာတ်သုံးလုံးတို့သည် စနစ်တကျ စီမံဆောင်ရွက်ခဲ့သော် ရောဂါအပိုင်းတွင် အပူအအေးအကြောင်းခံသောအတက်အသက်၊ အပွင့် အပိတ် ရောဂါအကြီးအသေးအလိုက် ဆေးကုသရာ၌ နွားနို့ဆိတ်နို့၊ ပျားရည်၊ စတုမဓူ၊ နှမ်းဆီ၊ ရေ ထမင်း၊ ဟင်းတို့နှင့်ချက်၍ လည်းကောင်း၊ ပြုတ်၍လည်းကောင်း၊ စိမ်၍လည်းကောင်း၊ ဉာဏ်ရှိသလို အသုံးပြု၍ ဉာဏ်ကျယ်သလောက် အသုံးကျယ်လေသည်။

သူနာအား တိုက်လိုသော ဆေးများကို အန္တောဓာတ်လုံးပြုတ်ရည်နှင့်လည်း တိုက်နိုင်ပါသည်။ တစ်ဖန် အောက်လမ်းတို့ လက်ချက်ဖြင့် ဝမ်းတွင်းရောက်နေသော အပင်းအမျိုးမျိုးနှင့် ဗူးပညာစက်တို့အား အန္တောလုံးကိုပြုတ်၍လည်းကောင်း၊ ရေစိမ်၍လည်းကောင်း တိုက်ခြင်းဖြင့် ပညာစက်များ ပျက်ကျလေ၏။

ကလေးများ အပဘေးပယောဂကြောင့် လန့်ခြင်း၊ ငိုခြင်းဖြစ်သော် အန္တောလုံးကို ရေစိမ်၍ ရေနှင့်တောက်ခြင်း၊ လိမ်းပေးခြင်း ပြုလုပ်ခဲ့လျှင် ရောဂါပျောက်ငြိမ်း၍ အိမ်တိုက်၊ မြေတိုက်၊ လူတိုက်စသော အတိုက်အခိုက်များအတွက်လည်း ကာကွယ်၍ ဖျက်ဆီးနိုင်စွမ်း ရှိလေသည်။

ဤပါပလေးချက်သည် နေကထွက်၍ အန္တောစက်ဓာတ်ကို ပြသောကြောင့် နတ်ဒေဝဩသဓ ပမာလို လောကအရာတွင် ကုဏ္ဍာသယဓာတ် အထူးပေမို့ နတ်ဘီလူး၊ မြေဘုတ်သရဲနှင့် ကပ် ရောဂါဆိုးတို့အပြင် ဓာတ်သဘောမှာ တန်ခိုးကြီးလျက် ရောဂါကင်းပြီး အသက်ရှည်သောကြောင့် ရတက်အပွေ ဘေးဘယာ အထူးကျော်နင်းကြစေရန် ဆေးဆရာ ဦးကျော်လင်းက ပါပလေးလုံးနှင့် အန္တောဓာတ်ဝိဇ္ဇာကျမ်းအချုပ်ကို ဝါသနာရှင်များ လမ်းမရှုပ်ရလေအောင် ဤဆရာ အစွမ်းထုတ်၍ ကျမ်းလုပ်ခါ ဖော်ပြလိုက်ရပေသည်။

**ဆရာ ဦးကျော်လင်း**
***(နေလဝိဇ္ဇာ)***

---

စာမျက်နှာ (၂၁၉)မှ အဆက်

တနင်္ဂနွေနေ့တွင် သူရဇ္ဇအခါဖြင့် ပြီး။ တနင်္လာနေ့တွင် စန္ဒြာအခါ၊ အင်္ဂါနေ့တွင် ဘောမအခါ၊ ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓအခါ၊ ကြာသပတေးနေ့တွင် ဂုရုအခါ၊ သောကြာနေ့တွင် သောကြအခါ၊ စနေနေ့တွင် သောရီအခါဖြင့် စတင်ပြီး စနေနေ့ ညဉ့်သန်းခေါင်ယံအချိန်တွင် ဘောမအခါဖြင့် ဆုံးပြီး တနင်္ဂနွေနေ့ကို သူရဇ္ဇအခါဖြင့် ပြန်စသည်ကို တွေ့ရမည်ဖြစ်သည်။

အစီအစဉ်တကျ လည်ပတ်နေခြင်းသဘောပင်ဖြစ်သည်။ ကွက်ကျားအခါပေါ်ခြင်း မရှိပေ။

ဤသည်ကား ကျွန်ုပ် တွေ့ရှိခဲ့ရသော နည်းနှင့် ယခင်က သုံးနေသောနည်းတို့ကို နှိုင်းယှဉ်ပြခြင်းပင် ဖြစ်သည်။ မည်သည့်နည်းက မှန်ကန်တိကျသည်၊ စနစ်ကျသည်ကိုတော့ ကျွန်ုပ်အနေဖြင့် မဆုံးဖြတ်တတ်ပါ။

**ကျွမ်းကျင်သော ပညာရှင်တို့သာ ရှင်းလင်းဖြေကြားပေးနိုင်ပါမည်။** ထို့ကြောင့် ပညာရှင်တို့သာ ဝေဖန်ဆုံးဖြတ်ပေးနိုင်ပါရန် တင်ပြရေးသားလိုက်ပေသည်။

**အောင်မင်းကျော်**
***(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး)***

---

**စာရှုသူ သုတေသီများနှင့် ပညာရှင်များသို့...**

ဤဆောင်းပါးပါ အခါပိုင်းနည်း နှစ်မျိုး၏ အားသာချက် အားနည်းချက်နှင့် အကြောင်းနှင့် အကျိုးတရားများကို သိရှိသူ ဝါသနာရှင် သုတေသီများ ပညာရှင်များမှ ဖော်ထုတ်ရေးသားပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
*(စာတည်းချုပ်)*
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# စပါးသီးနှံအထွက်တိုးမှု

စပါးခွံမီးသွေး သုံးကြစို့

စပါးကို အဓိကထားထုတ်လုပ်သော စာရေးသူတို့ တိုင်းပြည်တွင် အလေအလွင့်တစ်ခု ဖြစ်နေသော စပါးခွံများအပြင် ပဲခွံ၊ ပြောင်းရိုးများကို မီးသွေးအဖြစ် ထုတ်လုပ်ပြီး တောင်သူကြီးများ၏ မြေဆီလွှာအတွင်း ထည့်သွင်းအသုံးပြုခြင်းဖြင့် မြေဆီလွှာတန်ဖိုးများ မြင့်တက်လာပြီး စိုက်ပျိုးသောသီးနှံများ အထွက်တိုးကြောင်းကို စိုက်ပျိုးရေးရောင်ခြည်ကဏ္ဍမှတစ်ဆင့် ရေးသားဖော်ပြလိုက်ပါသည်။

**စပါးခွံမီးသွေး ပြုလုပ်နည်း**

၁။ မီးသွေးပြုလုပ်ရန် စပါးခွံ၊ ပဲခွံ၊ ပြောင်းရိုးများအား စုဆောင်းပါ။ မီးသွေးဖုတ်ဖို ပြုလုပ်ရန်အတွက် (၃)ပေ သို့မဟုတ် (၅)ပေခန့်ရှိ ပလိန်းသွပ် မီးခိုးခေါင်းတိုင်(၁)ခု၊ လေဝင်ပေါက် ပြုလုပ်ရန်နှင့်မီးခိုးခေါင်းတိုင် အောက်ခံအတွက် ကျောက်တုံး သို့မဟုတ် ဘလောက်အုတ် (၁၀)လုံးခန့်၊ မီးခိုးခေါင်းတိုင်ကို တည့်မတ်စွာ စိုက်ထူနိုင်ရန် သံချောင်းရှည်တစ်ချောင်းတို့ လိုအပ်ပါသည်။

၂။ စပါးခွံမီးသွေးဖိုတစ်ခုကို ပုံပါအတိုင်း ပြုလုပ်ပါ။

၃။ အုတ်ခဲနှင့်ပြုလုပ်ထားသော လေဝင်ပေါက်မှ အမှိုက်သရိုက်ဖြင့် မီးရှို့ပေးပါ။ မီးခိုးခေါင်းတိုင်မှ ဦးဆုံး အနက်ရောင်မှ တဖြည်းဖြည်း အပြာရောင်သို့ ပြောင်းလာပါမည်။

၄။ မီးခိုးအရောင်ပြောင်းလဲပြီး စပါးခွံအပုံ အပေါ်ယံမီးသွေး အမည်းရောင်ဖြစ်လာပါက လေဝင်ပေါက်ကို ပိတ်ပြီးအအေးခံ၍ အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

**လက်တွေ့ အသုံးချနည်း**

၁။ ရရှိလာသော စပါးခွံမီးသွေးကို ရေမစိုစေရပါ။ ဖြစ်နိုင်လျှင် ချက်ချင်း အသုံးပြုပေးပါ။ အကယ်၍ ချက်ချင်း အသုံးမပြုနိုင်ပါက လေလုံစွာ ထုပ်ပိုးသိမ်းဆည်း၍ ခြောက်သွေ့သောနေရာတွင် သိုလှောင်ထားပါ။

၂။ တစ်ဧကလျှင် စပါးခွံမီးသွေး (၃၀၀) ကီလိုဂရမ် (ပိဿာ-၁၈၀)ခန့် ထည့်သွင်း အသုံးပြုပေးရပါမည်။

**ရရှိလာမည့် အကျိုးကျေးဇူးများ**

၁။ မြေဆီလွှာအတွင်း ထည့်သွင်း အသုံးပြုခြင်းဖြင့် လေဝင်လေထွက်ကောင်းစေပြီး အပင်၏အမြစ်များ အားကောင်းစေခြင်း။


၂။ မြေတွင်းရှိ အစိုဓာတ်ကို ထိမ်းသိမ်းမှုအား ကောင်းစေခြင်း။

၃။ မြေ၏ အချဉ်အငန် ဓာတ်သဘာဝ တိုးတက်စေခြင်း။

၄။ မြေတွင်းမှ အာဟာရဓာတ်များ စုပ်ယူမှုအားကောင်းစေပြီး အပင်၊ အသီး၊ အရွက်ကြီးထွားမှု ကောင်းစေခြင်း။

၅။ စပါးခွံတွင်ပါဝင်သော စီလီကွန်ဓာတ်များ အပင်မှ ရယူအသုံးပြုနိုင်ခြင်း။

၆။ သီးနှံအထွက်နှုန်း တိုးတက်စေခြင်း။



◆ အသွင်း စပါးခွံမီးသွေးပြုလုပ်ပုံ သင်ခန်းစာပါ ဓာတ်ပုံ

၇။ ကာဗွန်ဓာတ်အပြင် ပိုတက်ဆီ (ခေါ်) ပြာဓာတ်ပါ ပါဝင်နေသ ပန်းပွင့်များ အရောင်ပိုမိုတော ခြင်း။

အသီးများ ပိုမို ချိုမြိန်ခြင် ရောဂါပိုးမွှားဒဏ်ကို အတင့်အ ကာကွယ်နိုင်စွမ်းရှိခြင်း၊ ဈေးကွက် မိမိပို့လိုက်သော သီးနှံအရည်အ များ ကြာရှည်ခံခြင်းစသည့် အ သက်ရောက်မှုများကို လက် အသုံးချနေသော တောင်သူခြိုင်း ကိုယ်တွေ့ပြောပြကြောင်းကို ရေး တင်ပြလိုက်ပါသည်။

တင်ညိုအေး(နဂါးမြို့တော်)



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) သဘာဝဓမ္မတိုင်းရင်းဆေးခန်း


# ဆရာ ဦးသန်းဆွေထွန်း

(တဆ-၀၂၀၆၂) နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# ဆီးကျောက်ကပ်ရောဂါ

## ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်ဟိုက်



ဆရာ ဦးသန်းဆွေထွန်း (တဆ-၀၂၀၆၂)

ဆီးနှင့် ကျောက်ကပ်ရောဂါဟာ အမျိုးသားများဖြစ်တဲ့ ရောဂါဖြစ်ပေမယ့် အမျိုးသမီးများလဲ ဖြစ်တတ်တဲ့ရောဂါ ဖြစ်ပါတယ်။ ရောဂါမရင့်မီ ဆေးခန်း၊ ဆေးရုံရောက်ရင် သက်သာပျောက်ကင်းမှု မြန်ပါတယ်၊ ရောဂါကျွမ်းမှ ဆေးခန်းဆေးရုံရောက်ရင် ငွေကုန် ကြေးကျများပြီး အသက်အန္တရာယ်လဲ စိုးရိမ်ရပါတယ်။

အဲဒီ ဆီးနဲ့ ကျောက်ကပ်ရောဂါကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် **ဒဂုံမြို့သစ်တောင်ပိုင်းကိုရောက်တဲ့အခါ ဆရာဦးသန်းဆွေထွန်း**နဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသန်းဆွေထွန်းက တိုင်းရင်းဆေးဆရာကြီး ဦးရွှေသော့ရဲ့ မြေးဖြစ်ပြီး သဘာဝဓမ္မဆရာကြီး ဦးထွန်းရှည်နဲ့သဘာဝဓမ္မဆရာကြီး ဦးငြိမ်းမောင်တို့ရဲ့ တပည့်ရင်းဖြစ်ပါတယ်။ ဆေးကုသက် နှစ်(၂၀)ခန့်ရှိနေပြီဖြစ်တဲ့ ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံ ဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

■ **"ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးမှာကတော့ ဆီးနဲ့ ကျောက်ကပ်ရောဂါ အကြောင်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်၊ ကျောက်ကပ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပထမ ပြောကြားပေးပါ ဆရာ"**

❐ 'ကျောက်ကပ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့ ဆီးရောဂါ (၅)မျိုးရှိတဲ့အနက် ဆီးအောင့်ရောဂါနဲ့ ဆီးချုပ်ရောဂါကို အခြေခံပြီး ဖြစ်ရတာပါ။

ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား (၄)ပါးအနက်၊ ဥတုသမုဋ္ဌာန်နဲ့ အာဟာရသမုဋ္ဌာန်တရား (၂)ပါးကို လွန်ယုတ်လွဲမှားမြှဖန်များခြင်းကြောင့်ကျောက်ကပ်ရောင်ခြင်း၊ ကျောက်ကပ်နာခြင်း၊ ကျောက်ကပ် ပျက်စီးခြင်းစတဲ့ ဝေဒနာကို ခံစားရတာဖြစ်ပါတယ်။

အဲဒီ အကြောင်းရင်းများကတော့...

၁။ နေပူမိုးပူဒဏ် ခံမှုများခြင်း၊
၂။ အပူအစပ် လွန်ကျူးစွာစား သောက်ခြင်း၊
၃။ အရက်လွန်ကျူးစွာ သောက်ခြင်း၊
၄။ ကွမ်း(သို့မဟုတ်)ထုံးခါတ်များသောအစားအစာ၊ တညင်းသီးများ လွန်ကျူးစွာစားခြင်း၊
၅။ ရေခဲရည် အသောက်များခြင်း၊
၆။ ကျင်ကြီးကျင်ငယ် သွားလိုသည့်အဟုန်တားမြစ်ခြင်း (ချုပ်တည်းခြင်း)စတဲ့ အကြောင်းအချက်များဟာ ကျောက်ကပ်ရောဂါဖြစ်စေတဲ့ အကြောင်းရင်းများ ဖြစ်ပါတယ်'

■ **"ဆီးနဲ့ ကျောက်ကပ်ရောဂါဖြစ်တဲ လက္ခဏာများကိုလဲ သိပါရစေ**





www.burmeseclassic.com

www.burmeseclassic.com

ဆရာ'

❐ 'ဆီးနဲ့ ကျောက်ကပ်ရောဂါဖြစ်ဆဲ လက္ခဏာတွေကတော့...

၁။ ဆီးသွားစဉ် ကျောက်ကပ်ရှိရာ နေရာများတွင် နာခြင်း၊
၂။ ခါးအောင့် ခါးနာခြင်း၊
၃။ ဆီးသွားစဉ် ဦးခေါင်းနောက်ပိုင်း နေရာ၌ ထုံကျဉ်ခြင်း၊
၄။ ဆီးဟာ နီဝါရောင်သန်းပြီး အမြှုပ် ထခြင်း၊ နံခြင်း၊ အနည်ပါခြင်း၊
၅။ ဆီးပူ ဆီးနည်းခြင်း၊
၆။ ဆီးလမ်းကြောင်းနာခြင်း၊ ကိုက်ခဲခြင်းစတဲ့လက္ခဏာများဟာ ကျောက်ကပ်ရောဂါဖြစ်ဆဲ လက္ခဏာများ ဖြစ်ပါတယ်'

■ **'ဆီးနဲ့ကျောက်ကပ်ရောဂါကို အရှို့ ကျေးလက်တောရွာများမှာ သဘာဝဆေး၊ သဘာဝအစားအစာတွေနဲ့ စားသောက်ပြီး သက်သာပျောက်ကင်းကြောင်း ကြားသိရပါတယ်။ ဆရာ့အနေနဲ့ လေ့လာထားတဲ့ ကျောက်ကပ်ဆေးမင် ဆေးရွက် အစားအစာများရှိရင် သိပါရစေ ဆရာ'**

❐ 'တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ကျေးလက်တောရွာအသီးသီးမှာ ဆီးနဲ့ ကျောက်ကပ်ရောဂါအတွက် မြစ်ချင်းပြီးဆေးနည်းတွေ ရှိပါတယ်။

ကျွန်တော် ဆေးကုသက် နှစ်(၂၀) အတွင်း လေ့လာတွေ့ရှိတဲ့ ဆီးနဲ့ ကျောက်ကပ်ဆေးနည်းတွေ ပြောပြပါမယ်။

၁။ ကျောက်ဖရုံအူကို ကြံတစ်တောင်ခန့်ဖြတ် အခွံသင်ပြီး အစိတ်ကလေးများစိတ်ကာ ပြုတ်သောက်ခြင်း၊
၂။ အုန်းစိမ်းရည်ကို တစ်နေ့(၂)ကြိမ် သောက်ခြင်း၊
၃။ ရှားစောင်းလက်ပပ် အလက်တစ်လက်မှ အနှစ် (ရှားစောင်းလက်ပပ်အနှစ်) အကြမ်းပန်းကန် တစ်လုံးစာခန့်ကို သကြား စတီးဇွန်းတစ်ဇွန်းဖြင့် ရောစပ်သောက်သုံးခြင်း၊
၄။ ရေဝါးမြက်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ခြင်း၊
၅။ ဆူးပန်းတောင်းပင် ပဥ္စင်းပါးကို ရေစင်အောင်ဆေးပြီး နုပ်နုပ်စင်းကာ နှစ်ခွက်တစ်ခွက်တင် ကျိုသောက်ခြင်း၊
၆။ ငါးရံ့(သို့မဟုတ်) ငါးကျည်းကို အူအသည်းထုတ်ပြီး နနွင်းနယ်၍ မီးကင်ကာ ပေဒါရွက်နဲ့ ဟင်းချိုချက်သောက်ခြင်းစတဲ့ ကျေးလက်ဒေသမြစ်ချင်းပြီး ဆေးနည်းတွေဟာ ဆီးကျောက်ကပ်ရောဂါအတွက် ထိရောက်တဲ့ သဘာဝဆေး သဘာဝအစားအစာတွေပဲ ဖြစ်ပါတယ်'

■ **'ဆီး ကျောက်ကပ်ရောဂါရှင်တွေဟာ နောက်ဆက်တွဲ ဘယ်လိုရောဂါမျိုး ခံစားရတတ်ပါသလဲ ဆရာ'**

❐ 'အမျိုးသားများအနေနဲ့ သုက်လွှတ်မြန်ခြင်း၊ ပန်းသေပန်းညှိုးဖြစ်ခြင်းစတဲ့ ဝေဒနာတွေ ခံစားရတတ်သလို အမျိုးသမီးများအနေနဲ့ ကာမစိတ်ကုန်ခန်းတဲ့ဝေဒနာ ခံစားရတတ်ပါတယ်'



■ **'ဆရာရဲ့ဆေးခန်းကို ရောက်လာတဲ့ ဆီးကျောက်ကပ်ဝေဒနာရှင်တွေအတွက် ကုသပုံကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

❐ 'ကျွန်တော့်ဆေးခန်းကို ရောက်လာတဲ့ ဆီးကျောက်ကပ်ရောဂါရှင်တွေကို ကိုယ်ခန္ဓာအောက်ပိုင်း အကြောများပြုပြင်ခြင်း၊ ဆီးဝမ်းလေမှန်တဲ့ ဆေးများနဲ့ တိုက်ကျွေးခြင်းစတဲ့ ဆေးတွေနဲ့ ကုသပါတယ်။

ကျွန်တော့်အဘိုး တိုင်းရင်းဆေးဆရာကြီးဦးရွှေသော့ လက်ထက်ကတည်းက ကုသခဲ့တဲ့ ဆီးကျောက်ကပ်သမားကိုင်ဆေးနဲ့ ကုသတဲ့အခါ (၇)ရက်မှ (၂၁)ရက်အတွင်း ဆီးကျောက်ကပ်ရောဂါကို သိသိသာသာ ပျောက်ကင်းစေပါတယ်။

တိုင်းရင်းဆေးများနဲ့ ကုသမယ်ဆိုရင် ဆေးအမှတ်(၂၁)ဆီးဆေးဖြူကို သံပရာရည်နဲ့ တစ်နေ့(၂)ကြိမ် တစ်ကြိမ်လျှင် ဆေးလက်ဖက်ရည်ဇွန်း (၁)ဇွန်းမှ (၂)ဇွန်းထိ ဆီးအခြေအနေ ကြည့်ပြီး တိုက်ရပါမယ်။

**ညအိပ်ရာဝင်ချိန်** ဆေးအမှတ် (၈)သွေးဒူလာဆေး၊ ဆေးအမှတ်(၉) ဆီးဒူလာဆေး၊ ဆေးအမှတ်(၁၀) ဆီးရှင်ဝမ်းနုတ်ဆေး (၃)မျိုးကို ဆတူရောစပ်ပြီး ဆေးလက်ဖက်ရည်ဇွန်း (၁)ဇွန်းမှ (၂)ဇွန်းထိ ဆီး၊ ဝမ်းအခြေအနေကိုကြည့်ပြီး ရေအေးနဲ့ တိုက်ရပါမယ်။

အထက်မှာပြောခဲ့တဲ့ ဆီးကျောက်ကပ်ဖြစ်စေတဲ့ အစားအစာများကို ရှောင်ကြဉ်ပြီး ဆေးမှန်မှန်သောက်သွားရင် ဆီးကျောက်ကပ်ရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်။

အထူး ပြောချင်တာကတော့ တတ်သိနားလည်တဲ့ ဆေးရုံဆေးခန်းများကို ရောဂါမရင့်မီ သွားရောက်ကုသ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမား တည်မြဲစေသော

# တောင်ဝှေး အစီအရင်

ဂါမဏိဇော်
(ဝေဒပိဋကရေး စစ်ကိုင်း)

ကျွန်ုပ်သည် နံနက်စောစော၌ စစ်ကိုင်းတောင်ရိုးလမ်းတွင် ဒဏ္ဍာရီ လက်ဖက်ရည်ဆိုင်၌ ထိုင်လျက် စားပွဲထိုးလေးအား လက်ဖက်ရည်နှင့် အီကြာကွေးကို မှာသောအခါ...

'အီကြာကွေး မရဘူး ဆရာ။ မုန့်ဆရာ ပြန်သွားလို့'

ဟု ဖြေ၏။

ကျွန်ုပ်သည် မုန့်ခုံကို လှမ်းကြည့်လိုက်သောအခါ အဟုတ်ပင် မုန့်ဆရာ မရှိသည်ကို တွေ့ရလေ၏။

သို့နှင့် ပဲပလာတာကိုသာမှာ၍ စားရလေတော့၏။ ခဏကြာသောအခါ ဆိုင်ရှင်ဖြစ်သော ကိုဟန်မင်းသည် ကျွန်ုပ်ထိုင်သောခုံသို့ လာလျက်...

'ကိုဂါကြီးရယ် တစ်ခုခုတော့ လုပ်ပေးစမ်းပါဦး မုန့်ဆရာ၊ တီးဆရာတွေက မမြဲ၊ စားပွဲထိုးက မမြဲနဲ့ ဘာဖြစ်နေမှန်းကို မသိပါဘူးဗျာ။ အဲဒါ ကိုဂါကြီး ဖြစ်နိုင်ရင် လုပ်ပေးစမ်းပါဦး'

ဟု ပြောလေ၏။

'ဒါကတော့ဗျာ ဘယ်လိုစပြီး ပြောရပါ့... ကဲ ရိုးရိုးပဲဆိုကြစို့။ စီးပွားရှာတဲ့နေရာမှာ ကိုယ်တွေက အလုပ်ရှင်ဖြစ်နေလို့သာ အထက်က နေရတယ်လို့ဆိုရတယ်'

တကယ်ဆို ကိုယ်လဲ စီးပွားရှာ၊ သူလဲ စီးပွားရှာကြတာချင်း အတူတူပဲဗျ။

ဒီတော့ အလုပ်ရှင် အလုပ်သမားဆိုပြီး ခွဲခြား ဆက်ဆံနေရင် ပထမဆုံး ပျက်စီးဖို့၊ အလုပ်သမားမမြဲဖို့ အကြောင်းတစ်ခုပဲဗျ'

'ဟာ အဲဒီလိုတော့ တကယ်မရှိဘူး ကိုဂါကြီးရ။ မြင်တဲ့အတိုင်းပဲ စားလဲအတူ လုပ်လဲအတူ ဘာမှ မခွဲခြားဘဲ ဆက်ဆံတာပါဗျာ'

'ကောင်းပါ့ဗျာ။ နောက်တစ်ခုက ကိုယ့်ဆီလုပ်တဲ့လူတွေ အကုန်လုံးရဲ့ စားရေး၊ နေရေးပဲ အဲဒါကော အဆင်ပြေမှ'

'အင်း... စားတာကတော့ ခုနပြောသလိုပဲ မခွဲခြားဘူး။ နေရတာကတော့ ဆိုင်ကကျဉ်းတဲ့အတွက် နားရ၊ အိပ်ရတဲ့အခါ နည်းနည်းတော့ ကသိကအောက် ရှိမှာပေါ့ဗျာ။ ဒါလဲ ကျွန်တော် နေရာချဲ့မှာပါ'

ဟု ကိုဟန်မင်းက ပြောလေ၏။

'အေးဗျာ သူတို့နေရတာ အဆင်ပြေအောင် လုပ်ပေးလိုက်ပါ။ နောက်ပြီး အရေးကြီးတာက သူတို့ရဲ့ လုပ်ခလစာပဲဗျ။ ချိန်ထားတာတို့ မရှင်းပေးတာတို့ဆိုရင် ပြဿနာ အကြီးကြီးပဲဗျ'

'အဲဒီလိုလဲ မရှိရပါဘူးဗျာ။ သူတို့ရဲ့လုပ်အားခကို နည်းနည်းလေးမှ အကျနိမခံပါဘူး။ ကြိုသုံးတောင် ထုတ်ပေးပါတယ်ဗျာ'

'ထားတော့ဗျာ။ အခုပြောခဲ့တာတွေ အဆင်ပြေနေရင် အလုပ်သမားတွေ ပျော်ပြီး ဝိုင်းဝန်းညီညာ စီးပွားရှာလို့ ကောင်းတာ အမှန်ပဲဗျာ။ ခင်ဗျားက အဆင်ပြေအောင် လုပ်ပေးဆိုတော့ ကာ ပြောစရာ မရှိပေဘူး။

ဒါပေမယ့် ခင်ဗျားရဲ့ တစ်ဖက်စကားနဲ့တော့ မဖြစ်ဘူး။ တကယ်ကို ကောင်းမှ ဖြစ်လိမ့်မယ်။ ဒီတော့ ပြောဆိုဆက်ဆံတာကို ဘယ်တော့မှ မမောက်မာမိပါစေနဲ့'

ကိုယ့်ဘက်က အရာရာ အဆင်ပြေအောင်လုပ်ပေးပါလျက်နဲ့ အလုပ်သမား မမြဲတဲ့ အဖြစ်မျိုး ကြုံနေရတယ် ဆိုရင်တော့ ကျွန်တော် အစီအရင်တစ်ခု လုပ်ပေးပါမယ်'

'အင်း... ကိုဟန်မင်းက **ဝိတောက်သားဖြောင့်ဖြောင့် ကျစ်လုံးခန့်ပေါ့ဗျာ ရှာပြီး** ကျွန်တော့်ကို ပေးပါ'

ဟု ကျွန်ုပ်မှ ပြောလျှင်...

'ကောင်းပါပြီဗျာ နက်ဖြန်ခါ ရှာပေးပါ့မယ်'

ဟု ကိုဟန်မင်းမှ ပြောလေ၏။

နောက်နေ့တွင် ကျွန်ုပ်သည် ဝိတောက်သားအားယူလျက် အလုပ်သမားမြဲ၍ စီးပွားတိုးတက် လာဘ်ပွင့်စေသော တောင်ဝှေးအစီအရင်ကို ပြုလုပ်ပေးရပါတော့သည်။

---

**အလုပ်သမားတည်မြဲ၍**

**စီးပွားတက်စေသော**

**တောင်ဝှေးစီရင်ပုံ**

---

၁။ မိမိ၏ မွေးနံမှ အမြစ်ကျသော အပင်၏အသားကို တောင်ဝှေး အဖြစ် ပြုလုပ်ရပါမည်။

၂။ တောင်ဝှေး၏ အရှည်ပမာဏမှာ...



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားအတွက် (၆)လက်မ (သို့မဟုတ်) (၆)မိုက်။
တနင်္လာသားအတွက် (၁၅)လက်မ။
အင်္ဂါသားအတွက် (၈)လက်မ။
ဗုဒ္ဓဟူးသားအတွက် (၁၇)လက်မ။
ကြာသပတေးသားအတွက် (၁၉)လက်မ။
သောကြာသားအတွက် (၂၁)လက်မ။
စနေသားအတွက် (၁၀)လက်မ စသည် ပြုလုပ်ရပါမည်။

၃။ တောင်ဝှေးပေါ်တွင် အောက်ပါ ဂါထာကို တစ်ကြောင်းစီ ရေးရပါမည်။

ဂုဏ်တော်သည်းခြေဂါထာ

ဣရုဋ္ဌာဂတ္တ ရသာ။
တိပဟံစတော ရောထိန်။
ဝိသရလော ပုသပု။
သောမ္မာဏာ ကရိဋ္ဌာဒွေ။
ဘသသ ဝိသ ဒေသာ။
ဂမ္မုမ္မ ဒုဒဝဂ။
ဝိဒွေနွော အမ္မုပဝိ။
အဝိသု နုသာနုတိ။

ရေးပုံမှာ တောင်ဝှေးအရင်းမှစ၍ အဖျားသို့ တစ်ကြောင်းစီ ပတ်လည် ရေးသားရပါမည်။ ဆေးပင်နှင့် ရေးပါ။

ပြီးလျှင် တောင်ဝှေးအရင်းအပေါ်၌ မိမိမွေးနံကို ရေးပါ။ ဂါထာအောက် အဖျားတွင် >✓⺈ϟ℅⑦^ ဟု နေနံများကို ရေးရပါမည်။ အလုပ်သမားနံ စနေကို ဝိုင်းထားရမည်။

၄။ အထက်ပါ အစီအရင်များပြီးလျှင် ထိုအစီအရင်တောင်ဝှေးအား မိမိတို့၏မွေးနေ့တွင် ဘုရားရှင်အား လှူဒါန်းပူဇော်၍ လိုရာဆုတောင်းမှုများ ပြုရပါမည်။

ဤအစီအရင်သည် လွန်စွာ အစွမ်းထက်သော အာစရိယဟာဒ္ဓမုဋ္ဌိဝါဒဖြင့်ရသော အစီအရင် ဖြစ်ပါသည်။

မည်သည့်လုပ်ငန်းရှင်မဆို အလုပ်သမားတို့နှင့် ပြဿနာ အနည်းနှင့်အများ ဖြစ်ရတတ်သဖြင့် အရှည်သဖြင့် စီးပွားရှာရလွယ်ကူအောင်နှင့် အလုပ်သမားတည်မြဲအောင်၊ စီးပွားလာဘ်လာဘများ အစဉ်အမြဲတိုးတက်၍ တည်တံ့အောင် ပြုလုပ်သင့်သော အစီအရင် ဖြစ်ပါသည်။

တောင်ဝှေးသည် ပြိုလဲမသွားရအောင် ထောက်ပံ့ပေးသောအရာ ဖြစ်ပါသည်။ ထိုတောင်ဝှေးအား ဘုရားရှင်၌ လှူဒါန်းခြင်းသည် အင်မတန်မှ ဆီလျော်ကောင်းမွန်ပါသည်။ လက်ကသုံးတောင်ဝှေးကဲ့သို့ မိမိအလုပ်သမားများအား ကိုင်တွယ်၍ အထောက်အကူရစေသော သဘောဖြစ်ပေသည်။

ကိုဟန်မင်းအား သောကြာသားဖြစ်၍ ပိတောက်သား (၂၁)လက်မကို တောင်ဝှေးပြု၍ စီရင်စေခဲ့ပါသည်။

ပုံစံ



ပုံစံအတိုင်း ဂါထာကို ပတ်ပတ်လည်ရေးပါ။ ဂါထာကိုတတ်အားသရွေ့ ရွတ်ဆိုပူဇော်ပါ။ လိုရာ ဆုတောင်းပါ။

ဆန္ဒပြည့်ဝစေသော **ဣဋ္ဌာသယ ဂုဏ်တော်သည်းခြေတောင်ဝှေးအစီအရင်** ဖြစ်ပါသည်။

**ဂါမဏိဇော်**
*(ဝေဒဝိဇ္ဇာဓရ၊ စစ်ကိုင်း)*


စာမျက်နှာ (၂၂၆)မှ အဆက်

ခြင်းဟာ အကောင်းဆုံးဖြစ်ကြောင်း ပြောချင်ပါတယ်။ ရောဂါကျွမ်းမှ ဆေးရုံ ဆေးခန်းရောက်ချင် ငွေကုန်ကြေးကျများသလို အသက်အန္တရာယ်လဲ စိုးရိမ်ရပါတယ်။

ဆီးနဲ့ကျောက်ကပ်ရောဂါကို ကြိုတင် ကာကွယ်ချင်တယ်ဆိုရင် နေ့စဉ် သောက်ရေသန့်(၈)ခွက်ခွက် ပုံမှန် သောက်ပါ။ ဦးဝုဒ်း ထီး မသောက်တဲ့ ... ရှောင်ပါ။ ... ကြည့်ပါ။

အစာလဲဆေး၊ ဆေးလဲအစာ ဆိုသလို ဖရဲသီး၊ ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီး၊ နာနတ်သီး၊ ကျွဲကောသီး စတဲ့ အရည်ရွှန်းတဲ့ သစ်သီးများနဲ့ သဘာဝ သစ်သီးဖျော်ရည်များ အလျှင်းသင့်သလို စားသောက်ရပါမယ်။

ရာသီဥတုဖောက်ပြန်ပြီး အပူလွန်ကဲတဲ့အတွက် နေ့စဉ် နံနက်(၁၀)နာရီ ဝိုင်း ရေချိုးခြင်း မပြုဖို့ ဆင်ခြင်ရပါမယ်။ ဆီး၊ ဝမ်း၊ လေမှန်အောင် စားသောက်နေထိုင် ကျင့်ကြံသွားမယ်ဆိုရင် ဆီးနဲ့ ကျောက်ကပ်ရောဂါကို ကြိုတင် ကာကွယ်ပြီးသား ဖြစ်ပါလိမ့်မယ်’

■ ‘...’ ဆရာဦးသန်းဆွေထွန်းနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

ဆရာ ဦးသန်းဆွေထွန်း
သဘာဝစမ္မတိုင်းရင်းဆေးခန်း
အမှတ်(၃၉)၊ လော်ကာကလမ်းကြီး
(၁၀၅)ရပ်ကွက် အုံပြိုရစ်တောင်ပိုင်းမြို့နယ်
ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၀၇၃၆၄ ၀၉ ၃၁၀ ၂၇၄၅၁

မြမာင်းမြို့ မောင်ယဉ်တင်




www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး မင်းယက္ခ

ဏ် သိုင်းပညာအတွေ့အကြုံများ ( ၃၁ )

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)



ယခင်လမှ အဆက်

ဟု ပြောလိုက်ရာ ရှမ်းမင်းသားလေးက...

'ဟုတ်ကဲ့ပါ စခန်းမှူး၊ ကျွန်တော် မှန်မှန်ကန်ကန် ဖြေပါ့မယ်။ မေးချင်တာမေးပါခင်ဗျား'

ဟု ပြောလိုက်၍ ကျွန်တော်က ...

'မင်း ငါ့ကို သိလား'

'ဟုတ်တယ် သိပါတယ်'

'ဘယ်လို သိတာလဲကွ'

'ဒီလိုပါ တစ်ခါက ကျွန်တော်က ဆရာ့ကို မြင်ဖူးချင်တာနဲ့ စိုင်းခင်သောင်းနိုင်နဲ့ ဆရာ့ရဲ့ တိုက်ပွဲဝင်သိုင်းသင်တန်းကို လိုက်လာတော့ ဆရာက စပို့ရှပ်နီညိုရောင်လေးဝတ်ပြီး စားပွဲမှာ စာရေးနေပါတယ်။

ဆရာနဲ့ စိုင်းခင်သောင်းနိုင်နဲ့ သင်တန်းရှေ့က တောသားကြီး လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သွားသောက်ပြီး စကားတွေ ပြောနေကြတဲ့အချိန်မှာ ကျွန်တော်လဲ အတူရှိနေပါတယ်။ ပြီးတော့ ကျွန်တော်တို့ ပြန်လာခဲ့ပါတယ်'

ဟု မပွင့်တပွင့်ဖြင့် ဖြေလိုက်ရာ...

'အေး ငါ့သင်တန်းမှာ ငါ့ကို တဒင်္ဂလေး တွေ့လိုက်ရရုံနဲ့ ငါက မင်းတပည့် ဖြစ်ရောလားကွာ၊ အဲဒါကို ရှင်းစမ်းပါဦး'

ဟု ခပ်ငေါက်ငေါက်ကလေး မေးလိုက်ရာ...

'ဒါက ဒီလိုပါဆရာ... ကျွန်တော် မော်လမြိုင်ကျွန်းကို သိုင်းသင်ဖို့ မလာခင်ကတည်းက မော်ကျွန်းမြို့ အခြေအနေရော၊ ဆရာတော်ဦးကောရဲ့ အခြေအနေတွေရော အကုန်စုံစမ်းလေ့လာပြီးမှ လာတာပါ။

ကျွန်တော် စုံစမ်းလေ့လာမိသလောက်တော့ ဆရာတော်ဦးကောဟာ သိုင်းပညာကို တော်တော်ပဲ အလေးထားတယ်။ သူ့တပည့်တွေကို ငွေကုန်ကြေးကျခံပြီး သိုင်းသင်ပေးတယ်။ ပြင်ပက နာမည်ကြီးဆရာတွေကို ဖိတ်ကြားပြီး သိုင်းပညာသင်ပေးတယ်။

သိုင်းပညာရဖို့ဆိုရင် ငွေဘယ်လောက်ကုန်ကုန် မနှမြောဘူး ဆိုတာတွေအပြင် အဲဒီ ဆရာတွေထဲမှာ သိုင်းပညာရပ်မျိုးစုံ တတ်ကျွမ်းတဲ့အပြင် တိုင်းရင်းဆေးပညာ တတ်ကျွမ်းပြီး ဘွဲ့ရ ခေတ်ပညာတတ် ဗဟိုတရားရုံး ရှေ့နေဖြစ်တဲ့ ရန်ကုန်မြို့က စာပေဆုရဆရာ မင်းယက္ခကို တော်တော်လေး အထင်ကြီး လေးစားမှန်း သိခဲ့ရပါတယ်။

ဒါကြောင့် ဆရာတော် အထင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

လေးစားတဲ့ ဆရာမင်းယကွ၊ ရဲ့ ဆရာလို့ ပြောလိုက်ရင် ကျွန်တော့်ကို ပိုပြီး အထင်ကြီးသွားအောင် ပြောရတာပါ ဆရာ။

ဒါမှ ကျွန်တော် ဒီမှာသိုင်းသင်လို့ ရမှာပါ။ ဆရာ့ကို ပြစ်မှားကျူးလွန်မိတဲ့ အတွက်လဲ ဝန်ချတောင်းပန်ပါတယ်'

ဟု မျက်နှာငယ်လေးနှင့် ရှင်းလင်းပြောပြပြီး ထိုင်ကန်တော့ပါတော့သည်။

'ကောင်းကွာ... သူများက မင်းကို အခြောက်တိုက် အထင်ကြီးအောင် ငါက မင်းတပည့် ဖြစ်သွားရသေးတယ်။ ကဲ ထားပါတော့ကွာ...ခုတော့ အမှန်ကို သိရပြီပေါ့။

မင်းသိထား မှတ်ထားဖို့ကတော့ ငါဟာ ငါ့ဆရာတွေကို ဘယ်တော့မှ မကွယ်ဝှက်ဘူး။ အမြဲ ထုတ်ဖော်ပြောဆိုတယ်။ ဆရာတွေရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ဘူး။ ဒါကြောင့် ငါ့သင်တန်းမှာ ငါ့ဆရာတွေရဲ့ နာမည်တွေကို မှန်ချပ်ထူထူကြီးပေါ်မှာ သဘော်ဆေးနဲ့ ထင်ထင်ရှားရှားရေးပြီး သင်တန်း ခေါင်းရင်းဘက်မှာ ချိတ်ဆွဲထားတယ်။

မင်းလဲ ငါရဲ့ ဆရာဖြစ်ရင် မင်း နာမည်ကိုလဲ ငါဖော်ပြမှာပဲကွ။ အသက်ငယ်တာ ကြီးတာနဲ့ မဆိုင်ဘူး။ ဒါနဲ့ မင်း အသက် ဘယ်လောက်ရှိပြီလဲ'

ဟု တစ်ဆက်တည်း မေးလိုက်ရာ...

'ကျွန်တော့် အသက်(၂၂)နှစ်ရှိပါပြီ ဆရာ'

'ဟေ... မင်းက ငါ့သားအငယ်ကောင်လောက်ပဲ ရှိသေးပါလားကွ။ မင်းပြောတော့ အသက် (၃၈)နှစ်ရှိပြီဆိုကွ'

ဟု ဒေါသသံဖြင့် ငေါက်ငမ်းမေးလိုက်ရာ ရှမ်းဆရာလေးမှာ ဘာမှ ပြန်မပြောဘဲ တုံဏှိဘာဝေ ဆိတ်ဆိတ်နေလေ၏။

'ဒါနဲ့ အခု မင်းသင်တာတွေက ဘာတွေလဲ။ ငါ့ကို အမှန်အတိုင်း ပြောပြစမ်း။ အစအဆုံး ပြည့်ပြည့်စုံစုံ ပြောနော်။ မင်းပြောတာ ဟုတ်မဟုတ်၊ သဘာဝကျမကျ ဆန်းစစ်ကြည့်ရင် ရပါတယ်။ ကဲ... ပြောပေတော့'

ဟု စိတ်တိုတိုဖြင့် ခပ်ငေါက်ငေါက်ပြောလိုက်ရာ...

'ကျွန်တော် ဆရာ့ကို အမှန်အတိုင်း အစအဆုံး ပြောပြပါ့မယ်ဆရာ။ ကျွန်တော်ပြောတာကို သည်းခံပြီး နားထောင်ပေးပါ ဆရာ။

စိုင်းခင်သောင်းနိုင်က ရွှေဂေါင်းပြောင် ရုပ်ရှင်ရိုက်တော့ သိုင်းသမားလူကြမ်းတွေလိုတယ် ဆိုတာနဲ့ အလုပ်အကိုင် မည်မည်ရရ မရှိသေးတဲ့ ကျွန်တော်က အလုပ်သွားလျှောက်တော့ လူဆိုးခန်းက သရုပ်ဆောင်ရတယ်။

ဒီတော့မှ မင်းသားတိုးညွန့်(ရွှေဂေါင်းပြောင်)နဲ့ ဖိုက်တင်ချရမယ်။ ဒါကြောင့် မင်းသားနဲ့ ဖိုက်တင်ချဖို့ သိုင်းကွက်တွေ သင်ရပါတယ်။

ကျွန်တော်က ဖတ်ဝင်ခန်းနှစ်ခန်းမှာ မင်းသားနဲ့ ဖိုက်တင် နှစ်ခါချရပြီး နောက်ဆုံးခန်း ဖိုက်တင်မှာတော့ ကျွန်တော်က သေပေးရပါတယ်။

လူနည်းနည်းနဲ့များမျှား သုံးလို့ရအောင် လူဆိုးတွေရဲ့ မျက်နှာကို မျက်လုံးပေါက် နှစ်ပေါက် ဖောက်ထားတဲ့ ခေါင်းစွပ်အနက်ကို စွပ်ထားရပါတယ်။ လူဆိုးတွေက အနက်ရောင် ဝတ်စုံကို ဝတ်ရတယ်။



ဝတ်စုံနက်ကို ခေါင်းစွပ်စွပ်ထားတော့ သေပြီးသားလူဆိုးတွေကို နောက်တစ်ခန်းမှာ ပြန်သုံးနိုင်တာပေါ့။ အခု ဆရာတော့် ကျောင်းက သင်တန်း သားဆရာတွေ ဝတ်ဆင်ရတဲ့ ဝတ်စုံနက်ဟာ ကျွန်တော် လူဆိုးခန်းမှာ ဝတ်ခဲ့ရတဲ့ အတိုင်းပါပဲ'

ရှမ်းဆရာလေးက ပြောရင်း ခေတ္တနား၍ ရေတစ်ခွက် သောက်လိုက်သည်။ ရေသောက်ပြီးမှ မောနေသေး၍ စကားမပြောနိုင်သေးဘဲ ခေတ္တနားနေသည်။ ကျွန်တော်ကလည်း တအောင့်လောက် နားပြီးမှ ဆက်မေးလိုက်သည်။

'ဒါနဲ့ ကိုးတွင်းအောင်းသိုင်းပညာဆိုတာကရော ဘယ်လိုပညာလဲ။ မင်းရော တကယ်တတ်လို့ သင်နေတာလား ရှင်းစမ်းပါဦး'

'ဒါကလဲ သူများ အထင်ကြီးအောင် သင်ချင်အောင်၊ ပညာလောဘတက်အောင် ပြောရတာပါ။ စိုင်းခင်သောင်းတို့ သိုင်းအကြောင်းတွေ ပြောကြတုန်းက ကြားလိုက်တဲ့အမည်ပါ။ ဘာတွင်းအောင်းပညာမှလဲ မဟုတ်ပါဘူး။ ကျွန်တော်လဲ မတတ်ပါဘူး။

ဒါကြောင့် သူတို့ကို တွင်းတူးခိုင်းပြီး ခုန်ဆင်းလိုက် ခုန်တက်လိုက် လုပ်ခိုင်းနေရတာပါ။ ဒီသင်ခန်းစာပြီးသွားရင်တောင် ဘာဆက်လုပ်ရမယ် မသိသေးပါဘူး။

အခြေအနေမကောင်းရင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ဒီကနေ ပြေးတော့မှာပါ။ အခု ဆရာ ရောက်လာလို့ ကျွန်တော် မပြေးသာတော့ပါဘူး။ ဆရာကြိုက်သလိုသာ ဆုံးမပါဆရာ။ ကျွန်တော့်ကို အပြစ်ပေးပါဆရာ ကျွန်တော်ခံပါမယ်။

ကျွန်တော့်ဘဝက အလုပ်မရှိ အကိုင်မရှိနဲ့ ဆင်းရဲမွဲတေနေတော့ ကျွန်တော် သိသမျှ တတ်သမျှနဲ့ လိမ်စားတယ်လို့ပဲ ပြောပါဆရာရယ်။ ကျွန်တော့်အနေနဲ့ ဆရာတော့် မျက်နှာကိုလဲ မကြည့်ရဲတော့ပါဘူး။ သင်တန်းတက်နေတဲ့ သိုင်းဆရာတွေကိုလဲ မျက်နှာမပြဝံ့တော့ပါဘူး ဆရာရယ်'

ဟူ၍ ဝမ်းနည်းကြေကွဲစွာ ပြောလာပါသည်။

မျက်ရည်တွေကလည်း တသွင်သွင် စီးကျနေပါသည်။ သူ့ဖြစ်အင်ကို ကြည့်ပြီး ကိုယ့်သားအရွယ် သမီးအရွယ်ဖြစ်၍ သားသမီးချင်း ကိုယ်ချင်းစာစိတ်ဖြင့် သူ့ကို မလုပ်ရက်တော့ပါ။

'ဒါဖြင့် မင်းအနေနဲ့ ဆရာတော့်ဆီက ယူထားတဲ့ ငွေကိုးသောင်းကို ပြန်ပေးလိုက်ပါကွာ။ ဆရာတော်လဲ မင်းသင်တန်းအတွက် အတော်ကလေး ငွေကုန်ကြေးကျ များခဲ့ပါတယ်။ မင်းဆရာတော့်ငွေကို ပြန်မပေးရင် လိမ်လည်မှုမြောက်တယ်။ လိမ်လည်ပြီး ငွေကြေးကို ရယူတဲ့အတွက် ပုဒ်မ/၄၂၀နဲ့ တရားစွဲလို့ရတယ်။ ပုဒ်မ(၄၂၀) နဲ့ ပြစ်မှုထင်ရှားရင် ထောင်ဒဏ်(၇) နှစ်ပဲကွ။ မင်းဘဝမှာ ထောင်ကျတယ် ဆိုတဲ့ အမည်းစက်ကြီး ထင်မသွားစေချင်ဘူးကွာ။ ဒီတော့ ဆရာတော့်ငွေကို ပြန်ပေးလိုက်ပါကွာ ဟုတ်လား။ ကျန်တာတွေတော့ ငါပဲ ကြည့်ပြောလိုက်ပါ့မယ်'

ဟူ၍ ငွေပြန်ရအောင် ချော့တစ်ချည်၊ ခြောက်တစ်လှည့်ဖြင့် ဖျောင်းဖျလိုက်ပါသည်။



'ဟုတ်ကဲ့ ပြန်ပေးမှာပါဆရာ။ ဒါပေမယ့် ကိုးသောင်းတော့ မပြည့်တော့ပါဘူး ဆရာ။ ကျွန်တော့်တပည့်တွေက နေ့စားနဲ့ ငှားလာရတာဆိုတော့ သူတို့ကို ဒီနေ့မနက်မှာပဲ နေ့စားခတွေ ရှင်းပေးပြီး ပြန်လွှတ်လိုက်ပါပြီ။

ကျွန်တော် ငှားလာတဲ့ စော်ဘွားဝတ်စုံနဲ့ ထီး၊ ဓား၊ လှံတွေ၊ တုတ်တွေကိုလဲ ပြန်ပေးခိုင်းလိုက်ပါပြီ။ လမ်းစရိတ်နဲ့ ထမင်းစရိတ်ကို ဖယ်လိုက်ရင်တော့ ရှစ်သောင်းလေးထောင်လောက် ကျန်ပါသေးတယ်ဆရာ။

အဲဒီကျန်ငွေကို ဆရာကပဲ ဆရာတော့်ကို ကျွန်တော့်အတွက် တောင်းပန်ပေးရင်း ပေးပေးပါဆရာ။ ကျွန်တော်သွားပေးဖို့ မရဲလို့ပါ။ ကျွန်တော့် အဝတ်အစားတွေကို သင်္ဘောဆိပ်ကို ကြိုပို့ထားပါတယ်။ ဒီညနေသင်္ဘောနဲ့ပဲ ရန်ကုန်ကို ပြန်ပါတော့မယ်။

ကျွန်တော့်ကို သည်းခံခွင့်လွှတ်ပေးတဲ့ ဆရာ့ကိုလဲ ကန်တော့ပါတယ်ဆရာ။ နောက်ကို ဒီလိုမျိုး မလုပ်တော့ပါဘူးလို့ ဆရာ့ကို ကတိပေးပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် ပြုပြင်ပါတော့မယ်ဆရာ'

ဟု သနားစဖွယ် ပြောရင်းက ရှမ်းဆရာလေးမှာ မျက်ရည်လည်ရွှဲဖြင့် ထိုင်ကန်တော့ပြန်ပါသည်။

ရုပ်ရှင်သရုပ်ဆောင်ဖြစ်လို့ သရုပ်ဆောင်ပြနေတာလား၊ တကယ့် စိတ်ရင်းလားတော့မပြောနိုင်။ ''တစ်ခါလိမ်ပြောတဲ့သူဟာ အမြဲတမ်း လိမ်တတ်တယ်''ဆိုသော စကားကို သတိရမိသေးတော့သည်။ သူ့ကို သွားခွင့်ပြုလိုက်ပါသည်။

ရှမ်းဆရာလေး ပေးသွားသော ငွေကျပ်ရှစ်သောင်းကျော်ကို ဆရာတော့်အား သွားပေးရဦးမည်၊ သေသေချာချာ ရှင်းပြ၍ ကျေရာကျေကြောင်း တောင်းပန်ပေးရပါဦးမည်။ ဆရာတော်ကတော့ ကရုဏာရှင် မေတ္တာရှင်ပီပီ နားလည်ခွင့်လွှတ်ပေးမှာပါ။

ဒီအဖြစ်အပျက်ကို သိရရင်တော့ ခါးနာ၊ ဒူးနာခံ၍ အမောဆို့ခဲ့ရသော၊ အလိမ်ခံခဲ့ရသော ကိုးတွင်းအောင်း သိုင်း သင်တန်းသားများကတော့ ဒေါသူပုန်ထ၍ သူ့ကို သတ်ချင်ကြပေလိမ့်မည်။ ရှမ်းမင်းသားလေးကို သည်းခံခွင့်လွှတ်ပေးရန် ပန်ကြားတောင်းပန်ပေးရဦးမည်။

**''သွားပေဦးတော့ ငါ့ဆရာဆိုတဲ့ ကိုးတွင်းအောင်း သိုင်းပညာရှင်ကြီး ရေ''**

ဟုသာ စိတ်ထဲမှ နှုတ်ဆက်နေမိပါတော့သည်။

**(ထိုသူ၏ ဘဝရှေ့ရေးကို ထိခိုက်မည်စိုး၍ နာမည်မှန်ကို မဖော်ပြသည်ကလွဲ၍ အဖြစ်မှန်များ ဖြစ်ပါသည်။)**

**ဆရာကြီး မင်းယက္ခ**
*(ထိုက်ပွဲဝင်)*



www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်ရောက်ကျင့် အဓိဋ္ဌာန်ဝင်ပါ



◆ သစ်တံခါးဆရာတော်
ဘဒ္ဒန္တမဃိဒေဝ(ယော)

ရန်ကုန်ရောက်ရင် အဓိဋ္ဌာန်ဝင်ခြင်းဖြင့် ထူးခြားစွာ လာဘ်ပွင့်ပြီး၊ ကံမြှင့်ပြီး အောင်မြင်မှုရသော အဓိဋ္ဌာန်ကျင့်ဆောင်နည်းလဲ ဖြစ်ပါတယ်။

**လင်္ကာလေးကတော့...**

ရွှေ၊ သိဒ္ဓိ၊ တစ်ထောင်၊
ပွင့်၊ လေ၊ ဓာတ်၊ အိမ်၊ ဆောင်
အိုတောင်မဆင်းရဲ။

ဟု ဖြစ်ပါ၏။

၎င်း အဓိဋ္ဌာန်ကို ဆောင်ရွက်လိုသော (၇)ရက်သားသမီးများသည် မိမိတို့ **မွေးနေ့၏ ပဋ္ဌပွတ်ကျသောနေ့** (မိမိမွေးနေ့မှ စရေတွက်၍ ၅-ခုမြောက်ကြသောနေ့)တွင်...

***

| မွေးနေ့ | ပဋ္ဌပတ်ကျသောနေ့ |
|---|---|
| ၁။တနင်္ဂနွေ | ကြာသပတေး |
| ၂။တနင်္လာ | သောကြာ |
| ၃။အင်္ဂါ | စနေ |
| ၄။ဗုဒ္ဓဟူး | တနင်္ဂနွေ |
| ၅။ကြာသပတေး | တနင်္လာ |
| ၆။သောကြာ | အင်္ဂါ |
| ၇။စနေ | ဗုဒ္ဓဟူး |

- ဆီမီး (၅)တိုင်၊
- ရေတော် (၅)ခွက်၊
- ပန်း (၅)ပွင့်၊
- ကံပွင့်အမွှေးတိုင် (၁၀)တိုင်

ဖြင့် **ဘုရား(၇)ဆူတွင်** ပူဇော်ပြီး ဆုတောင်းရမည်။ အဓိဋ္ဌာန်ပုတီး စိပ်ရမည်။

လင်္ကာလေး၏ အဓိပ္ပာယ်ကို ရှင်းပြပါဦးမည်။

*** ⟶

**စိပ်ရမည့် ပုတီးစိပ်ကတော့...**

အရဟံ သိဒ္ဓိ ဘဂဝါ အောင်
ဖြစ်ပါတယ်။

ပုတီးစိပ်နည်းရဲ့ အဓိပ္ပာယ်ကို သိထားဖို့ လိုပါတယ်။ **အရဟံ၏** အဓိပ္ပာယ်က လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော်ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားဖြစ်ပြီး **သိဒ္ဓိကတော့** မိမိဖြစ်ချင်တာ အောင်မြင်ချင်တာ၊ ကိစ္စပြီးစီးလိုတာ အောင်မြင်လိုတာဖြစ်ပါတယ်။

**ဘဂဝါဆိုတာက** ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ တန်ခိုးတော် အနန္တကြီးမြတ်တော်မူသော မြတ်စွာဘုရားဖြစ်ပြီး **အောင်ဆိုတာက** လောကီလောကုတ် အောင်မြင်ဖို့ အာရုံပြု စိပ်ပွားခိုင်းခြင်း ဖြစ်ပါသည်။

ထိုပုတီးစိပ်ကို စေတီတစ်ဆူ၌ အနည်းဆုံး (၁၀)ပတ်စိပ်ပါ၊ ဓာတ်ရအောင်ပါ၊ မိမိသက်စေ့လည်း ပွားများနိုင်ပါသည်။

ရန်ကုန်သူ၊ ရန်ကုန်သားတွေအတွက် အဆင်ပြေပါသည်။ ရန်ကုန်ရောက်တုန်း ကျင့်လိုပါက၊ အဓိဋ္ဌာန်လိုပါက **"ရွှေသိဒ္ဓိတစ်ထောင်ပွင့်လေဓာတ်အိမ်ဆောင် အိုတောင်မဆင်းရဲအကျင့်"**ကို ကျင့်ပြီး အောင်မြင်မှုရသူတွေ များလှပါပြီ။ အဓိဋ္ဌာန်အောင်လေ ကောင်းလေပါပဲ။

***အရင်ဦး၍ ထူးပါစေ။***

ဦးကိုဦး

မှီငြမ်းကိုးကား

**သစ်တံခါးဆရာတော် ဘဒ္ဒန္တမဃိဒေဝ(ယော)၏ စည်းစိမ်ဥစ္စာ ဂုဏ်ရှိန်တိုးမည့် လောကီအောင်မြင်စေကြောင်း နည်းလမ်းကောင်းများ (စာ ၈၃-၈၄)**

| | | |
|---|---|---|
| **ရွှေ** | → | ရွှေတိဂုံစေတီတော်၏ တနင်္ဂနွေထောင့် |
| **သိဒ္ဓိ** | → | အောင်သိဒ္ဓိကုန်းရွှေစေတီ *[SSC ဆေးရုံဘေးနားက တောင်ကုန်းလေးပေါ်မှာ ဖြစ်၏။]* |
| **တစ်ထောင်** | → | ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ရှင်ဘုရား |
| **ပွင့်** | → | ပုဇွန်တောင် ရွှေဘုန်းပွင့်ဘုရား |
| **လေ** | → | ဆူးလေစေတီတော် |
| **ဓာတ်** | → | ဝင်ဒါမီယာဓာတ်ပေါင်းစုံစေတီ *[ဓာတ်ပေါင်းစုစည်းပြီး အောင်မြင်မှုရအောင် ထည့်ပူဇော်ပါသည်။]* |
| **အိမ်** | → | အိမ်တော်ရာစေတီ *[မိမိဆောင်ရွက်သမျှ လှူဒါန်းမှုပြုသမျှ အောင်ပြီး အိမ်ပေါ်ရောက်ပြီး အေးအေးချမ်းချမ်းနေရတော့မည်ဟု အာရုံပြုကာ ထည့်ပြီး ပူဇော်ထားပါသည်။]* |



www.burmeseclassic.com

www.burmeseclassic.com



အထူးဝတ္ထုကြော်
(နမ္မတီး)

# ကလဲ့စားချေသော မြွေမကြီးနှင့်

မိအောင်ပန်း

## အခန်း[ ၁ ]

ဖားကန့်မြို့နယ်အတွင်းရှိ နမ့်စမ်းရွာလေးသည် အိမ်ခြေ(၅၀)ခန့်သာရှိပြီး အခင်းလုပ်သူများသာ နေထိုင်ကြသောရွာလေးဖြစ်ပေသည်။ ရွာဆိုသော်လည်း တစ်အိမ်နှင့်တစ်အိမ် အလှမ်းကွာဝေးကြသည်။ မိမိတို့ ပိုင်ဆိုင်သည့် ယာခင်းမြေပေါ်တွင် အိမ်ဆောက်၍ နေထိုင်ကြသောကြောင့် တစ်အိမ်နှင့် တစ်အိမ် ဝေးခြင်းဖြစ်သည်။

ထိုရွာလေးတွင် အခင်းလုပ်သူများသာမက ရွှေလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသေးသည်။ ပိုက်ဆံရှိသော လောပန်းအချို့သည် ထိုရွာ၌ မြေကွက်လပ်များ ဝယ်ယူကာ အလုပ်သမားတစ်ဝက်၊ လောပန်တစ်ဝက် အစုအားဖြင့် ရွှေကျင်းလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံးခင်းကျေးရွာ၊ ရပ်ကွက်(၅)တွင် နေထိုင်သည့် ဦးမနော်ဂမ်နှင့် ဒေါ်မိအောင်ပန်းတို့မှာ ရွှေကျင်းအလုပ်သမား (၇)ယောက် ရှိလေသည်။ နမ့်စမ်း(၁,၂,၃)ဟု အပိုင်းခွဲထားသည့် အနက် ဦးမနော်ဂမ်တို့ ဖနီးမောင်နံ့က နမ့်စမ်း(၃)တွင် မြေကွက်ဝယ်ယူပြီး အိမ်ဆောက်ကာ အလုပ်သမားများကို နေစေ၍ ရွှေကျင်းလုပ်ကြသည်။

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလမှ စတင်လုပ်ခဲ့သော ဦးမနော်ဂမ်၏ ရွှေကျင်းမှာ အခြားကျင်းများထက် ရွှေအရမ်းကျသည်။ ကျသည့်ရွှေတွေကလည်း အတုံးလိုက် အဖတ်လိုက်ကို ကျသည်။

မထင်မှတ်အောင်ပင် ရွှေထွက်နှုန်းများသည်မို့ ဦးမနော်ဂမ်တို့လို လောပန်းရော ကျင်းသားတွေရော ပျော်ရွှင်ရသည်။ စိတ်ချမ်းသာရသည်။

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ၏ တစ်ခုသော နေ့တစ်နေ့၌ဖြစ်သည်။ ဦးမနော်ဂမ်က ကျင်းအတွက် လိုအပ်သည့် စက်ပစ္စည်းနှင့် ရိက္ခာတို့ကို ဖားကန့်သို့သွား၍ ဝယ်နေသည်။ ဒေါ်မိအောင်ပန်းကလည်း သူ၏သမီး ငယ် နေမကောင်း၍ လုံးခင်းအိမ်တွင် ရောက်နေသည်။

ကျင်းခေါင်း (အလုပ်သမားခေါင်းဆောင်)အဖြစ် ထားရှိသော ကျော်ခိုင်နှင့် အလုပ်သမား(၆)ယောက်သာ ထိုနေ့၌ ကျင်းလုပ်ကြသည်။ နေ့လယ် (၁၂)နာရီ ထမင်းစားနားပြီး မွန်းလွဲ (၂း၀၀)နာရီအချိန်၌ ကျင်းထဲ ပြန်ဆင်းကြရာ အေးသိန်းဆိုသူက သံတိုင်ဖြင့် မြေကြီးကို တူးနေရာမှ သူကိုင်ထားသည့် သံတိုင်ဖျားကို တစ်ချက်ငုံ့ကြည့်ရင်း...

'ဟာ သံတိုင်မှာ သွေးစတွေပါလား။ အောက်မှ ဘာရှိလဲ မသိဘူး'

ထိုအခါ ကျင်းခေါင်း ကျော်ခိုင်က...

'အေး ဟုတ်တယ်ကွ ဖြည်းဖြည်းချင်း တူးကြရအောင်၊ ငါ့ကိုလဲ သံတိုင်တစ်ခုပေး'

ပြောလည်းပြော လက်မှလည်း ကျင်းပေါ်မှ သံတိုင်တစ်ခုကိုယူပြီး သူပါ ဆက်တူးခဲ့ကြရာ တစ်နေရာအရောက်တွင်...

'ဟ...ဟ... မြွေကြီးပါလား'

အေးသိန်းက အော်လည်းအော် ပြေးလည်းပြေးလိုက်တာ မှောက်ခုံပင် လဲကျသွားသေးသည်။ အခြားကျင်းသားများလည်း မြွေကြီးရှိရာသို့ ဝိုင်းအုံရောက်ရှိလာပြီး တစ်ယောက်တစ်ချက် ဝိုင်းရိုက်ကြရာ မြွေကြီးမှာ တွန့်လိမ်စွာဖြင့် အသက်ထွက်သွားရှာလေသည်။

ယောက်ျားကြီးလက်မောင်းခန့် ရှိသည့် မြွေကြီးကို ကျော်ခိုင်က သံတိုင်ဖြင့် ထိုးကော်ပြီး ကျင်းပေါ်သို့ ယူခဲ့ရာ မြွေကြီး ခွေနေသည့်အောက်တွင် ဒန်အိုးခွက်လေးကို တွေ့ရပြီး ကျင်းသားတစ်ယောက်က ထိုဒန်အိုးခွက်လေးကို ယူလိုက်ရာ ခွက်၏အောက်ခြေတွင် ရှေးခေတ်လက်ရာဖြင့် ပြုလုပ်ထားသည့် လက်စွပ်တစ်ကွင်းကို တွေ့ရလေသည်။ ကျော်ခိုင်က...

'အံ့သြစရာကြီးပဲ၊ မြွေကြီးက လက်စွပ်ကို စောင့်ရှောက်နေတာ များ လား။ ငါတို့တော့ ဒီမြွေကြီးကို သတ်လိုက်မိတာ များပြီလား မသိဘူး'

အခြား ကျင်းသားတစ်ယောက်ကလည်း...

'ဟုတ်တယ်ဗျ တော်တော်ထူးဆန်းတယ်နော်၊ ကျွန်တော် ဒါမျိုးတစ်ခါမှ မတွေ့ဖူးဘူး'

ကျင်းသားများ တစ်ယောက်တစ်မျိုး ဝေဖန်ချက်များစွာဖြင့် ထိုနေ့အဖို့ ကျင်းဆက်လုပ်ရာမှာ စိတ်မပါကြတော့ဘဲ၊ မြွေကြီးကိုတစ်လှည့် ဒန်ခွက်ကလေးနှင့် ရွှေလက်စွပ်ကို တစ်လှည့် ကြည့်ကာ နေမိကြလေသည်။

ညနေစောင်းအချိန်တွင် ဦးမနော်ဂမ် ဖားကန့်မှ ပြန်လာတော့ မြွေကြီးအကြောင်းကို တစ်ယောက်တစ်မျိုး ပြောမိကြလေသည်။ အကြောင်းစုံကို နားထောင်ပြီး ဦးမနော်ဂမ်က...

'အေးကွာ နောက်ဆိုရင် ဒီလို မြွေတွေ





www.burmeseclassic.com

www.burmeseclassic.com

ဘာတွေ တွေ့ရင် မသတ်ကြနဲ့ပေါ့။ ကိုယ့်ကို အန္တရာယ်ပေးတာမှ မဟုတ်တာ၊ အတတ်နိုင်ဆုံး ရှောင်ကြပါ။ မြွေဟောက်ကြီးကိုလဲ မစားကြနဲ့၊ သင့်တော်ရာ ပြန်လွှတ်လိုက်ကြ'

ကျောင်းသားများလည်း ဦးမနော်ဂမ် ပြောသည့်အတိုင်း လုပ်လိုက်ကြပြီး ဦးမနော်ဂမ်မှာ ထိုညက လုံးခင်းသို့ မပြန်တော့ဘဲ ရွှေကျင်းထဲတွင်သာ ညအိပ်လိုက်လေသည်။

အခန်း[ ၂ ]

လုံးခင်း ရပ်ကွက်(၅)ရှိ နေအိမ်၌ သမီး နေမကောင်းသည်ကို ပြုစု စောင့်ရှောက်နေသော ဒေါ်မိအောင်ပန်း သည် တစ်နေကုန် အိမ်အလုပ်က တစ်ဖက်၊ သမီးကို ပြုစုရတာတစ်ဖက် နှင့် ထိုညက ဘုရားရှိခိုးပြီး စောစောပင် အိပ်ရာဝင်ခဲ့လေသည်။

'ဟော့...မိအောင်ပန်း ဟော့...မိအောင် ပန်း ထစမ်းပါဦး'

မိမိနာမည်ကို ခေါ်နေသံကြောင့် အိပ်ရာထဲမှ ဒေါ်မိအောင်ပန်း ကပျာ ကယာနှင့် ထလိုက်ပြီး အသံရှင်ကို ရှာကြည့်ရာ သူမတို့သားအမိ အိပ်နေသည့် ခုတင်ဘေးတွင် မြွေကြီးတစ်ကောင် ပါးပျဉ်းကြီးထောင်ကာ ဒေါ်မာန်ထနေဟန် သူမကို ကြည့်နေသည်ကို တွေ့လိုက်သည်နှင့်...

'အမယ်လေး မြွေကြီးတော့ မြွေကြီး လာကြပါဦး...လုပ်ကြပါဦး'

'အော်မနေနဲ့ နင့်အသံကို ဘယ်သူမှ ကြားမှာမဟုတ်ဘူး။ ငါ့ယောကျ်ားအတွက် ကလဲ့စားချေဖို့ နင့်ဆီ ရောက်လာတာ'

ဒေါ်မိအောင်ပန်းတစ်ယောက် သမီးကို လက်တစ်ဖက်က ဖက်ထားရင်း မြွေကြီးကို...

'ကျွန်မမှာ ဘာအပြစ်ရှိလို့လဲရှင်'

'အေး နင့်မှာတော့ အပြစ်မရှိပါဘူး။ ဒါပေ



မယ့် နင်တို့ခေါ်ထားတဲ့ အလုပ်သမားတွေက ငါ မရှိတုန်း ငါ့ယောကျ်ားကို သတ်လိုက်ကြတယ်။ ငါတို့မှာတော့ နင်တို့ကို သူများနဲ့ မတူအောင် ရွှေတွေ ပေးလိုက်ရတာ။ နင်တို့ ပိုင်ဆိုင်တဲ့ မြေပေါ်မှာ ငါတို့လင်မယား အေးအေးဆေးဆေး နေရလို့ နင်တို့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ အိုးပိုင်အိမ်ပိုင်နဲ့ ချမ်းချမ်းသာသာ နေနိုင်အောင် လုပ်ပေးခဲ့တယ်။

ဒါပေမယ့် နင်တို့က ကျေးဇူးမသိတတ်ဘူး။ ငါ့ယောကျ်ားကို သတ်တဲ့အပြင် ငါတို့ ဘိုးစဉ် ဘောင်ဆက်က ထိန်းသိမ်းစောင့်ရှောက်လာတဲ့ ရွှေလက်စွပ်ကိုလဲ ယူသွားကြသေးတယ်။ ငါ့ယောကျ်ား သေသလို နင်တို့လဲ သေရစေမယ်။ ကဲဟယ် သေပေရော့'

ပြောပြောဆိုဆိုဖြင့် မြွေကြီးက ခုတင်ပေါ်မှ ဒေါ်မိအောင်ပန်းကို ပေါက်ချလိုက်ရာ ဒေါ်မိအောင်ပန်းက ညာလက်ဖြင့် ကာလိုက်ရာ လက်မောင်းမှာ ပူခနဲ ခံစားလိုက်ရပြီး အိပ်ရာမှ လန့်နိုးခဲ့လေသည်။

နဖူးနှင့် ပါးပြင်ပေါ်တွင် ချွေးသီး ချွေးပေါက်များထွက်ကာ ကတုန် ကယင် ဖြစ်နေရှာသည့် ဒေါ်မိအောင် ပန်းသည် ရုတ်တရက် သူမ၏ လက်မောင်းကို ကြည့်လိုက်ရာ ဘာဒဏ်ရာမှ မတွေ့သော်လည်း အနီစက်ကလေး တစ်ခုသာ တွေ့ရပြီး နာသလိုတော့ ခံစားမိသဖြင့် မိမိ မက်ခဲ့သော အိပ်မက်မှာ မှန်နေပြီလားဟု သံသယဝင်နေမိသည်။

ရွှေကျင်းထဲမှာရော ဘာတွေ ဖြစ်နေပြီလဲဟု တွေးနေမိသည်။ ခေါင်းရင်းတွင် ချိတ်ထားသော နာရီကို ကြည့်လိုက်တော့ နံနက်(၂း၀၀)နာရီသာ ရှိသေးသည်။ မိုးလင်းဖို့ အတော်လိုဦးမည်။ ဒေါ်မိအောင်ပန်း ဆက်မအိပ်တော့ဘဲ သမီးကို စောင်လုံလုံခြုံပေးကာ မိုးလင်းဖို့ကိုသာ စိတ်စောသန်နေ လေတော့သည်။

နံနက်(၂း၀၀)နာရီမှစ၍ မအိပ်ဘဲ မိုးလင်းဖို့ကိုသာ စောင့်နေခဲ့သော ဒေါ်မိအောင်ပန်းတစ်ယောက် နံနက် (၄း၀၀)နာရီအချိန်လောက်တွင် ညာလက်မောင်းမှ တဆစ်ဆစ်နှင့် နာကျင်ကိုက်ခဲမှုကြောင့် သူမ၏ လက်မောင်းကို မီးရောင်ဘက်သို့ ထားပြီး ကြည့်လိုက်ရာ စောစောပိုင်းက အနီစက်ကလေးသာရှိသော နေရာတစ်ဝိုက်တွင် ရောင်နေသည်ကို တွေ့ရှိရလေသည်။

ဒေါ်မိအောင်ပန်း တစ်ယောက် အံ့ဩပြီး ထိတ်လန့်ကြောက်ရွံ့သွားသည်။ အိပ်မက်ထဲတွင် သူမကို မြွေကြီးပေါက်သွားသည်မှာ အပြင်တွင် တကယ်များ ဖြစ်နေပြီလားဟု ထင်မှတ်မိသည်။ သူမ၏ လက်မောင်းမှာ တကယ် ရောင်ကိုင်းနေလေသည်။

'မိန်းမရေ တံခါးဖွင့်ပါဦးဟ၊ မထသေးဘူးလား'

အပြင်မှ တံခါးကို ခေါက်နေသံနှင့် အတူ သူမ၏ခင်ပွန်းဖြစ်သူ ဦးမနော်ဂမ် ရောက်လာသဖြင့် သူမ ဝမ်းသာသွား



www.burmeseclassic.com

www.burmeseclassic.com

ပြီး ချက်ချင်းပင် တံခါးပြေးဖွင့်ပေးလိုက်မိသည်။

ခင်ပွန်းဖြစ်သူကို တွေ့လျှင်တွေ့ချင်း ပြေးဖက်လိုက်ကာ ရှိုက်ကြီးတငင် ငိုချလိုက်သော ဇနီးဖြစ်သူ၏ အဖြစ်ကို နားမလည်နိုင်စွာဖြင့် ဦးမနော်ဂမ်က ဇနီးဖြစ်သူ၏ကိုယ်ကို အသာအယာ ဖက်ကာ...

'ဘာဖြစ်နေတာလဲ မိန်းမရဲ့၊ ဘာဖြစ်လို့ ငိုနေတာလဲ၊ ကလေးလဲ မဟုတ်ဘဲနဲ့'

ဒေါ်မိအောင်ပန်းလဲ ငိုနေရင်းမှ...


'ဘာဖြစ်ရမလဲ ကိုနော်ရဲ့၊ ညက ကျွန်မ အိပ်မက် မက်တာ၊ အိပ်မက်ထဲမှာ မြွေကြီး တစ်ကောင် ရောက်လာပြီး ကျွန်မကို ပေါက်လိုက်တာ ကျွန်မက လက်နဲ့ ကာလိုက်တော့ လက်မောင်းကို ထိသွားတာ။ အဲဒီ အခု အပြင်မှာ တကယ်ကိုပဲ ကျွန်မရဲ့လက်က ရောင်ကိုင်းနေပြီ။ ဒီမှာ ကြည့်ပါဦး'

ဦးမနော်ဂမ်သည် ဇနီးဖြစ်သူ၏ လက်မောင်းကိုကြည့်လိုက်ရာ ရောင်နေသည်ကို တွေ့လိုက်ရသဖြင့် အံ့သြမိသွားသည်။ သို့သော်လည်း ဇနီးဖြစ်သူ၏ စိတ်စွဲမှုကို ပြေပျောက်စေခြင်းငှာ...

'မင်း အိပ်မက်ထဲကအတိုင်း ဟုတ်ချင်မှဟုတ်မှာပါ မိန်းမရယ်၊ တစ်ခုခုနဲ့ ထိခိုက်မိထားတာများလား။ သေချာစဉ်းစားကြည့်ပါဦး'

'ဘာနဲ့မှ မထိခိုက်ထားတာတော့ သေချာတယ် ကိုနော်၊ အိပ်မက် မက်ပြီးမှ လက်က ရောင်လာတာ၊ အမှန်ပါရှင်။ ကိုနော် ရွှေကျင်းမှာ ဘာတွေဖြစ်နေလဲဟင်။ ကျွန်မကို ပြောပြပါဦး။ ကျွန်မ စိတ်ပူလွန်းလို့ပါရှင်'

'မနေ့က နေ့လယ်ပိုင်းက ကျင်းတူးကြရင်း အောက်မှာ မြွေတစ်ကောင်ကို တွေ့ကြတယ်တဲ့။ အဲဒါ မြွေကြီးကို သတ်လိုက်ကြတယ်လေ။ အဲဒီမြွေရဲ့ အောက်မှာ ခွက်တစ်ခုနဲ့ ရွှေလက်စွပ်တစ်ကွင်းကို တွေ့ကြတယ်။ ဒီမှာ'



ခင်ပွန်းဖြစ်သူ ထုတ်ပြသော ဒန်ခွက်ကလေးနှင့် ရွှေလက်စွပ်ကို ကြည့်ရင်း ဒေါ်မိအောင်ပန်းက...

'ကျင်းသားတွေ ရိုက်သတ်လို့ သေသွားတာက မြွေထီးနေမှာ၊ ဘယ်လိုလုပ်ကြမလဲ ကိုနော်၊ ကျွန်မ ကြောက်တယ်။ ကျွန်မ မသေချင်သေးဘူးရှင်'

သနားစရာ မျက်နှာလေးနှင့် ငိုရှိုက်ကာ ပြောနေသော ဇနီးဖြစ်သူကို ဘယ်လိုစကားလုံးများနှင့် နှစ်သိမ့်ခြင်းငှာ သူ မတတ်နိုင်ခဲ့။ လောကကြီး၏ ထူးခြားဆန်းကြယ်ပုံများကိုသာ စဉ်းစားနေမိသည်။

'ကဲ ငိုမနေပါနဲ့တော့ကွာ၊ သမီးရော နေကောင်းပြီလား၊ သမီးနိုးရင် သမီးကိုပါခေါ်ပြီး မင်းကို ဆေးခန်း ပို့ပေးမယ်။ ဆေးထိုးဆေးလိမ်းလိုက်ရင် ပျောက်သွားမှာပါ။ စိတ်အစွဲအလန်း မထားပါနဲ့။ မင်း အိပ်မက်ထဲကအတိုင်း ဟုတ်ချင်မှ ဟုတ်မှာပါကွာ'

နံနက် (၇း၀၀)နာရီအချိန်တွင် ဦးမနော်ဂမ်တို့ ဇနီးမောင်နှံ(၂)ယောက် လုံးခင်းကျေးရွာရှိ ဒေါက်တာဘုန်းကျော်ဆေးခန်းသို့ ဆိုင်ကယ်ဖြင့် သွားရောက်ကြသည်။

နံနက်စောစောဖြစ်၍ ဆေးခန်းမှာ လူရှင်းနေသည်။ ဆရာ့ကိုတော့ အကျိုးအကြောင်း ဘာမှ မပြောတော့ဘဲ ဒေါ်မိအောင်ပန်း၏လက်မှာ သူ့အလိုလို ရောင်လာသည်ဟုသာ ပြောလိုက်ရသည်။

ဆရာက သေချာစမ်းသပ်ပြီး လိမ်းဆေးပေးကာ ဆေးနှစ်ချောင်းထိုးပေးလိုက်သည်။ နောက်ရက် ဆေးခန်းသို့ ပြန်လာပြရန်လည်း မှာလိုက်သေးသည်။ ဤသို့ဖြင့် ညဆိုလျှင် လက်က အနာကြောင့် ကောင်းကောင်းအိပ်မရ။ ဆေးထိုးဆေးစားသော်လည်း လက်က မသက်သာပေ။

ရက်တွေသာ တစ်ရက်ပြီးတစ်ရက် ကုန်လွန်သွားသည်။ လက် ရောင်တာ မပျောက်။ သာမန် ရိုးရိုးအနာဆိုလျှင် ပျောက်သင့်နေပြီဟု ဒေါ်မိအောင်ပန်း ထင်သည်။ မိန်းမသားတို့သဘာဝ အတိုင်း တောင်တောင်အီအီ စဉ်းစားနေမိသည်။

သည်ကြားထဲ ရွှေတအားထွက်သော ကျင်းသည် ယခုမူ တစ်နေ့လုံးနေမှ ရွေး(၂၀၊၃၀)မျှ သာ ကျတော့သည်။ ရွှေမကျတော့ ရိက္ခာဖိုး ဆီဖိုးတွေက အိတ်ကပ်ထဲက စိုက်ထုတ်ရတော့သည်။

တစ်ရက်လည်းမဟုတ် နှစ်ရက်လည်းမဟုတ် ကြာလာတော့ ပစ္စည်းတွေ ထုတ်ရောင်းရသည်။ ဦးမနော်ဂမ်ကိုယ်တိုင် ရွှေကျင်းကို ဖိဖိစီးစီး လုပ်သော်လည်း ရွှေကျနှုန်းက မတိုးတက်။ ရွှေရနိုးဖြင့် ရှိတာတွေ ထုတ်ရောင်းပြီး လုပ်လာသော်လည်း လက်ထဲက ငွေတွေသာ ကုန်သွားသည်။ ရွှေက လုံးဝ မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားတွေလည်း အချင်းချင်း စိတ်ဝမ်းကွဲကာ ရန်ဖြစ်ကြသဖြင့် ထွက်သူထွက်၊ ကျန်သူကျန် စသဖြင့် ဇရုံဖရဲ ဖြစ်ကုန်ကြသည်။ "ဥစ္စာဟူသည် မျက်လှည့်မျိုး" ဟူသည့်စကား အရမ်းမှန်သည်ဟု ဒေါ်မိအောင်ပန်း ထင်မိသည်။

မြွေကြီးကို ရိုက်သတ်ပြီးသည့်နေ့မှစ၍ ဒေါ်မိအောင်ပန်း၏ လက်မောင်း တစ်ဖက် ရောင်နေသည်မှာ ယခုဆိုလျှင် (၁၂)ရက် ရှိခဲ့ပြီ။ အရောင်က မလျော့ပေ။ ရွှေတွင်းမှ ရွှေထွက်နိုးနှင့် မိမိတို့ပိုင်ဆိုင်သော ရတနာပစ္စည်းများကို တဖြည်းဖြည်း ထုတ်ရောင်းရခဲ့ရသော်လည်း ပစ္စည်းတွေသာ ကုန်သွားသည်။ ရွှေက မရ။

နောက်ဆုံးတော့ မြွေကြီးအောက်မှရသော ရွှေလက်စွပ်တစ်ကွင်းသာ ကျန်တော့သည်။ လက်ထဲ၌ သုံးစရာငွေ ပြတ်သွားသည့်အတွက် ထိုလက်စွပ်ကို ရသည့်ဈေးဖြင့် "ရွှေဇင်မင်း ရွှေဆိုင်"တွင် ရောင်းချလိုက်ရလေသည်။

ဦးမနော်ဂမ်တို့ ဇနီးမောင်နှံမှာ စီးပွားရေး ပျက်နေပြီဖြစ်သော သူတို့၏ ဘဝကံကြမ္မာကို မယုံနိုင်စွာ လက်ခံနေရပြီး ဒေါ်မိအောင်ပန်းမှာလည်း သူမ၏ လက်ဒဏ်ရာကို မည်သည့်နည်းဖြင့် ကုစားရမည်ကို နီးစပ်ရာ မိတ်ဆွေများထံ စုံစမ်းခဲ့ရာမှ လှုံးခင်း၊ ရပ်ကွက် (၂)တွင် အကြားအမြင် ဆရာမ တစ်ယောက် ရှိသည်ဟု သတင်းကြားသဖြင့် ထိုဆရာမထံသို့ စုံစမ်းပြီး သွားခဲ့ရာ ဖြစ်သမျှ အကြောင်းစုံကို ဆရာမအား ပြောပြခဲ့လေသည်။

ဆရာမက...

'အစ်မရဲ့ လက်ရောင်နေတာကို ပျောက်ချင်ရင်တော့ မြွေမောင်နှံကို တောင်းပန်ကန်တော့ရမယ်။ မြွေကြီးသေတဲ့ နေရာမှာ ကန်တော့ပွဲပေးပြီး နွားနို့နဲ့ပေါက်ပေါက်ကို ကျွေးပေးရမယ်။ (၄ ရက်တိတိ အဲဒီလို လုပ်ရမယ်'

အကြားအမြင်ဆရာမ ပြောသည့်အတိုင်း ဒေါ်မိအောင်ပန်းက တိတိကျကျ လိုက်လုပ်ပြီး (၈)ရက်မြောက်နေ့မှာတော့ ဒေါ်မိအောင်ပန်း၏ ရောင်နေသောလက်မှာ အံ့ဩစရာ ကောင်းလောက်အောင် ပျောက်ကင်းသွားသည်ကို တွေ့ရှိရလေသည်။

စာရေးသူ သိသလောက် ဆိုရလျှင် ဦးမနော်ဂမ်တို့၏ ရွှေကျင်းမှာလည်း ဆက်မလုပ်တော့ဘဲ ကျင်းသိမ်းလိုက်ပြီဟု သိရှိရသည်။

**(မှတ်ချက် ။ ။ ကာယကံရှင်၏ အမည်များ ပြောင်းထားသည်မှလွဲ၍ ဖြစ်ရပ်မှန်ဖြစ်သည်။)**

**အေးမွန်ကျော်(နမ္မတီး)**

လျှာရင်းမြွက်ထဲ

# ဝက်သားဟင်း

ချက်နည်းများ



အလှူပွဲ၊ မင်္ဂလာဆောင်များ တော်တော်များများ ရောက်ဖြစ်ခဲ့ဖူးသည်။ နူးညံ့ပျော့ပျောင်း စားသောက်ကောင်းသည့် ပွဲတွေရှိသလို အချို့အလှူတွင် ဝက်သားဟင်းများ စား၍မရအောင်ပင် မာဆတ်ဆတ်လိုက်ကာတွေ့ရပြီး ဝက်သားဟင်းမှာလည်း မီးခိုးမှိုင်းနံ့သင်းနေ၍ လုံးဝ စား၍မရပါ။

ယခုတင်ပြမည့် ချက်ပြုတ်နည်းမှာ ခမည်မျှပင် သက်တမ်းရင့်ရော်နေသည့် ဝက်သားပင်ဖြစ်စေ ဝက်သားဟင်းမှာ နူးညံ့ပြီး စား၍ကောင်းသည့် နည်းဖြစ်သည်။ အခေါက်အရွတ်တို့ လုံးဝ ဆွဲ၍စား၍ မရသည်မရှိဘဲ နူးညံ့ပျော့ပျောင်းကာ လျှာရင်းမြွက်စေမည့် ဟင်းချက်နည်းပင်ဖြစ်သည်။

ဝက်သားဟင်းအိုးအား ပြင်နေကျအတိုင်းပင် ငရုတ်၊နနွင်း၊ဆီ၊ဆား၊ ကြက်သွန်ဖြူ၊ ချင်းကာအစ ပြင်နေကျအတိုင်း တည်ပြင်ပါ။

ပြီးလျှင် ဝက်သားဟင်းအိုးအား **ဝါးလုံး၊ ဝါးခြမ်း၊မီးထင်းနှင့် တစ်ရှိန်ထိုး တစ်မီးတည်းနှင့် ကျက်အောင် ချက်ပြုတ်ရပါမည်။**

**ဝါးနှင့်ဝက် ကက်ကင်းသသော ကက်ကင်း ပြန်ချက်နည်းပင်ဖြစ်သည်။**

နောက်တစ်နည်းမှာ...

ဝက်သားဟင်းအား ပြင်နေကျအတိုင်း ပုံမှန်ပြင်ကာ ဝက်သားဟင်းအိုးအတွင်း **သဘော်သီးအစိမ်းအား ချက်သည့် ဝက်သားအနည်းအများပေါ် မူတည်ကာ ခပ်ပါးပါးလှီးကာ** ထည့်ပေးပါ။

ဝက်သား နူးညံ့ပျော့ပျောင်းစား၍ ကောင်းပြီး သဘော်သီးမှာ ဝက်သားအဆီနှင့်ရောပြီး အဆီနှစ်များ ဖြစ်သွားပါလိမ့်မည်။ ဝက်သားအခေါက် မာဆတ်လိုက်ခြင်း ဆွဲ၍ စား၍ မရခြင်း လုံးဝ မကြုံ တွေ့ရသည့်နည်းဖြစ်သည်။

အလှူမင်္ဂလာပွဲများတွင် ဝက်သားဟင်းအိုးကြီးကြီး ချက်သူများအဖို့ လက်တွေ့ အသုံးတည့်မည့်နည်းကောင်းအဖြစ် ရေးသားပေးပို့လိုက်ခြင်း ဖြစ်ပါသည်။

**ကိုသက်ရှည်**



www.burmeseclassic.com

www.burmeseclassic.com



မျိုးတင့် (ညောင်လေးပင်)

ဂဠုန်တပ်သား

# ဂန္ဓာရီအဘိုးပုနှင့်

## ကြိုးထိုးပညာ ကွင်းဆက်များ

ပဲခူးတိုင်းဒေသကြီး ပဲခူးရိုးမ၏ ဂမ္ဘီရ တောင်တော်ဟု ခေါ်ဆိုရမည့် တောင်နှာမောင်း တစ်ခုရှိသည်။ ထိုတောင်တော်သည် အလွန် ဆန်းကြယ်သော ဆေးဝါး၊ ဂမုန်းမျိုးစုံတို့ ထွက်သည်။ တရားဘာဝနာ ပွားများသူ ရသေ့ ရဟန်း သူတော်စင်များ မွေ့လျော်ရာဒေသလည်း ဖြစ်သည်။

ဂမ္ဘီရဆန်သော ဖြစ်စဉ်ထူးများနှင့် သိုက်နန်းပေါင်းစုံတို့ အထင်ကရ တည်ရှိရာ ဒေသကြီးအဖြစ် ထင်ရှားခဲ့သည်။

ထိုတောင်နှာမောင်း ကုန်းမြင့်ပေါ်တွင် ရှေးနှစ်ပေါင်းများစွာ ကတည်းက တည်ထားကိုးကွယ်ခဲ့သော ဒေးစွန်ပါ စေတီကို ဖူးတွေ့ရသည်။

ရန်ကုန်–မန္တလေးသွား ကားလမ်းမကြီးပေါ်မှ လည်းကောင်း၊ မီးရထားလမ်းမှ လည်းကောင်း ခရီးသွားတို့ ထိုစေတီတော်ကို မြူမင်းလွင်တို့ ရစ်သိုင်းဖွဲ့၍ စိမ်းညို့သော တောရဂုံကြီးအတွင်း ဖူးမြင်ကြရသည်။

အလွမ်းဓာတ်ခံ ရှိသူများနှင့် ပဋ္ဌာန်း ဆက်ကြီးသူများသည် ထိုဒေးစွန်ပါ စေတီတော်ကို ဖူးမြင်ရသောအခါ မျက်ရည်ဝိုင်း၍ ရင်လှိုင်းခတ် လှုပ်ရှားတတ်ကြသည်။

ဒေးစွန်ပါ တောင်တော်အတွင်း လှည့်လည်သွားလာရင်း တရားရှာမှီးသူတို့တွင် ဂန္ဓာရီခရီး လျှောက်နေသော ဘိုးတော်တစ်ပါး ရှိခဲ့သည်။ သူ့ကို အဘိုးပုဟုခေါ်သည်။

လွန်ခဲ့သော နှစ်ပေါင်း(၇၀)ကျော်ခန့်ကဖြစ်သည်။ အဘိုးပုသည် မြန်မာနိုင်ငံ၌ နယ်ချဲ့ကို တွန်းလှန်ခဲ့သော တောင်သူလယ်သမား အရေးတော်ပုံကြီး၌ ပါဝင်ခဲ့သည်။

ခေါင်းဆောင်မှာ အများသိသော တိုင်းရင်းဆေးဆရာကြီး ဆရာစံ ဖြစ်သည်။ ဆရာစံခေါင်းဆောင်သော ဂဠုန်တပ်သားတို့သည် (၁၈၇၆ ခုနှစ်မှ ၁၉၃၁ ခုနှစ်)ကာလတွင် မြန်မာနိုင်ငံ အနှံ့အပြား၌ နယ်ချဲ့ကို အာခံခဲ့ကြသည်။

ဆရာစံနှင့် ရုပ် ချင်း ခွဲမရအောင်တူ သော အဘိုးပုသည် ပိန်ပိန်ပါးပါး ပု ပြတ်ပြတ်နှင့် အကာ ပါး သွက်လက် ဖျတ် လတ်သည်။

အဘိုးပု ပြော ချက်အရ ထို ကာလက ဆရာစံနှင့် ရုပ်သွင်တူသော သစ္စာနံ့ဖက်သွေးသောက် (၁ ယောက်ရှိသည်။

ထိုသူတို့ကို ဆရာစံ၏ ကိုယ်ပွား အဖြစ် သတ်မှတ်လှုပ်ရှားခဲ့သည်။ ဟိုမှာလည်း ဆရာစံ၊ ဒီမှာလည်း ဆရာစံ ဖြစ်သွားအောင် နယ်ချဲ့ မျက်လှည့်ပြခဲ့ကြသည်။

ဆရာစံသည် သုံးဆယ်မြို့ အရှေ့ ဘက်(၇)မိုင်ခန့်တွင်ရှိသော တောင်ညို တောင် လေးမျက်နှာဘုရားတွ အဓိဋ္ဌာန်ဝင်ခဲ့သည် မြစိမ်းတောင် သာသနာ့နယ်မြေ အဓိဋ္ဌာန်ဝင်ခဲ့ အဘိုးပုလည်း အ ပါဝင်ခဲ့သည်။ အဓိဋ္ဌာန်ကာလ (၄၅)ရက်ဖြစ်သည်။

တောင်ညို ဘုန်းတော်ကြီးကျောင်း တွင် ရာဇာဘိသေကတင်မြောက် သုပဏ္ဏကဂဠုန်ရာဇာဟူသော ဘွဲ့ ၁၉၃၀ ပြည့်နှစ်တွင် ခံယူခဲ့သည်။

သာယာဝတီ အရှေ့ဘက် (၁၅ ကွာဝေးသော အလံတောင် ဂဠုန်တပ်ဖွဲ့ အခြေပြု လှုပ်ရှားရာဒေ ဖြစ်သည်။ အရေးတော်ပုံတို တစ်လျှောက်လုံး အဘိုးပု ပါဝ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဆရာစံတပ်ဖွဲ့များသည် နယ်ချဲ့ကို တော်လှန်ရာတွင် ခေတ်မီလက်နက်များ မရှိခဲ့ကြပါ။ ဂမ္ဘီရပညာနှင့် အမျိုးဘာသာ သာသနာကို ကာကွယ်ရန် ယုံကြည်ချက်ကို အရင်းပြု၍ တော်လှန်ခဲ့ခြင်းသာဖြစ်သည်။

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့တို့ကို အားကိုးခဲ့ကြသည်။ တုတ်ပြီး ဓားပြီး ထုံးမန်း ကွမ်းမန်းတို့နှင့် အစီအမံများ ပြုခဲ့ကြသည်။

ထိုနည်းလမ်းများစွာတို့တွင် ကိုယ်ခံကြိုးထိုးပညာရပ်တစ်ခု ပါဝင်သည်။ သင့်လျော်ရာ ကြိုးတစ်ချောင်းကို ကွင်းဖြစ်အောင်ထိုး၍ ဆောင်ထားခြင်းဖြစ်သည်။

ထိုကွင်းထိုးရာတွင် မြတ်စွာဘုရား၏ ရုပ်ပွားတော်မြတ်တစ်ဆူဆူတွင် ဦးစွာ ငါးပါးသီလကို ကောင်းစွာ ခံယူရသည်။

မိမိဘာသာ သာသနာအတွက် အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်ပါမည်ဟု သစ္စာဆိုရသည်။ ပြီးမှ...

'ဉုံ ငုသန်လျှင်းချိတ်'

ဟူ၍ နှုတ်မှ ပီသအောင် အသံထွက်၍ ကြိုးကို ကွင်းထိုးရသည်။

ကွင်းထိုးရာတွင် ကွင်းအတွင်းမှ ကြိုးစနှစ်စထွက်အောင် ထိုးတတ်ရသည်။ ထိုကြိုးကွင်းကို အဆောင်ပြု၍ တိုက်ပွဲဝင်ကြသည်။ ဓား၊ လှံ၊ သေနတ် ပြီးသည်ဟု ဆိုသည်။

ထိုအကြောင်းများကို ကျွန်ုပ် ငယ်စဉ်ဘဝက အဘိုးပု ပြောပြခဲ့သည်။ ကြိုးထိုးနည်းကိုပါ သင်ကြားပေးခဲ့ပါသည်။ ကျွန်ုပ်၏ ဖခင်ကြီးနှင့် ရင်းနှီးသော အဘိုးပုသည် ကျွန်ုပ်တို့အိမ်တွင် တစ်လတိုးသီတင်း ဆိုသလို လာရောက်နေ



ထိုင်စဉ် ကျွန်ုပ်ကို သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်မှာ ထိုစဉ်က အသက်အရွယ် ငယ်သေးသည့် (၁၀)နှစ်သားလောက်သာ ရှိသေး၍ ယခုအခါ ကောင်းစွာ မှတ်သားထားနိုင်ခြင်း မရှိတော့ပါ။

ခက်ခက်ခဲခဲ မဟုတ်သော်လည်း ငယ်လွန်းသောကြောင့် မှတ်သားထားနိုင်ခြင်းမရှိပါ။ **(ထိုကြိုးထိုးပညာကွင်းဆက်ကို ပညာရှင်ကြီးများက မြန်မာမှု ဂမ္ဘီရပညာရပ်အဖြစ် ပြန်လည်ဖော်ထုတ်နိုင်လျှင် ကောင်းမည်ဟု မျှော်လင့်တောင့်တမိပါသည်။)**

အသက်အရွယ် ကြီးရင့်လာသော အခါတွင် **"ဉုံ ငုသန်လျှင်းချိတ်"** ဆိုသည်ကား **"ကုလားမသည် သားသုံးယောက်ကိုဖွား၏"**ဟု အဓိပ္ပာယ်ရကြောင်း အမေနှင့် ပေါင်းသော် လေးလုံးသော အက္ခရာတို့ဖြစ်၏။

**"ဓာတ်လည်းလေးပါး ဂြိုဟ်လည်း လေးထွေဖြစ်သတည်း"** ဟူသော နက်နဲသော ဂမ္ဘီရပညာရပ်ဆိုင်ရာ စာပေများကို လေ့လာဖတ်ရှုရသည်။ ***(ထိုစာများကို ကဗ္ဗလက်ာရဆရာကြီး ဦးစံမြင့် ရေးသားသော စမကောက်လက်ာသစ်ကျမ်း၌ ဖတ်ရှုဖူးပါသည်။)***

ထိုအခါတွင်မှ ကျွန်ုပ် ငယ်စဉ်ကလေးဘဝက အဘိုးပု သင်ပေးခဲ့သော ကြိုးထိုးနည်း ကိုယ်ခံပညာရပ်များသည် ခမ်းနားထည်ဝါစွာ စမအက္ခရာများနှင့် ဆက်စပ်နေကြောင်း တွေးဆကြည့်မိသည်။ **(ကျွန်ုပ်သည် ပညာရှင်တစ်ယောက် မဟုတ်၍ အင်းအိုင်၊ စမအက္ခရာဆိုင်ရာများကို ရှင်းလင်းပြနိုင်ခြင်း မရှိပါ။)**

အဘိုးပုတို့ ဆရာစံ၏ တပ်သားများသည် ပွဲဦးထွက်တွင် အောင်ပွဲများ ရခဲ့သည်။ ဖားရွှေကျော် တိုက်ပွဲသည် တောင်သူလယ်သမား အရေးတော်ပုံကြီး၏ မှတ်တိုင်ဖြစ်ခဲ့သည်။ ကြာရှည်တွင် အင်အားကြီးမားသော နယ်ချဲ့တို့၏ ထိုးစစ်များကို မခုခံနိုင်ဘဲ ရှောင်တိမ်းခဲ့ရသည်။

ရှမ်းပြည်နယ်ဘက်သို့ ရှောင်တိမ်းစဉ် အဘိုးပု ပါသွားသည်။ ခေါင်းဆောင်ကြီး ဆရာစံမှာ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုဒေသတွင် လျှို့ဝှက်စွာ စခန်းချနေခိုက် နယ်ချဲ့သစ္စာဖောက်တို့၏ သတင်းပေးမှုကြောင့် အဖမ်းခံခဲ့ရသည်။

၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်တွင် အင်္ဂလိပ်တို့ကို တော်လှန်မှုနှင့် သေဒဏ်ချ ကြိုးပေးကွပ်မျက်ခံရသည်။

ကြိုးပေးစဉ် ဆရာစံသည် ကြိုးစင်ပေါ်မှ နောက်ဆုံးသစ္စာစကားကို ရဲရဲဝံ့ဝံ့စွာ ဆိုခဲ့သေးသည်။

'ဖြစ်လေရာ ဘဝမှာ နယ်ချဲ့အင်္ဂလိပ်ကို အောင်နိုင်ရတဲ့ ကိုယ်ဖြစ်ရပါလို၏ ဘုရား'

ဟူ၍ ဖြစ်သည်။

မျိုးချစ်စိတ် ပြင်းထန်သော အဘိုးပုသည် ခေါင်းဆောင်ကြီးဆရာစံ ကျဆုံးပြီးသော် အားမတန် မာန်လျှော့၍ လွတ်ရာသို့ တိမ်းရှောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အနီးမှ ကျောက်တိုင်ငန်ရွာသားဖြစ်သော အဘိုးပုသည် ဒေးစွန်ပါတောင်တော်ကြီးရှိရာ တောနက်အတွင်းသို့ တစ်ကိုယ်တော် ချဉ်းကပ်ခဲ့သည်။

သူ၏ ရည်ရွယ်ချက်မှာ ဂန္ဓာရီကျင့်စဉ်အစွမ်းဖြင့် သိဒ္ဓိပေါက် တန်ခိုးရှင်ဖြစ်လိုခြင်းပင်။ ထိုအခါ နယ်ချဲ့ကို တွန်းလှန်မည်ဟု အာဃာတကြီးစွာ ရည်မှန်းကြံစည်ခဲ့သည်။

လောကကြီးသည် ဆန်းကြယ်သည်။ တရားဓမ္မဟူသည် အပြီးအတေးကြီးသူတို့၏ အရာမဟုတ် လောကသုံးပါး၏ အထွတ်အမြတ်ဖြစ်သော ဗုဒ္ဓရှင်တော်သည် သည်းခံခြင်း၊ ခွင့်လွှတ်မေတ္တာထားခြင်းနှင့် သဘာဝဓမ္မကို သဘာဝကျကျ အမှန်အတိုင်း သိအောင် လမ်းညွှန်တော်မူခဲ့သည်။

ဒေးစွန်ပါ တောင်တော်အတွင်း နှစ်ပေါင်းများစွာ တိမ်းရှောင်လှည့်လည်ရင်း အဘိုးပုသည် လောကကြီး၌ အရာခပ်သိမ်းတို့သည် မိမိဆန္ဒအတိုင်း ဖြစ်တည်လာခြင်း မရှိနိုင်ပုံကို သိလာသည်။

အနတ္တတရား၏ အစိုးမရပုံကို ရိပ်စားနားလည်လာသည်။ တရားဓမ္မနှင့် နီးစပ်ထိတွေ့ လေ့ကျင့်မိလာသော အခါ မိမိဘဝကို ကောင်းစွာသုံးသပ်နိုင်ခဲ့သည်။

ပါရမီရှင်ဖြစ်သော အဘိုးပု၏ ဂန္ဓာရီခရီးစဉ်တွင် သူတော်စင် သူတော်ကောင်းကြီးများနှင့် တွေ့ကြုံဆုံစည်းခွင့် ရခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသောခေတ်တွင် အဘိုးပုသည် တောအောင်းရာမှ မြို့ပေါ်သို့ တက်ခဲ့သည်။ သူ၏ညီဖြစ်သူ ဒေးစွန်ပါတောင် သာသနာပြုပုဂ္ဂိုလ် အဘိုးဦးဘိုးဦး၏ သာသနာစခန်းကြီးတွင် ဓာတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများကို ပါဝင်ကူညီ ပါရမီဖြည့်ခဲ့သည်။

ကျွန်ုပ်၏ ဖခင်ကြီးနှင့် အဘိုးပုတို့ ဒေးစွန်ပါတွင် တွေ့ဆုံရင်းနှီးခဲ့ကြသည်။ ထိုအချိန်တွင် အဘိုးပုမှာ အသက်(၈၀)ကျော်၍ နေခဲ့ပြီ။

အဘိုးပုသည် အလွန်ဆန်းပြားထူးခြားသော ဂမ္ဘီရပညာရပ်များကို တတ်ကျွမ်းသော်လည်း ဘာမှ မသိသူကဲ့သို့ ရိုးရိုးအေးအေးပင် ကျင့်ကြံနေထိုင်ခဲ့သည်။

ဒေးစွန်ပါတောင်တော် ပဲခူးမြို့ ပုပ္ပါး တောင်တော်၊ ကျိုက်ထီးရိုးတောင် တော်များကို တစ်ကိုယ်တော် လှည့် လည်နေခဲ့သည်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့ အိမ်သို့ အလည်အပတ် ရောက်လာသည်။ **(အခြေအနေပေးပါက အဘိုးပု၏ ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်များကို စာစု များ ရေးသားနိုင်မည်ဟု အားခဲထား ပါသည်။)**

ဤဖြစ်စဉ်များကို အဘိုးပုကိုယ်တိုင် ကျွန်ုပ် ကလေးဘဝ လွန်ခဲ့သော နှစ် (၆၀)ကျော်လောက်က ပြောပြခဲ့ခြင်း ဖြစ်သည်။

ယခုတော့ အဘိုးပုသည် လည်း ကောင်း၊ ဒေးစွန်ပါတောင် အဘိုး ဦးဘိုးဦးသည်လည်းကောင်း မရှိကြ တော့ပါ။ ကျွန်ုပ်သည်ပင် အသက်(ရ... အရွယ် အဘိုးအိုတစ်ယောက် ဖြစ်... ပါပြီ။

ဂန္ဓာရီအဘိုးပု၏ ဂျူနီတပ်သား ဘဝက ကြုံးထိုးပညာအကြောင်း... သတိတရ ရှိနေသောကြောင့် ဤ... ဆောင်းပါးကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

**တစ်ခါက ဂျူနီတပ်သား... ယုံကြည်အသုံးပြုခဲ့သော ကြုံး... နည်း ကိုယ်ခံပညာ၏ ကွင်းဆက် များကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ကြီးမှ ပညာရှင်တို့ ပြန်လည်ဖော် ထုတ်၍ ခေါင်းဆောင်ကြီး ဆရာ... နှင့် ဂန္ဓာရီ အဘိုးပုတို့ကို ဂုဏ်ပြုဖော် သားပေးကြပါဟု လေးစား... ပန်ကြားတင်ပြရပါသည်။**

မေတ္တာရှည်လျက်...

မျိုးတင့်(ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com



# မှော်ကျင့်စခန်း

ရောဂါ သက်သာပျောက်ကင်းမှု ဖြစ်ရပ်ဆန်း

တက္ကသိုလ် ဘုန်းနိုင်

၁၉၆၈ ခုနှစ်က ဖြစ်ပါသည်။ စာရေးသူသည် ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့တွင် မြို့နယ်စာရင်းစစ် အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်၏။

အခုပါ ဒေသသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး တစ်နှစ်ခန့်အကြာတွင် ငှက်ဖျားရောဂါ စွဲကပ်လာပါတော့သည်။ မကြာခဏ ငှက်ဖျားတက်ပြီး မကြာခဏ ဆေးခန်းသို့ သွားပြနေရပါသည်။

တစ်နေ့တွင် ဆေးခန်းပြ၍ မသက်သာတော့သဖြင့် မြို့နယ်ဆေးရုံသို့ တက်ရောက်ကုသရသည့် အခြေအနေသို့ ရောက်ရှိသွားပါသည်။ ဆေးရုံတက်၍ အနည်းငယ် သက်သာလာသော အခါ နေအိမ်သို့ ပြန်လာခဲ့၏။

နေအိမ်သို့ ပြန်ရောက်ပြီး မကြာခင်မှာပင် ငှက်ဖျားရောဂါဝေဒနာကို ပြင်းထန်စွာ ထပ်မံ ခံစားရပြန်တော့သည်။ ထိုအခါ တပည့်ဖြစ်သူတစ်ဦးက ဘုန်းတော်ကြီးတစ်ပါးကို ပင့်၍ နေအိမ်သို့ ရောက်လာပါသည်။

ဘုန်းတော်ကြီးမှာ အသားဖြူဖြူပိန်ပိန်ပါးပါး ဖြစ်ပါသည်။ မျက်လုံးအစုံမှာ တောက်ပနေ၏။ စာရေးသူအား တစ်ချက် လှည့်ကြည့်ပြီးနောက် ဘုရားစင်ရှေ့သို့ တန်း၍ ဝင်သွားပါသည်။

ဘုရားကို အာရုံပြုပြီးနောက် ဖယောင်းတိုင်နှင့် သောက်ရေတစ်ခွက်တောင်းသည်။ ဖယောင်းတိုင်ကို ဘုရားစင်ရှေ့တွင် ထွန်းညှိလိုက်ပြီးနောက် သောက်ရေခွက်ကို ဘုန်းကြီး ရှေ့တွင် ထားလိုက်၏။ ပြီးနောက် လွယ်အိတ်ထဲမှ (၃)လက်မ (၁၀)လက်မအရွယ်ရှိ မိုင်းကိုင်စက္ကူတစ်ချပ်ကို ထုတ်ယူလိုက်ပါသည်။

ဘုန်းတော်ကြီးသည် ဘုရားကို ထပ်မံ အာရုံပြုပြီးနောက် ဂါထာလား၊ မန္တန်လားမသိ နှုတ်မှ တဖွဖွ ရွတ်နေပါသည်။ တစ်မိနစ်ခန့်ကြာသောအခါ ဘောလ်ပင်အနက် တစ်ချောင်းကို ထုတ်ယူပြီး ထိုစာရွက်ပေါ်တွင် တရုတ်စာများကို ရေးနေပါသည်။

စာရေးသူက အင်းစာများ ရေးနေသည်ဟု ထင်မှတ်သဖြင့် ရေးနေသောစာကို လှမ်းကြည့်ပြီး အကဲခတ်မိပါသည်။ အင်းကွက်များ မဟုတ်ဘဲ စာလုံးငါးလုံး ဖြစ်နေပြီး စာများမှာ ဂျပန်စာနှင့် ခပ်ဆင်ဆင်တူနေပါသည်။

စာများရေးပြီးသည့်နောက် ထိုစာရွက်ကို ဖယောင်းတိုင်မှ မီးဖြင့် မီးရှို့ပြီး စက္ကူပြာခံ၍ သောက်ရေခွက်ထဲသို့ ထည့်လိုက်၏။ သောက်ရေခွက်ကို





www.burmeseclassic.com

www.burmeseclassic.com

လက်ညှိုးဖြင့် မွှေပြီး စက္ကူပြာထည့်ထားသော ပြာရေကို စာရေးသူအား သောက်ခိုင်းပါသည်။

စာရေးသူလည်း စဉ်းစား တွေဝေမနေတော့ဘဲ ဘုန်းတော်ကြီး ပေးသော ပြာရေကို မော့၍ သောက်ချလိုက်သည်။

ထူးဆန်းသည်မှာ ပြာရေခွက်ကို သောက်ပြီး မကြာခင်မှာ အဖျားတက်နေသည်မှ အဖျားကျသွား၏။ နောက်တစ်လအကြာတွင် ငှက်ဖျားရောဂါမှာ ထပ်မဖြစ်တော့ဘဲ ယူပစ်သလို ပျောက်သွားသည်။ နောက်ထပ် ငှက်ဖျားဝေဒနာ လုံးဝ ခံစားရခြင်းမရှိတော့ပါ။ ဘုန်းတော်ကြီးက...

'ဒကာက ပုတီး အမြဲစိပ်နေတဲ့သူဆိုတော့ ဘုန်းကြီးဆေးနဲ့ ပိုပြီး တည့်သွားတာပေါ့။ ဒကာက အစိုးရဝန်ထမ်းဆိုတော့ နောက်ထပ်ဒေသတွေကို ပြောင်းရွှေ့ဦးမှာပဲ ဘုရား တရား၊ သံဃာကိုမမေ့ပါနဲ့။ ဒကာရောက်လေရာမှာ ကျန်းမာရေးနဲ့ စီးပွားရေး အဆင်ပြေကောင်းမွန်အောင် ဘုန်းကြီး အဆောင်တစ်ခုပေးလိုက်မယ်'

ဟု ပြောပြီး လွယ်အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်ပါသည်။ ထိုစာရွက်မှာ ဘုရားပုံတော်ဖြစ်ပြီး အင်းပုံသဏ္ဌာန်ရေးဆွဲထား၏။ ပုံတော်အား စာရေးသူအား ပေးပြီး...

'ဒကာ ဒီပုံတော်ကို ဘုရားစင်ပေါ်မှာ တင်ပြီး ပူဇော်ထားပါ။ ရောဂါများကင်းဝေးပြီး စီးပွားရေးလဲ အဆင်ပြေစေမယ်။ ဒကာနဲ့ တတ်တည့်လို့ ရတာယ်လို့ မှတ်လိုက်ပါ။ ဦးပဉ္စင်းသွားလိုက်ဦးမယ်။ နောက်မှပဲ တွေ့ကြတာပေါ့'

ဟု ပြောပြီး နေအိမ်မှ ပြန်ကြွသွားပါသည်။ စာရေးသူလည်း ရောဂါဒဏ်ကြောင့် မရွှင်မလန်းဖြစ်နေသဖြင့် ဘုန်းတော်ကြီးအား ဘာမှ လျှောက်



ထားခြင်းမပြုတော့ဘဲ အိပ်ရာထက်မှပင် လက်အုပ်ချီ၍ ကန်တော့လိုက်ပါသည်။

နောက်နှစ်ရက်ခန့် ကြာသောအခါ ဘုန်းတော်ကြီးမှာ သိန်းနီမြို့မှ တရုတ်နိုင်ငံ ရွှေလီမြို့သို့ ကြွသွားပြီဖြစ်ကြောင်း ကြားသိရပါသည်။ ဘုန်းတော်ကြီးကို ဆွမ်းကပ်ပြီး လှူဖွယ်ပစ္စည်းများ ကပ်လှူရန် ရည်ရွယ်ထားသော်လည်း ဆန္ဒမပြည့်ဝခဲ့ပါ။

သိန်းနီမြို့ရှိ လူနာများကို စာရေးသူအား ကုသသည့်နည်းအတိုင်း မိုင်းကိုင်စက္ကူကို ပြာချ၍ ကုသပေးခဲ့ကြောင်း သိရှိရပါသည်။ ရောဂါအစုံနှင့် ပယောဂအစုံကို ပြာခွက်ဖြင့်သာ ကုသပေးခြင်းဖြင့် လုံးဝပျောက်ကင်းမှုရှိကြောင်း သိရသည်။

တစ်နေ့တွင် တပည့်ဖြစ်သူက ဘုန်းတော်ကြီး၏ ဘဝဖြစ်စဉ်ကို အောက်ပါအတိုင်း ပြောပြလာပါတော့သည်။

* * *

ဦးမောင်စိုးသည် အင်းစိန်မြို့နယ်၊ ပြည်သူ့ကောင်စီရုံးမှ စာရေးကြီးတစ်ဦးဖြစ်သည်။ ပိုကာဆွဲ အလွန် ဝါသနာပါ၏။ အားလပ်ရက်တိုင်း ဖဲဝိုင်းတွင်သာ တွေ့ရတတ်သည်။ ဇနီးဖြစ်သူနှင့် သားသမီးများက မကြည်ဖြူကြပါ။

မြို့နယ်ကောင်စီရုံးမှ စာရေးကြီးဖြစ်သဖြင့် ထိုသို့ လောင်းကစားပြုလုပ်နေသည်ကိုပင် ဥက္ကဋ္ဌဖြစ်သူက မနှစ်မြို့ချေ။ ဆိုဆုံးမ မပြောမရ၍သာ ခွင့်လွှတ်ထားရသည်။

ဦးမောင်စိုးသည် နေ့စဉ် အညောင်းထိုင်ပါများ၍ ကိုယ်လက် လှုပ်ရှားနေးကွေးလာ၏။ နွေတစ်ညတွင် ရေချိုးပြီး ပန်ကာဖွင့်၍ ညအိပ်လိုက်သည်။

နံနက်မိုးလင်းသောအခါ ဦးမောင်စိုးကို နိုး၍မရတော့ပါ။ ညာဘက်တစ်ခြမ်းလုံးကို လေဖြတ်သွား၏။ ပါးတစ်ခြမ်းက ရွဲ့လို့၊ ညာလက်ညာခြေပါ လှုပ်ရှား၍ မရတော့။

စကားလည်း မပြောနိုင်၊ ညာလက် ညာခြေများ ဆန့်တန်း၍နေသဖြင့် လမ်းပါ မလျှောက်နိုင်တော့ပါ။ အင်္ဂလိပ်ဆေး၊ မြန်မာဆေးဆရာတို့ဖြင့် အမျိုးမျိုး ကုသသော်လည်း မပျောက်။ မိသားစုက အလှည့်ကျ ပြုစုပေးနေရသည်။ ကြာသော်လည်း ငြီးငြွေ့လာကြသည်။

ဆရာစုံသော်လည်း ရောဂါမှာ ထူးခြားမလာပါ။ နောက်ဆုံးတော့ ဝန်ထမ်းဘဝမှ ဆေးပင်စင်ယူရပြီး ဒုက္ခိတဘဝဖြင့် လောကဓံကို ရင်ဆိုင်နေရတော့သည်။

နဂိုကတည်းက မကြည်ဖြူခဲ့သော မိသားစုက ဒုက္ခိတဘဝမို့ ကြာတော့ ငြီးငွေ့လာပြီပေါ့။ တတ်နိုင်လျှင် ဝေးဝေး ရှောင်လာကြသည်။ ဒါကို ဦးမောင်စိုးသိ၏။ မိသားစုကို ဒုက္ခမပေးချင်တော့ ဘဝကို တစ်ကိုယ်တည်း လျှောက်လှမ်းချင်စိတ်များ ပေါ်လာ၏။

တစ်နေ့တွင် အစ်ကိုတော်စပ်သော ဘုန်းကြီးတစ်ပါး နေအိမ်သို့ ကြွလာ၏။ ဘုန်းကြီးမှာ တစ်ပါးတည်း ကျောင်းထိုင်နေသဖြင့် ဦးမောင်စိုးက ကျောင်း





www.burmeseclassic.com

www.burmeseclassic.com



သို့ ခေါ်သွားရန် ပူဆာသည်။ မိသားစုကလည်း တောင်းပန်ပေး၏။ ကန့်ကွက်မည့်သူမရှိပါချေ။

အစ်ကိုတော် ဘုန်းကြီးက မလွှဲမရှောင်သာသဖြင့် ဦးမောင်စိုးကို ကျောင်းသို့ ခေါ်သွားရ၏။ ကျောင်းတွင် ပြုစုပေးမည့် ကျောင်းသားနှစ်ယောက် ရှိ၍တော်ပါသေးသည်။ ထိုင်၍ရနေသေးသဖြင့် ဘုန်းကြီးက ပုတီးစိပ်နည်းနှင့်အာနာပါနသဿတိဘာဝနာကို သင်ကြားပေး၏။

သုံးနှစ်မျှ ကြာသောအခါ ဦးမောင်စိုးကို ရဟန်းဘောင်သို့ ဝင်စေသည်။ ဦးမောင်စိုး၏ ရဟန်းဘွဲ့အမည်မှာ **ဦးဗုဒ္ဓိဖြစ်**သည်။ ဦးဗုဒ္ဓိသည် နေ့စဉ် ဂုဏ်တော်ကိုးပါးပုတီးစိပ်နည်းဖြင့်နေ့စဉ်(၂၇)ပတ်စိပ်သည်။ အာနာပါန သဿတိဘာဝနာ သုံးနာရီမျှကျင့်၏။ မကြည်ဖြူသော ဖနီးနှင့် သမီးဖြစ်သူတို့မှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးသွား၏။

ဦးဗုဒ္ဓိသည် သတင်းပင် သွားမမေး။ တရားနှင့်သာ ဖြေသည်။ ပုတီးကို စွဲစွဲမြဲမြဲ စိပ်သည်။ တစ်နေ့ သုံးကြိမ်မှ ငါးကြိမ်အထိ တိုး၍ ပုတီးစိပ်သည်။ အာနာပါနသဿတိဘာဝနာကို အားလပ်တိုင်း ပြုလုပ်၏။

တစ်နေ့ ပုတီးစိပ်နေချိန်တွင် ပုဂ္ဂိုလ်တစ်ဦးမှ ဓာတ်စီးလာသည်။ ရေး...ရေး... ရေးဟု နှုတ်မှ မပီကလာ ပီကလာ ပြောလာသည်။ ဦးဗုဒ္ဓိသည် ဘယ်လက်ဖြင့် ဘောလ်ပင်ကို ကိုင်၍ စာရွက်တစ်ရွက်ပေါ်တွင် ရေးချလိုက်သည်။ တရုတ်စာပေများ ဖြစ်နေပါသည်။

ဆက်ပြီး ဓာတ်စီးသောပုဂ္ဂိုလ်က မနောဖြင့် စာရွက်ကို ပြာချ၍ သောက်ရန် ညွှန်ကြားသည်။ ဦးဗုဒ္ဓိသည် ရေးထားသော စာရွက်ကို မီးရှို့ပြာချပြီး ရေခွက်ထဲတွင်ထည့်၍ သောက်ချလိုက်၏။

ထိုသို့ နေ့စဉ် သုံးကြိမ်မျှ စာရွက်ပေါ်တွင် ရေးရေးပြီး ပြာချသောက်ခဲ့ရာ ငါးရက်မျှကြာသောအခါ ဦးဗုဒ္ဓိသည် လူကောင်းပကတိ ကျန်းမာ သန်စွမ်းလာသည်ကို တွေ့ရ၏။ ပါးလည်းမရွဲ့တော့၊ ခြေလက်တွေလဲ မဆန့်တန်းတော့ စကားကို ပီပီသသပြောဆိုနိုင်ပြီဖြစ်၏။

ဦးဗုဒ္ဓကို ဓာတ်စီးတိုင်း ရေး...ရေး... ရေးဟု ပြောလေ့ရှိပြီး ရေးထားသော စာများကို ဦးဗုဒ္ဓိကိုယ်တိုင် အဓိပ္ပာယ်မသိ၊ တရုတ်စာဖြစ်ကြောင်းကိုသာ သိ၏။ စာရွက်ကို ပြာချ၍ သောက်စေခြင်းဖြင့် ရောဂါများ ပျောက်ကင်းကြောင်း သိရှိလာသည်။

ဦးဗုဒ္ဓိသည် ကျန်းမာရေးချို့တဲ့သော သူများကို အကူအညီပေးခြင်းဖြင့် ပယောဂများကိုပါ ကုပေးတော့သည်။ အထူးသဖြင့် လေဖြတ်ထားသည့် ရောဂါသည်များ ယူပစ်သလို ပျောက်ကင်းတတ်ပါသည်။

ဦးဗုဒ္ဓိသည် သာသနာပြုလုပ်ငန်းများ ပြုလုပ်ရန် ဂန္ဓာရီလှည့်တတ်ပါသည်။ ကျောင်းတွင် မရှိတတ်၊ ကြုံလျှင်တော့ ဆေးကုပေးသည်။ ဆေးကုသပေးခြင်းအတွက် တစ်ပြားတစ်ချပ်မှ မယူပါ။ တစ်နေ့တွင် မူဆယ်မြို့၌ သီတင်းသုံးနေစဉ် တရုတ်ဘုန်းတော်ကြီးတစ်ပါး ကြွလာပြီး...

'ဦးပဥ္စင်းနဲ့ ထိုက်တန်တယ်လို့ ထင်ပါတယ်။ ဒီပုံတော်ကို ဦးပဥ္စင်းကိုးကွယ်ဖို့အတွက် မယ်တော်တစ်ပါးက ပေးခိုင်းလိုက်တာပါ'

ဟု ပြောပြီး မြတ်စွာဘုရားပုံတော်တစ်ခုကို လာပေးသွားပါသည်။ ပုံတော်တွင် ဘယ်ဘက်လက်မှ ဆံတော်သုံးဆူ ကိုင်ထားပြီး ဘယ်ထောင့်တွင် အင်းများ ရေးဆွဲထားပါသည်။

ထိုပုံတော်ကို စာရေးသူသည် မှန်ဘောင်သွင်းပြီး ဘုရားစင်ပေါ်တွင် တင်၍ ကိုးကွယ်ထားပါသည်။ ကျန်းမာရေးနှင့် စီးပွားရေးကိစ္စတွင် ထူးခြားစွာ ကြုံတွေ့ရတတ်ပါသည်။ အထူးသဖြင့် စာရင်း၊ ဆန်စပါး၊ စက်ပစ္စည်း၊ ဆေးစသည့် အင်္ဂါနံလုပ်ငန်းများတွင် အကျိုးပေးတတ်ပါသည်။

ဆရာတော်သည် ဆေးကုသခြင်းလုပ်ငန်းကို အကျိုးပြုနေသည့် အားလျော်စွာ ကျန်းမာရေးအတွက်ပါ ရည်ရွယ်၍ နေအိမ်တွင် ပူဇော်ထားသင့်ကြောင်း ဖော်ပြပေးလိုက်ပါသည်။

တက္ကသိုလ်အပန်ငယ်



www.burmeseclassic.com



# မေတ္တာဖြင့်ယှဉ်သော ရွာကလေးနှင့်

အဘိုးငယ်၏ စွမ်းပကား (၂)

ဇော်ကမြင့်ထွန်း
(မသုံးလုံး)

ယခင်လမှ အဆက်

လုပ်ငန်းတစ်ခုကို သေချာကျနစွာ စီစဉ်အကွက်ချတတ်သူ၊ အရည်အချင်း ပြည့်ဝသူ၊ ဦးနှောက်အရည်အသွေး ပြည့်စုံကြွယ်ဝသူ ဓားပြကြီး မိုက်ခဲ ဦးဆောင်၍ ပိတ္တာလေးကျေးရွာသို့ ထွက်လာခဲ့ကြလေသည်။

ဓားပြကြီး မိုက်ခဲတို့ မီးရောင်လက်လက် အလင်းရောင် မှိန်တုတ်မှိန်တုတ် ပိုးစုန်းကြူးလေးများ ပျောက်ကျား ပျောက်ကျား ပျံဝဲနေသော အိပ်မောကျခါစ ပိတ္တာလေးကျေးရွာသို့ ချင်းနင်း ဝင်ရောက်နိုင်ခဲ့ကြပါ၏။

အရည်အချင်း မမီသူများ ညံ့ဖျင်းသူတို့ ရှာဖွေမတွေ့ရှိနိုင်သည့် ပိတ္တာလေးကျေးရွာကို ဓားပြကြီး မိုက်ခဲတို့ အလွယ်တကူ ရှာဖွေတွေ့ရှိသွားကြပါ၏။ မိုက်ခဲ တစ်ယောက် မော်ကြွားနိုင်ခဲ့လေသလော။

လူဆိုးဓားပြများ ရွာအနီးသို့ ရောက်ရှိကြသည်နှင့် တစ်ပြိုင်နက် မိုးကောင်းကင်ကြီးမှ ကြောက်မက်ဖွယ် မြည်ဟိန်းသံကြီးကို သူတို့ အထိတ်တလန့် ကြားလိုက်ကြရပါတော့သည်။

တဟည်းဟည်းနှင့် မြည်ဟည်းနေသော ပဲ့တင်ဟိန်းသံကြီးကဲ့သို့ ကြောက်မက်ဖွယ်ရာ ကျယ်လောင်စူးရှစွာ မြည်ဟည်းလျက်ရှိသည့် အမှောင်တွင်းမှ ကောင်းကင်ပြင်ကျယ်ကြီးကို သူတို့အားလုံး မော့ကြည့်မိလိုက်ကြပါ၏။

သူတို့ မော့ကြည့်လိုက်ကြသည့် အရာကား ပိတ္တာလေးကျေးရွာကို ကားယားခွ၍ ရပ်လျက် သံတင်းပုတ်ကြီးကို လက်ယာပခုံးတွင်ထမ်းကာ သူတို့ကို စိုက်ကြည့်နေသော ခက်ထန်ကြမ်းကြုတ် ကြီးမားတုတ်ခိုင်သည့် သတ္တဝါကြီးတစ်ကောင်ကို မမျှော်လင့်ဘဲ တုန်လှုပ်ချောက်ချားစွာ ဘွားခနဲ



www.burmeseclassic.com

www.burmeseclassic.com

တွေ့လိုက်ကြရလေသတည်း။

သူတို့အားလုံး တုန်လှုပ်ချောက်ချား ကြကုန်သည်။ ထိုသတ္တဝါကြီးကို ရန်ပြုဖို့ မဆိုထားနှင့် သူတို့အားလုံး တိုင်ပင်ထားသည့်နှယ် သူတို့စီးလာသော လှေပေါ်မှ ဝရုန်းသုန်းကားနှင့် ရေထဲသို့ ခုန်ချသူ၊ ပြုတ်ကျသူ လွင့်စဉ်ထွက်ကျသွားပြီး ခွေးပြေးဝက်ပြေး ကူးခတ်ပြေးလွှားသွားကြရလေတော့သည်။

ပိတ္တာလေး ကျေးရွာသူကျေးရွာသားများသည် အပူအပင်ကင်းမဲ့ အေးချမ်းစွာ အိပ်မောကျလျက်။

* * *

မချိုလေးတို့ မိသားစု သားအမိ သားအဖသုံးယောက်တို့သည် ညနေစောင်းသောအခါ မိမိတို့ရွာသို့ ပြန်ကြရန် ပြင်ဆင်ကြသည်။ အဘိုးငယ်ကို နှုတ်ဆက်၍ မိမိတို့ ပြန်ကြတော့မည်ဖြစ်ကြောင်း လျှောက်ထားကြသည်။

'အဘိုးငယ်ဘုရား တပည့်တော်တို့ ပြန်ကြပါတော့မယ်ဘုရား'

'ငါလဲ လိုက်ခဲ့မယ်'

မချိုလေး ဝမ်းသာပျော်ရွှင်ရပါသည်။ ခင်မင်လေးစားရသည့် အဘိုးငယ်နှင့်အတူ ခရီးသွားရပေတော့မည်။ စောစောလေးကပင် အဘိုးငယ်အား မိမိတို့ ရွာပြန်လျှင် အဘိုးငယ်ပါ လိုက်ခဲ့ပါ၊ လိုက်ခဲ့ပါဟု မချိုလေးက ပူဆာခဲ့ပါသည်။ ဒါကိုပင် အဘိုးငယ်က...

'ဆိတ်နို ငါ မအားဘူး။ အလုပ်ရှိသေးတယ်။ နင်တို့ပြန်ကြ'

အဲဒီတုန်းက မချိုလေး စိတ်မကောင်းဖြစ်ခဲ့ရသေးသည်။ ယခုတော့ စိတ်ပြောင်းလဲသွားပေပြီ။ အဘိုးငယ်က ဘာကြောင့် စိတ်ထားပြောင်းလဲသွားရခြင်းအပေါ် မချိုလေးခမျာ စဉ်းစား၍မရပါ။ အဘိုးငယ် စိတ်ထားပြောင်းလဲသွားရခြင်းကို အဘိုးငယ်သာလျှင် သိပါလိမ့်မည်။

အဘိုးငယ် လိုက်ပါလာ၍ သူတို့မိသားစု အန္တရာယ်တစ်ခုမှ ကင်းလွတ်ခဲ့ရသည်ကို ကြိုတင် မခန့်မှန်းမိခဲ့ကြပါ။ အဘိုးငယ် အတူတကွ လိုက်ပါလာ၍ ပျော်ရွှင်ရသည်ကိုသာ သိထားကြလေသည်။ အန္တရာယ်ကို ကြိုတင် သိမြင်နေသော အဘိုးငယ်ပါတကား။

သူတို့၏ စက်လှေကလေး ဘုန်းကြီးကျောင်းရေဆိပ်တံတားမှ စတင် ထွက်ခွာလာခဲ့ကြပါသည်။

ပိတ္တာလေးကျေးရွာ ညနေချိန်ဆည်းဆာအလှကား နေဝင်လုဆဲ ပုစွန်ဆီရောင်သွေး တောက်ပချိန် စက်လှေကလေး ပြေးလွှားနေသော ရှုခင်းသည် ပန်းချီကားတစ်ချပ်သဖွယ် ရှုမြင်ခံစားနိုင်ပေသည်။

ကမ်းခြေဘက်ခြမ်း လှပသော တောအလှရှုခင်းလေးများကို တစိုက်စိုက် ကြည့်ရှုခံစားရင်း ထွက်လာခဲ့ကြသည်မှာ နာရီဝက်ခန့် ရှိပေပြီ။

ထိုအချိန်တွင် ကောင်းကင်ယံမှ ပုစွန်ဆီရောင်သွေး တောက်ပခြင်းများ မှေးမှိန်လာသည်။ ညိုပုပ်ပုပ် အရောင်များ ဖုံးလွှမ်းလျက် မှိုင်းမှောင်ရီဝေလာကာ တိမ်မည်းကြီးများ ကြီးစိုးလာပါတော့သည်။

လေပြည်လေညင်းလေးများ တိုက်ခိုက်နေရာမှ တဖြည်းဖြည်း အရှိန်ပြင်းလာသည်။ လေတိုက်သံများက ဝေါခနဲ ဝှီးခနဲ တိုက်ခတ်လာပြီး လေထန်လာပါတော့သည်။ ကမ်းနားသစ်ပင်ကြီးများ လဲပြိုကုန်သည်။

မိုးသက်လေပြင်းများ ကျလေပြီကော။ ပြာမလော့မြစ်ကြီး ဒေါမာန်ပွားလေပြီ။ လှိုင်းလုံးကြီးများ တစ်လုံးပြီး တစ်လုံး တဝုန်းဝုန်း ရိုက်ခတ်တော့သည်။

'အဘိုးငယ် အဘိုးငယ် မုန်တိုင်းကျလာပြီ။ ဒုက္ခတွေတော့ ရောက်ကုန်တော့မှာပဲ'

'ကမ်းကိုကပ်ပါ၊ ကမ်းကိုကပ်ပါ'

'အစ်မရေ ငါကြောက်တယ် ဘုရား ဘုရား'

မိသားစုမှာ တစ်ယောက်တစ်ခွန်း အသံကုန် ဟစ်အော်ကြလေတော့သည်။ မျက်ကလဲဆန်ပျာ ခြေတုန်လက်တုန် ခြေမကိုင်မိ လက်မကိုင်မိနှင့် စက်လှေပေါ်တွင် ပြေးကြတော့မည့်ဟန် အားကိုးရာမဲ့နေကြလေသလော။ စက်လှေဘေးကို ပြာမလော့ လှိုင်းလုံးကြီးများက မညှာမတာ ရိုက်ခတ်နေကြတော့သည်။

အဘိုးငယ်၏ မျက်နှာကို ကြည့်လိုက်ကြသောအခါ စိုးရိမ်စိတ် အလျှင်းမရှိကြောင်း တွေ့ရှိရလေ၏။ မည်သည့်စကားကိုမှလည်းမပြော။ တည်ကြည်သော မျက်နှာထားဖြင့် စက်လှေဦးရှေ့ပိုင်း တူရူဆီသို့သာ စိုက်ကြည့်နေပါ၏။ ပြီးတော့ ဆုံးဖြတ်ချက်တစ်ခု ပိုင်နိုင်စွာ ချလိုက်သည်။

'အဘကြီး ကမ်းမကပ်နဲ့ မရတော့ဘူး
ဘာမှ မကြောက်နဲ့ စိတ်ကို ငြိမ်ငြိမ်ထား။
စက်ကို ပုံမှန်မောင်း ကျုပ် လက်ညှိုးညွှန်ရာ
တည့်တည့်ကို မောင်းတော့'

မချိုလေး၏ ဖခင်သည် အဘိုးငယ်ကို ယုံကြည်သည်။ မည်သည့်အခါမဆို အဘိုးငယ်ကိုသာ အားကိုးသည်။ အဘိုးငယ်၏ စကားကို မြေဝယ်မကျ နားထောင်သည်။ အဘိုးငယ် ညွှန်ကြားသည့်အတိုင်း လိုက်နာလုပ်ဆောင်လိုက်ပါ၏။

ယခုလို အသက်လုနေရသော အချိန်မျိုးတွင် အဘိုးငယ် ညွှန်ကြားသည့်အတိုင်း လိုက်နာလုပ်ဆောင်ခြင်းဖြင့် အချည်းနှီးဖြစ်စရာ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

မရှိပါ။ အဘိုးငယ် လက်ညှိုးညွှန်ရာ လမ်းအတိုင်း လှေဦးကို ဦးတည်မောင်း ပါတော့သည်။ မိမိ၏ စိတ်ကိုလည်း တည်ငြိမ်စွာ စုစည်းထားလိုက်ပါ၏။

မိသားစု အံ့ဩသွားကြရပါ၏။ ကြမ်းတမ်းသော လှိုင်းလုံးကြီးများကြား တွင် မလူးသာ မလွန့်သာ အသက်လု ပြေးနေသော စက်လှေလေး၏ ဦးတည် ရာ ရေမျက်နှာပြင်လမ်းကြောင်း ကျဉ်း ကျဉ်းလေးမှာ ရေလွှာသင်ဖြူး ခင်းထား သည့်နှယ် ဖြောင့်ဖြူးနေပါ၏။

စက်လှေလေးမှာ လှိုင်းလုံးကြီးများ ကြားတွင် ပြေးနေသော်လည်း စက် လှေလေးကို လှိုင်းလုံးရိုက်ခတ်ခြင်း မရှိတော့။ ပြန့်ပြူးသော ရေပြင်လွှာ စက်လှေလမ်းကြောင်း ပေါ်လာသည့် အချိန်အနည်းငယ်အတွင်း လှိုင်းလေ ငြိမ်သက်လာ၏။

ကောင်းကင်ယံတွင်လည်း ကြည် လင်လာသည်။ မချိုလေးသည် အဘိုး ငယ် ခြေထောက်ကို ဖက်တွယ်ကာ စက်လှေကြမ်းပြင်ပေါ်တွင် မှောက်ခုံပြု လေနေလေ၏။

မိုးသက်မုန်တိုင်း စဲသွားပြီး ရာသီ ဥတု ကြည်လင်လာပြီဖြစ်၍ မိသားစု သုံးဦးတို့မှာ ယခုမှပင် စိတ်နှလုံး တုံးတုံးချ ဝမ်းသာနိုင်ကြလေတော့ သည်။ သူတို့ မိသားစုသည် မောဟိုက် လျက် ပင်ပန်းနွမ်းနယ်နေကြသည်။ မိမိတို့ရွာသို့ရောက်ရန် အလှမ်းဝေးနေ သေးသည်။

စက်လှေကို ဆက်လက်မောင်းနှင် ရန် အချိန်ယူရပါဦးမည်။ ထိုအခြေ အနေကို နားလည်သော အဘိုး၏က သူတို့ကို သနားလာကာ...

'မင်းတို့လဲ ပင်ပန်းနေကြပြီ တရေး တမော အိပ်လိုက်ကြဦးကွာ'

အဘိုးငယ် စကားမဆုံးမီမှာပင်



သုံးဦးသားခမျာ ခြေကုန်လက်ပန်းကျ ကာ တုံးခနဲ အိပ်မောကျသွားကြလေ သည်။

မေးခနဲ တစ်ချက်သာ အိပ်ပျော်ပြီး တစ်ခဏချင်း ပြန်လည် နိုးထလာရာ စက်လှေလေးက နေရင်းရွာဆိပ်တွင် ဆိုက်ကပ်နေပြီဖြစ်ကြောင်း တအံ့ တဩ တွေ့လိုက်ကြရလေတော့ သတည်း။

* * *

မချိုလေး (၁၀)နှစ်ကျော်ကျော် အရွယ်တွင် ထူးထူးခြားခြား ဗိုက် အောင့်သည့်ဝေဒနာ ခံစားရလေ၏။

'အစ်မရေ ငါ ဗိုက်အောင့်တယ်'

မချိုလေး ဗိုက်အောင့်သည့် ဒဏ်ကို မခံစားနိုင်တော့သဖြင့် ကုန်း၍ အော် တော့၏။ အမေက ဆေးနည်းတိုဖြင့် လိမ်းဆေးလိမ်းပေး၏။ ဝမ်းဗိုက်ကို နှိပ်မပေးပါ။ ကျန်းမာရေး ဗဟုသုတ အနည်းငယ် ရှိဟန်တူ၏။ **(ဥမာ ဝမ်း တွင်းကလီစာ မလိုအပ်သော အကြော)**တို့ကို ထိခိုက်မည် စိုးရိမ်ဟန် ရှိ၏။

ဖခင်ကြီးလည်း စိတ်ပူရလေသည်။ အိမ်ရှိ ဆေးနည်းတိုဖြင့် မရ၍ ရွာထဲမှ ဆေးဆရာ ဆရာသိန်းကိုပင့်၍ ကုသ ပေးကြလေ၏။ ဆရာသိန်း၏ ဆေး ချက်နှင့်လည်း မကိုက်ညီပါ။ မချိုလေး ဗိုက်အောင့်သည့် ဝေဒနာက တိုး၍ တိုး၍ လာသည်။ (သုံး)ရက်ခန့် ကုသ သော်လည်း ရောဂါ မသက်သာပေ။

မချိုလေးသည် သူ၏ ဝေဒနာကို သည်းခံနိုင်စွမ်း မရှိတော့သဖြင့် မိဘ များကို ပူဆာလိုက်ပါတော့သည်။ သူမ အားကိုးသည်...

'အဘိုးငယ်ဆီကို ပို့ပေးပါ'

'ပို့ပေးပါ့မယ် သမီးလေးရယ်၊ အခု အမြန်ဆုံး ပို့ပေးပါ့မယ်၊ စက်လှေထွက် ဖို့ ပြင်ဆင်လိုက်တော့ဟေ'

မချိုလေး၏ ခန္ဓာကိုယ်သည် ချွေးစေးများဖြင့် ရွှဲနစ်နေပါသည်၊ ပြင်းထန်သည့် ဝေဒနာကြောင့် ချွေး ထွက်လွန်နေသည်။ စက်လှေကို အမြန် ဆုံး မောင်းနှင်ခဲ့ခြင်းကြောင့် မချိုလေး ၏ အသက်ကို ကယ်တင်ရန် အချိန်မီ ရောက်ရှိကြပါသည်။

ပိတ္တာလေးကျေးရွာ ဘုန်းတော်ကြီး ကျောင်းတွင် အဘိုးငယ်ကို အဆင် သင့် တွေ့လိုက်ရသည့်အတွက် သူတို့ မိသားစု ဝမ်းသာကြရပါသည်။

'အဘိုးငယ်...အဘိုးငယ်'

'ဆိတ်ခို့ ဘာဖြစ်လာတာလဲ'

'ဗိုက်အောင့်လို့ပါ ဘုရား၊ ကယ်ပ ဦးဘုရား'

'ဒကာတို့ ဆိတ်ခို့ကို ဘုရားစင်ရှေ့ မှာ ချထားလိုက်ပါ။ မင်းတို့ နောက် ဆုတ်ကြ'

အဘိုးငယ်က ပြောလည်းပြော သူ၏ ဆေးတောင်ဝှေးက သူ၏ ယာလက်ထဲတွင် အဆင်သင့် ဆုပ်ကိုင် ပြီး ဖြစ်လေသည်။

အဘိုးငယ်သည် မချိုလေး၏ ခေါင်း ရင်းဘက်တွင် နေရာယူလိုက်ပါ၏ မချိုလေး၏ ဦးခေါင်းကို သုံးချက်ခေါက် လိုက်သည်။ ပြီးနောက် မချိုလေး၏ ဗိုက်ကိုတည့်တည့်သို့ ဆေးတောင်ဝှေးနှင့် တို့လိုက်သည်နှင့်...

'အဘိုးငယ်ရေ ဗိုက်အောင့်တာ သက်သာသွားပြီတော့'



www.burmeseclassic.com

www.burmeseclassic.com

သမီးလေး၏ စကားကို ကြားလိုက်ရသော မိဘများ ဝမ်းသာလိုက်ကြသည်မှာ မျက်ရည်များ စို့ရွှဲသွားသည့်အထိ ဖြစ်တော့သည်။

'အမေ့ရဲ့သမီးလေး နေကောင်းသွားပြီနော် ဝမ်းသာလိုက်တာ သမီးရယ်'

'အစ်မရေ သမီး နေကောင်းသွားပြီ၊ အဖေရေ သမီး နေကောင်းသွားပါပြီ'


မချိုလေး နေကောင်းသွားပြီဆိုသောအခါ ပြုံး၍ ကြည့်နေသော အဘိုးငယ်ကို သူတို့မိသားစုမှ ကျေးဇူးတင်လျက် ပြိုင်တူထိုင်၍ ရှိသေစွာ ကန်တော့လိုက်ကြပါသည်။ ဆရာနှင့်တပည့်ဟူသည် ဤသို့ဤပုံသာဖြစ်ရပါမည်။ ဆရာနှင့်တပည့် အကြားမှာ ဘာဆိုဘာမှ မရှိရပါ။

အဖြူရောင်မေတ္တာ၊ သန့်စင်သော မေတ္တာသာ ရှိရပါမည် တစ်ဦးက စေတနာ၊ တစ်ဦးက မေတ္တာတွေထက်ပို၍ လိုအပ်သော အရာဆိုတာ မရှိပါတကား။ ဆေးစွမ်းထက်မြက်သည် ဆိုသည်မှာ ဖြူစင်သော မေတ္တာကို အခြေခံပါသည်။

လောဘ၊ ဒေါသ၊ မောဟများ ကင်းမဲ့သော သမားဂုဏ်နှင့် ပြည့်ဝနေသော ဆရာ၏ဆေးစွမ်း မည်မျှ ထက်မြက်ပါသလဲဆိုလျှင် မချိုလေး အရွယ်ရောက် ကြီးပြင်းလာပြီး အိမ်ထောင်ကျ အသက်အံ့ရွယ် အိုမင်းသည့်တိုင် အသက်အန္တရာယ် ပေးစေ[illegible]ာက်သော ရောဂါဝေဒနာဆိုးကြီးများနှင့် ဝေးကွာခဲ့ရလေသတည်း။

* * *

တစ်နေ့သောအခါဝယ် ဒကာ ဒကာမ အားလုံးကို ကျောင်းသို့ လာရောက်စုဝေးကြရန် အဘိုးငယ်က



ခေါ်ဆောင်လိုက်ပါ၏။

ဒကာ ဒကာမများ စုံညီစွာ ရောက်ရှိကြသောအခါ အဘိုးငယ်ထံမှ ဆုံးမသြဝါဒ စကားနှင့် ထူးခြားသော စကားကို ဝမ်းနည်းဖွယ်ရာ ကြားလိုက်ကြရလေ၏။ ဆုံးမစကားကို တိုတိုနှင့်လိုရင်းသာ မိန့်ကြားလိုက်ပါ၏။

'သတ္တဝါတွေရဲ့အပေါ် မေတ္တာ ထားကြရမယ်။ အကုသိုလ်ကင်းအောင် နေကြပါ။ ကိုယ့်ရဲ့ လောဘကို ခွေတာကြ၊ အဲဒါဆိုမင်းတို့ ချမ်းသာကြမယ်။ ငါ နောက်ဆုံးမှာကြားလိုတဲ့ အရေးအကြီးဆုံး စကားတစ်ခွန်း ပြောမယ်။ ငါသေရင် ငါ့ရဲ့ခန္ဓာကိုယ်ကြီးကို မီးမသင်္ဂြိုဟ်နဲ့'

သူတို့၏ ဦးခေါင်းကို မိုးကြိုးပစ်ချလိုက်သည့်နှယ် ရွာသားများသည် စိတ်မကောင်းစွာ ကြားလိုက်ကြရလေ၏။ အဘိုးငယ်ကား ရွာသားများကို နောက်ဆုံးစကား မိန့်ကြားလေပြီ။

အဘိုးငယ်သည် သူ သေမည့်ရက်ကို အတိအကျ မိန့်ကြားခဲ့ထားသည့်အတိုင်း နတ်တော်လဆန်း(၁)ရက်နေ့တွင် ပျံလွန်တော်မူလေသည်။

ရှိရင်းစွဲ နာခံတတ်သည့် အကျင့်ကသေသည်အထိ အရိုးစွဲ နာခံလေ့ရှိသော ရွာသားများသည် သူတို့၏ အရိုးခံဓလေ့အတိုင်း အဘိုးငယ်၏ အလောင်းကို မီးမသင်္ဂြိုဟ်ကြပါ။

အဘိုးငယ်၏ အလောင်းကို မှန်ခေါင်းသွင်းကြသည်။

မိမိတို့ရွာ အင်အားဖြင့် တတ်နိုင်သည့်အတိုင်းအတာ အလျောက် လုပ်ဆောင်ပေးကြပါသည်။ ကျေးဇူးရှင် အရင်းခေါက်ခေါက် အဘိုးငယ်၏ စကားကို မြေဝယ်မကျ နားထောင်လိုက်နာကြပါသည်။

စံကျောင်းကို စုလစ်မွမ်းချွန်တို့ဖြင့် မိမိတို့ အင်အားရှိသလောက် ပုံအော၍ ဆောက်လိုက်ကြပါ၏။

ရွာ၏ အနေအထားနှင့် ကြည့်မည်ဆိုပါက နတ်ဗိမာန်ကြီးတမျှ ခမ်းနားထည်ဝါလှပါဘိ။

အဘိုးငယ်အား (၃)နှစ်ခန့် မပုပ်မသိုး ပူဇော်ကန်တော့ခဲ့ကြရလေသည်။ ထိုကာလအတွင်း ဆံပင်ရိတ်ပေးရခြင်း၊ လက်သည်းခြေသည်း ညှပ်ပေးရခြင်းတို့ဖြင့် ကုသိုလ်ယူခဲ့ကြရလေသည်။

* * *

သူပုန်ခေတ်တစ်ခေတ် ထခဲ့ပါသည်။ အဘိုးငယ်၏ ရုပ်အလောင်းအား(၃)နှစ်ခန့် ပူဇော်ကန်တော့ခဲ့ကြရပြီး နောက်ခေတ်ကာလသည်ကား မုန်တိုင်းထန်လေပြီ။ သူပုန်များ ထကြွသောင်းကျန်းသည့် အချိန်အခါသမယသို့ ရောက်ရှိခဲ့ပါတော့သည်။

သူပုန်များ တစ်ရွာဝင်တစ်ရွာထွက် သောင်းကျန်းကြလေ၏။ ပိတ္တာလေးကျေးရွာသည်လည်း သူပုန်ရန်မှ မလွတ်ခဲ့ပါ။ သူပုန်များသည် ပိတ္တာလေးရွာသို့ ရောက်ရှိလာကြပြီး ရွာအတွင်းဝင်ကာ သောင်းကျန်းပါလေတော့၏။

ရွာကို မီးရှို့ကြသည်။ လူသတ်၍ ရက်စက်ရမ်းကားပြကြလေ၏။ အဘိုးငယ်၏ ရုပ်အလောင်းကို တွေ့ရှိကြလေ



www.burmeseclassic.com

www.burmeseclassic.com

သောအခါ...

'မင်းတို့ ကျက်သရေမရှိတဲ့ အလုပ်တွေ လုပ်နေကြတာပဲ၊ ရွာထဲမှာ လူသေအလောင်း မထားရဘူး၊ အလောင်းကို မီးရှို့ပစ်လိုက်ကြ'

ဟု ကြိမ်းဝါးကာ ရွာသားများကို အတင်းအကျပ် စေခိုင်းတော့၏။

ရွာသားများက နှမြောတသစွာ ကျေးဇူးရှင် အဘိုးငယ်၏ ရုပ်အလောင်းကို မီးမရှို့ရက်ကြပါ။ သောင်းကျန်းသူများက ရက်စက်ကြမ်းကြုတ်လာသောအခါ အားမတန် မာန်လျှော့ကာ အဘိုးငယ်၏ ရုပ်အလောင်းကို မီးရှို့လိုက်ကြရလေသည်။

မီးရှို့၍ ရုပ်အလောင်း မီးစွဲလောင်သည်နှင့် သူပုန်များ ထွက်ခွာသွားကြလေ၏။ သူပုန်များ ထွက်ခွာသွားသည်နှင့် ရွာသား ဦးလူခြောက်သည် မီးစွဲရန် ကျန်ရှိနေသော အဘိုးငယ်ရုပ်အလောင်း၏ ခြေမကို ကိုက်ဖြတ်ကာ ပါးစပ်အတွင်း ငုံထားလိုက်ပါ၏။

သူပုန်များနှင့် ရွာသားများ ခြေချင်းလိမ် ပြေးလွှားလှုပ်ရှားနေကြချိန်ဖြစ်၍ ထိုအဖြစ်အပျက်ကို မည်သူမျှ သတိမပြုမိလိုက်ကြပါ။

ရွာကလေး အေးချမ်းသောကာလသို့ ရောက်ရှိလာသောအခါ ဦးလူခြောက်သည် အဘိုးငယ် ခြေမလေးကို မြင့်မြတ်သော နေရာတွင် ထားကာ တရိုတသေ ကိုးကွယ်ထားပါသည်။

* * *

ပိတ္တာလေးကျေးရွာတွင် ဦးလူခြောက်သည် ခြေမလေးကို ကိုးကွယ်ထားရင်း စီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်လာသည်။ ဦးလူခြောက်သည် ချမ်းသာသည်ထက် ချမ်းသာလာသလို ရွာကလည်း အေးချမ်းမှုကလည်း ကင်းမဲ့လာခဲ့သည်။

သူပုန်များ၏ ဘေးရန်ကလည်း စိုးရိမ်ဖွယ်ရာအပြည့်။ ဦးလူခြောက်သည် ခင်မင်တွယ်တာရသော ပိတ္တာလေးကျေးရွာကို စွန့်ခွာကာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့၍ အခြေတကျ နေထိုင်လိုက်ပါတော့သည်။

ရန်ကုန်မြို့တွင် ကြီးပွားနေသော ဦးလူခြောက်သည် အဘိုးငယ်၏ ခြေမလေးကို လိုက်လိုက်လှဲလှဲ ကြည်ညိုမိသည့်အလျောက် သဒ္ဓါ ပိုမိုထက်သန်လာပါတော့သည်။ သူ ကိုးကွယ်ထားသည့် အဘိုးငယ်၏ ခြေမလေးကို ရွှေချကိုးကွယ်လိုက်ပါ၏။

ဦးလူခြောက်သည် ကျေးဇူးရှင် အဘိုးငယ်နှင့် ပိတ္တာလေးရွာကို မေ့မထားပါ။ ပိတ္တာလေးကျေးရွာ သတင်းကို နေ့စဉ်မပြတ် နားစွင့်နေပါ၏။ ပိတ္တာလေးကျေးရွာ အေးချမ်းပါစေဟု နေ့စဉ် ဆုတောင်းလျက် ရှိနေပါ၏။

တစ်နေ့သောအခါတွင်ကား ဦးလူခြောက်ဆန္ဒ ပြည့်ဝမည့်နေ့သို့ ရောက်ရှိလာပါတော့သည်။ သောင်းကျန်းသူ ရန်အပေါင်း ချုပ်ငြိမ်းသွားပြီဆိုသည့် သတင်းကို မင်္ဂလာရှိစွာ ကြားလိုက်ရပါ၏။

ရန်အပေါင်း လုံးဝချုပ်ငြိမ်းပြီး အေးချမ်းသွားပြီဟု စိတ်ချယုံကြည်လောက်စွာ သိလိုက်ရသည်နှင့် ပိတ္တာလေးကျေးရွာသို့သွားရန် အမြန်ဆုံး စီစဉ်လိုက်ပါ၏။

တစ်ခုသော နတ်တော်လတွင် လူဦးခြောက်သည် အဘိုးငယ်၏ ရွှေချထားသော ခြေမလေးကို ရန်ကုန်မြို့မှ ပိတ္တာလေးကျေးရွာသို့ ပင့်ဆောင်ခဲ့ပါသည်။ ပိတ္တာလေးကျေးရွာသူကျေးရွာသား အားလုံးကို အဘိုးငယ်၏ ခြေမလေးအား ဖူးဖော်ကန်တော့နိုင်ရန် ဦးလူခြောက် စီစဉ်လိုက်ပါ၏။

ကျေးဇူးရှင် အဘိုးငယ်၏ ဂုဏ်ကျေးဇူးကို မမေ့စေဘဲ သတိရစေသည့် ပွဲတော် (သို့မဟုတ်) အဘိုးငယ်၏ ကျေးဇူးတော် အောက်မေ့ဖွယ် ပွဲတော်ကို **နှစ်စဉ် နတ်တော်လတွင် ကျင်းပခဲ့ကြပါကြောင်း...။**

**အောင်မြင့်ထွန်း(*မသုံးလုံး*)**

**[ဤဇာတ်လမ်းကို ပြောပြသူ ဒေါ်ချိုလေး၏သား ကိုကိုနိုင် (မြောင်းမြစာတိုက်)အား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။]**


စာရှုသူ သူတော်သီနှင့်

ပါသနာရှင်များသို့...

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သောဖြစ်ရပ်များကိုရေးသား ပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်ကုသိုလ်တော် ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# မနှရှိရေယ်

မောင်ဖြိုးကြူ
(စီးပွားရေး)



ဤအဖြစ်အပျက်ကို ရေးဖို့ လက်ယားနေသည်မှာ ကြာပြီ။ ရေးဖို့ စဉ်းစားတိုင်း အချက်အလက်တွေ မပြည့်စုံသဖြင့် မရေးဖြစ်ခဲ့ချေ။ ဆက်စပ်မိသမျှကို မေးမြန်းစုံစမ်းရန် ရင်းမြစ် (source)ပျောက်နေသဖြင့် မချင့်မရဲ ဖြစ်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ် အခါခါပင်။

အမိကအကြောင်းကား ဤအဖြစ်အပျက်ကို ပြောပြခဲ့သော ကျွန်ုပ်၏ ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ နှစ်(၂၀)



www.burmeseclassic.com

www.burmeseclassic.com

ကြာမြင့်ခဲ့ပြီ ဖြစ်ခြင်းပင်။

ထို့ကြောင့် ဇာတ်လမ်းအစ ရှိပါလျက် ဇာတ်လမ်း အဆုံးမသတ်နိုင်ခြင်းပါပေ။ လွန်ခဲ့သည့် နှစ်(၄၀)ခန့်က ကြားခဲ့ရသည့်ဇာတ်လမ်းကို ထိုစဉ်က မိမိကိုယ်ကိုပင် အပြစ်တင်ရပါတော့မည်။

သို့သော် ဤကဲ့သို့သော လောကီပညာရပ်များ တကယ်ရှိသည်ကိုဖြင့် သိသင့်သည်ဟု ကျွန်ုပ် ယူဆမိသည်။

ရေငတ်တုံး ရေတွင်းထဲကျသည်ဟုပင် ဆိုရချိမ့်မည်ထင့်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအယ်ဒီတာချုပ်က ဖိတ်ခေါ်သည်ကို ဖတ်ရသဖြင့် ကျွန်ုပ်၏ မှတ်ဉာဏ်ကို အတန်တန် စုစည်းကာ (Memory recall)လုပ်၍ ရေးထုတ်လိုက်ရပါကြောင်း။

[ကျွန်ုပ်သည် တတိယတန်းကို ကျောက်ဖြူမြို့(ရခိုင်ပြည်နယ်)မှ ၁၉၇၅ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ဤသို့ဆိုသဖြင့် ကျွန်ုပ်အား ရခိုင်တိုင်းရင်းသားဟု မထင်မှတ်လိုက်ပါနှင့်။ ဖခင်တာဝန်ကျရာကို လိုက်ပါရခြင်းသာ ဖြစ်ပါသည်။

ဖခင်သည် ကျောက်ဖြူမှ ကယားပြည်နယ်၊ လွိုင်ကော်ကို ပြောင်းရပြန်သည်။ ထိုအခါ ရန်ကုန်မှ မီးရထားဖြင့် ကလောသို့ သွားခဲ့ရသည်။ ရန်ကုန်ဘူတာကြီးတွင် ရထားမထွက်မီ ဖခင်က စတုတ္ထတန်းတက်မည့် ကျောင်းသား ကျွန်ုပ်အတွက် ဘူတာအတွင်း တည်ခင်းရောင်းချသည့် စာအုပ်ဆိုင်မှ ဝတ္ထုစာအုပ်(၁၂)အုပ် ဝယ်ပေးခဲ့သည်။

မည်ကဲ့သို့သော စာအုပ်များဖြစ်မည်ထင်ပါသနည်း။ **"ညမဖတ်ရ"**ဟု အမည်ရသော တစ္ဆေသရဲဝတ္ထုတို ပေါင်းချုပ် အတွဲ(၁)မှ (၄)အထိ။

ထို့ပြင် စာရေးဆရာကြီး **မြစကြာ**နှင့် **မော်စက်ရှင်**တို့ ရေးသားသော **"ကျောက်မိကျောင်းသိုက်"**၊ **"ခရေပင်ဓောက်ထိုးသိုက်"**၊ **"မင်းစိန်မင်းသိန်သိုက်"** စသော သိုက်သမိုင်းစာအုပ်များနှင့် **"ထဘီမြို့ဆရာကြီး"** စသည့် အမည်ရသော အောက်လမ်း၊ အထက်လမ်းနှင့် စုန်းကဝေ ဝတ္ထုများ ဖြစ်သည်။

ထိုစဉ်မှစ၍ ကျွန်ုပ် စာဖတ်သည့် အလေ့အထကို ရရှိခဲ့ပါ၏။ (၀ါ) ဖခင်က ကျွန်ုပ်ကို စာဖတ်စေရန် စတင်လေ့ကျင့်ပေးခဲ့ခြင်းပါပေ။ (၀ါ) လောကီပညာရပ်များအကြောင်း စတင် မိတ်ဆွေဖွဲ့ခွင့်ရခြင်းပါပေ။ ***ဤကား စကားချပ်***] ဇာတ်လမ်းကို စ,ပါတော့မည်...

ဖခင်ဘက်မှ ကျွန်ုပ်၏ အဘိုးအမည်မှာ ဦးဘိုးခင်၊ အဘွားအမည်မှာ ဒေါ်နှစ် ဖြစ်သည်။ အဘိုးတွင် ညီအစ်ကိုချည်း ခြောက်ဦးရှိသည်။ အမည်များမှာလည်း ကာရံညီလှသည်။ ဘိုးတင်၊ ဘိုးသင်၊ ဘိုးမျှင်၊ ဘိုးရင်၊ ဘိုးခင်၊ ဘိုးဆင်တို့ ဖြစ်ကြသည်။

ဤညီအစ်ကိုများ၏ ဖခင် (ကျွန်ုပ်၏ အဘေးနှင့် အဆက်အနွယ်များ)မှာ ပုဂံခေတ်တွင် စစ်သူကြီးမျိုးရိုးများဟု ဆိုပါသည်။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်သောအခါ ပုဂံမှနေ၍ ရေကြည်ရာ မြက်နုရာ ဆိုသကဲ့သို့ အောက်မြန်မာနိုင်ငံသို့ လှေဖြင့် စုန်ဆင်းလာခဲ့ရာ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ် သရက်ကုန်းရွာကြီးသို့ ရောက်ရှိ အခြေချ နေထိုင်ခဲ့ကြသည်။

ညီအစ်ကိုအားလုံး ပန်းဆယ်မျိုးကို ဆရာဖြစ်မျှ တတ်မြောက်ကြသဖြင့် ထိုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

ဟိုစဉ်က ဘုန်းကြီးပျံပွဲများတွင် မပါမပြီးသော လောင်တိုက်ကြီး လောင်တိုက်ငယ်များအတွက် ဦးဖိုးခင်၏ လက်ရာမှာ အိမ်မဲတစ်ခွင်တွင် အလွန် နာမည်ကြီးလှသည်ဆို၏။

အစ်ကိုအကြီးဆုံး ဘိုးတင်(ဆရာတင်) အထက်လမ်း အတတ်ပညာ၊ အင်း၊ ဆေး၊ မန္တန် စသည်များကို လေ့လာ လိုက်စားခဲ့ရာ အတော်ပင် ခရီးပေါက်ခဲ့သလို ဒုတိယအကြီးဆုံးဖြစ်သူ ဘိုးသင်(ဆရာသင်)သည်လည်း အောက်လမ်းပညာတို့တွင် တစ်ဖက်ကမ်းခတ်ခဲ့သည်။ အောက်လမ်းဝိဇ္ဇာဟုပင် အခေါ်ခံရလောက်သည်အထိ ဖြစ်ခဲ့သည်။

တစ်နေ့တွင် ဆရာတင်က ညီဖြစ်သူ ဆရာသင်ကို ခေါ်ပြောခဲ့သည်။

'ငါ့ညီ မင်း အောက်လမ်းပညာတွေကို လိုက်စားခဲ့တာ အတော်ခရီးပေါက်ခဲ့ပြီဆိုတာ အစ်ကိုကြီးသိတယ်။ ဒါပေမယ့် မင်းရဲ့ ဒီအတတ်ပညာတွေက ဘုရားနဲ့လဲ မနီးစပ်၊ သံဃာနဲ့လဲ လုံးဝကင်း၊ တရားနဲ့ဆိုတာကတော့ အလှမ်းဝေးလှသကွာ။

ဒီအတတ်ပညာတွေနဲ့ မင်း ဘယ်သူ့ကိုမှ ဒုက္ခမပေးတဲ့အပြင် စုန်းကဝေ မြေဖုတ်ဘီလူး စတာတွေရဲ့ အပြုစားခံရလို့ ဒုက္ခရောက်နေသူတွေကို မင်း ကယ်တင်ပေးနေတာကိုလဲ အစ်ကိုကြီး သိတယ်။

ဒါပေမယ့် ငါ့ညီ မင်းတို့ငါတို့ဆိုတာ ဗုဒ္ဓဘာသာဝင်တွေပါ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ပြီး ဒီအဆုံးအမတွေနဲ့ နိဗ္ဗာန်လမ်းဖောက်ဖို့ ရည်မှန်းထားကြတာပါ။

ခု ငါ့ညီ အသက်လေးလဲ ရလာပြီ။ မင်းမှာ သူတစ်ပါး ဒုက္ခရောက်ရင် ကယ်တင်ပေးတဲ့ ကုသိုလ်ကလွဲလို့ သံသရာရိက္ခာ ဘာမှမရှိသေးဘူး။ ဒီပညာတွေကို ဆုပ်ကိုင်ပြီး မင်း တမလွန်ကို ကူးရင် အပါယ်လေးဘုံကို





www.burmeseclassic.com

www.burmeseclassic.com



ရောက်မှာမလွဲဘူး။

ဒီတော့ မင်းရဲ့ အောက်လမ်းပညာတွေကို စွန့်လွှတ်လိုက်ပါတော့။ မင်း လောကီပညာတွေကို လိုက်စားချင်သေးသယ်ဆိုရင်တော့ အထက်လမ်းဆိုင်ရာတွေကို ငါ သင်ပေးမယ်။

အေး... အစ်ကိုကြီး ဖြစ်စေချင်တာကတော့ တို့ညီအစ်ကို သံသရာမှာ မျက်နှာမငယ်ရအောင် ဝိပဿနာဘက်ကို ကူးကြပါစို့ကွာ။ အစ်ကိုကြီး မင်းကို ချစ်လွန်းလို့ ခုလိုပြောနေတယ်ဆိုတာ ဖိုးညီ သဘောပေါက်ပါ စဉ်းစားပါကွာ'

ညီအားလုံးက လေးစားချစ်ခင်ရသော အစ်ကိုကြီး၏ ဆုံးမစကားကို ကိုဘိုးသင် စဉ်းစားခဲ့သည်။ တစ်ဖက်တွင် အနှစ်နှစ် အလလ စွဲလမ်းတွယ်တာ လေ့လာဆည်းပူးခဲ့ရသော ပညာရပ်များကို စွန့်လွှတ်ရမှာလည်း နှမြောလှသည်။ အခြားတစ်ဖက်တွင်လည်း အစ်ကိုကြီးဖြစ်သူ၏ ပြောစကားက မှန်နေသည်။

**"ခွင့်သာတုန်းမှ မရှုန်းချင်လျှင် အရှုံး နှင့်ပြင်ရှိသေးလိမ့်လား"** ဟူသော လယ်တီဆရာတော်ကြီး၏ အဆုံးအမကဲ့သို့ ရခဲလှစွာသော လူ့ဘဝကို ရပါလျက်ကယ်နှင့် သံသရာတွင် အရှုံးကြီး ရှုံးပေတော့မည်။

နောက်ဆုံးတွင်မူ ကိုဘိုးသင်တစ်ယောက် စိတ်တုံးတုံးချ၍ ဆုံးဖြတ်လိုက်တော့သည်။

သူ စုဆောင်းသိမ်းဆည်းထားသမျှ အောက်လမ်းအတတ်ပညာနှင့် ဆိုင်သော ပစ္စည်းပစ္စယများ စာအုပ်စာတမ်း ပေပုရပိုက် စသည်တို့ကို ထုပ်ပိုးသိမ်းဆည်းလိုက်သည်။

တစ်ညနေတွင် အထုပ်ကြီးကို ပိုက်၍ ညီဖြစ်သူ ဘိုးရင် နေထိုင်သော တဲအိမ်လေးဘက် ကူးသွားခဲ့သည်။

တကယ်တော့ ဘိုးရင်သည် ညီအစ်ကို ခြောက်ဦးတွင် အိမ်ထောင်အစောဆုံးကျသူဖြစ်သည်။ သူ့ဇနီး မနှင်းမှာ သရက်ကုန်းရွာသူ မဟုတ် မြောင်းမြမြို့သူ ဖြစ်သည်။ မိဘများက ဆန်စက်တစ်လုံးနှင့် လယ်ဧကအတော်များများကို ပိုင်ဆိုင်ကြသော ကြေးရတတ်များ ဖြစ်သည်။

ဘိုးရင်တစ်ယောက် မြောင်းမြသို့ အလုပ်သွားလုပ်ရင်း လူငယ်ချင်း မေတ္တာမျှကြသည်။ မနှင်းမိဘများက သဘောမတူသဖြင့် ခိုးပြေးခဲ့ကြသည်။

မိဘများက ပစ်ထားသဖြင့် သျှောင်နောက်ဆံထုံးပါကာ သရက်ကုန်းတွင် လိုက်နေရရှာသည်။ မနှင်းကို ပြန်အပ်စဉ်ကလည်း မိဘနှစ်ပါးက သမီးကို ရိုက်နှက်ကြသေးသည်။

ဘိုးရင်ရှေ့တွင် ဖြစ်သော်လည်း ဘိုးရင် သည်းခံခဲ့သည်။ ထိုမျှမက ပစ်ပစ်ခါခါ ပက်ပက်စက်စက် ပြောလာသောအခါ ဘိုးရင် ရင်နာလှသည်။

ထို့ကြောင့် မြောင်းမြသို့ ခြေဦးမျှပင် မလှည့်တော့ပြီ။ ရင်ထဲရှိ အာဃာတအကြိတ်အခဲကိုကား ဘိုးရင် မျိုသိပ်ထားခဲ့သည်လေ။

* * *

ခြံဝင်းတံခါးမှ ဝင်လာသည့် ခြေသံကြောင့် ဘိုးရင်သည် ပန်းပုရုပ်တစ်ခုကို အချောသတ်နေရာမှ ခေါင်းမော့ကြည့်လိုက်ရင်း ဝမ်းသာအားရ ဆီးကြိုသည်။

'ဟော အစ်ကိုလတ်ပါလား၊ လာ အစ်ကို ရေနွေးကြမ်းသောက်ပါဦး၊ ထန်းလျက်ခဲလဲ ရှိတယ်။ ထမင်းရောစားခဲ့ပြီလား။ အစ်ကိုလတ် မလာတာ တောင် အတော်ကြာပြီနော်'

ကိုဘိုးသင်က ကွပ်ပျစ်တွင် ဝင်ထိုင်ပြီး ပါလာသည့် အထုပ်ကြီးကို ဘေးတွင် ချထားလိုက်သည်။ ဘိုးရင် ကမ်းပေးသော ရေနွေးကြမ်းပန်းကန်ကို ယူပြီး တစ်ကျိုက်သောက်လိုက်သည်။

'မင်းတို့ရော ထမင်းစားပြီးကြပြီလား၊ မနှင်းရော မတွေ့ပါလား'

ဟု မေးသည်။

'စားပြီးကြပါပြီ။ မနှင်း ရွာထဲ ခဏသွားတယ်။ ဒါထက် ဒီအထုပ်ကြီးက ဘာတွေလဲ အစ်ကိုလတ်'

ဟု ဘိုးရင်က ဖြေရင်းမေးသည်။

'မနှင်း မရှိတာ အတော်ပဲဟေ့။ အေးကွာ... မနှင်းခမျာ သနားဖို့ကောင်းပါတယ်။ မိဘက ပစ်ထားပြီး လင့်တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်နေရရှာတာ ဂရုစိုက်ပါကွာ'

'ချစ်လို့ ယူခဲ့ကြတာပဲ အစ်ကိုလတ်ရယ်၊ ကျွန်တော် ဂရုစိုက်ပါတယ်'

ဟု ဘိုးရင်က ပြန်ဖြေသည်။ ကိုဘိုးသင်က ပန်းကန်ထဲမှ ရေနွေးကြမ်းကို မော့သောက်လိုက်ပြန်သည်။ ပြီးမှ...

'ငါလာတဲ့အကြောင်းက ဒီလိုကွ



www.burmeseclassic.com

www.burmeseclassic.com

ဒါ ငါပိုင်တဲ့ ပညာရပ်ဆိုင်ရာ ပစ္စည်းတွေပဲ။ ငါ ဒီပညာတွေကို လေ့လာလိုက်စားခဲ့တာ နှစ်အတော် ကြာပြီဆိုတာ မင်းလဲ သိပါတယ်'

ဘိုးရင်က ခေါင်းညိတ်ပြီး အသိအမှတ်ပြုသည်။

'ခုတော့ ဒီပညာတွေကို ငါစွန့်ဖို့ ဆုံးဖြတ်လိုက်ပြီ။ ကောင်းရောင်းကောင်းဝယ်လုပ်စားပြီး တမလွန်အတွက်ပဲ ကြိုးစားတော့မယ်ကွာ'

ဘိုးရင်က...

'နှမြောစရာကြီး အစ်ကိုလတ်ရယ်'

ဟု ဆိုရှာသည်။

'မတတ်နိုင်ဘူးကွာ၊ ဒီတစ်တဝနဲ့ သံသရာနဲ့လဲရမှာပဲ။ ဒီပညာတွေတတ်တော့လဲ အင်း... သိပ်ပြီး အကျိုးကြီးလှတယ် မဟုတ်ဘူးကွ။ ဒုက္ခရောက်သူတွေကို ရံဖန်ရံခါ ဆိုသလို ကယ်တင်ပေးရရုံပါပဲ။

ကဲ...ဒီတော့ ငါ့ညီဒီအထုပ်ထဲက ပစ္စည်းတွေကို ဟောဟို ခြံထောင့်က ကုက္ကိုပင်အောက်မှာ အားလုံး မီးပုံရှို့ပေးပေတော့ ဟုတ်ပြီလား။ ကဲ ငါပြန်မယ်'

ကိုဘိုးသင်က ပြောပြောဆိုဆိုဖြင့် နေရာမှ ထလိုက်သည်။ ဘိုးရင်က ခြံဝထိ လိုက်ပို့သည်။ ပြီးမှ တဲဆီပြန်လာကာ ကိုဘိုးသင်ထားခဲ့သော အထုပ်ကြီးကို မ,ကာ ခြံထောင့် ကုက္ကိုပင်အောက်သို့ လှမ်းခဲ့သည်။

အဆင်သင့်ရှိသော ရေပေါ်စာများ၊ သစ်တိုသစ်စများဖြင့် မီးမွေးသည်။ အနီးရှိ သစ်ကိုင်းခြောက်များကို ပစ်ထည့်ပြီး မီးရှိန်ကိုမြှင့်လိုက်သည်။ မီးအရှိန်ရလာသောအခါမှ အထုပ်ကို ဖြေပြီး တစ်ခုချင်း မီးထဲသို့ ပစ်ထည့်လိုက်သည်။

အချိန်ကား ညနေစောင်း တောင်စွယ်တွင် နေကွယ်ချိန်၊ သို့သော် ဘာဏုရာဇာနေမင်း၏ အရှိန်အဝါကား



ကျန်နေဆဲ။ ထင်ထင်လင်းလင်း အလင်းရောင်ရှိဆဲ စာရွက်တွေ၊ အရိုးတွေ၊ အင်းတွေ၊ ဆေးတွေ၊ ပေပုရပိုက်တွေ တစ်ခုပြီးတစ်ခု ပစ်ထည့်သမျှကို မီးက ဝါးမျိုနေသည်။

တစ်ခါတစ်ရံ မီးခိုးကြီးများ အလုံးလိုက် မည်းမှောင်တက်လာတတ်သလို တစ်ခါတစ်ရံ နီနီဝါဝါပြာပြာ အရောင်မျိုးစုံတွေ ပြန့်ကျဲထွက်လာသည်။

တစ်ခါတစ်ရံ လူလိုလို၊ ဘီလူးလိုလို၊ နဂါးလိုလို ပုံသဏ္ဍာန်မျိုးစုံကိုလည်း မီးတောက်မီးလျှံတွေကြားမှာ မြင်ရသည်။

ကိုဘိုးသင် ထားခဲ့သော အထုပ်ကြီးထဲမှ ပစ္စည်းတွေ ကုန်သလောက်ရှိပြီ။ မီးအရှိန်ပင် ပြန်ကျစပြုပြီ။ အမှောင်လည်း လွှမ်းစပြုပြီ။ နောက်ဆုံး အနီရောင်ဖဲကြိုးဖြင့် အသေအချာ စည်းနှောင်ထားသော သားရေဖုံးဖြင့် စာအုပ်ထူထူတစ်အုပ်သာ ကျန်တော့သည်။

အဖုံးပေါ်တွင် ရွှေရောင်မင်များဖြင့် ရေးချယ်ထားသည်။ အားလုံးထက် ထူးခြားနေသည်ဟု စိတ်ထင်သဖြင့် ဘိုးရင်က မီးမရှို့ဘဲ ချန်ထားလိုက်သည်။

ထိုစာအုပ်အောက်တွင် ကြေးပုရပိုက်ငယ်တစ်ခုကို တွေ့ရသည်။ နောက်ဆုံးလက်ကျန်ပစ္စည်း ဘိုးရင်က ထိုကြေးပုရပိုက်ကို မီးဖိုထဲ ပစ်ထည့်လိုက်သည်။

သူပဲ လက်ချော်သွားလေသလား မသိ။ ကြေးပုရပိုက်က မီးတောက်သေးပြာပုံထဲ ကျသွားသည်။ ဘိုးရင်က အနီးရှိ တုတ်တစ်ချောင်းဖြင့် ကော်ထည့်ကြည့်သည်။ ကော်၍မရ။

သုံး,လေးကြိမ် ကြိုးစားကြည့်သော်လည်း မရသဖြင့် စိတ်မရှည်တော့ဘဲ ဒီအတိုင်းပင် ထားလိုက်တော့သည်။ မှောင်လာပြီ။ ဘိုးရင် ထိုင်ရာကထ ခါးဆန့်လိုက်သည်။

အနီးရှိ ဖဲကြိုးအနီစည်းထားသော သားရေဖုံးဖြင့် စာအုပ်ကို ကောက်ယူလိုက်ပြီး တဲဆီသို့ လှမ်းခဲ့တော့သည်။

နောက်နေ့မနက် ခြံတွင်း၌ ဘိုးရင် အမှိုက်သိမ်း တံမြက်စည်း လှည်းရင်း ညက မီးပုံရှိရာသို့ ရောက်သွားသည်။ ပြာများကို သိမ်းဆည်းလိုက်သောအခါ မနေ့က မီးပုံထဲ ထည့်မရခဲ့သော ကြေးပုရပိုက်ငယ်ကို ပြာမှုန့်များအောက်တွင် တွေ့ရသည်။

ဘိုးရင်က ကောက်ယူလိုက်ပြီး ပုရပိုက်ပေါ်မှ ပြာများကို လက်ဝါးဖြင့် ပွတ်လိုက်သည်။ ပြီးမှ ပခုံးပေါ်မှ တဘက်ဖြင့် သုတ်လိုက်သည်။ ကြေးပုရပိုက်က သာမန်ထက် အရောင်လက်နေသည်ဟု ဘိုးရင်က ထင်မိသည်။

* * *

ဘိုးရင်တစ်ယောက် ညညဆို မအိပ်မနေ အိပ်မောကျသွားပြီဆိုသည်နှင့် အိပ်ရာမှထ ဘုရားစင်ရှေ့တွင် မီးခွက်ထွန်းပြီး စာအုပ်ကို သဲကြီးမဲကြီး ဖတ်သည်။ ကြေးပုရပိုက်ကို လေ့လာသည်။ လျှို့ဝှက်ချက်ကို ဖော်သည်။ နှစ်လဆိုသောအချိန်တွေ ဘယ်လိုကုန်သွားမှန်း



www.burmeseclassic.com

www.burmeseclassic.com

မသိလိုက်။

ထို့နောက်ပိုင်း ဘိုးရင်တစ်ယောက် ညနေစောင်းပြီဆိုသည်နှင့် အိမ်မှ ပျောက်ပျောက်နေပြန်သည်။ အိမ်နီးချင်းတို့က ဘိုးရင်ကို မတွေ့၍ မနှင်းကို မေးသောအခါ မနှင်းမဖြေတတ်။ မနှင်းက ဘိုးရင်ကို မေးသောအခါလည်း ဘိုးရင်က အဖြေက ဝေ့လည်ကြောင်ပတ်။

ရက်အတန်ကြာသောအခါ ရွာသားအချို့က ညကြီးအချိန်မတော်တွင် ဘိုးရင်ကို ရွာထိပ် သချိုင်းကုန်း၌ တွေ့မိသလိုလို ပြောလာကြသည်။

ကာလသားအချို့ အခြားရွာသို့ အလည်သွားရာမှ မူးရူးပြီး ညသန်းခေါင်ကျော်ချိန် ရွာပြန်လာကြစဉ် သချိုင်းထဲ၌ ဘိုးရင်လိုလို တစ်စုံတစ်ဦးကို မြင်မိ▮ဆလိုလိုလည်း ပြောကြပြန်သေးသည်။

ဒီလိုနှင့် အချိန်တွေကုန်လာသည်။ တစ်ရက် ညရှစ်နာရီခန့်တွင် ဘိုးရင် အပြင်မှ အိမ်သို့ ပြန်ရောက်လာသည်။ ခရီးရောက်မဆိုက်မှာပင် သူ့ဇနီး မနှင်းကို ပြောသည်။

'မနှင်း မင်းအဖေ နေကောင်းပုံမရဘူး။ သွားပြန်ကြည့်လိုက်ဦး'

'အို...ကိုဘိုးရင်ကလဲ နိမိတ်မရှိနမာ မရှိ မနေ့တစ်နေ့ကပဲ မြောင်းမြက အသိတစ်ယောက်နဲ့ တွေ့လို့ အဖေတို့ အမေတို့ နေကောင်းကြတယ်လို့ ကြားပြီးသားဟာ'

မနှင်းက ခပ်ပေါ့ပေါ့ပင် ပြောသည်။ ဘိုးရင်၏ မျက်နှာတွင် မထီတရီဖြင့် အပြုံးတစ်စ ပေါ်လာသည်။ မနှင်း သတိမထားမိလိုက်။

ဘိုးရင်က မနှင်းကို တစ်စုံတစ်ရာ ခွန်းတုံ့မပြန်ဘဲ လက်ထဲမှ ကြက်ဥလေးကို ဘုရားစင်ပေါ်ရှိ ပန်းကန်လုံးလေး



ထဲတွင် သွားထည့်ထားလိုက်သည်။

နောက်ရက်များတွင် ထိုကြက်ဥလေးမှာ တဖြည်းဖြည်းချင်း အရောင်ပြောင်းလာသည်။ ပန်းရောင်ဖျော့ဖျော့မှ ပန်းရောင်ရင့်ရင့် ယင်းမှ အညိုရောင်ဘက်သို့ ပြောင်းလာသည်။ တစ်ဖန် ညိုပုပ်ပုပ်ဖြစ်လာသည်။ အချိန်ကား တစ်ပတ်ခန့်ကြာခဲ့ပြီ။

ထိုညနေတွင် ဘိုးရင်က ထိုကြက်ဥလေးကိုယူပြီး သချိုင်းကုန်းသို့ သွားသည်။ သချိုင်းမြေတွင် ထိုကြက်ဥလေးကို ပေါက်ခွဲပစ်လိုက်တော့သည်။

နောက်တစ်ရက်တွင် လူတစ်ယောက် မနှင်းထံ ရောက်လာသည်။ မနှင်း အဖေ မနေ့ညက ဆုံးပြီဖြစ်ကြောင်း လာအကြောင်းကြားခြင်း ဖြစ်သည်။ မနှင်း အံ့ဩတကြီး ဖြစ်သွားသည်။ တက်မတတ် ချက်မတတ်ဖြစ်ပြီး မြောင်းမြမြို့သို့ လိုက်သွားရသည်။

ဖခင်ရက်လည်ပြီးမှာ ပြန်လာခဲ့သည်။ မနှင်းစိတ်ထဲတွင်လည်း အလွန်အံ့ဩနေသည်။ ဘယ့်နှယ် ဘယ့်နှယ် အကောင်းပကတိကြီး ရှိနေရာမှ ကောက်ကာငင်ကာ ရောဂါရှာမရဘဲ တစ်ပတ်အတွင်း ကွယ်လွန်သွားခဲ့သည်တဲ့လေ။

အချိန်အားဖြင့် တစ်လခန့် ထပ်မံကြာသွားသည်။ တစ်ရက်တွင် ဘိုးရင်က မနှင်းကို ပြောသည်။

'မနှင်း မင်းအမေ သိပ်နေကောင်းပုံမရဘူး။ သွားကြည့်ချင် ကြည့်လိုက်'

မနှင်းမယုံ၊ သုံးရက်ကြာသောအခါ လူကြုံရောက်လာသည်။ မနှင်းအိမ်က လွှတ်လိုက်သူ မနှင်းအမေ အသဲအသန်ဖြစ်နေကြောင်း လာပြောခြင်းပင်။ မနှင်းမနေသာတော့ မြောင်းမြသို့ လိုက်သွားသည်။ တကယ်ပင် အမေ အိပ်ရာထဲလဲနေသည်။

အကောင်းပကတိကြီးမှ ရုတ်တရက် ဖြစ်သွားခြင်း။ ဆေးထိုးဆေးသောက်လုပ်သော်လည်း မထူးခြား။ သွေးရိုးသားရိုးမဟုတ်ဟု လူတွေက ပြောကြသည်။ တစ်ရက်ထက် တစ်ရက် ရောဂါပိုသည်းလာသည်။

မနှင်းရောက်ပြီး လေးရက်မြောက်ညတွင် မနှင်း အမေဆုံးသည်။ ရက်လည် ဆွမ်းသွတ်ပြီးနောက် မနှင်း တစ်ယောက် မျက်တွင်းဟောက်ပက်ဖြင့် ရွာပြန်ရောက်လာသည်။

ဘိုးရင်နှင့် မနှင်းတို့ ဇနီးမောင်နှံ ပိုနေမြဲ ကျားနေမြဲ ဖြစ်နေပြီး တစ်လခန့် အကြာတွင် တစ်ညနေတွင် အပြင်မှ ပြန်လာသော ဘိုးရင်က မနှင်းကို ပြောပြန်သည်။

'မနှင်း မင်းအစ်ကိုကြီး နေကောင်းပုံ မရဘူး။ သွားကြည့်လိုက်ဦး'

ဘိုးရင်က လက်ထဲမှ ကြက်ဥကို ဘုရားစင်ပေါ် သွားတင်ထားသည်။ ဒီတစ်ခါတော့ မနှင်း မနေရဲတော့။ နောက်နေ့ မနက်တွင်ပင် မြောင်းမြမြို့သို့ သုတ်ခြေတင်တော့သည်။

တကယ်ပင် သူ့အစ်ကိုကြီး အိပ်ရာထဲလဲနေသည်ကို တွေ့ရသည်။ ယောက်မက မနေ့က စဖြစ်တာဟု



www.burmeseclassic.com

www.burmeseclassic.com

ပြောသည်။ မနှင်း ရင်ထဲ တစ်မျိုး တစ်မည် ဖြစ်သွားသည်။ တစ်ပတ် အကြာတွင် အစ်ကိုကြီး ဆုံးပြန်သည်။

အဖေ၊ အမေ၊ အစ်ကိုကြီးတို့ ဆုံးသည်မှာ ရှေ့ဆင့်နောက်ဆင့် တစ်လစီသာခြားသည်။ ဘိုးရင်ပြောပြီး တစ်ပတ်အကြာတွင် တစ်ယောက် ဆုံးသည်ကို မနှင်း သတိထားမိလာသည်။

ဘိုးရင်း ဘယ်လိုလုပ်သိနေသလဲ၊ ဘာတွေလုပ်နေသလဲ တကယ်ပင် ဘိုးရင် လက်ချက်ဖြစ်နေသလား။ မနှင်း ဘိုးရင်ကို ရင်ထဲက စိမ့်၍ပင် ကြောက်လာသည်။ ရွာက လူတွေလည်း အံ့သြမဆုံး။ အခြေအနေက ဒီတွင် ရပ်မနေ။

တစ်ညနေတွင် ဘိုးရင် အပြင်က ပြန်လာသည်။ ထုံးစံအတိုင်း သူ့လက်ထဲတွင် ကြက်ဥတစ်လုံးကို ကိုင်လျက် မနှင်းကို ပြောသည်။

'မနှင်း မင်းအစ်ကိုလတ်ကို သွားကြည့်လိုက်ဦး'

တဲ့။

မနှင်း မြောင်းမြသို့ ပြေးရပြန်သည်။ တစ်ပတ်ကြာတော့ အစ်ကိုလတ်ဆုံးပြန်သည်။

မနှင်း ဘိုးရင်ကို အကြောက်ကြီး ကြောက်လာသည်။ သူ့ဆွေမျိုးရင်းချာတွေကို ဘိုးရင် "ပညာရှိနည်း"ဖြင့် အပြီးအတေားကြီးစွာ သတ်နေသည်ကို သိသလို မသိသလိုရှိသည်။

ဘိုးရင်နှင့် ဆက်မပေါင်းချင်ပြီ။ ကွာပေးပါလို့တော့ လေသံမျှပင် မဟရဲ။ လက်ဆုပ်လက်ကိုင်မှ မပြနိုင်ဘဲ၊ ခက်ပါဘိ။ အစ်ကိုလတ်ဆုံးပြီး နောက်ပိုင်း ဘိုးရင်က "ဟဲ့မနှင်း"ဟု တစ်ချက်ဟောက်လိုက်ရုံဖြင့် မနှင်းခမျာ သေးဖျန်းဖျန်းပါရချေသည်။

ဒီလိုနှင့် မနှင်း၏ မောင်နှင့် ညီမ အငယ်ဆုံးတို့ တစ်လစီသာခြားပြီး တမလွန်သို့ ကူးပြောင်းခဲ့ရချေပြီ။ မနှင်းခမျာ တစ်သက်တာတွင် တစ်ကောင်ကြွက်တစ်မျက်နှာဖြင့် မျက်နှာငယ်စွာ ကြောက်ရွံ့စွာနေသွားရရှာသည်။

ဘိုးရင်ကတော့ သူ့အိမ်ခြံလေး အတွင်းမှ အခြားရွာသားတစ်ဦးပိုင်သော သီးနှံစုံစိုက်ပျိုးထားသည့် တစ်ကေခန့် ခြံကျယ်ကြီးတစ်ခုအတွင်းသို့ ပြောင်းရွှေ့နေထိုင်သည်။ ခြံထွက်သီးနှံမှန်သမျှကို သူပိုင်ကဲ့သို့ သဘောထားပြီး ရောင်းစားသည်။

ခြံနားသို့လည်း လူမပြောနှင့် ကျွဲနွားများပင် မကပ်ရဲ။ ခြံထဲဝင်ဖို့ကတော့ ဝေလာဝေးပေါ့။ ခြံရှင်ခမျာလည်း ဘာမျှပင်မပြောရဲရှာ။ မနှင်း၏ မိသားစုများနောက်သို့ သူမှ လိုက်မသွားရဲတာလေ။

ကဲ စာရှုသူရေ...တကယ့်ဖြစ်ရပ်မှန်တစ်ခုကို ဖတ်ကောင်းအောင် တန်ဆာဆင်ပြီး တင်ဆက်လိုက်တာပါ။ ယုံချင်ယုံ မယုံချင်နေပါ။ ဒီလို "ပညာ"တွေ တကယ့်ကို ရှိတယ်ဆိုတာတော့ အမှန်ပါပဲလို့။

**(ဦးဘိုးရင် မည်သို့ နေထိုင်သွားခဲ့သည်၊ မည်သို့ ကွယ်လွန်သွားခဲ့သည်ကို ကျွန်ုပ်၏ ဖခင်အား မမေးမိခဲ့ခြင်းအတွက် ပရိသတ်ကြီးကို တောင်းပန်ပါ၏။)**

*ရွှင်လန်းချမ်းမြေ့ကြပါစေ။*

**မောင်အေးကြူ(စီးပွားရေး)**

## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .

အထက်ပါ ဆောင်းပါးကို စာဖတ်ပရိသတ်များ ဖတ်ရှုပြီး ဖြစ်ပါလိမ့်မည်။ ယခုအခါ ထိုအောက်လမ်း အတတ်ပညာများ တတ်ကျွမ်းသူ အတတ်ပညာရှင်များနှင့်အတူ အတော်များများ ပျောက်ကွယ်သွားပြီဟု ယူဆရပါသည်။ တွေးကြောက်ပြီး...ဥပါဒါန်ကြောင့် ဥပဒ်မရောက်စေလိုပါ။

**ဘုရား၊ တရား၊ ရတနာသုံးပါးနှင့် ဝိပဿနာတရားတို့၏စွမ်းအားသည် ထိုအောက်လမ်းပညာများ၏ စက်ကို ဖြတ်တောက်နိုင်စွမ်းရှိပါသည်။**

သို့ပါ၍ စာဖတ်ရှုသူများအနေဖြင့် ရတနာသုံးပါးကို မမေ့လျော့ဘဲ ဝိပဿနာတရား ပွားများ အားထုတ်ကြပါရန် တိုက်တွန်းအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



လွယ်ကြောင်တောင်

# ဝိပ္ပဒေဒေးရှင်

**သရက်သီးမှည့်ဖျော်ရည်**

ဆရာတော်ကြီးများနှင့် ပတ်သတ်သည့် အကြောင်းအရာများကို လူတွေက ပြောဆိုလာလျှင် ချင့်ချိန်၍ ယုံရ၏။

လူတွေဆိုတာ သဒ္ဓါလွန်တတ်သလို ချဲ့တတ် ကားတတ်သောကြောင့် ဖြစ်သည်။ ရဟန်းတော်ချင်းချင်း ပြောဆိုလာလျှင်တော့ ဂရုစိုက်၍ နားထောင်ရတော့သည်။

**မြိုင်ကြီးငူဆရာတော်** ဆိုသည်မှာ အထူးထင်ရှား လူသိများပါသည်။ ပြည်တော်ဝင်ပုဂ္ဂိုလ်များကို သာသနာပြုနေသောကြောင့်လည်း ပို၍ ထင်ရှားပါသည်။

အထူးရေးသားတင်ပြစရာ မလိုသော်တော့သော်လည်း **ဆရာတော်၏ ငယ်သူငယ်ချင်းဖြစ်သော ဆရာတော် ဦးဝရဉာဏ(မဟာကမ္မဋ္ဌာနာစရိယ၊ မင်းရပ်ချောင်း)ပဋိပတ္တိသာသနာ့ရိပ်သာ**ဆရာတော် ရေးသားသည့်စာအုပ် ဖတ်ရသောအခါ စိတ်ဝင်စားစရာကောင်းသည့် အကြောင်းအရာအချို့ကို ပြန်လည် တင်ပြလိုပါသည်။

ဆရာတော်သည် တိုင်းရင်းသားတစ်ဦး ဖြစ်သောကြောင့် ရိုးသားသည်။ ဖွဲ့ လုံ့လ ကြီးမားသည်။ ဆရာတော်ပိုင်သော သပိတ်သည် အထူး စိတ်ဝင်စားစရာ ကောင်းသည်။ ထိုသပိတ်ဖြင့် ဆရာတော် ခံယူလာသော ဆွမ်းများကို မဆေးမကြောချင်း လူပေါင်းများစွာ စားနိုင်သည်ဟု သိရပါသည်။

နေ့ပေါင်းများစွာ ပြေးရင်းလွှားရင်း ဒုက္ခရောက်လာသူများ ဆရာတော်၏ ဆွမ်းကျန်များကု ဒဘာလောင်မွတ်သိပ်စွာဖြင့် ဝိုင်းအုံနှိုက်စားကြသော်လည်း ဆွမ်းမကုန်ပေ။ ထိုသပိတ်သည် ယခုအခါ ဘုရားမှာ ဌာပနာလိုက်ပြီ ဖြစ်သောကြောင့် မရှိတော့ပေ။

ဆရာတော်၏ ဖွဲကပင်တောင် ဖြစ်ရပ်ကလည်း စိတ်ဝင်စားဖွယ်ကောင်းလှ၏။ ဆရာတော်သည် နေ့လယ်(၁)နာရီခန့်တွင် ဖွဲကပင်တောင်ပေါ်သို့ ဘုရားဖူးတက်လာပါသည်။

ရာသီဥတုက အလွန်ပူသောကြောင့် ဆရာတော်သည် ရေဆာလာပါသည်။ နတ်ရေကန်ရောက်မှ သောက်တော့မည်ဟု စိတ်ပိုင်းဖြတ်ကာ ဆက်၍ တက်ခဲ့သည်။

နတ်ရေကန်ရောက်တော့ နတ်ရေကန်ထဲမှာ မစင်သုံးတုံးက ဆီးကြိုနေ၏။ ထိုချေးသုံးတုံးသည် လက်သီးဆုပ်ခန့်ရှိ၏။ နေကာပူ ရင်ကာပူ မသောက်ရမနေနိုင်တော့သောအခါ ပါလာသောသပိတ်ဖုံးဖြင့် ချေးတုံးကို ရစ်ပတ်၍ ရေခပ်သော်လည်း ချေးတုံး တစ်တုံးတုံးက ပါ,ပါနေ၏။

မထူးတော့ပြီဖြစ်၍ ထိုမစင်တုံးကိုပင် လက်ဖြင့် နယ်ချေ၍ ထိုရေကိုပင် သောက်ချလိုက်တော့သည်။ ထူးဆန်းစွာ မောပန်းမှုတွေ လုံးဝ ကင်းစင်သွား



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

တောင်ပေါ်ရောက်တော့ ကျောင်းထိုင်ဘုန်းကြီးကို အဖြစ်အပျက်လျှောက်ထားရ၏။ ထိုအခါမှ တောင်ပေါ်ကျောင်းဘုန်းကြီး နှစ်ပေါင်းများစွာ ရှာဖွေနေသည့် ဝိဇ္ဇာဆေး ဖြစ်နေတော့သည်။

တောင်ပေါ်ကျောင်းဘုန်းကြီး အပြေးဆင်း၍ ရှာဖွေသော်လည်း လက်ကျန်ချေးတုံးများ မတွေ့ရတော့ပေ။

**ပဲခူးရွှေမောဓော ဘုရားပေါ်**က အဖြစ်အပျက်ကလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ စေတီ၏ ရာဟုထောင့်တွင် နူနာရောဂါသည်ကြီး တစ်ဦး ထိုင်နေ၏။ ဆရာတော်ရှေ့မှာပင် သရက်သီးမှည့်တစ်လုံးကို ရေသန့်ဘူးလေးဖြင့် နယ်ချေ၍ အဖျော်ရည်လုပ် ဆက်ကပ်ပါသည်။

အနီးအနားက ခွက်တစ်လုံးဖြင့် ဆက်ကပ်ရာ ထိုခွက်ထဲမှာ လက်ပြတ်တစ်ချောင်းက ပေါလောမျောနေ၏။

ဆရာတော်သည် ထိုလက်ပြတ်ကို ဘေးဖယ်၍ မြိန်ရှက်စွာ ဘုဉ်းပေးပြီးလိုက်သောအခါ အလှူရှင်သည် ကျေနပ်စွာ သာဓုခေါ်၍ နေရာမှ ပျောက်ကွယ်သွားတော့သည်။

ဆရာတော်သည် ရေဆွမ်းဖြင့် (၄၅) ရက်ကြာ နေခဲ့ဖူးသည်။ ရေဆွမ်း အဓိဋ္ဌာန် အောင်မြင်သည့်နေရာမှာ **ကရင်ပြည်နယ် မီးဖိုင်းတောင်**ပေါ်မှာ ဖြစ်သည်။ ဆရာတော်သည် တိစီဝရိက်၊ ပိဏ္ဍပတ်၊ ပိဏ္ဍပိုက်၊ ကေသနိက်၊ သုသာန်၊ နေသဇ္ဇိ၊ အဗ္ဗောကာသိက စသော အဓိဋ္ဌာန်များကိုလည်း အခက်အခဲမရှိ အောင်မြင်တော်မူသည်။

ဆရာတော်သည် စေတီအဆူပေါင်း (၁၀၀)ကျော် တည်ခဲ့သည်။ သိမ်အလုံးပေါင်း(၁၀၀)ကျော် သမုတ်ခဲ့သည်။ ကျောင်းဆောင်ပေါင်း (၁၀၀)ကျော် ဆောက်ခဲ့သည်။ ပရိယတ္တိစာသင်တိုက်ကြီးများကိုလည်း ပစ္စည်းလေးပါး ထောက်ပံ့ခဲ့သည်။

ပြည်တော်ဝင် ဗုဒ္ဓဘာသာကရင် အမျိုးသား (၂၀၀၀၀)ကျော်တို့၏ စား၊ဝတ်၊နေ၊ရေး၊ ပညာရေး၊ ကျန်းမာရေးများကို တာဝန်ယူ စောင့်ရှောက်ပေးခဲ့သည်။

ဆရာတော်ကြီး၏ အထူးစွမ်းဆောင်ချက်မှာ ပိဋကတ်သုံးပုံကို ကရင်တိုင်းရင်းသားဘာသာသို့ ပြန်ဆိုစေခဲ့သည်။ ဆရာတော် ကာလအားဖြင့် (၁)လ၊ (၆)လ၊ (၁)နှစ်၊ (၃)နှစ် အဓိဋ္ဌာန်များကို ကျင့်ခဲ့သည်။

သစ်သီးမပါ၊ ဆားမပါ၊ နို့၊ သကြားမပါသော ဆန်ပြုတ်သက်သက်ဖြင့် ခေါင်းပါးစွာ ကျင့်ခဲ့သည်။

ဆရာတော်ကြီးသည် တောထဲမှာ ဖြစ်ဖြစ်၊ မြို့ပေါ်ရောက်ရောက် (၁)နေ့ (၃)ကြိမ် ဘုရားဝတ်တက်၍ ဘုရားတစ်ခါဝတ်တက်လျှင် အနည်းဆုံး (၁)နာရီခန့်ကြာသည်။

ဆရာတော်ကို အစပိုင်းက နည်းမျိုးစုံဖြင့် လုပ်ကြံသတ်ဖြတ်တာ ခံခဲ့ရဖူးပါသည်။ လုပ်ကြံသူတွေ ဒိုယိုတောင်းပန်ဝန်ချ၍ အပြစ်ကို ခိုလှုံလာကြပါသည်။

လုပ်ကြံမှုကို ကြိုတင်၍ သိနေတတ်၏။ သေနတ်နှင့် ပစ်သောအခါ ကျည်မထွက်ပေ။ ဆရာတော်၏ မေတ္တာ စေတနာ သစ္စာ အဓိဋ္ဌာန် အနစ်နာခံမှုတို့၏ အကျိုးပင် ဖြစ်တော့သည်။

လွှယ်ကောင်းအောင်



# လိပ်ခေါင်း

## အတွက် ဆေးမခက်

လိပ်ခေါင်းရောဂါ ဖြစ်နေသူများအတွက် မြန်မာဆေးကောင်းတစ်လက်မှာ ရှားစောင်းလက်ပပ် အခွံကိုခွာပြီး ရှားစောင်းလက်လပ်အနှစ်ကို လိပ်ခေါင်းထွက်နေသော စအို၌ကို ပိတ်ထိုင်လိုက်ပါ။

တစ်နေ့လျှင်(၃)ကြိမ်ခန့် ထိုင်ပါ။ တစ်ခါထိုင်လျှင် နာရီဝက် (၁)နာရီခန့် ထိုင်ပေးပါ။ တစ်ပတ်အတွင်း သိသိသာသာ သက်သာပျောက်ကင်းပါသည်။

ကိုယ်တွေ့ ဖြစ်ရပ်ဖြစ်ပြီး ကျွန်မနှင့် နီးစပ်ရာ လိပ်ခေါင်းရောဂါ ရှိသူများကို ယင်းဆေးနည်းပေးခဲ့ရာ ပျောက်ကင်းသူ (၃၀)ဦးခန့် ရှိပါသည်။

ထို့ကြောင့် လိပ်ခေါင်းရောဂါ ခံစားနေရသော ရောဂါဝေဒနာရှင်များအတွက် ဆေးကောင်းတစ်လက် ဒါနပြုလိုက်ပါသည်။

**ဤဆေးနည်းအား ပြောပြသော ကွယ်လွန်သွားပြီဖြစ်သော ဝ,သုံးလုံး ဆေးဆရာ ဦးဘကြည်အား ဂါရဝပြုလျက်...**

အေးအေးမြင့်(မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com



ဟာသဝတ္ထု သန်းလှိုင်ကျော်
(ရွှေပန်းချီ)

ပေတ မောင်စိမ့်နှင့်

# ဘဝကြေး သံလောရင်း (၂)

ယခင်လမှ အဆက်

ထိုစကားကြောင့် မခင်စန်း အလိမ်ပေါ်မှာစိုးသောကြောင့် ပျာပျာသလဲ…

'ဟိုလေ…သရဲကပ်တာ မဟုတ်ပါဘူးတော်၊ ကိုကျော်ထူးယောင်တာ ဘာမှ မဟုတ်ပါဘူး'

'အေး…ဘာမှမဟုတ်ရင်လဲ ပြီးတာပေါ့။ နောက်မှ ပြဿနာပေါ်လာရင် မကောင်းဘူး။ ကဲ… ငါသွားမယ်'

ကိုကျော်ထူးမှ…

'ကိုကြီးကံချိတ် ရေနွေးကြမ်းလေး သောက်ပါဦး'

'မသောက်တော့ဘူးကွာ၊ မင်းလဲ ဆိုက်ကားနင်းထွက်ရဦးမှာ၊ ကဲ… သွားမယ်'

'ဟုတ်ကဲ့'

'အင်း…ဒင်းတို့ တစ်နေ့နေ့ အဖြေသိရအောင် ငါစောင့်ကြည့်မယ်'

ဟု စိတ်ထဲပြောရင်း သူ့အိမ်ထဲ ဝင်သွားသည်။

ကိုကျော်ထူးလည်း မိန်းမကို ဆိုက်ကားနှင့်တင်ရင်း ဈေးကြီးဘက်သို့ ညက ကိုမောင်စိမ့်ပစ်ပေးသော ငွေကြေးဖြင့် ဆန်,ဆီ,ငရုတ်,ကြက်သွန်နှင့် ဟင်းစားထွက်ဝယ်ကြသည်။

ဆိုက်ကားဂိတ်ရောက်လျှင် ဘဝတူ ဆိုက်ကားဆရာများ တွေ့လျှင်…,

'ဗျို့…ကိုချစ်တင်၊ ဒီမနက် ဈေးဦး ပေါက်ပြီလား'

'ပေါက်ပါပြီကွာ၊ မနေ့ကလဲ မင်းသာ သိပ်မဆွဲရတာ တို့ဆိုက်ကားအဖွဲ့ တစ်ဖွဲ့လုံး ခရီးသည်နဲ့ ကုန် အကုန်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ တစ်ယောက်ကို အနည်းလေး (၁၅)ကျပ်လောက်ရကြတယ်။

အဲ...ညနေ အိမ်ပြန်ရောက်လို့သား မယားကို ရထားတဲ့ ငွေ(၁၅)ကျပ် ထုတ်ပေးတော့ ငွေတစ်ဆယ်ပဲရှိတယ်။ အဲဒါ ငါတင်လားဆိုတော့ မဟုတ်ဘူး။ ကျန်တဲ့ ဂိတ်ဝင်ဆိုက်ကားသမားတိုင်း (၅)ကျပ်၊ (၁၀)ကျပ်၊ (၃)ကျပ်ပါနဲ့ကွာ ဘာဖြစ်မှန်းကို မသိလိုက်ရဘူးကွာ ထူးဆန်းနေတယ်။

အခုလဲ ရထားတဲ့ ဈေးဦးပေါက်ငွေ ကလေးကို ပုဆိုးအောက်က ဘောင်းဘီအိတ်ထဲ ကျစ်ထားရတယ်။ မနေ့ကလို ဖြစ်မှာစိုးလို့ကွ'

ဟု အံ့သြဖွယ်ပြောလိုက်သံကြောင့် မခင်စန်းတစ်ယောက်...

'အင်း... ဒါဆို ကိုမောင်စိမ့်လက်ချက် ဖြစ်ရမယ်'

ဟု တထစ်ချတွက်လိုက်တော့သည်။

'ဩော်...ကိုမောင်စိမ့်၊ ကိုမောင်စိမ့် သေပြီးတာတောင် ကျွန်မကို ရှာကျွေး နေတာလားရှင်ရယ်'

ဟု စိတ်ထဲပြောရင်း မြို့ထဲ ကုန်စိမ်း တန်းမှ လိုအပ်သော ပစ္စည်းလေးများ ဝယ်ခြမ်းလာခဲ့ပါသည်။

ထိုတစ်နေ့လုံး ကိုကျော်ထူး ဆိုက်ကားနင်း မထွက်တော့ဘဲ အိမ်မှာ နားနေလိုက်သည်။ နေဝင်ပြီး မှောင်ရီ ပျိုးစအချိန်သို့ တရွေ့ရွေ့ ရောက်လာခဲ့ပြန်ပြီ။ ကိုကျော်ထူးတစ်ယောက် အခုမှ မခင်စန်းနှင့် ညအိပ်ရမှာ အလွန်ကြောက်လာသည်။

မကြာမီ ရွာထိပ် ကင်းတဲမှ...

'ဒေါင်...ဒေါင်...ဒေါင်'

'ဟော... ညကိုးနာရီ သံချောင်း တောင်ခေါက်ပြီ မိန်းမရေ... ဘုရား လေးဘာလေး ဝတ်ပြုအိပ်နော်'

ကိုကျော်ထူး ပြောစကားကြောင့် မခင်စန်း အလိုမကျသောမျက်နှာနှင့်...

'တော့ ကိုကျော်ထူး ရှင်ကကော မအိပ်သေးဘူးလား'

'ငါမအိပ်ချင်သေးဘူး၊ အခုည ကြောင်တောင်တောင် ဖြစ်နေတယ်။ ငါအိပ်ချင်တော့မှ အိပ်မယ်'

ဟု ပြောဆိုရင်း အနားရှိ ဖက်ဆေးလိပ်ကြီးကို မီးတို့ပြီး ဖွာရှိုက်နေပါသည်။

ခဏအကြာမှာ ဆေးပေါ့လိပ်ကြီးကို ဆေးလိပ်ခွက်ထဲ ထည့်ပြီး ဂနာမငြိမ်စွာဖြင့် ဘုရားစင်ရှေ့သွားပြီး ဘုရားဝတ်တက်မှုပြုပါသည်။ ပရိတ်တရားများကို မိမိရသလောက် ရွတ်ဖတ်နေပါသည်။

ထိုကဲ့သို့ ရွတ်ဆိုပြီး အမျှဝေပါသည်။ ပြီးလျှင် ဘုရားမီးငြိမ်း၍ အိပ်ခန်းတွင်းဝင်၍ တောင်မြောက်စဉ်းစား တွေးတောရင်း အိပ်ပျော်သွားခဲ့သည်။

'အောက်အီအီးအွက်'

ဟု ဆိုသော ကြက်ဖကြီးတစ်ကောင်၏ စွံစွံငင်ငင် တွန်သံကြားပြီး ရွာထိပ် သူကြီးဦးသြဘာ၏ အိမ်ရှေ့ ကင်းတဲမှ နှစ်နာရီ သံချောင်းခေါက်သံနှင့်အတူ ကိုကျော်ထူးတို့ အိမ်ရှေ့ တာလမ်းပေါ် လေချွန်သံနှင့်အတူ မကြာမီ...

'အမလေး... လုပ်ပါဦး ခင်စန်းရဲ့ ငါ့ခြေထောက်နှစ်ချောင်း ဆွဲမ,ထားတယ်ဟ'

'မှန်းစမ်းတော် ဟာ ဟုတ်ပ'

မခင်စန်းလည်း နှစ်တောင့်ထိုးဓာတ်မီးလေးနှင့် ထိုးရင်း ကပျာကယာ ထပြီး...

'ကိုမောင်စိမ့်ရယ်...ရှင်နောက်တာကြီးက လူကြားလို့ မတော်ပါဘူးရှင်၊ အခုပြန်ချပေးစမ်းပါ၊ ရှင် ရေ့ကြီးမခံချင်စမ်းပါနဲ့တော်'

'ဗုန်း...ဖြောင်း'

'အမယ်လေးဗျ... ဒီတစ်ခါ ပိုနာလှချည့်ရဲ့ အဟင်း...ဟင်း...ဟင်း'

ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သံနှင့်အတူ ကြမ်းနှစ်ချောင်းပါ ကျိုးသွားပါတော့သည်။ ခဏအကြာ လေချွန်သံ ကြားလိုက်ရပြီး တာရိုးကြီးပေါ်မှာတင် လေချွန်သံပျောက်သွားပြီး ကြက်သီးထဖွယ် အူ...အူး...အူ...အုနှင့် ခွေးအူသံတွေပါ ဆက်တိုက်ကြားလိုက်ရပါသည်။

ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သော အရှိန်ကြောင့် ကိုကျော်ထူး၏ ဒူးခေါင်းနှစ်ဖက်မှ ပွန်းပဲ့ အရေပြားလန်သွားသည်ကို မခင်စန်းတစ်ယောက် ရေနံဆီမီးခွက်အောက်မှာ တောအရက်နှင့် တရုတ်ဆေးပင် ရောစိမ်ထားသော ပုလင်းထဲမှ ဆေးရည်ဖြင့် လူးပေးနေပါသည်။

ကိုကျော်ထူးလည်း မယားဖြစ်သူ မခင်စန်းကို ကြည့်ရင်း...

'မိန်းမရယ်... ဆရာစိမ့်သရဲက တကယ်ကြမ်းတမ်းတယ် တို့ ဘယ်လို လုပ်ကြမလဲ၊

နောက်နေ့ညလဲ ဒီပုံစံဆို ငါ ခက်ရချည့်ရဲ့ ငါ မိအေးနှစ်ခါပဲ အနာခံမယ်၊ သုံးခါ အနာမခံချင်တော့ဘူး။ ဂိုဏ်းဆရာတွေခေါ်ပြီး နှင်ထုတ်မလား'

ထိုစကားကြောင့်...

'အို...ကိုကျော်ထူးကလဲ ရှင် အဲဒီအဆင့်အထိ မလိုသေးပါဘူး။ ကျွန်မရှိပါတယ်။ ကျွန်မပြောပ့ါမယ် ကျွန်မတို့အတွက် ပိုက်ဆံဆိုလဲ သူရှာပေးတယ်၊ ဟင်းစားဆိုလဲ ကြက်သေကောင်တွေ သူ ပစ်ပေးတယ်။ ရှင်တောင် အလုပ် နားနေလို့ ရတယ်။ အဲဒါ ရှင် သည်း



www.burmeseclassic.com

www.burmeseclassic.com

ညည်းခံစမ်းပါဦးတော်'

'အေးလေ… ဒါဆိုလဲ တို့ တစ်ခုခု ဆုံးဖြတ်ရမှာပေါ့'

တစ်ဖက်အိမ်ေ◌ါ်းရင်းမှ ကြက်အိပ်ကြက်နိုးနှင့် စောင့်ကြည့်နေသော ကိုကံချိုတ်၊ ဒေါ်စန်းစန်းတို့မှ…

'ကိုချိုတ် ရှင်လဲ ကြားတယ်၊ ကျုပ်လဲ ကြားတယ်နော်။ အဲဒါ မနက်မိုးလင်းရင် ကျော်ထူးအိမ်သွားပြီး ဂိုဏ်းဆရာနဲ့ ရှင်းလင်းဖို့ပြောမယ်'

'နေစမ်းပါဦး အစန်းရယ် မလောပါနဲ့ဦး… နောက်ရက် ဘာဖြစ်မယ်ဆိုတာလေး နှစ်ရက်,သုံးရက် စောင့်ကြည့်ချင်သေးတယ်ဟ။

ဒီကိစ္စက တကယ် ထူးဆန်းလွန်းတယ်၊ သရဲမောင်စိမ့်ဟာ သာမန်သရဲတော့ မဖြစ်နိုင်ဘူး။ ပေတလောကထဲမှာ အဆင့်မြင့် သဘက်ထက်ကြီးတဲ့ သူယောင်ကြီးဖြစ်နေလားမှ မသိတာ'

'အမလေးတော် ကြက်သီးထလိုက်တာ ရှင်ပြောမှ ပိုကြောက်စရာကောင်းနေတယ်နော်။ ကဲ…ကဲ ပြန်အိပ်မယ် မိုးမလင်းသေးဘူး'

'အေး'

ဟု ပြောဆိုရင်း မီးမှုတ်အိပ်လိုက်ကြတော့သည်။ တစ်ဖက် ကိုကျော်ထူးအိမ်မှလည်း…

'ကဲ… ကိုကျော်ထူး ရှင်လဲ အိပ်တော့'

'ငါ မအိပ်ချင်တော့ဘူး မိန်းမရယ် ဒူးခေါင်းကလဲ ကိုက်တော့ နင်သာ အိပ်တော့'

ဟု ပြောရင်း ခေါင်းရင်းတိုင်တွင် ဆွဲထားသော ဖက်ဆေးလိပ်ကြီး တစ်လိပ်ဖြုတ်ပြီး မီးညှိသောက်ရင်း မိုးအလင်းကိုစောင့်ရင်း ဆေးလိပ်မီးခိုးများကို ဖွာထုတ်နေပါသည်။

သို့နှင့် ကင်းတဲမှ (၅)နာရီသံချောင်း



ခေါက်၍ မိုးလင်းပိုင်းကို ရောက်လာခဲ့ပါသည်။ ကိုကျော်ထူးလည်း မယားဖြစ်သူ မခင်စန်းကို နှိုး၍ ရေနွေးကျိုခိုင်းပြီး မိုင်တာဈေးထဲ အနာလူးဆေးကောင်းကောင်း သွားဝယ်ခိုင်းလိုက်ပါသည်။

မခင်စန်းတစ်ယောက် အခြား ဆိုက်ကားနှင့် ဈေးဝယ်ထွက်သွားသည်ကို အိမ်ခေါင်းရင်းမှ ဦးကံချိုတ် သိလျှင်ပဲ ကပျာကယာ ကိုကျော်ထူးတို့ အိမ်ဘက်ကို ကူးလာခဲ့ပါသည်။

'ကိုကြီးကံချိုတ် လာလေ ရေနွေးသောက်ပါဦး'

'သြော်…အေးအေး ရေနွေးသောက်တာကနောက် မင်းတို့ ညနှစ်နာရီလောက်က ဘာဖြစ်နေကြတာလဲ'

'သြော် ကိုကြီးသံချိုတ် ကြားတယ်ပေါ့'

'အကုန်ကြားတယ် ငါအိပ်မရလို့ မင်းတို့အိမ်ဘက် နားစွင့်နေတာ နောက်ဆုံး လေချွန်သံကြားပြီး ခွေးအူသံတွေ ညံသွားတာကအစ သိတယ်။ အဲဒါ ဘာဖြစ်ပြန်တာတုံး။ ငါ့ကို ပြောပြပါလား ကူညီရတာပေါ့'

ဟု သွေးတိုးစမ်းရင်း ကိုကျော်ထူးအား မေးလိုက်သည်။ ကိုကံချိုတ်ပြောစကားကြောင့် ''အင်း… ငါ ဦးကံချိုတ်ကို အကုန်ပြောပြမှ ဖြစ်တော့မယ်'' ဟု စိတ်တုံးတုံးချရင်း…

'သြော်… မခင်စန်းလဲ မရှိတုန်း ကိုကြီးကံချိုတ်ကိုပဲ ပြောရတော့မယ်။ အဲဒါ ဘယ်သူမှ လျှောက်မပြောပါနဲ့'

'အေးပါကွာ…ပြောသာပြောပါ၊ ငါ နားထောင်ချင်လှပြီ'

ကိုကျော်ထူးတစ်ယောက် တပ်မတော်ထဲဝင်တာကအစ နောက်ဆုံး ရှေ့တန်းစခန်းမှာ ဗိုလ်ကြီးရဲညွှန့်ဦးစီးသည့်အဖွဲ့နှင့် ဆရာကြီးသန်းမောင်၊ ဆရာမောင်စိမ့်တို့နှင့်အတူ ရောင်စုံသူပုန်များနှင့် သူသေကိုယ်သေ တိုက်ပွဲဖြစ်ရင်းကစ၍ မခင်စန်းနှင့်ယူပြီး ယခုဖြစ်ပျက်အချိန်အထိ ဦးကံချိုတ်အား ပြောပြလိုက်ရာ အံ့ဩသော အမူအရာနှင့်…

'ဟာကွာ ထူးဆန်းလိုက်တာကွာ၊ ဒါဆို တပ်ကြပ်မောင်စိမ့် သူယောင်ကြီးဖြစ်ပြီး မကျွတ်မလွတ်ဘဲ သူ့မိန်းမ မခင်စန်းကို စွဲလမ်းပြီး လိုက်နှောင့်ယှက်နေတာပေါ့။

မင်းတို့လင်မယားကြားထဲ သူက ဝင်လာတော့ မင်းမလဲ ဒုက္ခက မသေးလှဘူးကွာ။ အဲဒီတော့ မောင်စိမ့်သူငယ်ချင်း မင်းတို့ဆရာ တပ်ကြပ်ကြီးဆရာသန်းမောင်ကို ငါ အကြောင်းကြားပေးမယ်။

ဒါ သူ့ကိစ္စ သူ့သာ အပ်လိုက်၊ သူက ရှမ်းဆရာကြီးဆီမှာ အထက်လမ်းလား၊ အောက်လမ်းလား မသိဘူး ပညာဂိုဏ်းတက်ထားတယ်။ သူနဲ့ ရှင်းပစ်ပေါ့'

ထိုပြောစကားကြောင့် ညှိုးငယ်စိတ်ဝင်နေသော ကိုကျော်ထူးမျက်နှာချက်ချင်း ဝင်းလက်သွားပြီး…

'ဒါ…ဒါဆို အမြန်အကြောင်းကြားပေးပါ။ ကိုကြီးကံချိုတ် ကျေးဇူးမမေ့ပ်



www.burmeseclassic.com

www.burmeseclassic.com

ဘူး'

'အေး... ဒီတစ်ရက်၊ နှစ်ရက်အတွင်း ငါသွားတွေ့မယ်'

'ဟုတ်ကဲ့ပါ'

'ကဲ... စကားကောင်းနေတာနဲ့ တော်ကြာ မင်းမိန်းမ မခင်စန်းပြန်လာလို့ ငါလာတာ မသက်သာဖြစ်နေဦးမယ် သွားတော့မယ်'

ဟု ပြောပြောဆိုဆို ကိုကျော်ထူး အိမ်ပေါ်မှ ဆင်းသွားလေတော့သည်။ မကြာမီ မခင်စန်း ပြန်ရောက်လာသည်။

'ဘယ့်နှယ်လဲ မိန်းမ၊ နင်ဈေးဝယ်သွားရတာ ပင်ပန်းနေလား'

'ရပါတယ်တော်... ဟောဒီမှာ တော့ဒူးခေါင်းလိမ်းဖို့ တေဇောဘမ်း'

'ဟင်းစားဘာရလဲ'

'အင်း... ဟင်းစားမဝယ်တော့ဘူး၊ ကျွန်မ အခုနေ့ကစပြီး ရှင့်ကို နေ့တိုင်း ကြက်သားဟင်းချက်ကျွေးမယ်။ ကျွန်မလဲ စားမယ်၊ အဲ... ကိုမောင်စိမ့်လဲ အရက်တစ်ပိုင်းနဲ့ ကြက်သားဟင်း တစ်ပွဲကျွေးမယ်။ ကိုမောင်စိမ့်ရေ... အခုကစ နေ့တိုင်း ကြက်တစ်ကောင် ပို့ပေးပါရှင့်'

'ဟဲ့... ဟဲ့ ခင်စန်း မိန်းမရယ် နင့်ဟာ ကြောက်စရာကြီး ကိုယ်လုပ်အားနဲ့ ကိုယ် ချက်စားရတာ ကောင်းလိမ့်မယ်'

'ဩော် တော်ကလဲ ဒီလို အခွင့်အရေးမျိုး ရခဲတယ်။ ကဲ... ကဲ ဒါဆိုလဲ နင့်သဘော၊ နောက်မှ ဒီထက် ကြမ်းလာမယ်ဆို ငါ ဆရာခေါ်ပြီး နှင်မှာနော်'

'အိုတော်... အခုဟာက ကြမ်းတာမဟုတ်ဘူး။ ကျွန်မတို့ကို မ,နေတာ တော်ဘာသိလဲ ငွေလိုလဲ ပြောလိုက်တာနဲ့ ရတယ်၊ ဟင်းစားဆိုလဲ ကြက်တစ်ကောင် နေ့တိုင်းရှာပေးနေတာပဲ။ ဒီလောက်ကောင်းတဲ့သူကို ကျုပ် မနှင်နိုင်သေးပါဘူးတော်'

မယားလုပ်သူ ပြောစကားကြောင့်...

'အေးပါ နင့်သဘောပဲ တစ်နေ့ ပြဿနာပေါ်လာရင်တော့ နင့်တာဝန်ပဲ'

ဟု ပြောရင်း ဆေးပေါ့လိပ်ကြီး မီးညှိ ဖွာရှိုက်နေပါတော့သည်။

နောက်နေ့စ၍ နှစ်ရက်,သုံးရက် ဟင်းစားအဖြစ် လည်လိမ်ချိုးထားသော ကြက်မတန်းတစ်ကောင် ကြက်များ အိပ်တန်းတက်ချိန်မှာ ကိုကျော်ထူး မခင်စန်းတို့ အိမ်ထဲသို့ ညစဉ် ပစ်ပေးနေသည်။

ထိုစဉ် ရွာထဲမှ ကြက်များ ဆက်တိုက်လိုလို ပျောက်နေသဖြင့် သူခိုးစောင့်ဖမ်းကြသော်လည်း သူခိုးမမိဘဲ ကြက်များသာ လေထဲအော်ပြီး ပါသွားလေ့ရှိသည်။ ထို့ကြောင့် ကြက်မွေးသူများ စိတ်ဆင်းရဲနေကြသည်။

ထိုစဉ် ရွာထိပ် သူကြီးဦးသြဘာအိမ်မှ ဒူ...ဒူ...ဒူ မောင်းသုံးချက်ထုသံ ကြားလိုက်ရသည်။

'အင်း... မောင်း(၃)ချက်ထုတာ ဆိုတော့ တစ်အိမ်တစ်ယောက် စည်းဝေးဖို့ ခေါ်တာ ဖြစ်မယ်'

ဟု ရေနွေးကျိုရင်း ဦးကံချိတ် မယားဖြစ်သူ ဒေါ်စန်းစန်းကို ပြောလိုက်ပါသည်။

'တော်ပဲသွားပါ ကျုပ် အိမ်စောင့်မယ် သူကြီးပြောတာလဲ မှတ်လာဦး'

'အေးပါဟာ၊ ကျော်ထူးရေ... လာ သွားကြမယ်'

'ဟုတ်ကဲ့ ကိုကြီးကံချိတ်'

ရွာသူရွာသားများ သူကြီးသြဘာ အိမ်သို့ တစ်အိမ်တစ်ယောက် သွားကြသည်။ သူကြီးအိမ်ရှေ့ ရောက်လျှင်ပဲ ကွပ်ပျစ်တန်းလျားမှာ ထိုင်ရင်း သူကြီး ပြောစကားကို စောင့်နေပါသည်။

မကြာမီ...

'အဟမ်း... အဟမ်း အခု မင်းတို့ကို ခေါ်ရတာက တို့ရွာမှာ ဟိုတုန်းကတည်းက ယခုအထိ ရပ်ရွာထဲမှာ ထန်းရည်သမား၊ ကြက်သမား၊ ဝက်ပေါ်သမားကလွဲလို့ သူခိုးမရှိဘူး၊ ဓားပြမရှိဘူး။

အခု ပစ္စည်းခိုးတဲ့သူခိုး မဟုတ်ဘူး။ ကြက်ခိုးတဲ့ သူခိုးပေါ်နေတယ်။ ရက်ဆက်ခိုးနေတယ်လို့ ဆယ်အိမ်ခေါင်း မောင်ဟန်ရီက ပြောနေတယ်။ အဲဒါ ဟုတ်သလား'

ရွာသားထဲမှ ကြက်သမား ကိုစံဝင်းမှာ မတ်တတ်ထရပ်လိုက်ပြီး...

'ဟုတ်ပါတယ် သူကြီး ကျွန်တော့်ကြက်လဲ အခိုးခံရတယ်'

ကျန် လေး,ငါးယောက်မှလည်း မတ်တတ်ထပြီး...

'စံဝင်းပြောတာ ဟုတ်ပါတယ် သူကြီး၊ ကျွန်တော်တို့လဲ စောင့်ကြည့်နေတဲ့ကြားက သူခိုးမတွေ့ရဘဲ ကြက်ကြီးသာ လေထဲ တကစ်ကစ်နဲ့ ပါသွားတာပဲ မြင်ရတယ် သူကြီး'

'ကဲ ထိုင်ကြ'

သူကြီးဦးသြဘာသည် အနားမှာ ရှိသည့် ယွမ်းကွမ်းအစ်နီနီကြီး အဖုံးဖွင့်ပြီး ကွမ်းတစ်ယာ,ယာ၍ ပါးစပ်ထဲ ထည့်ရင်း တပည့်ဖြစ်သူ ကိုလင်းမြွေအား...

'ဟေ့... လင်းမြွေ မင်းလက်တွေ့သိရအောင် အခု ညမှာ ကြက်မွေးတဲ့ အိမ်တွေ စောင့်ကြည့်၊ သူတို့ပြောသလို လူမတွေ့ဘဲ ကြက်လေထဲမှာ ပါသွားတယ်ဆိုရင် ငါ့လာခေါ်လှည့်၊ မင်းနဲ့ သူကြီးသြဘာအမိန့်နဲ့ နယ်နှင်ပစ်မယ်။ သရဲမကလို့ ဘာကောင်ဖြစ်ဖြစ်' -

ထိုစဉ် အောက်လင်းဓာတ်မီးရောင်



www.burmeseclassic.com

www.burmeseclassic.com

အောက် လေထဲမှ ပုလင်းတစ်လုံး မြောက်လာပြီး သူကြီးဦးသြဘာရှေ့ ရေနွေးအိုးကြီးပေါ်သို့ ဂွမ်း... ဂလွမ်း မြည်အောင် အရှိန်ဖြင့် ပစ်ပေါက်လိုက်သံကြားလိုက်ရသည်ခဏ...

'ဟ... ဘယ်ကောင်လဲကွ၊ ငါလို သူကြီးကို စော်ကားတဲ့ကောင်ဟေ့... လင်းမြွေ ပေးစမ်း ငါနာမည်ကောင်းနဲ့ ရတဲ့ နှစ်လုံးပြူးသေနတ်'

ပြောပြောဆိုဆို တပည့်ဖြစ်သူ လင်းမြွေဆီမှ နှစ်လုံးပြူးသေနတ်ကို ယူပြီး မတ်တတ်ရပ်၍ တောင်ချိန် မြောက်ချိန် ချိန်နေပါသည်။ ရွာသူရွာသားများလည်း လန့်သွားကြသည်။

သူကြီးသြဘာ နဖူးမှ ချွေးများကို ပခုံးပေါ်မှ တဘက်နှင့် သုတ်ရင်း...

'ဟုတ်ပြီ ဒါ...ဒါ မင်းတို့ပြောတဲ့ ကြက်သူခိုးပဲဖြစ်မယ်'

ထိုစဉ် ဗိန္ဓောဆရာ သန်းမောင်တစ်ယောက်သူကြီးအိမ်သို့ အူးယားဖားယား ရောက်လာပြီး...

'သူကြီး...သူကြီး ကျွန်တော် ဟိုရက်က ကံချိတ်မှာလို့ အခုမှ ရောက်ရောက်ချင်း သူကြီးဆီ တန်းလာတာ ဘာဖြစ်ကြလို့လဲ'

ကိုကံချိတ် သူ့ပြောကွက် ဝင်သွားပြီး ဖြစ်သဖြင့်...

'ဒီလိုပါ သူကြီး အခုအဖြစ်အပျက်က ဆရာဦးသန်းမောင်က စတာပါ။ သူ တိုက်ပွဲကကျတဲ့ သူငယ်ချင်း မောင်စိမ့်ကို ခေါ်လာခဲ့တာကနေ အခုလို ပြဿနာတွေ ဖြစ်နေတာပါသူကြီး'

'ကဲ ဆရာသန်းမောင် ပြောစမ်းပါဦး'

'ကံချိတ်ပြောတာ ဟုတ်ပါတယ်၊ ကျွန်တော် ပါးစပ်သော့ခေါ်လာတာကြောင့်ပါ ကိစ္စမရှိပါဘူး။ ဒီကောင့်ကို ကျွန်တော်နှင်ပါ့မယ်'



ကိုကျော်ထူးကလည်း သူ့ကို အန္တရာယ်ပြုမှာ ကြောက်တာကြောင့် သူကြီးသြဘာကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ပါသည်။

ရွာသူရွာသားများလည်း ကြောက်လည်း ကြောက်၊ အံ့သြလည်း အံ့သြနှင့် ဖြစ်ကုန်ကြသည်။

'ကဲ... ကဲ ဒီကိစ္စကို ဆရာသန်းမောင် လုပ်လိမ့်မယ်။ ဒီတစ်ရက်၊ နှစ်ရက်အတွင်း မင်းတို့ သရဲမောင်စိမ့်ကို နယ်နှင်တော့ အားလုံးပြီးပြီ ပြန်ကြတော့'

ဟု ပြောလိုက်ပါသည်။

ရွာသူရွာသားများလည်း မိမိအိမ်သို့ အတွေးကိုယ်စီဖြင့် ပြန်သွားကြပါသည်။ နောက်နေ့တစ်ရက် ညနေစောင်း မှောင်ရီပျိုးစအချိန် ဆရာသန်းမောင်တစ်ယောက် သူငယ်ချင်းဖြစ်သူ သရဲမောင်စိမ့်အား နယ်နှင်ဖို့ ငှက်ပျောပွဲများ ပြင်ဆင်ပြီး အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်းညှိ၍ နှုတ်မှလည်း ပွစိပွစိဖြင့် မန္တန်ရွတ်ဆိုနေသည်။ ထိုသို့ ရွတ်ဖတ်ပြီးနောက်...

'ကဲ...သူငယ်ချင်းမောင်စိမ့် မင်း ဒီနေ့ကစပြီး ဒီနေရာက ဖယ်တော့ ဒီနေရာက မင်းနေရာ မဟုတ်ဘူး၊ မင်း ဘဝနဲ့ မတူဘူး။ ငါဆရာသန်းမောင် အမိန့် မင်းသွားတော့ ဒီနေ့ကစပြီး ငါ မင်းသံတင်းမကြားချင်'

'ဗုန်း...ဂွမ်း...ဖောင်း'

'အမယ်လေးဗျ... ဒါနားရင်းကို တီးတယ်။ ဟာ... ငှက်ပျောပွဲကြီး ဘယ်သူကန်လိုက်တာလဲ မသိဘူးဟ ပြေးကြပြေးကြ'

လာရောက်ကြည့်ကြသော သူများမှာလည်း ကြောက်အားလန့်အား ပြေးကြလေသည်။

ဆရာသန်းမောင်လည်း ငှက်ပျောပွဲမှ အုန်းသီးလိမ့်ပြီး ဒူးခေါင်းထိသွားသဖြင့် ကုန်းထပြီး မိမိ ဆေးလွယ်အိတ်တောင် မလွယ်နိုင်ဘဲ တစ်ချိုးတည်း ထပြေးတော့သည်။

ထို့နောက် နောက်ရက်တွေမှာလည်း ဂိုဏ်းဆရာဆိုသူများ ကိုကျော်ထူး မခင်စန်းအိမ်သို့ ရောက်လာပြီး သရဲမောင်စိမ့်အား နယ်နှင်ကြသော်လည်း သရဲမောင်စိမ့်ကို မနိုင်ဘဲ ဆေးတောင်ဝှေးကျန်သူ၊ လွယ်အိတ်ကျန်သူတွေများသဖြင့် ကိုကျော်ထူး အိမ်ရှေ့တွင် စီပြီး ချိတ်ထားရသည့်အဆင့်သို့ ရောက်သွားရသည်။

သို့နှင့် သရဲမောင်စိမ့်အကြောင်း ဟိုးလေးတကျော် ဖြစ်သွားရသည်။

သူကြီးဦးသြဘာလည်း မတတ်နိုင်တော့ တစ်နေ့ သူကြီးသြဘာအိမ်သို့ ရေးကြီးသုတ်ပျာနှင့် ကိုကျော်ထူး မခင်စန်းတို့လင်မယားရောက်လာပြီး ...

'သူကြီး သူကြီး'

'ဟေ့ ဘယ်သူတုန်းကွ'

'ကျွန်တော် မောင်ကျော်ထူးတို့လင်မယားပါခင်ဗျ'

ထိုပြောစကားကြောင့် သူကြီးဦးသြဘာ အိမ်ပေါ်မှ ဆင်းလာရင်း...

'ဘာ အရေးကြီးကိစ္စရှိလို့လဲကွ ပြောစမ်းပါဦး'

'ဒီလိုပါ သူကြီးမင်း ညက ကျွန်မကို ကိုမောင်စိမ့် အိပ်မက်ပေးတယ်၊ ဒီရွာ



www.burmeseclassic.com

www.burmeseclassic.com

ကို ဓားပြ(၉)ယောက် လာတိုက်မယ်လို့ ပြောတယ်။ တိုက်မယ့်အိမ်က လယ်ပိုင်ရှင် ဦးငချွန်အိမ်တဲ့၊ ည(၁၂)နာရီမှာ ရွာထဲဝင်မယ်လို့ ပြောတယ်'

သူကြီးဦးသြဘာ အံ့သြသော အမူအရာနှင့်...

'ဟဲ့ တကယ်ဟုတ်ရဲ့လား'

မခင်စန်းမှ...

'တကယ်ပါ သူကြီး။ ကိုမောင်စိမ့်က ပြောတယ် အဲဒီဓားပြတွေက ရွာကမ်းနဖူးနားက ဘုရားဖြူမှာ လူစုမယ်တဲ့၊ အဲဒါ ကိုမောင်စိမ့်က သူအဲဒီဓားပြတွေကို ဆုံးမမယ်တဲ့။

ဘုရားဖြူအနားက ချုံပုတ်အောက်မှာ ဝါးယားတုတ် နှစ်တောင်လောက်ကြီးကြီးတစ်ချောင်း ထားပေးပါတဲ့။ သူကြီးမယုံရင် တစ်နေရာက စောင့်ကြည့်ပါတဲ့'

'ဟေ... ဒီလိုဆို ဟန်ကျတာပေါ့ဟဲ့၊ တို့ သူပြောသလို ဝါးရင်းတုတ်တစ်ချောင်း ချုံပုတ်ထဲ ထားပေးမယ်။ ပြီးတော့ ဘာပြောသေးလဲ'

'ဟို တောအရက်(၂)လုံးနဲ့ ကြက်တစ်ကောင်ကြော်ပြီး အဲဒီနေ့ည(၉)နာရီမှာ သူ့ကို ရွာကလူငယ်(၃)ယောက်လောက်နဲ့ ပျော်ပွဲအတူ စားချင်တယ်တဲ့'

'ဟာ ကျွေးရမှာပေါ့ဟာ၊ ကဲ...ကဲ နင်တို့ပြန်ကြတော့ ဟဲ့ ဟဲ့ နေဦး။ အခုကိစ္စ မဟုတ်ဘူးဆိုရင်တော့ နင်တို့လင်မယား ထိတ်တုံးစာမိမယ်နော်'

'စိတ်ချပါ သူကြီး။ ကျွန်တော် မညာပါဘူး'

မကြာမီ ဒူ...ဒူ...ဒူ...ဒူ...ဒူနှင့် သူကြီးဦးသြဘာအိမ်မှ အရေးကြီးမောင်းထုသံ ကြားရပြီး ရွာသူရွာသားများ တစ်အိမ်တစ်ယောက် စုဝေးသွားကြသည်။

သူကြီးအိမ်ရောက်လျှင်ပဲ သူကြီးဦးသြဘာမှ...

'ကဲ ကဲ ဒီနေ့ မင်းတို့ ရွာသူရွာသားတွေ မောင်းထုခေါ်ရတာက တို့ရွာကို မနက်ဖြန်ညမှာ ဓားပြ(၉)ယောက် လက်နက်တွေနဲ့ ရွာလယ်က မောင်ငချွန်အိမ်ကို ဓားပြလာတိုက်မယ်လို့ အခိုင်အမာ သတင်းကြားထားတယ်။ သတင်းအတိအကျရတယ်လို့ပဲ ပြောရမယ်။

အဲဒါ မနက်ဖြန် ည(၁၀)နာရီလောက်မှာ ငါ့အိမ်ကို ရရာ ဓား၊ တုတ်၊ လေးခွတွေနဲ့ လူငယ်တွေလာခဲ့ကြ။ ဒီမှာ လူစုမယ်။ ရွာထဲ ကျန်တဲ့သူတွေလဲ နိုးနိုးကြားကြားနေကြ သတိရှိပစေ၊ ဟို မောင်ငချွန်လဲ ခြံတံခါးလုံအောင်ပိတ် ကြားလား'

'ကြားပါတယ် သူကြီး'

'ကဲ သွားနိုင်ပါပြီ'

ရွာသူရွာသားများလည်း ဓားပြဆိုတော့ အလွန်ကြောက်ကြသည်။ ထိုခေတ်လုံခြုံရေးမှာ အလွန်အားနည်းကြသဖြင့် တခြားရွာတွေမှာ ဓားပြခဏခဏ အတိုက်ခံကြရသည်။

သို့နှင့် နောက်နေ့ညသို့ ရောက်ခဲ့ပြန်ပြီ။ သူကြီးဦးသြဘာ စီစဉ်ထားသော တောအရက်နှစ်လုံးနှင့် ကြက်ကြော်တစ်ကောင်အား ဖက်နှင့်ထည့်ပြီး ကိုကျော်ကြီး၊ ကိုကျော်ထူး၊ ကိုချစ်တင် ဦးစီးသော ဆိုက်ကားဆရာအဖွဲ့(၃)ယောက်နှင့် ည(၉)နာရီမှာ တာစောင်းဘေးတွင် ဖန်ခွက်လေးလုံးချပြီး ကြက်ကြော် အလယ်ကောင်ချ၍ ကိုကျော်ကြီးမှ...

'ကဲ...သူငယ်ချင်းမောင်စိမ့် မင်းရောက်ပြီဆိုရင် လေချွန်ပြကွာ'

'ရှီ ရှီ ရှီ'

'အေး ဟုတ်ပြီ၊ ဒါဆို မင်းနဲ့ တို့အတူ အရက်သောက်မယ် ထိုင်၊ ရော့.. သူငယ်ချင်းမောင်စိမ့် မင်းအတွက် အရက်ပုလင်းနဲ့ ဖန်ခွက်...သောက်ပါ'

'ဟာ ပုလင်းကြီး မြောက်သွားပြီဟ ဖုတ်...ပုလင်းခွံချည်း ပြန်လာတယ်'

ကိုကျော်ကြီးမှ အံ့သြစွာပြောရင်း ကြက်ကြော် ရင်ပုံတစ်ခြမ်း ဖဲ့ပြီး ငှက်ပျောဖက်ပေါ် တင်ထားပြီး...

'ကဲ... ဒီမှ မင်းကြိုက်တဲ့ ကြက်ကြော် အမြည်းစားဦး'

'ဟာ ကြက်ကြော် လေထဲမြောက်သွားပြီ'

'ဒေါက်'

'အမလေး... ငါ့ကို ကြက်ရိုးနဲ့ ပစ်တယ်ဟ'

ဟု ကိုကျော်ထူးမှ တုန်လှုပ်စွာပြောရင်း ကြောက်လန့်စွာ ထပြေးသဖြင့် ကျန်လူများပါ ထပြေးကြတော့သည်။

လမိုက်ည ကြယ်ရောင်၏ အလင်းဖြင့် သူကြီးဦးသြဘာနှင့် လူငယ်များ ရွာထိပ်တွင် ကင်းပုန်းဝပ်ပြီး အခိုင်အခြေကြည့်ပြီး စောင့်နေကြသည်။

အချိန်ကား တရွေ့ရွေ့ ည(၁၂)နာရီ တိတိ ကင်းသံချောင်းခေါက်သံနှင့် အတူ ရွာ၏အနောက် လယ်ကွင်းစပ်မှ ခွေးဟောင်သံများ ကြားနေရသဖြင့်...

'ဟော့ကောင်တွေ သတိထားနေကြ ဘုရားဖြူဘက်မှာ လူရိပ်တွေ့ရင်ထဲ ငြိမ်နေကြ။ အဲဒီမှာ ညဦးပိုင်းက မောင်စိမ့်အတွက် ဝါးရင်းတုတ် တစ်ချောင်း ဝှက်ထားတယ်။ အဲဒါ မောင်စိမ့်ကပဲ လှုပ်ရှားမလား၊ တို့ကပဲ လှုပ်ရှားရမလားပဲ အခြေအနေစောင့်ကြည့်ရမယ်'

'ဟုတ်ကဲ့ သူကြီး'

များမကြာမီ ကြယ်ရောင်မှိန်မှိန်အောက်တွင် ပျော့အောက်ဝယ် ဘောင်းဘီများ ပုဆိုးများနှင့် လူ(၉)ယောက် လက်နက်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စီနှင့် ဘုရားဖူးနား ရောက်လာကြသည်။

သူတို့ ဓားပြအဖွဲ့လာပြီး မကြာမီ ထိုဘုရားဖူးအနီးအနားရှိ နတ်စင်တွင် စုပြုံပြီး ထိုင်ကန်တော့နေကြသည်ကို မသဲမကွဲ မြင်နေရသည်။

မမဉ်ကြာမီ...

'ဗိုး ခွပ် ဗိုး ဖောင်း ဘုန်း ဘုန်း'

'အမလေးဗျ ချတယ်ဗျ ဟ ဟ ရိုက်တယ်ဟ ဘယ်သူသစ္စာဖောက်တာလဲကွ'

'ဘယ်သူမှ သစ္စာမဖောက်ဘူး ဆရာကြီး လေထဲမှာ ဝါးရင်းတုတ်ကြီးက လူမတွေ့ရဘဲ လိုက်ရိုက်'

'ဘုန်း'

'အမလေးဗျ'

'ပြေးဟ ပြေး ပြေး ဒါ ဒါ ငါသတင်းကြားတဲ့ သရဲမောင်စိမ့်ဖြစ်မယ်၊ ပြေး ပြေး တာရိုးပေါ်ရောက်အောင်ပြေး'

ဓားပြများ ဝရုန်းသုန်းကားနှင့် လူစုခွဲ ပြေးလာကြသည်။

တဘုန်းဘုန်း တခွပ်ခွပ် ရိုက်သံသဲ့သဲ့ကြားထဲက ရင်ခုန်စွာဖြင့် တာရိုးပေါ်မှာစောင့်နေသောအဖွဲ့မှ အဖွဲ့ခေါင်းဆောင် သူကြီးဦးသြဘာ သူ၏ နာမည်ကောင်းနှင့် ဆုအဖြစ်ရထားသော၊ ဆုရပြီးကတည်းက မည်သည့်ဒုစရိုက်သမားမှ မပစ်ဘူးသေးသော နှစ်လုံးပြူးသေနတ်ကြီးအား တာပေါ် မေးတင်ပြီး ထွက်ပြေးလာသော ဓားပြတစ်ဦးအား ချိန်ပြီးပစ်လိုက်ရာ...

'ဒိုင်း'

'အမလေးဗျ'

သေနတ်သံကြောင့် ဓားပြတစ်ယောက် ကျည်မထိဘဲ လန့်အော်လိုက်သည်ကို ထိသွားသည်အထင်ဖြင့်...

'အဲဒါမှတ်ထား ငါ သူကြီးဦးသြဘာ လက်သံကွ'

'ဟ ဟ တာရိုးပေါ်က နှစ်လုံးပြူးနဲ့ ဆော်တယ်ဟေ့ လယ်ကွင်းထဲ ပြေးကြဟ'

'ဒါမှ တို့သူကြီးသြဘာကွ သူကြီး သေနတ်ကွ'

ဓားပြများလဲ ထိပ်ပေါက်ခေါင်းကွဲဖြင့် ညအမှောင်ထုထဲမှာ ကြက်ပျောက်ငှက်ပျောက် တစ်ချိုးတည်း အစဖျောက်လစ်တော့သည်။

'ဒါမှ တို့သူကြီးကွ'

"အဲဒါ သူကြီး သေနတ်ကြောင့် မဟုတ်ဘူး။ မောင်စိမ့်လက်သံကွ" နှင့် ရွာသူရွာသားများမှာ ဆူညံစွာပြောနေကြပါသည်။ ထိုအသံများကြောင့် တစ်ညလုံး ရင်ခုန်နေမိသော မခင်စန်းတစ်ယောက် ဟင်းချနိုင်တော့သည်။

သို့မဟုတ် ယင်းတို့လင်မယားနှစ်ယောက် လိမ်ညာမှုနှင့် ထိတ်တုံးစာမိနိုင်သည်။

နံနက်မိုးလင်းတာနှင့် ထိုသတင်း ဟိုးလေးတကျော် ဖြစ်သွားခဲ့ရပြီး သရဲမောင်စိမ့်၊ မောင်စိမ့်သူ့ရဲဆိုပြီး လူသိများသွားခဲ့သည်။ ဘဝဟောင်းက ဇနီးသည် မခင်စန်းကိုလည်း ကိုယ်ထင်ပြခြင်း၊ ကိုကျော်ထူးနှင့်ရသော ကလေးကိုလည်း လူကြီးများမရှိဘဲ အလုပ်သွားလျှင်လဲ ပုခက်လွှဲပေးခြင်း၊ ရွာထဲ ဓားပြသူခိုး မကပ်နိုင်အောင် စောင့်ရှောက်ခြင်းတို့ကြောင့် သရဲမောင်စိမ့်အား မကြောက်ကြဘဲ ချစ်ခင်နေကြသည်။

နောက်တစ်လလောက် အကြာမှာ မည်သည့်အကြောင်းကြောင့် မသိရဘဲ ကိုကျော်ထူး၊ မခင်စန်းလင်မယားတို့ အိမ်ရောင်းချပြီး ဟင်္သာတမြို့မှ ရန်ကုန်မြို့သို့တက်၍ ချမ်းသာစွာဖြင့် အခြေချနေထိုင်သော အဆင့်သို့ ရောက်သွားခဲ့ကြပါသည်။

နောက် သတင်းကြားရသည်မှာ ယခုအချိန်ထိ ဘဝခြားချစ်သူ ကိုမောင်စိမ့်၏ လမ်းညွှန်မှုဖြင့် ဘုရားအကာ ကျောင်းအကာအဖြစ် ခံယူရင်း ရန်ကုန်မြို့၏ တစ်ခုသော မြို့နယ်ထဲမှာ ဘဝကို မြှုပ်နှံရင်း အဘဦးကျော်ထူး၊ အဖွားဒေါ်ခင်စန်း၊ ဘဝခြား သံယောဇဉ်ချစ်သူ အဘဦးမောင်စိမ့်တို့ ရှိနေပါသေးကြောင်း ထူးခြားဆန်းကြယ်သော တကယ့်ဖြစ်ရပ်မှန် ပေတဖက်လမ်းလေးကို နာမည်ပြောင်း၍ ခံစားရေးဖွဲ့ရပါသည်။

ထို့ကြောင့် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး ဟောကြားသော တရားတော်မှ **"ဖြစ်ပျက်မှုပင် ငါကောင်ထင် ခင်မင်သမုဒယမှတ်"** ဆိုသော တရားစာပိုဒ်ကလေးကြောင့် စာရေးသူတို့ ရုပ်နာမ်ရှိသူအားလုံး အဘမောင်စိမ့်နှင့်တကွ ဖြစ်ပျက်မှုကို ငါကောင်ထင်နေသမျှ ဒီ ခင်မင်မှု သမုဒယ သံယောဇဉ်ကြောင့် ဘဝ သံသရာ လည်ရဦးမှာပါလား...

**[ကျွန်ုပ်စာမူပါ ဇာတ်လမ်းလေးအား ရေးသားမှု တစ်စုံတစ်ရာ အမှားပါ,ပါကလည်း၊ ကာယကံရှင် အဘဦးကျော်ထူး၊ အဘွားဒေါ်ခင်စန်းနှင့် ဘဝခြား ဦးမောင်စိမ့်မှ ကျေနပ် ခွင့်လွှတ်နိုင်ပါစေဟု တောင်းပန်မှုပြုလျက် အဘဦးမောင်စိမ့်နှင့်အတူ ပျော်ပွဲစားဖူးသော ယခုသက်ရှိ အဘကျော်ကြီးအား ကျေးဇူးတင်လျက်...]**

***အရာအားလုံး သည်းခံခြင်း၊ မေတ္တာစိတ်ထားဖြင့် အေးမြနိုင်ကြပါစေ။***

**ဟင်္သာတ သန်းလှိုင်ကျော်**
**(ရွှေပန်းချီ)**



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တက်မင်္ဂလာ

## သိမှတ်စရာ

အိမ်ဆောက်လျှင် ရက်မြတ်မင်္ဂလာ အခါတွက် ဝေဒပညာရှင်များထံ တွက်ချက်မေးမြန်းပြီးမှ အိမ်ဆောက်ကြသလို အိမ်တက်သည့် အခါတွင်လည်း ပညာရှင်များထံ မေးမြန်းပြီး မင်္ဂလာအခါနေ့ရက်အချိန်အရ တက်ကြသည်။

စာရေးသူ တင်ပြလိုသည်မှာ အိမ်တက်ရာတွင် လက်ဆင့်ကမ်း ရှေးမြန်မာကြီးတို့၏ သိမှတ်စရာ အဖြာဖြာကို တင်ပြလိုပါသည်။

မြန်မာ့ကျေးလက်မှာ ယနေ့အထိ ရှေးရိုးစဉ်အလာ လူကြီးသူမတို့၏ အစဉ်အလာအတိုင်း အိမ်တက်ကြပုံကို တင်ပြပါမည်။



အိမ်တက်လျှင် သပြေသားဖြင့် တက်ရပါသည်။ ကျောင်းဆိုလျှင် သနပ်သားဖြင့် တက်ရသည်ဟု လက်ဆင့်ကမ်း အသိအရ တက်နေဆဲ ဖြစ်ပါသည်။

အချို့က အိမ်တက်လျှင် ရဟန်းသံဃာကို ရှေ့မှ ပထမဆုံး တက်စေပါသည်။ ပြီးမှ အိမ်ရှင် မိသားစုများ တက်ကြသည်။ အိမ်အန္တရာယ်ကင်းကြပါသည်။

အများအားဖြင့်မူ မိဘ အကြီးအကဲသည် ပထမဆုံးတက်ပါသည်။ **အိမ်ရှင်အမျိုးသားမှ** ရေအိုးတစ်လုံး ပိုက်၍ ရှေ့ကတက်သည်။ ကလေးရှိက အကြီးဆုံးကလေးကို လက်ဆွဲပြီး တက်သည်။

**အိမ်ရှင်မက** ထမင်းအိုး(သို့မဟုတ်) ထမင်းတောင်း ရွက်ပြီးတက်သည်။ သို့မဟုတ် စပါးတောင်း (သို့မဟုတ်) ဆန်အိတ်ကို ရွက်ပြီး တက်သည်လည်း ရှိပါသည်။

ဒီနောက် အိုးပန်းကန် ခွက်ယောက်တို့ကို ယူပြီးတက်သည်။ ဒီနောက် အိပ်ရာလိပ်နှင့် အိမ်ထောင်ပရိဘောဂကို ယူပြီးတက်သည်။

လှေကားထစ်တိုင်းတွင် (၂၅)ပြားစေ့ကို တင်၍ တက်ကြသည်။ သောက်ရေအိုးကို ပရိတ်ရွတ်ပြီး သပြေ(၂၇)ညွန့်ထိုး၍ ပရိတ်အိုး၌ ပရိတ်ချည်များ ပတ်ပြီး တက်ရသည်။

အိမ်ပေါ်ရောက်မှ ပရိတ်ကြိုးများကို အိမ်အဝင်တံခါးပေါက်တွင် ချည်ထားကြပါသည်။ ပရိတ်သဲတွင် ထိုးထားသော ဆီး(ဇီး)ခက်များကို အိမ်ဝင်ပေါက်၏ တစ်ဖက်တစ်ချက်စီတွင် ထိုးထားကြသည်။

ပရိတ်ရေဖြင့် အိမ်အတွင်းကို ပက်ဖျန်းကြသည့် ပရိတ်သဲကို မှောင်ရိပျိုးစတွင် အိမ်ဝင်းအတွင်း ပက်ပြီး မကောင်းသော မှိုပြီး ကပ်နေ သည့် မိစ္ဆာများကို မောင်းထုတ်ပါသည်။

အချို့မူ ညောင်ရေအိုး ဘုရားပုံတော် ဆင်းတုတော်များကို ရှေ့မှပို့ပြီး တက်သည် လည်း ရှိပါသည်။ နံနက်ပိုင်း ရဟန်းသံဃာ များဖြင့် အိမ်အန္တရာယ်ကင်းကြပြီး ညပိုင်း တွင် မွေစကြာရွတ်အသင်းဖြင့် မွေစကြာ ရွတ်ဆိုကြသည်။

ကောင်းမွန်သင့်မြတ်သော မြန်မာ ဆန်သော မြန်မာအမှုများကို တင်ပြ လိုက်ရပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com





သခင်မတောင်ခေါ် မမဥတောင်၌

# နတ်ရုပ်ဘိရှင်သော

ကိုရင်လေးတစ်ပါး

ကျွန်မတို့ငယ်စဉ်က သင်္ကြန်ရက်များတွင် ရေကစားပျော်ရွှင်ပြီး နှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့ရှိ တောင်သုံးတောင်သို့ ဘုရားဖူးထွက်ကြပါသည်။

တောင်သုံးတောင်မှာ **မမဥတောင် (မရွှေဥတောင်)၊ မန္တလေးတောင်၊ ရန်ကင်းတောင်တို့** ဖြစ်ပါသည်။

နံနက်စောစော ထမင်းချိုင့်များထည့်၍ မိတ်ဆွေများ၊ မိသားစုများကားဖြင့် မမဥတောင်သို့ ပထမဦးဆုံး သွားကြပါသည်။

မန္တလေးမြို့ မြောက်ဘက် မတ္တရာ အထွက်လမ်း အရှေ့ဘက်တွင် မမဥတောင်ရှိပါသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ဘုရားဖူးလာသောကားများသည် မမဥတောင်ခြေတွင် ရပ်နားကြပါသည်။

တောင်တက် စောင်းတန်းဇရပ်များတွင် ခေတ္တနားကြပါသည်။ တောင်ခြေရှိ သခင်မနန်းတွင် ပန်းများဆက်ပြီး တောင်ပေါ်သို့ လူကြီးများနှင့်အတူ ပျော်ရွှင်စွာ တက်ကြပါသည်။

လူကြီးများက လူငယ်များကိုတောင်ပေါ်တွင် စကားအပြောအဆို မမှားရန် တောင်ပေါ်ရှိသစ်ပင်များမှ အပွင့်၊ အသီးများကို မခူးရန်၊ ခုန်ပြီး မခူးရန်၊ အညစ်အကြေးများကို တွေ့ရာနေရာများတွင် မစွန့်ရန် မှာထားကြပါသည်။

တောင်ပေါ်သို့ စောင်းတန်းလှေကားများမှ တက်ကြပါသည်။

အချို့နေရာများတွင် ဖြတ်လမ်းတောလမ်းများမှ သွားကြပါသည်။ အချိန် အတော်ကြာသွားပြီး သခင်မ



www.burmeseclassic.com

www.burmeseclassic.com



မမဥနန်းဆောင်ကို ရောက်သွားပါသည်။

အုတ်တိုက် နန်းဆောင်ထဲတွင် မမဥပုံတော်ကို အရိုအသေပန်းများ၊ ပိုက်ဆံများ ဆက်ကြပါသည်။ နန်းဆောင်ဘေးတွင် ပန်းများ မွှေးကြိုင်စွာ ပွင့်နေသော သရဖီပန်းပင်များကိုလည်း တွေ့ရပါသည်။

လူကြီးများပြောစကားအရ သရဖီပန်းပင်များသည် မမဥခေါင်း ပန်ထားသော သရဖီပန်းကုံးက ထိုနေရာတွင် ကျပြီးပေါက်နေသည်ဟု သိရပါသည်။

နန်းဆောင်ဘေး ရေချိုတွင်းမှ အေးမြသောရေများကိုဘုရားဖူးများသောက်ရန် ကုသိုလ်ဖြစ်ရေအိုးများတွင် ထည့်ပေး၍ အမောပြေသောက်ကြပါသည်။ ထိုမှ တောင်ပေါ်သို့ ဆက်သွားပြီး တည်ထားသော ဘုရားစေတီများကို ဖူးကြပါသည်။

ဘုရားစေတီများတွင် ဘုရားပန်းများနှင့် အလှူငွေများ လှူကြပါသည်။ တောင်ပေါ်ဇရပ်များတွင် ခေတ္တနားပြီး ယူလာသောမုန့်များကို ဝိုင်းဖွဲ့စားကြပါသည်။

တောင်ပေါ်တက်သူများ အမောပြေမှ တောင်အောက်သို့ ပြန်ဆင်းကြပါသည်။ တောင်ပေါ်တွင် ကြွေပန်းခေါ် သနပ်ခါးပန်းများ လှပစွာ ပွင့်နေသည်ကိုလည်း တွေ့ရပါသည်။

ထိုမှ တောင်အောက်ပြန်ဆင်းပြီး တောင်ခြေဇရပ်တွင် ဝိုင်းဖွဲ့ပြီး ထမင်းစားကြပါသည်။ အချိန်အနည်းငယ် အနားယူပြီး မန္တလေးတောင်နှင့် ရန်ကင်းတောင်သို့ ဘုရားဖူး ခရီးဆက်ကြပြန်ပါသည်။ ညနေစောင်းမှ အိမ်သို့ ပြန်ရောက်ကြပါသည်။

ညအချိန်တွင် မိခင်ကြီးမှ လွန်ခဲ့သောနှစ်များစွာက မမဥတောင်သွားခဲ့သည့် ထူးဆန်းသော အကြောင်းကို ကျွန်မတို့ ညီအစ်မများကို ပြန်လည်ပြောပြပါသည်။

မိခင်ကြီးငယ်စဉ်က မမဥတောင်သို့ မိသားစု လှည်းများဖြင့် ဘုရားဖူးသွားကြပါသည်။ မိခင်ကြီး၏ဘကြီးတော်သူ ဆရာတော်ကြီး၊ မိခင်ကြီး၏ အမေ၊ ဦးလေး၊ အဒေါ်၊ အစ်ကိုကြီး ကိုရင်ငယ်၊ အစ်ကိုလတ်နှင့် မိတ်ဆွေများသည် မမဥတောင်ပေါ်သို့ တက်ကြပါသည်။

မိခင်ကြီး၏အမေမှ လူငယ်များကို တောင်ပေါ်တွင် စကားအပြောအဆိုမများရန်၊ မဆဲရန်၊ သစ်ပင်များကို မခူးရန်၊ ခုန်ပြီးမစူးရန်၊ အညစ်အကြေးမစွန့်ရန်တို့ကို အိမ်မှ ခရီးမထွက်ခင် မှာထားပါသည်။

တောင်ပေါ်တွင် သခင်မနန်းဘေး၌ သရဖီပန်းပင်များမှ သရဖီပန်းများ လှပမွှေးကြိုင်စွာ ပွင့်နေပါသည်။ သရဖီပန်းပွင့်သည် ကံ့ကော်ပန်းအငယ်မျိုးဖြစ်ပြီး တစ်ပွင့်ချင်း ပွင့်ပါသည်။

အသက်(၁၀)နှစ်သားခန့်ရှိ မိခင်ကြီး၏ အစ်ကိုကြီး ကိုရင်ငယ်သည် လှပစွာ ပွင့်နေသော သရဖီပန်းများကို ခူးချင်၍ အပင်ကို မော့ကြည့်နေပါသည်။ မမြင့်တမြင့် လက်လှမ်းမမီသော နေရာတွင် အောက်သို့ ကျနေသောကိုင်းကို ခုန်ခူးချင်နေပါသည်။ မိခင်ကြီး၏အမေမှ...

'ကိုရင်လေး သရဖီပန်းကို ခုန်မခူးရဘူးနော်'

ဟု ပြောလိုက်ပါသည်။ ထိုအခါ ကိုရင်ငယ်မှ...

'ခုန်ခူးတော့ ဘာဖြစ်မှာလဲ'

ဟု ပြန်မေးပြီး သရဖီပန်းပင်ကိုင်းကို ခုန်ပြီး ဆွဲယူကာ သရဖီပန်းပွင့်များကို ခူးလိုက်ပါသည်။

မိခင်ကြီး၏ အမေမှ ပြန်မဖြေခင် တဖွတ်ထိုးနိုင်ပြီး အကြောက်အလန့်မရှိသော ကိုရင်ငယ်သည် ပန်းများကို ခူးနေပြီဖြစ်ရာ ကိုရင်ငယ်အန္တရာယ်ဖြစ်မှာကို မိခင်ကြီး၏အမေမှ စိတ်ပူနေပါသည်။

သရဖီပန်းများကို လက်ကိုင်ပုဝါဖြင့် ထုပ်ပြီး တောင်ပေါ်သို့ ဆက်တက်ကြပါသည်။ မကြာမီလူကြီးများနှင့်အတူ သွားနေသော ကိုရင်ငယ်သည် မျက်စိအောက်မှာပင် လမ်းမှား လိုက်သွားပြီး လူစုနှင့် ကွဲသွားပါတော့သည်။

မိခင်ကြီး၏အမေသည် သတိထားနေရာမှ ကိုရင်ငယ်ကို မတွေ့တော့၍ အဖော်များကိုလိုက်မေးရာ မတွေ့ရတော့ပါ။

မိခင်ကြီး၏အမေမှ အတူပါလာသော ဘကြီးဆရာတော်ကြီး ဦးစန္ဒိမထံ ကိုရင်ငယ် ပျောက်သွားကြောင်းနှင့် သခင်မနန်းမှ သရဖီပန်းများကို ခုန်ခူးခဲ့ကြောင်းကို လျှောက်ထားလိုက်ပါသည်။

ဆရာတော်ကြီးဦးစန္ဒိမသည် သီလ သမာဓိ ပညာဂုဏ်တို့ရှိပြီး တန်ခိုးထက်သော ဆရာတော်ကြီးတစ်ပါး ဖြစ်ပါ





www.burmeseclassic.com

www.burmeseclassic.com

သည်။

အမရပူရမြို့ ရွှေဖားရ၊ ရွှေအိုးရ ကျောင်းတိုက်တွင် သီတင်းသုံးသော ဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။ ဆရာတော်ကြီးမှ ကိုရင်ငယ်ကို ရှာမတွေ့သောအခါ သခင်မ မမဥကို...

'ကိုရင်ငယ်လေးက ဘုရားသားတော်ဖြစ်တယ်။ မသိနားမလည်တဲ့ အရွယ်မို့ အမှားလုပ်မိတယ်ဆိုရင်လဲ မရွှေဥက သည်းခံခွင့်လွှတ်ပေးဖို့ မေတ္တာရပ်ခံပါတယ်'

ဟု အသံထွက် မိန့်လိုက်ပါသည်။

ထိုသို့ ဆရာတော်ကြီးမှ မိန့်ပြီး မကြာခင်အချိန်တွင် သစ်ပင်များ ထူထပ်နေသော ချောက်ထဲမှ ကိုရင်ငယ်၏ အော်ခေါ်သံကို အားလုံး ကြားလိုက်ရပါတော့သည်။

ထိုအခါ အသံကြားရာသို့ အားလုံး သွားကြည့်ရာ ကိုရင်ငယ်ကို တွေ့လိုက်ကြရပါသည်။ ကိုရင်ငယ်ကို လူကြီးများက သွားခေါ်လိုက်ကြပါသည်။ မိသားစုများနှင့် မိတ်ဆွေများက ကိုရင်ငယ်ကို ဘယ်တွေလျှောက်သွားနေတာလဲဟု ဝိုင်းမေးကြပါသည်။

ကိုရင်ငယ်သည် မိသားစုနှင့်အတူ သွားရင်း ရှေ့ဆက်သွားရာလမ်းပျောက်ပြီး ကျားသားရဲတွင်းသို့ ရောက်ရှိသွားပါသည်။ နွားသေကောင်များ၊ စားလက်စ အသားများ၊ အရိုးများကို တွေ့ရကြောင်း၊ အပုပ်နံ့များလည်းရကြောင်း ပြောပြပါသည်။

ကျားဟိန်းသံကိုပင် နီးကပ်စွာ ကြားရပြီး ကိုရင်ငယ်သည် ကြောက်ရွံ့နေပါသည်။ ထိုအခါမှ ဗုဒ္ဓဘုရားရှင်ကို သတိရလိုက်ပြီး. . .

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ'

ဟု လက်အုပ်ချီပြီး သရဏဂုံသုံးပါးကို အသံထွက်ပြီး ရွတ်ဆိုလိုက်ပါသည်။

ထိုသို့ သရဏဂုံသုံးပါးကို ရွတ်ဆိုပြီး ဆက်သွားရာမှ မိသားစုကို ပြန်တွေ့ကြောင်းကို ကိုရင်ငယ်မှ ပြန်ပြောပြပါသည်။

ကိုရင်ငယ်သည် ကံကောင်းထောက်မစွာ ဆရာတော်ကြီး၏ မေတ္တာရပ်ခံမှုနှင့် သရဏဂုံသုံးပါး ဂုဏ်ကျေးဇူးကြောင့် ကျားသားရဲတွင်းမှ လွတ်မြောက်လာကြောင်းကို မိခင်ကြီးမှ ပြန်လည်ပြောပြပါသည်။

နှစ်ဆန်းတစ်ရက်နေ့ မမဥတောင်ဘုရားဖူးသွားခဲ့စဉ်က ထိုဖြစ်ရပ်ကြောင့် ကျွန်မတို့လူငယ်များကို တောင်ပေါ်၌ စကားအပြောအဆို မမှားရန်၊ မဆဲရန်၊ သစ်ပင်များကို မခူးရန်၊ အသီးအပွင့်များကို ခုန်မခူးရန် ကြိုတင် သတိပေးတားမြစ်ရခြင်းဖြစ်ကြောင်း သိရှိကြရပါသည်။

မည်သည့် တောတောင်များကို ဘုရားဖူးရောက်ပါကလည်း ထို စည်းကမ်းများကို လိုက်နာရန် ပြောပါသည်။ အညစ်အကြေး မတတ်သာ၍ စွန့်ပါကလည်း တောစောင့်နတ်ကို လက်အုပ်ချီကန်တော့ပြီး **"အမိုက်အမဲမို့ ခွင့်လွှတ်ပါ"** ဟု တောင်းပန်ရကြောင်းနှင့် သစ်ပင်ကြီးများ လွတ်ရာနေရာတွင် စွန့်ရကြောင်းကို မိခင်ကြီးမှ သင်ကြားပေးခဲ့ပါသည်။

**[နှစ်ပေါင်းများစွာကအမှန်တကယ်ဖြစ်ခဲ့သောဖြစ်ရပ် ဖြစ်ပါသည်။ ကိုရင်ငယ်မှာ နောင်တွင် ဦးကုသွှေဘာသ (ရွှေဖားရ၊ ရွှေအိုးရ)ကျောင်းတိုက် ဆရာတော် ဖြစ်ပါသည်။]**

**ချို(အမရပူရ)**



# သွားကိုက်ဝေဒနာ

**မခက်ဝါ**

သွားကိုက် သွားနာ ဝေဒနာဟာ တော်တော်ဆိုးရွားပြီး အခံရခက်ပါတယ်။ ဤကဲ့သို့သော ဝေဒနာသည်များအား မြင်တွေ့ရသည့်မှာ လွန်စွာမှ ကရုဏာသက်စရာပါ။ ပါးများ ရောင်ကိုင်းနေပြီး စားမရ သောက်မရ ဖြစ်နေပုံကို ကြည့်၍လဲ စိတ်မကောင်း ဖြစ်မိပါတယ်။

အချို့က - အပူကိုက်၊ အချို့က အအေးကိုက်၊ ရေနွေးငုံရင် သက်သာသူရှိသလို ရေအေးငုံရင် သက်သာသူများလဲ ရှိပါတယ်။ မလိုအပ်ဘဲနုတ်၊ ချိုးပစ်ခြင်းမျိုးလဲ မပြုလုပ်စေချင်ပါ။

သွားကိုက်ဝေဒနာအတွက် မခက်ဝါ လှသော ဆေးနည်းလက်ဆော င် ပေးလိုက်ပါရစေ။

မီးဖိုချောင်သုံး ငရုတ်ကောင်းနဲ့ ဝိတောက်ပင်မှ အစေးတို့ပဲဖြစ်ပါတယ်။

**ပြုလုပ်ပုံမှာ**

ငရုတ်ကောင်းစေ့ အစိမ်း(၁)စေ့အား ကြိတ်ပါ။ ယင်းအမှုန့်အနည်းငယ်နဲ့ ဝိတောက်ပင်မှ အရွက်ဖြတ်၍သော် လည်းကောင်း၊ ကိုင်းချိုး၍သော် လည်းကောင်း ရရှိသော အစေးအနည်းငယ်အား ရော၍ ထည့်ပေးပါ။

သွားအခေါင်းဆိုရင်လဲ အခေါင်းထဲသို့ ထည့်ပေးပါ။ (၃)ကြိမ်ခန့် ပြုလုပ်ပေးရုံဖြင့် သက်သာပျောက်ကင်းစေပါတယ်။ နောင်တွင်လဲ ဘယ်တော့မှ မနာ မကိုက်တော့ပါ။

**သွားကိုက် ဝေဒနာသည်များအား ကရုဏာထားလျက်...**

**မောင်နိုး(ကျောက်မဲ)**



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော

# အိမ်ကြီးနှင့် ပရလောကသား

ရွှေဒုံ-ဂျူကျူအေး



**၁၉၈၆ ခုနှစ်၊ ဧပြီလနေ့တစ်နေ့မှာ** ကျွန်မရဲ့ခင်ပွန်း ရာထူးတိုးမြှင့်ပြီး စစ်ကိုင်းတိုင်းဒေသကြီးရုံးသို့ သတင်းပို့ကာ ပြန်ခဲ့ပါတယ်။ (၂)နာရီလောက်မှာ ကားငှားပြီး စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူးရန် ထွက်ခဲ့ပါတော့တယ်။

ခါနွေတန်ခူးရဲ့ အပူရှိန်ကလဲ ပြင်းထန်လွန်းလှပါပေတယ်။ တောင်ရိုးတန်းတစ်လျှောက်မှာတော့ တရားဘာဝနာပွားများနေတဲ့ သံဃာတော်တွေ သီတင်းသုံးရာ ကျောင်းတိုက်၊ စာသင်တိုက်နဲ့ သီလရှင်စာသင်တိုက်တွေကို အမြောက်အများ တွေ့ရှိရတာ လွန်စွာ စိတ်ဘဝင်ထဲ ကြည်နူးမိပါတယ်။ သီတဂူ ဆရာတော်ကြီးရဲ့ ရေအလှူကိုတော့ တစ်တောင်လုံးမှာ မြင်တွေ့ရပါတယ်။

ပုညရှင်စေတီပေါ် ရောက်တော့ ဘုရားရှင်ရဲ့အရိပ်ကို ခိုလှုံရတာ ကျွန်မရဲ့တစ်သက်တာ ပူလောင်ခဲ့ရတဲ့ ဘဝအမောတွေ ပြေပျောက်ပြီး ရင်ထဲမှာ အေးမြစေခဲ့ပါတယ်။ ငှားသွားတဲ့ ကားမောင်းသူကလဲ စိတ်ရှည်စွာ ဘုရားစုံပို့ပေးလို့ တစ်ဝကြီးပဲ ဖူးခဲ့,လှူဒါန်းခဲ့ရပါတယ်။

ကျွန်မရဲ့ခင်ပွန်းက မြို့နယ်မှူးရာထူးနဲ့ ပင်လယ်ဘူးမြို့ကို ပြောင်းရွှေ့ရတာမို့ ညနေမှာပဲ မြစ်ကြီးနားရထားနဲ့ ကောလင်းဘူတာသို့ မိသားစုပါ လိုက်ပြောင်းရွှေ့ ရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မိသားစုဆိုပေမယ့် အိမ်ထောင်ရှင် သမီးတစ်ယောက်ရယ်၊ တက္ကသိုလ် တက်နေတဲ့ သမီးတစ်ယောက်ရယ် မော်လမြိုင်မှာ ကျန်ခဲ့ပါတယ်။ ကျွန်မ တို့ဇနီးမောင်နှံရယ်၊ သမီးကြီးနဲ့ မြေး ငယ်လေးရယ်၊ သမီးငယ်လေးနဲ့ ကျွန်မ ရဲ့မိခင်အိုရယ် ပြောင်းရွှေ့ခဲ့ပါတယ်။

ည(၁)နာရီလောက် ကောလင်း ဘူတာမှာဆင်းပြီး တည်းခိုမည့် ရဲစခန်း ရှိ ဒုရဲအုပ်ဦးအောင်မြအိမ်မှာ တည်းခို ညအိပ်ခဲ့ပါတယ်။ နံနက်မိုးသောက် အဆာပြေ စားသောက်ကြပြီး ပင်လယ် ဘူးမှ လာကြိုသော ရဲကားဖြင့် ထွက်ခဲ့ ပါတော့တယ်။

ကောလင်းမှ ပင်လယ်ဘူးသို့ သွား ရာ ကားလမ်းနံဘေး တစ်ဖက်တစ်ချက် က သစ်တောကြိုးဝိုင်းကြီးအတွင်း ကျွန်းပင်ကြီးတွေ ပေါက်နေတာ အများဆုံး တွေ့ရပါတယ်။

တစ်နေရာမှာတော့ သစ်ထုတ်လုပ် ရေးစခန်းတစ်ခုကို တွေ့ရပြီး ဆင်တွေ၊ ဝန်ချီစက်တွေနဲ့ သစ်တင်(၁၀)ဘီး၊ (၁၂)ဘီးကားကြီးတွေအပေါ် သစ်တွေ တင်နေတာကိုလဲ တွေ့ရပါတယ်။

မြေလင်းစခန်းကိုရောက်တော့ ကား ရပ်နားကြပါတယ်။ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်နဲ့ အအေးဆိုင်များ စုံလင်လှပါတယ်။ ကျွန်မတို့မိသားစုလဲ ကားပေါ်မှ ဆင်း ကာ အဆင်ပြေမယ့် ထမင်းဆိုင် တစ်ဆိုင်ကို ရွေးပြီး ထမင်းစားသောက် ရဖို့ ဝင်ရောက်ခဲ့ပါတယ်။

မြေလင်းတွင် ကျွန်မတို့လက်အောက် ခံ ရဲစခန်းရှိတဲ့အတွက် မြေလင်းစခန်း မှူးက လာရောက်တွေ့ဆုံကာ ကျွန်မရဲ့ ခင်ပွန်းက လိုအပ်တာတွေ မှာကြားနေ တုန်း ပင်လယ်ဘူးမှ ကားနှစ်စီး ရှေ့ ဆင့်နောက်ဆင့် ဆိုက်လာပါတယ်။

ရှေ့ကားမှ ကောင်ကလေးက နောက် ကားမှ ကောင်မလေးကို...

'ဟေး...အစီမ၊ မင်းနဲ့ငါ ကောလင်း ရောက်ရင် ညားရအောင်ပညှယ်'

လို့ အော်ပြောတော့ နောက်ကားမှ ကောင်မလေးက...

'အေးပါညှယ့် ညားတာပ ညားတာ ပညှယ်'

လို့ ပြန်ပြောတော့ ကျွန်မတို့အောက် သူတွေရဲ့နားမှာ တစ်မျိုးကြီး ဖြစ်နေမိ တော့တယ်။

သူတို့ကားပေါ်က အဘွားအို တစ်ယောက် ကျွန်မတို့စားပွဲမှာ လာ ထိုင်လို့ ကျွန်မက မေးမိပါတယ်။

'သူတို့နှစ်ယောက်က ချစ်သူတွေမို့ ယူကြဖို့ ပြောတာလား'

လို့ မေးကြည့်တော့...

'ဟုတ်ဖူးညှယ့် ချစ်သူ ဟုတ်ဖူးညှယ့် သူငယ်ချင်းတွေပ၊ ကောလင်းရောက် ရင် မင်းနဲ့ငါ တွေ့ရအောင်လို့ ပြောတာ ပညှယ်'

လို့ ကျွန်မကို ရှင်းပြတော့မှ တွေ့ တာကို ညားတယ်လို့ ပြောကြတဲ့သူတို့ ကဒူးတိုင်းရင်းသားစကားကို ကျွန်မ ပြုံးမိပါတော့တယ်။

ညနေ(၃)နာရီလောက်မှ ရောက်ခဲ့ ပါတော့တယ်။ ကျွန်မတို့နေရမယ့် အိမ်ကိုရောက်တော့ လွန်စွာမှ အံ့ဩရ ပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ ဒီအိမ်ရဲ့အနေအထားနဲ့ ပတ်ဝန်းကျင်၊ ပြီးတော့ လုပ်ဆောင်ရမည့်ကိစ္စတွေကို ကြိုတင်ပြီး ပြောလိုက်တဲ့ မော်လမြိုင် မြို့က ဆရာအေးရဲ့ ဟောကြားချက်နဲ့ ကွက်တိဖြစ်နေလို့ပါပဲ။

အိမ်ရှေ့ဝင်းထောင့်တွင် တည်ရှိနေ သော ကုက္ကိုပင်မှာ မည်သည့်နှစ် ကတည်းက စိုက်ထားသည်မသိ ပုဆိုး သုံးပတ်စာခန့် ရှိမယ်ထင်ပါတယ်၊ အိမ် ရဲ့အနောက်ထောင့်မှာတော့ အဓိကရ ညောင်ပင်ကြီးတစ်ပင် ရှိပါတယ်။ **ကဆုန်လပြည့်နေ့ဆို ညောင်ရွက် တွေ ကတော့ထိုးလိပ်ပြီး မိုးပေါ် ထောင်နေတတ်ပါတယ်။** တိုက်ဆိုင် လွန်းလို့ အံ့ဩမိတာပါ။

အိမ်ကိုတော့ ရဲဘော်တွေက ဆေး ကြော သန့်ရှင်းရေးလုပ်ပေးထားကြ တာ ရှင်းသန့်နေတာပဲ။ အိမ်ကတော့ အိမ်အနိမ့်ပါ။ အိမ်ရှေ့လှေကားမှ တက် ရင် ဗိနပ်ချွတ်ကိုတော့ နှစ်တစ်လက်မ သစ်နဲ့ ကြက်တူရွေးခြံ ကာထားပြီး ဧည့်ခန်းတစ်ခန်း၊ အိပ်ခန်းတစ်ခန်း၊ ထမင်းစားခန်းနဲ့တွဲလျက်မှာ အိပ်ခန်း ငယ် တစ်ခန်း၊ မီးဖိုကတော့ အပြင် ဘက်မှာ သီးခြားဖြစ်ပါတယ်။ ရဲဘော် နှစ်ယောက်က ပစ္စည်းတွေကို ကူညီ သယ်ပိုး နေရာချပေးပါတယ်။

C.R.Oစခန်းမှူး ဦးကျော်မြင့်ရဲ့ဇနီး မခင်သန်းနဲ့ တပ်ကြပ်ကြီးဦးကျော်ခင် ရဲ့ဇနီး မညွန့်ညွန့်(မော်လမြိုင်သူ)တို့က လာရောက် ကူညီပေးကြပါတယ်။ ပစ္စည်းများနေရာချပြီး ခဏနားကာ အမေ့ကို ရေမိုးချိုးစေပါတယ်။ မညွန့် ညွန့်က...

'အစ်မကြီးရေ...ညွန့်တို့ ရဲဝင်းမှာ ရေမရှိဘူး။ ရေချိုးရင် တောင်ပေါ်မှာ သွားချိုးရမယ်။ စောစောသွားရအောင် နော်၊ နောက်ကျရင် လူများပြီး ရှုပ်လို့ပါ'

လို့ ပြောတော့ ကျွန်မက...

'အေး... ကောင်းသားပဲ ရထားစီး ရတာ အတန်တန် အိပ်ရေးပျက်တာနဲ့ လူကို ငြီးစီစီကြီးဖြစ်နေပြီ။ သမီးတို့ မြေးလေးတို့ရော ဖေဖေကြီးပါလိုက်ခဲ့ ရေသွားချိုးကြမယ်'

လို့ ခေါ်ပြီး ညွန့်ညွန့်နဲ့အတူ ရေသွား ချိုးကြပါတော့တယ်။

စခန်းတည်ထားတာက တောင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေမြေပြန့်မှာ၊ စခန်း အနောက်ဘက် ဝင်းပြင်မှာတော့ တောင်စောင်းလေးအတိုင်း စုပေါင်းရုံး ဘက် တက်သွားတော့ ရေတွင်းကလေး ကို အုတ်ပေါင်ခတ်နဲ့ တွေ့ရပါတယ်။

ညွှန့်ညွှန့်က "အဲဒီတွင်းပဲ အစ်မ"ဟု ပြောပါတယ်။

ကျွန်မက ဘေးပတ်ဝန်းကျင်နဲ့ တောင်ကုန်းအထက် အမြင့်မှာရှိနေတဲ့ စေတီလေးကိုမြင်တော့ ညွှန့်ညွှန့်ကို မေးကြည့်ရာ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ် တည်ထားကိုးကွယ်ခဲ့တဲ့ ကောင်းမှုစေတီဆိုတာ သိရပြီး လွန်စွာ ကြည်ညိုကာ ဦးချကန်တော့ပြီးမှ ရေချိုးကြကာ ပြန်လာခဲ့ပါတော့တယ်။

ကျွန်မတို့ရောက်တဲ့နေ့ဟာ သကြန် အကြိုနေ့ဖြစ်ပါတယ်။ ညနေ(၆)နာရီ လောက်မှာ ညနေစာ စားပြီးပြီမို့ အိမ်ရှေ့မှာ ထွက်ထိုင်နေကြပါတယ်။ ကျွန်မကတော့ ခင်ပွန်းသည် အသစ် ရိုက်ပေးခဲ့သော ဘုရားစင်တွင် ပင့်ဆောင်လာခဲ့သော သက်နန်းနက်ဘုရား ကို ပူဇော်ပြီး ဘုရားပန်းနဲ့ ရေချမ်းတော် ဆီမီးကပ်လှူ ပူဇော်နေတုန်းမှာပဲ ထူးခြားစွာ အပုပ်နံ့ကို စူးစူးဝါးဝါး ရနေပါတော့တယ်။ ကျွန်မက...

'ဖေကြီးရေ... ရှုပါဦး၊ အနံ့ကြီး ကလဲ နံလိုက်တာ ညှီစို့စို့ ပုပ်အဲ့အဲ့နဲ့ တော်တော် အနံ့ဆိုးပါတယ်'

ဖေကြီးလဲ လက်နှိပ်ဓာတ်မီးယူကာ သမီးကြီးကော၊ သမီးငယ်ပါ ဝိုင်းဝန်း ရှာကြပါတော့တယ်။ အိမ်ပေါ်အိမ် အောက် ယက်မ၊ ဆင့်တွေပါမကျန် သေချာရှာကြတာ ရှင်းနေတာပဲ၊ ဘာမှ မတွေ့ရပါဘူး။ ကျွန်မလဲ ဘုရားကို ဝတ်ပြု ကန်တော့လိုက်ပါတော့တယ်။

ဘုရားပင့်၊ နတ်ပင့်ပြီး ပရိတ်ကြီး (၁၁)သုတ်ကို မင်းကွန်းဆရာတော်ကြီး ရွတ်တဲ့အတိုင်း အာဋာနာဋိယသုတ် ကို မဟာအာဋာနာဋိယသုတ်ပါ ဆရာတော်ကြီးမှ ရွတ်တဲ့အတိုင်း ထည့်သွင်း ရွတ်ဆိုပွားများပြီး အမျှပေးဝေလိုက် တော့မှ အပုပ်နံ့ နံနေတာ ပျောက်သွား ပါတော့တယ်။

အိပ်ရာဝင်ခါနီးမှာ စီးကရက် သောက်တဲ့အနံ့ ရပြန်တော့ အဖေကြီး က အိမ်နား လူကပ်တယ်ထင်ပြီး ဆင်း ကြည့်ပါတယ်။ ဘာမှ မတွေ့တော့မှ ပြန်တက်ခဲ့ပြီး အိပ်ရာဝင်ခဲ့ပါတော့ တယ်။

ညသန်းခေါင်ရောက်တော့ သား လေး ကိုယ်တွေပူပြီး ထငိုပါလေရော။ ကျွန်မတို့ လင်မယားနှစ်ယောက်ထပြီး ရှိတဲ့ဆေး တိုက်ကာ သားကို ထွေးပွေ့ ထားရပါတယ်။ ခြေတစ်ပိုင်း၊ လက် တစ်ပိုင်း အေးစက်ပြီး ကလေးက လန့်လန့်ပြီး ငိုနေပါတယ်။

မနက်လင်းတော့ ဆရာဝန်သွားပင့် ရာ လင်မယားနှစ်ယောက်စလုံးက ဆရာဝန်တွေမို့ နှစ်ယောက်လုံး လာကြည့်ပေးပါတယ်။ ကလေးကို သေချာစမ်းသပ်ပြီး ဆေးပေးသွားကြ တယ်။ ကိုယ်ပူတာကတော့ နည်းနည်း သက်သာလာပေမယ့် လန့်ငိုတာ ခြေ တစ်ပိုင်း လက်တစ်ပိုင်း အေးတာတော့ မသက်သာပါ။ သားလေးက (၂)နှစ် ကျော်လေးသာရှိသေးတော့ သားလေး ကို ကြည့်ပြီး သနားမိပါတယ်။

နောက်တစ်နေ့မှာတော့ သကြန် အကြတ်နေ့ ရောက်ပါပြီ။ ကျွန်မလဲ သတိရပြီး...

'အဖေကြီး အိမ်ကို ဆရာမှာတဲ့အတိုင်း လုပ်ပြီးပြီလား'

လို့ မေးတော့မှ...

'အေး...မလုပ်ရသေးဘူး မိန်းမ၊ ငါလဲ အလုပ်လွှဲယူနေတာနဲ့ မလုပ်ဖြစ်တာ'

လို့ ပြန်ပြောပါတယ်။

မော်လမြိုင်က ပြောင်းရမယ် ဆိုကတည်းက ကျွန်မ စိတ်ပူပြီး ဆရာ အေးထံသွားကာ သွားရောက် မေးမြန်း ရာ ဓာတ်စီးပြီး ကျွန်မတို့နေရမယ့် အိမ်ရှေ့၊ နောက်ဖေးရှိ အပင်တွေကို အတိအကျ ဟောပေးပါတယ်။ အိမ်ရဲ့ အောက်မှာ ဘူမိယရှိတဲ့အတွက် အိမ် ကို အမဲသား၊ ဝက်သားနဲ့ အရက်ကို လုံးဝ အတင်မခံဘူး။ ဘုရား၊တရား များများလုပ်ပြီး အမျှအတန်း များများ ပေးဝေ၊ နေမယ်ဆို ပရိတ်ကမ္ဘဝါ ရွတ် ဖတ်ပြီးမှနေလို့ ဟောခဲ့ပြီး ခင်ပွန်းက အရင်သွားပါတယ်။

ကျွန်မကတော့ ကလေးတွေ စာမေး ပွဲပြီးမှ လိုက်ပြောင်းရတာမို့ သူ့ကို ကြိုတင်ပြီး ပရိတ်ကမ္ဘဝါကို ဘုန်းကြီး ပင့်ပြီး လုပ်ခိုင်းတာ မလုပ်ရသေး ကြောင်း သိရတာနဲ့ ချက်ချင်း သံဃာ ငါးပါးပင့်ပြီး ညနေ(၅)နာရီမှာ ပရိတ် တရားနာကြပါတယ်။

ကျောက်အင်းကုန်းရွာ ကျောင်းမှ



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်က မမာတဲ့ကလေးကို ပွေ့ခဲ့ပါလို့ မိန့်တာနဲ့ ကျွန်မလဲ ကလေးကို ပေါင်ပေါ်သိပ်ပြီး ကလေးကိုတော့ ပရိတ်ကြိုးတွေနဲ့ ရစ်ပတ်ကာ ရဟန်းတော်တွေက ပရိတ်ကြိုးတွေ ကိုင်ထားပါတယ်။

ပရိတ်ကြိုး (၉)ချောင်း၊ (၉)ပတ်ပေါ့။ ပရိတ်ရွတ်ပြီး ကမ္မဝါဖတ်တော့ ဒုတိယအပုဒ်မှာ ကလေးဟာ အိပ်ပျော်နေရာမှ အတင်းရုန်းကန်ရာ ပရိတ်ကြိုးများ ပြုတ်ကုန်ပါတယ်။ ဆရာတော်က လက်ဟန်နဲ့ ကလေးကို ပြန်ပတ်ခိုင်းတာမို့ ပြန်ပတ်ပါတယ်။ ရုန်းကန်ပြန်တာ အားကြီးလိုက်တာ။ အဖေကြီးရယ်၊ စခန်းမှူးရယ်၊ နယ်ထိန်းတစ်ယောက်ရယ်၊ ကျွန်မရယ် မနည်းဖမ်းချုပ်ထားရပါတယ်။

ကမ္မဝါပြီးခါနီးကျမှ ငြိမ်သွားပါတော့တယ်။ ဆရာတော်လဲ ယင်းပရိတ်ကြိုးနဲ့ပဲ ချက်ချင်း လက်ဖွဲ့ပြုလုပ်ပြီး ကလေးရဲ့လည်ပင်းနဲ့ ခြေလက်တို့မှာ ချည်နှောင်ပေးပါတယ်။ ဆရာတော်မှ...

'အကာမကြီး ကြက်သွန်(၄)ဥရှိရင် ဆရာတော်ကို ကပ်ပါ'

ဆိုလို့ ကြက်သွန်နီ(၄)ဥကို ကပ်ပေးလိုက်ပါတယ်။

ဆရာတော်က မန်းမှုတ်ရွတ်ဖတ်ပြီး အိမ်ရဲ့တိုင် ထောင့်လေးထောင့်မှာ မြှုပ်ခိုင်းခဲ့ပါတယ်။ သဲမန်း၊ ခဲမန်း၊ ဆန်မန်းကိုတော့ အိမ်တွင်းအိမ်ပြင်နဲ့, နီးနားဝန်းကျင်ပါမကျန် ကြဲပက်စေကာ ပြန်ကြွသွားပါတော့တယ်။

ဆရာတော်ပို့တဲ့ကားဟာ လမ်းတစ်ဝက်လောက်ပဲ ရောက်ဦးမယ်၊ သားလေးက ထပြီး ဘောလုံးကန် ကစားနေပါပြီ၊ နေလဲ ကောင်းသွားပါပြီ။ အဲဒီအိမ်ရောက်ပြီး (၃)ရက်လောက်



ညမှာပဲ ကျွန်မ အိပ်မက်,မက်ပါတော့တယ်။ လူနှစ်ယောက် ရောက်လာပြီး ကျွန်မကို...

'ဆရာကတော်... ကျွန်တော်တို့ နေစရာမရှိလို့ ကျွန်တော်တို့အတွက် နေရာပေးပါ'

လို့ နေရာလာတောင်းတယ်။ ကျွန်မကလည်း

'အေး...ဟုတ်ပြီ နေရာပေးရင် ကောင်းကောင်းမွန်မွန်နေမှာလား။ သူတစ်ပါးကို နှောင့်ယှက်ဦးမှာလား'

လို့ မေးတော့ ''ကျွန်တော်တို့ ကောင်းကောင်းနေမှာပါ ခင်ဗျာ''လို့ ကတိပေးတာမို့ ကျွန်မကလဲ ''အေး ငါ စီစဉ်ပေးမယ်''ဆိုပြီး လန့်နိုးခဲ့ပါတယ်။

ချက်ချင်းပဲ အဖေကြီးကို နှိုးပြီး အိပ်မက်အကြောင်းပြောပြရာ...

'ရွှေမှာ ကုက္ကိုပင်ကြီး ဒီလောက်ကောင်းတာ အဲဒီမှာ အိမ်လေးလုပ်ပြီး ထားလိုက်ပေါ့'

လို့ လွယ်လွယ်ပြောပြီး ပြန်အိပ်သွားတယ်။ ကျွန်မက စဉ်းစားရင်း အိပ်မပျော်တော့ဘဲ မိုးလင်းခဲ့ရပါတယ်။

သင်္ကြန်လွန်တော့ သမီးဆီက ကြေးနန်းလာတယ်။ ''တက္ကသိုလ်ကျောင်းမှာ အဆောင်မရလို့ မေမေပြန်လာပြီး စီစဉ်ပေးပါ''ဆိုလို့ ကျွန်မ မော်လမြိုင်သို့ ပြန်ခဲ့ရပါတယ်။ သမီးကိုတွေ့ပြီးတာနဲ့ ဆရာအေးထံသွားပြီး အိပ်မက်အကြောင်း ပြောပြတော့...

'အမျိုးသားပြောသလို လွယ်လွယ်ကူကူ သစ်ပင်မှာ လုပ်ပေးလို့ မရဘူး။ အဲဒီအပင်က ရုက္ခစိုးကလဲ လက်မခံဘူး။ ဒီကပြန်ရင် သင်္ကန်း ဝယ်သွား၊ ဘုန်းကြီးပင့်ပြီး ဆွမ်းကပ် သင်္ကန်း ကပ်ပြီး အဲဒီကောင်းမှုအဖို့တာကို သူတို့ နှစ်ယောက်ကို ခေါ်ပြီး ရေစက်သွန်းချ အမျှ ပေးဝေလိုက်ရင် သာဓုခေါ်နိုင်တာနဲ့ တစ်ပြိုင် နက် ဘုံဗိမာန် ရရှိသွားမယ်'

လို့ ပြောတာနဲ့ သင်္ကန်းဝယ်ပြီး ပြန်ခဲ့ပါတော့တယ်။

ကျွန်မပြန်ရောက်တော့ အဖေကြီးက မရှိပါ၊ မေမေကအစ ကလေးမြေးလေးပါမကျန် နေကောင်းတာ တွေ့ရတော့ ဝမ်းသာမိတယ်။

'အိမ်မှာအခြေအနေ ထူးခြားတာရှိလား'

မေးတော့...

'မထူးခြားပါဘူး၊ အဖေကြီးတော့ မရှိပါ။ ပါတီကောင်စီက လူတွေနဲ့ နယ်ဘက်ဆင်းသွားတယ်'

လို့ သိရပါတယ်။ နောက်နှစ်ရက်ကြာတော့ အဖေကြီး ပြန်ရောက်လာပါတယ်။

'မနက်ဖြန် ငါ ကသာကို အစည်းအဝေးသွားမယ်'

လို့ ပြောပါတယ်။ ည တရေးနိုး ကျွန်မ အပေါ့အပါးထသွားပြီး အိပ်ရာထဲ ရောက်နေပါပြီ၊ သူကတော့ နောက်မှ ဝင်လာပြီး ခြင်ထောင်ထဲမှာ ခြင်ရှာနေပါတယ်။

'ဒီနယ်မြေဟာ ရွှေထွက်ရာဒေသဖြစ်ပြီး ငှက်ဖျားရောဂါ အရမ်းဆိုးတယ်။ ဒါကြောင့် ခြင်ရှာရတာပါ'

လို့ ပြောပြီးတာနဲ့ ဓာတ်မီးပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

လှဲအိပ်ချလိုက်တာ ခေါင်းအုံးနဲ့ ခေါင်းထိတာနဲ့...

"ဒုံး...ဒုံး...ဒုံး...ဒုံး"နဲ့ ခြေသံပြင်းပြင်းနင်းကာ ရေချိုးခန်းမှ ထမင်းစားခန်း ပြီးတော့ ဆက်လျှောက်လာရာ ဧည့်ခန်းမှာ ခြေသံရပ်သွားပါတော့တယ်။ ခြေသံ ဘယ်လောက်ထိ ပြင်းသလဲဆိုရင် တစ်အိမ်လုံး လှုပ်ခါသွားတဲ့အထိအောင်ပါပဲ။

အဖေကြီးက ချက်ချင်း ခေါင်းအုံးဘေးနားထားတဲ့ ခြောက်လုံးပြူးကို ကောက်ဆွဲပြီး ဓာတ်မီးထိုးကာ လိုက်ရှာပါတော့တယ်။ ရေချိုးခန်းတံခါးလဲ ပိတ်လျက်ပဲ၊ သမီးတွေ အိပ်တဲ့အခန်းကလဲ တိတ်ဆိတ်ငြိမ်သက်လို့ အိပ်ပျော်နေကြတာ အမှောင်မှန်း မနိုးဘူး။ သူ တံခါးဖွင့်ပြီး အိမ်နံဘေးကို ဆင်းကြည့်သေးတယ်။ ဘာမှ မတွေ့တာနဲ့ ပြန်တက်ခဲ့ပြီး တံခါးလုံခြုံအောင် ပိတ်ပြီး အိပ်ရာထဲ ပြန်ဝင်လာကာ အိပ်ချလိုက်တာနဲ့...

"ချွင်...ချွင်...ခွပ်...ချွင်.... ချွင်...ခွပ်" "ဂရပ်"ဆိုပြီး ကျွန်မတို့ အိပ်ခန်းခြေရင်းက အသံတွေ ဆူညံစွာ ထွက်လာပါရော အမျိုးသားက ကျွန်မ နား၊ နားကပ်ပြီး "ဘာလဲ မသိဘူး မိန်းမ၊ ဘာလဲ မသိဘူး"လို့ တိုးတိုးလေး လာပြောပြီး ဓာတ်မီးနဲ့ ထိုးကြည့်ရာ လူကောင်လုံးလဲ မမြင်ရဘဲ ခြေရင်းက ဝတ်လက်စ ယူနီဖောင်း။ မျက်နှာသုတ်ပဝါ၊ အနွေးထည်တွေ ချိတ်လှန်းထားတဲ့ သွပ်ကြိုးတန်း တအား လှုပ်ယမ်းနေပြီး ခါးပတ်ခေါင်းနဲ့ နံရံ ရိုက်တဲ့အသံမြည်နေပါတော့တယ်။

ကျွန်မအမျိုးသားလဲ ဒေါသထွက်ထွက်နဲ့ တောက်ခေါက်မိကာ "ဘာတွေလဲ နားကို မလည်တော့ဘူး"လို့ ပြောတဲ့အချိန်မှာပဲ စခန်းကင်းက နာရီသံချောင်းခေါက်သံ (၂)ချက်တီးကြားလိုက်ရပါတော့တယ်။

ကျွန်မကတော့ သူတို့ရဲ့ရုပ်ရည်ကို မြင်အောင်ရှုပြီး အမျှပေးဝေနေလိုက်ပါတယ်။ သူတို့ကို အိမ်မက်ထဲမှာ မြင်ဖူးထားတော့ သူတို့ကို တရစပ်မနေမှာ ထင်ပေါ်အောင် ကြည့်ပြီး အမျှပေးဝေရာ အသံတွေလဲ တိတ်ဆိတ်သွားတော့တယ်။

ကျွန်မလဲ အိပ်မရတော့တာနဲ့ မနက် (၄)နာရီမှာ ထခဲ့ပြီး ကိုယ်လက်သန့်စင်ကာ ဘုရားမီးထွန်း၊ သောက်တော်ရေချမ်းလဲကာ ဘုရားရှေ့ထိုင်ပြီး ဝတ်တက်ပါတော့တယ်။ ပြီးစီးတာနဲ့ အိပ်မက်ထဲက ပုဂ္ဂိုလ်နှစ်ယောက်ကို ကျွန်မ စကားပြောပါတော့တယ်။

'မင်းတို့ကို ငါကတိပေးတာ မှန်ပေမယ့် ငါတို့ဟာ မင်းရဲ့ အမှုထမ်းဖြစ်တဲ့အတွက်ကြောင့် မင်းအမိန့်နဲ့ လိုက်နာပြီး နေ့၊နေရတယ်။ အမိန့်ရှိရင် ရှိသလို ချက်ချင်းသွားရတယ်။ ခုလဲ ကသာကို သွားရဦးမယ်၊ ဒီတော့ ဒါကို မင်းတို့နားလည်ပေးပါ၊ သည်းခံပေးပါ။

မင်းတို့ကို လုပ်ပေးဖို့သက်နှုးလဲ ဝယ်ခဲ့ပြီးပြီ မအားလပ်သေးလို့ မလုပ်နိုင်သေးတာကို မင်းတို့ သိထားပေးပါ။ မင်းတို့နောက်ကို ဒီလိုပုံစံမျိုးနဲ့ မလုပ်ကြပါနဲ့။

ကလေးတွေနိုးကုန်ရင် လန့်ပြီး ကြောက်ကုန်ကြမယ်။ ငါရဲ့ယနေ့ ယခုပြုလုပ်တဲ့ ကုသိုလ်ကောင်းမှု အစုစုတွေကို နင်တို့အား အမျှအတန်း ပေးဝေတယ်။ သာဓုခေါ်ကြပါ "အမျှ...အမျှ...အမျှ"၊ "သာဓု...သာဓု...သာဓု"'

ဒီနေ့တော့ အဖေကြီး ကသာက ပြန်လာမယ့်နေ့ပဲ၊ အိမ်မှာလဲ ဆွမ်းကျွေးဖို့ လုပ်ကိုင်နေသူ ရဲမေနဲ့ ရဲဘော်များ စည်ကားနေပါတယ်။ အုန်းနို့ခေါက်ဆွဲကျွေးမှာမို့ အသီးသီး တာဝန်ကိုယ်စီ လုပ်နေကြတုန်း "ဖေကြီး... ပြန်လာပြီ၊ ဖေဖေကြီး သားဖို့ မုန့်ပါလား"ဆိုတဲ့ အသံကြားလို့ ကျွန်မထွက်ကြိုလိုက်ပါတယ်။

'ဘုန်းကြီးကော ပင့်ပြီးပလား'

'အားလုံး ပြီးကုန်ပြီ ဖေဖေ၊ စခန်းမှူးနဲ့ ဖေဖေ့တပည့်တွေ အားလုံး ဝိုင်းလုပ်ကြတာ ပြီးကုန်ကြပြီ၊ ရေမိုးချိုးပြီး နားလိုက်တော့နော်'

လို့ ပြောပြီး ကျွန်မ လုပ်စရာရှိတာတွေကို ဆက်လုပ်နေပါတယ်။

မနက် သံဃာငါးပါးကြွလာပြီး ဆွမ်းကပ် တရားနာကာ သင်္ကန်းကိုလဲ ကပ်လှူပေးလိုက်ပါတယ်။ အိပ်မက်ထဲက လူနှစ်ယောက်ကိုခေါ်ပြီး ရေစက်သွန်းချ အမျှပေးဝေကာ "သာဓု...သာဓု...သာဓု" လေးလေးနက်နက် ခေါ်ဆိုပြီး လှူဒါန်းပေးလိုက်ပါတယ်။

ဌာနဆိုင်ရာဝန်ထမ်းတွေရော၊ မြို့မိမြို့ဖ လူကြီးတွေပါ အားလုံး ကျွေးမွေးလှူဒါန်းခဲ့ပါပြီ။ ညနေ ဘုရားဝတ်ပြုချိန်ရောက်တော့ မည်သည့်ပန်းရနံ့နဲ့မှ မတူသော မွှေးရနံ့တစ်မျိုး တစ်အိမ်လုံးကို မွှေးကြိုင်နေပါတော့တယ်။

သြော်...သူတို့တွေ ကျွန်မပေးခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် အဆင့်မြင့်တဲ့နေရာကို ရောက်ရှိသွားပြီဆိုတာ အသိပေးတာပါလား။ ကျွန်မလဲ မကျွတ်မလွတ်ဘဝမှ ဒုက္ခရောက်နေသူနှစ်ဦးကို ကယ်တင်နိုင်ခဲ့လို့ ဝမ်းသာပီတိ ဂွမ်းဆီထိသလို ခံစားရမိပါတော့တယ်ရှင်...

*ဝေနေယျ သတ္တဝါအပေါင်း ကျန်းမာချမ်းသာကြပါစေ။*

**ရွှေဒုံ-ကြူကြူအေး**



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဝေ (LL.B)

ကျွန်ုပ်ကိုယ်တွေ့ ဖူးတွေ့ခဲ့ရသည့် ထူးခြားစွာ

# ခန္ဓာဝန်ချထားသော ရဟန်းတစ်ပါး

**လွန်ခဲ့သော ၁၉၈၇ခု နှစ်ကုန်ပိုင်းလောက်တွင်** ကျွန်ုပ်သည် ဥပဒေဝန်ထမ်း အဆင့်(၄)ရာထူး တာဝန်ကျရာ မွန်ပြည်နယ်၊ ပေါင်မြို့တွင် မိသားစုနှင့် အတူတကွ နေထိုင်ခဲ့ပါသည်။ ကဒုံစီးရပ်ကွက်မှာ အိမ်ငှား၍နေကြခြင်း ဖြစ်သည်။

၁၉၈၈ ခုနှစ် အရေးအခင်းကာလ ပြီးသည့်နောက်ပိုင်း ၁၉၈၉ခုနှစ် အစပိုင်းခန့် ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေမှာ ကျွန်ုပ်တို့မိသားစုဝင်များအားလုံး ပေါင်မြို့နယ် အရှေ့ဘက်ရှိ နန်းတော်ကုန်းတောင်ပေါ်သို့ သွားရောက်ပြီး ထင်းခုတ်ကြသည်။

ထိုစဉ်က ဝန်ထမ်းလစာ အလွန်နည်းပါးလှသဖြင့် တစ်နယ်တစ်ကျေးမှ လာရောက် တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းအတော်များများမှာ ကျွန်ုပ်တို့လိုပင် တောင်ပေါ်တက် ထင်းခုတ်ပြီး အိမ်မှာ ထမင်းဟင်းချက်ပြုတ်ရာတွင် သုံးစွဲခြင်းဖြင့် စရိတ်ချွေတာကြရသည်။

ထိုနေ့က နန်းတော်ကုန်းနေရာ၏ တောင်ဘက် (၃)ဖာလုံခန့်အကွာ တောင်ကုန်းထိပ်ပေါ်မှ ထင်းခုတ်ထမ်းယူပြီး ပြန်အဆင်း ခေတ္တနားသော လူသွားလမ်းဘေး တစ်နေရာမှာ **ပျဉ်ကာ၊ ပျဉ်ခင်း၊ ဖက်မိုး ကျောင်းသခ်မ်းငယ် (၁၀)ပေ အကျယ်ခန့် တွေ့ရှိရာ ရေတောင်းသောက်ရန် ထိုကျောင်းသခ်မ်းသို့** ကျွန်ုပ် သွားရောက်ခဲ့ပါသည်။

ထိုအချိန် ကျွန်ုပ်၏မိသားစုက အခြားအဖော်များနှင့်အတူ အောက်ဆင်းသွားကြပြီဖြစ်၍ ကျွန်ုပ် တစ်ဦးတည်းသာ ထိုနေရာမှာ ရှိနေခြင်းဖြစ်သည်။

ထို တဲသာသာ ကျောင်းသခ်မ်းထဲ ဝင်သွားသောအခါ နံရံများတွင် မီးသွေးခဲဖြင့် တရားဆုံးမစာ လက်ာအချို့ ရေးသားထားကြောင်း ဖတ်ရှုရသည်။ ယခု မမှတ်မိတော့ပါ။

တဲကျောင်းငယ်၏ ဘုရားစင်အနီး ထရံကိုမှီ၍ ထိုင်နေသော ရဟန်းတစ်ပါး [သက်တော် (၇၀)ခန့်ဟု ယူဆရ]ကို ဖူးမြင်ရသည်။တင်ပျဉ်ခွေထိုင်နေသဖြင့် တရားရှုမှတ်နေသည်ဟု ထင်မိသည်။ အနှောင့်အယှက်ဖြစ်မည်စိုး၍ ကျွန်ုပ် ခေတ္တ ထိုင်စောင့်နေသည်။

ထို ရဟန်းတော်မှာ မျက်လုံးတော် မှိတ်ထားသည်။ သင်္ကန်းများ စုတ်ဖွာနေသည်။ နာရီဝက်ခန့်ကြာသော်လည်း လှုပ်ရှားမှုမရှိသဖြင့် သေချာစူးစိုက်ကြည့်မိရာ အသားအရောင် ခပ်ညိုညို၊ ပိန်ပိန်ပါးပါး၊ ရုပ်ရည်ကား မွန်တိုင်းရင်းသားနှင့်တူသည်။ အသားအရေ ပြည့်ဖြိုးခြင်းမရှိဘဲ အရိုးပေါ် အရေတင်ထားသလို ကပ်နေသည်။

အသက်ရှူနေဟန် လုံးဝမရှိသဖြင့် ကျွန်ုပ်လည်း အနားကပ်ပြီး၊ သေချာအကဲခတ်ပြန်သည်။ ဆရာတော်၏ လက်ကိုကိုင်ကြည့်မိရာ အေးစက်ခြင်းမရှိ ခပ်နွေးနွေးသာဖြစ်သည်။ သို့သော် အသက်ရှိလူသားတစ်ဦး၏ အထိအတွေ့မျိုးလည်း မဟုတ်ကြောင်း သတိထားမိသည်။

လက်ကိုကိုင်၍ လှုပ်ကြည့်သော်လည်း တုံ့ပြန်မှုမရှိပေ။ နှာခေါင်းအနီး ကျွန်ုပ်၏လက်ကို ထားကြည့်သောအခါ လေရှူသွင်း၊ ရှူထုတ် လုံးဝမရှိပေ။

လက်ကောက်ဝတ်ကို သွေးတိုး





www.burmeseclassic.com

www.burmeseclassic.com

မတိုးစမ်းကြည့်သောအခါလည်း သွေးတိုးခြင်း လုံးဝမရှိပါ။

အသက်မရှိတော့ဟု ကျွန်ုပ်ယူဆပါသည်။ အသံပေးပြီး တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ခေါ်ကြည့်၏။ လှုပ်ရှားမှုနှင့် တုံ့ပြန်မှု လုံးဝမပြုပါ။

**ထိုင်း၌ ပုံရှိနေသော ရဟန်းတော် မှာ ဘာအပုပ်နံ့မှုလည်း မရှိ။ ယင် လည်း မနား၊ ပုရွက်ဆိတ်လည်း မရှိ၊ အသားအရေပျက်စီးခြင်းလည်း မတွေ့ရ၊ အရိုးနှင့်အရေကပ်နေပြီး အသား နည်းပါးသည်ဟု ထင်ရှားစွာ ဖြစ်သည်။**

တဲကျောင်းအတွင်းမှာ သပိတ်တစ်လုံးသာရှိပြီး အခြားအသုံးအဆောင်လည်း အနည်းငယ်မျှသာရှိသဖြင့် နှစ်ရှည်လများ သီတင်းသုံးနေသောပုံစံမရှိဘဲ ခေတ္တယာယီ သီတင်းသုံးသော ပုဂ္ဂိုလ်ဟု ယူဆရသည်။

သောက်ရေအိုးငယ် တစ်လုံးရှိသော်လည်း ရေခန်းနေသည်မှာ လနှင့်ချီ၍ ကြာနေဟန်ရှိသည်။ ရေအစအနမျှပင် မရှိပါ။" **ဤရဟန်းတော်မှာ ခန္ဓာဝန်ချထားသည်မှာ အတော်ကြာပြီဟု ခန့်မှန်းရသည်။**

ကျွန်ုပ်လည်း ထိုရဟန်းတော်ကို ရှိခိုးဦးချပြီး ထင်းစည်းကိုထမ်း၍ တောင်အောက်သို့ အပြေးတစ်ပိုင်း ပြန်ဆင်းခဲ့တော့၏။ တောင်အောက်ရောက်သောအခါ တောင်ခြေရှိ အိမ်အချို့မှ ရေတောင်းသောက်ရင်း တောင်ပေါ်မှာ တွေ့ခဲ့ရသော ရဟန်းတော်အကြောင်း ပြောပြလိုက်ရာ ထိုသူတို့က အံ့ဩနေကြသည်။

သူတို့ နေ့စဉ်လိုလို ထိုတောင်ပေါ် အတက်အဆင်းလုပ်ကြောင်း၊ ကျောင်းသခ်မ်းမရှိကြောင်း၊ ရဟန်းသံဃာမတွေ့ကြောင်း၊ ဆွမ်းခံကြသော ရဟန်းသံဃာမျိုးလည်း ထိုအိမ်စုမှာ မရှိကြောင်း ပြန်ပြောပြကြသည်။ ကျွန်ုပ်လည်း သူတို့နှင့် ငြင်းခုံမနေတော့ဘဲ အိမ်သို့ ထင်းထမ်း၍ ပြန်ခဲ့ပါတော့သည်။

ထိုအချိန်က ကျွန်ုပ်သည် စာပေရေးသားတတ်ခြင်း မရှိသေးဘဲ၊ စာပေရေးသားသူတို့နှင့်လည်း အဆက်အသွယ် မရှိသဖြင့် ကျွန်ုပ်၏ အတွေ့အကြုံကို စာပေးရေးသား ဖော်ထုတ်တင်ပြခဲ့ခြင်းမရှိပါ။ ကင်မရာလည်း မရှိသဖြင့် ဓာတ်ပုံရိုက် မှတ်တမ်းတင်နိုင်ခဲ့ခြင်းလည်းမရှိပါ။ရင်းနှီးသောမိတ်ဆွေအချို့ကိုသာ ပြောပြခဲ့ဖူးပါသည်။

ယခုမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အယ်ဒီတာချုပ်က ရေးသားမှတ်တမ်းတင်ထားရန် တိုက်တွန်းချက်ကြောင့် ကိုယ်တွေ့ အဖြစ်အပျက်တစ်ခုကို ပြန်လည်ခံစား ရေးသား တင်ပြရခြင်းဖြစ်ပါသည်။

***စေတနာမှန်လျှင်***
***ကံကောင်းမည်။***

**အောင်ဇ (LL,B)**

စာရှုသူ သုတေသီပညာရှင်နှင့် ဝါသနာရှင်များသို့ တင်ပြမေးမြန်းအပ်ပါသည် . .

**အောင်ဇ (LL,B)မှ ကျွန်တော့်အား ပြန်ပြောပြစဉ်ကပင် ဤရဟန်းတော်၏ ထူးခြားစွာ ခန္ဓာဝန်ချမှုကို အံ့ဩမိပါသည်။**

**အကြောင်းမှာ ပျံလွန်တော်မူပြီးနောက် ပုပ်ပွခြင်း၊ ခန္ဓာကိုယ် တစ်စစီဖြစ်သွားခြင်းမရှိ၊ တောတွင်းရှိ တိရစ္ဆာန်များနှင့် မြေကြွက်ကြီးများ၏ ဖျက်ဆီးမှုကို မခံရခြင်း။**

**ထို့အပြင် တောတွင်းတွင် အစားအသောက်များ စားကျွင်းပင် ထောတွင်း၌ ရောက်လာတတ်သော ယင်မ ရိုင်းများကြောင့် သောက်တက်ပျက်စီးပင် မခံရသော ရဟန်းတော်၏ ခန္ဓာကိုယ်ပင် ဖြစ်ပါသည်။**

**ဤအချက်များကပင် ထိုရဟန်းတော်၏ ခန္ဓာဝန်ချမှုမှာ ထူးခြားလှပါသည်။**

**ဤကဲ့သို့သော အဖြစ်ထူးများ စာဖတ်သူများ သိရှိထားပါသလား...? ဤကဲ့သို့သော အဖြစ်ထူးမှာ မည်သို့သော အကြောင်းကြောင့် ဖြစ်ပါသလဲ...? တတ်သိသူ၊ တွေ့ကြုံထားသူ ပုဂ္ဂိုလ်ပညာရှင်များက ရေးသားတင်ပြပေးကြပါရန် ဖိတ်ခေါ် ပန်ကြားအပ်ပါသည်။**

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာ အဖြစ်အပျက်ကလေးကို စာရှုသူများ မျှဝေခံစားနိုင်အောင် ရေးသားတင်ဆက်လိုက်ပါတယ်။

* * *

နာဂစ်မုန်တိုင်းကြီး မြန်မာနိုင်ငံအောက်ပိုင်းကို ရက်ရက်စက်စက် ရုတ်တရက် ဝင်ရောက် မွှေနှောက် မသွားခင် အချိန်ကပေါ့။

ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း မကြီးကိုအဝင် လက်ဝဲဘက်ထောင့်မှာ ရောမ သစ်တိုပင်ကြီးတစ်ပင် ရှိခဲ့ဖူးပါတယ်။

စိမ်းစိုမြမှိုင်းပြီး နေပြောက်မထိုးအောင် ခက်လက်ဝေဆာ ရှိလှတဲ့ အပင်ကြီးပါ။ လုံးပတ်က အမျိုးသား သုံး,လေးယောက် လက်ချင်း ဆက်ဖက်မှ မီရုံလောက်ရှိမယ် ထင်ပါရဲ့။ နေပူပူမှာ လှည်းတန်းဈေးဘက်က လမ်းလျှောက်ပြန်လာ သူတိုင်းဟာ ဒီ အပင်ကြီးအောက်ကို ရောက်လျှင် နွမ်းသမျှ ပန်းသမျှတွေ ပြေပျောက် အောင် တစ်ထောက် နား ချွေးသိပ်အပျင်းဖြေရတဲ့ အေးရိပ် ဆာယာ အပင်ကြီးလို့ ဆိုရင်လဲ မမှား ပါဘူး။

# အဓိပတိလမ်းထိပ်က

မောင်ထွေးဦး
(ရန်ကုန်တက္ကသိုလ်)

ဝရလောကသူလေး

တစ်ကျောင်းတစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို သရဏဂုံ အစွမ်းထက်ပုံ အစုံစုံကို ကိုယ်တွေ့ ကြုံသူများ ရေးသားတင်ပြချက် တော်များများ ကျွန်တော် ဖတ်ဖူး မှတ်သားခဲ့ဖူးပါတယ်။

ယခုလဲ ကျွန်တော့်ကိုယ်တွေ့ သရဏဂုံ အစွမ်းထက်ပုံ လွမ်းမော

ဒီအပင်ကြီးအောက်က ထွက်လိုက်လို့ အဓိပတိလမ်းမကြီးထဲ ဝင်လျှင် ဝင်ချင်းမှာတော့ လုံခြုံရေး ကင်းတဲ လေးတစ်ခု ရှိလေရဲ့။

ညနေခင်း နေဝင်ရီတရော အချိန်



www.burmeseclassic.com

www.burmeseclassic.com

လေးတွေမှာ ကျွန်တော်ဟာ ဒီကင်းရုံ လေးရှေ့မှာ မကြာခဏ လာထိုင်လေ့ ရှိပါတယ်။

အလုပ်က အငြိမ်းစားယူပြီးစ အချိန် ဆိုတော့ စိတ်ပြေလက်ပျောက် သဘော မျိုးနဲ့ တပည့်သားမြေး လုံခြုံရေး ဝန်ထမ်းကလေးနဲ့ ရောက်တတ်ရာရာ စကားပြောရင်း ဆိုပါတော့။

တစ်ညနေခင်း မှောင်ရီပျိုးစ အချိန် လေးမှာပါ။

မိတ်ဆွေတစ်ယောက်နဲ့ စကား လက်ဆုံကျနေတဲ့အခိုက် ကျွန်တော့် နောက်ဘက် ကင်းရုံထဲက ဆူဆူညံညံ ဝုန်းဒိုင်းကျဲတဲ့ အသံတွေ ပေါ်ထွက် လာပါတော့တယ်။

အသံကြားကြားခြင်း ကင်းရုံအဝကို ကျွန်တော့်ကို အပြေးသွားကြည့်ရတော့ တာပေါ့။ မြင်လိုက်ရတဲ့ အခြေအနေ ကြောင့် ကျွန်တော် ရုတ်တရက်အံ့အား သင့်နေမိတယ်။

မောင်ဒွေးအောင်ဆိုတဲ့ လုံခြုံရေး ဝန်ထမ်းလေးကို ကျန်တဲ့ ဝန်ထမ်း နှစ်ယောက်က တစ်ဖက်တစ်ချက် ကိုင်ထားကြတယ်။ အဲဒီလို ချုပ်ကိုင် ထားတဲ့ကြားကပဲ မောင်ဒွေးအောင်က ခြေထောက်နှစ်ဖက်နဲ့ စားပွဲတွေ ကုလားထိုင်တွေကို ခုန်ခုန်ပြီး ကန်နေ တယ်လေ။ ပါးစပ်မှာလဲ သွေးတွေက ချင်းချင်းနီလို့ပါလား...

'ဆရာ လုပ်ပါဦး... ဒွေးအောင်ရယ် ဘာဖြစ် မှန်းမသိဘူး။ တွေ့သမျှ လက်သီးနဲ့ထိုး ခြေထောက်နဲ့ကန် စားပွဲပေါ်က ဖန်ခွက်ကိုလဲ တကျွတ်ကျွတ် ကိုက်ဝါးနေလို့ သွေးတွေ ဆရာမြင်တဲ့အတိုင်းပဲ'

မောင်အောင်မြင့်ဆိုတဲ့ လုံခြုံရေး ဝန်ထမ်းလေးက ဒွေးအောင်ကို ချုပ် ကိုင်ထားရင်းက ကျွန်တော့်ကို အကူ အညီ လှမ်းတောင်းနေတာပါ။



ဒွေးအောင်ကတော့ ချုပ်ကိုင်ထား ကြတဲ့အထဲက မျက်စိကို စုံမှိတ်ထား လို့ ခုန်ပေါက်ကန်ကျောက် လုပ်နေဆဲ ပါပဲ။

ကျွန်တော် ချက်ချင်း သဘော ပေါက်သွားပါတယ်။ ဒီကောင်လေး တစ်နေရာရာမှာ အမှားအယွင်း လုပ် လာလို့ အပမှီလာတာပဲ ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော့်မှာက ဒီလိုမျိုး အတွေ့အကြုံက မရှိလေတော့ ဘာ လုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေဆဲ ခေါင်းထဲမှာ လက်ခနဲ အကြံတစ်ခု ထွက်လာတော့တယ်။

တကယ်တော့ ကြားဖူးနားဝ ကြံမိ ကြံရာ ကြံလိုက်မိတာပါ။ ဖြစ်နိုင်ခြေ ရှိမရှိလဲ တကယ်မသိခဲ့ပါဘူး။

ဒါနဲ့ပဲ ကင်းရုံရှေ့ ရေအိုးစင်က ရေတစ်ခွက်ခပ် နှုတ်ခမ်းမှာတေ့ပြီး...

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

လို့ သုံးကြိမ် ရွတ်ဆိုပြီး...

'ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေပိုး ဖြိုးဖြိုးဖြန်းဖြန်းကျိုးမှု တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်တို့၏ မြွေတတ် တေဇိတတ် နိဗ္ဗာနတတ် အပေါင်း တို့သည် ဤနေရာ ဤဌာနသို့ ကြွရောက် သက်ဆင်း တည်နေတော်မူပါစေသတည်း။ ဘုရားတပည့်တော်၏ ဦးခေါင်း၌ ကိန်းဝပ် တည်နေတော်မူပါစေသတည်း'

လို့ အဓိဋ္ဌာန်ပြု ရွတ်ဆိုပြီး ရေခွက် ကို ကိုင်လို့ ကင်းရုံထဲအဝင် စောစော က ထိန်းမနိုင် သိမ်းမရ ဖြစ်နေတဲ့ မောင်ဒွေးအောင်က မျက်ထောင့်နီကြီး နဲ့ ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့် နေတာနဲ့ ပက်ပင်းတိုးပါတော့တယ်။

ကျွန်တော်လဲ မရဲဘဲ ကျွဲပြိုစီး ဆို သလို စိတ်ထဲက ကြောက်စိတ်ကို မျိုသိပ်ပြီး သူ့ကို ချုပ်ကိုင်ထားတဲ့ မောင်အောင်မြင့် လက်ထဲ သောက်ရေ ခွက် လှမ်းပေးလိုက်ရတယ်။

'အောင်မြင့် အဲဒီပရိတ်ရေကို သူ့ ခေါင်းပေါ်က လောင်းချ၊ သူ့ကိုလဲ ချော့တိုက်'

မောင်အောင်မြင့်ကလဲ ချော့တိုက် ပါဆိုမှ ဒွေးအောင်ဆံပင်တွေကို ဆတ် ခနဲ ဆွဲဆုပ် ဖက်ကို လှန်ပြီး သောက် တော်ရေတွေ ပါးစပ်ထဲ လောင်းထည့် လိုက်ပါတော့တယ်။

အံ့သြဖို့ကောင်းလိုက်တာ... ဒွေး အောင်ရယ် ချုပ်ကိုင်ခံထားရတဲ့ သူ့ လက်နှစ်ဖက်ကို ဆတ်ခနဲ စောင့်ရုန်းပြီး လို့ ရင်ခေါင်းထိ ဖြစ်သလို စည်းထား တဲ့ သူ့ပုဆိုးကို ဖြေချပြီး မိန်းမ ထဘီ ဝတ်သလို ကပျာကယာ ဝတ်လိုက်ပါ တယ်။

တစ်ဆက်တည်းမှာပဲ လက်အုပ်က လေးချီပြီး ကြမ်းပြင်ပေါ် ပုဆစ်တုတ် ထိုင်ချလိုက်တော့တယ်။

ခေါင်းပေါ်က လောင်းချလိုက်တဲ့ ရေတွေကြောင့် သူ့ပါးစပ်က ထွက်နေ တဲ့ သွေးတွေက သူ့အင်္ကျီရင်ဘတ်ပေါ် မှာ ရဲရဲတောက်နေလေရဲ့။ တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com

ကြက်သီးထစရာ မြင်ကွင်းပါပဲ။ သူ့အပြုအမူကို ကြည့်ပြီး ကျွန်တော်လဲ ကြောင်ကြည့်နေမိတာပေါ့။

'ဆရာ သိမီးပါ။ ဆရာ့ကို သိမီး သိပါတယ်။ ဒွေးအောင် မိုက်ရိုင်းလွန်းလို့ အခုလို လုပ်လိုက်ရတာပါ'

ဒွေးအောင် ပါးစပ်က မိန်းကလေးတစ်ယောက်အသံနဲ့ ခုလို ပြောလိုက်တော့ ကျွန်တော် ပိုပြီး အံ့သြနေမိတော့တယ်။

သူ့ဘေးမှာ ရပ်နေတဲ့ မောင်အောင်မြင့်နဲ့ မောင်ကျော်ဒွေးတို့ မျက်နှာကို လှမ်းကြည့်ပြီး **"ဘာတွေ ဖြစ်ကုန်တာလဲ အောင်မြင့်"**လို့ မေးလိုက်မိတယ်။

'ကျွန်တော်နဲ့ ဒွေးအောင် ညနေက လှည်းတန်း(၆)လမ်းမှာ အရက်သွားသောက်ကြတယ် ဆရာ။ ဒီနေ့ အိုဗာတိုင်ကြေးတွေ ရတယ်လေ။

အရက်သောက်ပြီး ပြန်အလာ သစ်တိုပင်အောက် ရောက်တော့ ဒွေးအောင်က ပုဆိုးလှန်ပြီး အပေါ့သွားမယ်လုပ်လို့ ကျွန်တော်က တားတယ်။

အစောင့်အရှောက်တွေ ရှိချင်ရှိနေမယ်။ အထဲကျမှ သွားပါလို့ ပြောတာကို သွားတော့ (...)ဖြစ်လား။ အဲဒီ အစောင့်အရှောက်တွေ ဆိုတာကို (...)ပဲထင်တယ်ဆိုပြီး ပုဆိုးလှန်သွားတော့တာပဲ ဆရာရယ်။

ဒါနဲ့ ကျွန်တော် သူ့ကို ချော့ခေါ်လာပြီး ကင်းရုံထဲလဲ ရောက်ရော စောစောကအတိုင်း ဝုန်းဒိုင်းကျဲတော့တာပဲ။ စားပွဲပေါ်က ရေနွေးကြမ်းသောက်တဲ့ ဖန်ခွက်ကိုလဲ ပါးစပ်နဲ့ ကိုက်ဝါးလို့ ခုလို သွေးတွေ ထွက်နေတာပေါ့'

အောင်မြင့်က ဇာတ်စုံရှင်းပြမှ ကျွန်တော်လဲ သဘောပေါက်သွားတော့တယ်။ ဒါပေမယ့် အခု ဒွေးအောင်ကို ဝင်ပူးနေတဲ့ အစိမ်းသရဲက ကျွန်တော့်ကို သိနေတယ် ပြောတာကို ပိုပြီး အံ့သြနေမိပြန်တယ်။

'ဟေ့...ဒီမှာ မင်း...အဲ ညည်းက ငါ့ကို သိနေတယ် ပြောတော့ ညည်းက ဘယ်သူလဲ ပြောပါဦး'

လက်အုပ်ချီပြီး ပုဆစ်တုတ်ထိုင်နေတဲ့ ဒွေးအောင်ကို မေးလိုက်တော့ ငိုသံပါကြီးနဲ့ ဖြေလိုက်တဲ့ စကားကြောင့် ကျွန်တော် ပို၍ ပို၍ အံ့အားသင့်ပြီး **"ဟေ..."**ဟု တစ်ခွန်းတည်းသော အာမေဋိတ်သံ ထွက်သွားပါတော့တယ်။

သူ ဖြေပုံကိုလဲ ကြည့်လေ တဟင့်ဟင့်ရှိုက်သံလေးနဲ့အတူ...

'အဟင့်...အဟင့် သိမီးက ဆရာ သောက်ရူးမလို့ ခေါ်ခေါ်နေတဲ့ အမြင့်ပါ'

တဲ့။



* * *

လွန်ခဲ့တဲ့ သုံး,လေးနှစ်လောက်က ဖြစ်မယ်ထင်ပါတယ်။ ကျွန်တော့်ရုံးခန်းမှာ တာဝန်ကျတဲ့ သန့်ရှင်းရေးဝန်ထမ်း လက်ချမ်းဆိုတဲ့ ကုလားမကြီး ပင်စင်ယူသွားလို့ လူစားတစ်ယောက် ရောက်လာပါတယ်။

သူ့နာမည်က **အမြင့်**တဲ့။

အသက် နှစ်ဆယ်ပတ်ဝန်းကျင်လောက်ပဲ ရှိပါဦးမယ်။ အသားညိုညိုဆံပင်နီကြောင်ကြောင် ပွပွကို သားရေပင်နဲ့ စည်းနှောင်ထားတယ်လေ။ ပုံပန်းသဏ္ဍာန် ကြည့်ရတာ ပေါတောတောချာတာတာ။

စ,ရောက်ရောက်ချင်းနေ့က လက်တစ်ဖက်က ဖောက်ထားလက်စ ဆီးထုပ်ကိုကိုင်လို့၊ ကျန်တဲ့ လက်တစ်ဖက်ကတော့ တံမြက်စည်းကို ချိုင်းကြားညှပ်ကိုင်ပြီး မျက်နှာ စပ်ဖြီးဖြီးနဲ့ ရုံးခန်းထဲ ဝင်လာတာလေ။

'ဆရာ...သိမီးက ဆရာ့ရုံးခန်းမှာ တာဝန်ကျတဲ့ သန့်ရှင်းရေးအသစ်ပါ။ ဒါပဲနော် ဆရာ သိမီးက မြန်မြန်ဆန်ဆန် ပြောင်နေအောင် လှည်းပြီး ချက်ချင်းပြန်မှာ'

သူ့စကား အသွားအလာကို ကြည့်ပြီး ကျွန်တော် စိတ်တိုသွားတယ်။ ကျွန်တော့်ကို မယုံသင်္ကာ ဖြစ်လို့လားပေါ့။

'နေပါဦး ညည်းက မြန်မြန်လှည်းပြီး မြန်မြန်ပြန်မယ်လို့ ပြောတော့ ဘာဖြစ်လို့လဲ'

'ဟို ဆရာကလဲ စိတ်ဆိုးတတ်လိုက်တာ သမီးက ဈေးရောင်းဦးမှာလေ။ ဒီက အလုပ်ပြီးတာနဲ့ ဒူးယားစီးကရက်ရယ် အချဉ်ထုပ်တွေရယ်ကို ကျောင်းထဲမှာ လျှောက်ရောင်းရသေးတယ်လေ'

ကျွန်တော်က မျက်နှာထား တင်းတင်းနဲ့ ခပ်မာမာပြောတာကို သူက ရယ်ရယ်မောမော ပြန်ဖြေတာပါ။

'သိမီး လခတစ်ခုတည်းနဲ့ မစားလောက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဆရာရဲ့ အမေက လေဖြတ်နေတာလေး အမေကတော့ သမီး ငယ်ငယ်ကတည်းက သေသွားတယ်ဆိုလား အမေ့ကို ပစ်သွား တယ်ဆိုလား မသိပါဘူး ဆရာရယ်'

ဘယ်ဘက်လက်က ကိုင်ထားတဲ့ ဆီးချဉ်ထုပ်ကို ပါးစပ်ထဲ တစ္စပ်စ္စပ် ထည့်ပြီး မြုံ့စားနေတာလဲမပျက်၊ တံမြက်စည်းလှည်းတာလဲ မပျက်ဘဲ သူ့ပြောစကားလေး ကြားရတာ ကရုဏာ သက်စရာပါ။ ဒါကြောင့် ဒီကလေးမ စိတ်သက်သာပါစေတော့ လို့ဆိုတဲ့ သဘောနဲ့...

'အေး စကားလဲ ပြောပေါ့။ ရုံးခန်းထဲ ဆီးစေ့တွေ ထွေးချထားခဲ့ရင်တော့ ကြက်မွေးနဲ့ ရိုက်မှာနော်'

လို့ အရွှန်းဖောက်လိုက်ရတယ်။

'ဆရာကလဲ သမီးက ကလေးမှ မဟုတ်တာ လုပ်ပုံ့မလား။ ဒီမှာကြည့် သမီးလက်ထဲမှာ ဆီးစေ့တွေ ဆုပ်ထားတယ်လေ။ ဆရာကလေ လူပျိုကြီးပီပီ ဇီဇာသိပ်ကြောင်တယ်'

'ကြည့်စမ်း ဒီသောက်ရူးမ အရော ဝင်လို့ ကန်းတက်တယ်။ ငါ့ကို ပမာ ပခန့်နဲ့'

ကျွန်တော် စားပွဲပေါ်က ကြက်မွေးကို ကောက်ကိုင်လိုက်တော့ လျှာကလေး တစ်လစ်နဲ့ ရုံးခန်းထဲက ပြေးထွက်သွားပါတော့တယ်။

အဲဒီနေ့ကစလို့ သူ့ကို နာမည်မခေါ်ဘဲ သောက်ရူးမလို့ပဲ ခေါ်ပြောရင်း သမီးကလေးလို တူမလေးလို ခင်ခင်မင်မင် ဖြစ်သွားခဲ့တော့တာပါ။

တစ်နှစ်မှာ သကြန်ကျခါနီးလေး သုံး,လေးရက်အလိုလောက် ဖြစ်မယ် ထင်ပါရဲ့...

'ဆရာ သကြန်ရုံးပိတ်ရက် ဘယ်မှ မလည်ဘူးလား'

လို့ တံမြက်စည်းလှည်းနေရာက ရုတ်တရက် ကောက်ကာငင်ကာ လှမ်းမေးတယ်လေ။

'ဟာ ဒီသောက်ရူးမ ငါ့အရွယ်က သကြန်လည်ရမယ့်အရွယ်လား။ ငါ့ မိတ်ဆွေတွေနဲ့ စမတောင်ကို အဓိဋ္ဌာန် ဝင်ဖို့သွားမှာ'

'သမီးကတော့ သကြန်မှာ စီးကရက် ရယ်၊ ရေသန့်ဘူးရယ်၊ ဘီယာဘူးရယ် ရောင်းရင်း အပြတ်ကဲပစ်လိုက်ဦးမယ်။ သကြန်ဆို တက္ကသိုလ်ရိပ်သာလမ်းက အရမ်းစည်တာ ဆရာရဲ့'

'အေး အပြတ်ကဲပြီး အပူရှပ်လို့ မာလကီးယားနေဦးမယ်'

စကားကြောရှည်မှာစိုးလို့ စကားစပ် ဖြတ်လိုက်ခါမှ သောက်ရူးမက လှည်း လက်စ တံမြက်စည်းကို ရပ်ပြီး စကားဆက်ပြန်တော့တယ်။

'အံမယ် မာလကီးယားတယ်ဆိုလို့ ဆရာ့ကို ပြောရဦးမယ်။ တစ်နေ့က သမီး သူငယ်ချင်း မခင်လှအမေ သေလို့ မသာလိုက်ပို့တယ်လေ။ မခင်လှရယ် သူ့အမေ အခေါင်းကြီးကို ထုထုပြီး ငိုလိုက်တာ ဆရာရယ် တက်မတတ် ချက်မတတ်ပဲ၊

သူ့ကိုကြည့်ပြီး ဘာတွေးမိလဲ သိလား ဆရာ။ ဪ... ဖို့မှာတော့ သေလို့ ငိုရမယ့် အမေလဲ မရှိပါလားပေါ့။

နောက်မှ ချက်ချင်း သတိရလိုက်တယ်။ ဖို့မှာလဲ ဆရာအမေ ရှိသားပဲ။ ဆရာအမေ သေမှ အခေါင်းကြီးကို လက်နှစ်ဖက်နဲ့ ထုထုပြီး အမယ်လေး ဆရာမေရဲ့ သမီးကို သောက်ရူးမလို့ ထခေါ်ပြီး...

သူ့စကားမဆုံးခင်မှာဘဲ **"ဟိတ် တော်စမ်း နိမိတ်မရှိ နမာမရှိ ဘာတွေ လျှောက်ပြောနေတာလဲ"**လို့ ကျွန်တော် ငေါက်လိုက်တော့မှ ဇက်ကလေး ပုဝင်သွားပြီး ကုတ်ကုတ်ကုတ်ကုတ်နဲ့ ထွက်သွားပါတော့တယ်။

သူက အပြောနဲ့တင် မဟုတ်ဘဲ သူ့အနီးက စာအုပ်ဗီရိုကြီးကို လက်နှစ်ဖက်နဲ့ တဘုန်းဘုန်းထုပြီး သရုပ်ဆောင်လုပ် သရုပ်ပြနေတာလေ၊ ကိုယ်ကလဲ သကြန်တွင်းမှာ ခရီးဝေး စမတောင် သွားမှာဆိုတော့ စိတ်ကသိကအောက် ဖြစ်မိတာပေါ့။

* * *

အဲဒီအချိန်က သကြန်ရုံးပိတ်ရက်ဆိုတာ ခုလို ဆယ်ရက်ကြီးများတောင် မဟုတ်ပါဘူး။ အကြိုနေ့ကို ရုံးတက်ရပြီး အကျနေ့ကနေ နှစ်ဆန်းတစ်ရက် နေ့အထိသာ ရုံးပိတ်တာပါ။

ဒါကြောင့် ရုံးပိတ်ရက်နဲ့ ဆက်လက် လုပ်သက်ခွင့် ဆယ်ရက်ယူပြီး စမတောင်မှာ ဒုလ္လဘရဟန်းခံပြီး အဓိဋ္ဌာန် ဝင်ခဲ့ရတာပါ။

ခွင့်ရက်စေ့လို့ အလုပ်ပြန်ဆင်းတော့ ကျွန်တော့်ရုံးခန်းမှာ ဖုန်တွေ အလိမ်းလိမ်း ဖြစ်နေတော့တာပေါ့။ ခါတိုင်း ရုံးချိန်တွေမှာ သောက်ရူးမလေး အမြင့်က ကျွန်တော့်ရုံးခန်းဝမှာ ကြိုရောက်နေကျပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ကျမှ ဆယ်နာရီထိုးတဲ့အထိ ပေါ်မလာလို့ သူတို့ သန့်ရှင်းရေးဝန်ထမ်းတွေ စုရပ်ဖြစ်တဲ့ နယ်မြေရုံးဘက် စနည်းနာ ထွက်လာခဲ့တယ်။

ရုံးခန်းရှေ့မှာ စုထိုင်နေကြတဲ့ သန့်ရှင်းရေးဝန်ထမ်း အမျိုးသမီးတွေက ကျွန်တော့်ကို မြင်တော့မှ မျက်စိပျက် မျက်နှာပျက် ဖြစ်နေကြတာကို ကျွန်တော် သတိထားလိုက်မိတယ်။

'အေး ဆယ့်ငါးရက်လောက် ရုံးခန်းက ပိတ်ထားရတော့ ဖုန်တွေ အလိမ်းလိမ်း ဖြစ်နေတယ်ကွာ။ အမြင့်တစ်ယောက် ခုထိ ပေါ်မလာလို့ ဆရာလာရှာတာ'

ကျွန်တော်က ဟန်မပျက် ပြောလိုက်တော့ သူတို့တစ်တွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ဆွံ့အနေကြတော့တယ်။ အတန်ကြာမှပင် ခပ်ကြီးကြီး အမျိုးသမီးတစ်ယောက်က...

'အမြင့်ရေ...ညည်းအဖေဆရာ လာရှာနေတယ်လေ။ ဟီး...ဟီး... ဆရာတပည့်မ သင်္ကြန်တွင်းက တက္ကသိုလ်များ ဈေးရုံရှေ့မှာ ကားတိုက်ခံရလို့ ပွဲချင်းပြီးသွားတယ် ဆရာရဲ့ ဟီး...ဟီး...'

ပြောပြောငိုငို ရှင်းပြနေပါတယ်။

ရုတ်တရက် မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ သတင်းဆိုးကြောင့် ကျွန်တော် ငူငူကြီး ရပ်နေမိတယ်။ အတန်ကြာမှ ခေါင်းငိုက်စိုက်ချပြီး ရုံးခန်းကို ပြန်လာလိုက်တော့တယ်။

ရုံးရောက်တော့လဲ ဘာအလုပ်မှ မလုပ်နိုင်တော့ပါဘူး။ ကံနည်းသူ တပည့်မလေးရဲ့ အဖြစ်ဆိုးကို တွေးပြီး ရင်ထုမနာ ဖြစ်နေမိတယ်။ မသေခင် သုံး,လေးရက်က ကျွန်တော့်ရှေ့မှာ...

'အမယ်လေး... ဆရာဖေရဲ့ သမီးကို ဘောက်ရှူမလို့ ထင်ပြီးဆိုပြီး ဆရာ့အဖေ အခေါင်းကြီးကို ထုတုပြီး ငိုမှာ'



လို့ ဟန်နဲ့ပန်နဲ့ သရုပ်ပြသွားတာလေးကို မြင်ယောင်မိပြီး သင်္ကြန်ရက်တွင်းက ပြုခဲ့သမျှ ဒါန သီလ ဘာဝနာတွေရဲ့ အဖို့ဘာဂကို အမျှဝေလိုက်ရတော့တယ်။

တစ်ဆက်တည်း ရှေးလူကြီးများရဲ့ ဆိုရိုးစကားလေး ဖြစ်တဲ့ **"ဘိုးမသေဘဲ ဘွားသေ" "အမှည့်တဝင်းဝင်း အကင်းတဖြိုက်ဖြိုက်"** ဆိုတာတွေကို သတိရပြီး သံဝေဂလဲ ရခဲ့မိပါရဲ့။

* * *

အစိမ်းသရဲ ပူးကပ်ခံနေရတဲ့ ဌေးအောင်ရဲ့ နှုတ်မှ ထွက်စကားတွေကြောင့် အတိတ်အကြောင်းအရာများကို ကျွန်တော် တစ်မဟုတ်ချင်း ပြန်ပြောင်းသတိရလိုက်တာပါ။ တစ်ဆက်တည်းမှာပဲ အမြင့်တစ်ယောက် ဒီသစ်တိုပင်ကြီးမှာ ဘယ်ပုံဘယ်နည်းနဲ့ လာပြီး မှီတွယ်နေတာလဲဆိုတာ သိချင်လို့ စပ်စုလိုစိတ် ပေါ်လာပါတယ်။

'ဒါနဲ့ ငါ မသိလို့ မေးစမ်းပါရစေဦး။ ညည်းက ဘယ်ပုံဘယ်နည်းနဲ့ ဒီသစ်တိုပင်ကြီးပေါ်မှာ မှီခိုနေရတာလဲ'

'အပင်ကြီးပေါ်မှာ မဟုတ်ပါဘူး ဆရာရဲ့၊ အပင်ခြေရင်းက အမြစ်ဆုံကြီးပေါ်မှာပဲ ဘာဘာကြီးက သမီးကို နေခွင့်ပေးထားတာ။ လူတွေကို အနှောင့်အယှက် မပေးပါဘူးလို့လဲ ကတိပေးရသေးတယ်။ အပင်ကြီးပေါ်မှာကတော့ ကောင်လေးတွေ အများကြီး နေနေကြတာလေ။ သူတို့ကိုလဲ ဘာဘာကြီးကပဲ စောင့်ရှောက်ထားတာ'

ဟောဗျာ စပ်စုလိုက်မိခါမှ ပိုပြီးတော့ စပ်စုမိချင်စရာ အကြောင်းအရာတွေက ဆက်တိုက် ပေါ်လာနေပြန်ပါပြီ။

'ညည်းပြောတဲ့ ဘာဘာကြီးဆိုတာက ဘယ်သူလဲ၊ ပြီးတော့ အပင်ကြီးပေါ်က ကောင်လေးတွေ ဆိုတာကရော...'

'ဆရာကလဲ အမေးအမြန်း သိပ်ထူတာပဲ။ ဘာဘာကြီး ဆိုတာက ဟိုးရှေးရှေးတုန်းက ဒီဂိတ်ကြီးမှာ အရပ်လုပ်ခဲ့တာတဲ့ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ဆွတ်ဆွတ်ဖြူနေတဲ့ ကုလားအဘိုးကြီးပေါ့။

ကောင်လေးတွေဆိုတာကတော့ စစ်သားတွေ သေနတ်နဲ့ပစ်သတ်လို့ သေသွားကြတဲ့ ကျောင်းသားတွေလို့ ဘာဘာကြီးက ပြောတာပဲ။ ကဲ ဘာမေးဦးမလဲ သမီး ပြန်ရတော့မယ်။ ဘာဘာကြီး ပြန်လာလို့ သမီးကို မတွေ့ရင် ဆူခံထိတော့မှာ'

ကျွန်တော် ချက်ချင်းသဘောပေါက်သွားပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်ရောက်စ **၁၉၅၈–၅၉ ခုနှစ်**လောက် ဒီအဓိပတိဂိတ်ကြီးမှာ ဓားကောက်ကြီးတွေ ခါးချိတ်ပြီး လုံခြုံရေးစောင့်တဲ့ ပထန်ကုလားကြီးတော့ ရှိခဲ့ဖူးတာ မှတ်မိသွားတယ်။

အင်္ဂလိပ်ခေတ်က လက်ကျန်ဝန်ထမ်းတွေ ဖြစ်မှာပေါ့။ ကောင်လေးတွေဆိုတာကတော့ ရန်ကုန်တက္ကသိုလ်သမိုင်းမှာ ဘယ်တော့မှ ဖျောက်ဖျက်ပစ်လို့ မရတဲ့ 7 Julyနေ့က ဥပဒ္ဒေကကံ ထိုက်သွားကြရှာတဲ့ တက္ကသိုလ်ကျောင်းသားကလေးတွေ ဖြစ်မှာ မလွဲကေန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ခများတွေမှာ အမျှဝေပေးမယ့် မရှိရှာကြလေတော့ ခုလိုပဲ အစိမ်းသရဲဘဝနဲ့ ဘယ်အချိန် ဘယ်အခါထိ တဝဲလည်လည် ဖြစ်နေကြရှာမလဲ မသိပါဘူး။ ရင်နာစရာ ကောင်းလှပါဘိတော့တယ်။

ကျွန်တော် အမေးအမြန်း ထူလွန်းလို့ အမြင့်တစ်ယောက် စိတ်မရှည်တော့ဘူးနဲ့ တူပါရဲ့။ ဟုတ်ပါတယ်။ သူ့ကြောင့် ဌေးအောင်ပါးစပ်မှာ ကွဲရနေတဲ့ ဒဏ်ရာတွေအတွက် တက္ကသိုလ်ဆေးရုံကို ပို့ပြီး ဆေးဝါးထည့်ပေးဖို့လဲ ရှိသေးတာကြောင့် စကားစပ် ဖြတ်ဖို့ ဆုံးဖြတ်လိုက်ရတော့တယ်။

'ကဲ…ကဲ…နောက်ထပ် မမေးတော့ပါဘူး တပည့်မရယ်။ တစ်ခုပဲ ဆရာ့ကို ကတိပေး နောက်ကို ခုလို မနှောင့်ယှက်တော့ပါဘူးလို့'

ကျွန်တော့်စကားကြောင့် မျက်စိမှိတ်ထားတဲ့ ဌေးအောင် မျက်နှာ ဆတ်ခနဲ တင်းသွားပါတယ်။

'အို ဆရာကလဲ သမီးက အပျိုလေ မိန်းမပျိုလေး တစ်ယောက် ရှေ့တည့်တည့်မှာ ဌေးအောင် အပေါ့သွားတာ ကုပ်ချီးမသတ်မိတာ ကံကောင်း'

သူ့အပြောကြောင့် ကျွန်တော်တို့ သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ပြိုင်တူပြုံးလိုက်မိကြတော့တာပေါ့။

'ကျေးဇူးကြီးလှပါတယ် မယ်မင်းကြီးမရယ်၊ ဌေးအောင်ကိုလဲ ဆရာ ဆုံးမလိုက်ပါ့မယ်။ ကဲ ပြန်တော့နော်'

'ဆရာ သမီးကို သောက်ရူးမလို့ မခေါ်တော့ဘူးလား'

ဟောဗျာ ကျွန်တော်က စကားစပ်ဖြတ်လိုက်ခါမှ တောင်းပန်တိုးလျှိုးသံလေးနဲ့ ပြောလိုက်တဲ့ စကားကြောင့် ကျွန်တော့်ရင်ထဲ ကျဉ်ခနဲ ဖြစ်သွားပါ



တယ်။ ဒါကြောင့်…

'ကောင်းပါပြီ အမြင့်ဆိုတဲ့ သောက်ရူးမလေးရယ်၊ ကိုယ့်နေရာကိုယ် အေးအေးချမ်းချမ်း ပြန်နိုင်ပါပြီတဲ့ဗျာ'

ဟု ကျွန်တော် ဖွဖွနင့်နင့် ပြောလိုက်ရပါတော့တယ်။

* * *

အဲဒီအဖြစ်အပျက်ကို ပြန်တွေးမိတိုင်း ကျွန်တော် ယူကျုံးမရစိတ်နဲ့ နောင်တတွေ အဖန်ဖန် ရနေခဲ့မိတယ်။ ဘာကြောင့်လဲဆိုတော့ လုပ်သင့်လုပ်ထိုက်တာလေးတစ်ခု လုပ်ခွင့်ကြုံခဲ့ပါလျက် မလုပ်လိုက်မိလေခြင်းဆိုတဲ့ နောင်တတရားပါ။

ကံအားလျော်စွာ သရဏဂုံတန်ခိုးနဲ့ ဌေးအောင်ကို ဝင်ပူးကပ်နေတဲ့ အစိမ်းသရဲမလေးကို ကြို့ပင်ကောက်မှာ လေချွန်နတ် သွားမေးသလို ကျွန်တော် သိချင်တာတွေ တရစပ်လျှောက်မေး။ ပြန်ရတော့မယ်ဆိုတော့လဲ ရှောရှောရှူရှူ ပြန်နိုင်းခဲ့မိပါတယ်။

တကယ်ဆို ကျွန်တော် ပြုခဲ့ဖူးသမျှ ဒါန သီလ ဘာဝနာ စတဲ့ ကောင်းမှုကုသိုလ်တွေကို အမျှဝေ သာဓုခေါ်နိုင်းလိုက်ရရင် အမြင့်နဲ့တကွ အနီးအနားမှာ ရှိရှိသမျှ မကျွတ်မလွတ်သေးတဲ့သူတွေ သာဓုခေါ်နိုင်ခွင့် ရသွားကောင်းရသွားနိုင်မှာပါ။

ဒါကြောင့် ဒီအပင်ကြီးအောက်ကို ဖြတ်သွားဖြတ်လာ လုပ်မိတဲ့အခါတိုင်း အမြင့်နဲ့တကွ မကျွတ်မလွတ်သေးသူတွေကို တတ်နိုင်သမျှ အမျှအတန်း ဝေလေ့ ရှိခဲ့ပါတယ်။

ဒါပေမယ့် (၂-၅-၂၀၀၈)နေ့ နောက်ပိုင်းမှာတော့ ဒီအခွင့်အရေးလဲ ဆုံးရှုံးသွားခဲ့ရပါပြီ။ တရားခံကတော့ နာဂစ်မုန်တိုင်းကြီးပဲပေါ့။

ဒီမုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တက္ကသိုလ် ပရိဝုဏ်အတွင်းမှာရှိတဲ့ သစ်ကြီးဝါးကြီး တော်တော်များများ ဖရိုဖရဲ ပြိုလဲပျက်စီးသွားကြတာကြောင့် အမြင့်တို့ မှီခိုနေထိုင်တဲ့ သစ်တိုပင်ကြီးလဲ အမြစ်က ကျွတ်ထွက်ပြီး ပြိုလဲသွားခဲ့တယ်လေ။

ကျွန်တော်လဲပဲ ပင်စင်စားတို့ သဘာဝ ဒီပရိဝုဏ်မှာ တာရှည်တာမြဲ နေထိုင်ခွင့် မရတော့လို့ ဝေးရာကို ပြောင်းရွှေ့သွားခဲ့ရပါပြီ။ ကံစီမံရာပါပဲ။

သို့သော်လဲ အကြောင်းကိစ္စကြုံကြိုက်လို့ အဓိပတိလမ်းထိပ်ကို ရောက်သွားခဲ့ရင်တော့ သစ်တိုပင်ကြီး ကျွတ်ထွက်သွားတဲ့ ကျင်းချိုင့်ကြီးကို ကြည့်ပြီး ကျွန်တော့် တပည့်မ အမြင့်ဆိုတဲ့ သောက်ရူးမလေးကို ဖျတ်ခနဲ သတိရလိုက်မိသလိုပင်။

အစိမ်းသရဲဘဝက ကျွတ်လွတ်သွားပါစေလို့လဲ ဆုတောင်းလိုက်မိရင်း ပြုခဲ့ဖူးသမျှ ကောင်းမှုကုသိုလ်တို့၏ အသို့ဘာဂကို အမျှပေးဝေနေခဲ့မိတတ်ပါတယ်။

**မောင်ထွေးဦး**
**(ရန်ကုန်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

တာဆိပ်ချောင်းမှ

# သိုက်နန်းရှင်တို့၏

ပြောင်းရွှေ့မှုနှင့် ဖြစ်ရပ်ဆန်းများ

မိုးမြင့်
(လက်ပံတန်း)



**တာဆိပ်ချောင်း ဆိုသည်မှာ လက်ပံတန်းမြို့နယ်အတွင်းရှိ ရှမ်းတောရွာနံဘေးတွင် တည်ရှိပါသည်။** အဆိုပါ ရှမ်းတောရွာကလေးသည် ကျွန်မ၏ ဇာတိချက်ကြွေ မွေးရပ်မြေပင် ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း(၅၀) ကျွန်မငယ်စဉ်အခါကဆိုလျှင် အိမ်ခြေ(၄၀) ကျော်လောက်သာ ရှိပါသည်။

လူကြီးသူမများ၏ ပြောစကားအရ ရှမ်းတောရွာကလေးမှာ တစ်ချိန်သောအခါက ရှမ်းတိုင်းရင်းသားတွေချည်းပဲ စုဝေးပြီး နေထိုင်ခဲ့ကြကြောင်း။ သို့ဖြစ်၍ အဆိုပါ ရှမ်းတိုင်းရင်းသားများ စုဝေးပြီး နေထိုင်ကြသည်ကို အကြောင်းပြုပြီး ရှမ်းတောရွာကလေးဟု ခေါ်တွင်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

ကျွန်မတို့လက်ထက်မှာတော့ ရှမ်းတိုင်းရင်းသားများ မရှိကြတော့ဘဲ ဗမာများသာ နေထိုင်လျက်ကြပါသည်။ ရွာတွင် နေထိုင်ကြသော သူများထဲတွင် အဖေ၏ ဆွေမျိုးသားချင်းတွေကသာ များပါသည်။

အရင်းအချာထဲတွင် ညီအစ်ကို





www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သာရှိပြီး ကျန်သူများမှာ တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲ၊ သုံးဝမ်းကွဲတွေလဲ ဖြစ်ကြသည်။ တစ်ရွာလုံးနီးပါးမျှ ဆွေရိပ်မျိုးရိပ် မကင်းကြသူများသာ ဖြစ်ကြပါသည်။

တစ်ရွာလုံးရှိ လူများမှာ တောင်သူလယ်သမားများသာ ဖြစ်ကြပါသည်။ ရွာနံဘေးရှိ တာဆိပ်ချောင်းအား အမှီပြုပြီး သဲသောင်ပြင်များပေါ်တွင် သူ့အတွက်ကိုယ့်အတွက် စသည်ဖြင့် မြေယာများကို သတ်မှတ်ကာ ဆောင်းရာသီနှင့် နွေရာသီများတွင် မြေပဲ၊ ပြောင်းဖူး၊ ငရုတ်၊ ချဉ်ပေါင်၊ နံနံ၊ ဘူး၊ ဖရုံ၊ သခွား အစရှိသည်ဖြင့် စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

တချို့သောသူများက တာဆိပ်ချောင်းထဲတွင် ငါးရှာ,ဖားရှာဖြင့် လုပ်တတ်ကြသလို တာဆိပ်တာဆုံတွင်လည်း ဈေးဆိုင်တည်ပြီး ဈေးရောင်းသူများလည်း ရှိကြပါသည်။

ရွာတွင် ကျွန်မ၏ အဖေတစ်ယောက်သာ လက်ပံတန်းမြို့ရှိ မီးရထားစက်ခေါင်းရုံတွင် တာဝန်ထမ်းဆောင်နေရသော ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။

အဖေတို့ ညီအစ်ကိုနှစ်ယောက်မှာ လွန်စွာမှ ချစ်ခင်ကြင်နာသူများဖြစ်၍ ညီအစ်ကိုနှစ်ယောက် ခွဲခွာပြီး မြို့ပေါ်သို့ သွားမနေခဲ့ပါ။ ရွာတွင်နေပြီး စက်ဘီးဖြင့် မြို့သို့ အလုပ်သွား အလုပ်ပြန်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

နောင်အခါ ဝေးလံသော မြို့များသို့ ပြောင်းရွှေ့ပြီး တာဝန်ထမ်းဆောင်ရသောအခါ ကျွန်မတို့မိသားစုများမှာလည်း ထိုရွာလေးကို မခွဲခွာချင်ခဲ့ပါသော်လည်း ခွဲခွာခဲ့ရသည်မှာ ယနေ့အထိပင် ဖြစ်ပါလေတော့သည်။

* * *



ရွာမှထွက်ခွာခဲ့ရပြီး တစ်မြို့ပြီး တစ်မြို့ဖြင့် ပြောင်းရွှေ့ခဲ့ရပြန်ပါသည်။ ယခုအခါ ကျွန်မသည် အိမ်ထောင်ရက်သားကျနေပြီး ပြည်မြို့၏ တစ်ဖက်ကမ်းရှိ ကစစ(၁၆)ဆင်တဲတွင် ရောက်ရှိ၍ နေခဲ့ရပြီးဖြစ်ပါသည်။

တစ်နေ့သောအခါ ကျွန်မတစ်ယောက်တည်း ရန်ကုန်သို့ ကိစ္စတစ်ခုဖြင့်သွားရောက်ရပြီး ရန်ကုန်မှတစ်ဆင့် ပြည်မြို့သို့ ပြန်လာရသောအခါ ကျွန်မ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ရှမ်းတောရွာကလေးကို မီးရထားပေါ်မှနေပြီး လှမ်းကာ မြင်တွေ့ခဲ့ရပါသည်။

ရှမ်းတောရွာသည် ပြည်မြို့နှင့် ရန်ကုန်ကြား မီးရထားလမ်းဘေးတွင် တည်ရှိသော ရွာလေး ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်မ၏ မွေးရပ်မြေအား ပြန်လည် မြင်တွေ့လိုက်ရသောအခါ ကျွန်မငယ်စဉ်အခါက ကြုံတွေ့ခဲ့ရသော တာဆိပ်ချောင်း၏ လျှို့ဝှက်ဆန်းကြယ်နိုင်မှု အစစုကို ပြန်လည် မြင်ယောင်လာခဲ့ရပါတော့သည်။

သတိတရ ဖြစ်ခဲ့မိသည်မှာလည်း အမှန်ပါ။ တာဆိပ်ချောင်းမှာ အတန်အသင့်ကျယ်သော်လည်း ဟိုဘက်နှင့် ဒီဘက်ကမ်းမှာ လှမ်းပြီး အော်ခေါ်လျှင် ကြားရပါသည်။

တာဆိပ်ချောင်းသည် ရခိုင်ရိုးမတောင်ခြေမှ အစပြုပြီး စီးဆင်းလာသည်ဖြစ်၍ မိုးတွင်းအခါဆိုလျှင် ရေစီးအလွန်သန်လှပါသည်။ တာဆိပ်ချောင်းတွင် တံတားကြီးတစ်စင်း ရှိပါသည်။

တံတားကြီး၏ အောက်ဘက်တွင် ကျောက်တိုင်ကြီးနှစ်တိုင်ရှိပြီး ထိုနေရာတစ်လျှောက်တွင် မိုးပြဲဒယ်သုံးလုံးစာ ပမာနလောက် ကြီးမားကျယ်ပြန့်သော ရေဝဲကတော့ကြီးနှစ်ခု ရှိပါသည်။

**တစ်ခုမှာ စုပ်သဲဖြစ်ပြီး ကျန်တစ်ခုမှာ မှုတ်သဲဖြစ်ပါသည်။ ရေကြီးချိန်များတွင် တစ်ခါတစ်ရံ ညကြီးသန်းခေါင်အချိန် ရောက်လျှင် ရေအော်သံများ ကြားရတတ်ပါသည်။**

ထိုကဲ့သို့ ရေအော်သံကြားရသောနှစ်ဆိုပါလျှင် လူကြီးမိဘများက မိမိတို့၏ သားသမီးများအား အထူးတလည်ဖြင့် သတိပေးကြသည်။ ရေချိုးရေခပ်ရာတွင် ခါတိုင်းကဲ့သို့ ပေါ့ပေါ့ဆဆ မပြုလုပ်ကြရန် ဖြစ်ပါသည်။

ရှမ်းတောရွာကလေးမှာ တင်ပြခဲ့သည့်အတိုင်း တာဆိပ်ချောင်းကို အမှီပြုပြီး လုပ်ကိုင်စားသောက်နေရခြင်းဖြစ်လေရာ ချောင်းတစ်လျှောက်ရှိ သောင်ပြင်နေရာများတွင် သီးနှံအမျိုးစုံတို့ကို စိုက်ပျိုးကြသည်။

ဆွတ်ရွှေချိန် နီးကပ်လာသောအခါ ကိုင်းထဲတွင် တဲအိမ်ကလေးများထိုး၍ ညအိပ်ညနေ,နေကြသည်။ အခင်းတွေ




www.burmeseclassic.com

www.burmeseclassic.com

က တစ်ဆက်တည်းမို့ တဲအိမ်တွေကလည်း တစ်လုံးနှင့် တစ်လုံး သိပ် မဝေးလှ။



တစ်နေကုန် မည်မျှပင် ပင်ပန်းခဲ့ကြရစေကာမူ ညအချိန်ရောက်ပြီဆိုသည်နှင့် တစ်တဲနှင့် တစ်တဲ လှည့်ပတ်ပြီး လည်သူက လည်ကြသည်။ တချို့ တဲအိမ်များတွင် လူတွေ စုဝေးရောက်ရှိနေတတ်ကြပြီး ထွေရာလေးပါး စကားများကို ဖောင်ဖွဲ့နေအောင် ပြောဆိုဖြစ်ကြသည်။

တဲအိမ်ရှင်ကတော့ ရေနွေးကြမ်းအိုးကို မပြတ်တမ်း တည်ထားကြပြီး မြေပဲပြုတ်၊ ပြောင်းဖူးပြုတ်၊ လက်ဖက်သုပ်များဖြင့် တည်ခင်း ဧည့်ခံကြပါသည်။

လသာသည့်ညများဆိုလျှင် ညဥ့်နက်သန်းခေါင်အထိ ပြောကြဆိုကြရယ်မောကြဖြင့် ပျော်စရာပင် ကောင်းနေသေးတော့သည်။ ကလေးတွေကလည်း ကလေးတွေရဲ့ စရိုက်အရ ပျော်ကြသည်သာ ဖြစ်ပါသည်။

တစ်နေ့သော နံနက်(၅)နာရီလောက်တွင် ကိုတာတီးတစ်ယောက် ချောင်းအစပ်တွင် ထောင်ထားသော ငါးမြှုးများကို သွား၍ ဖော်ပါသည်။ သူနေထိုင်သော ယာတဲအိမ်၏ အောက်ဘက်က ချောင်းအစပ်တွင် ဖြစ်သည်။

ထိုတာဆိပ်ချောင်းမှာ ဆောင်းနှင့် နွေအကူးဖြစ်၍ ရေက သိပ်ပြီးမ,နက်လှပါ။ လူ၏ ခါးလယ်သာသာလောက်ရှိပါသည်။ ငါးမြှုးထောင်ထားသော နေရာသို့ရောက်ရှိပြီး ဖော်ယူရာ ခါတိုင်းထက်ပိုပြီး ငါးများ မိထားကြောင်း တွေ့ရလေတော့သည်။

ကိုတာတီးတစ်ယောက် အားရဝမ်းသာစွာဖြင့် ငါးမြှုးများကို တစ်မြှုးပြီး တစ်မြှုး ဖော်ယူရင်း ချောင်းအတိုင်း ဆန်တက်ခဲ့သည်။

ငါးမြှုးတိုင်းလိုလိုပင် ငါးတွေက တော်တော်များများ မိထားကြသည် ဖြစ်၍ သူ၏ စိတ်ထဲတွင် ထူးဆန်းနေသလိုလိုပင် ခံစားနေရသည်။ ထိုကဲ့သို့ ငါးမြှုးများကို ဖော်ယူရင်း ဆန်တက်လာခဲ့ရာ နောက်ဆုံးတစ်လုံးသာ ကျန်တော့သည်။

ထိုကျန်ရှိနေသော နောက်ဆုံး ငါးမြှုးတစ်လုံးကို ဖော်ယူရန် ကမ်းစပ်ပေါ်မှအသွား ရေလှိုင်းဂယက်တွေက ရုတ်တရက်ကြီး ထလာကြောင်း တွေ့လိုက်ရတော့သည်။

အထက်မှ အောက်ပိုင်းသို့ စီးဆင်းနေသော ရေများမှာလည်း အောက်မှ အထက်သို့ ပြောင်းပြန်ဆန်တက်နေသကဲ့သို့ မြင်တွေ့နေရပါသည်။

ထူးဆန်း အံ့သြဖွယ်ကောင်းလှပါသော ထိုမြင်ကွင်းကိုကြည့်ပြီး ကြောက်စိတ်တွေပင် ဝင်လာခဲ့ရတော့သည်။ သို့ဖြစ်၍ မြှုးကို ဆက်၍ မဖော်သေးဘဲ စူးစိုက်ကာ လိုက်ကြည့်နေဖြစ်သည်။

နံနက်ခင်း၏ အလင်းရောင်က သန်းလာခါစမို့ အမြင်အာရုံတွေကလည်း ဝိုးတိုးဝါးတာဖြစ်နေသေးသည်။

သို့ပါသော်လည်း ရှည်မျောမျော အရာတစ်ခုသည် ချောင်းအထက်ဘက်ဆီသို့ ဆန်တက်နေသည်ကိုတော့ သတိထားမိသည်။ မိုးသည် တဖြည်းဖြည်း လင်းလာသည်နှင့်အမျှ မြင်ကွင်းတွေလဲ တစ်စတစ်စဖြင့် ပီပြင်လာခဲ့ရလေတော့သည်။

ကိုတာတီးမှာ ဆန်တက်နေသော ရှည်မျောမျောသဏ္ဍာန် သတ္တဝါကြီး နောက်သို့ ကမ်းပေါ်မှနေပြီး လိုက်၍ ကြည့်လာရာ တစ်ခါတွင်တော့ ကျောကို ဖော်ပြသကဲ့သို့ ရေပေါ်သို့ တက်ပြီး ကူးခတ်သွားသည်ကို မြင်တွေ့လိုက်ရသည်။

ထိုအခါ ကြောက်လန့်တကြား ဖြစ်သွားမိပြီး…

'အောင်မလေးဗျ… မိကျောင်းကြီး မိကျောင်းကြီး ရေထဲကနေ ဆန်တက်လာနေတယ်ဗျ'

ဟု အသံကုန် အော်ဟစ်လိုက်မိပါတော့သည်။

ကိုတာတီး၏ ငယ်သံပါအောင် အော်ဟစ်လိုက်သော အသံကြောင့် တဲအိမ်အတွင်းရှိ လူများနှင့် တာလမ်းမပေါ်တွင် ရှိနေကြသော ဈေးသည်၊ ဈေးဝယ်လာသူများကပါ ကြားသိသွားကြလေရာ ချောင်းစပ်ရှိရာဆီသို့ ပြေးဆင်းလာခဲ့ကြပါတော့သည်။

ချောင်းစပ်သို့ ရောက်ရှိလာကြပြီး ဝိုင်းကြည့်ကြသော် ကိုတာတီး ပြောသလိုပင် မိကျောင်းကြီးတစ်ကောင်က ချောင်းအတိုင်း ဆန်တက်နေကြောင်း မြင်တွေ့ကြရလေတော့သည်။

နောက်မှ ရောက်လာကြသော လူအုပ်များက ထပ်ပြီး ဝိုင်းအော်ကြလေရာ ချောင်း၏ ဟိုဘက်ကမ်း ဒီဘက်ကမ်းတွင် ရှိနေကြသော လူများကပါ ထပ်မံရောက်ရှိလာကြပြီး လူများ ပြည့်



www.burmeseclassic.com

www.burmeseclassic.com

လျှံသွားပါတော့သည်။

အမှန်တကယ်အားဖြင့် ကျွန်မတို့၏ နယ်တစ်လျှောက်တွင် မိကျောင်းများ မရှိ၍ မိကျောင်းများကို မြင်ဖူးကြသူများ မဟုတ်ကြပါ။

အခြားဒေသများတွင် မိကျောင်းရှိကြောင်းကို ကြားဖူးရုံသာ ကြားဖူးကြပြီး ယခုကဲ့သို့ မျက်ဝါးထင်ထင် မြင်တွေ့ကြရသောအခါ အံ့သြဘနန်း ဖြစ်ကြရသည်။

ဝိုင်းကြည့်ဖြစ်ကြသော လူအုပ်များထဲတွင် ကျွန်မနှင့် ကျွန်မတို့မိသားစုများလည်း ပါဝင်ပါသည်။ ချောင်းကမ်းတစ်လျှောက်တွင် အုတ်အော်သောင်းတင်းဖြင့် ကြည့်ရှုနေကြပါသည်။

မိကျောင်းဆိုသော သတ္တဝါမှာ မြစ်ထဲ၊ ပင်လယ်ထဲမှာသာ ကျင်လည်နေကြကြောင်း ကြားခဲ့ဖူးပြီး ယခုကဲ့သို့ ကျွန်မတို့ဒေသရှိ ချောင်းတွေထဲမှာ နေလေ့နေထ မရှိဟုလည်း သိရပါသည်။

ကျွန်မတို့ ဒေသတစ်လျှောက်တွင် နေထိုင်ကြသော အသက်(၈၀/၉၀) အရွယ်ရှိ အဘိုးကြီး၊ အဘွားကြီးများပင်လျှင် တာဆိပ်ချောင်းထဲတွင် မိကျောင်းကို တစ်ခါမှ မမြင်ဘူးခဲ့ကြဟု ဆိုပါသည်။

တာဆိပ်ချောင်းမှာ ပန်းလှိုင်မြစ်ထဲသို့ စီးဝင်သွားသော ချောင်းဖြစ်၍ ပန်းလှိုင်မြစ်ထဲရှိနေသော မိကျောင်းက ရေကြောင်းမှားပြီး ဆန်တက်လာသည်ဟု ယူဆကြပါသည်။

ထိုမိကျောင်းကြီးသည် တာဆိပ်ချောင်း၏ တံတားအောက်ရှိနေသော စုပ်ဝဲရှိသည့်နေရာတွင် ငုပ်လျှိုးသွားပါတော့သည်။ ပြန်ပေါ်ခြင်း မရှိတော့ပါ။ မည်သို့ပင်ဆိုစေ တာဆိပ်ချောင်း



ထဲတွင် မိကျောင်းရောက်လာသည်မှာ တစ်ရွာလုံးအသိပင် ဖြစ်ခဲ့ပါသည်။

ထိုစဉ်အခါက ချောင်းဘေးရှိ ရွာသားများမှာ မိမိတို့၏ ကျွဲ၊ နွားများကိုပင် ချောင်းထဲဆင်း၍ ရေမစိမ်ပေးရဲခဲ့ရသည်အထိ ဖြစ်ခဲ့ရပါသည်။ မိကျောင်းတက်လာသည်မှာ (၃)ရက်လောက်ရှိသွားပြီ ဖြစ်သည်။

လုံးဝ မတွေ့ရတော့ဘဲ ရှိနေသည် ဖြစ်ရာ အထက်ပိုင်းသို့ ဆန်တက်သွားသလား၊ အောက်ပိုင်းသို့ စုန်ဆင်းသွားသလားဆိုသည်ကို မည်သူမျှ မပြောနိုင်ကြပါ။

မိကျောင်းကြီးမှာ မည်သူ့မှ ဒုက္ခမပေးသော်လည်း လူတွေကတော့ ကြောက်လန့်နေကြပါသည်။

ပြောရလျှင် ကျွန်မတို့ အရပ်ဒေသသည် မိကျောင်းရှိသော အရပ်ဒေသ မဟုတ်ခဲ့ပါဘဲနှင့် ယခုအခါ မိကျောင်းကြီးတစ်ကောင်က ထူးခြားဆန်းပြားစွာဖြင့် တာဆိပ်ချောင်းအတိုင်း ဆန်တက်လာခဲ့သည်။ ထိုကဲ့သို့ ဆန်တက်လာခဲ့ပြီး စုပ်ဝဲနှင့် မွှတ်ဝဲရှိသော နေရာအရောက်တွင် ငုပ်ဝင်ပျောက်ကွယ်သွားခဲ့သည်။

အဆိုပါ စုပ်ဝဲနှင့် မွှတ်ဝဲရှိသော နေရာသည် ရေကြီးချိန်ရောက်လာလျှင် တစ်ခါတစ်ရံ ရေအော်သံများ ထွက်ပေါ်တတ်လေ့ရှိပါသည်။ ထိုကဲ့သို့ ရေအော်သံများ ကြားရပြီဆိုပါက ထိုနှစ်တွင် လူတစ်ယောက်က ရေနစ်ပြီး သေဆုံးခဲ့ရစမြဲဖြစ်သည်။

နှစ်တိုင်းလည်း မအော်သလို နှစ်တိုင်းလည်း မသေပါ။ လူတစ်ယောက်က ရေနစ်ပြီး သေပေးရတော့မည်ဆိုလျှင် အဆိုပါ မွှတ်ဝဲနှင့်စုပ်ဝဲက ရေအော်သံတွေ ပေးလာမြဲဖြစ်သည်။

ရေအော်သံနှင့် လူတစ်ယောက် ရေနစ်သေရခြင်း၊ လူတစ်ယောက် ရေနစ်သေရခြင်းနှင့် ရေအော်သံတို့သည် တစ်ခုနှင့်တစ်ခု ဒွန်တွဲဆက်စပ်ပတ်သက်နေသည်ဟု ပြောရလျှင် လွန်မည်မထင်ပါ။

သို့ဆိုလျှင် အဆိုပါ မိကျောင်း ပျောက်ကွယ်သွားရသော နေရာသည် လျှို့ဝှက်ဆန်းကြယ်ပြီး ကြောက်စရာကောင်းသောနေရာတစ်ခုဟု ပြောလျှင်လည်းရနိုင်ကောင်းပါသည်။

ယခင်ကဆိုလျှင် ကျွန်မ၏ဖခင်ကိုယ်တိုင်ပင်လျှင် မိုးတွင်းအခါ ချောင်းရေနှင့်အတူ မျောပါလာသော ထင်းတုံးကြီးအား လိုက်ဆယ်ခဲ့ရာမှ စုပ်ဝဲများအကြားထဲ ဝင်သွားမိပြီး သေလုမတတ်ဖြစ်ခဲ့ဖူးပါသည်။

ရေစီးနှင့်အတူ မျောပါလာရာ တံတားပေါ်မှနေပြီး လူအချို့က စုပ်ဝဲမွှတ်ဝဲများနှင့် လွတ်အောင် ဝါးလုံးဖြင့် ထိုးကူပေးကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ပါသော်လည်း အဆိုပါ စုပ်ဝဲနှင့် မှုတ်ဝဲအကြားဝင်မိပြီး ဘုရား၊တရား အလွန်မြဲခဲ့၍ အသက်ဘေးမှ သီသီလေး လွတ်မြောက်ခဲ့ရခြင်းသာ ဖြစ်ပါသည်။

ကမ်းစပ်က ကြည့်နေနေကြသော သူများအားလုံးက သေပြီဟုပဲ ထင်နေခဲ့ကြသည်။ ပြီးတော့ ကျွန်မကိုယ်တိုင်ကလည်း အဆိုပါနေရာတွင် ရေကူးဆော့ကစားရင်း ရေနစ်၍သေမလို ဖြစ်ခဲ့ဖူးပါသည်။

ရေနစ်ပြီး ရေအောက်သို့ ရောက်သွားသောအခါ အေးခနဲ ခံစားသွားရပြီး မိမိကိုယ်မိမိ သေလူအဖြစ် စာရင်းသွင်းခဲ့ရဖူးပါသည်။ ရေကူးဖော်သူငယ်ချင်းများကလည်း မည်သူမှလာပြီး မကူညီနိုင်ခဲ့ကြပါ။

ရွာပေါ်ရှိ လူများကိုတော့ အော်ဟစ်ကာ အကူအညီတောင်းခံခဲ့ဟန်တူပါသည်။ ကျွန်မ သတိပြန်ရလာသောအခါ ကုန်းပေါ်တွင် ရောက်ရှိနေကြောင်း သိခဲ့ရပါသည်။

ကံကောင်း၍ သေကံမရောက်၍ အသက်မပျောက်ခဲ့ပါပေ။ ယခုတစ်ဖန် ထိုနေရာသို့ မိကျောင်းကြီးတစ်ကောင်က ရောက်ရှိလို့ လာခဲ့ပြန်ချေပြီ။

ထိုနေရာနှင့် မိကျောင်းကြီး။ မိကျောင်းကြီးနှင့် ထိုနေရာသည် မည်ကဲ့သို့ ဆက်စပ်ပတ်သက်၍ နေခဲ့ပြန်ပြီနည်း။ လွန်စွာမှ လျှို့ဝှက်ဆန်းကြယ်နိုင်လှပါတော့သည်။

မှတ်မှတ်ရရ မိကျောင်းကြီး ဆန်တက်လာပြီး (၅)ရက်မြောက်နေ့တွင် လပြည့်ညပင် ဖြစ်လေသည်။ လမင်း၏ အလင်းရောင်မှာ နေ့ခင်းအလား ထင်မှတ်နေရပါသည်။

လေပြည် လေညင်းလေးများနှင့် အတူ သာယာလှပသော ညလေးတစ်ညကို အခင်းထဲရှိ လူများက



လည်ကြပတ်ကြ လုပ်သူက လုပ်သလို တဲတစ်လုံးတွင် စုပြီး စကားပြောသူက ပြောကြသည်။

တစ်နေကုန် အလုပ်မှာ ပင်ပန်းသမျှ အမောအပန်းပြေ ရေနွေးကြမ်းသောက်ရင်း ပိုင်းဖွဲ့၍ အကြောင်းအရာ မျိုးစုံကို ပြောဆိုနေကြသည်။ ဤသည်မှာ ကျွန်မတို့ ရှမ်းတောရွာက ချစ်စရာပါ။

တဲရှင်ဘကြီးမြသည် အသက်(၉၀) ကျော်ရှိပြီဖြစ်သော်လည်း ကျန်းမာ၍ ကြံ့ခိုင်သူတစ်ယောက်ဖြစ်၍ လူငယ်များနှင့်ယှဉ်ပြီး အလုပ်ကြမ်း လုပ်ကိုင်နိုင်သူ ဖြစ်ပါသည်။ အတွေ့အကြုံ ဗဟုသုတရှိသူတစ်ဦး ဖြစ်သည်။

ရွာရှိ လူကြီးလူငယ်များအားလုံးက ချစ်ခင်လေးစားမှုကို ခံရသူ ဖြစ်ပါသည်။ ထွေရာလေးပါးစကားများ ပြောဆိုနေကြရင်း အချိန်သည် ကုန်မှန်းမသိ ကုန်လွန်လာခဲ့သည်။ လူစုလူဝေးက မပြန်ကြသေးပေ။

ထိုအချိန်တွင် လေပြည်လေညင်းလေးများက တသုန်သုန်မြူး၍ တိုက်ခတ်လာသည်။ လေပြည်နှင့်အတူ စံပယ်ပန်း၏ ရနံ့သင်းသင်းလေးကို ရှူရှိုက်မိကြသည်။ ထိုအခါ ထူးဆန်းသလိုဖြစ်နေ၍ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ဖြစ်တော့သည်။

စကားတော့မဆိုဖြစ်ကြပေ ပတ်ဝန်းကျင်သို့ စူးစမ်းသော အကြည့်မျိုးဖြင့် ဟိုကြည့်ဒီကြည့် ဖြစ်ကြသည်။ လမင်း၏ အလင်းရောင်ကြောင့် ကောင်းစွာ မြင်တွေ့ကြရပါသည်။

ထိုအခါ တာဆိပ်တံတားဘက်ဆီမှ မီးလုံးစိမ်းစိမ်းလေးများသည် တဖြည်းဖြည်းချင်း ရွေ့လျားနေကြောင်း မြင်တွေ့ကြလေသည်။

ထူးဆန်းလှပါသဖြင့် တဲအတွင်းရှိနေသော သူများအားလုံး မမှိတ်မသုန်ဖြင့် စူးစိုက်ကာ ကြည့်ရှုမိလျက်သား ဖြစ်နေပါတော့သည်။

အဝေးဆီမှ လှမ်းမြင်နေရသော မီးလုံးစိမ်းစိမ်းလေးများသည် ချောင်းအတိုင်း တဖြည်းဖြည်းချင်း စုန်ဆင်း၍လာနေပါသည်။ မိမိတို့တဲနှင့် တစ်တန်းတည်း အရောက်လောက်တွင် တဲကလေးနှင့်က အလွန်နီးကပ်လျက်ရှိနေပါတော့သည်။

ထိုအခါ ချောင်းအလယ်လောက်ဆီမှ လေ့လိုလို ရှည်မျောမျောအရာကြီးသည် အောက်ဘက်ပိုင်းဆီသို့ စုန်ဆင်း၍ လာနေကြောင်းကို မြင်တွေ့လိုက်ကြရသည်။

တဲနှင့် တည့်တည့်လောက်ဆီသို့ ရောက်ရှိလာသောအခါမှ ဧရာမ မိကျောင်းကြီးဖြစ်နေကြောင်း သိလိုက်ရပါတော့သည်။

အဆိုပါ မိကျောင်း၏ ဦးခေါင်းပေါ်တွင် သေတ္တာကြီးတစ်လုံး တင်ထားပြီး ကျောကုန်းပေါ် တစ်လျှောက်မှာတော့ အမျိုးသမီး(၄)ယောက်နှင့် အမျိုးသား (၃)ယောက်တို့က မတ်တတ်ရပ်အနေအထားဖြင့် စီးနင်းလိုက်ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးသည် ရှေးခေတ်က နန်းဝတ်နန်းစားများလို ဝတ်ဆင်ထားကြပြီး အဝတ်အစားများလည်း အစိမ်းရောင် တောက်ပလျက်ရှိသည်။

အမျိုးသမီး (၄)ယောက်မှာလည်း ဆံပင်များက ရှည်လျား လွန်းလှပါသည်။ မိကျောင်းကြီး၏ ကျောပေါ်တွင် ပါလာသော လူ (၇)ယောက်တို့သည် ဟိုအဝေး တစ်နေရာဆီသို့ လှမ်းမျှော် ကြည့်နေဟန်ပေါ်နေသည်။

မိကျောင်းကြီးမှာလည်း တရွေ့ရွေ့ဖြင့် စုန်ဆင်းနေပါသည်။ ချောင်းတစ်လျှောက်မှာ အမွှေးနံ့သာပေါင်းစုံတို့ဖြင့် သင်းထုံ၍ မွှေးကြိုင်နေတော့သည်။

တဲအတွင်းရှိ လူအားလုံးတို့မှာ တစ်သက်နှင့် တစ်ကိုယ် မမြင်ဘူးခဲ့သော ထိုမြင်ကွင်းကို ကြည့်ပြီး ရင်သပ်ရှုမောမတတ် ဖြစ်နေကြသည်။

မိမိ၏အသက်ကိုပင် ရှူမိသလား၊ မရှူမိသလား မသိနိုင်အောင် ဖြစ်နေကြတော့သည်။ ကျောက်ရုပ်ကဲ့သို့ ငုတ်တုတ်မေ့ဖြစ်နေကြသည်။

အဆိုပါမြင်ကွင်းကြီး မိမိတို့၏ မျက်စိအောက်မှ ပျောက်ကွယ်သွားသောအခါမှ သူတို့တစ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့ကြတော့သည်။ ပထမဆုံး စကားစပြီး ပြောလာနိုင်သူမှာ ဘကြီးမြပင် ဖြစ်သည်။ ဘကြီးမြမှာ...

'ဒီ သိုက်ပြောင်းရွှေ့တာကွ'

ဟု ပြောလိုက်လျှင်...

ကိုတာတီးက...

'သိုက်ပြောင်းတာဟုတ်လား အဘ... ဒါဆိုရင် အခုပြောင်းသွားတဲ့သိုက်က ဘယ်လိုသိုက်မျိုးဖြစ်နိုင်မလဲ အဘ'

'အေးလေ သိုက်ဆိုတာက အမျိုးမျိုးရှိကြတာပဲ မဟုတ်လား။ အထူးသဖြင့် ရေအောက်မှာနေကြတဲ့ သိုက်တွေထဲမှာတော့ မိကျောင်းသိုက်တို့၊ နဂါးသိုက်တို့ ဆိုတာရှိတယ်လို့ သိရတယ်။ အခုပြောင်းသွားတဲ့ သိုက်ကတော့ မိချောင်းကြီးပါနေလို့ **"မိကျောင်းသိုက်"**လို့ ပြောရမှာပဲ'

ဟု ပြောလေသည်။

အလည်လာသူ ကိုမောင်ငွေကလည်း...

'အတော်ထူးဆန်းတာပဲ အဘရယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့ တာဆိပ်ချောင်းမှာလဲ အထူးအဆန်းတွေ ဖြစ်ခဲ့တာ အဲဒါတွေနဲ့များ ပတ်သက်နေသလား မဆိုနိုင်ပါဘူး'

ဟု ပြောလိုက်သည်။

ဘကြီးမြမှ...

'တာဆိပ်ချောင်းအနေနဲ့ လျှို့ဝှက်ဆန်းကြယ်နိုင်မှုတွေ ရှိခဲ့တာကတော့ အမှန်ပါပဲ။ ကြည့်လေ... တံတားအောက်က စုပ်ဝဲမှုတ်ဝဲတွေဆီက ရေအော်သံတွေ ကြားရပြီဆိုတာနဲ့ လူတစ်ယောက်ယောက်ကတော့ ရေနစ်ပြီး သေပေးရပြီ။

ဒါပေမယ့် အဲဒီ ရေနစ်ပြီး သေပေးရတဲ့လူက တို့ရွာက လူမဟုတ်ဘူး။ တခြားရွာက ဒီကိုလာလည်ရင်း ရေထဲဆင်းပြီး ကူးရင်းနဲ့ သေပေးခဲ့ရတယ်။

ဟော... ငါတို့ရွာက မောင်ချမ်းမြ ဆိုရင်ကြည့်၊ ထင်းတုံးသွားဆယ်ရင်းကနေ စုပ်ဝဲထဲ ထင်းတုံးနဲ့အတူ မြုပ်သွားတယ်။ မြင်ရသူအားလုံးက သေပြီလို့ပဲ သတ်မှတ်ထားကြတယ်။ ဘယ်သူမှလဲ ဆင်းပြီး မကယ်နိုင်ပါလူး။

ဒါပေမယ့် သူက တခြားရွာက လူမဟုတ်ဘူးလေ ကျုပ်တို့ ရွာကလူ ဖြစ်နေတယ်။ ကျုပ်တို့ ရွာကလူဆိုတော့ အများအထင် သေလူအဖြစ်ကနေပြီး ရှင်လူဘဝကို ပြန်ရောက်ခဲ့ရတယ်။

သူတင်လားဆိုတော့ မဟုတ်သေးဘူး။ ဟို...အဲဒီမောင်ချမ်းမြရဲ့သမီးပါပဲ။ မင်းတို့လဲ သိပါတယ် သူနာမည်က မြင့်မြင့်အေးတဲ့၊ သူဆိုရင်လဲ ဘာထူးလဲ သူငယ်ချင်းတစ်စုနဲ့အတူ ရေကူးကြတာမှာ စုပ်ဝဲနေရာလောက်မှာ ရေနစ်တော့တာပဲ။ အတူပါသွားတဲ့ သူ့သူငယ်ချင်းတွေကလဲ လိုက်ပြီး မကယ်နိုင်ပါဘူး။

ဒါပေမယ့် တာလမ်းနားမှာနေတဲ့ ကိုတင်နုကိုလာပြီး ပြောပြ အကူအညီတောင်းနိုင်ခဲ့လို့ ကိုတင်နုက ရေငုပ်ပြီး ဆယ်ယူခဲ့လို့သာ သေကံမရောက်ဘဲ အသက်မပျောက်ခဲ့ရ ပြန်တာ၊

အခုပဲ ကြည့်စမ်း... မကြာသေးမီ ရက်ပိုင်းလေးက မိကျောင်းကြီးတစ်ကောင် ဆန်တက်လာခဲ့ပြန်တယ်။ ငါတို့ တာဆိပ်ချောင်းမှာ ဘယ်အခါကမှ မိကျောင်း ရောက်လာခဲ့ဖူးတယ်ဆိုတဲ့ ရာဇဝင်မျိုး မရှိခဲ့ဘူး။

ဒါလဲ ဒီချောင်းရဲ့ လျှို့ဝှက်ဆန်းကြယ်နိုင်မှုပဲ။ ပိုပြီး ဆန်းကြယ်တာက



www.burmeseclassic.com

www.burmeseclassic.com

အခု ဒီည မင်းတို့ငါတို့ မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းကြီးပါပဲ။

သူတို့တစ်တွေ ရှိနေခဲ့ကြလို့ ခုလိုမျိုး လျှို့ဝှက်ဆန်းကြယ်မှုတွေ ဖြစ်ခဲ့ကြတာလားမှ မသိတာ၊ ဘာပဲဖြစ်ဖြစ် ခုတော့ သူတို့တစ်တွေလဲ ပြောင်းသွားကြတာ တော့အသေအချာပဲ။

သူတို့တစ်တွေ ပြောင်းသွားပြီဆိုတော့ ရှေ့လျှောက်ဘယ်လိုတွေ ဖြစ်လာမလဲဆိုတာ စောင့်ကြည့်ကြရဦးမှာပေါ့။ ဆိုလိုတာက ဟိုတုန်းကလို ချောင်းအော်သံတွေနဲ့ လူတွေ ရေနစ်ခြင်း ရှိ,မရှိ ဆိုတာမျိုးကိုပေါ့'

ဟု ရှည်လျားစွာဖြင့် ရှင်းပြလိုက်ပါသည်။

အဆိုပါ မိကျောင်းကြီးနှင့်အတူ သေတ္တာတစ်လုံး လူခုနစ်ယောက်တို့ စုန်ဆင်းသွားကြသော ဖြစ်ရပ်ဆန်း မြင်ကွင်းကြီးကို တွေ့မြင်ခဲ့ကြသော သူများမှတစ်ဆင့် တစ်ရွာလုံး ပျံ့နှံ့သွားလေရာ တစ်မုဟုတ်ချင်းဆိုသလို တစ်ရွာလုံး၊ တစ်နယ်လုံး ဟိုးဟိုးကျော်သွားခဲ့ရပါသည်။

ကျွန်မသည် အဆိုပါ မိကျောင်းသိုက်ကြီး ပြောင်းရွှေ့သွားပြီးသည့် နောက်ပိုင်း မကြာခင်မှာပဲ ရွာကနေ အပြီးထွက်ခဲ့ရခြင်းဖြစ်ပါသည်။

အခုတော့လည်း ရှမ်းတောရွာနှင့် ကင်းကွာခဲ့ရသည်မှာ နှစ်ပေါင်း အတန်ကြာခဲ့ပြီဖြစ်၍ တာဆိပ်ချောင်းမှာလည်း ကျွန်မရှိခဲ့စဉ်ကလို လျှို့ဝှက်ဆန်းကြယ်မှုတွေများ ရှိနေသေးသလားဆိုတာ ကျွန်မ သိချင်လှပါသည်။

ထို့ကြောင့် ကျွန်မ ရွာကို ပြန်ရောက်အောင် ကြိုးစားနေပါသည်။

ပြန်ရောက်ဖြစ်ခဲ့လျှင်ဖြင့် လွမ်းမောစရာကောင်းခဲ့သည့် ရှမ်းတောရွာက အပေါင်းအသင်း ဆွေမျိုးသားချင်းများနှင့်အတူ တာဆိပ်ချောင်း၏ လျှို့ဝှက်ဆန်းပြားမှုတွေကို ပြောပြဖြစ်ကြဦးမှာ အမှန်ပါပဲ...

**[ချစ်သော ရှမ်းတောရွာမှ အပေါင်းအသင်းများအား အမှတ်တရ ထာဝရ ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေ။]**

**မမိုးမြင့်(လက်ပံတန်း)**

**စာမျက်နှာ (၂၈၈)မှ အဆက်**

နွေရာသီတွင် နှိုညှပ်အိမ်ဖြစ်စေသူတစ်ဦးဖြစ်သော ခေါင်းရင်းဘက်အိမ်ရှင် (စာရေးသူ၏ယောက်ဖ)သည် ဦးနှောက်သွေးကြောပြတ်၍ ရုတ်တရက် သေဆုံးသွားခြင်းဖြင့် နှိုညှပ်အိမ်သည် မမျှော်လင့်ဘဲ နှိုညှပ်အိမ်ဘဝမှ ကင်းလွတ်ခွင့်ရသွားလေသည်။

ထိုအခါ ထူးခြားမှု တစ်စုံတစ်ရာ ဘာများ ရှိလာပါသနည်း။ ဖြစ်ရပ်သည် ဆန်းကြယ်ပေစွ။ တစ်ချိန်လုံးကျိုးနှင့် ဖုတ်ဖုတ်ဟုဆိုရအောင် ခြောက်ကပ်နေခဲ့သော ဆေးခန်းကြီးသည် ချက်ချင်း အောင်မြင်သော ဆေးခန်းကြီး ဖြစ်လာပြီး ရက်များစွာ တုံကင်ကြိုယူ ထားမှသာ ဆေးကုသနိုင်သောနေရာ ဖြစ်လာသည်။

ဤဖြစ်ရပ်ကား ကျွန်တော် တွေ့ကြုံဖူးသော နှိုညှပ်အိမ် အတွေ့အကြုံတည်း။ "ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းသည်" ဟူသော စကားအတိုင်း အိမ်၊ တိုက်ခန်းဝယ်ယူတော့မည်ဆိုက ပတ်ဝန်းကျင် အိမ်ပိုင်ရှင်ကို လေ့လာ စုံစမ်းပြီး နှိုညှပ်အိမ် ဖြစ်နေက ရှောင်ကြဉ်သင့်ပေသည်။

အကယ်၍ အကြောင်းကြောင်းကြောင့် ထိုအိမ်ကို ပိုင်ဆိုင်ပြီးဖြစ်နေက တစ်နှစ် တစ်ကြိမ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရပ်ရွာထဲတွင် လမ်းများတွင် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ရာမှရသော ပရိတ်ရေဖြင့် နေအိမ်ဝင်းခြံတွင် ပက်ဖျန်းခြင်း၊ ပရိတ်သဲများ ပက်ကြဲခြင်း၊ ပရိတ်အပ်ချည်ကြိုးဖြင့် အိမ်ဝင်းကို ကာရံခြင်းကို နှစ်စဉ်ပြုလုပ်ခြင်း၊ အိမ်သားများ ပရိတ်ရွတ်ဖတ်၊ ပရိတ်တရား အမြဲနာယူခြင်းဖြင့် ဘေးဆိုးကြမ္မာဆိုးမှ ကင်းလွတ်နိုင်ကြောင်း လူကြီးသူမများထံ မေးမြန်း သိရှိရပါသည်။

နှိုညှပ်အိမ်ပြဿနာ ရင်ဆိုင်နေရသူများ ဘေးအန္တရာယ် ကင်းရှင်းနိုင်ကြပါစေ။

**သမ္မာသတ္တာ အဝေရာ ဟောန္တု**


**အောင်ဆန်းလင်း (ဘီ-အေ)**

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၄၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၇၄



www.burmeseclassic.com

www.burmeseclassic.com



အောင်သန်းလင်း
(ဘီ-အေ)

တွေ့ကြုံခဲ့ဖူးတဲ့

# နှိ့ညှပ်အိမ်

၂၀၁၄ ခုနှစ်၊ ဖွန်လ၊ အမှတ်(၃၃၅)၊ စာမျက်နှာ(၃၀)၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် **ဆရာမောင်အေးကြူ (စီးပွားရေး)၏ "နှိ့ညှပ်အိမ်ဆိုတာ ဘာပါလိမ့်"** ဆောင်းပါးပါလာသဖြင့် ကျွန်တော် ဤဆောင်းပါးကို ရေးလိုက်ခြင်း ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်၊ မေလ၊ အမှတ်(၃၂၂)၊ စာမျက်နှာ(၁၆၉)၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင်လည်း နှိ့ညှပ်အိမ် အကြောင်း ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော် ရေးသားခဲ့ဖူးပါသည်။

**နှိ့ညှပ်အိမ်ဆိုသည်မှာ မောင်နှမ နှစ်ယောက်အကြား (သို့မဟုတ်) ညီအစ်ကို နှစ်ယောက်အကြား (သို့မဟုတ်)ညီအစ်မနှစ်ယောက်အကြား တွင် တည်ရှိနေသော နေအိမ်(သို့မ ဟုတ်) တိုက်ခန်းကို ခေါ်ဆိုသည်မှာ ကျွန်တော် သဘောပေါက်ပါသည်။**

ထို နှိ့ညှပ်အိမ်စာရင်း ဝင်နေသော နေအိမ် (သို့မဟုတ်) တိုက်ခန်းတွင် နေထိုင်သူသည် အိမ်ထောင်ပြိုကွဲ တတ်ခြင်း၊ စီးပွားပျက်၊ လုပ်ငန်း ထိခိုက်ခြင်း၊ အိမ်သားထဲမှ တစ်ဦးဦး သေဆုံးခြင်း တွေ့ကြုံရတတ်ကြောင်း၊ တစ်နည်းဆိုရသော် နှိ့ညှပ်အိမ်ကြောင့် ခိုက်တတ်ကြောင်းရိုးရာအစဉ်အဆက် မြန်မာတို့၏ ယုံကြည်မှု ဖြစ်ပါသည်။

**(နှိ့ညှပ်အိမ်အယူအဆ အလားတူ ပင် လှည်းဦးတိုက်၊ လှေဦးတိုက် အိမ်ဖြစ်ခြင်း၊ အိမ်ခါးပတ်ဖြစ်နေခြင်း တို့သည်လည်း ရှိပါသေးသည်။)**

နှိ့ညှပ်အိမ် အယူအဆကို အချို့ လူများ လက်မခံ၊ မယုံကြည်ကြခြင်း အတွက် အထူးဆိုရန် အကြောင်းမရှိ ပါ။ လွတ်လပ်စွာ သဘောကွဲလွဲပိုင်ခွင့် သည် လူသားတိုင်း၏ အခြေခံကျသော လူ့အခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။

**"ရှေးထုံးလည်း မပယ်နှင့်၊ ခေတ် သုံးကိုလည်း မလွှယ်နှင့်"** ဆိုသည့် အတိုင်း ဤအယူအဆကို ယုံကြည် လက်ခံသူထဲတွင် ကျွန်တော်လည်း ပါဝင်ပါသည်။

ယုံကြည်လောက်သော ကိုယ်တွေ့ မျက်မြင်အတွေ့အကြုံကို ကျွန်တော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေး သားခဲ့သောဆောင်းပါး၌ မောင်နှမ နှစ်ဦးပိုင် အိမ်နှစ်လုံးအကြား နေအိမ် ကို ဝယ်ယူပြီး ဝင်ရောက်နေထိုင်ခဲ့သူ သည် အလုပ် (ရာထူး)ပြုတ်ပြီး စီးပွား ပျက်ခြင်း၊ ထို့နောက် အိမ်ထောင်ရေး ပြိုကွဲသွားခြင်းဟူသော ဆိုးကျိုးကို တွေ့ကြုံခံစားသွားရကြောင်း ရေးသား ခဲ့ပါသည်။

ထိုဖြစ်ရပ်တွင် နှိ့ညှပ်အိမ်ကို ဝယ်ယူနေထိုင်မိသူသည် မသိ၍ ဤ အိမ်ကို ဝယ်ယူနေထိုင်မိခြင်းကြောင့် ဤအယူအဆကို ယုံကြည်လက်ခံ ကြောင်း နောက်ပိုင်းမှ ပြောဆိုသံကြား ရပါသည်။

စင်စစ်တွင် မောင်နှမနှစ်ဦးပိုင် အိမ် နှစ်လုံး (နှိ့ညှပ်အိမ်ဖြစ်စေသောအိမ်) တွင် ခေါင်းရင်းဘက် မောင်ဖြစ်သူ သည် ကျွန်တော် (စာရေးသူ)၏ ယောက်ဖဖြစ်နေသဖြင့် ဤနှိ့ညှပ်အိမ် ၏ ဖြစ်ရပ်အသေးစိတ်သည် မကြည့် ချင်လည်းမြင်၊ မကြားချင်လည်း နား ဆင်ရသလို ဖြစ်နေပါသည်။

နှိ့ညှပ်အိမ်ပိုင်ရှင်သည် သူ့အိမ်က လမ်းမတန်းဖြစ်ခြင်း၊ မြေကွက်ကျယ် ခြင်းစသော အားသာချက် ရှိသော် လည်း ပြန်ရောင်း၍ မရတော့ပါ။ မြို့ခံလူများက အကြောင်းသိဖြစ်၍ လျှော့ဈေးဖြင့် ကမ်းလှမ်းတာပင် စိတ်ဝင်စားသူ မရှိပေ။

ထိုအိမ်ပိုင်ရှင်သည် ကိုယ်တိုင် ဆက် လက်မနေဝံ့တော့သဖြင့် ဘာသာခြား ကို အိမ်ငှားတင်လိုက်ပါသည်။ အိမ်ငှား သူက ထိုအိမ်နေရာကို ဆေးခန်းကြီး တစ်ခုအဖြစ် ဖန်တီးလိုက်ပါသည်။

ထိုဆေးခန်းလည်း လပေါင်းများ စွာကြာအောင် အောင်မြင်မှုနှင့် ဝေး ကွာပြီး အိမ်နေရာငှားရမ်းခအတွက် ပင် ရှုန်းကန်နေရလေသည်။ ကံကြမ္မာ အလှည့်အပြောင်းသည် အံ့သြဖွယ် ကောင်းလှပါသည်။

၂၀၁၃ခုနှစ် နှစ်ဦးပိုင်း ပူပြင်းသော

စာမျက်နှာ (၂၈၇) သို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် မင်းလှမြို့၊ ဒဟတ်ပင်ရွာမှ မြကင်းတောင်ဆရာတော်ကြီးထံ သွားရောက်၍ မြကင်းတောင် ဘုရားသမိုင်းနှင့် ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိတို့အား ရေးသားခွင့်ပြုပါရန် လျှောက်တင်ခဲ့ပါသည်။

ဆရာတော်သည် ခွင့်ပြုတော်မူခဲ့ပြီးနောက် အလောင်းတော်ကဿပဘုရားအကြောင်းလည်း ရေးဦးဟု မိန့်ကြားပါသည်။

ကျွန်မလည်း ဆရာတော်ကြီး၏ အမိန့်ကို မလွန်ဆန်ရဲ၍သာ ခေါင်းညိတ်ခဲ့ရသော်လည်း မြန်မာပြည်မှ အထင်ကရ အလောင်းတော်ကြီး၏ သမိုင်းအား လူတိုင်းလိုလိုသိရှိပြီး ဖူးမျှော်ပြီးသားဖြစ်နေ၍ စိတ်အား ထက်သန်မှု သိပ်မရှိခဲ့သည်ကို ဝန်ခံရပါမည်။

သူများရေးပြီးသားတွေကို ထပ်ပြီး ရေးသားတင်ပြရမည်ကိုလည်း ကျွန်မ မလုပ်ချင်ပါ။ ကျွန်မစိတ်ထဲ ထိုကဲ့သို့ တွေးတော စဉ်းစားနေချိန်တွင် ဆရာတော်ကြီးမှ စာအုပ်ရောက်လာတော့မယ် ရောက်လာရင် ဖုန်းဆက်ခေါ်လိုက်မယ်ဟု ထပ်၍ မိန့်တော်မူပါသည်။

ခင်ကြင်ပန်း

# အလောင်းတော်ကဿပ သို့

## ကိုယ်တိုင်သွားရောက် ဖူးတွေ့ခဲ့ရသူ၏ ထူးခြားဆန်းကြယ် ကိုယ်တွေ့များ

မည်သည့်စာအုပ် မည်သည့်နေရာမှ ရောက်လာမည်ကိုလည်း ကျွန်မ မသိ မေးလည်းမမေးရဲဘဲ ကျွန်မတို့ မိသားစု ပြန်လာခဲ့ကြပါသည်။

နောက်တစ်နေ့တွင် ဆရာတော်ကြီး၏ ကပ္ပိယ ဦးကျော်ဆန်းမှ ကျွန်မတို့ထံ ဖုန်းဆက်၍ "စာအုပ်ရောက်လာပြီ လာယူပါ"ဟု ပြောပါသည်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

တို့လည်း ဆရာတော်ကြီးထံ အမြန်သွားရောက် ဖူးတွေ့ကြပါသည်။

ယခု ကျွန်ုပ်တင်ပြမည့် အကြောင်းအရာများမှ **မြကင်းတောင်ဆရာတော် ဘဒ္ဒန္တသာသန၏လက်ဦးဆရာဖြစ်သော ဆရာတော် ဦးစက္ကိန္ဒ၏ ကိုယ်တွေ့ဖြစ်ရပ်ကိုကိုယ်တိုင်ရေးသားထားသည့် အကြောင်းများသာ ဖြစ်ပါသည်။**


ဆရာတော်ကြီးက မူရင်းအတိုင်း ရေးသားတင်ပြပေးရန် မိန့်ကြားသောကြောင့် ရရှိသောမူရင်းကို အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်။

* * *

ကျွန်ုပ်အား ၁၂၆၀ ခုနှစ်၊ မန္တလေးမြို့မှ ရဟန်း(၈)ဝါရလျှင် မကျန်းမာ၍ လူထွက်ပြီးမှ ကျောက်ကုန်သည် ဦးမောင်ကြီး၊ ပိုးကုန်သည် ဦးဖိုးမြေတို့က စရိတ်ခံခေါ်မည် အလောင်းတော်ကဿပကို ဘုရားဖူးသွားရအောင်ဟူ၍ ခေါ်ပါသည်။ အားလုံးပေါင်း ဦးပညာသာမိအမှူးရှိသော ရဟန်းတော်(၄)ပါးနှင့် ပေါင်း(၇)ဦး ဖြစ်ပါသည်။

မန္တလေးမြို့မှ အလောင်းတော်ကဿပသို့ရောက်၍ ရှာဖွေကြရာ တောင်ထဲသို့ဝင်သော အပေါက်တစ်ပေါက် တွေ့ပါသည်။ ယင်းအပေါက်တွင် ကျောက်တံခါး(၂)ရွက်တွေ့ရာ တစ်ရွက်မှာ ဖွင့်၍မရပါ။ ယင်းအပေါက်မှာ တစ်တောင်ကျယ်ပါသည်။ ယင်းတံခါးအတွင်းသို့ ဝင်ပါလျှင် ပိတ်ထားခဲ့ရမည်ဟု ကမ္ပည်းတွေ့ပါသည်။

ထိုအခါ ကျွန်ုပ်နှင့် ဦးပညာသာမိတို့က ငါတို့ဝင်မည်ဟုဆိုရာ ကျန်(၅)ဦးတို့က မဝင်ဝံ့ပါဟုဆို၍ နှစ်ဦးသားတို့သည် ကျောက်ဖယောင်းတိုင်ခြောက်ထုပ်နှင့် မီးတစ်တိုင်ကျထွန်း၍ အတွင်းသို့ဝင်ခဲ့ကြရာ ရေ,ဒူးလောက်နစ်ပါ



◆ ၁၂၆၀ ခုနှစ်က အလောင်းတော်ကဿပတောင်အတွင်း ဝင်ရောက်ဖူးမြော်ခွင့် ရရှိခဲ့သော ဆရာတော် ဦးစက္ကိန္ဒ၏တပည့် လက်ရှိမြကင်းတောင်ဆရာတော်ကြီး ဘဒ္ဒန္တ သာသန

သည်။ ကိုယ်ကိုတည့်တည့်သွား၍မရပါ။ ဘေးစောင်း၍ရေထဲသွားရပါသည်။ မီးကုန်သွားသောအခါ ဘေးစောင်း၍ မသွားရတော့ဘဲ တစ်တောင်ခန့်ကျယ်လာ၍ တည့်တည့်သွားရပါသည်။ လက်လွှဲသွား၍ မရပါ။

တစ်ဖန် မီးထွန်းပြန်ရာ တစ်ဝက်ကျလျှင်ခြေပြတ်ကာကျောက်မြေဖြစ်သွားပါသည်။ ထိုအခါ ကျောက်တံခါးတွေ့ပါသည်။ တံခါးမှာ နှစ်ရွက်၊ တစ်ရွက်လျှင် လေးတောင်ရှိ၍ ပတ္တလားကဲ့သို့ တူပါသည်။ ဖွင့်ကြည့်ရာ လှေကားစောင်းတန်း တွေ့ရပါသည်။

အတွင်းသို့ဝင်ရာ ရှေ့နည်းကမ္ပည်းအတိုင်း တွေ့ရပါသည်။ အတွင်းနံရံမှာ (၁၂)တောင် ကျယ်ပါသည်။ အပေါ်မှ အောက်အတောင်(၂၀)ခန့်ရှိပါသည်။ နံရံဘေးတစ်လျှောက်လုံးရှိကျောက်





www.burmeseclassic.com

www.burmeseclassic.com

ကြားများသည့် အရောင်ထွက်ပါသည်။ ယင်းမှ မီးထွန်း၍ သွားပြန်ရာ ဖယောင်းတိုင်တစ်တိုင်ကုန်လျှင် တံခါး မှန်ဝ တစ်ခု တွေ့ရပါသည်၊

ထိုတံခါးရွက်နှစ်ရွက်သည် ရွှေကြေးဖြစ်သည်ဟုသိရပါ။ဝါဝါဝင်းဝင်းအရောင်ရှိပါသည်။ လက်လေးသစ်ခန့် ထူပါသည်။ မှန်ဝနှင့်အတူ ပတ်ဝန်းကျင် အရပ်တို့သည် ကျောက်ဖြူ၊ ကျောက်နီ၊ စိန်အမျိုးမျိုးစီ၍ထားရာ လွန်ကဲသော အဆင်းအရောင်များကို တွေ့ရ၍ မှန်ဝအပေါ်၌ဆွဲထားသော ထွာဆိုင်သာသာ နီနီအလုံးကြီး (၂)လုံးရှိ၍ ထူးကဲသောအဆင်း ရှိပါသည်။

ထိုနေရာက မော့၍ကြည့်ရာ မွန်းတည့်ပေါက်တစ်ခုရှိ၏။ နံရံ(၃၈)တောင်ရှိ၏။ ယင်းနေရာတွင် ဖန်မြေ၊ မှန်မြေဖြစ်နေပါ၍ မိမိ၏အရိပ်ကို တွေ့ရပါသည်။ လက်နှင့်ဆိတ်ကြည့်ရာ မရပါ။

ယင်းမှ မီးထွန်း၍သွားရာ ကျောက်ဖယောင်းတိုင်တစ်တိုင် ကုန်လျှင် နံရံ(၇၄)တောင်ခန့် ကျယ်ပါသည်။ ထိုနေရာတွင် နံဘေးတစ်လျှောက်လုံး အမျိုးမျိုးသောကျောက်တို့က အရောင်ထွက်ကြရာ အံ့ဩ၍ မကုန်နိုင်ပါ။

ထိုနေရာမှ ဖယောင်းတိုင်ထွန်းသွားပြန်ရာ လက်သုံးသစ်ခန့်အကျယ်တွင် ရှေ့တော်သို့ ရောက်ပါသည်။ အားလုံးပေါင်း (၁၆)တိုင်ခွဲကုန်လျှင် ရောက်ပါသည်။ မှန်ဝနှင့် တစ်ဆက်တည်းပါ။

အခြေခြောက်ချောင်းရှိသော ရွှေညောင်စောင်း၌ မြောက်သို့ ဦးခေါင်း၊ အနောက်သို့ မျက်နှာပြု၍ လျောင်းစက်တော်မူ၏။ အသားတော် ဝါဝါဝင်းဝင်း၊ သင်္ကန်းရောင် မိုးကြိုးရောင်၊ ကိုင်၍ကြည့်က ကတ္တီပါကဲ့သို့ နူးညံ့၏။

နားရွက်၊ ပခုံးထိ၊ မျက်လုံးတော်ကြားမှာ



ဥဏ္ဏလုံမွေးရှင်တော် လက်လေးသစ်ခန့် ဆံတော်မှာ တစ်ဆူတည်း မကွဲမပြားရှိပါသည်။ ဉာဏ်တော်(၈)တောင်၊ ခြေဖဝါး တစ်တောင်ထွာ၊ အသားတော်မှာ အကြောကြီးငယ်တို့ စိမ်းစိမ်းတွေ့ပါသည်။

မွေးညင်းကလေးများ ရှိပါသည်။ လက်နှင့်နှိပ်၍ကြည့်ရာ ပျော့နေပါသည်။ နမ်း၍ကြည့်ရာ အနံ့မရပါ။ လက်ဖဝါး၊ ခြေဖဝါးများမှာ စက်လက္ခဏာများ ရှိပါသည်။

ရွှေညောင်စောင်းမှာ ရတနာအစုံစီလျက်ရှိ၏။ ထိုရတနာတို့ကိုစေ့အောင် မသိပါ။ ခေါင်းအုံးကြီးသည် မြေသားပကတိ အလျား(၃)တောင်၊ အနံ(၂)တောင်ရှိပါသည်။ မျက်နှာတော်ရှေ့က လုံးပတ်(၃)ထွာ၊ အစောက်(၄)တောင်၊ **ကျောက်သားတစ်တိုင်** ရှိပါသည်။ မီးတောက်၍ နေပါသည်။ ဖယောင်းတိုင်နှင့် မီးကူးကြည့်ရာ မီးစွဲပါသည်။ မီးစစ်စစ်မှန်ပါသည်။ ယင်းမှာ **အဓောတသတ်မင်းကောင်းမှု**ဟုကမ္ပည်းထိုးလျက် တွေ့ရပါသည်။

ဘုရား၏ မြသပိတ်တော်သည် လုံးပတ်(၄)တောင်တစ်အုပ်ရှိ၍ အဖုံးမှာလည်း မြသားအစစ် ဖြစ်ပါသည်။ ယင်းအပြင် ရှေ့တော်မှာ ကျောက်ကလပ်၊ စိန်ကလပ် (၁၇)ခု၊ မြေကလပ် (၅)ခု၊ ကျောက်နီကလပ် (၉)ခု ယင်းတို့အထဲမှာ အငွေ့ထောင်းထောင်း ဆွမ်း၊ သစ်သီး၊ ပန်းအမျိုးမျိုးနှင့် အမဲမံသဟင်းတစ်မျိုး တွေ့ရပါသည်။

ကျွန်ုပ်ဖောင်ပေါ်တင်၍ လှူခဲ့သော ရေစစ်၊ သံဝက်တွေ့ရပါသည်။ ဘုရားရှေ့တော်တွင် အများလှူထားသော ပစ္စည်းဥစ္စာ ရတနာကျောက်အမျိုးမျိုး အရောင်စုံထွက်လျက် စုပုံထားရာ အလျား(၁၂)တောင်၊ အနံ(၆)တောင် ရှိပါသည်။

ထို့ပြင် ရွှေဖြင့်ပြီးသော လက်ကောက်၊ ပုတီး၊ နားဋ္ဌောင်း၊ နားကပ်တို့ စုပုံထားရာ အမြင့်(၅)တောင်၊ အလျား(၆)တောင် ရှိပါသည်။

အထက်ပါ ကိုယ်တွေ့မှတ်တမ်းများမှာ **မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့၊ ညှင်းသွန်းရွာကျောင်း ၁၂၃၆ ခု၊ ဖွားဆရာတော် ဦးစက္ကိန္ဒ သက်တော်(၂၅)နှစ်အရွယ်တွင် ကိုယ်တိုင် သွားရောက်ဖူးတွေ့ခဲ့ရ၍ မှတ်တမ်းတင်ထားသော "ကဿပအလောင်းတော်အဋ္ဌိဓာတ်"** **ဖြစ်ပါသည်။**

ဤမှတ်တမ်းများအားမြကင်းတောင်ဆရာတော်ကြီး၏ မိန့်ကြားချက်ဖြင့် အများပြည်သူ ကုသိုလ်တရား ပွားများနိုင်ကြပါစေရန် မေတ္တာဖြင့် တင်ပြလိုက်ရခြင်းသာ ဖြစ်ပါတော့သည်။

**အင်ကြင်းပန်း**



www.burmeseclassic.com

www.burmeseclassic.com

သူနဲ့ဝင်
(နတ်တာလင်း)

# သူ့အရပ် သူ့ဒေသနှင့် သူ့ဓလေ့ထုံးစံများ (၁)



## ကြုံမြသိသော ကွင်းအထာ

ကိုကျော်သည် စာတိုက်ဝန်ထမ်း တစ်ဦး ဖြစ်သည်။ မြို့ဆင်ခြေဖုံးရပ်ကွက် အိုးမြေတွင်းမှာနေပြီး စာတိုက်သို့ အလုပ်ဆင်းသည်။ သူက ဝန်ထမ်းဆိုသော်လည်း ဇာတိ ရွာတောရွာဘက်တွင် ပိုင်ဆိုင်သော လယ်အချို့ရှိ၏။

တောင်သူလယ်သမား မိဘနှစ်ပါးမှ ပေါက်ဖွား ဆင်းသက်လာသူဖြစ်၍ ပညာတတ် ဝန်ထမ်းတစ်ဦးဖြစ်လင့်ကစား အိမ်ထောင်ကျစဉ်က မိဘများ လက်ဖွဲ့သည့် လယ်မြေများကို ရရှိထားခြင်းဖြစ်သည်။

လယ်ယာလုပ်ငန်းကို တူသားဆွေမျိုးများအား သူရင်းငှားခပေး၍ လုပ်ကိုင်ပြီး ညနေ ရုံးဆင်းချိန်နှင့် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် လယ်တောသို့ ရောက်ရသည်။

လယ်သမားတို့အဖို့ မိုးလေဝသ မှန်ကန်မှုရှိမှ သီးနှံစိုက်ပျိုးဖြစ်ထွန်းပြီး ဝင်ငွေ စီးပွားကောင်းရ၏။ မိုးလေဝသမှန်ကန်မှုဆိုသည်မှာ ထွန်ယက်စိုက်ပျိုးချိန်အမီ အချိန်အခါသင့် မိုးရေရရှိဖို့လိုသလို အချိန်အခါမဟုတ် ဖျက်မိုးဖျက်လေများ ဒဏ်မှ ကင်းဝေးခြင်းကိုခေါ်သည်။

ထိုသို့ မိုးလေဝသမှန်ကန်၍ သီးနှံအထွက်ကောင်းစေရန် လယ်ယာမြေထွန်ယက်ရန် ဆင်းချိန်၊ ရိတ်သိမ်းချိန်များ၌ မိရိုးဖလာဓလေ့အရ ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်တို့ကို ရည်မှန်း၍ ပူဇော်တင်မြှောက်ကြသည်။

ကိုကျော်က ခေတ်ပညာတတ်မို့ မိရိုးဖလာဓလေ့ ယုံကြည် တင်မြှောက်ပူဇော်မှုများကို မယုံလိုသော်လည်း ဘိုးဘေးစဉ်ဆက် ပြုလုပ်ခဲ့သောဓလေ့ဖြစ်၍ ဝတ်မပျက် ပူဇော်တင်မြှောက်ပေးလာခဲ့ပါသည်။

ကိုကျော် ငယ်စဉ်ကတည်းက မှတ်မိသည်မှာ ထိုလယ်ခွင်သို့ ထွန်ယက်ချိန်၊ ရိတ်သိမ်းချိန်များတွင် ကြက်ဖို့,ကြက်မနှစ်ကောင်၊ ကြက်ဥနှင့် ကောက်ညှင်းပေါင်းများ စီမံလျက် မိဘများက ပူဇော်တင်မြှောက်သည့်ပုံစံပင် ဖြစ်သည်။

ကလေးဘဝက စပ်စပ်စုစုမေးတတ်သော ကိုကျော့်ကို မိဘများက ထိုပူဇော် တင်မြှောက်ခြင်းအကြောင်း အလုံးစုံတော့ ရှင်းမပြခဲ့ပါ။

ကိုကျော်သိခဲ့သည်ကား **ကွင်းပိုင်ဆိုလား၊ ပုန်းမကြည်ဆိုလား တင်မြှောက်မှ** စိုက်ပျိုးရေးလုပ်ရေးကိုင်တာ အဆင်ပြေသည်ဟုသာ။

ထိုကိစ္စသည် အမှန်တကယ် ဟုတ်သည်,မဟုတ်သည်ကို ကိုကျော် ကိုယ်တွေ့မဟုတ်၍ မသိ။ ထို့ကြောင့် မိရိုးဖလာဓလေ့သက်သက်သာ ဖြစ်သည်ဟု ကိုကျော် ယူဆထားခဲ့သည်။

ကိုကျော် အိမ်ထောင်ကျ၍ မိဘများ လက်ဖွဲ့ပေးလိုက်သည့် လယ်အ... အဆိုပါ တင်မြှောက်ခြင်းဓလေ့ လုပ်... သည့်လယ် ပါလာခဲ့သည်။ ကိုကျော်... ဝန်ထမ်းဖြစ်ပြီးနောက် မြို့ဆင်ခြေ... ရပ် အိုးမြေတွင်းမှာ နေသည်က တ... ကြောင်း၊ ရွာနှင့် အလှမ်းဝေး၍ နံန... စောစော လယ်ထဲမရောက်နိုင်သည်... တစ်ကြောင်းကြောင့် ထိုလယ်ယာထွ... ယက်ချိန်၌ ကိုကျော့်မိခင်က ပိုင်... သားကိုယ်စား ပူဇော်တင်မြှောက် ပေး... စမြဲ။

အချိန်ကာလ ရွေ့လျောလာသော... ယခင်က ကြက်ဖို့,ကြက်မနှစ်ကော... နှင့် ပူဇော်တင်မြှောက်မှုအစား ကြ... တစ်ကောင်၊ ကြက်ဥတစ်လုံး၊ ကော... ညှင်းပေါင်းမှုနှင့် တောင်းပန် တင်မြှော... ပူဇော်လာခဲ့သည်မှာ ယနေ့တိုင် ဖြ... သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်မိုးတွင်းက ကြုံခဲ့သော အဖြစ်အပျက်တို့ကို ပြောရဦးမည်။ မနက်ရောက်လျှင် လယ်မှာ တင်မြှောက်ပူဇော်ရန် ညကတည်းက ကြိုတင်ပြင်ဆင်ခဲ့သည်။

ထုံးစံအတိုင်း စီမံသူက ကိုကျော့်အမေပါ။ တင်မြှောက်ပူဇော်ရာမှာ သုံးရန် ကြက်ဥကို ပြုတ်ပြီး အအေးခံထားလိုက်ကာ မိုးမလင်းသေးသဖြင့် မိခင်ကြီးက ပြန်အိပ်နေလိုက်သည်။

ကိုကျော့်မိခင်ကြီးထံသို့ တစ်ခါမျှ မမြင်ဘူးသော အမျိုးသမီးတစ်ဦး ရောက်လာ၏။ ပိတ်ဖြူကို ဝတ်ဆင်ထားသလို ခေါင်းမှာလည်း ပိတ်ဖြူ ခေါင်းပေါင်းထားသည်။ ထိုအမျိုးသမီးက…

'ဟဲ့… နင်တို့ပြုတ်တဲ့ ကြက်ဥကလဲ အကွဲကြီးပါလား'

ဟု ပြောသဖြင့် မိခင်ကြီးက…

'အို မဟုတ်ပါဘူး။ ကျွန်မ သေသေချာချာကြည့်ပြီးမှ ပြုတ်တာ၊ အကောင်းကြီးပါ'

ဟု ပြန်လည် ငြင်းဆိုရင်း လန့်နိုးသွားသည်။ နိုးလျှင်နိုးချင်း အိပ်မက်ကို သတိရပြီး ပြုတ်ထားသော ကြက်ဥကို ပြေးကြည့်လိုက်တော့ ဟုတ်သည်။ ကြက်ဥအကွဲကို အသေအချာ တွေ့ရ၏။

ကိုကျော့်မိခင်က ကြက်ဥတစ်လုံး အစားထိုးပြုတ်ကာ စောစောက ကြက်ဥကို ကိုကျော်လာမှ ပြရန် သိမ်းထား၏။ ကြက်ဥအကွဲကို တွေ့ပြီး အကြောင်းစုံသိရတော့ ကိုကျော် အံ့သြသွားသည်။ ထူးထူးဆန်းဆန်း ယခုမှ ကြုံဖူးခြင်းကြောင့်ပင်။

ထိုနှစ်က တိုက်ဆိုင်မှုပေလား၊ အမှန်တကယ်လား ခွဲခြား မပြောနိုင်သော်လည်း ကိုကျော်တို့လယ်စပါး



အထွက်ကောင်းခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ သီးနှံအထွက်ကောင်း၊ လုပ်ရေးကိုင်တာ အဆင်ပြေ၍ ရိတ်သိမ်းချိန်၌လည်း ထုံးစံအတိုင်း ကျကျနန ပူဇော်တင်မြှောက်ကာ **ထိုလယ်မှ ပုစွန်ကျစ်စာခဲတစ်လုံးကို ကောက်လှိုင်းနှင့်အတူ တင်ခဲ့သည်။ မိဘများလုပ်ခဲ့သည့် ဓလေ့အတိုင်းပေါ့။**

*　*　*

နောက်နှစ်မိုးတွင်း ရောက်ခဲ့ပြန်ချေပြီ။ ကိုကျော်တို့လယ်ထဲတွင် ရေများဖွေးနေ၍ ထွန်ယက်ပြီး တမန်းကလည်း အိနေအောင် ကောင်းလှသည်။

ကောက်စိုက်သမလေးများလည်း ထိုလယ်မှာ တေးတကြော်ကြော်ဆို၍ စိုက်နေကြသည်။ သူတို့လေးတွေ စားရန် ကိုကျော်တို့က ထမင်းဟင်း၊ ရေနွေးကြမ်းများ လာပို့၏။

ကောက်စိုက်ရာ၌ ကောက်စိုက်သမအချင်းချင်း စကြနောက်ကြသည်မှာ ဓလေ့တစ်ခုဖြစ်သည်။ လယ်ထဲယာထဲမို့ စိတ်လက်ပေါ့ပါးစွာ ပြောဆိုပြုမူကြပြီး အချင်းချင်း အမှတ်အတေး မထား၊ သည်းခံ လုပ်ကိုင်ကြသည်။ အညစ်အကြေးစွန့်ချင်လျှင် (အလေးသွားခြင်းမှလွဲ၍)အပေ့ါအပါးကို ထိုလယ်ထဲမှာပင် သွားလေ့ရှိသည်။

သို့သော် တင်မြှောက်ပူဇော်ရသည့် လယ်မျိုး၌ ကျင်ကြီးကျင်ငယ် မစွန့်ရသလို စကားကိုလည်း ညစ်ညမ်းဆဲဆိုသော စကားလုံးများ မပါအောင် သတိထားရသည်။ ထိုအစဉ်အလာကို သိနားလည်ပြီးဖြစ်သည့် ကောက်စိုက်သမများက ဂရုထား လုပ်ကိုင်ကြသည်။

ထမင်းစားနားချိန် ရောက်ပါပြီ။ ကောက်စိုက်သမလေးများ ပျော်ရွှင်ရယ်မောစွာဖြင့် ကန်သင်းပေါ်သို့ ထမင်းစားတက်လာကြသည်။ တစ်ယောက်ပြီး တစ်ယောက် ကန်သင်းပေါ်တက်ကြရာ၌ တစ်ဦးသော ကောက်စိုက်သမပျိုလေး လယ်ကန်သင်းပေါ် ခြေထောက်တစ်ဖက် တက်ပြီး နောက်တစ်ဖက်တက်ရန် အဆွဲမှာတော့ တမန်းထဲမှ ခြေထောက် ဆွဲနုတ်မရတော့ပါ။

ထူးပေါက်တွင်းများ၊ ချိုင့်များအတွင်း ကျွံနေခြင်းမျိုးလည်း မဟုတ်၊ သာမန်အနေအထားနှင့်ပင် ခြေထောက်ဆွဲမရခြင်း ဖြစ်၍ ကောက်စိုက်သမလေးများ နာကျင်ကြောက်လန့်ပြီး ဟီးချငိုပါလေသည်။

'အမယ်လေး…ကျွန်မခြေထောက် ဘာဖြစ်မှန်း မသိဘူး။ လုပ်ကြပါဦးရှင့်'

အနီးအနားတွင် ကိုကျော်ရှိနေသော်လည်း ရုတ်တရက်မို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ အားလုံး ဝိုင်းဆွဲကြလင့်ကစား ခြေထောက်က ပါမလာဘဲ နာကျင်လွန်းသဖြင့် မိန်းကလေးက အော်ဟစ်ငိုနေတော့သည်။

လူခြေထောက်ဖြစ်နေ၍ သစ်ငုတ်တိုင်ကဲ့သို့ မရမချင်းအတင်းနဲ့ ချွတ်၍လည်း မဖြစ်။ မတော် ကျိုးသွားမှဖြင့် ကိုယ်ကျိုးနည်းရပေလိမ့်မည်။

ထိုအချိန်၌ တိုက်တိုက်ဆိုင်ဆိုင်ပင် ကိုကျော့်မိခင်ကြီး လယ်ထဲလိုက်လာသဖြင့် အကြောင်းစုံသိသွားပြီး လူကြီးပီပီ ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်များကို တောင်းပန်လိုက်သောအခါ ထူးဆန်း

 စာမျက်နှာ (၂၉၅) သို့

www.burmeseclassic.com

www.burmeseclassic.com

ငမြစ်ချင်းရွာမှ

# ဂျပန်လူဝင်စား

မြသူဇာ (သူနာပြု)



စာရေးသူသည် "နက္ခတ္တရောင်ခြည် မဂ္ဂဇင်း"တွင် လူဝင်စားလေးများ အကြောင်း ရေးသားထားသည်ကို မကြာခဏ ဖတ်ရလေ့ရှိသည်။

ထိုအခါ စာရေးသူ၏ စိတ်သည် စာရေးသူ၏ အဖေ အမြဲတမ်းပြောပြ လေ့ရှိသော အဖေ့၏ လူဝင်စားဘဝ အကြောင်း ရေးသားချင်စိတ်များ တဖွားဖွား ပေါ်လာသဖြင့် ယခုလို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

စာရေးသူ၏ အဖေအမည်မှာ ဦးသောင်းဟန်ဖြစ်၍ အဖ ဦးထွန်းအေး အမိ ဒေါ်မကြီးတို့မှ ၁၃၀၇ခု၊ သီတင်းကျွတ်လဆန်း (၁၄)ရက်၊ စနေနေ့တွင် မွေးဖွားခဲ့သည်။

အဖေ၏ မွေးရာဇာတိမှာ ငမြစ်ချင်းရွာ ဖြစ်သည်။ **ငမြစ်ချင်းရွာသည် ကညွတ်ကွင်းမြို့ အရှေ့ဘက်တွင် တည်ရှိသည်။** အဖေသည် သူ၏ ယခင်ဘဝအကြောင်းကို စကားပြောတတ်စအရွယ်မှစ၍ ယခုအချိန်ထိ ပြောပြနေဆဲ ဖြစ်သည်။

အဖေသည် ယခင်ဘဝက ဂျပန် ဆေးဆရာ (တပ်သား)တစ်ဦး ဖြစ်ခဲ့သည်။ ဂျပန်တပ်တွေ မြန်မာပြည်က ဆုတ်ခွာခဲ့စဉ် အဖေတို့ ဂျပန်ဆေးတပ်သားနှစ်ဦးသည် ငမြစ်ချင်းရွာတွင် ကျန်ခဲ့ပြီး ပုန်းအောင်းနေခဲ့ရသည်။

ငမြစ်ချင်းရွာထဲမှ နေမကောင်းဖြစ်သူ တစ်ယောက်ကို ဆေးကုသပေးခဲ့သဖြင့် ယခုဘဝ အမေတော်စပ်မည့်သူအိမ်တွင် ပုန်းအောင်းခဲ့ကြသည်။

သို့သော် ယခုဘဝ ဦးလေးတော်စပ်မည့်သူက - တွေ့သွားပြီး အဖေတို့ ဂျပန်တပ်သားနှစ်ယောက်ကို ဖမ်းကာ



www.burmeseclassic.com

www.burmeseclassic.com

တွင်းတူးခိုင်းပြီး အဖေ၏ ပါးစပ်တွင် စိုက်ထားသော ရွှေသွားများကို အရှင်လတ်လတ် ရိုက်ချိုးယူပြီးမှ ရက်စက်စွာ သတ်ခဲ့သည်။

အဖေ၏ဦးလေးအမည်မှာဦးရွှေဖိုးဖြစ်သည်။ အဖေသည် ဂျပန်ဘဝတွင် သေပြီးနောက် တစ္ဆေဘဝဖြင့်သာ မြေစိမ်းချင်းရွာလမ်းဘေးတွင် နှစ်များစွာ အငတ်ငတ် အပြတ်ပြတ်ဖြင့် ဒုက္ခပေါင်းစုံ ခံခဲ့ရသည်။

ရွာဦးကျောင်းမှ ဆရာတော်များ ဆွမ်းခံကြွလာလျှင် အဖေသည် ကန်တော့ရမှန်း သိခဲ့ပြီး အမြဲတမ်း ကန်တော့ခဲ့ပေသည်။ အဖေ့၏ သူငယ်ချင်းကားနားမလည်သဖြင့် ဖင်ဘူးထောင်းထောင်ပြီး ဟိုဘက်လှည့်နေတတ်၏။ အဖေ ကန်တော့ခိုင်းလည်း မရဟု ဆို၏။

ညအခါတွင် ရွာထဲသို့ဝင်ရာ ခွေးများ ဟောင်သဖြင့်ပတ်ပြေးနေခဲ့ရပုံများကို ပြောပြသည်။ အဖေသည် သံဃာတော်ရှင်သူမြတ်တို့အား ကန်တော့ရခြင်းကြောင့် လူဖြစ်လာရသည်ဟု ဆိုသည်။

တစ်နေ့ နေဝင်ချိန်တွင် ဈေးရောင်းပြန်လာသော အမျိုးသမီး၏ ခြင်းထဲသို့ ဝင်ပြီး လိုက်ပါလာခဲ့သည်။ ခွေးများ ဟောင်သဖြင့် ခြင်းထဲက မထွက်ရဲဘဲ အခြေအနေ ကြည့်နေရပြီး ညအခါမှ အမျိုးသမီးသောက်သော ရေခွက်သို့ အမှိုက်အဖြစ် ပြောင်းလဲဝင်ရောက်ကာ လူဖြစ်လာရသည်ဟု ပြောပြသည်။

စာရေးသူ၏အဖေသည် အမေကြီး၏ ငါးယောက်မြောက်သား ဖြစ်သည်။ အဖေ စကားပြောတတ်စ အရွယ်တည်းက သူ့ဘဝအကြောင်းကို ပြန်လည် ပြောပြနိုင်ပြီး ဦးလေးဖြစ်သူ အိမ်လာလည်လျှင် ဓားမနှင့် အမြဲလိုက်ခုတ်လေ့ရှိသည်။

ဦးလေးက သူ့ရွှေသွားတွေ ရိုက်ချိုးယူပြီး သတ်ပစ်တယ်ဟုဆိုကာ အိမ်သို့ အလာမခံဘဲ မောင်းထုတ်လေ့ရှိသည်။

အမေကြီးက **"ငရဲကြီးလိမ့်မယ် မလုပ်ကောင်းဘူး"**ပြောမှ ဓားကို လွှတ်ချတတ်သည်။ အဖေသည် ယခုဘဝတွင် ရွှေကို မုန်းသည်။ ရွှေကို ကိုင်ရင် စိတ်ထဲတစ်မျိုးကြီးဆိုပြီး ယနေ့ထိ မကိုင်ခဲ့ပေ။

ယခုဘဝတွင် အဖေသည် စာရေးသူ၏အမေနှင့် တောင်ကြီးအင်းမြို့တွင် အိမ်ထောင်ကျကာ သားသမီး(၇)ယောက် ထွန်းကားခဲ့သည်။ စာရေးသူသည် ခြောက်ယောက်မြောက် ဖြစ်သည်။

အဖေသည် စာရေးသူတို့မောင်နှမတွင် ငယ်ငယ်ကတည်းက စကားတစ်ခွန်း အမြဲပြောလေ့ ရှိသည်။

'စာကြိုးစားကြ ပညာတတ်တွေဖြစ်ရင် ဂျပန်ပြည်သွားနိုင်အောင် ကြိုးစား'

ဟု အမြဲပြောသည်။ စာရေးသူ၏ မိဘနှစ်ပါးစလုံးသည် ဘာသာရေးကို အလွန် ကြည်ညိုကိုင်းရှိုင်းကြသည်။

ယခု စာရေးသူ၏ အဖေ့အသက်မှာ (၆၉)နှစ်ဖြစ်သည်။ ယခုလက်ရှိ စာရေးသူ၏ အဖေနှင့် အမေသည် ညီအစ်ကိုမောင်နှမများနှင့်အတူ **ဘားအံမြို့၊ (၁၉)ရပ်ကွက်၊ ခိုင်ရွှေဝါ(၄)လမ်း၊ မြတ်မနောဆေးဆိုင်**တွင် ပျော်ပျော်ရွှင်ရွှင် ကျန်းမာစွာ နေထိုင်လျက်ရှိပါသည်။

**(မှတ်ချက်။ ။ အဖေ၏ ပြောပြချက်များအား ပြန်လည် ရေးသားရခြင်း ဖြစ်ပါသည်။)**

မြသူဇာ(သုနာဖြူ)

စာမျက်နှာ (၂၉၃)မှ အဆက်

အံ့ဩဖွယ်ရာပင်၊ တမန်းထဲ အနည်းငယ်သာ နှစ်နေသည့် ခြေထောက်ကို အလွယ်တကူ နုတ်ရသွားသည်။

မိခင်ကြီးက **"လယ်ထဲမှာ တစ်စုံတစ်ခု ဘာအမှား လုပ်မိကြသေးလဲ"** ဟု မေးသည်။ အားလုံးတွေဝေတွေတူးတူး စဉ်းစား၍မရ။ နောက်မှ အချင်းချင်း စကြနောက်ကြရင်း...

'ငါချစ်တဲ့ ကိုကိုသာ လာရင် ဒီတမန်းထဲ အတူ လှဲအိပ်ပစ်လိုက်မယ်'

ဆိုပြီး ခြေထောက်နစ်သူ ကောက်စိုက်သမလေးက နောက်ပြောင် ပြောဆိုကာ ရယ်မောခဲ့သည်ကို သတိရလာ၏။ ဆဲဆိုခြင်းကိုကား လုံးဝ မပြုခဲ့ပါပေ။

ထိုအခါမှ မိခင်ကြီးက ခေါင်းတညိတ်ညိတ်နှင့်...

'ဒီလယ်ရဲ့ထုံးစံကို ပြောမထားမိဘူး။ ညစ်ညစ်ညမ်းညမ်း၊ ဆဲဆိုပြောဆိုမှုတွေ မဟုတ်ပေမယ့် နောက်ပြောင်ကျီစယ်တာကို ငါတို့ ဘိုးဘွားတွေလောက်ပဲ ခွင့်လွှတ်တယ်၊ အခြားသူစိမ်းဆိုရင် စကားနောက်တာလဲ မရဘူး'

ဟု လယ်၏အထာကို ရှင်းပြပါသည်။

တကယ်တော့ ကောက်စိုက်သမလေးများသည် လိုက်နာရမည့် ကွင်း၏ ဓလေ့ထုံးစံများကို လုံးဝ မသိ၍မဟုတ်။ အများအားဖြင့် ရှောင်ကြဉ်ရမည့် အပြုအမူ အပြောအဆိုတို့ကို သိပါလျက်သည့်ကွင်းကျမှ ထူးဆန်းသောအထာကို မသိခဲ့၍ ဒုက္ခကြုံခဲ့ရခြင်း ဖြစ်လေတော့သည်။


***ဘေးကင်း ချမ်းသာကြပါစေ***

**ညွှန့်ဝင်း(နတ်တလင်း)**



www.burmeseclassic.com

www.burmeseclassic.com



သွားကိုက်ဝေဒနာနှင့်

# ခူကိုက်နာ အတွက်

## ဆေးတစ်လက်

### သွားကိုက်ဝေဒနာ နေရာရွှေ့နည်း

ရမည်းသင်းမြို့နယ်၊ ရွာတန်းဈေးကုန်းတွင် နေထိုင်သော ကျောင်းအုပ်ဆရာကြီး ဦးကျော်မွေး(ငြိမ်း)မှ ပြောပြ၍ ရေးသားအပ်ပါသည်။

မီးဖိုချောင်တွင် အလွယ်တကူ ရနိုင်သော ကြက်သွန်ဖြူကို အသုံးပြု၍ မခံမရပ်နိုင်အောင် ကိုက်လှသော သွားကိုက်ဝေဒနာ နေရာရွှေ့နည်းကုထုံးကို ဆရာကြီးထံမှ ရခဲ့ပါသည်။

ဆရာကြီး၏ ငယ်ဘဝ တက္ကသိုလ်ဝင်တန်းဖြေနေစဥ် ဖြစ်ပါသည်။ စာတွေကျက်ရန် အလွန် အရေးကြီးနေချိန် သွားကိုက်ရောဂါက ဒုက္ခပေးနေသည်။ မအိပ်နိုင် မစားနိုင် ဖြစ်ရသည်။ စာမေးပွဲကျမည်ကိုလည်း ကြောက်နေသည်။ ပါးစောင်တစ်ဖက် ရောင်ကိုင်းနေသည်။

အစ်မဝမ်းကွဲ တော်စပ်သူတစ်ယောက်က **ကြက်သွန်ဖြူဥကို အခွံနွာထောင်းပြီး** သွားကိုက်နေသောဘက်နှင့် ဆန့်ကျင်ဘက်တွင်ရှိသော လက်ညှိုးထိပ်ကို အုံ၍ ပတ်တီးစည်းပေးလိုက်ရာ သွားကိုက်ဝေဒနာမှာ လက်ညှိုးထိပ်သို့ ရွှေ့သွားပါသည်။

လက်ညှိုးဖြစ်သောကြောင့် ခံနိုင်ရည်ရှိလာပါသည်။ အိပ်နိုင်စားနိုင် ဖြစ်လာသည်။ စာမေးပွဲဖြေနိုင်သဖြင့် တက္ကသိုလ်ဝင်တန်း အောင်ခဲ့သည်။

ဆန့်ကျင်ဘက် လက်ညှိုးဆိုသည်မှာ ညာဘက်တွင် သွားကိုက်လျှင် ဘယ်ဘက် လက်ညှိုးထိပ်ကို ကြက်သွန် ဖြူထောင်းပြီးသားနှင့် ပတ်တီးစည်းရပါမည်။ ထိုသို့ စည်းလျှင် လက်ညှိုးထိပ်၌ သွေးအနည်းငယ် စို့နေတတ်ပါသည်။ သွားကိုက် သက်သာသွားပါက ပတ်တီးကို ဖြေလိုက်ရန်ဖြစ်ပါသည်။

### ခူကိုက်နာအတွက် ဆေးတစ်လက်

လက်ဖျားခြေဖျားတွင် ပေါက်တတ်သော အနာဆိုးတစ်မျိုးကို ခူကိုက်နာဟုခေါ်ပါသည်။ ကုသပျောက်ကင်းရန် အလွန်ခက်ပါသည်။ လက်များခြေများ တိုသွားသည်အထိ စားတတ်ပါသဖြင့် လူစဉ်မမီ ဘဝပျက်တတ်ပါသည်။

**"အနာသိလျှင် ဆေးရှိသည်"** ဟူသော ဆိုရိုးစကား ရှိပါသည်။ ဖြစ်ပေါ်နေသော အနာသည် အပူနာ၊ အအေးနာ၊ ပိုးကြောင့်ဖြစ်သောအနာ၊ ဒဏ်ကြောင့်ဖြစ်သောအနာ၊ သွေးကြောင့်ဖြစ်သောအနာ စသည်ဖြင့် အနာ၏ ဇာစ်မြစ်ကို သိဖို့ အရေးကြီးပါသည်။ ထိုအနာ၏ အမြစ်ကို ဖြတ်တောက်နိုင်ပါလျှင် သမားကောင်းတစ်ယောက် ဖြစ်နိုင်ပါသည်။

**ခူကိုက်နာသည် ပိုးကြောင့်ဖြစ်ပေါ်သည်။** ထိုပိုးကို သတ်ရပါမည်။ ပိုးသေစေသော ဆေးပင်မှာ **လောက်မင်းပင်ခေါ် သမြွားပင်**ဖြစ်သည်။ ထိုအပင်မှာ အညာဒေသ ခင်တန်းကုန်းသစ်တောထဲတွင် ပေါက်သည်။ ရမည်းသင်းမြို့နယ်၊ အင်တောလေးကျေးရွာ ခေမာသီဝံ ဘုန်းကြီးကျောင်းတွင် ဆရာကြီးကိုယ်တိုင် မြင်တွေ့ခဲ့သဖြင့် ကုသပျောက်ကင်းစေခဲ့ပါသည်။

ဆရာကြီး၏ အဒေါ်တစ်ယောက်သည် ခူကိုက်နာ ပေါက်သဖြင့် ဆရာစုံ ငွေကုန်လူပန်း ဖြစ်နေပါသည်။ **လောက်မင်းပင်ခေါ် သမြွားပင်၏ အမြစ်များကို တူးယူပြီး ထုထောင်းကာ အနာတွင်**အုံ၍ ပတ်တီးစည်းပေးထားလိုက်ရာ တစ်နေ့တခြား သက်သာပျောက်ကင်းခဲ့ပါသည်။

ထိုနည်းကောင်းကို လက်တွေ့သိလိုက်ရသော အဒေါ်၏ ခင်ပွန်းသည် လူနာများကို ဤနည်းဖြင့် ကုသပေးနေပါသည်။

ထိုဆေးပင်သည် ဂျုံးမြစ်များကဲ့သို့ အမြစ်များ အုံခဲနေသဖြင့် တူးသောအခါ အမြစ်များ ပြတ်မကျန်အောင် အောက်သို့စိုက်၍ နက်နက်တူးရသည်။ **အမြစ်ကို ထောင်းစဥ်တွင် မျက်စိထဲ မဝင်အောင် ဂရုစိုက်ပါ။ မျက်စိကန်းတတ်သည်။**

ပိုးကြောင့်ဖြစ်သော အနာများအတွက် သက်သာပျောက်ကင်းစေသော အဖိုးတန်ဆေးနည်းကောင်း တစ်လက်ကို ဆရာကြီးထံမှ အခမဲ့ ရလိုက်သဖြင့် စာဖတ်ပရိသတ်တို့အား ဝေမျှလိုက်ပါသည်။

**အားလုံး ချမ်းသာကြပါစေ။**

ကျော်(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com



ဒွေးချမ်းအောင်
(ရမည်းသင်း)

# တောကြီးအတွင်းက

ကျွန်ုပ်သည် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီကြီးတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က တောတောင်တွေထဲတွင် ဂမ္ဘီရဆန်သော အဖြစ်အပျက်ပေါင်းများစွာတို့ကို တွေ့ကြုံခဲ့ရသည်များထဲမှ အချို့ကို ဆောင်းပါးရေး၍ အလျဉ်းသင့်သလို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြခဲ့ပါသည်။

တောတောင်တွေထဲတွင် ဆန်းကြယ်သော သဘာဝမဟုတ်သော နားလည်နိုင်ရန် ခက်ခဲနက်နဲသော အဖြစ်အပျက်တို့သည် တောတောင်တွေတိုင်းတွင် ရှိနေတတ်ကြသည်ကိုလည်း သတိထားမိခဲ့ပြန်ပါသည်။

ယခု ကျွန်တော်တင်ပြမည့် အဖြစ်အပျက်သည် တောတောင်ဟု မဆိုသာ သော ဧရိယာ(၂.၀၀)ခန့်ပင် မီးလုံးကြီးများ မရှိသော သစ်တောကြီးအတွင်းမှ အဖြစ်အပျက် ဖြစ်ပါသည်။

ထိုတောမှာ ကြီးမားသော သစ်ပင်ကြီးများက တစ်ပင်နှင့် တစ်ပင် ကိုင်းချင်းယှက် ပေါက်ရောက်နေကြသလို အောက်ခြေတွင်လည်း ကြီးမားသော ချုံနွယ်ပိတ်ပေါင်းအပင်များက နွေရာသီ တောမီးကြီးလောင်ပြီးမှသာ သွားလာလို့ရသည့် တောဖြစ်သည်။

ကုမ္ပဏီလုပ်ငန်းမှ အနားယူပြီးနောက် ဝါသနာပါသည့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အဆိုပါ တောကြီးက ကျွန်ုပ်၏ စပျစ်ခြံဘေးတွင် ရှိနေသည့်တောဖြစ်သည်။

စပျစ်ခြံစိုက်ပျိုးခြင်းက အထိုက်အလျောက် အောင်မြင်လာသောအခါ စပျစ်ခြံတွင် ကျွန်ုပ်တစ်ဦးတည်း အမြဲနေထိုင်လာခဲ့သည်မှာ နှစ်အတော်ပင်ကြာညောင်းလာခဲ့သည်။

စပျစ်ခြံစိုက်ပျိုးထားလျှင် ခြံထဲ၌ လူအမြဲရှိနေပြီး စပျစ်ပင်များအား ကလေးငယ် ပြုစုယုယရသကဲ့သို့ ပြုစုရသည်။ စိတ်ရှည်ရသည်။ အချိန်အခါရာသီကို ကြည့်၍ ချိန်ဆလုပ်ကိုင်တတ်မှသာလျှင် အကျိုးခံစားခွင့်ရှိသော သီးနှံပင်မျိုးဖြစ်လေသည်။

အသီးမှည့်ချိန်ဆိုလျှင် ဖျက်ဆီးတတ်သော ကြွက်အမျိုးမျိုး၊ ငှက်အမျိုးမျိုးတို့၏ အန္တရာယ်ကလည်း ရင့်မှည့်ပြီဆိုကတည်းက အပြီးသတ် ဆွတ်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပြီးချိန်(၄၅)ရက်အတွင်း နေ့ငှက်၊ ညကြွက်အန္တရာယ်...

မိုးကာလတွင် ညအချိန် ဖျက်ဆီးစားသောက်တတ်သော၊ နေ့ဘက်တွင် မြင်တွေ့ဖူးခြင်းမရှိသည့် လိပ်ပြာကြီးများက ရာနှင့်ချီ၍ စားသောက်လေ့ရှိကြခြင်းကြောင့် နေ့ရောညပါ လူရှိနေရခြင်းဖြစ်လေသည်။

စပျစ်ခြံတွင် အနေကြာလာတော့ နေသားကျနေပြီဖြစ်သလို စိတ်အေးနားရှင်းစွာဖြင့် ညပိုင်းတွင် မိမိဝါသနာပါသော စာရေးခြင်းအလုပ်ကို အနှောင့်အယှက်မဲ့စွာ လုပ်ကိုင်နေရသည်ကို ပျော်ရွှင်ကျေနပ်နေမိသည်။

စပျစ်ခြံတွင် နှစ်ချီကြာလာသောအခါ ညပိုင်း တိတ်ဆိတ်ငြိမ်သက်နေချိန်တို့တွင် စပျစ်ခြံဘေးမှ တောကြီး၏ သဘောသဘာဝကို တွေ့မြင်သိလာခဲ့ရသည်။

ဦးစွာ ကျွန်ုပ် စတင်ကြုံလိုက်ရသည်က ည(၁၁)နာရီလောက်တွင် ကျွန်ုပ်နေထိုင်သည့်တဲနှင့် ကိုက်(၁၀၀)လောက်အကွာမှ (၁၀)လသားအရွယ်ကလေးငယ်တစ်ဦး ငိုယိုနေသံကို ထူးဆန်းစွာ ကြားလိုက်ရသည်။

ငိုသံကြားကြားချင်းတော့ အထူးအဆန်းဖြစ်နေသည်။ အံ့ဩစိတ်နှင့် အသံကြားရာ နားစိုက်ထောင်၍ ဓာတ်မီးနှင့်ထိုးကြည့်ရင်း သတိရသွားမိသည်က တောကြီးလျှင် ဖြစ်တတ်သော သဘာဝတွေကို ပြန်စဉ်းစားမိတော့ ဒါဟာ တောခြောက်ခြင်းတစ်မျိုးဖြစ်မှာပဲဟု ထင်ခဲ့သည်။

ကျွန်ုပ် ကြုံတွေ့ခဲ့ဖူးသည်က တောတောင်ကြီးမားမှသာ တောခြောက်ခြင်း၊ တောမှောက်ခြင်း၊ တောဟည်းခြင်းမျိုး ဖြစ်တတ်သည်ကို သိထားခဲ့သည်။ ယခုမူ ပြောပလောက်အောင် တောကြီးခြင်းမရှိသော တောထဲမှ ကလေးငိုသံက အထူးအဆန်းတော့ ဖြစ်စေသည်ကတော့ အမှန်။

တောခြောက်ခြင်းတစ်မျိုး ဒါမှမဟုတ် တောထဲတွင် နေထိုင်ကြသော နာနာဘာဝတို့၏ အသံများပေလောဟု မဝေခွဲတတ်သော်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်းတော့ မဖြစ်ခဲ့မိ။

အဘယ်ကြောင့်ဆိုသော် တောတောင်ကြီးတွေထဲ၌ သွားလာနေထိုင်လုပ်ကိုင်ခဲ့စဉ်က တစ်တောလုံး၊ တစ်တောင်လုံး တဒုန်းဒုန်း၊ တဒိုင်းဒိုင်း အသံမျိုးစုံတို့ဖြင့် နားမခံသာအောင် အော်မြည်နေပြီး နေ့ဘက်ကြီးမှာပင် အမှောင်ရောင်သန်းသွားသည့် တောခြောက်ခြင်းမျိုးကို ဆိုးဆိုးဝါးဝါး ကြုံတွေ့ခံစားခဲ့ရဖူးသလို...

တစ်ခါကဆိုလျှင် ကျွန်ုပ်မှီထိုင်နေသည့်သစ်ပင်ကြီးမှာ တအီအီ ငိုသံတွေနှင့်အတူ ငိုရှိုက်နေသူ ကိုယ်ခန္ဓာ လှုပ်ခါနေသကဲ့သို့ သစ်ပင်ကြီး၏ ပင်စည်မှာလည်း တဖျပ်ဖျပ်နှင့် တုန်ခါနေသည်ကို သစ်ပင်ကြီး မှီထိုင်နေသည့် ကျွန်ုပ်လန့်ဖျပ်ခုန်ခဲ့သည်ထိ ဖြစ်ခဲ့ဖူးပါသည်။

ကျွန်ုပ်အနေနှင့် တောတောင်တွေထဲ၌ အတွေ့အကြုံများ ရှိခဲ့ခြင်းကြောင့် သဘာဝတရား၏ ဖြစ်စဉ်တစ်ခုဟုသာ ခံယူထားမိသည်။

တစ်ညတွင်လည်း ထိုတောကြီးအတွင်းမှ ယောက်ျားကြီးများ စကားပြောဆိုနေကြသည်ကို ကြားလိုက်ရသည်။ ပြောဆိုနေသည့်စကားများကို နားစိုက်ထောင်သော်လည်း စကားတွေကို နားမလည်ပေ၊ ကျွန်ုပ်နှင့် အလွန်ဝေးမှ ပေ(၁၀၀)ခန့်သာ ဝေးသည့် တောကြီးတစ်နေရာမှ ဖြစ်လေသည်။

ကျွန်ုပ်အနေဖြင့် အစကတော့ တောခြောက်သည်ဟု ထင်ထားခဲ့သည်။ ယခုတော့ တောခြောက်ခြင်းမဟုတ်ဟု နားလည်လာသည်။ ပရလောကသားတွေ မှီခိုနေထိုင်ကြခြင်း ဖြစ်လိမ့်မည်ဟု တွေးထင်လာမိသည်။ သူတို့သဘာဝ နေထိုင်ကြရင်း မထင်မှတ်ဘဲ သူတို့၏ လှုပ်ရှားပြောဆိုမှုများ ကြားရခြင်းသာ ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်အနေနှင့် တောတောင်တို့၏ သဘောသဘာဝ အတွေ့အကြုံများစွာ ရှိထားခဲ့သော်လည်း တိတ်ဆိတ်ငြိမ်သက်နေသည့် ညအချိန်တွေမှာ ထင်မှတ်မထားဘဲ တစ်စုံတစ်ရာ အသံထူးထူးဆန်းဆန်း ချတ်တရက် ကြားလိုက်ရတော့ ပုထုဇဉ်သဘာဝ စိုးရွံ့မိသည်ကတော့အမှန်။

မိမိအကျိုးစီးပွားကို ပစ်ထားခဲ့၍





www.burmeseclassic.com

www.burmeseclassic.com

မဖြစ်သာသည်က တစ်ကြောင်း ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ဘာသာတရားအား အထူးအလေးထားကာ ပုတီးစိပ်ခြင်း၊ မေတ္တာပို့ အမျှပေးဝေခြင်းများ၊ ဂါထာ၊ မန္တန်၊ ပရိတ်တော်များ ရွတ်ပွားပူဇော်နေခြင်းတို့ကြောင့် စိတ်ခွန်အားများဖြစ်ကာ မိမိကိုယ်ကို ယုံကြည်စိတ်များကြောင့် အထူးတလည်တော့ စိုးရိမ်ခြင်းမဖြစ်မိ။

ထိုတောကြီးအတွင်းမှ ကျွန်ုပ် ဘဝတွင် တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ခဲ့ဘူးသော အဖြစ်အပျက်တစ်ခုကို ကြုံတွေ့ခဲ့ရပြန်ပါသည်။ အချိန်က လမိုက်ည (၁၂)နာရီ အချိန်ခန့်ပင်။ ကျွန်ုပ် တဲမှာရှိနေသည့် ခွေးက စူးစူးရဲရဲ ထိုးဟောင်လိုက်သံကြောင့် အိပ်ရာမှ ကျွန်ုပ်နိုးလာခဲ့သည်။

ခွေးဟောင်သံနှင့်အတူ တောကြီးအတွင်းမှ တရှဲရှဲ အော်မြည်သံနှင့်အတူ ဝန်းကျင်တစ်ခုလုံး နီရဲနေသော အလင်းရောင်များကို မြင်တွေ့လိုက်ရသည်။ တဲပေါ်မှ ကျွန်ုပ်ဆင်းကြည့်လိုက်တော့

သစ်တောကြီးအတွင်းမှ **ခွဲတောင်းလုံးခန့် နီနီရဲရဲ မီးလုံးကြီး(၃)လုံးက** အမြင့် (၁၀)တောင်ခန့်လောက်တွင် နီမှဲ့ချည်မြင့်ချည်ဖြင့်တန်း၍ ပျံသန်းနေကြသည်ကို တွေ့လိုက်ရသည်။ တစ်လုံးနှင့် တစ်လုံး ကပ်သွားလိုက်၊ ကွာသွားလိုက် သွားနေကြသည်။

ကျွန်ုပ်၏ ခွေးလေးမှာ မီးလုံးကြီးများကို ကြည့်ပြီး အားပါးတရ ထိုးဟောင်ရင်း ကျွန်ုပ်နား ပြေးကပ်လာသည်။ ကျွန်ုပ်မှာလည်း တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မြင်တွေ့ဖူးခြင်းမရှိသော ထူးဆန်းစွာ မြင်တွေ့နေရသည့် မီးလုံးကြီးများကို စိုးရိမ်စိတ်များနှင့် ရင်ခုန်ရင်း မှင်တက်မိ ငေးကြည့်နေမိလေသည်။

ချုံနွယ်ပိတ်ပေါင်းများပေါ်မှ မီးလုံးကြီးများက သစ်ပင်ကြီးများကို ရှောင်ကွင်းရင်း ရွေ့လျားနေကြသည်၊ နီနီရဲရဲ အလင်းရောင်များက မြင်နေရသည့် သစ်ရွက်တွေပင် အနီရောင်သန်းနေကြသည်။ ကျွန်ုပ်ရှိရာဘက် မီးလုံးကြီးများ ရှေ့နောက်တန်းကာ နိမ့်ချည်မြင့်ချည်ဖြင့် လာနေကြသည်။

မီးလုံးကြီးများက ကျွန်ုပ်ရှိရာ အနောက်ဘက်သို့ လာနေရင်းက ကျွန်ုပ် ရပ်ကြည့်နေရာ တောကြီးအဆုံးအရောက် ကျွန်ုပ်နှင့် (၂၅)ပေလောက် အကွာတောင်အရပ်သို့ လှည့်သွားကြလေသည်။ ကျွန်ုပ်မှာ ကြည့်နေရင်းမှ စူးစမ်းလိုသော စိတ်များပါ ဖြစ်လာလေသည်။

မီးလုံးကြီးများကို ခွေးက စားရမခန်းဟောင်နေသော်လည်း မီးလုံးကြီးများက သူတို့နှင့် မဆိုင်သလိုပင်။ လူတစ်ယောက်သွားနေသည့် နှုန်းလောက်ဖြင့်သွားနေသည်ကို ဓာတ်မီးနှင့်ထိုးကြည့်လိုက်လေသည်။

အားကောင်းလှသော ဓာတ်မီးအလင်းရောင်ထဲတွင် နီရဲစွာလင်းနေသည့် မီးလုံးကြီး(၃)လုံးမှာ မည်းမည်းအလုံးကြီးများအဖြစ် မြင်တွေ့ရပြီး နိမ့်ချည်မြင့်ချည် လေထဲပျံသန်းနေကြသည်ကို မီးရောင်ထဲ၌ တွေ့နေရသည်။ ဓာတ်မီးရောင်ကြောင့် နီနီရဲရဲ အလင်းရောင်များ ခေတ္တပျောက်သွားကြသည်။ တရှဲရှဲအသံတွေနှင့် တောထဲဝင်ရောက်ပျောက်ကွယ်သွားကြသည်။

တောင်ကြီးမှာလည်း တစ်ဖန် ပြန်လည် တိတ်ဆိတ်သွားပြန်လေသည်။ နာရီဝက်ခန့် ငြိမ်သက်နေပြီးမှ တောကြီးအလယ်လောက်ဆီမှ တရှဲရှဲ အသံများ မြည်လာပြန်ကာ မီးလုံးကြီး(၂)လုံး တောကြီးထဲမှ မြောက်အရပ်သို့ ဦးတည်၍ မီးလုံးကြီးနှစ်လုံး ထွက်ခွာသွားလေသည်။

ကွင်းပြင်ကျယ်ကြီးကို ဖြတ်ကာ မီးလုံးကြီး(၂)လုံးက နိမ့်လိုက်မြင့်လိုက်ဖြင့် သွားနေသည်ကို ကျွန်ုပ်ကြည့်နေမိသည်။ မီးလုံးကြီးများ ရပ်တန့်သွားသည့်နေရာကိုပါ မြင်တွေ့နေရသည်။ မီးလုံးကြီးများ ရပ်တန့်သွားသည့်နေရာမှာ တောကြီးနှင့် တစ်ပိုင်ခန့်အကွာတွင်ရှိနေသော လက်ပံပင်ကြီးဖြစ်လေသည်။

လက်ပံပင်ကြီးကို မီးလုံးကြီး(၂)လုံးက လှည့်ပတ်ပျံသန်းနေသည်ကို မီးလုံးကြီးများ၏ နီကြင်ကြင် အလင်းရောင်ဖြင့် ရေးရေးမြင်တွေ့နေရပြီး အပင်ကြီး၏ အတွင်းပိုင်း ဝင်ရောက်သွားကာ အလင်းရောင်များ မှေးမှိန်ပျောက်ကွယ်သွားလေသည်။

မီးလုံးကြီးတစ်လုံးကတော့ စပျစ်ခြံလေးတွင် ရှိနေသော တောကြီးထဲတွင် ကျန်ရစ်ခဲ့သည်။

**ကျွန်ုပ် မြင်တွေ့ခဲ့ရသည့် မီးလုံးကြီးများသည် ပရလောကသားများ ဖန်ဆင်းထားသော မီးလုံးကြီးများ ပေလောဟု နားမလည်နိုင်သော အတွေးများဖြင့်** ကျွန်ုပ်တစ်ယောက်တည်း သစ်ပင်ကြီးများနှင့် ဝေဆာအုပ်ဆိုင်းနေသော တောကြီးက ပဟေဠိပုစ္ဆာတစ်ပုဒ်အား ကျွန်ုပ်ကို ပေးခဲ့ပါလေသည်။

ဝန်းကျင် တစ်ခုလုံးကတော့ အမှောင်ထုနှင့်အတူ လေတိုးသံပင် မကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်လို့သာ နေလေသည်။

**အေးချမ်းအောင်(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

# ကလေးငိုတာ ဘာကြောင့်လဲ

သိုလေးငယ်
(လယ်တော်)



တစ်ခုသော ညတစ်ည၌ ကျွန်တော် စာကို စိတ်ဝင်တစား ရေးနေစဉ် ကျွန်တော်၏ မိခင်သည် အိပ်နေရာမှ ထလာသည်။ ထို့နောက် အိမ်ရှေ့ ည့်ခန်းတွင် စာရေးနေသော ကျွန်တော့်ကို...

'သား မအိပ်သေးဘူးလား'

ဟု မေးလာ၏။ ကျွန်တော် စာရေးနေရာမှ ခဏရပ်ကာ...

'မအိပ်သေးဘူး မေမေ၊ ဘာဖြစ်လို့လဲ မေမေ အိပ်မပျော်လို့လား'

'အင်း ဟိုဘက်အိမ်က နန်းထွေးရဲ့ကလေး ငိုနေတာကြာပြီ အခုထိ မတိတ်သေးလို့ ဘာဖြစ်လို့လဲ မသိဘူး နော်'

ဟုတ်ပါ၏။ အမေပြောမှ ကျွန်တော် သတိထားမိခဲ့သည်။ တစ်ဖက်အိမ်မှ မနန်းထွေး၏ကလေး ငိုနေသည်မှာ အတော်ပင် ကြာနေပါပြီ။ ယခုထိ မတိတ်သေးပါ။ ကလေးငယ်၏ စူးစူးဝါးဝါး ငိုသံနှင့်အတူ မနန်းထွေး၏ ချော့သံပါ ဆူညံ၍နေသည်။

နာရီကို ကြည့်လိုက်တော့ (၁၁)နာရီပင် ကျော်လေပြီ။ ထို့နောက် အမေက...

'ခဏသွားကြည့်ရအောင်သား'

ဟု ခေါ်သဖြင့် ကျွန်တော် စာအုပ်များ သိမ်းပြီး အမေနှင့်အတူ တစ်ဖက်ခြံမှမနန်းထွေးအိမ်သို့လိုက်ခဲ့တော့သည်။

လဆန်း(၁၂)ရက်နေ့ ဖြစ်သဖြင့် ကောင်းကင်ထက်ဝယ် လမင်းကြီးက ထိန်ထိန်သာ၍ နေလေ၏။ အမေက ကလေးငယ် ဗိုက်နာ၍ ငိုနေသည် အထင်နှင့် ကလေးအတွက် လိမ်းဆေးဘူးပါ ယူခဲ့သေး၏။

မနန်းထွေးတို့လင်မယား ကျွန်တော်တို့အိမ်ဘေးသို့ ပြောင်းလာသည်မှာ သိပ်မကြာသေးပါ။ မနန်းထွေး၏ ခင်ပွန်း စိုင်းကျော်စွာက တောင်သူအလုပ် လုပ်ကိုင်သူဖြစ်သည်။

နှစ်ဦးစလုံးမှာ အသက်(၃၀)ကျော် အရွယ်များဖြစ်ပြီး ယခုမှ (၆)လအရွယ် သမီးဦးလေးကို မွေးဖွားထားခြင်း ဖြစ်ပေသည်။ ကျွန်တော်တို့အိမ်နှင့် မနန်းထွေးတို့အိမ်မှာ ရွာ၏ အရှေ့ဘက် အစွန်ဆုံးတွင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အိမ်လွန်ပါက ကျေးရွာ လယ်ကွင်းလေးများသာ ရှိတော့၏။

ကျွန်တော်တို့ သားအမိနှစ်ယောက် မနန်းထွေးအိမ်ရှေ့သို့ ရောက်သောအခါ မနန်းထွေးက အိမ်ရှေ့ တလင်း၏ လသာသာအောက်တွင် ကလေးငယ်အား ဖိုးလမင်းကို ထိုးပြ၍ ချော့မော့နေ၏။ ထို့နောက် အမေက...

'နန်းထွေး ဘာလို့ ကလေး အဲဒီလောက် ငိုနေရတာလဲ'

'မသိပါဘူး ဒေါ်ဒေါ်ရယ်၊ ည(၉)နာရီလောက်ကတည်းက ငိုနေတာ အခုမတိတ်သေးဘူး။ ကလေးကငိုရလွန်းလို့ မောနေပြီ။ ကျွန်မကတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ပါဘူး ဒေါ်ဒေါ်ရယ်'

'ဗိုက်အောင့်နေလို့လားမှ မသိတာ'

'မဟုတ်လောက်ဘူး ဒေါ်ဒေါ် အခုထက်လင်းရင်လူးဆေး လူးထားပေးတယ်'

ကျွန်တော်နှင့် အမေသည်လည်း ငိုနေသော ကလေးအား ချော့ကြည့်သေး၏။ ကလေးမှာ အငိုမတိတ်ပဲ တစ်စုံတစ်ခုကို ကြောက်ပြီး အူယားဖားယား ငိုနေသလို ဖြစ်နေ၏။ ထို့ကြောင့် အမေက...

'အိမ်ထဲကို ခေါ်လာ နန်းထွေး၊ ညကြီး မင်းကြီး ကလေးငယ်နဲ့ အပြင်မှာ မကောင်းဘူး'

အိမ်ထဲသို့ ခေါ်ဝင်လာသော်လည်း ကလေးမှာ အငိုမတိတ်သေးပေ။ ကိုစိုင်းကျော်စွာတို့ ဇနီးမောင်နှံမှာလည်း ကလေးငယ်အတွက် ပူပန်ခတ်နေကြလေပြီ။ ဤသို့ဖြင့် ကလေး ငိုနေရင်း ကြာလာတော့ ကျွန်တော်၏ မိခင်က...

'ကလေး ဒီလောက်ငိုနေတာ မိုး... ရိုးရဲ့လား'

ဟု ပြောသဖြင့် ကျွန်တော်... အားလုံးမှာ ကလေး ငိုနေခြင်းအတွက် သံသယ ဖြစ်သွားကြရသည်။ ထို့နောက် အမေက...

'ကဲ သား ရွာထဲက သားဘကြီး... သွားပြီး အဲဒီက ပရိတ်ရေ ယူလာ... သားဘကြီးကိုပါ တစ်ခါတည်း ခေါ်... လာခဲ့လိုက် သား ကြားလား'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ် ဟုတ် မေမေ'

ကျွန်တော်သည်လည်း ပြောပြော ဆိုဆိုပင် ရွာထဲမှဘကြီး(အမေ၏ အစ်ကို)အိမ်သို့ သုတ်ခြေတင်ရပါတော့သည်။

ကျွန်တော်၏ ဘကြီးဆိုသူကား လောကီအတတ်ပညာ၌ တတ်သိနားလည်သူတစ်ဦး ဖြစ်သည်။ ရွာ၌ ပယောဂ ကပ်ငြိသူများကိုလည်း ပျောက်ကင်းအောင် ကုသပေးတတ်သူဖြစ်သည်။ ဘာသာတရား ကိုင်းရှိုင်းပြီး အသိပညာ၊ အတတ်ပညာ စုံလှသောကြောင့် အများ၏ ရိုသေလေးစားခြင်း ခံရသူလည်း ဖြစ်သည်။

ကျွန်တော် ဘကြီးအိမ်သို့ ရောက်သောအခါ ဘကြီးအိမ် မီးလင်းနေသေး၏။ ဘကြီး မအိပ်သေး၍ တော်ပါသေးသည်။ ထို့ကြောင့် ဘကြီးအိမ်၏ ဘုရားစင်ပေါ်မှ ပရိတ်ရေဘူးယူပြီး ဘကြီးနှင့်အတူ မနန်းထွေးအိမ်သို့ သုတ်ခြေတင်ရပြန်ပါသည်။

လသာနေသော်လည်း ဘကြီးက ဓာတ်မီးယူလာခဲ့သေး၏။ မနန်းထွေး အိမ်ရှေ့ရောက်သောအခါ ဘကြီးက အိမ်ရှေ့တလင်းတွင် ပြန့်ကျဲနေသော ထမင်းလုံးများကို ဓာတ်မီးဖြင့် လိုက်ထိုးကြည့်နေသည်။

ကျွန်တော်တို့ မနန်းထွေး၏ အိမ်ပေါ်သို့ ရောက်ချိန်အထိ ကလေးက စူးစူးဝါးဝါး ငိုနေဆဲ ဖြစ်သည်။ ဘကြီးက ငိုနေသောကလေးကို ကြည့်ပြီး တစ်စုံတစ်ခုကို သဘောပေါက်သွားသလို ခေါင်းတဆတ်ဆတ် ညိတ်ကာဖြင့် မနန်းထွေးအား…

'နန်းထွေး ထမင်းခြမ်းခဲရှိတယ် မဟုတ်လား'

ဟု မေး၏။ ဘကြီး၏ စကားကို ကျွန်တော်တို့အားလုံး နားမလည်နိုင်ခဲ့ကြပါ။ မနန်းထွေးကတော့ ပျာပျာသလဲ…

'ဟုတ်ကဲ့ ထမင်းခြမ်းခဲ ရှိပါတယ် ဘကြီး'

ဟုဆိုလေ။ထို့နောက် ဘကြီးက…

'ကဲ ရှိရင် ထမင်းပန်းကန်တစ်ချပ်ထဲထည့်ပြီး ထမင်းခဲအပေါ်မှာ ဟင်းပါ နည်းနည်းပုံလာခဲ့ ကဲ…ကဲ… မြန်မြန်လုပ်'

'ဟုတ်…ဟုတ်…ဘကြီး'

မနန်းထွေးက ကလေးကို ခင်ပွန်းသည် လက်ထဲ ထည့်ခဲ့ပြီး မီးဖိုချောင်ထဲမှာ ဘကြီး စေခိုင်းသလို ထမင်းခူးနေလေ၏။ ကလေးကတော့ ယခုထိ အငိုမတိတ်သေးပါ။ အချိန်ကတော့ ည(၁၂)နာရီပင်ထိုးတော့မည်ဖြစ်သည်။

ထမင်းခူးပြီးသောအခါ ဘကြီးက ထမင်းပန်းကန်ကို အသာယူပြီး အိမ်အပြင်ဘက်သို့ ထွက်ကာ ထိုထမင်းများအား အိမ်၏ မြောက်ဘက် ခြံစည်းရိုးမှ တောစပ်ထဲသို့ ပစ်ပက်ကာ နှုတ်ကလည်း…

'ကဲ…ကဲ…သွားကြ…သွားကြ။ အဲဒီဆီ သွားစားကြ၊ ဒီခြံထဲကို တစ်ယောက်မှ မလာကြနဲ့။ စားပြီးရင်လဲ ကိုယ့်နေရာကိုယ် ပြန်ကြတော့'

ဟု ပြောကာ ထမင်းများအား ပက်ပေးလိုက်၏။

ထူးဆန်းစွာပင် ဘကြီး ထမင်းပက်ပေးလိုက်သည့် ခဏအတွင်း၌ ကလေး အငိုတိတ်သွား၏။ ကျွန်တော်တို့အားလုံး ဘကြီး၏ လုပ်ရပ်ကို ကြည့်ပြီး အံ့သြမဆုံး ဖြစ်ခဲ့ကြရပါသည်။

ထို့နောက် ဘကြီးက ကလေးငယ်အား ပရိတ်ရေ အနည်းငယ် တိုက်လိုက်သည်။ ကလေးငယ်မှာ အငိုတိတ်သွားသည့်အပြင် ပရိတ်ရေ တိုက်နေသော ဘကြီးအား ရယ်ပြနေသေး၏။ ထို့နောက် ဘကြီးက မနန်းထွေးအား…

'နန်းထွေး နင့်အိမ်ရှေ့တလင်းမှာ ထမင်းလုံးတွေ ဖွေးနေတာပဲ နင် ဘာလုပ်ထားတာလဲ'

ဟုမေးလိုက်ရာ မနန်းထွေးက ခဏကြာစဉ်းစားပြီးမှ…

'ဩော် ထမင်းလုံးတွေက ကျွန်မ ညနေက ညနေစာ စားပြီး ပန်းကန်ဆေးတဲ့ရေတွေကို အိမ်တလင်းမြေဖုန်မထအောင်လို့ ပက်လိုက်တာပါ ဘကြီး။ အဲဒီ ပန်းကန်ဆေးရေထဲမှာ ထမင်းလုံးတွေအများကြီးပါသွားတယ်'

'အေး အဲဒါကြောင့် နင့်ကလေးငိုတာ အဲဒီလို မလုပ်ရဘူး နန်းထွေးရဲ့ ငါတို့က ရွာမှာနေကြတာ။ ငါတို့ ပတ်ဝန်းကျင်မှာ ငါတို့ မျက်စိနဲ့ မမြင်နိုင် မတွေ့နိုင်တဲ့ ပြိတ္တာတို့ မှင်စာတို့ စတဲ့ သတ္တဝါတွေ အများကြီး ရှိနေတယ်။

သူတို့က အစာရှိတဲ့နေရာ ရှာစားမှာပဲ။ နင်ပက်ထားတဲ့ ထမင်းလုံးတွေကို ရှာစားရင်း အိမ်ဝန်းထဲမှာ ရှိနေကြလို့ နင့်ကလေး ကြောက်ပြီးငိုတာ။ နောက် အဲဒီလို ပန်းကန်ဆေးရေတွေကို အိမ်တလင်းမှာ မပက်နဲ့ ကြားလား'

'ဟုတ်ကဲ့ ဘကြီး'

'ထမင်းလုံးတွေကိုလဲ နေရာတကာ အရမ်း မစွန့်ပစ်နဲ့'

'ဟုတ်ကဲ့ပါ ဘကြီး၊ ကျွန်မ နားလည်ပါပြီ'

'အေး…အေး… ညဉ့်လဲ အတော်နက်နေပြီ။ မင်းတို့လင်မယားလဲ အိပ်ကြတော့၊ ဘကြီးတို့လဲ ပြန်တော့မယ်။ အခုတော့ ကျဲနေတဲ့ ထမင်းလုံးတွေကို တံမြက်စည်းနဲ့ လှည်းကျင်းလိုက်ဦး၊ ကဲ ကဲ ဘကြီးတို့ သွားပြီ'

'ဟုတ်ကဲ့ပါ ဘကြီး ကျေးဇူးတင်ပါတယ်'

ထို့နောက် ကျွန်တော်တို့သားအမိသည်လည်း အိမ်သို့ ပြန်ခဲ့ကြသည်။ မနန်းထွေး၏ခင်ပွန်း ကိုစိုင်းကျော်စွာကတော့ အိမ်တလင်းကို တံမြက်စည်းလှည်းရင်း ကျန်ခဲ့၏။

ထိုအချိန်မှ ကျွန်တော်တို့အားလုံး ကလေး ဘာကြောင့် ငိုသလဲ ဆိုတာကို သိရှိ နားလည်ခဲ့ရပါတော့သည်။

စာရှုသူ ကလေးငယ်များ၏ မိခင်များ သိရှိစေရန် အလို့ငှာ ကိုယ့်တွေ့ဖြစ်ရပ်မှန်အား ဝေငှတင်ပြလိုက်ရပါသည်။

**(စာရေးသူ၏ ဘကြီးအား ဤဆောင်းပါးဖြင့် ရှိခိုးကန်တော့ပါ၏။)**

***ပညာအလင်းဖြင့် အမှောင်ခွင်းနိုင်ကြပါစေ။***

**ညီလေးငယ်(လယ်တော်)**



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ပေး၍ ဆေးလာကုခိုင်းသော မြွေကြီးနှင့်

# ဒန်းစီးမောင်နှမ

မင်းနိုင်ချို



ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်ဒေသ ဖျာပုံမြို့တွင် ကျော်စွာနှင့် အိန်ဂျဲတို့သည် လွန်စွာချစ်သော သူငယ်ချင်းနှစ်ယောက် ဖြစ်ကြပြီး တစ်ခါတစ်ရံတွင် အိန်ဂျဲသည် သူငယ်ချင်း ကျော်စွာနှင့် မြို့တောင်ဘက်တွင်ရှိသော လိပ်ဥကုန်းဘုရားသို့ စက်ဘီးစီး၍ သွားလေ့ရှိသည်။

ဒန်းစီးမောင်နှမနန်းဖြစ်သည့် ဒန်းကလေးတွင် ပန်းပွင့်ခင်း၊ အမွှေးတိုင်များထွန်း၍ ပုခက်ဒန်းကလေးလွှဲလျက် ဆုတောင်းကြသည်။

ထိုသို့ ဒန်းပုခက်ကလေးလွှဲရင်း အိန်ဂျဲက...

'ကျော်စွာ ဒီနေရာလေးက ငါတို့ မောင်နှမ လာခဲ့တဲ့နေရာကွ'

မျက်နှာလေး ညှိုးငယ်စွာနှင့် ပြောလိုက်ပါသည်။

'အိန်ဂျဲရာ ဘာတွေ လျှောက်ပြောနေတာလဲ၊ လာ ပြန်ကြစို့။ တို့ပျောက်လို့ လူကြီးတွေ စိတ်ပူနေလိမ့်မယ်'

ဟု ပြောပြီး ကျော်စွာတို့ ပြန်လာကြသည်။

အိန်ဂျဲတို့မောင်နှမက ထူးခြားသည်ဟု သူတို့အမေ မကြာခဏ ပြောဖူးသည်။ လူ့လောကသို့ စ,ရောက်စဉ်ကပင် မိခင်ကို အိပ်မက်ပေးကာ အတူ နေခွင့်တောင်း၍ နေခွင့်ပြုသောအခါတွင် အချိန်တန် ကိုယ်ဝန် နေ့စေ့လစေ့၌ မိန်းကလေးနှင့် ယောကျ်ားလေး ရှေ့ဆင့်နောက်ဆင့် မွေးဖွားလာခဲ့သည်။

သူတို့မောင်နှမ ဖမွေးမိက မိခင်ဖြစ်သူသည် ဒန်းပုခက်ကို စီးချင်စိတ်ဖြစ်ပေါ်ခဲ့သည်။

အိန်ဂျဲတို့မောင်နှမကို မွေးပြီး စီးပွားရေး တအားတက်ခဲ့သည့်အတွက် တချို့က အိန်ဂျဲတို့မောင်နှမက သိုက်ကလာခဲ့ပြီး ခေါင်းစွဲရှိသည့် သူ့အမေအား တစ်ဖန် ပြန်စောင့်ရှောက်နေသည်တဲ့။

ခေါင်းစွဲရှိသူ မိခင်မှာလည်း မကြာခဏ မြွေ၊ နဂါးများ အိပ်မက် မက်နေတတ်ပြီး သားနှင့် သမီးကို ဒန်းပုခက်ကလေးလွှဲ၍ ဆော့နေသည်ကို အိပ်မက် မက်နေသဖြင့် ရင်နာနာနှင့် လမ်းခွဲရမှာ ရတက်မအေးသလို ဖြစ်၍နေ၏။

တစ်ခါတစ်ရံတွင် အိန်ဂျဲသည် ဤသို့ ထူးထူးဆန်းဆန်းများ ပြောတတ်၏။

'ဟော့ကောင် ကျော်စွာ မင်းတို့က ထိကန်ဘက်ကဆိုတော့ ကမာပိုဘုရားကြီးဆိုတာ ကြားဖူးမှာပေါ့။ ကမာပိုဘုရားကြီးက လိပ်ဥကုန်းဘုရားကြီးနဲ့ တစ်ဆက်တည်း တည်ထားခဲ့တာ ဂမ္ဘီရဆန်တဲ့ သိုက်တွေရှိတယ်ကွ' (**ကမာပို ဆိုသည်မှာ ဖျာပုံ–ကျုံကဒွန်း ကားသေမ်းပေါ်တွင်ရှိ**



www.burmeseclassic.com

www.burmeseclassic.com

ရွာဖြစ်၏။)

'ဟာ အိန်ဂျဲရာ ငါတော့ တစ်ခါမှ ဘာသိုက်ညာသိုက် မကြားမိပါဘူး'

'မကြားဘူးရင် ပြောပြမယ်။ တစ်ခါတုန်းက သားအဖနှစ်ယောက် ကွန်ပစ်ရင်း သားဖြစ်သူက ချောင်းထဲကျပြီး ရေနစ်သေသွားတယ်။ ကမာပိုဘုရားမှာပဲ နဂါးသိုက်စောင့်အဖြစ်နဲ့ မြွေကြီးဖြစ်သွားတယ်လို့ အိပ်မက် မက်နေတာကြာပြီကွ'

'အိပ်မက်ဆိုတာ သွေးလေချောက်ချားရင်လဲ မက်တာပဲ'

တစ်ခါတစ်ခါ အိန်ဂျဲ၏ စကားများသည် ဆန်းကြယ်လှသည့်အတွက် ကျော်စွာတောင် ဦးနှောက်စားချင်လာ၏။


နွေကျောင်းပိတ်ရက်တွင် ကျော်စွာ ကမာပိုဘုရားကြီးသို့ တစ်ခေါက်ရောက်သွားရာ ဘုရားမှ ကိုလှူဒင်ဆိုသော လူကြီးအား နဂါးသိုက်မြွေနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းကြည့်မိပါသည်။

'နဂါးသိုက်စောင့်မြွေ ရှိတယ်၊ မရှိဘူးတော့ မသိဘူး။ ခင်ဗျား သူငယ်ချင်း အိပ်မက်ကလဲ တော်တော်စင်းသားဗျ။ ဒါပေမယ့် ကမာပိုချောင်းထဲမှာ တစ်မြန်နှစ်က ကွန်ပစ်ရင်း ကလေးတစ်ယောက် သေဖူးတယ်။ ထူးဆန်းတာက အဲဒီကလေးက သူ့အမေကို အိပ်မက်ပေးတာပဲ'

'ဘယ်လို အိပ်မက်လဲဗျ'

'ထူးထူးဆန်းဆန်း အိပ်မက်ပဲ။ သူ နဂါးသိုက်ထဲ ရောက်နေတယ်။ အမေတို့ဆီလာပြီး ကျေးဇူးဆပ်ချင်လို့ လာခွင့်ပြုပါတဲ့။ တစ်ခါမဟုတ်ဘူး။ သုံးကြိမ်တိုင်တိုင်ဆိုတော့ အမေကလဲ လာခွင့်ပြုလိုက်တယ်'

'တကယ်ပဲ ရောက်လာသလား



ကိုလှူဒင်'

'ရောက်တော့ ရောက်လာတယ်။ လူအဖြစ်နဲ့ မဟုတ်ဘူး။ မြွေကြီးအဖြစ်နဲ့။ မိုးလင်းတော့ အိပ်တဲ့ခြေရင်းမှာ ခွေခွေလေး။ အမေဖြစ်သူမှာ အံ့လဲအံ့သြ၊ ဝမ်းလဲဝမ်းသာ ဝမ်းနည်းဖြစ်ပြီး မျက်ရည်တွေသာ တွင်တွင် စီးကျနေတာပေါ့လေ။

မြွေကြီးက အစာလဲမစားဘူး။ ညဘက်ကျရင် သူ့အမေကို အိပ်မက်နဲ့စကားပြောတယ်။ (၃)ရက်မြောက်ရော သူ့အမေကို ထီထိုးပါလို့ပြောပြီး ပြန်သွားတယ်။

ဒါနဲ့ သူ့အမေက မြို့ရောက်တုန်း ထီထိုးတာ သိန်းဆုပေါက်သွားပြီး ချမ်းသာသွားတာ။ အဖြစ်က ဒီနယ်တကြောမှာ ဟိုးလေးတကြော်ကြော်ပေါ့'

ကိုလှူဒင် ပြောစကားကြောင့် ကျော်စွာမှာ အံ့သြ၍ သွားလေ၏။ ထိုအကြောင်းကို သူငယ်ချင်း အိန်ဂျဲအား ပြန်ပြောသောအခါ ပြုံးပြုံးလေး လုပ်နေ၏။ ပြီးနောက် အိန်ဂျဲက...

'လိပ်ဥကုန်းဘုရားကလဲ မကြာခင် **"မြွေတွန်လို့ အသံပေး ကြက်ပျံမကျ စည်မယ်လေး"** ဆိုတဲ့ အတိုင်း မြွေကြီးတွေ ရောက်လာလိမ့်မယ်။ အဲဒီထဲက မြွေတစ်ကောင်ဟာ ဦးခေါင်းမှာ အနာဖြစ်လို့ ဆေးကုပေးရဦးမှာ'

တဲ့။

ကျော်စွာကတော့ ဟိုတစ်ခါကလို တိုက်ဆိုင်သည်ဟု ပေါ့ပေါ့ပင် နေလိုက်သည်။ သို့သော်လည်း အိန်ဂျဲ ပြောခဲ့သလို ဘုရားကြီးသို့ စပါးကြီးမြွေများနှင့် မျောက်တစ်ကောင် ရောက်လာခဲ့သည်။

ထိုအချိန်တွင် ကျော်စွာအား ထူးခြားသော နိမိတ်များကို ပြောခဲ့သော လူမျိုးခြားလေး အိန်ဂျဲမှာ လူ့လောကထဲတွင် မရှိတော့။ မြစ်ထဲတွင် ရေကူးရင်း မောင်နှမနှစ်ယောက် စလုံး ရေနစ်သေဆုံးခဲ့ကြလေတော့၍ ဖြစ်သည်။ ကံကြမ္မာက ဆိုးဝါးလွန်းလှချေသည်။

တိုက်ဆိုင်သည်ဟုပင် ဆိုရလေမလား။ ထိုအချိန်တွင် မြွေကြီးများ လိပ်ဥကုန်းဘုရားသို့ ရောက်ရှိလာပါသည်။ ထူးခြားသည်ကား တစ်ကောင်သော မြွေကြီးဦးခေါင်းတွင် ဒဏ်ရာတစ်ချက် ရှည်မျောမျောကို တွေ့နေရခြင်းပင်။

ဘုရားဖူးဖို့လာကြသူများ မြွေကြီးများကိုကြည့်လျက် ပဋ္ဌာန်းဆက်ရှိသူတချို့ပင် ငိုကြလေသည်။

တပေါင်း ဘုရားပွဲတော်ရက်လည်းဖြစ်၍ လည်းကောင်း၊ မြွေကြီးများ သတင်းကြား၍ လည်းကောင်း လာရောက်ကြည့်ရှုသူများ။ မြွေကြီးများနှင့် ဓာတ်ပုံရိုက်ကြသူများ ကြက်ပျံမကျစည်ကားသွားလေတော့သည်။

ကျော်စွာသည် မြွေကြီးများကို ကြည့်နေရင်းက အတိတ်က ကွယ်လွန်သွားသော သူ၏သူငယ်ချင်းကို ပြန်



www.burmeseclassic.com

www.burmeseclassic.com

လည် အမှတ်ရနေမိသည်။

ထိုအချိန်တွင် မျက်မှန်နှင့် လူကြီးသည် မြွေကြီးဆီသို့ ရောက်လာပြီးလျှင် သူနှင့် ပါလာသည် လူငယ်အား 'ဆေးအိတ် ယူလာခဲ့'ဟု ပြောလိုက်ပြီး မြွေကြီး၏ဒဏ်ရာကို အရက်ပျံနှင့် ဆေးကြော၍ ဆေးထည့်ပေးနေပါသည်။

ဘုရားဖူး ဝေနေယျတစ်ဦးက...

'ဆရာကြီးခင်ဗျား ဒီမြွေကြီးခေါင်းက ဘာဖြစ်တာလဲခင်ဗျာ'

'ဓားဒဏ်ရာနဲ့ တူပါတယ်'

'သြော် ဒါဆိုရင် ဆရာကြီးက တိရစ္ဆာန်ဆေးကု ဆရာဝန်လား။ ဂေါပကအဖွဲ့က လာခေါ်လို့ ဆေးလာကုတာပေါ့နော်'

ထိုအခါ ဆရာကြီး အခေါ်ခံရသူက မျက်မှန်ကို အသာ မ,တင်လိုက်ပြီး...

'ဒီအကြောင်းကို ပြောရရင်တော့ နည်းနည်းတော့ ထူးတယ်ဗျ'

'ဘယ်လို ထူးတာလဲဗျ'

'ဒီလို... မြွေကြီးက အိပ်မက်ပေးတယ်။ တစ်ညမှာပေါ့။ သူ့ဦးခေါင်းမှာ ဒဏ်ရာရနေလို့ ဆေးကုပေးပါ။ ဘုရားမှာ သူတို့မိသားစု ရောက်ရှိနေတယ်ဆိုတာနဲ့ ဟုတ်,မဟုတ် သိရအောင် တပည့်လေးကိုခေါ်ပြီး မနက်မှာ ဘုရားကို လာခဲ့တာပေါ့။

စိတ်ထဲကတော့ မယုံတယုံနဲ့ ဘုရားရောက်တော့ မြွေတွေ ရောက်နေတာ သိရပြီး ရှာကြည့်တော့ ဦးခေါင်းမှာ ဒဏ်ရာနဲ့ မြွေတစ်ကောင်က ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ အဲဒါနဲ့ ဆေးလာထည့်ပေးနေတာ။ (၂)ရက်တောင်ရှိပြီ'

နောင်တွင် မြွေကြီးအား ဆေးလာထည့်ပေးသော ပုဂ္ဂိုလ်ကြီးမှာ ဒေါက်တာ အက်(စ်)အက်(စ်)ဆာကား



မြို့နယ်ဆရာဝန်ကြီး(ငြိမ်း) ဖြစ်သည်ဟု သိရပါသည်။ ထိုအကြောင်းကို ဆရာမကြီး ငြိမ်းငြိမ်း(ကျိုင်းတုံ)မှ ရေးသားခဲ့ပါသည်။

ကျော်စွာသည် မျက်မှန်နှင့်လူကြီးပြောစကားကို ကြားလိုက်ရပြီးနောက် မြွေတန်ဆောင်းနားက ခွာလာခဲ့ပါသည်။

ဒန်းပုခက်လေးအနားသို့ ရောက်သောအခါ ဒန်းကလေးသည် လေမတိုက်ဘဲ၊ လူမလွှဲဘဲနှင့် လှုပ်ယမ်းနေ၏။

'သူငယ်ချင်းရယ်... မင်းတို့မောင်နှမ ငါ့ပြုသမျှ ကုသိုလ်ကောင်းမှုတွေကို အမျှပေးဝေလိုက်ပါတယ်။ ရောက်ရာဘုံဘဝမှ အမျှ...အမျှ...အမျှ...ရ၍ သာဓု ခေါ်ဆိုနိုင်ကြပါစေ'

ဟု အမျှအတန်း ပေးဝေစဉ် ဆည်းလည်းသံလေးများက တချွင်ချွင်မြည်သံပေးသည်ကို ကြားရပါသည်။

**'ဒန်းစီးမောင်နှမ'**ဟု ထိုအချိန်က သတင်းကြီးခဲ့ရာ လပြည့်လကွယ်အချိန်မျိုး၌ ဒန်းပုခက်လေး လွှဲလျက် ဒန်းစီးနေကြသည်ဟု လည်းကောင်း၊ ဘုရားဖူးလာသော မြွေကြီးများနှင့် ဆော့ကစားနေကြသည်ဟု လည်းကောင်း တချို့ မြင်တွေ့ကြရသူများ၏ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဘုရားဝန်းကျင်တွင် သတင်းကြီးခဲ့ကြသည်။

လောကသည် ဆန်းကြယ်လှသည်။ အချိန်တို့သည်လည်း တဖြည်းဖြည်း ကုန်ဆုံးကြာမြင့်ခဲ့လေသည်။ ထိုဖြစ်စဉ်ထဲမှ ဇာတ်ကောင်များဖြစ်ကြသော ကျော်စွာနှင့် ဆရာဝန်ကြီးတို့သည်လည်း ကွယ်လွန်ခဲ့ကြလေပြီ။

သို့သော် အချိန်တွေ ဘယ်လောက်ပြောင်းပြောင်း ဂမ္ဘီရဆန်သော ထိုအဖြစ်အပျက်တို့နှင့် သက်ဆိုင်သူတွေကတော့ ယနေ့တိုင် မမေ့နိုင်အားပေ။

ဒုတိယကမ္ဘာစစ် အတွင်းက အမေရိကန် စစ်သင်္ချိုင်းဟောင်းနှင့် မျက်နှာချင်းဆိုင် ရိုးချောင်းလေးသာခြားပြီး တစ်ခေါ်သာသာဝေးသော နေရာတွင်ရှိသော စေတီတော်သည် ဘုရားငုတ်သာသာရှိခဲ့ခြင်း ယခုတွင်မူလစေတီတော်ကိုငုံလျက် ဉာဏ်တော်မြင့် တည်ထားခဲ့၏။

စေတီတော်နှင့် ပတ်သက်၍ ထူးခြားသော ဖြစ်ရပ်လေးများထဲတွင် ဘုရားလာဖူးသော မြွေကြီးများ၊ ဒန်းစီးမောင်နှမနှင့် အိပ်မက်ပေး၍ ဆေးလာကုပေးသော ဆရာဝန်ကြီးဟောင်း(ငြိမ်း)တို့၏ အဖြစ်အပျက်များအပြင် အခြားဂမ္ဘီရဆန်သော ဖြစ်ရပ်များလည်း ထူးခြားဆန်းကြယ်စွာ ရှိနေပါသေးသည်။

**(ကွယ်လွန်သူ မောင်ကျော်စွာ၏ မှတ်တမ်းနှင့် ဖြစ်ရပ်မှန် ဖြစ်ပါသည်။)**

**မင်းနန္ဒီရှိန်**



www.burmeseclassic.com